# သိလွယ် မြင်လွယ် ဘောဂဗေဒ

## နေ့စဉ်ဘဝနှင့် ချမ်းသာကြွယ်ဝမှုဆိုင်ရာ သိသင့်သိထိုက်သည့် အကြောင်းအရာများ




Trans-Myanmar International
Connecting Myanmar into Global Languages

ATLAS NETWORK

Friedrich Naumann STIFTUNG FÜR DIE FREIHEIT

# သိလွယ်မြင်လွယ်
# ဘောဂဗေဒ

## နေ့စဉ်စာနှင့် ချမ်းသာကြွယ်ဝမှုဆိုင်ရာ

## သိသင့်သိထိုက်သည့် အကြောင်းအရာများ

# မာတိကာ

စကားဦး

အပိုင်း ၁။ ဘောဂဗေဒ၏ အရေးကြီးသော သော့ချက် ၁၂ ချက်

အပိုင်း ၂။ စီးပွားရေးတိုးတက်စေသည့် ပင်မအကြောင်းရင်း ၇ ရပ်
မိတ်ဆက်

အပိုင်း ၃။ စီးပွားရေးတိုးတက်မှုနှင့် အစိုးရ၏ အခန်းကဏ္ဍ
မိတ်ဆက်

အပိုင်း ၄။ ကိုယ်ပိုင်ငွေကြေးအား လက်တွေ့ကျကျ စီမံခန့်ခွဲခြင်း
မိတ်ဆက်

မှတ်စုများ

အနက်ဖွင့်ဆိုချက်များ

ဖတ်ရှုလေ့လာသင့်သည့် စာအုပ်များ

စာရေးဆရာများ အကြောင်း

## စကားဦး

*ဤစာအုပ်ကို ဖတ်ရှုလေ့လာသင့်သည့်အကြောင်းရင်း*

စာဖတ်သူတို့၏ အချိန်မှာ တန်ဖိုးရှိကြောင်း မိမိတို့ သိပါသည်။ စာဖတ်သူအများစုအနေဖြင့် ဂေါဟာရအသစ်များကို လေ့လာရန်၊ ပုံသေနည်းများ ကျက်မှတ်ရန် သို့မဟုတ် ကျွမ်းကျင်သည့် ဘောဂဗေဒ ပညာရှင်များသာ သိရန်လိုအပ်သည့် အသေးစိတ်အချက်များကို ကျွမ်းကျင်ပိုင်နိုင်လာရန် အချိန်ကုန်ခံလိုကြမည် မဟုတ်ပေ။ စာဖတ်သူတို့ လိုချင်သည်က ကိုယ်ပိုင်ရွေးချယ်မှုများ ပြုလုပ်ရာတွင် အထောက်အကူ ဖြစ်စေမည့်၊ ရှုပ်ထွေးလှသော မိမိတို့နေထိုင်ရာ ကမ္ဘာလောကအကြောင်း ပိုမိုနားလည်စေမည့် သိသင့်သိထိုက်သော ဘောဂဗေဒ အသိပညာများသာ ဖြစ်ကြပါလိမ့်မည်။ ထို့ပြင် အဆိုပါ အသိပညာများကို ဘောဂဗေဒ အခေါ်အဝေါ်များ ပါဝင်မှု အနည်းဆုံးဖြင့် ကျစ်ကျစ်လျစ်လျစ်နှင့် ဖတ်ရလွယ်ကူအောင် စုစည်းတင်ပြသည်ကို လိုလားပေလိမ့်မည်။ ယခုစာအုပ်အား အဆိုပါလိုလားချက်များ အတိုင်းဖြစ်အောင် ရည်ရွယ်၍ မိမိတို့အနေဖြင့် ရေးသားတင်ပြထားပါသည်။

ယခုစာအုပ်အား ဖတ်ရှုလေ့လာရာတွင် ဘောဂဗေဒအကြောင်း သိနားလည်မှု မည်မျှပင်ရှိစေကာမူ ယခုစာအုပ်မှ အကျိုးကျေးဇူးများစွာ ရရှိနိုင်ပါလိမ့်မည်။ ဤစာအုပ်သည် ဘောဂဗေဒအား စတင်လေ့လာသူများအတွက် သိလွယ်မြင်လွယ်သည့် အခြေခံကျသော ဘောဂဗေဒစည်းမျဉ်းများအကြောင်း စတင်မိတ်ဆက်ပေးပါမည်။ အဆိုပါ သဘောတရားများသည် အခြေခံကျသည့်တိုင်အောင် နည်းလမ်းတကျ ဘောဂဗေဒ နှင့် စိတ်ကူးယဉ်ဆန်သော ယုတ္တိမကျမှုကို ခွဲခြားပြသပေးမည် ဖြစ်သည်။ ယခုစာအုပ်သည် အဆင့်မြင့်တန်းများတွင် တက်ရောက်သင်ကြားနေသည့် ဂရပ်များ၊ ပုံသေနည်းများ၊ ပုံစံငယ်များ၊ ပညာရပ်ဆိုင်ရာ သင်္ချာများဖြင့် အလုပ်ရှုပ်နေသဖြင့် ဘောဂဗေဒ၏ အရေးကြီးသော သင်ခန်းစာများကို နားလည်သဘောမပေါက်ကြသော ဘွဲ့လွန်ကျောင်းသားများအတွက်ပါ အကျိုးရှိစေမည် ဖြစ်သည်။ ထို့ပြင် ဂါရင့်စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲသူများ သို့မဟုတ် မူဝါဒချမှတ်သူများသည်လည်း ယခုစာအုပ်မှ အသိပညာများစွာ ရရှိနိုင်ပါသည်။ မိမိတို့၏ ကိုယ်ပိုင်အလုပ်အကိုင်များတွင်

အလွန်အောင်မြင်နေသူများပင်လျှင် နိုင်ငံရေးစည်းမျဉ်းများနှင့် မူဝါဒများသည် လူထုနှင့် နိုင်ငံတစ်ခုလုံး အတိုင်းအတာထိ စီးပွားရေးအင်အားအပေါ် မျှော်လင့်မထားသည့် နောက်ဆက်တွဲ အကျိုးဆက်များ သက်ရောက်နိုင်သည်ကို လျှော့ပေါ့ တွက်ဆတတ်ကြသည်။

အတိတ်ကာလတုန်းကလိုပင် ယနေ့ခေတ်အခါတွင်လည်း အမေရိကန်တို့၏ စိတ်ဘဝင်တွင် အမြင်နှစ်ခု အားပြိုင်နေကြသည်။ ပထမအမြင်မှာ အကန့်အသတ်ရှိသည့် အစိုးရ၊ စီးပွားရေးလွတ်လပ်ခွင့်နှင့် တစ်ဦးချင်း ဆင်ခြင်နိုင်စွမ်းဖြစ်ပြီး ဒုတိယအမြင်မှာ ချဲ့ထွင်လာသည့်အစိုးရ၊ စုပေါင်းလုပ်ကိုင်မှုနှင့် အမှီအခိုရှိမှုတို့ ဖြစ်သည်။ အမေရိကန်နိုင်ငံအား ပထမအမြင်ပေါ် အခြေခံ၍ တည်ထောင်ခဲ့ခြင်းဖြစ်သော်လည်း ဒုတိယအမြင်မှာ ရာစုနှစ်တစ်ခုထက်မနည်းသော ကာလမှစ၍ လူကြိုက်များလာခဲ့သည်။ ပထမအမြင်အရ တစ်ဦးချင်းရွေးချယ်မှုများက နိုင်ငံ့စီးပွားရေးကို လမ်းညွှန်ပြီး ဈေးကွက်က ညှိနှိုင်းထိန်းကျောင်းပေးသည်။ ဒုတိယအမြင်အရ နိုင်ငံ့စီးပွားရေးကို ဗဟိုမှ စီမံကိန်းချ ရေးဆွဲမှုနှင့် နိုင်ငံရေးတို့က လမ်းညွှန်ဆောင်ရွက်သည်။ ပထမအမြင်နှင့် ဒုတိယအမြင်မှာ ကြီးကြီးမားမား ကွာခြားသည်။ စတန်းဖို့ဒ်တက္ကသိုလ်မှ အထင်ကရ ဘောဂဗေဒပညာရှင် သောမတ်စ် ဆိုဂဲလ် (Thomas Sowell) က "ဘောဂဗေဒရဲ့ ပထမဥပဒေသက ရှားပါးမှု ဖြစ်တယ်။ နိုင်ငံရေးရဲ့ ပထမ ဥပဒေသကတော့ ဘောဂဗေဒရဲ့ ပထမ ဥပဒေသကို မျက်ကွယ်ပြုတာဘဲ" ဟု အဆိုရှိခဲ့ဖူးသည်။

အဆိုပါ အမြင်နှစ်ခု မည်ကဲ့သို့ အလုပ်လုပ်ပုံကို ယခုအချိန်တွင် သမိုင်းတလျှောက်လုံးထက် ပိုမိုသဘောပေါက် နားလည်လာကြပြီ ဖြစ်သည်။ သို့သော် မိမိတို့နိုင်ငံသည် ဘောဂဗေဒ အသိမရှိသော နိုင်ငံသူနိုင်ငံသားများဖြင့် ဖွဲ့စည်းထားသော နိုင်ငံတစ်နိုင်ငံ ဖြစ်နေပါသည်။ အကျိုးဆက်အားဖြင့် စိတ်စေတနာကောင်းများရှိကြောင်း၊ မိမိတို့၏ ပြဿနာများကို ဖြေရှင်းပေးဖို့ စိတ်ဆန္ဒပြင်းပြကြောင်း ပြောဆိုတတ်ကြသော ခေါင်းဆောင်များ၏ လွဲမှားသော ဦးဆောင်မှုကို အယုံလွယ်တတ်ကြသည်။ ၂၀ ရာစု၏ အထင်ရှားဆုံးသော ဘောဂဗေဒပညာရှင် မီလ်တန်ဖရီးမင်းက "စိတ်စေတနာကောင်းဆိုတာထက် ဒုက္ခပေးတတ်တဲ့အရာ ဘာမှမရှိ"ဟု တစ်ချိန်က ဖော်ပြခဲ့ဖူးသည်။ မူဝါဒများဆိုသည်မှာ ယင်းအားထောက်ခံသူများပြောသည့် စိတ်စေတနာများမဟုတ်ဘဲ ယင်းမူဝါဒများ၏ အကျိုးများမှုကိုသာ အလေးထားရမည် ဖြစ်သည်။

အမေရိကန် သမ္မတ ဟားဘတ်ဟိုးဗား၊ ဆီနိတ်လွှတ်တော်အမတ် ရိဒ်စမွတ်၊ ကွန်ဂရက်လွှတ်တော်အမတ် ဝီလီစ်ဟောလီတို့သည်လည်း ၎င်းတို့၏ စမွတ်-ဟောလီ အခွန်တိုးကောက်ရေးအစီအစဉ်အား ၁၉၃၀ ခုနှစ်တွင် ကွန်ဂရက်လွှတ်တော်၌ တင်သွင်းစဉ်က စိတ်စေတနာကောင်းများဖြင့် လုပ်ဆောင်ခဲ့ကြသည်။ သို့သော်ငြားလည်း အဆိုပါဥပဒေက ဆိုးရွားသည့် အကျိုးဆက်များစွာ ဖြစ်ပေါ်စေခဲ့သည်။ အဆိုပါဥပဒေကြောင့် သာမာန်စီးပွားရေးကျဆင်းမှုမျှသာ ဖြစ်ရမည့်အစား နာကျင် ကြေကွဲမှုများစွာနှင့် ပြည့်နှက်နေသည့် ဆယ်စုနှစ်တစ်ခုကြာ စီးပွားရေး ဆုတ်ယုတ်မှုကို ဖြစ်ပေါ်စေခဲ့သည်။ ပိုင်စိမ်ထားသည့် ခွဲစိပ်ကိရိယာများနှင့် ခွဲစိပ်မှုပြုလုပ်ခြင်းသည်

လူနာများအတွင်းသို့ သွေးမှတဆင့် ရောဂါပိုးများ ဝင်ရောက်ခြင်းကို ဟန့်တားနိုင်မည်ဟု ထင်မှတ်ခဲ့ကြသော ၁၈ ရာစုမှ ခွဲစိပ်ဆရာဝန်များသည်လည်း စိတ်စေတနာကောင်းဖြင့် မှားယွင်းလုပ်ကိုင်မိခဲ့ကြခြင်း ဖြစ်သည်။ သို့သော် သူတို့၏ စိတ်စေတနာကောင်းများကြောင့် လူနာများ ဆိုးရွားသည့် အကျိုးခံစားရခြင်းမှ ကင်းဝေးအောင် မလုပ်ပေးနိုင်ခဲ့ချေ။ အလားတူပင် မျက်မှောက်ခေတ် နိုင်ငံရေးသမားများ၏ စိတ်စေတနာကောင်းများသည်လည်း မိမိတို့အား ထိခိုက်နစ်နာစေသည့် မူဝါဒအကျိုးဆက်များမှ ကာကွယ်ပေးနိုင်လိမ့်မည် မဟုတ်ပေ။

၂၀၀၈ စီးပွားရေးအကြပ်အတည်းမတိုင်ခင်နှင့် အကြပ်အတည်းနောက်ပိုင်း အစိုးရမှ အကြီးအကျယ်ဝင်စွက်ဖက်မှုများကြောင့် ဘောဂဗေဒ အခြေခံအသိပညာပေး လုပ်ငန်းများအား အပူတပြင်း ဆောင်ရွက်ရန် လိုအပ်လာပါသည်။ မိမိတို့နိုင်ငံ၏ ဒီမိုကရေစီ နိုင်ငံရေးစနစ်အရ မဲဆန္ဒပေးသူများက မူဝါဒ ချမှတ်သူများအား ရွေးချယ်ခွင့်ပေးထားသဖြင့် ဘောဂဗေဒ အသိပညာ ချို့တဲ့ပါက ရလဒ်ဆိုးများစွာ ဖြစ်ပေါ်စေပါလိမ့်မည်။ စီးပွားရေးကြွယ်ဝမှုကို ဖြစ်ထွန်းစေသည့် ဇစ်မြစ်များကို ပြည်သူပြည်သားများအနေဖြင့် မသိနားမလည်ပါက တစ်ဦးချင်းနှင့် တစ်နိုင်ငံလုံး၏ ဓနဥစ္စာကို ဆုတ်ယုတ်စေမည့် အစီအစဉ်များကို နားယောင်ကြလိမ့်မည်။ ဘောဂဗေဒ အသိပညာ ချို့တဲ့သော မည်သည့်တိုင်းပြည်မဆို အစဉ်ထာဝရ ကြွယ်ဝချမ်းသာအောင်လည်း ထိန်းသိမ်းထားနိုင်မည် မဟုတ်ပေ။

အမေရိကန်နိုင်ငံ ဦးတည်နေသည့် လမ်းကြောင်းကို သိရှိလိုပြီး စီးပွားရေးအရ ပိုမိုလွတ်လပ်ပြီး ပိုမိုကြွယ်ဝချမ်းသာသည့် အနာဂတ်အတွက် လမ်းပြမြေပုံတစ်ခု ဤစာအုပ်တွင် တင်ပြထားပါသည်။ ဤစာအုပ်ပါ အခြေခံမှုများက မည်ကဲ့သို့သော စီးပွားရေးအစီအစဉ်များက အလုပ်ဖြစ်သည်၊ အဆိုပါ စီးပွားရေးအစီအစဉ်များကို ခိုင်မာစေရန်နှင့် တည်တံ့စေရန်အတွက် နိုင်ငံရေးလုပ်ငန်းစဉ် အပေါ် မည်ကဲ့သို့သော ထိန်းချုပ်ကန့်သတ်မှုများ လိုအပ်သည်နှင့် ဆက်လက်၍ မည်သည့်အကြောင်းကြောင့် နိုင်ငံအချို့၌ စီးပွားရေးဆုတ်ယုတ်နေချိန် သို့မဟုတ် စီးပွားရေးတန့်နေချိန်တွင် အချို့နိုင်ငံများ၌ ဆက်လက်ကြွယ်ဝချမ်းသာနေသည် စသည့် အကြောင်းအရာများကို ကောင်းစွာ နားလည်သဘောပေါက်စေပါလိမ့်မည်။ ယခုစာအုပ်အား ဖတ်ရှုလေ့လာပြီးနောက် နိုင်ငံသားတစ်ဦးအနေဖြင့် ပို၍ အမြော်အမြင်ရှိသော ဆုံးဖြတ်ချက်များကို ချမှတ်လာနိုင်ပါလိမ့်မည်။ ဘောဂဗေဒ အခြေခံစည်းမျဉ်းများသည် သုံးစွဲမှု၊ စုဆောင်းမှု၊ ရင်းနှီးမြှုပ်နှံမှု၊ အလုပ်ရွေးချယ်မှုနှင့် အခြားသော ကိုယ်ရေးကိုယ်တာ ဆုံးဖြတ်ချက်များစွာတို့တွင် ပိုမိုကောင်းမွန်စွာ ရွေးချယ်လာနိုင်အောင် အထောက်အကူ ပြုပါလိမ့်မည်။ အပိုင်း ၄ တွင် ရှင်းပြမည့်အတိုင်း ဘောဂဗေဒသည် ဓနဥစ္စာကို မည်ကဲ့သို့ တည်ဆောက်ရန်၊ မည်သို့ တိုးပွားလာစေရန် ရိုးရှင်းသည့် စည်းမျဉ်းများကို တင်ပြထားသည်။ ဈေးကွက်စီးပွားရေးစနစ်တွင် မိမိ၏ ဓနဥစ္စာအား တိုးပွားအောင် လုပ်ဆောင်ခြင်းသည် အခြားသူများ၏ ဓနဥစ္စာအားလည်း တိုးပွားအောင် ကူညီပေးရာ ရောက်ပါသည်။

ဤစာအုပ်တွင် ပါဝင်သည့် အကြောင်းအရာများကို http://CommonSenseEconomics.com ဝက်ဆိုဒ်မှလည်း ဖြည့်စွက်ရှင်းလင်းပေးပါသည်။ ပိုမိုနက်ရှိုင်းစွာ သိရှိလေ့လာလိုသူများအတွက် အဆိုပါ ဝက်ဆိုဒ်က စုစုပေါင်းပြည်တွင်းထုတ်ကုန် (GDP)၊ ငွေကြေးဖောင်းပွမှုကို တိုင်းတာခြင်း၊ ဘဏ်စနစ်နှင့် ငွေကြေးမူဝါဒ၊ မဟာစီးပွားပျက်ကပ်နှင့် ၂၀၀၈ စီးပွားရေး အကြပ်အတည်းကဲ့သို့သော သီးခြားအကြောင်းအရာများကို ရည်ညွှန်းသည့် ဖြည့်စွက်တင်ပြချက်များ ပါရှိသည်။ (မှတ်ချက်။ ခေါင်းစဉ်စာရင်း အပြည့်အစုံအား စာအုပ်၏ နောက်ဘက်တွင် ဖော်ပြထားပါသည်။)

၎င်းဖြည့်စွက်အကြောင်းအရာများသည် *Common Sense Economics* စာအုပ်အား စာသင်ခန်းများတွင် သင်ရိုးအဖြစ် အသုံးပြုနေသည့် နည်းပြများ၏ မေတ္တာရပ်ခံချက်အရ ဖြည့်စွက်ပေးထားခြင်းလည်း ဖြစ်သည်။ အဆိုပါ နည်းပြများက ခေါင်းစဉ်အမျိုးမျိုးနှင့် ပတ်သက်၍ ပိုမိုပြီးပြည့်စုံစွာ လေ့လာဆန်းစစ်တင်ပြသည်ကို လိုလားကြသည်။ ဖြည့်စွက် အကြောင်းအရာများသည် နည်းပြများ၏ တောင်းဆိုချက်များကို ပြေလည်စေပြီး ၎င်းတို့အနေဖြင့် သင်ရိုးသတ်မှတ်ရာတွင် လွယ်ကူအဆင်ပြေစေပါသည်။ ဝက်ဆိုဒ်တွင် သင်ထောက်ကူ မေးခွန်းများ၊ နည်းပြများသာ ဝင်ရောက်နိုင်အသုံးပြုနိုင်သော စာမေးပွဲ ပြင်ဆင်မေးခွန်းများ၊ ဗီဒီယိုလင့်များ၊ MP3 စက်သို့ ကူးယူသိမ်းဆည်းနိုင်သော ကျောင်းသားများနှင့် နည်းပြများအတွက် ဘောဂဗေဒအား သင်ကြားလေ့လာရာတွင် ပိုမိုစိတ်ဝင်စားစရာ ကောင်းစေမည့် စံပြစာအုပ်စာတမ်းများနှင့် အခြားသော အစီအစဉ်များစွာ ပါဝင်ပါသည်။ ကျွန်တော်တို့ စာရေးဆရာများ၏ ရည်မှန်းချက်မှာ ဘောဂဗေဒ အကြောင်းအရာများအား ပေါ့ပေါ့ပါးပါး လေ့လာဆည်းပူးနိုင်ရန်နှင့် အသိကြွယ်ဝလာစေရန် ဖြစ်ပါသည်။

– James D. Gwartney,
Richard L. Stroup,
Dwight R. Lee, and
Tawni H. Ferrarini

၂၀၁၀ ခုနှစ်၊ ဧပြီလ

## ဘောဂဗေဒ၏ အရေးကြီးသော သော့ချက် ၁၂ ချက်

၁။ မက်လုံးများ၏ အရေးပါပုံ။

၂။ ဘယ်အရာမှ အလကားမရပါ။

၃။ အဆင့်ဆင့် ဆုံးဖြတ်ခြင်း။

၄။ ကုန်သွယ်ရေးက စီးပွားရေးတိုးတက်မှုကို ဖြစ်စေသည်။

၅။ ရောင်းဝယ်မှုဆိုင်ရာ ကုန်ကျစရိတ်များမှာ ကုန်သွယ်ရေးအတွက် အတားအဆီးတစ်ခု ဖြစ်သည်။

၆။ ဈေးနှုန်းများက ရောင်းသူနှင့် ဝယ်သူများ၏ ရွေးချယ်မှုများကို ဟန်ချက်ညီစေသည်။

၇။ အမြတ်အစွန်းများသည် စီးပွားရေးလုပ်ငန်းများအား ဓနတိုးစေမည့် လုပ်ဆောင်ချက်များဆီသို့ တည့်မတ်ပေးသည်။

၈။ သူတစ်ပါးကို ကူညီခြင်းသည် ဝင်ငွေရှာဖွေခြင်း ဖြစ်သည်။

၉။ လူတို့အတွက် အသုံးဝင်သော ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် ဝန်ဆောင်မှုများ ပေးခြင်းသည် အလုပ်အကိုင်ဖန်တီးပေးရုံ သက်သက်မဟုတ်ပဲ လူနေမှုအဆင့်အတန်းကို မြင့်မားစေသည့် အကြောင်းရင်း ဖြစ်သည်။

၁၀။ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ လုပ်နည်းလုပ်ဟန်ကောင်းများနှင့် မှန်ကန်သည့် စီးပွားရေး စည်းမျဉ်း၊ စနစ်များကြောင့် စီးပွားရေး ဖြစ်ထွန်းတိုးတက်လာခြင်း ဖြစ်သည်။

၁၁။ ဈေးကွက်ပေါက်ဈေးများ၏ "မမြင်ရသောလက်များ" သည် ရောင်းသူ၊ ဝယ်သူများအား အများကောင်းကျိုးကို ဖြစ်ပေါ်စေသည့် လုပ်ဆောင်ချက်များဆီသို့ တည့်မတ်ပေးသည်။

၁၂။ ယေဘုယျအားဖြင့် လုပ်ရပ်တစ်ခုကြောင့် အချိန်ကြာမှ ဖြစ်ပေါ်လာမည့် အကျိုးဆက်များ သို့မဟုတ် ဆင့်ပွားသက်ရောက်မှုများကို လျစ်လျူရှုတတ်ကြသည်။

## နိဒါန်း

ဘဝဆိုသည်မှာ ရွေးခြယ်စရာတွေချည်းဖြစ်ပြီး ဘောဂဗေဒပညာရပ်ဆိုသည်မှာ ဆွဲဆောင်မှုမက်လုံးများက အဆိုပါရွေးခြယ်မှုများကို မည်ကဲ့သို့ အကျိုးသက်ရောက်သည်နှင့် မိမိတို့၏ ဘဝများအား မည်ကဲ့သို့ပုံဖော်ပေးသည့် အကြောင်းအရာများအား လေ့လာခြင်းပင်ဖြစ်သည်။ ပညာရေး၊ ပုဂ္ဂိုလ်ရေး သုံးစွဲမှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ လုပ်ငန်းခွင်တွင် ဆောင်ရွက်သည့်အရာနှင့် အခြား ကိုယ်ရေးကိုယ်တာ ဆုံးဖြတ်ချက်များနှင့် ပတ်သက်သော မိမိတို့၏ ရွေးချယ်မှုများသည် မိမိတို့၏ ကောင်းစားရေးနှင့် ဘဝအရည်အသွေးများအပေါ် သြဇာလွှမ်းမိုးမှု ရှိပါသည်။ ထို့အပြင် မဲဆန္ဒပေးသူနှင့် နိုင်ငံသူ နိုင်ငံသားများအနေဖြင့်လည်း မိမိတို့၏ ရွေးခြယ်မှုများသည် ဥပဒေများ သို့မဟုတ် ″ကစားပွဲ စည်းမျဉ်းများ″ (‟rules of the game″)အပေါ် အကျိုးသက်ရောက်မှု ရှိလေသည်။ ယင်းစည်းမျဉ်းများသည် မိမိတို့၏ လွတ်လပ်မှုနှင့် ကြွယ်ဝမှုတို့အပေါ် များစွာ တန်ပြန် သက်ရောက်သည်။ ယေဘုယျအားဖြင့် မိမိတို့ အသီးသီးစီနှင့် လူ့အဖွဲ့အစည်းအတွက်ပါ အမြော်အမြင်ရှိရှိ ရွေးချယ်နိုင်ရန်အတွက် မိမိတို့အနေဖြင့် လူတွေ မည်သို့ရွေးချယ်သည်၊ လူပုဂ္ဂိုလ်အသီးသီးတို့၏ လုပ်ရပ်များအား ဖြစ်လာအောင် မည်သည့်အရာများက တွန်းအားပေးသည်၊ အဆိုပါလုပ်ရပ်များက ကာယကံရှင်များနှင့် အခြားသော ပုဂ္ဂိုလ်များ၏ အကျိုးစီးပွားကို မည်ကဲ့သို့ လွှမ်းမိုးသည်ဆိုသည့် အခြေခံမှုများကို နားလည်ထားရမည် ဖြစ်သည်။ ထို့ကြောင့်

ဘောဂဗေဒပညာရပ်ဆိုသည်မှာ လူပုဂ္ဂိုလ်တို့၏ ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ လူပုဂ္ဂိုလ်တို့၏ ရွေးချယ်မှုကို လွှမ်းမိုးသော အကြောင်းရင်းများအား လေ့လာဆန်းစစ်ခြင်းနှင့် လူ့အဖွဲ့အစည်းများ အလုပ်လုပ်ပုံနှင့် ပတ်သက်၍ ကောက်ချက်ဆွဲပုံတို့ အကြောင်းပင် ဖြစ်သည်။

အောက်ဖော်ပြပါအခန်းတွင် စီးပွားရေးစနစ် အလုပ်လုပ်ပုံအား နားလည်လာစေရန်အတွက် အရေးကြီးသည့် သဘောတရား (၁၂) ချက်ကို မိတ်ဆက်ပေးထားပါသည်။ စာဖတ်သူအနေဖြင့် ထုတ်လုပ်စရိတ်များ၏ ဖွင့်ဆိုချက်အမှန်၊ ဈေးနှုန်းများ၏ အရေးပါပုံ၊ ကုန်သွယ်ရေးက ကြွယ်ဝမှုကို ဖြစ်ပေါ်စေပုံ၊ လူများ တန်ဖိုးထားသည့်ပစ္စည်းများ ထုတ်လုပ် ခြင်းက လူနေမှု အဆင့်အတန်းကို အထောက်အကူ ဖြစ်စေပုံ စသည့်အချက်များကို လေ့လာရမည် ဖြစ်ပါသည်။ ဘောဂဗေဒအသိ မဏာမမိတ်ဆက်အား လေ့လာသည့် အချိန်အနည်းငယ်အတွင်းမှာပင် အရေးပါသည့် သင်ခန်းစာအများစုကို စာဖတ်သူတို့ သိရှိလာပါလိမ့်မည်။ နောက်ဆက်တွဲ အခန်းများတွင် တွေ့ရမည့် အရေးကြီးသော ခေါင်းစဉ်များအား သဘောပေါက်စေရန်အတွက် စာဖတ်သူအနေဖြင့် အဆိုပါသဘောတရားများကို အသုံးပြုရပါလိမ့်မည်။

## ၁ မက်လုံးများ၏ အရေးပါပုံ

ဘောဂဗေဒ ကိစ္စရပ်အားလုံးတို့သည် ရိုးစင်းသော အခြေခံစည်းမျဉ်းဖြစ်သည့် မက်လုံးများအပေါ်တွင် မှီတည်နေပါသည်။ မက်လုံးအပြောင်းအလဲများက လူသားတို့၏ အပြုအမူအား မည်သို့ပြောင်းလဲစေသည်ကို ခန့်မှန်းလို့ရနိုင်ပါသည်။ ငွေကြေးနှင့် ငွေကြေးမဟုတ်သည့် အရာ နှစ်မျိုးစလုံးသည် မက်လုံးများအပေါ် လွှမ်းမိုးမှုရှိပါသည်။ တစ်စုံတရာက ကုန်ကျစရိတ် ပိုမို များပြားလာလျှင်၊ ဈေးကြီးလာလျှင် လူတို့သည် ယင်းအား ရွေးချယ်မှု နည်းလာမည်။ အလားတူ ရွေးချယ်စရာတစ်ခုမှာ (ဈေးနှုန်း၊ အရည်အသွေးအရ) ပိုမိုစွဲဆောင်မှု ရှိလာလျှင် လူတို့သည် ယင်းကို ပိုမို ရွေးခြယ်လာဖွယ် ရှိသည်။ ဘောဂဗေဒ၏ အခြေခံ ယူဆချက်များဟု မကြာခဏ ခေါ်ဆိုလေ့ရှိကြသော်လည်း ဤရိုးစင်းသော သဘောတရားသည် မိမိတို့ လုပ်ဆောင်သမျှ အရာအားလုံးနီးပါးအပေါ် အကျိုးသက်ရောက်မှုရှိသဖြင့် အစွမ်းထက်မြက်သည့် အသုံးအဆောင် ဖြစ်ပါသည်။

ကုန်ကျစရိတ် ကြီးမြင့်သည့်၊ ဈေးကြီးသည့်အရာတစ်ခုကို လူတို့အနေဖြင့် ရွေးချယ်နိုင်ခြေ နည်းပါလိမ့်မည်။ ယင်းဆိုလိုရင်း အဓိပ္ပါယ်ကို စဉ်းစားကြည့်ပါ။ လူတစ်ဦးသည် ချိန်းဆိုမှုတစ်ခု အတွက် နောက်ကျနေသည့်အခါ အချိန်ပေးပြီး သူငယ်ချင်းတစ်ဦးထံ လည်ပတ်နိုင်ခြေ နည်းသွားပါမည်။ လူအနည်းငယ်သာ မိုးအေးသည့်နေ့တွင် ပျော်ပွဲစား ထွက်ကြပါလိမ့်မည်။ ဈေးနှုန်းကြီးမြင့်လာလျှင် ရောင်းရသည့် ပစ္စည်းအရေအတွက်လည်း လျော့နည်းလာပါလိမ့်မည် ဖြစ်သည်။ ကောလိပ်ကျောင်းများတွင် နွေဦးကာလ ကျောင်းနားချိန် မတိုင်မီ အတန်းတက်သူ အရေအတွက် ပုံမှန်ထက် လျော့နည်းပါလိမ့်မည်။ ကိစ္စရပ်အသီးသီး၏ အဖြေမှာ အတူတူပင် ဖြစ်သည်။ ကုန်ကျမှုမြင့်မားလာလေ ရွေးချယ်မှု နည်းလာလေ ဖြစ်သည်။

အလားတူပင် အကျိုးကျေးဇူး ပိုများသည့်အရာကို လူတို့က ပိုမိုရွေးခြယ်လာကြသည်။ လူတစ်ဦးသည် ငွေတပြားထက် ငွေတစ်မတ်ကိုသာ ကုန်းကောက်လိုကြပါသည်။ စာသင်ခန်းတွင် သင်ကြားနေသည့် အကြောင်းအရာများသည် စာမေးပွဲများတွင်ပါမည့် သင်ခန်းစာများဖြစ်ပါက စာသင်သားများ သင်ခန်းစားတွင် ပိုမိုအာရုံစိုက်ကြပါလိမ့်မည်။ စားသုံးသူတို့သည် ဈေးနှုန်းသက်သာ၊ ဂန်ဆောင်မှုကောင်းမွန်ပြီး အိမ်နှင့်နီးသည့် စတိုးဆိုင်များတွင် ပိုမိုဂယ်ယူတတ်ပါသည်။ ဂန်ထမ်းများသည် အလုပ်ကြိုးစားမှုနှင့် အကျိုးရှိရှိဆောင်ရွက်မှုအတွက် ဆုလာဒ်များရရှိနိုင်သည့်အခါ အလုပ်ကို ကြိုးကြိုးစားစား ပိုလုပ်လာကြမည်ဖြစ်သည်။ ဤရလဒ်များ အားလုံးမှာ ကြိုတင်မှန်းဆလို့ရနိုင်သော ဘောဂဗေဒ၏ အခြေခံယူဆချက်ဖြစ်သည့် "မက်လုံးများ"၏ အရေးပါမှုကို ထင်ဟပ်နေခြင်းသာ ဖြစ်သည်။

ဤအခြေခံယူဆချက်က ဈေးကွက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းအပြောင်းအလဲများသည် ရောင်းသူ၊ ဂယ်သူများအကြား လုပ်ဆောင်ချက်များကို ပေါင်းစည်းပေးသည့် မက်လုံးအပြောင်း အလဲများ ဖြစ်ပေါ်ပုံကို ရှင်းလင်းပေးပါသည်။ ဂယ်သူများက ပစ္စည်းနှင့် ဂန်ဆောင်မှုတစ်ခုခုအား ရောင်းသူပံ့ပိုးပေးလိုသည့် အရေအတွက် (သို့မဟုတ် ထုတ်လုပ်နိုင်သည်) ထက် ပိုမိုဂယ်ယူလိုလျှင် ယင်း၏ဈေးနှုန်းလည်း စတင်မြင့်မားလာမည်ဖြစ်ပါသည်။ သို့သော် ဈေးနှုန်းမြင့်မားလာသည့်အခါ ရောင်းသူများက ပိုမိုထုတ်လုပ်ရောင်းချလာကြပြီး ဂယ်သူများက လျော့၍ ဂယ်လာကြမည်ဖြစ်သည်။ မြင့်တက်လာသည့် ဈေးနှုန်းသည် နောက်ဆုံးတွင် ဂယ်လိုအားနှင့် ထုတ်လုပ်အား ပမာဏတို့ ညီမျှသည်အထိ ရောက်ရှိသွားစေပြီး ယင်းမျှခြေတွင် ဈေးနှုန်းလည်း တည်ငြိမ်သွားပါသည်။

ဈေးနှုန်းများသည့်ဘက်မှ စတင်လျှင် မည်ကဲ့သို့ ဖြစ်လာမည်နည်း။ ဈေးနှုန်းများ အလွန်ကြီး မြင့်နေလျှင် ထုတ်လုပ်သူများအနေဖြင့် ကုန်ပစ္စည်းများ စုပုံလာသည်ကို ကြုံတွေ့ရမည်ဖြစ်ပြီး ဈေးနှုန်းများ လျှော့ရောင်းရလိမ့်မည်ဖြစ်ပါသည်။ ယင်းလျှော့ဈေးများကြောင့် စားသုံးသူများ ပိုမိုဂယ်ယူစေရန် တွန်းအားပေးသော်လည်း လျှော့ဈေးကြောင့် ထုတ်လုပ်သူများ အကျိုးအမြတ် နည်းလာမည် ဖြစ်၍ ထုတ်လုပ်သူများအနေဖြင့် လျော့၍ထုတ်လုပ် လာစေပါလိမ့်မည်။ တဖန်

ဈေးနှုန်းအပြောင်းအလဲက စားသုံးသူ၏ ဝယ်လိုအားနှင့် ထုတ်လုပ်သူ၏ ရောင်းလိုအားပမာဏအား ညီမျှစေမည်ဖြစ်ပါသည်။ ဤမျှခြေသို့ ရောက်လာလျှင် ဈေးနှုန်းတည်ငြိမ်သွားမည် ဖြစ်ပါသည်။

၂၀၀၈ ခုနှစ် နွေရာသီတွင် ဓာတ်ဆီဈေးနှုန်းများ စံချိန်တင် မြင့်မားလာခြင်းကို သတိရပါ။ ဆီဆိုင်များတွင် ဓာတ်ဆီဈေးနှုန်းများ မြင့်မားခြင်းဒဏ်ကို လူအများက ခံစားခဲ့ရသော်လည်း ဓာတ်ဆီဆိုင်များတွင် တန်းစီမှု မပျက်၊ လမ်းများပေါ်တွင် အသွားအလာ မပျက်ခဲ့ပေ။ အကြောင်းမှာ ဈေးနှုန်းမြင့်မားခြင်းကြောင့် ဓာတ်ဆီဝယ်ယူစရိတ် ပိုမိုကုန်ကျလာသောကြောင့် စားသုံးသူ အများစုမှာ အရေးမပါသည့် သွားလာမှုတစ်ချို့ကိုသာ လျှော့ချခဲ့ကြသည်။ အချို့မှာ ကားအတူတူပေါင်းပြီး စီးခဲ့ကြသည်။ သို့သော် အချိန်ကြာလာသည်နှင့်အမျှ စားသုံးသူများသည် ကုန်ကျစရိတ်လျော့ချရန်အတွက် လောင်စာသက်သာသည့် ကားအသေးစားများကို ပိုမို အသုံးပြုလာကြသည်။ ဝယ်သူများက လောင်စာ ဈေးနှုန်း မြင့်မားခြင်းကို တုန့်ပြန်သည့် နည်းတူ ရောင်းချသူများကလည်း တုန့်ပြန်ခဲ့ကြသည်။ လောင်စာ ထုတ်လုပ်ပံ့ပိုးသည့် ကုမ္ပဏီများက တူးဖော်ထုတ်လုပ်မှုများ တိုးမြှင့်ခြင်း၊ ရှိရင်းစွဲတွင်းများမှ ရေနံများ ပိုမိုဖော်ထုတ်ရန် နည်းပညာအသစ်များ အသုံးပြုလာခြင်း၊ တွင်းအသစ်များ တွေ့ရှိရန် ပိုမို အားထုတ်လာခြင်းတို့ ပြုလုပ်လာခဲ့ကြသည်။ ဓာတ်ဆီဈေးကောင်းသည့်အတွက် လိုအပ်သည့် ပမာဏရရန် ထုတ်လုပ်သည့်ပမာဏ တိုးမြှင့်ခဲ့ကြသည်။ အဆုံးသတ်တွင် ထုတ်လုပ်ရောင်းချမှု များလာသည်နှင့်အမျှ ရေနံစိမ်းနှင့် ဓာတ်ဆီဈေးနှုန်းများ ကျဆင်းလာသည်။

မက်လုံးများ၊ စွဲဆောင်မှုများသည် နိုင်ငံရေးရွေးချယ်မှုများတွင်လည်း လွှမ်းမိုးမှု ရှိပေသည်။ ကုန်တိုက်ကြီးတွင် ဈေးဝယ်သူတစ်ဦး၏ အပြုအမူသည် မဲရုံတွင် မဲဆန္ဒပေးသူတစ်ဦး၏ အပြုအမူနှင့် ကွဲပြားခြားနားမှု မရှိသလောက်ပင်ဖြစ်သည်။ သာမာန်အားဖြင့် မဲဆန္ဒပေးသူများသည် ကုန်ကျစရိတ်များနှင့် ချိန်ထိုးပြီး သူတို့၏ ပုဂ္ဂလိက အကျိုးအမြတ်များကို အကောင်းဆုံးဆောင်ကြဉ်းပေးနိုင်မည်ဟု ယုံကြည်သည့် မူဝါဒများနှင့် နိုင်ငံရေးကိုယ်စားလှယ်လောင်းများကိုသာ ထောက်ခံကြမည်ဖြစ်သည်။ မျှော်မှန်းလို့ရနိုင်သည့် အကျိုးအမြတ်များသည် တစ်ဦးချင်း ကုန်ကျစရိတ်များနှင့် ချိန်ထိုးကြည့်သည့်အခါ နည်းနေပါက မဲပေးသူများအနေဖြင့် ယင်းနိုင်ငံရေးကိုယ်စားလှယ်များကို၊ ပေါ်လစီများကို မထောက်ခံကြပေ။ ဥပမာ သမဂ္ဂအဖွဲ့ဝင်များ ကျန်းမာရေး စောင့်ရှောက်မှု အခွန်အခများမှ ကင်းလွတ်ခွင့်ရပြီး သမဂ္ဂအဖွဲ့ဝင်မဟုတ်သူများနှင့် အခြားသောပုဂ္ဂိုလ်များ အခွန်ပေးဆောင်ရသည့်အခါ သမဂ္ဂအဖွဲ့ဝင်မဟုတ်သူများက ပြင်းပြင်းထန်ထန် ဆန့်ကျင်တတ်ကြသည်ဟု စစ်တမ်းများက ဖော်ပြနေသည်။ အလားတူပင် သက်ကြီးရွယ်အိုများသည် သူတို့၏ ဆေးဝါးကုသမှု အကျိုး ခံစားခွင့်များကို ဖြတ်တောက်မည့် ကိုယ်စားလှယ်လောင်းများနှင့် မူဝါဒများကို ဆန့်ကျင် မဲပေးခဲ့ကြသည်။

မက်လုံးများ၏ အရေးပါမှုကို မျက်ကွယ်ပြုနိုင်သည့် နည်းလမ်းမရှိချေ။ မက်လုံးများကို စိတ်ဝင်စားသည်မှာ လူသားတို့၏ သဘာဝသာဖြစ်သည်။ ဥပမာ အရင်းစနစ်ကဲ့သို့ပင် ဆိုရှယ်လစ်စနစ်တွင်လည်း မက်လုံးများက အရေးကြီးပါသည်။ တချိန်က ယခင်ဆိုဗီယက်ပြည်ထောင်စုတွင် မှန်စက်ရုံ မန်နေဂျာများနှင့် ဝန်ထမ်းများသည် ၎င်းတို့ထုတ်လုပ်သည့် မှန်ချပ်တန်ချိန်ပေါ် မူတည်၍ အကျိုးခံစားခွင့် ရရှိခဲ့ကြသည်။ သူတို့၏ ဝင်ငွေများသည် မှန်ချပ်အလေးချိန်ပေါ်တွင် မူတည်နေသောကြောင့် စက်ရုံအများစုသည် မှန်ချပ်အထူများထုတ်လုပ်ခဲ့သဖြင့် မှန်များမှာ တဖက်ပေါက်အောင်ပင် မမြင်ရတော့ပေ။ မှန်ချပ်များကို စတုရန်းမီတာများအရ ပိုက်ဆံရှင်းပေးသည့် ပုံစံဖြင့် ပြောင်းလဲကျင့်သုံးသည့်အခါ အဆိုပါ စည်းမျဉ်းအောက်တွင် ဆိုဗီယက်မှန်လုပ်ငန်းမှ မန်နေဂျာများသည် အလွန်ပါးလွှာသည့် မှန်ချပ်များ ပြုလုပ်ခဲ့ကြသဖြင့် မှန်များမှာ ကွဲအက်လွယ်ခဲ့သည်။

မက်လုံးများသည် လောဘကြီးသော၊ မိမိအတ္တကိုသာ ရှေ့တန်းတင်သော လူတို့အတွက်သာ အရေးပါသည်ဟု လူတစ်ချို့က အထင်ရှိကြသည်။ ယင်းသို့ သုံးသပ်လျှင် မှားပါသည်။ လူပုဂ္ဂိုလ်များသည် အကြောင်းအမျိုးမျိုးဖြင့် အလုပ်လုပ်ကြသည်။ အချို့က အတ္တစိတ်ဖြင့်၊ အချို့က ကုသိုလ်စိတ်ဖြင့် လုပ်ဆောင်တတ်ကြသည်။ အတ္တဗဟိုပြုခြင်းနှင့် ကိုယ်ကျိုးစွန့်ခြင်း ရွေးချယ်မှုနှစ်မျိုးစလုံးသည် တစ်ဦးချင်း ကုန်ကျစရိတ်များနှင့် အကျိုးဖြစ်ထွန်းမှုများအလိုက် လွှမ်းမိုးမှု ရှိသည်။ ဥပမာ အတ္တဘက်ကကြည့်ကြည့်၊ ကိုယ်ကျိုး စွန့်သည့်ဘက်ကကြည့်ကြည့် လူတစ်ဦးသည် ရေစီးသန်သော နိုင်အာဂရာ ရေတံခွန်တွင် နစ်နေသော ကလေးငယ်ထက် (၃) ပေသာနက်သည့် ရေကူးကန်တွင် နစ်နေသော ကလေးတစ်ယောက်ကို ကယ်တင်ရန် ကြိုးစားမည်ဖြစ်သည်။ လိုအပ်နေသူများ တွေ့ပါကလည်း အကောင်းဆုံးအဂတ်အစားများကို စွန့်ကျဲခြင်းထက် တပတ်နွမ်းများကိုသာ ပေးကမ်းကြလိမ့်မည်ဖြစ်သည်။

မာသာထရီဇာအား လောဘကြီးသည်ဆိုသည့် ခေါင်းစဉ်ဖြင့် မည်သူကမျှ စွပ်စွဲကြမည် မဟုတ်သော်လည်း သူမကိုယ်ပိုင်စိတ်ဝင်စားသည့် အကြောင်းတရားများက မက်လုံးများအား တုံ့ပြန်စေခဲ့သည်။ မာသာ ထရီဇာ၏ အဖွဲ့အစည်းဖြစ်သည့် ကုသိုလ်ဖြစ် သာသနာပြုအဖွဲ့သည် နယူးယောက်မြို့ရှိ အိုးမဲ့အိမ်မဲ့များအတွက် နားခိုရာတစ်ခု ဖွင့်လှစ်ပေးရန် ကြိုးပမ်းသည့်အခါ (မလိုအပ်သည့်) အဆောက်အဦး ပြင်ဆင်မှုစရိတ် မတန်တဆကုန်ကုန်ကျသုံးစွဲရန် နယူးယောက်မြို့က တောင်းဆိုခဲ့သည်။ ထို့ကြောင့် သာသနာပြုအဖွဲ့က စီမံကိန်းများကို ကျောခိုင်းခဲ့ကြသည်။ ယင်းဆုံးဖြတ်ချက်သည် ဆင်းရဲသားများကို ကူညီသည့် သန္နိဋ္ဌာန်ချလူမှုရေးကြိုးပမ်းမှုအပေါ် ပြောင်းလဲမှုတစ်စုံတရာ မရှိပေ။ ဆုံးဖြတ်ချက်သည် မက်လုံးများ ပြောင်းလဲမှုကိုသာ ထင်ဟပ်စေသည်။ နယူးယောက်ရှိ ဆင်းရဲသားများကို ကူညီသည့်စရိတ် ကြီးမြင့်လာသည့်အခါ သူမ၏အရင်းအမြစ်များသည် အခြားသောနေရာများတွင် အသုံးပြုခြင်းက ပိုကောင်းမွန်မည်ဟု မာသာထရီဇာ ဆုံးဖြတ်ခဲ့လေသည်။[၁] မိမိတို့အနေဖြင့် လောဘကြီး၍

ရုပ်ဝတ္ထုများကို မက်မောသည်ဖြစ်စေ၊ ကရုဏာအပြည့်ဖြင့် အများအကျိုးသယ်ပိုး ရွက်ဆောင်လိုသည်ဖြစ်စေ စွဲဆောင်မှုမက်လုံးများ ပြောင်းလဲမှုကို လိုက်၍ မိမိတို့၏ ဆုံးဖြတ်ချက်များမှာလည်း အလိုက်သင့် ပြောင်းလဲသွားပေသည်။

## ၂ ဘယ်အရာမှ အလကား မရပါ။

လူသားတို့၏ လက်တွေ့ဘဝတွင် ကုန်စည်များနှင့် ဝန်ဆောင်မှုများအတွက် သုံးစွဲရသည့် အရင်းအမြစ်များသည် အကန့်အသတ်ရှိပြီး လူသားတို့၏ လိုချက်တပ်မက်မှုမှာ အကန့်အသတ် မရှိချေ။ အဝတ်အစားသစ်များ၊ ဇိမ်ခံလှေတစ်စီး လိုချင်သလား သို့မဟုတ် ဆွစ်ဇလန်နိုင်ငံ အက်ပတ်တောင်တန်းများတွင် အပန်းဖြေ လိုပါသလား။ အားလပ်ချိန်၊ အပန်းဖြေမှုနှင့် ခရီးသွားဖို့ကိုရော ဆန္ဒရှိပါသလား။ ကိုယ်ပိုင်ကား သစ်ကြီးကို မောင်းဖို့ရော စိတ်ကူးယဉ်ဖူးပါသလား။ ကျွန်တော်တို့ အများစုမှာ ယင်းအရာဝတ္ထု ပစ္စည်းများအားလုံးသာမက ကျန်သည့်အရာများစွာတို့ကိုပါ ရလိုကြပါသည်။ သို့သော် ကျွန်တော်တို့သည် အချိန်အပါအဝင် အရင်းအမြစ်များ ရှားပါးမှုကြောင့် အကန့်အသတ်ဖြင့်သာ နေထိုင်ကြရသည်။

ကျွန်တော်တို့ လိုချင်သည့် အရာဝတ္ထုများ အားလုံးကို မတတ်နိုင်သဖြင့် ရွေးချယ်ယူရသည့် အနေအထားတွင်သာ ရှိပါသည်။ အခမဲ့စားရသည့် နေ့လည်စာဟူ၍ မရှိပါ။ တစ်စုံတစ်ခုကို ရွေးချယ်၊ ပြုလုပ်သည့်အခါ ကျွန်တော်တို့သည် အခြားလိုချင်သော၊ တန်ဖိုးထားသော အရာတခု၊ လုပ်ကိုင်ခြင်းကို စွန့်လွှတ်လိုက်ရပါသည်။ ဤအကြောင်းကြောင့်ပင် ဘောဂဗေဒပညာရှင်များသည် ကုန်ကျမှုအားလုံးကို လက်လွတ်လိုက်ရသော အခွင့်အလမ်းများ (opportunity cost) ဟု သုံးနှုန်းကြသည်။

ကုန်ကျမှုများစွာကို ငွေကြေးဖြင့် တိုင်းတာကြပြီး ယင်းငွေကြေးများသည်လည်း လက်လွတ်လိုက်ရသော အခွင့်အလမ်းများပင် ဖြစ်သည်။ ပစ္စည်းတစ်ခု ဝယ်ယူရာတွင် ငွေကြေးသုံးစွဲလိုက်သဖြင့် အခြားပစ္စည်းအား ဝယ်ယူသုံးစွဲခြင်း မပြုနိုင်တော့ပေ။ ထို့ပြင် တစ်စုံတစ်ခုလုပ်ဆောင်ရာတွင် ငွေကြေးကုန်ကျမှုမရှိသဖြင့် ဘာမှမကုန်ကျဟူ၍ ပြောလို့မရပေ။ လမ်းလျှောက်ရန်နှင့် လှပသည့် ညနေဆည်းဆာ ခံစားရန် သင်က ငွေသုံးစွဲစရာ မလိုသော်လည်း လမ်းလျှောက်ခြင်းအတွက် အခွင့်အလမ်းကုန်ကျမှုတစ်ခုကတော့ ရှိနေသည်။ လမ်းလျှောက်ထွက်ရင်း နေဝင်ချိန်ကို ကြည့်ရှုခံစားရာတွင် ပိုက်ဆံမကုန်သော်လည်း လက်လွှတ်လိုက်ရသော ကုန်ကျမှုတော့ရှိသည်။ လမ်းလျှောက်မှုကို ရွေးလိုက်သည့်အတွက် အခြားသော မိမိတန်ဖိုးထားသည့် အရာတချို့ကို စွန့်လွှတ်လိုက်ရပါသည်။ ဥပမာ လူမမာ သူငယ်ချင်းထံ အလည်အပတ်သွားခြင်း သို့မဟုတ် စာဖတ်ခြင်း။

အချို့သော အရာများမှာ လွန်စွာအရေးကြီးသဖြင့် ကုန်ကျမှုအား လျစ်လျူရှုပြီး လုပ်ဆောင်သင့်သည်ဆိုသော ရပ်တည်ချက်ကို မကြာခဏ ကြားရတတ်ပါသည်။ ယင်းဖော်ပြချက်သည် မှန်သလိုရှိပြီး မိမိတန်ဖိုးထားသည့် အရာများအား အခြားသူများ၏ ပိုက်ဆံဖြင့် အစိုးရက ဖြည့်ဆည်းပေးရန်အတွက် ဆွဲဆောင်သည့် နည်းလမ်းကောင်းတစ်ရပ် ဖြစ်နိုင်ပါသည်။ သို့သော် အခြားရွေးချယ်စရာများအား လက်လွတ်ဆုံးရှုံးလိုက်ရသည်ကို သိမြင်လာသည့်အခါ ကုန်ကျမှုကို မဆင်မခြင်လျစ်လျူရှုခဲ့သည်မှာ ပေါ်လွင်လာပါသည်။ ကုန်ကျမှုများ ထည့်မစဉ်းစားဘဲ လုပ်ဆောင်ခြင်းသည် အခြားရွေးချယ်စရာများရှိသည်ကို မစဉ်းစားဘဲ လုပ်ဆောင်ခြင်းပင် ဖြစ်သည်။

စားသုံးသူများနှင့် ထုတ်လုပ်သူများ၏ ရွေးချယ်မှုများတွင် ကုန်ကျမှုများ ရှိပါသည်။ စားသုံးသူများအတွက် ကုန်ပစ္စည်းဈေးနှုန်းသည် ကုန်ကျစရိတ်ဖြစ်ပြီး ယင်းအစား အခြားပစ္စည်းများ ဝယ်ယူလိုမှုနှင့် နှိုင်းယှဉ်ကြည့်စေသည်။ ကုန်ကျမှုများကို မစဉ်းစားလျှင် မိမိတို့သည် မလိုအပ်သော ပစ္စည်းများကိုသာ မှားယွင်းစွာ ဝယ်ယူနိုင်ဖွယ် ရှိပါသည်။ ဆိုလိုသည်မှာ မိမိတန်ဖိုးထားသော ဝယ်သင့်ဝယ်ထိုက်သည့် ပစ္စည်းများအစား အခြားသောသိပ်အသုံးမဝင်သည့်ပစ္စည်းများကို ဝယ်ယူမိသည့်အဖြစ်မျိုး ဖြစ်ပါသည်။

**ထုတ်လုပ်သူများတွင်လည်း ကုန်ကျမှုများ ရှိပါသည်။ ကုန်ပစ္စည်းထုတ်လုပ်ရာတွင် သို့မဟုတ် ဝန်ဆောင်မှုပေးရာတွင် အသုံးပြုရသည့် အရင်းအမြစ် ကုန်ကျမှုများဖြစ်သည်။ ဥပမာ အိမ်သစ်တစ်လုံး တည်ဆောက်ရာတွင် ပျဉ်၊ သံမဏိ၊ ကျောက်ပြားကဲ့သို့ အရင်းအမြစ်များ အသုံးပြုလိုက်သဖြင့် ဆေးရုံနှင့် စာသင်ကျောင်းများတွင် သုံးစွဲနိုင်သည့် အရင်းအမြစ်များ လျော့နည်းသွားသည်။ ထုတ်လုပ်မှုစရိတ် မြင့်မားလာခြင်းသည် ယင်းအရင်းအမြစ်များအား အခြားသော ထုတ်လုပ်မှုများတွင်လည်း များစွာ သုံးစွဲကြသောကြောင့်ဖြစ်သည်။ အမြတ်ရှာသည့် စီးပွားရေးလုပ်ငန်းများအနေဖြင့် အဆိုပါ အချက်ပြမှုများကို အလေးဂရုပြုမည် ဖြစ်သည်။ သို့သော် အစိုးရ၏ မူဝါဒများ သို့မဟုတ် အခွန်များသည် ဈေးကွက်တွင် ဖြစ်ပေါ်ပြောင်းလဲနေသော အသားမကျမှုများကို ကူညီပေးသည့်အခါ ယင်းအချက်ပြမှုများကို မေးမှိန်ပျောက်ကွယ်စေနိုင်သည်။ အစိုးရ၏ အဆိုပါထိန်းကျောင်းမှု မူဝါဒများသည် အပြောင်းအလဲ ချိန်ခွင်လျှာ ညီသွားသည့်အခါ ဖြစ်ပေါ်လာမည့် စားသုံးသူများ တန်ဖိုးထားသော အရာဝတ္ထုများ ထုတ်လုပ်ရာတွင် အရင်းအမြစ်များကို သုံးစွဲစေရန် လမ်းကျောင်းပေးမှုကို အားပျော့သွားစေသည်။**

အခြားသူများမှ အကုန်အကျခံလျှင် တစ်ဦးချင်း သို့မဟုတ် အဖွဲ့တစ်ခုအတွက် ကုန်စည်များကို အခမဲ့ ပံ့ပိုးနိုင်ပါလိမ့်မည်။ သို့သော် အမှန်မှာကုန်ကျစရိတ်များကို လက်လွှဲလက်ပြောင်း လုပ်ခြင်းသာဖြစ်ပြီး ယင်းစရိတ်များကို လျှော့ချပေးလိုက်သည်၊ အခမဲ့ပေးလိုက်သည် မဟုတ်ပေ။ နိုင်ငံရေးသမားများ မကြာခဏဆိုသလို "အခမဲ့ ပညာရေး"၊ "အခမဲ့ ဆေးကုသခွင့်" သို့မဟုတ် "အခမဲ့ အိုးအိမ်" စသည်ဖြင့် ပြောဆိုတတ်ကြသည်။ ဤစကားရပ်မှာ

အဓိပ္ပါယ် ကောက်လွဲစေပါသည်။ ယင်းအရာများမှာ အလိုအလျောက် ဖြစ်လာသည် မဟုတ်ပေ။ ၎င်းတို့ကို ဖြည့်ဆည်းပေးရန် ရှားပါးအရင်းအမြစ်များကို သုံးစွဲရပါသည်။ စာသင်ကျောင်းအတွက်သုံးသည့် အဆောက်အဦများ၊ လုပ်အားနှင့် အခြားအရင်းအမြစ်များကို အစားအသောက်များ ထုတ်လုပ်ရန်အတွက် သို့မဟုတ် ဖျော်ဖြေရေးအတွက် သို့မဟုတ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် သို့မဟုတ် ဆေးဝါးကုသမှုအတွက် အသုံးပြုနိုင်ပါသည်။ စာသင်ကျောင်းများ ဆောက်လုပ်ရန် ကုန်ကျစရိတ်သည် အဆိုပါ ကိစ္စရပ်များတွင် သုံးစွဲမှုအား စွန့်လွှတ်လိုက်ရခြင်းပင် ဖြစ်သည်။ အစိုးရက ကုန်ကျစရိတ်များကို လက်လွှဲလက်ပြောင်း လုပ်ပေးနိုင်သော်လည်း ကုန်ကျစရိတ်ကိုမူ မရှောင်ရှားနိုင်ပေ။

ကာလရွေ့လျားလာသည်နှင့်အမျှ လူသားတို့သည် ပိုမိုကောင်းသည့် နည်းလမ်းများ တွေ့ရှိလာကြပြီး ရှားပါးအရင်းအမြစ်များကိုလည်း အလိုရှိသည့် ကုန်စည်များနှင့် ဝန်ဆောင်မှုများသို့ ပြောင်းလဲနိုင်သည့် နည်းလမ်းအသစ်များကို ဖော်ထုတ်လာကြသည်။ ပြီးခဲ့သည့် နှစ်ပေါင်း ၂၅၀ အတွင်း မလုံလောက်မှု အခက်အခဲကို ဖြေလျှော့နိုင်ခဲ့ပြီး လူနေမှုဘဝ အရည်အသွေးကို မြှင့်တင်နိုင်ခဲ့ကြသည်။ သို့သော် လူသားတို့သည် အခြေခံအချက်ကိုမူ မပြောင်းလဲနိုင်ပေ။ မိမိတို့သည် ရှားပါးမှုနှင့် ဆက်လက်ရင်ဆိုင်ကြုံတွေ့နေရဆဲဖြစ်သည်။ နိုင်ငံရေးအရ အားကောင်းသော အထူး အကျိုးစီးပွားအုပ်စုများအား ၎င်းတို့၏အကျိုးစီးပွားကို မြှင့်တင်ပေးရန်အလို့ငှာ ဈေးကွက်၏ အခြေခံ စည်းမျဉ်းဖြစ်သည့် ဈေးကွက်၏ အချက်ပြမှုများကို ကျော်ခိုင်းခွင့်ပေးခြင်းထက် ဈေးကွက်တွင် လုပ်ကိုင်နေသူများသည် ဈေးကွက်၏ အချက်ပြမှုများကို အလေးထားဆောင်ရွက်စေသည့်အခါ အရင်းအမြစ်များကို အကောင်းဆုံး အသုံးချစေပါသည်။

## ၃ အဆင့်ဆင့် ဆုံးဖြတ်ခြင်း။

မိမိတို့အနေဖြင့် အရင်းအမြစ်များမှ အကျိုးရလာဒ်အများဆုံး ရရှိလိုလျှင် ကုန်ကျစရိတ်ထက် အကျိုး ပိုမိုဖြစ်ထွန်းမည့် လုပ်ရပ်များလုပ်ဆောင်သင့်ပြီး ထိုက်သင့်သည်ထက် ပိုမိုကုန်ကျမည့် လုပ်ရပ်များကို ရှောင်ရှားသင့်ပေသည်။ ဥပမာ အိမ်တစ်လုံးဝယ်လိုသည့် မိသားစုတစ်စုသည် နာရီများစွာ အလုပ်လုပ်၍ ငွေရှာခြင်း၊ အပျော်အပါးနှင့် အပြင်ထွက်စားခြင်းတို့တွင် ချွေတာခြင်းဖြင့် အိမ်တန်ဖိုးအတွက် ကနဦး လက်ငင်းငွေပေးချေနိုင်ရန် ငွေစုဆောင်းရပေမည်။ ကောလိပ်သွားလိုသည့် အထက်တန်းကျောင်းသားတို့သည်လည်း ကောလိပ်သွားတက်ရန် စိတ်မဝင်စားသည့် ကျောင်းသားများထက် ဗွီဒီယိုဂိမ်း လျှော့ကစားပြီး စာပိုကျက်ရပေလိမ့်မည်။ ယင်းသို့ ကုန်ကျမှုများနှင့် အကျိုးဖြစ်ထွန်းမှုတို့အား ချိန်ဆခြင်းသည် ပုဂ္ဂိုလ်တစ်ဦးချင်းအတွက်ဖြစ်စေ၊ စီးပွားရေးလုပ်ငန်းတစ်ခုအတွက်ဖြစ်စေ၊ လူ့အဖွဲ့အစည်းတစ်ရပ်လုံးအတွက်ဖြစ်စေ အလွန်အရေးကြီး လှပေသည်။

ရွေးချယ်မှုအားလုံးနီးပါးသည် တဆင့်ချင်း ရွေးချယ်မှုသာ ဖြစ်သည်။ တထိုင်တည်း ဆုံးဖြတ်ခြင်း၊ ရွေးချယ်ခြင်းမျိုး မဟုတ်ပဲ အခြေအနေအလိုက် လိုတိုး၊ ပိုလျှော့ လုပ်ခြင်းမျိုးဖြစ်သည်။ ”အဆင့်ဆင့်”ဟူသည့် စကားလုံး သည် ”ထပ်ဆင့်တိုး” ဟူသည့် အဓိပ္ပါယ် သက်ရောက်ပါသည်။ ”ပစ္စည်းတစ်ခု ထပ်တိုးထုတ်လုပ်ခြင်း သို့မဟုတ် ဂယ်ယူခြင်းအတွက် ကုန်ကျစရိတ် မည်မျှ ထပ်တိုးလာမည်နည်း။” အဆင့်ဆင့် ဆုံးဖြတ်ရာတွင် အကြီးစားနှင့် အသေးစားပြောင်းလဲမှုများ ပါဂင်တတ်သည်။ ”နောက်ထပ်တစ်ယူနစ်” ဆိုရာဂယ် ရုပ်အကျီသစ်တစ်ထည်၊ အိမ်သစ်တစ်လုံး၊ စက်ရုံသစ်တစ်ရုံ သို့မဟုတ် အထက်တန်းကျောင်းသားများအတွက်ဆိုလျှင် မည်သည့်အရေးကိစ္စတွင် အချိန်ပိုပေးခြင်း ဖြစ်သည်။

မိမိတို့၏ ဆုံးဖြတ်ရွေးချယ်မှုများသည် အစာစားမလား၊ အဂတ်ဂတ်မလား ဆိုသည့် အစွန်း နှစ်ဘက် ရွေးခြယ်ခြင်းမျိုးမဟုတ်ပေ။ ဆိုလိုသည်မှာ အစားစားဖို့ ကိုယ်ဗလာနှင့် နေရသကဲ့သို့ မဟုတ်ပေ။ ယင်းအစား အဂတ်အစားလျှော့ဂယ်ပြီး သို့မဟုတ် အခြားအရာများတွင် လျှော့သုံးပြီး အစား ပိုစားခြင်းမျိုး ဖြစ်သည်။ မိမိတို့သည် ဆုံးဖြတ်ချက်ချမှတ်ရာတွင် အစားအသောက် စုစုပေါင်း ကုန်ကျစရိတ်နှင့် အဂတ်အစား စုစုပေါင်းကုန်ကျစရိတ်တို့ကို နှိုင်းယှဉ်သည် မဟုတ်ပါ။ စက်ရုံသစ်တစ်ခု တည်ဆောက်မည့် အမှုဆောင်အရာရှိတစ်ဦးသည် စက်ရုံသစ်မှ ရရှိလာမည့် အကျိုးအမြတ်သစ်များ (ဥပမာ ထပ်တိုး ရောင်းချရာမှ ရရှိလာမည့် ဂင်ငွေများ)ကို ကုန်ကျစရိတ်အသစ်များထက် (ဥပမာ အဆောက်အဦသစ် တည်ဆောက်ခြင်း ကုန်ကျစရိတ်များ)နှင့် နှိုင်းယှဉ်၍ ထပ်တိုးလာမည့် အကျိုးအမြတ် ထပ်မံကုန်ကျမည့် စရိတ်ထက် များ၊ မများ စဉ်းစားပါလိမ့်မည်။ အကျိုးအမြတ် အပိုထွက်မလာလျှင် စက်ရုံသစ်မတည်ခြင်းက အမှုဆောင်အရာရှိနှင့် ၎င်း၏ ကုမ္ပဏီအတွက် ပိုသင့်တော်ပါသည်။

နိုင်ငံရေးလုပ်ဆောင်ချက်များ ထိထိရောက်ရောက်ဖြစ်စေရန်အတွက် နိုင်ငံရေး ဆုံးဖြတ်ချက်များသည်လည်း ထပ်တိုးအကျိုးအမြတ်များနှင့်သာ ချိန်ထိုးစဉ်းစားသင့်ပါသည်။ နိုင်ငံရေးဆုံးဖြတ်ချက် ဥပမာတစ်ခုမှာ ပတ်ဂန်းကျင် ညစ်ညမ်းမှု ရှင်းလင်းရန် မည်မျှအားထုတ်မည်ကို သတ်မှတ်ပေးခြင်း ဖြစ်သည်။ ညစ်ညမ်းမှုကို မည်မျှအတိုင်းအတာထိသာ ခွင့်ပြုပါသလဲဟု မေးလျှင် လူအများစုက ”လုံးဂ ခွင့်မပြုသင့်” ဟု တုန့်ပြန်ကြလိမ့်မည်။ တစ်နည်းအားဖြင့် ညစ်ညမ်းမှုကို သုည အထိ လျှော့ချသင့်သည်၊ ညစ်ညမ်းမှုလုံးဂမရှိသင့်ဟု ဆိုလိုခြင်း ဖြစ်သည်။ မဲရုံတွင်လည်း ထိုနည်း အတိုင်း မဲပေးတတ်ကြသည်။ သို့သော် ထပ်ဆင့်တိုး သဘောတရားက ယင်းသို့ ဆုံးဖြစ်ခြင်းသည် အလွန်အကျွံ ဖြုန်းတီးရာရောက်သည်ဟု ဖော်ညွှန်းပါသည်။

လေထုညစ်ညမ်းမှုများရှိ၍ လေကောင်းကောင်းမရှူနိုင်ပဲ အသက်ရှူမဂဖြစ်သည် ဆိုပါစို့။ ထိုအခါ လေထုညစ်ညမ်းမှု လျှော့ချခြင်းမှ ရရှိလာမည့် ကနဦးအကျိုးကျေးဇူးများသည် အလွန် ကြီးမားမည်ဖြစ်ပြီး ယင်းသို့လျှော့ချခြင်း၏ ကနဦးကုန်ကျစရိတ်ထက် များစွာသာလွန်နေမည်

ဖြစ်သည်။ သို့သော် ညစ်ညမ်းမှု ကျဆင်းလာသည်နှင့်အမျှ ရရှိလာမည့် ထပ်တိုးအကျိုး ကျေးဇူးသည်လည်း ကျဆင်းလာမည်။ ပိုမိုသန့်ရှင်းသည့် လေထုရရှိလာလျှင် အကျိုးရှိဆဲ (ဥပမာ အလုပ်မဲ့ဂေးသော တောင်တန်းများကို မြင်လာနိုင်မည်) ဖြစ်သော်လည်း ယင်းအကျိုးသည် အသက်ရှူ မဝခြင်းမှ ကာကွယ်တားဆီးပေးခြင်းလောက် တန်ဖိုးရှိတော့မည် မဟုတ်ပေ။ လေထုညစ်ညမ်းမှု အလုံးစုံ မကင်းရှင်းခင် အနေအထားတစ်ခုတွင် လေထုညစ်ညမ်းမှုအား ဖယ်ရှားခြင်းမှ ရရှိလာမည့် ထပ်တိုးအကျိုးကျေးဇူး မရှိသလောက်အထိ ဖြစ်သွားလိမ့်မည်။

တစ်ဖက်တွင် လေထုညစ်ညမ်းမှုလျှော့ချခြင်းမှ ရရှိလာမည့် ထပ်တိုးအကျိုးကျေးဇူး ကျဆင်းလာသော်လည်း ထပ်ဆောင်းကုန်ကျစရိတ်က မြင့်တက်လာမည် ဖြစ်သည်။ ထပ်ဆောင်း ကုန်ကျစရိတ်သည် လေထုညစ်ညမ်းမှုအား အနည်းငယ်ပိုလျှော့ရန်အတွက် စတေးလိုက်ရသည့် အခြားအရာများ၏ တန်ဖိုးဖြစ်ပေသည်။ ထပ်တိုးအကျိုးကျေးဇူးသည် လေထုအရည်အသွေး ပိုကောင်းလာသည့်၊ လေအနည်းငယ် ပိုသန့်လာခြင်း ဖြစ်လေသည်။ လေပိုမိုသန့်ရှင်းစေရန် ထပ်ဆောင်းကုန်ကျမှုသည် ထပ်တိုးအကျိုးကျေးဇူးထက် ပိုများသည့်အခါ ညစ်ညမ်းမှုအား ထပ်မံ လျှော့ချခြင်းသည် အချည်းနှီးပင် ဖြစ်သွားသည်။ ထို့ကြောင့် ထပ်မံလျော့ချရန် မသင့်တော့ပေ။

လေထုညစ်ညမ်းမှု ဥပမာအတွက် အခြေအနေတစ်ရပ်ကို စဉ်းစားကြည့်ကြပါစို့။ လေထု ညစ်ညမ်းခြင်းက ဒေါ်လာသန်း (၁၀၀)ဖိုး ဆုံးရှုံးမှု ဖြစ်ပေါ်စေပြီး လေထုညစ်ညမ်းမှု လျှော့ချရေး အတွက် ဒေါ်လာ ၁ သန်းမျှသာ သုံးစွဲသည်ဆိုပါဆို့။ ယင်းအနေအထားအရ လေထုညစ်ညမ်းမှု လျှော့ချရေးအတွက် မိမိတို့အနေဖြင့် အနည်းငယ်သာ သို့မဟုတ် အများကြီး လုပ်ဆောင်နေသလား။ လူအများစုက လေထုညစ်ညမ်းမှု လျော့ချရေးအတွက် သုံးစွဲသည်မှာ အလွန်နည်းသည်ဟု ပြောဆိုကြပါလိမ့်မည်။ မှန်ကောင်း မှန်ပေလိမ့်မည်။ သို့သော် ပေးထားသည့် အချက်အလက်များ အရတော့ မပြောနိုင်ပါ။

ဒေါ်လာသန်း ၁၀၀ ဖိုး ပျက်စီးမှုက စုစုပေါင်းပျက်စီးမှု ဖြစ်သည်။ ကုန်ကျမှုဒေါ်လာ ၁ သန်း သည် စုစုပေါင်း သန့်ရှင်းရေးကုန်ကျမှု ဖြစ်သည်။ ဘာဆက်လုပ်ရမည်ကို အချက်ကျကျဆုံးဖြတ်ရန် အတွက် မိမိတို့အနေဖြင့် လျှော့ချရေးမှရရှိလာမည့် ထပ်တိုးအကျိုးကျေးဇူးများကို သိရှိရန်နှင့် ထပ်ဆောင်းကုန်ကျမှုကို သိရှိရန်လိုပါသည်။ လေထုညစ်ညမ်းမှု လျှော့ချခြင်းအတွက် နောက်ထပ် ၁၀ ဒေါ်လာ သုံးစွဲခြင်းက ၁၀ ဒေါ်လာမက အဖိုးထိုက်လျှင် မိမိတို့အနေဖြင့် ပိုမိုသုံးစွဲသင့်ပါသည်။ ထပ်တိုး အကျိုးကျေးဇူးက ထပ်ဆောင်းကုန်ကျမှုထက် သာလွန်နေသောကြောင့် ဖြစ်သည်။ သို့သော် ညစ်ညမ်းမှု တိုက်ဖျက်ရေးအတွက် နောက်ထပ် ၁၀ ဒေါ်လာက ၁ ဒေါ်လာဖိုးသာ အကျိုးရှိပါက ညစ်ညမ်းမှုအား ဆက်လက်တိုက်ဖျက်ရန် သုံးစွဲမည်ဆိုလျှင် မိုက်မဲရာကျပါသည်။

ယေဘုယျအားဖြင့် လူပုဂ္ဂိုလ်တို့သည် သူတို့၏ မှတ်ချက်များနှင့် မဲပေးခြင်းများတွင် ထပ်တိုး အကျိုးသက်ရောက်မှု သဘောတရားကို လျစ်လျူရှုတတ်ကြသော်လည်း သူတို့၏ ကိုယ်ရေးကိုယ်တာ

လုပ်ရပ်များတွင်မူ လျစ်လျူရှုခဲ့ပေသည်။ အပန်းဖြေခြင်းနှင့် အစားအစာတို့ကို စဉ်းစားကြည့်ပါ။ ခြုံကြည့်လျှင် အစားအစာသည် လူတို့ အသက်ရှင်သန်ဖို့ လိုအပ်သဖြင့် အပန်းဖြေခြင်းထက် များစွာ အဖိုးတန်ပါသည်။ ဆင်းရဲမွဲတေသည့် နိုင်ငံများတွင် လူအများက ဆင်းရဲစွာ နေထိုင်နေရသည့်အတွက် အစာအာဟာရ လုံလောက်ရေးအတွက် ရှာဖွေထားသည့် ဂင်ငွေကို ကုန်သလောက် သုံးစွဲနေရသည်။ ဂေါက်ရိုက်ခြင်း၊ ရေလွှာလျှောစီးခြင်း သို့မဟုတ် အခြားစိတ်အပန်းဖြေလုပ်ငန်းများအတွက် အချိန် အနည်းငယ်သာ ပေးနိုင်ကြသည်။

သို့သော် လူတို့က ကြွယ်ဂလာသည့်အခါ အစားအစာတတ်နိုင်မှုမှာ လွယ်ကူလာကြသည်။ အသက် ရှင်သန်ရေးအတွက် အရေးကြီးသည်မှာ မှန်သော်လည်း သူတို့ ငွေအများစုကို အစားအစာတွင်သာ ဆက်လက်သုံးစွဲနေလျှင် မိုက်ရူးရဲဆန်ပေလိမ့်မည်။ ငွေကြေး အလျှံပယ်ရှိလာသည့်အခါ တိုးလာသည့် ငွေကို မည်သို့သုံးစွဲရန် ဆုံးဖြတ်ကြရာတွင် အစားအစာက အပန်းဖြေခြင်းလောက် အဖိုးမတန်တော့ဟု ထင်မြင်လာကြ သည်။ ထို့ကြောင့် လူတို့က ပိုမို ကြွယ်ဂလာသည့်အခါ အစားအစာတွင် ဂင်ငွေ၏ အနည်းငယ်သာ သုံးစွဲကြပြီး ဂင်ငွေ၏ အများစုကို အပန်းဖြေမှုတွင် သုံးစွဲလာကြသည်။၂

ထပ်ဆောင်းကုန်ကျမှုများနှင့် ထပ်တိုးအကျိုးကျေးဇူးများသည် ကောင်းမွန်သည့် ဆုံးဖြတ်ချက် ချမှတ်နိုင်ရေးနှင့် သက်ဆိုင်ပါသည်။ အရင်းအမြစ်များမှ အကျိုးကျေးဇူး အများဆုံး ထွက်ပေါ်လာရန် အတွက်ဆိုလျှင် အဆင့်ဆင့်ပုံစံဖြင့် စဉ်းစား၍ ဆောင်ရွက်ရမည် ဖြစ်သည်။ ဆိုလိုသည်မှာ ထပ်တိုး တန်ဖိုး၊ အကျိုးအမြတ်သည် ထပ်ဆောင်းကုန်ကျစရိတ်ထက် များရမည်ဖြစ်သည်။ မများလျှင်ပင် တူညီရမည်ဖြစ်သည်။ အကျိုးကျေးဇူး ထပ်တိုးစေမည့် အချက်ကိုသာ ထည့်သွင်းစဉ်းစား၍ ဆောင်ရွက်ပါက လူပုဂ္ဂိုလ်များနှင့် နိုင်ငံများအနေဖြင့် ပိုမိုကြွယ်ဂလာမည် ဖြစ်သည်။

## ၄ ကုန်သွယ်ရေးက စီးပွားရေးတိုးတက်မှုကို ဖြစ်စေသည်။

ကုန်သွယ်ရေး၏ အခြေခံမှာ အပြန်အလှန် အကျိုးအမြတ် ရရှိမှုဖြစ်သည်။ လူတို့သည် မိမိတို့ ကောင်းစားရေးကို မြှင့်တင်ရန် မျှော်လင့်သောကြောင့် ကုန်စည်ဖလှယ်ရန် သဘောတူခြင်း ဖြစ်သည်။ ကုန်သွယ်ရေးလုပ်ရသည့် အကြောင်းရင်းမှာ "ခင်ဗျားက ကျွန်တော့်အတွက် ကောင်းတာ လုပ်ပေးရင် ကျွန်တော်ကလည်း ခင်ဗျားအတွက် ကောင်းတာ လုပ်ပေးမယ်" ဟူ၍ အကျဉ်းချုပ်ဖော်ပြနိုင်ပါသည်။ ကုန်သွယ်ရေးမိတ်ဖက်အသီးသီးတို့သည် လိုချင်သည်ထက် ပိုမိုရရှိကြသဖြင့် ကုန်သွယ်ရေးမှာ အကျိုး များလှပေသည်။ ကုန်သွယ်ရေး အကျိုးအမြတ်ထွက်ပေါ်စေသော ပင်မအရင်းခံ ၃ မျိုး ရှိလေသည်။

***ပထမ- ကုန်သွယ်ရေးသည် ကုန်ပစ္စည်းများကို တန်ဖိုးထားမှု နည်းသည့်သူများထံမှ တန်ဖိုးထားမှု ပိုသည့်သူများထံသို့ စီးဆင်းစေသည်။*** မည်သည့် အသစ်အဆန်းမျှ မထုတ်လုပ်သည့်တိုင်အောင်

ကုန်သွယ်ရေးကြောင့် ကုန်စည်များ၏ တန်ဖိုးကိုတက်စေသည်။ ကြော်ငြာများမှဖြစ်စေ၊ အင်တာနက်မှ ဖြစ်စေ တပတ်နွမ်းပစ္စည်းများကို အရောင်းအဝယ်လုပ်ကြသော သုံးပြီးပစ္စည်းများဈေးကွက်တွင် ကုန်စည်သစ်များ ထုတ်လုပ်ရောင်းချခြင်း မဟုတ်ပေ။ သို့သော် ကုန်သွယ်မှုကြောင့် ယင်းကုန်ပစ္စည်းများကို ပိုမိုတန်ဖိုးထားကြသူများထံ လွှဲပြောင်းပေးသည်။ ဝယ်သူနှင့် ရောင်းသူ ၂ ဦးလုံးကို အကျိုးရှိစေပါသည်။ သို့မဟုတ်ပါက ကုန်သွယ်မှု ဖြစ်လာမည် မဟုတ်ချေ။

လူတို့၏ နှစ်သက်မှုများ၊ ဗဟုသုတနှင့် ပန်းတိုင်များမှာ များစွာကွဲပြားခြားနားကြသည်။ လူတစ်ဦးအတွက် အဖိုးမတန်သလိုရှိသည့် ပစ္စည်းတစ်ခုမှာ အခြားသူတစ်ဦးအတွက် တန်ဖိုးကြီး ရတနာတစ်ခု ဖြစ်နိုင်ပါသည်။ အီလက်ထရောနစ်ဘာသာရပ်အကြောင်း ရေးသားထားသော ပညာရပ်အရမ်းဆန်သည့် စာအုပ်တစ်အုပ်သည် အနုပညာ စုဆောင်းသူအတွက် ဘာမှအသုံး မဝင်သော်လည်း အင်ဂျင်နီယာတစ်ဦးအတွက်မူ ဒေါ်လာ ရာချီတန်ဖိုး ရှိပေမည်။ အလားတူပင် အင်ဂျင်နီယာတစ်ယောက်အတွက် ပန်းချီကားတစ်ချပ်သည် ဘာမှအရေးစိုက်စရာမရှိသော်လည်း အနုပညာမြတ်နိုးစုဆောင်းသူအတွက်မူ တန်ဖိုးထားစရာဖြစ်ပေမည်။ အီလက်ထရောနစ် စာအုပ်အား အင်ဂျင်နီယာထံသို့၊ ပန်းချီကားကို အနုပညာ စုဆောင်းသူထံသို့ အသီးသီး လွှဲပြောင်းဖလှယ်ခြင်းသည် ၂ ဦးလုံးအတွက် အကျိုးဖြစ်ထွန်းပါသည်။ ကုန်သွယ်ခြင်းက ၂ ဦးလုံးအတွက် အကျိုးဖြစ်ထွန်းသလို နိုင်ငံကိုလည်း ကြွယ်ဝစေပါသည်။ နိုင်ငံ၏ကြွယ်ဝမှုကို ဆုံးဖြတ်သည်မှာ နိုင်ငံက ထုတ်လုပ်နိုင်သည့် ကုန်စည်နှင့်ဝန်ဆောင်မှု ပမာဏမဟုတ်ဘဲ ယင်းကုန်စည်နှင့် ဝန်ဆောင်မှုများကို မည်သို့ခွဲဝေသည်က အဆုံးအဖြတ်ပေးခြင်း ဖြစ်သည်။

***ဒုတိယ- ကုန်သွယ်ရေးသည် မိမိတို့ အကောင်းဆုံး ပြုလုပ်နိုင်သည့် ကျွမ်းကျင်သည့် အရာများတွင် အထူးပြုဆောင်ရွက်စေသဖြင့် ထုတ်လုပ်မှုမြင့်တက်စေသလို၊ စားသုံးနိုင်မှုကိုလည်း ပိုများစေသည်။*** ကုန်ကျစရိတ်နည်းနည်းဖြင့် ကုန်စည်များနှင့် ဝန်ဆောင်မှုများကို အထူးပြုထုတ်လုပ်ရောင်းချပြီး ယင်းမှရသောဝင်ငွေကို ကိုယ်တိုင် မထုတ်လုပ်နိုင်သည့် ပစ္စည်းများကို ရောင်းဝယ်ရာတွင် သုံးစွဲနိုင်သည်။ ယင်းသို့ ခွဲဝေထုတ်လုပ်ခြင်းကြောင့် အထူးပြုထုတ်လုပ်သူများသည် ကုန်စည်များနှင့် ဝန်ဆောင်မှုများကို သူတို့ကိုယ်တိုင် အရာရာကို ထုတ်လုပ်နိုင်မည့် ပမာဏထက် ပိုမိုများပြား စုံလင်စွာနှင့် လိုချင့်စဖွယ်ကောင်းအောင် ထုတ်လုပ်လာနိုင်ကြသည်။ ဘောဂဗေဒ ပညာရှင်များက ယင်းနိယာမအား *နှိုင်းယှဉ်အားသာချက် နိယာမ* ဟုရည်ညွှန်းကြသည်။ ယင်းနိယာမမှာ လူပုဂ္ဂိုလ်များ အကြား၊ စီးပွားရေးလုပ်ငန်းများအကြား၊ ဒေသများအကြား၊ နိုင်ငံများအကြား ကုန်သွယ်မှုများတွင် အသုံးပြုနိုင်သည်။

နှိုင်းယှဉ်အားသာချက် နိယာမ (the law of comparative advantage) သည် သာမန်အသိ အမြင်တစ်ခုသာ ဖြစ်သည်။ တစ်စုံတစ်ဦးသည် ကုန်ပစ္စည်းတစ်ခုကို ကိုယ်တိုင်ထုတ်လုပ်လျှင် ပိုမို ကုန်ကျမည့်စရိတ်ထက် ချိုသာသောဈေးနှုန်းဖြင့် ရောင်းချလျှင် ဝယ်ယူသုံးစွဲသည်မှာ အဓိပ္ပါယ်

ရှိပါသည်။ မိမိ၏ အချိန်နှင့် အရင်းအမြစ်များကို မိမိအနေဖြင့် ကုန်ကျစရိတ်နည်းနည်းဖြင့် ထုတ်လုပ်နိုင်မည့် ပစ္စည်းများ ထုတ်လုပ်ရာတွင် အသုံးပြုနိုင်ပါသည်။ အကျိုးရလာဒ်မှာ လိုချင်သည့် ပစ္စည်းများကို ကုန်ကျစရိတ်များများဖြင့် မိမိကိုယ်တိုင်အားလုံး ထုတ်လုပ်ခြင်းထက် ကုန်သွယ်သူများ အကြား ကုန်ကျစရိတ်နည်းနည်းဖြင့် ထုတ်လုပ်ဖလှယ်လာနိုင်ပါသည်။

ဥပမာ ဆရာဝန်အများစုမှာ မှတ်တမ်းထိန်းသိမ်းခြင်းနှင့် ချိန်းဆိုမှုများစီစဉ်ခြင်းတို့တွင် တော်ကောင်းတော်မည် ဖြစ်သော်လည်း ယင်းလုပ်ငန်းတာဝန်များအား လုပ်ဆောင်ရန် တစ်စုံ တစ်ဦးကို ယေဘုယျအားဖြင့် ငှားရမ်းလေ့ရှိကြသည်။ ဆရာဝန်များ မှတ်တမ်းထိန်းသိမ်းခြင်းလုပ်သည့် အချိန်သည် လူနာများ ကြည့်ရှုခြင်းတွင် သုံးစွဲနိုင်သည့် အချိန်ဖြစ်သည်။ လူနာများအား ကြည့်ရှုသည့် အချိန်သည် အလွန်တန်ဖိုးရှိသောကြောင့် လူနာများ ကြည့်ခြင်းတွင်မသုံးပဲ မှတ်တမ်းထိန်းခြင်း အလုပ်ကို လုပ်နေလျှင် သူတို့၏ ငွေရှာဖွေမှုကို လျှော့နည်းစေမည် ဖြစ်သည်။ ယင်းကိစ္စတွင် ဆရာဝန်က သူငှားရမ်းသည့် လက်ထောက်ထက် မှတ်တမ်းထိန်းသိမ်းမှု ပိုကောင်းသည်၊ မကောင်းသည်မှာ ပဓာနမကျပေ။ ဆရာဝန်များအနေဖြင့် သူတို့ အချိန်ကို မည်သို့ အကျိုးရှိအောင် သုံးစွဲသည်က အဓိကကျပေ သည်။

***တတိယ- မိမိသဘောဆန္ဒအရ ဖလှယ်ခြင်းဖြင့် လုပ်ငန်းများအနေဖြင့် အလုံးအရင်း ထုတ်လုပ်နည်း စနစ်များ အသုံးပြုပြီး တစ်ခုချင်း ထုတ်လုပ်စရိတ်ကို လျှော့ချလာနိုင်စေသည်။*** ကုန်သွယ်ရေးကြောင့် စီးပွားရေးလုပ်ငန်းများသည် သူတို့၏ထုတ်ကုန်များကို ကျယ်ပြန့်သော ဈေးကွက်များတွင် ရောင်းချလာနိုင်သဖြင့် အမြောက်အများထုတ်လုပ်ရန်အတွက် စီစဉ်နိုင်ခြင်း၊ အမြောက်အများ ထုတ်လုပ်ခြင်းကို အသုံးချနိုင်သည့် ကုန်ထုတ်လုပ်ငန်းစဉ်များ အသုံးပြုလာနိုင်ခြင်းတို့ လုပ်ဆောင်လာနိုင်ကြသည်။ ယင်းလုပ်ငန်းစဉ်များကြောင့် တစ်ခုချင်း ကုန်ကျစရိတ် သိသာစွာ နည်းပါးလာစေပြီး လုပ်သားတစ်ဦးချင်း ကုန်ထုတ်လုပ်မှုကိုလည်း တိုးတက်လာစေပါသည်။ ကုန်သွယ်မှုသာမရှိလျှင် ယင်းအကျိုးကျေးဇူးများ ရရှိလာမည် မဟုတ်ပေ။ ဈေးကွက်တွန်းအားစုများသည် ကုန်ကျစရိတ်များသည့် ထုတ်လုပ်သူများထံမှ စရိတ်နည်းသည့် ထုတ်လုပ်သူများထံ ကုန်ထုတ်လုပ်မှုကို စဉ်ဆက်မပြတ် လွှဲပြောင်းပေးသည်။ အကျိုးရလဒ်အဖြစ် ပွင့်လင်းဈေးကွက်များသည် ကုန်စည်များနှင့် ဝန်ဆောင်မှုများ၏ တန်ဖိုးအများဆုံးရရှိအောင် ထုတ်လုပ်မှုများဆီသို့ ကုန်စည်များနှင့် အရင်းအမြစ်များကို ခွဲဝေပေးတတ်သည်။

မျက်မှောက်ခေတ်တွင် ကုန်သွယ်မှု၏ အရေးပါပုံကို ချဲ့ကားဖော်ပြလို့ပင် မကုန်နိုင်ပေ။ ကုန်သွယ်မှုကြောင့် မိမိတို့ ကိုယ်တိုင်ထုတ်လုပ်နိုင်မည်ထက် မြောက်များစွာသော ကုန်ပစ္စည်းများကို သုံးစွဲလာနိုင်ပါသည်။ ရေဒီယို၊ ရုပ်မြင်သံကြားစက်၊ ပန်းကန်ဆေးစက်၊ ကား၊ တယ်လီဖုန်းတို့ မဆိုထားဘိ။ ကိုယ်ပိုင်အိမ်၊ အဝတ်အထည်နှင့် အစားအစာများ ထုတ်လုပ်လျှင်ပင် မည်မျှခက်ခဲမည်ကို မှန်းဆကြည့်ပါ။ တစ်ဦးချင်းတို့က ပူးပေါင်းဆောင်ရွက်ခြင်း၊ ကျွမ်းကျင်ရာ

အထူးပြုလုပ်ဆောင်ခြင်း၊ ကုန်သွယ်ခြင်းတို့ကြောင့် အဆိုပါပစ္စည်းများကို ရရှိသုံးစွဲ၊ ပိုင်ဆိုင်လာနိုင်ခြင်း ဖြစ်သည်။ ပြည်တွင်း ဖြစ်စေ၊ နိုင်ငံတကာဖြစ်စေ၊ ကုန်စည်ဖလှယ်ရာတွင် အတားအဆီးများ ထားရှိသည့် နိုင်ငံများ၏ နိုင်ငံသူနိုင်ငံသားများမှာ ကုန်သွယ်မှုကြောင့် ဖြစ်ပေါ်လာမည့် ကြွယ်ဝစွာနေထိုင်နိုင်သည့် အခွင့်အလမ်းများ လျော့နည်းသွားသည်။ ဥပမာ ကွန်မြူနစ် ကျူးဘားနိုင်ငံတွင် ၂၀၀၈ မတိုင်မီအထိ နိုင်ငံရေး အဆက်အသွယ်မရှိသော သို့မဟုတ် အစိုးရအရာရှိ မဟုတ်သော သာမာန်ပြည်သူများ အနေဖြင့် ကွန်ပြူတာများ၊ ဆဲလ်ဖုန်းများ၊ မိုက်ခရိုဝေ့မီးဖိုများနှင့် အခြားဇိမ်ခံပစ္စည်းများ မဝယ်ယူနိုင်အောင် တားမြစ်ကန့်သတ်ထားသည်။

## ၅ ရောင်းဝယ်မှုဆိုင်ရာ ကုန်ကျစရိတ်များမှာ ကုန်သွယ်ရေးအတွက် အတားအဆီးတစ်ခု ဖြစ်သည်။

မိမိဆန္ဒအလျောက် ဖလှယ်ခြင်းသည် ပူးပေါင်းဆောင်ရွက်မှု ဖြစ်ပေါ်စေပြီး မိမိတို့ လိုလားသည့် အရာဝတ္ထုများကိုလည်း ပိုမိုရရှိစေသည်။ သို့သော် ကုန်သွယ်မှု ကိုယ်၌သည်ပင်လျှင် အကုန်အကျ များပါသည်။ အလားအလာရှိသည့် ကုန်သွယ်ဖက်များရှာဖွေ၍ ကုန်သွယ်မှုများ ညှိနှိုင်းပြီး အရောင်းအဝယ် အထမြောက်စေရန် အချိန်၊ ကြိုးစားအားထုတ်မှုနှင့် အခြားသောအရင်းအမြစ်များ လိုအပ်ပါသည်။ ဤနည်းဖြင့် အသုံးပြုလိုက်ရသည့် အရင်းအမြစ်များကို ရောင်းဝယ်မှုဆိုင်ရာ ကုန်ကျစရိတ်များဟု ခေါ်ပြီး ဥစ္စာနေ တိုးပွားရေးအတွက် အတားအဆီးတစ်ခု ဖြစ်သည်။ ယင်းတို့က မိမိတို့၏ ထုတ်လုပ်နိုင်စွမ်းနှင့် နှစ်ဘက်အကျိုးရှိ ကုန်သွယ်ရေးများမှ အကျိုးအမြတ်များ ရရှိရေးကို ကန့်သတ်သည်။

စားသုံးသူများထံ ထုတ်ကုန်များ ရောက်ရှိစေရေးကြိုးပမ်းရာတွင် သမုဒ္ဒရာများ၊ မြစ်များနှင့် တောင်တန်းများကဲ့သို့ ရုပ်ပိုင်းဆိုင်ရာ အတားအဆီးများကြောင့် လုပ်ငန်းဆောင်ရွက်မှုစရိတ် (ဝါ) ရောင်းဝယ်မှုဆိုင်ရာစရိတ် (transaction cost) များ ကြီးတတ်သည်။ လမ်းပန်းဆက်သွယ်ရေးတွင် ရင်းနှီးမြှုပ်နှံမှုများ၊ သယ်ယူပို့ဆောင်ရေးနှင့် သတင်းဆက်သွယ်ရေး တို့အား ပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်ပေးခြင်းတို့ဖြင့် ရောင်းဝယ်မှုကုန်ကျစရိတ်များကို လျှော့ချပေးနိုင်ပါသည်။ အချို့အခြေအနေများတွင် ရောင်းဝယ်မှုစရိတ်မြင့်မားရခြင်းမှာ သတင်းအချက်အလက်များ မရသောကြောင့် ဖြစ်သည်။ ဥပမာ မိမိအနေဖြင့် အတန်းအတွက် လိုအပ်သည့် ဘောဂဗေဒ ပြဌာန်းစာအုပ်ကို ဝယ်ချင်သော်လည်း မည်သူ့ထံတွင် ယင်းစာအုပ်ရှိ၍ ချိုသာသည့် ဈေးနှုန်းဖြင့် ရောင်းချမည်ကို မသိပေ။ ယင်းစာအုပ်ရောင်းမည့်သူအား မိမိအနေဖြင့် ကြိုးစားရှာဖွေရမည် ဖြစ်သည်။ ထို့အတွက် အသုံးပြုရမည့် အချိန်နှင့် အားအင်သည် ဝယ်ယူမှုအတွက် ကုန်ကျသည့် စရိတ်တစ်စိတ်တစ်ပိုင်း ဖြစ်သည်။

မကြာခဏဆိုသလိုပင် အခွန်အခများ၊ လိုင်စင်လိုအပ်ချက်များ၊ အစိုးရစည်းကမ်းချက်များ၊ ဈေးနှုန်းထိန်းချုပ်မှုများ၊ အကောက်ခွန်များ သို့မဟုတ် ခွဲတမ်းစနစ်များစသည့် နိုင်ငံရေးဆိုင်ရာ အတားအဆီးများကြောင့် ရောင်းဝယ်မှုစရိတ်များ မြင့်တက်လေ့ရှိသည်။ ရုပ်ပိုင်းဆိုင်ရာ

အတားအဆီးဖြစ်စေ၊ သတင်းအချက်အလက်ဆိုင်ရာ အတားအဆီးဖြစ်စေ၊ နိုင်ငံရေးဆိုင်ရာ အတားအဆီးဖြစ်စေ ယင်းအတားအဆီးများသည် ရောင်းဝယ်မှုစရိတ်ကို ကြီးမြင့်စေပြီး အရင်းအမြစ်များကို အကျိုးရှိစွာ အသုံးပြုမှုကို အားပေးရာမရောက် ဖြစ်စေသောကြောင့် ကုန်သွယ်ရေးမှ ရရှိလာနိုင်မည့် အကျိုးအမြတ်များကို လျော့နည်းသွားစေသည်။

ကုန်သွယ်မှုပြုလုပ်နိုင်ရန် စီစဉ်ပေးသူများနှင့် ပိုကောင်းသော ရွေးချယ်မှုများ ရရှိလာအောင် ကူညီပေးသူများမှာ ရောင်းဝယ်မှုကုန်ကျစရိတ်များကို လျှော့ချပေးပြီး စီးပွားရေးတိုးတက်မှုကို ဖြစ်ပေါ်စေပါသည်။ ကြားခံလူများဟုခေါ်သည့် အထူးပြုလုပ်ကိုင်ကြသူများတွင် တက္ကသိုလ်စာအုပ်ဆိုင်၊ အိမ်ခြံမြေ အကျိုးဆောင်များ၊ အစုရှယ်ယာပွဲစားများ၊ မော်တော်ယာဉ် ရောင်းချသူများ၊ ကြော်ငြာလုပ်ငန်းရှင်များနှင့် ကုန်သည်အမျိုးမျိုးတို့ ပါဝင်သည်။

အဆိုပါ ကြားလူများမှာ ဝယ်ယူမည့် ပစ္စည်းအပေါ် တန်ဖိုးတစ်စုံတစ်ရာ မဖြည့်ပေးဘဲ ကုန်ပစ္စည်း ဈေးနှုန်းများကိုသာ မြင့်တက်စေသည်ဟု အများက ယုံကြည်တတ်ကြသည်။ သို့သော် ရောင်းဝယ်မှုကုန်ကျစရိတ်များမှာ ကုန်သွယ်ရေး အတားအဆီးများ ဖြစ်သည်ကို သဘောပေါက်သည်နှင့် ဤအမြင်မှားယွင်းကြောင်း သိမြင်လာပေလိမ့်မည်။ မိမိတို့အနေဖြင့် ကြားခံလူများ လျှော့ချရေးကို အတွင်တွင် ပြောဆိုတတ်ကြသော်လည်း လက်တွေ့တွင်မူ မလျှော့ချနိုင်ကြပေ။

ဥပမာ ကုန်စုံဆိုင်ဖွင့်လှစ်သူသည် ကြားခံလူဖြစ်သည်။ (ယနေ့ခေတ် အကြီးစား စူပါမားကက်များသည် ကြားခံလူများစွာ၏ အတူတကွ ဝန်ဆောင်မှုပေးသည့် လုပ်ဆောင်ချက်များပင် ဖြစ်သည်။) ဈေးသွားဝယ်သည့် အိမ်ရှင်မတစ်ဦးအနေဖြင့် အသီးအရွက်ဝယ်ယူရန် တောင်သူများနှင့်၊ သစ်သီးများဝယ်ယူရန် သစ်သီးဝလံစိုက်ပျိုးသူများနှင့်၊ ထောပတ်၊ နို့နှင့် ချိစ်များ ဝယ်ယူရန် နို့စားနွား မွေးမြူသူများနှင့်၊ အမဲသားနှင့် ငါးများဝယ်ယူရန် မွေးမြူရေးသမား သို့မဟုတ် တံငါသည်နှင့် တိုက်ရိုက် ဆက်သွယ်ဝယ်ယူရမည်ဆိုလျှင် ထမင်းစားပွဲတစ်ပွဲ ချက်ပြုတ်ပြင်ဆင်ရန် အချိန်မည်မျှကုန်မည်၊ အားအင်မည်မျှ စိုက်ထုတ်ရမည်ကို စဉ်းစားကြည့်ပါ။ ကုန်စုံဆိုင်ဖွင့်လှစ်ရောင်းသူများသည် စားသုံးသူများ ကိုယ်စား ရောင်းချသူများနှင့် ဆက်သွယ်ဝယ်ယူပြီး လွယ်ကူအဆင်ပြေသည့် နေရာတွင် ပစ္စည်းများခင်းကျင်း၍ လုံလောက်အောင် ရောင်းချပေးသည်။ ကုန်စုံဆိုင်နှင့် အခြားသော ကြားခံလူအသီးသီးတို့သည် ရောင်းဝယ်မှုစရိတ်များကို လျှော့ချပေးပြီး ရောင်းသူ၊ ဝယ်သူများအကြား ကုန်သွယ်မှုအကျိုးအမြတ်များ အလွယ်တကူ ရရှိစေသည်။ ယင်းဝန်ဆောင်မှုများမှာ ကုန်သွယ်မှုပမာဏကို မြင့်တက်စေပြီး စီးပွားရေးတိုးတက်မှုကိုလည်း ဆောင်ကြဉ်းပေးသည်။

## ၆ ဈေးနှုန်းများက ရောင်းသူနှင့် ဝယ်သူများ၏ ရွေးချယ်မှုများကို ဟန်ချက်ညီစေသည်။

ဈေးကွက်ဈေးနှုန်းများက ရောင်းဝယ်၊ ဝယ်သူများ၏ ရွေးချယ်မှုများကို လွှမ်းမိုးပါလိမ့်မည်။ ကုန်စည်တစ်ခု ဈေးနှုန်းတက်လာပြီး ဝယ်ယူစရိတ်ကြီးမြင့်လာသည့်အခါ ပုံမှန်အားဖြင့် ဝယ်သူတို့က အရေအတွက် လျော့နည်းဝယ်ယူတတ်ကြသည်။ ထို့ကြောင့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုတစ်ခု၏ ဈေးနှုန်းနှင့် ဝယ်လိုသည့်အရေအတွက်အကြား အပျက်သဘော ဆက်စပ်မှုတစ်ခု ရှိသည်။ ၎င်းဆက်စပ်မှုကို ဝယ်လိုအားနိယာမဟု ခေါ်သည်။


ရောင်းသူများအဖို့မှာ ကုန်စည်တစ်ခုဈေးနှုန်းတက်ခြင်းကြောင့် စိတ်အားထက်သန်စွာဖြင့် ယင်းကုန်စည်ကို ပိုမိုထုတ်လုပ်ရောင်းချလာနိုင်စေသည့် ထပ်တိုးဝင်ငွေများ ဖြစ်ပေါ်စေသည်။ ထို့ကြောင့် ကုန်စည်တစ်ခု၏ ဈေးနှုန်းနှင့် ထုတ်လုပ်သူက ထုတ်လုပ်ရောင်းချသည့် အရေအတွက်အကြား အပြုသဘောဆက်သွယ်ချက်တစ်ခု ရှိသည်။ ၎င်းဆက်သွယ်ချက်ကို ရောင်းလိုအားနိယာမဟု ခေါ်သည်။

ဈေးနှုန်း၊ ဝယ်လိုအားအရေအတွက်နှင့် ရောင်းလိုအားအရေအတွက်တို့ကို ဖော်ပြရန် ဘောဂဗေဒ ပညာရှင်များက ဂရပ်များ အသုံးပြုလေ့ရှိသည်။ ထိုသို့ပြသရာတွင် ကုန်စည်တစ်ခု ဈေးနှုန်းကို ဒေါင်လိုက် y ဝင်ရိုးပေါ်တွင် ထားပြီး အချိန်ကာလပမာဏကို (ဥပမာ ရက်သတ္တပတ်၊ လ သို့မဟုတ် နှစ်) x ဝင်ရိုးတွင် ထားသည်။ ကုန်စည်က နွားနို့ဟု ယူဆသည့် ဥပမာတွင် ရှင်းလင်းဖော်ပြချက် ၁ က ဝယ်လိုအားနှင့် ရောင်းလိုအား ဂရပ်ကို ပြသည်။

ရောင်းလိုအားမျဉ်းကွေးက နွားနို့ထုတ်လုပ်သူများသည် ပြောင်းလဲနေသည့် ဈေးနှုန်းများ အတိုင်း ရောင်းချလိုသည့် ပမာဏအမျိုးမျိုးကို ညွှန်ပြသည်။ လက်ယာဘက် အထက်သို့ ပြေပြစ်စွာ တက်သွားခြင်းက ထုတ်လုပ်သူများသည် ဈေးနှုန်းမြင့်တက်လာချိန်တွင် ပမာဏ ပိုများပြားစွာ ထုတ်လုပ်လိုကြောင်း ညွှန်ပြသည်။ ရောင်းလိုအားမျဉ်းကွေးသည် ရောင်းလိုအား နိယာမကို ဂရပ်ဖြင့် ကိုယ်စားပြု ပြသပေးသည်။

အမှန်တကယ် အရေးကြီးသည့် အချက်မှာ ဥပမာတွင် ပြသည့်အတိုင်း နွားနို့တစ်ဂါလံလျှင် ၃ ဒေါ်လာသို့ ဈေးတက်သွားသည့်အခါ ဝယ်လိုအားပမာဏသည် ရောင်းလိုအားပမာဏနှင့် မျှခြေ ဖြစ်သွားပါလိမ့်မည်။ ၃ ဒေါ်လာရှိ မျှခြေဈေးနှုန်းတွင် စားသုံးသူများက တစ်ရက်လျှင် နွားနို့ ၁၅၀၀၀ ဂါလံဝယ်ယူလိုပါလိမ့်မည်။ ယင်းက နွားနို့ထုတ်လုပ်သူများ ထုတ်လုပ်ရောင်းချလိုသည့် ပမာဏ အတိုင်း ဖြစ်သည်။ ဈေးနှုန်းသည် စားသုံးနှင့် ထုတ်လုပ်သူများ၏ ရွေးချယ်မှုများကို ညှိနှိုင်း ဆောင်ရွက်ပေးပြီး ဟန်ချက်ညီစေသည်။

ပုံ ၁ - ဝယ်လိုအား၊ ရောင်းလိုအားနှင့် မျှခြေဈေးနှုန်း




ဥပမာအားဖြင့် ၃ ဒေါ်လာမှ ၄ ဒေါ်လာသို့ ဈေးတက်သွားလျှင် ထုတ်လုပ်သူများ တစ်ရက်လျှင် ထုတ်လုပ်ရောင်းချလိုသည့် နွားနို့ပမာဏက စားသုံးသူများ တစ်ရက်ဝယ်ယူလိုသည့် ပမာဏထက် များပြားပေလိမ့်မည်။ ၄ ဒေါ်လာဈေးနှုန်းတွင် ထုတ်လုပ်သူများက သူတို့ ဆန္ဒရှိသလောက် မရောင်းချနိုင်ဖြစ်တတ်သည်။ ကုန်စည်ထုတ်လုပ်မှုက မြင့်တက်လာပြီး ပိုလျှံစွာ ထုတ်လုပ်မိခြင်းကြောင့် အချို့ထုတ်လုပ်သူများက ထိုသို့ပိုလျှံနေသည့် ကုန်ပစ္စည်းများ လျှော့ချနိုင်ရန် ဈေးနှုန်းများ လျှော့ချကြလိမ့်မည်။ မျှခြေဈေးနှုန်းဖြစ်သည့် ၃ ဒေါ်လာသို့ ရောက်သည်အထိ ဈေးနှုန်းဆက်လက် ကျဆင်းလိမ့်မည်ဖြစ်သည်။ ဈေးနှုန်းသည် မျှခြေအထက် ရှိနေသည့်အခါ ဈေးကွက်တွန်းအားများက မျှခြေဈေးနှုန်းသို့ ရောက်သည်အထိ ဈေးနှုန်းကျဆင်းစေတတ်သည့် သဘောက နားလည်ရန် လွယ်ကူပါသည်။

အလားတူ ဥပမာအားဖြင့် နွားနို့ဈေးသည် ၃ ဒေါ်လာမှ ၂ ဒေါ်လာသို့ လျှော့နည်း ကျဆင်းနေလျှင် စားသုံးသူများက ထုတ်လုပ်သူများ ထုတ်လုပ်ရောင်းချလိုသည့် ပမာဏထက် ပိုမိုဝယ်ယူချင်လာကြသည်။ ၎င်းက ဝယ်လိုအားများ လိုအပ်သည်ထက် ပိုမိုဖြစ်ပေါ်စေပြီးနောက် ဈေးတက်စေသည့် ဖိအားတစ်ခုဖြစ်စေသည်။ သည့်နောက် မျှခြေဈေးနှုန်း ၃ ဒေါ်လာသို့ ပြန်လည်ရောက်ရှိစေသည့် သဘောဆောင်လာလိမ့်မည်ဖြစ်သည်။ ဝယ်သူများနှင့် ရောင်းသူများ၏

ရွေးချယ်မှုများသည် မျှခြေဈေးနှုန်း ၃ ဒေါ်လာတွင် တည်မြဲစေသည့် သဘောရှိပြီး ဈေးကွက်ဈေးနှုန်းကလည်း ဤအဆင့်သို့ ရောက်သွားလိမ့်မည်။

ရောင်းလိုအား၊ ဝယ်လိုအားတို့၏ လုပ်ဆောင်ပုံကို eBay မှ လူအများ ရင်းနှီးပြီးဖြစ်သည့် အခင်းအကျင်းတစ်ခုဖြင့် ပြသထားသည်။ eBay တွင် ရောင်းသူများက ကုန်စည်များ အတွက် သူတို့လက်ခံနိုင်မည့် အနိမ့်ဆုံးဈေးနှုန်းများ ထည့်သွင်းထားပြီး ဝယ်သူများကလည်း သူတို့ ပေးလိုသည့် အမြင့်ဆုံးဈေးနှုန်း ထည့်သွင်းထားသည်။ လေလံပွဲစီမံခန့်ခွဲမှုစနစ်က ဝယ်သူများ ကိုယ်စား ကြိုတင်သတ်မှတ်ထားပြီး ဈေးနှုန်းများဖြင့် ဈေးဆိုပါလိမ့်မည်။ ရောင်းဝယ်ရေး ကာလ ပြီးဆုံးချိန် သို့မဟုတ် တစ်ဦးတစ်ယောက်က ချက်ခြင်းဝယ်ယူမည့် ဈေးနှုန်းပေးချေရန် သဘောတူသည်အထိ လေလံပစ်တတ်သည်။ ဝယ်သူများက ရောင်းသူတောင်းဆိုသည့် အနိမ့်ဆုံးဈေးနှုန်းအထက် ဈေးနှုန်းတစ်ခုခေါ်သည့်အခါမှသာ ဖလှယ်မှုဖြစ်ပေါ်သည်။ သို့သော် ဤသို့အရောင်းအဝယ်တည့်သည်နှင့် ရောင်းသူ၊ ဝယ်သူ နှစ်ဘက်လုံး အကျိုးရှိပါလိမ့်မည်။

eBay အီလက်ထရောနစ်ဈေးကွက်မှာကဲ့သို့ မသိသာသော်လည်း အခြားဈေးကွက်များရှိ ရောင်းလိုအား၊ ဝယ်လိုအားတွန်းအားစုများကလည်း အလားတူလုပ်ဆောင်လျက်ရှိသည်။ ဝယ်လိုအား မျဉ်းကွေး၏ အမြင့်က အခြားကုန်စည်တစ်မျိုးအတွက် စားသုံးသူပေးချေလိုသည့် အမြင့်ဆုံးပမာဏကို ညွှန်ပြနေပြီး ရောင်းလိုအားမျဉ်းကွေးက ယင်းကုန်စည်အတွက်ပင် ထုတ်လုပ်သူများ ရောင်းချလိုသည့် အနိမ့်ဆုံးဈေးနှုန်းကို ပြသသည်။ ဈေးနှုန်းသည် စားသုံးသူပေးချေလိုသည့် အမြင့်ဆုံးဈေးနှုန်းနှင့် ရောင်းချသူ ရောင်းလိုသည့် အနိမ့်ဆုံးဈေးနှုန်းအကြား ရှိနေသည်နှင့်အမျှ ကုန်သွယ်ရေးမှ အကျိုးအမြတ် ရနိုင်ခြေများ ရှိသည်။ ထို့ပြင် မျှခြေ ဈေးနှုန်းရှိသည့်အခါ ရောင်းဝယ်ဖလှယ်ခြင်းမှ ရနိုင်ခြေရှိသည့် အကျိုးကျေးဇူးများ အမှန်တကယ် ဖြစ်လာသည်။

ထို့ကြောင့် စားသုံးသူများက အမှန်ရှိနေသည့် ဈေးနှုန်းထက် ဈေးပိုပေးဝယ်နိုင်သည့် အရာများသာ ဝယ်ယူလိုကြလိမ့်မည်။ အလားတူ ထုတ်လုပ်သူများကလည်း ယင်းဈေးနှုန်းအောက် ကုန်ကျစရိတ်ဖြင့် ထုတ်လုပ်နိုင်သည့် အရာများသာ ထုတ်လုပ်ကြတော့မည်။ မျှခြေဈေးနှုန်းရှိသည့် အခါ စားသုံးသူများထံ ရောင်းချသည့် ကုန်စည် တန်ကြေးက ထုတ်လုပ်ရာတွင် လိုအပ်သည့် အရင်းအမြစ်များကုန်ကျမှုအထက် ပိုမိုသည်နှင့်အမျှ ကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်ပြီး ဝယ်ယူကြတော့မည့် အခြေအနေသို့ရောက်ရှိစေသည်။ ဈေးကွက်ဈေးနှုန်းများသည် ဝယ်လိုသည့်ပမာဏနှင့် ရောင်းလိုသည့် ပမာဏကို ဟန်ချက်ညီစေသည်သာမဟုတ်၊ စားသုံးသူများက ထုတ်လုပ်ရာတွင် ကုန်ကျသည်ထက် တန်ကြေးများစွာ ပိုပေးနိုင်သည့် ယင်းကုန်စည်များ ထုတ်လုပ်ရောင်းချရန် ထုတ်လုပ်သူများအားလည်း ညွှန်ကြားသည်။ မည်သည့်ဈေးကွက်တွင်ဖြစ်စေ မှန်ကန်သည့် အချက်ဖြစ်သည်။

ကျွန်ုပ်တို့သည် ပြောင်းလဲလှုပ်ရှားနေသည့် ကမ္ဘာတွင် နေထိုင်နေကြခြင်း ဖြစ်သည်။ ဂင်ငွေ၊ အစားထိုး ကုန်စည်ဈေးနှုန်းနှင့် အနာဂတ်မျှော်မှန်းဈေးနှုန်းကဲ့သို့ အပြောင်းအလဲများက ကုန်စည် ဂယ်လိုအားများကို ပြောင်းလဲလိမ့်မည်ဖြစ်သည်။ အလားတူ နည်းပညာ၊ အရင်းအမြစ်ဈေးနှုန်း၊ ထောက်ပံ့ကြေး၊ အခွန်များကဲ့သို့ အပြောင်းအလဲများကလည်း ကုန်ကျမှုနှင့် ရောင်းလိုအားမျဉ်းကွေးကို ပြောင်းလဲစေမည် ဖြစ်သည်။ စရိတ်ကျဉ်းထုတ်လုပ်နည်းစနစ်များ ရှာဖွေတွေ့ရှိလာပြီး ထုတ်ကုန် အသစ်များ မိတ်ဆက်လာနိုင်မည် ဖြစ်သည်။ သို့သော် ဈေးနှုန်းထိန်းချုပ်မှုများ သို့မဟုတ် အခြားသော နိုင်ငံရေးဂင်ရောက်စွက်ဖက်မှုပုံစံများဖြင့် မထိန်းချုပ်လျှင် ဈေးကွက်ဈေးနှုန်းများသည် ရှင်သန်နေသည့် အပြောင်းအလဲများကို တုန့်ပြန်မည်ဖြစ်ပြီး ရောင်းသူ၊ ဂယ်သူများကိုလည်း သူတို့ ရွေးခြယ်မှုများ မျှခြေဖြစ်စေမည့် သတင်းအချက်အလက်များနှင့် မက်လုံးများ ပံ့ပိုးမည် ဖြစ်သည်။ ယင်းချိန်ဆမှုများသည် တခဏအတွင်း ဖြစ်ပေါ်လာသည်တော့ မဟုတ်ချေ။ အခြေအနေသစ်များ အပေါ် အပြည့်အဂ ချိန်ညှိမှုလုပ်ဆောင်ရန် စားသုံးသူနှင့် ထုတ်လုပ်သူများ နှစ်ဖက်လုံးအတွက် အချိန် လိုပါလိမ့်မည်။ ထို့ပြင် ရှင်သန်လှုပ်ရှားနေသည့် ကမ္ဘာဂယ် ချိန်ညှိမှုလုပ်ငန်းစဉ်က အဆက်မပြတ် ဖြစ်ပေါ်နေသည်။ ရှေ့ဆက် ဆောင်ရွက်သည်နှင့် ဤလုပ်ငန်းစဉ်အပေါ် အသေးစိတ် ခွဲခြမ်းစိတ်ဖြာ ရပါတော့သည်။[၃]

## ၇ အမြတ်အစွန်းများသည် စီးပွားရေးလုပ်ငန်းများအား ဓနတိုးစေမည့် လုပ်ဆောင်ချက်များဆီသို့ တည့်မတ်ပေးသည်။

နိုင်ငံတစ်နိုင်ငံတွင် ယင်း၏ မြေ၊ အဆောက်အဦနှင့် လူ့အရင်းအမြစ်များကို အဖိုးတန်သည့် ကုန်စည်များနှင့် ဂန်ဆောင်မှုများကို ထုတ်လုပ်ရာတွင် အသုံးပြုနိုင်လျှင် ထိုနိုင်ငံ၏လူထုမှာ အကျိုး ခံစားရမည် ဖြစ်သည်။ မည်သည့်အချိန်ကာလတွင်မဆို မရေမတွက်နိုင်သော ရင်းနှီးမြှုပ်နှံမှု စီမံကိန်း များစွာ လုပ်ဆောင်ရန် စဉ်းစားသုံးသပ်နေကြသည်။ အချို့ရင်းနှီးမြှုပ်နှံမှုများမှာ စားသုံးသူကျေနပ်မှုကို မြှင့်တက်စေသည့် ကုန်စည်များနှင့် ဂန်ဆောင်မှုများကို ထုတ်လုပ်ရာတွင် အရင်းအမြစ်များကို သုံးစွဲကြသောကြောင့် စီးပွားရေးတိုးတက်မှု ဖြစ်ပေါ်စေသည်။ အချို့ရင်းနှီးမြှုပ်နှံမှုများမှာ အရင်း အမြစ်များ၏ အသုံးဂင်မှုတန်ဖိုးနှင့် စီးပွားရေးတိုးတက်မှုကို လျော့နည်းစေသည်။ မိမိတို့အနေဖြင့် အရင်းအမြစ်များကို အကောင်းဆုံးအသုံးချမည်ဆိုလျှင် တန်ဖိုးမြင့်တက်စေမည့် စီမံကိန်းများကို အားပေးရမည်ဖြစ်ပြီး အကျိုးသိပ်မရှိဖြစ်စေမည့် စီမံကိန်းများကို တားမြစ်ရမည်ဖြစ်သည်။

ယင်းမှာ အရှုံးအမြတ်များ လုပ်ဆောင်ချက်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းများသည် (ကုန်ကြမ်း၊ ကြားခံကုန်စည်များ၊ အင်ဂျင်နီယာနှင့်ရုံးလုပ်ငန်းဂန်ဆောင်မှုများစသည့်) အရင်းအမြစ်များကို ဂယ်ယူပြီး ယင်းတို့အား ကုန်စည်နှင့် ဂန်ဆောင်မှုများ ထုတ်လုပ်ရာတွင် အသုံးပြု၍ စားသူသူများကို ရောင်းချကြသည်။ ထုတ်ကုန်များရောင်းဈေးသည် ထုတ်လုပ်ရာသုံးစွဲခဲ့သည့် အရင်းအမြစ်

စရိတ်များထက် များလျှင် ယင်းလုပ်ငန်းများမှာ အမြတ်အစွန်းကျန်ပြီ ဖြစ်သည်။ ဆိုလိုသည်မှာ စားသုံးသူများက ထုတ်လုပ်မှုတွင် လိုအပ်သည့် အရင်းအမြစ်များ ကုန်ကျမှုထက် စားသုံးသူများကို ပိုမိုတန်ဖိုးထားသည့် ကုန်စည်နှင့် ဂန်ဆောင်မှုများကို လုပ်ငန်းများက ထုတ်လုပ်မှသာ အမြတ်ရမည် ဖြစ်သည်။

စားသုံးသူသတ်မှတ်သော ကုန်ပစ္စည်းတန်ဖိုးမှာ ယင်းစားသုံးသူက ပေးလိုသည့် ဈေးနှုန်းပင် ဖြစ်သည်။ စားသုံးသူက ထုတ်လုပ်စရိတ်ထက် ပိုပေးသည့်အခါထုတ်လုပ်သူများအနေဖြင့် အကျိုး အမြတ်ရှိသဖြင့် အရင်းအမြစ်များကို အခြားအသုံးပြုမှုများမှပြောင်းလဲအသုံးပြုလာကြသည်။ အကျိုး အမြတ်ဆိုသည်မှာ အရင်းအမြစ်များကို ပိုမိုတန်ဖိုးရသည့် အရာတစ်ခုခုသို့ ပြောင်းလဲသုံးစွဲခြင်းပင် ဖြစ်သည်။

ဆန့်ကျင်ဘက်အားဖြင့် အရှုံးဆိုသည်မှာ အရင်းအမြစ်များကို ပိုမိုတန်ဖိုးရှိသော ပစ္စည်းများ အဖြစ် ပြောင်းလဲသုံးစွဲခြင်း မပြုသောကြောင့် စီးပွားရေးလုပ်ငန်းအား ဒဏ်ခတ်မှုပင် ဖြစ်သည်။ အရင်း အမြစ်များကို ပိုမိုကောင်းမွန်စွာ အသုံးပြု၍ အခြားတန်ဖိုးရှိသော ပစ္စည်းများ မထုတ်လုပ်ခဲ့သည်ကို အရှုံးက ဖော်ညွှန်းသည်။

အကျီထုတ်လုပ်သည့်စက်ရုံတစ်ရုံသည် လစဉ် အကျီ ၁၀၀၀ ထုတ်လုပ်နိုင်ရန်အတွက် အဆောက်အဦ ငှားရမ်းခြင်း၊ လိုအပ်သည့် စက်ယန္တရားများ ငှားရမ်းခြင်း၊ ဂန်ထမ်းများ ခန့်ထားခြင်း၊ အကျီအတွက်လိုအပ်သည့် အထည်စ၊ ကြယ်သီးနှင့် အခြားသော ပစ္စည်းပစ္စယများ ဂယ်ယူခြင်း စုစုပေါင်း စရိတ်သည် တစ်လလျှင် ဒေါ်လာ ၂၀၀၀၀ ကုန်ကျသည် ဆိုပါစို့။ စက်ရုံက တစ်ထည်လျှင် ဒေါ်လာ ၂၂၀ နှုန်းဖြင့် အကျီ ၁၀၀၀ ကို ရောင်းချလျှင် လစဉ်ဂင်ငွေ ဒေါ်လာ ၂၂၀၀၀၀ ရရှိမည်ဖြစ်ပြီး အကျီထုတ်လုပ်သူသည် သူနှင့် စားသုံးသူနှစ်ဦးစလုံးအား ပေါကြွယ်ဂစေခဲ့သည်။ ထုတ်လုပ်မှု ကုန်ကျ စရိတ်ထက် စားသုံးသူများက ဈေးပိုပေးလိုခြင်းသည် ထုတ်လုပ်မှုတွင် သုံးစွဲထားသော အရင်းအမြစ် များကို တန်ဖိုးထားသည်ထက် အကျီကို ပိုမိုနှစ်သက်တန်ဖိုးထားကြကြောင်း ပြသနေသည်။

အကယ်၍ အကျီတစ်ထည်ချင်း ဈေးနှုန်းသည် ဒေါ်လာ ၁၇၀ ထက်ပို၍ ရောင်းချမရပါက ထုတ်လုပ်သူသည် တစ်လလျှင် ဒေါ်လာ ၁၇၀၀၀၀ သာဂင်ငွေရှိပြီး တစ်လလျှင် ဒေါ်လာ ၃၀၀၀၀ အရှုံးပေါ်မည် ဖြစ်သည်။ ထုတ်လုပ်သူအနေဖြင့် အရင်းအမြစ်များ၏ တန်ဖိုးကို လျှော့နည်းအောင် လုပ်ဆောင်ခဲ့သည့်အတွက် အရှုံးပေါ်ရခြင်း ဖြစ်သည်။ အပြီးသတ် ထွက်ကုန်ဖြစ်သော အကျီများအား ယင်းထုတ်လုပ်မှုတွင် သုံးစွဲထားသည့် အရင်းအမြစ်များလောက် စားသုံးသူများက နှစ်သက် တန်ဖိုးထားခြင်း မရှိသောကြောင့် ဖြစ်သည်။ အကျီပြုလုပ်ရာတွင် အသုံးပြုသည့် အရင်းအမြစ်များအား အခြားထုတ်ကုန်များ ပြောင်းလဲထုတ်လုပ်ရာတွင် အသုံးပြုနိုင်လျှင် ပိုမိုတန်ဖိုးရှိလိမ့်မည်ကို စားသုံးသူများက အလိုလိုသိနေသည်ဟု မိမိတို့အနေဖြင့် ဆိုလိုခြင်းမဟုတ်ပါ။ သို့သော်

စားသုံးသူများ၏ ရွေးချယ်မှုက အချက်ပြနေသည်မှာ ထုတ်လုပ်သူအနေဖြင့် အရှုံးမပေါ်လိုလျှင် ထုတ်လုပ်မှုအစီအစဉ်ပြောင်းလဲပါဟူ၍ ဖြစ်သည်။

ဈေးကွက်စီးပွားရေးစနစ်တွင် အရှုံးပေါ်ခြင်း၊ စီးပွားရေး ကျဆုံးခြင်းတို့ကြောင့် နောက်ဆုံးတွင် အရှုံးမခံနိုင်တော့ပဲ လုပ်ငန်းရပ်စဲသွားစေသည်။ အရှုံးများနှင့် စီးပွားရေးကျဆုံးမှုများသည် မကြာခဏပင် ရင်းနှီးမြှုပ်နှံသူများနှင့် ဂန်ထမ်းများအား ထိခိုက်နာကျင်စေသော်လည်း အကောင်းဘက်က ကြည့်လျှင် ကြွယ်ဂစေမည့် ထုတ်လုပ်မှုလုပ်ငန်းများတွင် အရင်းအမြစ်များကို အသုံးပြုလာနိုင်ပါသည်။

မိမိတို့နေထိုင်သော မျက်မှောက်ကမ္ဘာသည် အမြဲပြောင်းလဲနေသော စမ်းသပ်မှုများနှင့် နည်းပညာများ၊ မပြည့်စုံသည့် အသိပညာများနှင့် မရေရာမှုများ ရှိနေသည့် ကမ္ဘာဖြစ်သည်။ စီးပွားရေး လုပ်ငန်းပိုင်ရှင်များအနေဖြင့် အနာဂတ်ဈေးကွက်၏ ပေါက်ဈေးများနှင့် အနာဂတ်၏ ကုန်ထုတ် စရိတ်များကို အတတ်မသိနိုင်ကြပေ။ ထို့ကြောင့် လုပ်ငန်းရှင်များ၏ ဆုံးဖြတ်ချက်များမှာ ခန့်မှန်းချက် အပေါ်တွင်သာ အခြေတည်နေကြသည်။ သို့ရာတွင် ဈေးကွက်စီးပွားရေးစနစ်၏ ဆုပေး၊ ဒဏ်ပေး ပုံသဏ္ဍာန်မှာမူ ရှင်းလင်းပါသည်။ ကုန်ပစ္စည်းများကို ကုန်ကျစရိတ်နည်းနည်းဖြင့် ထုတ်လုပ်နိုင်ပြီး ထုတ်ကုန်များကို စားသုံးသူများအား ကုန်ကျစရိတ်ထက် စွဲဆောင်ရောင်းချနိုင်မည်ဟု ခန့်မှန်း တွက်ချက်နိုင်သည့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များမှာ ကြီးပွားပါလိမ့်မည်။ ထုတ်လုပ်စရိတ် သက်သာမှုလည်း မရှိ၊ အရင်းအမြစ်များကိုလည်း ဂယ်လိုအား နည်းသည့် ကုန်ပစ္စည်းများ ထုတ်လုပ်သည့် လုပ်ငန်း လုပ်ငန်းရှင်များမှာ အရှုံးနှင့် ရင်ဆိုင်ရမည်ဖြစ်ပြီး ငွေကြေးမပြေလည်မှုများ ဖြစ်ပေါ်လာမည်ဖြစ်သည်။

အမြတ်နှင့် အရှုံးများသည် လုပ်ငန်းရင်းနှီးမြှုပ်နှံမှုများကို စီးပွားရေး တိုးတက်မှု မြင့်တင်ပေး သည့် စီမံကိန်းများသို့ လမ်းညွှန်ပေးပြီး ရှားပါး အရင်းအမြစ်များ ဖြုန်းတီးသည့် ရွေးချယ်မှုများမှ လမ်းလွှဲပေးပါသည်။ ယင်းက အဓိကအရေးပါသည့် လုပ်ဆောင်ချက် ဖြစ်သည်။ ယင်း လုပ်ဆောင်ချက်ကို ဆောင်ရွက်ရန် ပျက်ကွက်သည့် စီးပွားရေးသည် စီးပွားရေး ရပ်တန့်ခြင်း သို့မဟုတ် အခြေအနေ ပိုမိုဆိုးရွားလာခြင်းကို သေချာလုနီးပါး ကြုံတွေ့ခံစားရမည် ဖြစ်သည်။

## ၈ သူတစ်ပါးကို ကူညီခြင်းသည် ဂင်ငွေရှာဖွေခြင်း ဖြစ်သည်။

ထုတ်လုပ်နိုင်မှုစွမ်းရည်၊ ကြိုက်နှစ်သက်မှုများ၊ အခွင့်အလမ်းများ၊ အထူးပြုကျွမ်းကျင်မှု၊ စွန့်စား လုပ်ကိုင်လိုစိတ်၊ ကံအကျိုးပေး စသည်တို့တွင် လူတစ်ဦးနှင့်တစ်ဦး များစွာ ခြားနားတတ်ကြသည်။ ယင်းခြားနားချက်များသည် လူတစ်ဦးချင်းစီ၏ ဂင်ငွေရရှိမှုအပေါ် သက်ရောက်မှုရှိသည်။

အကြောင်းမှာ ယင်းခြားနားမှုတို့မှ အခြားသူများကို ပံ့ပိုးပေးသော ကုန်စည်များနှင့် ဂန်ဆောင်မှုများ၏ တန်ဖိုးအား ပြောင်းလဲစေသောကြောင့် ဖြစ်သည်။

ဈေးကွက်စီးပွားရေးစနစ်တွင် ဂင်ငွေအမြောက်အမြား ရှာဖွေသူများသည် အခြားသူများ တန်ဖိုးထားသည့် အရာများစွာကို ပံ့ပိုးပေးသည်ဖြစ်သောကြောင့် ဖြစ်သည်။ အကယ်၍သာ ယင်းပုဂ္ဂိုလ်အသီးသီးတို့သည် စားသုံးသူများ တန်ဖိုးထားသည့် ကုန်စည်များ၊ ဂန်ဆောင်မှုများကို မဖန်တီးခဲ့သည်ရှိသော် စားသုံးသူများအနေဖြင့် ရက်ရောစွာ ဂယ်ယူသုံးစွဲကြမည် မဟုတ်ပေ။ ဤနေရာတွင် ကျင့်ဂတ်တစ်ခုရှိသည်။ ယင်းမှာ မိမိအနေဖြင့် ဂင်ငွေကောင်းကောင်းရလိုလျှင် အခြားသူများအား မည်သို့ အကောင်းဆုံးကူညီရမည်ကို နားလည်ထားရမည် ဖြစ်သည်။ တနည်းပြောရလျှင် မိမိက အခြားသူများကို မကူညီနိုင်လျှင် ကူညီလိုစိတ် မရှိလျှင် မိမိဂင်ငွေလည်း နည်းမည်ဖြစ်သည်။

အခြားသူများအား ကူညီမှုနှင့် ဂင်ငွေရရှိမှုတို့အကြား တိုက်ရိုက်ဆက်စပ်မှုရှိခြင်းသည် မိမိတို့ တစ်ဦးချင်း၏ ကျွမ်းကျင်မှု ရရှိ၍ အရည်အချင်း မြှင့်တင်ပြီး တန်ဖိုးရှိသော ကုန်စည်များနှင့် ဂန်ဆောင်မှုများ ပံ့ပိုးပေးရန် ကြီးမားသောဆွဲဆောင်မှုတစ်ခု ဖြစ်စေပါသည်။ ကော်လိပ်ကျောင်းသားများသည် ဆရာဂန်များ၊ ဓာတုပညာရှင်များ၊ စာရင်းကိုင်များ၊ အင်ဂျင်နီယာများ ဖြစ်လာရန် နာရီများစွာ စာကျက်ကြသည်၊ စိတ်ဖိစီးမှုများ ကြံ့ကြံ့ခံကြသည်၊ ကျောင်းစရိတ်များစွာ အကုန်ကကျခံကြသည်။ အချို့ပုဂ္ဂိုလ်များမှာ လျှပ်စစ်ပညာရှင်များ၊ ပြုပြင်ထိန်းသိမ်းရေး လုပ်သားများ သို့မဟုတ် ကွန်ပြူတာ ပရိုဂရမ်မာများ ဖြစ်လာစေရန် အထောက်အကူဖြစ်မည့် သင်တန်းနှင့် အတွေ့အကြုံများကို သင်ယူကြသည်။ အချို့ပုဂ္ဂိုလ်များမှာ လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်း၊ လုပ်ငန်းတစ်ရပ်ကို စတင်တည်ထောင်ခြင်းများ ပြုလုပ်ကြသည်။ အဘယ်ကြောင့် ယင်းသို့ အသီးသီး လုပ်ဆောင်နေကြပါသလဲ။

အချို့သောပုဂ္ဂိုလ်များမှာ မိမိတို့နေထိုင်ရာ ကမ္ဘာလောကကြီးကို တိုးတက်ကောင်းမွန်စေလိုသည့် စိတ်ဆန္ဒပြင်းပြမှုဖြင့် ဆောင်ရွက်ကြသည်။ လူပုဂ္ဂိုလ်တို့သည် ကမ္ဘာလောကကြီး တိုးတက်လာအောင် စိတ်မဂင်စားသည့်တိုင် ဂင်ငွေရရှိလိုမှုကြောင့် ကိုယ်ပိုင်ကျွမ်းကျင်မှုများကို မြှင့်တင်၍ အခြားသူများ အဖိုးတန်သည့် ကိစ္စရပ်များကို လုပ်ဆောင်ရန် ဆွဲဆောင်မှုရှိနေသည်။ *အခြားသူတို့ တန်ဖိုးထားသည့် ကုန်စည်များနှင့် ဂန်ဆောင်မှုများ ပံ့ပိုးခြင်းကြောင့် ဂင်ငွေကောင်းကောင်း ရရှိပါသည်။* ချမ်းသာကြွယ်ဂလိုသူများသည် အခြားသူများ လိုချင်သည့် အရာများအား အထူးအာရုံစိုက်နိုင်လျှင် အကျိုးရှိမည် ဖြစ်ပါသည်။

အချို့က ဂင်ငွေမြင့်မားသူများသည် အခြားသူများအပေါ် အမြတ်ထုတ်သူများ ဖြစ်ရမည်ဟု ထင်တတ်ကြသည်။ သို့သော် ဈေးကွက်တွင် ဂင်ငွေများများ ရှာဖွေနိုင်သူများသည် ယေဘုယျအားဖြင့် လူများစွာ၏ ကောင်းကျိုးကို ဆောင်ကြဉ်းပေးကြသူများဖြစ်သည်။ လူသန်းပေါင်းများစွာက အော်ပရာ

ဂင်းဖရေး၏ အစီအစဉ် ကြည့်ရှုရသည်ကို နှစ်သက်ကြသည်။ ထို့ကြောင့် သူမမှာဂင်ငွေ အမြောက်အမြား ရရှိနေသလို ကြော်ငြာများမှလည်း ဂင်ငွေရရှိသေးသည်။စီလိုင်းဒီယွန်ဆိုလျှင် သူမ၏ ဂီတအား လူများစွာ နားဆင်လိုသောကြောင့် ဒေါ်လာသန်းပေါင်းများစွာ ရှာဖွေနေသူ ဖြစ်သည်။ စွန့်ဦးတီထွင်လုပ်ငန်းရှင်များသည် သူတို့၏ထုတ်ကုန်များကို စားသုံးသူ သန်းပေါင်းများစွာ ဂယ်ယူ သုံးစွဲလာနိုင်စေခြင်းဖြင့်အောင်မြင်နေကြခြင်း ဖြစ်သည်။ဂေါမတ်တည်ထောင်သူ ဆမ်ဂေါတန်သည် များပြားလှသည့် ပစ္စည်းအမျိုးအမည်များကို မည်ကဲ့သို့ ထိရောက်စွာ စီမံရမည်၊ နာမည်ပေါက်ပြီးသား ကုန်ပစ္စည်းများကို ဈေးချိုချိုဖြင့် အမေရိကားရှိ မြို့ငယ်လေးများတွင် မည်သို့ရောင်းချရမည်ကို စဉ်းစားတီထွင်နိုင်ခဲ့သည့်အတွက် အမေရိကန်ပြည်ထောင်စုတွင် အချမ်းသာဆုံးပုဂ္ဂိုလ် ဖြစ်လာခဲ့သည်။ မိုက်ခရိုဆော့ တည်ထောင်သူနှင့် ဉက္ကဌ ဘီဂိတ်သည် ကွန်ပြူတာများ၏ စွမ်းရည်တိုးစေပြီး လိုက်ဖက်မည့် ကုန်ပစ္စည်းများကို ထုတ်လုပ်ခဲ့သည့်အတွက် ဖို့ဘ်မဂ္ဂဇင်းမှ သတ်မှတ်သော ထိပ်တန်းချမ်းသာသူများ ၄ဂဂ စာရင်းတွင် ထိပ်ဆုံးသို့ ရောက်ရှိခဲ့ခြင်း ဖြစ်သည်။ ဂေါတန် သို့မဟုတ် ဘီဂိတ်ကို မကြားဖူးသည့် သန်းပေါင်းများစွာသော စားသုံးသူများပင်လျှင် သူတို့၏ ဉာဏပစ္စည်းများနှင့်နှင့် ချိုသာသောကုန်ပစ္စည်းများမှ အကျိုးကျေးဇူးများ ခံစားကြရသည်။ ဂေါတန် နှင့် ဘီဂိတ်တို့သည် လူသန်းပေါင်းများစွာကို ကူညီခဲ့သည့်အတွက်ငွေကြေးအမြောက်အများ ရှာဖွေနိုင်ခဲ့ကြသည်။

**၉** လူတို့အတွက် အသုံးဂင်သော ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် ဂန်ဆောင်မှုများ ပေးခြင်းသည် အလုပ်အကိုင်ဖန်တီးပေးရုံ သက်သက်မဟုတ်ပဲ လူနေမှုအဆင့်အတန်းကို မြင့်မားစေသည့် အကြောင်းရင်း ဖြစ်သည်။

ထုတ်လုပ်မှုအားလုံး၏ အဓိကရည်ရွယ်ချက်မှာ သုံးစွဲဖို့၊ စားသုံးဖို့ ဖြစ်ပြီး ထုတ်လုပ်သူတို့သည် စားသုံးသူများ၏ လိုအပ်ချက်များကိုသာ အာရုံစိုက်၍ ဖြည့်ဆည်းပေးသင့်သည်။[၄]

-- အဒမ်စမစ် (၁၇၇၆)

လွန်ခဲ့သည့် နှစ်ပေါင်း ၂၃ဂ ကျော်က အဒမ်စမစ် ပြောဆိုသွားခဲ့သည့်အတိုင်း စားသုံးခြင်း ဆိုသည်မှာ ကုန်ထုတ်လုပ်မှုအားလုံး၏ ရည်မှန်းချက်ဖြစ်သည်။ သို့သော် ကုန်စည်များနှင့် ဂန်ဆောင်မှုများ ဆိုသည်ကလည်း ၎င်းတို့ကို ထုတ်လုပ်မှုမရှိသ၍ စားသုံးခြင်း မပြုနိုင်ပါ။ ထို့ပြင် အများတန်ဖိုး

ထားသည့် ကုန်စည်နှင့်ဝန်ဆောင်မှုများ ရရှိနိုင်ရေး တိုးမြှင့်ဆောင်ရွက်ခြင်းမရှိဘဲ ဝင်ငွေနှင့် လူနေမှုအဆင့်အတန်းများလည်း မမြင့်မားနိုင်ချေ။

အများတန်ဖိုးထားသည့် အခြေခံကုန်စည်များ ဖျက်ဆီးခြင်းသည် လူ့အဖွဲ့အစည်းတစ်ခု အတွက် အခြေအနေ ပိုမိုဆိုးရွားသွားစေသည်။ ယင်းကို သီးခြားဖော်ပြရန် မလိုလောက်အောင်ပင် သိသာထင်ရှားသည့် ယူဆချက်ဖြစ်သည်။ သို့သော် တလွဲဆံပင်ကောင်းနေသည့် နိုင်ငံရေးသမားတို့က မကြာခဏဆိုသလို ဤလမ်းစဉ်သို့ လိုက်လေ့ရှိသည်။ ၁၉၃၃ ခုနှစ်တွင် စိုက်ပျိုးရေး ထွက်ကုန်များ ဈေးကွက်သို့ရောက်ရှိမှု လျော့ချရန်နှင့် ဈေးနှုန်းကျဆင်းခြင်းမှ တားဆီးရန် ကြိုးပမ်းသည့်အနေဖြင့် ကွန်ဂရက်လွှတ်တော်က စိုက်ပျိုးရေးဆိုင်ရာ ပြင်ဆင်ချက် အက်ဥပဒေ (Agricultural Adjustment Act -- AAA) ကို ပြဋ္ဌာန်းခဲ့သည်။ အဆိုပါဥပဒေအသစ် အရ ဗဟိုအစိုးရသည် လယ်သမားများအား ဂျုံ၊ ပြောင်းနှံများ၊ ဂျုံနှင့် အခြား ကောက်ပဲ သီးနှံများ လျော့နည်းစိုက်ပျိုးစေရန် ရည်ရွယ်သည့် ထောက်ပံ့မှုမျိုး ပေးခဲ့သည်။ အာလူး စိုက်ပျိုးသူများကို သူတို့အာလူးများ ပက်ဖျန်းရန် ဆိုးဆေးပါသည့် အရည်များ ပေးသည်။ ထိုအခါ အာလူးများသည် လူတို့ စားသုံးရန် မသင့်တော်တော့ချေ။ ကျန်းမာ သန်စွမ်းသည့် ကျွဲနွားများ၊ သိုးများ၊ ဝက်များကိုလည်း ဈေးကွက်အတွင်းသို့ မရောက်ရှိစေရန် အစုလိုက် အပြုံလိုက် သတ်ဖြတ်ခဲ့ပြီး မြေမြှုပ်စေခဲ့သည်။ ၁၉၃၃ ခုနှစ် တစ်နှစ်တည်းမှာပင် ယင်း AAA ဥပဒေအရ ဝက်သားပေါက် ၆ သန်းခန့် သတ်ဖြတ်ခြင်း ခံခဲ့ရသည်။ ၁၉၃၆ ခုနှစ်တွင်တော့ အမြင့်ဆုံး တရားရုံးက ယင်းဥပဒေကို အခြေခံဥပဒေတွင် အကြုံးမဝင်တော့ကြောင်း ကြေငြာခဲ့သော်လည်း ထိုအချိန်တွင် အမေရိကန်စားသုံးသူများထံမှ စိုက်ပျိုးရေးထွက်ကုန်သန်းပေါင်းများစွာ လက်လွတ် ဆုံးရှုံးပြီး ဖြစ်သည်။ ထို့ပြင် ယင်းဥပဒေကို ပြင်ဆင်ပြီးသည့်တိုင် အစိုးရသည် လယ်သမားများ ပေါင်းစုံတို့ကို ထုတ်လုပ်မှု ကန့်သတ်ရန်အတွက် ပေးဆောင်သည့်ပုံစံမျိုး ဆက်လက် လုပ်ဆောင်ခဲ့သည်။ မူဝါဒများမှ အကျိုးအမြတ် ရရှိသူတို့၏ နိုင်ငံရေး လိုလားချက်တို့ကို နားလည်ရ လွယ်သော်လည်း ယင်းအစီအစဉ်များသည် အဖိုးတန် အရင်းအမြစ်များအား ပျက်စီးစေပြီး နိုင်ငံကို ပိုမိုဆင်းရဲစေပါသည်။

၂၀၀၉ ခုနှစ် ကားအိုကားဟောင်းများအတွက် ငွေကြေးအစီအစဉ်ကလည်း (Cash for Clunkers) တန်ဖိုးရှိသေးသော အသုံးပြုပြီး ကားများကို ဖျက်ဆီးခြင်းဖြင့် ကြွယ်ဝမှုကို မြှင့်တင်ရန် ကြိုးပမ်းလိုသည့် နိုင်ငံရေးသမားများအကြောင်း အခြားဥပမာတစ်ခု ဖြစ်ပြန်သည်။ ငွေကြေးအစီအစဉ် အရ ကားအိုကားဟောင်းများအား ဖျက်စီးပစ်ရမည်ဖြစ်သဖြင့် ကားအရောင်းစင်တာများသည် ကားသစ်နှင့်အလဲအထပ်လုပ်ထားသော ကားဟောင်းတစ်စီးအတွက် ဒေါ်လာ ၃၅၀၀ နှင့် ၄၅၀၀ ရရှိခဲ့ကြသည်။ ကားအရောင်းစင်တာများက ကားအင်ဂျင်များကို ဆိုဒီယမ်ဆီလီကိတ် ပျော်ရည်ဖြင့် ဖျက်ဆီးပစ်ရန် လိုအပ်ပြီး ထို့နောက် တစ်စစီဖျက်စီးကာ ကားသင်္ချိုင်းသို့ ပို့ဆောင်ရသည်။ ထိုသို့ ဖျက်ဆီးရခြင်းမှာ ကားပစ္စည်းအပိုင်းအစများကို ပြန်လည်အသုံးမပြုနိုင်စေရန် ဖြစ်သည်။ ဤအစီအစဉ် အပေါ် ထောက်ခံသူများက လူများအား ကားအသစ်ဝယ်စီးလာအောင် ဆွဲဆောင်နိုင်မည်

ဖြစ်သောကြောင့် စီးပွားရေးပြန်လည်ဦးမော့လာမည်ဟု ရပ်တည်ပြောဆိုကြသည်။ သို့သော် စားသုံးသူအတွက်မူ ကားသစ်တစ်စီးဝယ်ရသည့်အတွက် အခြားသောကုန်စည်များအား ဝယ်ယူသုံးစွဲခြင်း မပြုနိုင်တော့ချေ။ ထို့ကြောင့် အဆိုပါအစီအစဉ်က မော်တော်ကားများ ဝယ်ယူမှုကို ယာယီသာ လှုံ့ဆော်ပေးနိုင်ကာ အခြားကိစ္စရပ်များတွင် သုံးစွဲမှုများ ကျဆင်းသွားစေသည်။ အဓိကအားဖြင့် ဒေါ်လာ ၂ ဘီလျံတန်ဖိုးရှိ ကားဟောင်းအစီးရေ ၇၀၀၀၀၀ နီးပါး ဖျက်စီးခံခဲ့ရပြီး ကားသစ်များ ဝယ်ယူမှုအတွက် ထောက်ပံ့ကြေးများပေးသည့်အတွက် ဒေါ်လာ ၃ ဘီလျံမျှသော ပြည်သူတို့၏ အခွန်ဆုံးရှုံးသွားရသည်။ အစီအစဉ်သက်တမ်းကုန်ဆုံးချိန်တွင် ကားသစ်ရောင်းအား ထိုးကျသွားပြီး ကားဟောင်းများမှာလည်း ဈေးကွက်တွင် နည်းပါးလာသောကြောင့် ပိုမိုဈေးကြီးလာခဲ့သည်။

မော်တော်ကားများ ဖျက်ဆီးခြင်းသည် အကြံဉာဏ်ကောင်း ဖြစ်ပါသည်ဆိုလျှင် ကားပိုင်ရှင်များ အနေဖြင့်လည်း သူတို့၏ ကိုယ်ပိုင်ကားများကို နစ်စဉ် ဖျက်ဆီးမသင့်ပေဖူးလား။ ယင်းကြောင့် ဖြစ်ပေါ်မည့် ကားသစ်ရောင်းအားကို တွေးတောကြည့်ပါ။ အဆိုပါရပ်တည်ချက်များမှာ အပေါ်စား ဘောဂဗေဒတစ်ရပ်သာ ဖြစ်သည်။ ကုန်ထုတ်လုပ်သူများသည် သူတို့၏ ထုတ်ကုန်တစ်မျိုးမျိုးကို ရှားပါးအောင် လုပ်ဆောင်ခြင်းဖြင့် အကျိုးအမြတ် တစုံတရာ ရှိကောင်းရှိနိုင်ပါသည်။ သို့သော် ဈေးကွက်တွင်ရှိသော စားသုံးမှုအတွက် တန်ဖိုးလက်ကျန် ရှိနေသေးသည့် ကုန်ပစ္စည်းများအား ဖျက်ဆီးခြင်းဖြင့် လူထုတစ်ရပ်လုံးအတွက် အခြေအနေ ပိုကောင်းလာမည် မဟုတ်ပေ။

ပိုမိုသိမ်မွေ့သည့် ဖျက်ဆီးမှုပုံစံတစ်ခုမှာ ကုန်စည်အမျိုးမျိုးတို့အတွက် လက်လွှတ်လိုက်ရသည့် အရာများ၊ အခွင့်အလမ်း ဆုံးရှုံးမှုများကို များစေသည့် အစိုးရလုပ်ဆောင်ချက်များ ဖြစ်သည်။ ဥပမာ ဓာတ်ဆီကဲ့သို့ စွမ်းအင်မျိုးထက် တစ်ဂါလံလျှင် ၁.၅ ဒေါ်လာ ပိုမိုကုန်ကျသည့် အီသနော ထုတ်လုပ်ရေးတွင် ဗဟိုအစိုးရက ငွေကြေးထောက်ပံ့ခြင်း ဖြစ်သည်။ ယင်းသို့ ထောက်ပံ့မှုများကြောင့် စွမ်းအင် ရရှိရေးအတွက် ကုန်ကျမှုများ မြင့်တက်လာပြီး သဘာဝပတ်ဝန်းကျင်အပေါ်တွင်လည်း အပျက်သဘော သက်ရောက်မှု ဖြစ်စေသည်ဟု အများစုကလည်း ယုံကြည်နေကြသည်။ သို့သော် သမ္မတရွေးကောက်ပွဲတွင် အခရာကျသည့် အိုင်အိုဝါးပြည်နယ်ရှိ ပြောင်းဖူးစိုက်ပျိုးသူများကို အထောက်အပံ့ခဲ့ပြီး ယခုအခါ ယင်းဥပဒေအား ပြန်လည်ရုပ်သိမ်းရန် ခက်ခဲလျက် ရှိသည်။

နိုင်ငံရေးသမားများနှင့် စီမံကိန်းများအပေါ် ထောက်ခံသူများစွာက ထိုသို့သုံးစွဲသည့် အစီအစဉ်များကြောင့် ဖန်တီးပေးသည့် အလုပ်အကိုင်များအကြောင်း အထူးဂုဏ်ယူဝင့်ကြွားစွာ ပြောဆိုလိုကြပြီး ယင်းအစီအစဉ်များ၏ အကျိုးများပုံကို အရှက်သိက္ခာကင်းမဲ့စွာ ချဲ့ကားပြောဆိုတတ်ကြသည်။ ယင်းသို့ အဓိပ္ပါယ်ကောက်ယူ လွဲမှားခြင်းများ နေရာတကာတွင် တွေ့နေရ၍ နိုင်ငံရေး နယ်ပယ်တွင် ဘောဂဗေဒ အသိအမြင် ရှိလာအောင် ပညာပေးရန်မှာ အထူးအရေးပါသည်။ အလုပ်အကိုင် ဖန်တီးမှုကို ဓနဉစ္စာဖန်တီးသည့် နည်းလမ်းအဖြစ် မကြာခဏ အသုံးချပြောဆိုနေကြသော်လည်း စီးပွားရေးသာယာဝပြောမှု ဖြစ်ပေါ်စေသည်မှာ အလုပ်အကိုင်

ပိုမိုများပြားခြင်းသက်သက်ကြောင့် မဟုတ်ဘဲ အများတန်ဖိုးထားသည့် ကုန်စည်များနှင့် ဝန်ဆောင်မှုများ ထုတ်လုပ်ပေးနိုင်သည့် အလုပ်အကိုင်များ ဖန်တီးပေးရမည် ဖြစ်ကြောင်း သိထားရန် လိုအပ်ပါသည်။ ယင်းအခြေခံအချက်ကို မေ့ထားပါက ခနေဖန်တီးရေးထက် ကျဆင်းမှုကိုသာ ဖြစ်စေသည့် အစီအစဉ်များကို အများက လက်ခံမိလျက်သား ဖြစ်သွားတတ်သည်။

အလုပ်အကိုင်များအပေါ် အသားပေးခြင်းသည် အလွန်အမင်း လမ်းလွဲလိုက်စေနိုင်သည်။ တရုတ်နိုင်ငံရောက် အင်ဂျင်နီယာတစ်ဦး၏ ဇာတ်လမ်းတစ်ကွက်က ဤအချက်ကို ထောက်ပြလျက်ရှိသည်။ ၎င်းအင်ဂျင်နီယာသည် တရုတ်နိုင်ငံသို့ ရောက်စဉ် ပေါက်ပြား၊ ပေါက်တူးများဖြင့် ဆည်တစ်ခု တည်ဆောက်နေသည့် လုပ်သားအများအပြားကို မြင်တွေ့လိုက်ရသည်။ မြေကော်စက်ယန္တရားများကို လုပ်သားများအား ပံ့ပိုးပေးပါက လများစွာ ကြာမြင့်မည့်အလုပ်ကို ရက်အနည်းငယ်အတွင်း ပြီးစီးနိုင်ကြောင်း အင်ဂျင်နီယာက လုပ်ငန်းခွင်ကြီးကြပ်သူအား ထောက်ပြပြောဆိုလိုက်သည်။ ထိုအခါ ကြီးကြပ်သူက ယင်းသို့ ကိရိယာအသုံးပြုလျှင် အလုပ်အကိုင်များစွာ ဖျက်ဆီးပစ်ရာ ရောက်လိမ့်မည်ဟု ဆိုသည်။ အင်ဂျင်နီယာလည်း "အိုး…။ ကျွန်တော်က ခင်ဗျားကို ဆည်တည်ဆောက်နေတယ်လို့ မှတ်နေတာ။ လက်စသတ်တော့ အလုပ်အကိုင်များများ ဖန်တီးချင်နေတာကိုး။ ဒါဆို ခင်ဗျားလူတွေကို တူရွင်း၊ ပေါက်ပြားတွေအစား ဇွန်း၊ ခရင်းတွေ သုံးပြီး မြေကော်ခိုင်းလိုက်ပါလား။"

အစိုးရသုံးစွဲမှုကြောင့် အလုပ်အကိုင်များ ဖန်တီးပေးပါသလား။ ဤမေးခွန်းအတွက် အဖြေ စဉ်းစားသည့်အခါ အောက်ပါ အချက်နှစ်ခုကို သုံးသပ်ကြည့်လိုက်ပါ။ ပထမအချက်အနေဖြင့် သုံးစွဲမှုအတွက် ငွေကြေးများကို ပုဂ္ဂလိကကဏ္ဍမှ အခွန်ကောက်ခြင်း သို့မဟုတ် ချေးငှားခြင်းမှ ရရှိသည် ဖြစ်မည်။ ထိုအခါ အခွန် သို့မဟုတ် အတိုးနှုန်း မြင့်မားလာမည် ဖြစ်ပြီး ပုဂ္ဂလိကကဏ္ဍအလုပ်အကိုင် ခန့်အပ်မှုကို ကျဆင်းစေမည် ဖြစ်သည်။ ပုဂ္ဂလိကပိုင်း အလုပ်အကိုင်ခန့်ထားမှု ကျဆင်းခြင်းသည် အစိုးရဖန်တီးပေးလိုက်သည့် အလုပ်အကိုင်များနှင့် ဘဲစားဘဲကြေ ဖြစ်သွားလိမ့်မည်။

ဒုတိယအချက်မှာ အစိုးရသုံးစွဲမှု ကိုယ်၌သည်ပင် ပုဂ္ဂလိကသုံးစွဲမှုနှင့် အလုပ်အကိုင်ခန့်ထားမှုကို ဘေးရောက်စေတတ်သည်။ အစိုးရက ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပရဟိတ လုပ်ငန်းများ စသည်တို့တွင် ပိုမိုသုံးစွဲသည့်အခါ အိမ်ထောင်စုများနှင့် လုပ်ငန်းများတွင် သုံးစွဲမှု လျော့နည်းလာသည်။ အလားတူ အစိုးရက ဥပမာအားဖြင့် General Motors၊ Chrysler၊ Citygroup သို့မဟုတ် လေအားနှင့် ဆိုလာစွမ်းအင်ထုတ်လုပ်သူများကဲ့သို့သော လုပ်ငန်းများအတွက် ထောက်ပံ့မှုများ လုပ်ဆောင်သည့် အခါ ငွေကြေးထောက်ပံ့မှုရသည့် လုပ်ငန်းတစ်ချို့အား ငွေကြေးထောက်ပံ့ပေးပါက အဆိုပါလုပ်ငန်းများမှာ ပိုမိုကြီးထွားလာမည် ဖြစ်သော်လည်း ပြိုင်ဘက်လုပ်ငန်းများမှာမူ

ဈေးကွက်ဝေစုများ ဆုံးရှုံးသွားပြီး အလုပ်အကိုင်ခန့်ထားမှု လျော့ကျသွားမည်။ တစ်ဖန် ကဏ္ဍတစ်ခုတွင် အစိုးရသုံးစွဲမှု တိုးမြှင့်ခြင်းကြောင့် အခြားကဏ္ဍများတွင် အလုပ်အကိုင်ခန့်ထားမှု ကျဆင်းခြင်းကို ဖြစ်စေတတ်သည်။

အစိုးရသုံးစွဲမှုဖြင့် ကျားကန်သည့် လုပ်ငန်းများတွင် အလုပ်အကိုင်ခန့်ထားမှုကို အလွယ်တကူ မြင်နိုင်သော်လည်း အခွန်မြင့်မားလာခြင်းကြောင့် အလုပ်အကိုင် လျော့နည်းလာခြင်း၊ အစိုးရချေးငှားမှု တိုးမြှင့်လာခြင်း၊ ထောက်ပံ့ကြေးမရသည့် လုပ်ငန်းများမှ ထုတ်ကုန်များအပေါ် ဂယ်လိုအား ကျဆင်းခြင်းတို့မှာမူ မမြင်လွယ်ပေ။ ထို့ကြောင့်လည်း ထောက်ပံ့ပေးမှုနှင့် ပတ်သက်၍ ယူဆချက်လွဲမှားမှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်နေခြင်း ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ တဖက်တွင် အလုပ်အကိုင် ကျဆင်းသွားသည်မှာ အမှန်ဖြစ်သည်။

ဘုရှ်နှင့် အိုဘားမားအစိုးရတို့ လက်ထက်တွင် စီးပွားရေး ဦးမော့လာရန် ရည်ရွယ်သည့် အစိုးရ၏ သုံးစွဲမှုကြောင့် အလုပ်အကိုင် သန်းပေါင်းများစွာ ဖန်တီးခဲ့ပုံ၊ ထိန်းထားနိုင်ခဲ့ပုံကို သတိရကြည့်ပါ။ သို့သော် အဆိုပါအစီအစဉ်များသည် ၂၀၀၈-၂၀၀၉ အတွင်း ဒေါ်လာဘီလျံရာချီ သုံးစွဲခဲ့သော်လည်း အလုပ်အကိုင်ခန့်အပ်မှုမှာ ကျဆင်းသွားပြီး အလုပ်လက်မဲ့နှုန်း မြင့်တက်လာခဲ့သည်။ ဘာ့ကြောင့် ထိုသို့ ဖြစ်ရသလဲ။ အဖြေက ရှင်းပါသည်။ အစိုးရက ပိုမိုသုံးစွဲသည့်အခါ ပုဂ္ဂလိကသုံးစွဲမှုမှာ နေးကွေးလာပြီး အသားတင် အလုပ်အကိုင်ဖွံ့ဖြိုးမှုမှာ မကြီးထွားလာပေ။ အမှန်တွင် ယင်းအစီအစဉ်များက မသေချာ၊ မရေရာမှုများ ဖြစ်ပေါ်စေကာ အခြေအနေကိုပင် ပိုမိုဆိုးရွားလာစေခဲ့သည်။

ယင်းသို့သော အစီအစဉ်များကို ထောက်ခံသည့် နိုင်ငံရေးသမားများနှင့် အစိုးရသုံးစွဲမှုမှ အကျိုးရသူများကမူ ပုဂ္ဂလိကကဏ္ဍ အလုပ်အကိုင်များ တဖက်တွင် ကျဆင်းစေမည်ကို ပြောကြမည် မဟုတ်ပေ။ ထို့ပြင် မိမိသဘောဆန္ဒအရ လွတ်လပ်စွာ ရောင်းဂယ်ဖောက်ကားခြင်း၊ စစ်မှန်သည့် ဈေးကွက် အချက်ပြမှုများနှင့် မက်လုံးများ၊ အစီအစဉ်ကြောင့် ထိခိုက်နေရသူတို့၏ ဆုံးဖြတ်ချက်များကို ကြည့်ခြင်းအားဖြင့် အစီအစဉ်၊ စီမံကိန်းများဖြင့် အစိုးရဖန်တီးသည့် အလုပ်အကိုင်များသည် ပုဂ္ဂလိကကဏ္ဍများတွင် အလုပ်အကိုင် လျော့နည်းသွားစေသည့်အတွက် အကျိုးဖြစ်ထွန်းမှုမရှိသလောက်ပင် ဖြစ်သည်။

လူ့အဖွဲ့အစည်းတစ်ခုသည် ဖွံ့ဖြိုးသင့်သလောက် ဖွံ့ဖြိုးလာရန်အတွက် ကုန်ကျစရိတ်ထက် ထုတ်ကုန်တန်ဖိုးပိုများစေမည့် ကုန်စည်နှင့် ဂန်ဆောင်မှုများ ထုတ်လုပ်ရာတွင် အရင်းအမြစ်များ အသုံးပြုရမည်ဖြစ်သည်။ အစောပိုင်းက ဆွေးနွေးခဲ့သည့်အတိုင်း အရင်းအမြစ်များကို ဈေးကွက်များက ခွဲဝေသုံးစွဲသည့်အခါ အမြတ်များနှင့် ဆုံးရှုံးမှုများက အရင်းအမြစ်များ အကျိုးရှိရှိ ခွဲဝေအသုံးချမှုကို လုပ်ဆောင်သွားသည်။ နိုင်ငံရေး လုပ်ငန်းစဉ်တွင်မူ အရင်းအမြစ်များကို အကျိုးရှိသည့်ဘက်သို့ တွန်းပို့ပြီး အကျိုးနည်းမည့် စီမံကိန်းများသို့ မရောက်ရှိစေရန် အမြတ်၊ အရှုံးများကဲ့သို့

အရင်းအမြစ်များအား ခွဲဝေပေးနိုင်သည့် နည်းလမ်းမရှိပေ။ ပိုဆိုးသည်က အစိုးရများက အခြားသူများ၏ ကုန်ကျငွေများဖြင့် မျက်နှာသာပေးသည့် အလုပ်ကို များစွာလုပ်ဆောင်လာသည့်အခါ အရင်းအမြစ်များကို အကျိုးဖြစ်ထွန်းစေသည့် လုပ်ငန်းများမှ လမ်းလွဲသွားပြီး စည်းရုံးဆွဲဆောင်သည့် ဘက်သို့သာ လိုက်သွားတော့သည်။

စီးပွားရေးလုပ်ငန်းများ၊ အလုပ်သမားသမဂ္ဂများနှင့် အခြားသော အင်အားကောင်းသည့် အုပ်စုများထံမှ နိုင်ငံရေးထောက်ခံမှု ရရှိရန်အတွက် ထောက်ပံ့ကြေးများ၊ တနည်းနည်းဖြင့် ထောက်ပံ့မှုများသည် အခွန်များကို မြှန်းတီးသည့် အစိုးရ၏ ပင်မလုပ်ဆောင်ချက် တစ်ခု ဖြစ်လာသည်။ နီးစပ်သူများအား မျက်နှာသာပေးသည့် အရင်းစနစ် (ခရိုနီအရင်းစနစ်) သည် မိမိတို့၏ ဂင်ငွေအဆင့်အတန်းများကို ကျဆင်းစေသည်သာမဟုတ်၊ နိုင်ငံရေး လုပ်ငန်းစဉ်ကိုလည်း အကျင့်ပျက်စေသည်။ စီးပွားရေးလုပ်ငန်းများနှင့် အခြားကိုယ်ကျိုးရှာ အဖွဲ့များသည် ဂါရှင်တန်ဒီစီတွင် ရုံးများ ဆက်လက် ဖွင့်လှစ်လာကြပြီး အရင်းအမြစ်များသည်လည်း လက်တစ်ဆုပ်စာ ကိုယ်ကျိုးအတွက် ပြည်သူ့ဘဏ္ဍာငွေများကို နှိုက်ယူသည့်အဖြစ်သို့ ပိုမိုရောက်ရှိလာသည်။ ထို့ပြင် ယင်းကြောင့် သာမန် အမေရိကန်များ၏ လူနေမှုအဆင့် အတန်းများကို နိမ့်ကျစေသကဲ့သို့ အမြတ်ထုတ်သူတို့မှာလည်း ပိုမိုကောင်းစားလာကြသည်။ ဂါရှင်တန် အနီးရှိ မြို့နယ်များသည် ယခုအခါ အမေရိကန်နိုင်ငံ၏ ဂင်ငွေအမြင့်ဆုံးအဆင့်တွင် ရှိလာသည်မှာ တိုက်ဆိုင်မှု မဟုတ်ပေ။

အခြေခံအကျဆုံးအချက်မှာ စားသုံးမှုသည် စီးပွားရေးလုပ်ဆောင်ချက်အားလုံး၏ အန္တိမရည်မှန်းချက် ဖြစ်သောကြောင့် ကုန်စည်နှင့် ဂန်ဆောင်မှုများကို မသုံးစွဲခင် ထုတ်လုပ်ရပေမည်။ အစီအစဉ်များ၊ စီမံချက်များသည် (၁) ကုန်စည်များကို ဖျက်ဆီးသည် (၂) စားသုံးသူများထံ ရောက်ရှိသည့် တန်ဖိုးထက် ပိုမိုကုန်ကျစေသည့် စီမံကိန်းများတွင် အရင်းအမြစ်များကို အချည်းနှီးသုံးစွဲသည် (၃) လူသားများ၊ လုပ်ငန်းများ၊ အထူးစီးပွားရေး အုပ်စုများ အကျိုးအတွက် အခြားသော အခွန်ထမ်းသူများ၏ အခွန်များကို သုံးစွဲသည့်အခါ ကုန်ထုတ်လုပ်မှုနှင့် စားသုံးမှုတို့ ၂ မျိုးစလုံး ကျဆင်းစေလာပြီး လူ့အဖွဲ့အစည်းတစ်ခုလုံးကို ထိခိုက်နစ်နာစေပါသည်။ အပိုင်း ၃ တွင် နိုင်ငံရေးလုပ်ငန်းစဉ်များကို ဆန်းစစ်ကြည့်သည့်အခါတွင် ဤပြဿနာကို အသေးစိတ်ပိုမို နားလည်လာပါလိမ့်မည်။

| | |
|---|---|
| ၁၀ | ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ လုပ်နည်းလုပ်ဟန်ကောင်းများနှင့် မှန်ကန်သည့် စီးပွားရေး စည်းမျဉ်း၊ စနစ်များကြောင့် စီးပွားရေး ဖြစ်ထွန်းတိုးတက်လာခြင်း ဖြစ်သည်။ |

ယနေ့ခေတ်တွင် အမေရိကန်တို့သည် ၁၇၅၀ ခုနှစ်က တစ်ဦးချင်း ထုတ်လုပ်မှုထက် အဆပေါင်း ၃၀ နီးပါး ထုတ်လုပ်ရာဖွေနိုင်ကြသည်ကို အခြေခံ ဘောဂဗေဒဘာသာရပ်သင်ခန်းစာ၏ ပထမနေ့တွင် ကျောင်းသားများအား ပြောကြားလေ့ရှိသည်။ ထို့နောက် ဆက်လက်၍ ကျောင်းသားများ၏ အမြင်ကို ထပ်မေးပါသည်။ "ယနေ့ခေတ် အမေရိကန်တို့က လွန်ခဲ့သည့် နှစ် ၂၅၀ ခန့်ကထက် ဘာ့ကြောင့်များ ပိုမို ထုတ်လုပ်လာနိုင်သလဲ" ဆိုသည့် မေးခွန်းဖြစ်ပါသည်။ ခဏလောက် စဉ်းစားကြည့်ပါ။ အဲဒီမေးခွန်းအား သင့်အနေဖြင့် မည်ကဲ့သို့ ဖြေဆိုပါမလဲ။

ကျောင်းသားများအကြားတွင် တူညီသော အကြောင်းရင်း ၃ ခုကိုသာ ဖြေဆိုကြလေ့ရှိသည်။ ပထမအချက်မှာ ယနေ့ခေတ် သိပ္ပံပညာနှင့် နည်းပညာစွမ်းပကားတို့သည် ၁၇၅၀ ခုနှစ်တွင် အမေရိကန်တို့ စိတ်ကူးယဉ်ခဲ့သည်ထက် များစွာရှေ့ရောက်ခဲ့သည်။ ဒုတိယအချက်မှာ ကျွန်တော်တို့တွင် အံ့မခန်းရှိလှသည့် စက်ယန္တရားများနှင့် စက်ရုံများ၊ အပျံစားလမ်းများနှင့် နေရာတကာချိတ်ဆက်နိုင်သည့် ဆက်သွယ်ရေးစနစ်များ ရှိလာခဲ့သည်။ နောက်ဆုံးအချက်မှာ ၁၇၅၀ ခုနှစ်တွင် တစ်ဦးချင်းအလိုက်၊ မိသားစုအလိုက် သုံးစွဲမည့် ပစ္စည်းတော်တော်များများမှာ ကိုယ်တိုင်ကိုယ်ကျ ထုတ်လုပ်ခဲ့ကြသည်။ ယနေ့ခေတ်တွင် အခြားထုတ်လုပ်ရောင်းချသူများထံမှ အလွယ်တကူ ဝယ်ယူကြလေသည်။

အခြေခံအားဖြင့် ကျောင်းသားများတွင် ဘောဂဗေဒ သဘောတရား နည်းနည်းလောက်သာ သိထားမည်။ သို့မဟုတ် လုံးဝမသိသေးပေ။ သို့တိုင်အောင် ကျောင်းသားများသည် အဖြေမှန်ကို ပေးနိုင်ကြသည်။ သူတို့သည် နည်းပညာ၊ အရင်းအနှီးနှင့် ကုန်သွယ်ရေးတို့၏ အရေးပါပုံကို သဘော ပေါက်ထားကြသည်။ သူတို့၏ အဖြေများသည် မိမိတို့အမြင်ဖြစ်သည့် ဘောဂဗေဒဆိုသည်မှာ "လူတိုင်း သိမြင်နိုင်သော သိပ္ပံပညာ" ("science of common sense) ဖြစ်သည်ဆိုသည့် အချက်ကို ခိုင်မာစေသည်။ ကုန်သွယ်ရေးမှ ရရှိသည့် အကျိုးအမြတ်များနှင့် ရောင်းဝယ်မှုဆိုင်ရာ စရိတ်စက (transaction costs)များကို လျော့ချပေးနိုင်ခြင်းသည် စီးပွားရေးတိုးတက်မှု၏ အကြောင်းရင်းများ ဖြစ်သည်ကို အသားပေး ဖော်ပြခဲ့ပြီး ဖြစ်သည်။ စီးပွားရေးသုံးသပ်လေ့လာခြင်းမှ စီးပွားရေး တိုးတက်စေသည့် နောက်ထပ် အချက် (၃) ချက်ကို ထောက်ပြခဲ့သည်။ ယင်းတို့မှာ လူအရင်းအမြစ်နှင့် စက်ယန္တရားများတွင် ရင်းနှီးမြှုပ်နှံခြင်း၊ နည်းပညာများ တိုးတက်အောင် ဆောင်ရွက်ခြင်းနှင့် စီးပွားရေး အဖွဲ့အစည်းများ၏ တိုးတက်ကောင်းမွန်လာခြင်း စသည်တို့ဖြစ်သည်။

***ပထမ- အကျိုးဖြစ်ထွန်းစေမည့် ပစ္စည်းများ (ဥပမာ-ကိရိယာများနှင့် စက်ယန္တရားများ)နှင့် လုပ်သား ကျွမ်းကျင်မှု ("လူ့စွမ်းအားအရင်းအနှီး")များတွင် ရင်းနှီးမြှုပ်နှံခြင်းသည် မိမိတို့၏ ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ ထုတ်လုပ်မှုစွမ်းအားကို မြှင့်တက်စေသည်။*** ယင်းရင်းနှီးမြှုပ်နှံမှု ၂ မျိုးသည်လည်း ဆက်စပ်မှုရှိပါသည်။ လုပ်သားများသည် စက်ယန္တရားကောင်းများ သုံးစွဲရလျှင် ပိုမိုထုတ်လုပ်နိုင်စွမ်း ရှိသည်။ သစ်ခုတ်သူတစ်ဦးသည် လက်ချည်းသက်သက် လွှများအသုံးပြု ဖြတ်တောက်နေရသည်နှင့် စာလျှင် မော်တာတပ်ဆင်ထားသည့် သံကြိုးလွှဖြင့် လုပ်ကိုင်ရသည်က ပိုမိုအလုပ်

တွင်ကျယ်နိုင်ပါသည်။ ထိုနည်းတူစွာပင် သယ်ယူပို့ဆောင်ရေး လုပ်သားတစ်ဦးသည် မြည်းလှည်းနှင့် ယှဉ်လျှင် ကုန်တင်ကား သုံးစွဲပါက ကုန်စည်များ ပိုမိုသယ်ဆောင်နိုင်ပေမည်။

***ဒုတိယ- နည်းပညာ တိုးတက်လာခြင်း (ထုတ်ပစ္စည်းအသစ်များနှင့် ကုန်ထုတ်လုပ်ရာတွင် စရိတ်ပိုမိုသက်သာမည့် နည်းစနစ်များ ရှာဖွေဖော်ထုတ်ရာတွင် ဉာဏစွမ်းအားကို အသုံးပြုခြင်း)သည် စီးပွားရေးတိုးတက်မှုကို ဖြစ်ပေါ်စေပါသည်။*** ပြီးခဲ့သည့် နှစ် ၂၅၀ အတွင်း ရေနွေးငွေ့အင်ဂျင်တီထွင်ခဲ့သည့်နောက် အတွင်းပေါက်ကွဲအားသုံး အင်ဂျင်၊ လျှပ်စစ်နှင့် နယူးကလီးယားစွမ်းအားတို့သည် လူသားနှင့် တိရစ္ဆာန်များအစား စွမ်းအင်ထုတ်လုပ်ပေးသည့် အဓိကစွမ်းအင်ရင်းမြစ်များ ဖြစ်လာခဲ့သည်။ သယ်ယူပို့ဆောင်ရေးတွင် မော်တော်ကားများ၊ ဘတ်စ်ကားများ၊ မီးရထားများနှင့် လေယာဉ်ပျံတို့သည် မြင်း၊ လက်တွန်းလှည်း (နှင့် ခြေလျင်သွားလာခြင်း)တို့ကို အစားထိုးခဲ့လေသည်။ နည်းပညာ တိုးတက်မှုများသည် မိမိတို့၏ ဘဝနေထိုင်မှုပုံစံများ (lifestyles)ကို ဆက်လက်ပြောင်းလဲပေးနေသည်။ စီဒီ ဖွင့်စက်များ၊ အသေးစား ကွန်ပြူတာများ၊ စာစီစာရိုက်စက်ပစ္စည်းများ၊ မိုက်ခရိုဝေ့ မီးဖိုများ၊ ဗီဒီယို ကင်မရာများ၊ ဆဲလ်ဖုန်းများ၊ ဒီဗီဒီများ၊ by-pass surgery၊ တင်ပါးစုံ အစားထိုး ကုသမှုများ၊ အလိုအလျောက် လေအေးပေးစက်များနှင့် garage door opener စသည်ဖြင့် စဉ်းစားကြည့်ပါ။ နှစ် ၄၀ အတွင်း ယင်းကုန်ပစ္စည်းများ ထွက်ရှိလာနှင့် ပိုမိုကောင်းမွန်လာခြင်းတို့ကြောင့် မိမိတို့ အလုပ်လုပ်ကိုင်ပုံ၊ မိမိတို့ကိုယ်မိမိ ဖျော်ဖြေမှုပေးပုံ တို့မှာ အတိုင်းမသိ ပြောင်းလဲလာခဲ့ပြီး မိမိတို့၏ ဘဝနေရေးကိုလည်း တိုးတက်ကောင်းမွန်လာစေခဲ့သည်။

***တတိယ- စီးပွားရေးဖွဲ့စည်းတည်ဆောက်ပုံ (economic organization) တိုးတက်ခြင်းသည်လည်း ဖွံ့ဖြိုးမှုကို မြှင့်တင်ပေးနိုင်သည်။*** မိမိတို့ဆိုလိုသည့် စီးပွားရေးဖွဲ့စည်းတည်ဆောက်ပုံဆိုသည်မှာ လူသားတို့၏လုပ်ဆောင်ချက်များ ဆောင်ရွက်ပုံများနှင့် လုပ်ကိုင်ဆောင်ရွက်ရာတွင် လိုက်နာရသည့်စည်းမျဉ်းစည်းကမ်းများကို ဆိုလိုခြင်း ဖြစ်သည်။ ယင်းအချက်များမှာ ရှိပြီးသားဖြစ်နေသဖြင့် အလေးဂရုပြုမှု နည်းတတ်ပါသည်။ ကုန်သွယ်မှု ဆောင်ရွက်ရန်နှင့် လုပ်ငန်းတစ်ခု လုပ်ကိုင်ရန် မည်မျှ ခက်ခဲပါသလဲ။ နိုင်ငံတစ်ခု၏ တရားဥပဒေ စနစ်က ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအပေါ် များစွာ လွှမ်းမိုးပါသည်။ တစ်ဦးချင်းနှင့် စုပေါင်းပိုင်ဆိုင်မှုများကို ကာကွယ်ပေးသည့် ဥပဒေစနစ်တစ်ခုသည် သဘောတူစာချုပ်များကို မျှမျှတတ ဖြစ်စေပြီး အငြင်းပွားမှု ဖြေရှင်းပေးသောကြောင့် စီးပွားရေးတိုးတက်မှုတွင် အသက်သွေးကြောပင်ဖြစ်ပါသည်။ ဥပဒေရေးရာစနစ်သာ မရှိပါက ရင်းနှီးမြှုပ်နှံမှု ကင်းမဲ့သွားပြီး ကုန်သွယ်ရေး ရပ်တန့်၍ တီထွင်ဆန်းသစ်သည့် စိတ်ကူးစိတ်သန်းများလည်း ပေါ်ထွက်လာတော့မည် မဟုတ်ပေ။ ဤစာအုပ် အပိုင်း ၂ တွင် တရားဥပဒေ ဖွဲ့စည်းတည်ဆောက်ပုံ၏ အရေးပါပုံနှင့် စီးပွားရေးဖွဲ့စည်းတည်ဆောက်ပုံတွင် ပါဝင်သော အခြားအစိတ်အပိုင်းများကို အသေးစိတ်လေ့လာဖော်ပြပေးပါမည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာတိုးတက်မှုများသည် အလိုအလျောက်ဖြစ်လာသည် မဟုတ်ပါ။ ယင်းတို့မှာ အမြတ်ရရန်မျော်လင့်ချက်ဖြင့် စွန့်စားလုပ်ကိုင်သည့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၏ လုပ်ဆောင်ချက်များကြောင့် ဖြစ်လာပါသည်။ ထွက်ပေါ်လာမည့် တီထွင်ဆန်းသစ်မှုများ သို့မဟုတ် မည်သည့် ထုတ်ထုတ်ရေး နည်းစနစ်များက ကုန်ကျစရိတ်များကို လျှော့ချပေးမည်ကို မည်သူကမျှ အတတ်မသိနိုင်ချေ။ ထို့ပြင် စွန့်ဦးတီထွင်မှု ပါရမီဆိုသည်မှာလည်း မမျော်လင့်ထားသည့် နေရာများမှ မကြာခဏဆိုသလိုပင် ထွက်ပေါ်လာတတ်သည်။ ထို့ကြောင့် စီးပွားရေး တိုးတက်မှုဆိုသည်မှာ မတူကွဲပြားသည့် လူပုဂ္ဂိုလ်များစွာ၏ စိတ်ကူးများကို စျေးကွက်တွင် ပေါက်၊ မပေါက် စမ်းသပ်စေသည့် စနစ်အပေါ်တွင် မူတည်နေသည်။ သို့သော် အကျိုးမဖြစ်ထွန်းသည့် ထုတ်လုပ်မှုများတွင် အရင်းအမြစ်များ အလဟဿ သုံးဖြုန်းခြင်းကိုမူ စနစ်က တားဆီးပေးပြန်သည်။

ဖော်ပြပါ စီးပွားရေးတိုးတက်မှု ဖြစ်ပေါ်စေရန် စျေးကွက်များအနေဖြင့် စိတ်ကူးစိတ်သန်းသစ်များကို လွတ်လပ်စွာ ယှဉ်ပြိုင်နိုင်ရန် တံခါးဖွင့်ပေးရမည် ဖြစ်သည်။ (ထုတ်ကုန်သစ် သို့မဟုတ် နည်းပညာသစ် ဖြင့် စျေးကွက်သို့ဝင်ရောက်မည့် စွန့်ဦးတီထွင်သမားများတွင် ငွေကြေးရင်းနှီးမြှုပ်နှံသူ အချို့၏ ပံ့ပိုးမှုသာ လိုအပ်ပါသည်)။ စွန့်ဦးလုပ်ငန်းရှင်များနှင့် ငွေကြေးရင်းနှီးမြှုပ်နှံသူများ (သူတို့၏ ပစ္စည်းသစ်၊ ဝန်ဆောင်မှုအသစ်များအတွက်) တာဝန်ခံမှုရှိစေရန်အတွက် အပြိုင်အဆိုင်ရှိနေရမည်။ စားသုံးသူများ၏ ဝယ်ယူအားပေးလိုမှု ရှိ၊ မရှိ (reality check) ကို စစ်ဆေးခံရမည်ဖြစ်သည်။ ယင်းမှာ စားသုံးသူများက ကုန်ပစ္စည်း၊ ဝန်ဆောင်မှုသစ်များအား ထုတ်လုပ်မှုစရိတ်ထက် ပိုပေး၊ မပေးကို ဆုံးဖြတ်စေခြင်းဖြစ်သည်။ စားသုံးသူများသည်သာ အပြီးသတ် အဆုံးအဖြတ်ပေးနိုင်သည့် တရားသူကြီးများ ဖြစ်ကြသည်။ စားသုံးသူများက ထုတ်ပစ္စည်းအသစ် သို့မဟုတ် ဝန်ဆောင်မှုအသစ်ကို အားမပေးကြပါက စျေးကွက်တွင် ရှင်သန်ရပ်တည်နိုင်မည် မဟုတ်ချေ။

| | |
|---|---|
| ၁၁ | စျေးကွက်ပေါက်စျေးများ၏ "မမြင်ရသောလက်များ" သည် ရောင်းသူ၊ ဝယ်သူများအား အများကောင်းကျိုးကို ဖြစ်ပေါ်စေသည့် လုပ်ဆောင်ချက်များဆီသို့ တည့်မတ်ပေးသည်။ |

*လူတိုင်းက သူ့တွင်ရှိသော အရင်းအနှီးဖြင့် အကျိုးအရှိဆုံးဖြစ်မည့် အလုပ်ကို အစဉ်တစိုက် ရှာဖွေလုပ်ကိုင်လေ့ရှိကြတယ်။ ဒါက သူ့ရဲ့ ကိုယ်ပိုင်အကျိုးစီးပွားအတွက်ပါ။ သူအလုပ်လုပ်ပေးနေတဲ့ လူ့အဖွဲ့အစည်း အကျိုးရှိဖို့အတွက် မဟုတ်ပါဘူး။ သို့ပေမယ့် သူ့ကိုယ်ကျိုးစီးပွားကို သဘာဝအလျောက် သို့မဟုတ် မလွှဲမရှောင်သာ ရှာဖွေလုပ်ကိုင်နေခြင်းသည်ပင် လူ့အဖွဲ့အစည်းအတွက် အကျိုးအရှိဆုံး လုပ်ကိုင်မှုဆီကို ဦးတည်စေပါတယ်။ ..... အကြောင်းကတော့ ကိုယ်ကျိုးစီးပွားရှာဖွေမှုအား မမြင်ရသောလက်က တည့်မတ်ပေးသဖြင့် ပုဂ္ဂလိကရည်ရွယ်ချက်တွင် မပါဝင်တဲ့ အခြားသော အကျိုးရလဒ်များကို ဖြစ်ပေါ်စေပါတယ်။*

အဒမ်စမစ် (၁၇၇၆)

ကိုယ်ကျိုးစီးပွားရှာမှုသည် အားကောင်းသည့် လှုံ့ဆော်ရေးအရာ ဖြစ်သည်။ အဒမ်စမစ် ဖော်ပြထားသကဲ့သို့ ပုဂ္ဂလိကပိုင်ဆိုင်မှု (private property) တွင် အခြေခံသည့် စီးပွားရေးစနစ်၏ အရေးကြီးသည့် အချက်တစ်ချက်မှာ ကိုယ်ကျိုးစီးပွားရှာသူများသည် မိမိလူမှုပတ်ဝန်းကျင် သို့မဟုတ် နိုင်ငံတစ်နိုင်ငံလုံး၏ ကြွယ်ဝမှုအထိပါ ဖြစ်ပေါ်စေမည် ဖြစ်သည်။ တစ်ဦးချင်းက သူ့ကိုယ်ပိုင်အကျိုးစီးပွားကိုသာ ရှေ့ရှုသော်လည်း ဈေးကွက်ပေါက်ဈေးဆိုသော မမြင်ရသည့် လက်သည် အခြားသူများ၏ ရည်မှန်းချက်များကိုပါ ပြီးမြောက်စေခြင်းဖြင့် ပိုမိုကြွယ်ဝမှုကို ဖြစ်စေသည်။

"မမြင်ရသောလက်"၏ အခြေခံမှုအား နားလည်းသဘောပေါက်ရန် လူများစွာအတွက် ခက်ခဲပါသည်။ ဗဟိုဦးစီးသည့် အစီအမံဖြင့် လူ့အဖွဲ့အစည်း၏ အစီအစဉ်တကျ ဖြစ်မှုကို သဘာဝအားဖြင့် ဆက်စပ်နားလည် လေ့ရှိကြပါသည်။ တဖက်တွင် တစ်ဦးချင်းစီ၏ ကိုယ်ကျိုးရှာသည့် လုပ်ဆောင်ချက်များသည် ဗဟိုဦးစီးမှုမရှိပါပဲနှင့် လိုအပ်ချက်များကို ပြေလည်စေပြီး အစီအစဉ်တကျရှိသည့် လူ့အဖွဲ့အစည်းတစ်ခုကို တည်ဆောက်ပေးသည်ဟု အဒမ်စမစ်က ရပ်တည်ပြောဆိုပါသည်။

ပုဂ္ဂလိက ပိုင်ဆိုင်မှုနှင့် လွတ်လပ်စွာ ဖလှယ်ခွင့် ရှိသည့်အခါ ကိုယ်ကျိုးစီးပွားရှာသည့် တစ်ဦးချင်းတို့၏ လုပ်ဆောင်ချက်များကို ဈေးကွက်တွင် ဖြစ်ပေါ်ပြောင်းလဲနေသော ဈေးနှုန်းများက ညှိနှိုင်းဆောင်ရွက်ပေးသောကြောင့် အဆိုပါ အစီအစဉ်ကျသည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်လာရခြင်း ဖြစ်သည်။ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုတစ်ခု၏ ဈေးကွက်ပေါက်ဈေး ကိန်းဂဏန်းအချက်အလက်သည် ရောင်းသူ၊ ဝယ်သူများအား ပြုမူဆောင်ရွက်ချက်များအား အခြားသော ရောင်းသူ၊ ဝယ်သူများ၏ လုပ်ရပ်များ၊ ကြိုက်နှစ်သက်မှုများနှင့် ဟန်ချက်ညီညီ အလိုက်သင့် ပြောင်းလဲစေသည်။ သန်းပေါင်းများစွာသော စားသုံးသူများ၊ ထုတ်လုပ်သူများနှင့် အရင်းအမြစ် ထုတ်လုပ်ပံ့ပိုးသူများ၏ ရွေးခြယ်မှုများကို ဈေးကွက် ဈေးနှုန်းများက ပြဌာန်းသည်။ ယင်းဈေးနှုန်းများက စားသုံးသူ ကြိုက်နှစ်သက်မှုများ၊ ကုန်ကျစရိတ်များ၊ အချိန်၊ နေရာနှင့် အခြေအနေများကို ဗဟိုမှ အစီအစဉ်ချမှတ်သည့် အာဏာပိုင်တို့ထက် ကောင်းစွာ ဖော်ပြနိုင်စွမ်းရှိသည်။

မိမိအရပ်ဒေသရှိ စူပါမားကက်များတွင် နို့၊ ပေါင်မုန့်၊ ဟင်းသီးဟင်းရွက်နှင့် အခြားသော ပုပ်သိုးပျက်စီးနိုင်သည့် ကုန်စည်များအား လုံလောက်သည့် ပမာဏအနေအထားသာတင်ကြသည်မှာ မည်ကဲ့သို့ စီစဉ်ကြသည်ကို တွေးကြည့်ဖူးပါသလား။ မိမိဒေသဈေးကွက်တွင်ရရှိနိုင်သော ကမ္ဘာနေရာအနှံ့အပြားမှ ထုတ်လုပ်သော ရေခဲသေတ္တာများ၊ မော်တော်ကားများ၊ စီဒီဖွင့်စက်များသည်လည်း စားသုံးသူများ အလိုရှိသည့် ပမာဏမျှသာ တွေ့ရသည်မှာ အဘယ့်ကြောင့်ပါနည်း။ ဈေးကွက်ပေါက်ဈေးများ၏ မမြင်ရသောလက်က အဖြေထုတ်ပေးနိုင်ပါသည်။ ကိုယ်ကျိုးစီးပွားရှာကြသည့် ပုဂ္ဂိုလ်တစ်ဦးချင်းတို့သည် အချက်နံပါတ် ၆ တွင် ဖော်ပြခဲ့သော

ဈေးနှုန်းအချက်ပြမှုများမှတဆင့် ပူးပေါင်းဆောင်ရွက်ပြီး သူတို့၏ ထုတ်လုပ်မှုဆိုင်ရာပမာဏကို ထိန်းညှိပေးပါသည်။

ကုန်စည်တစ်ခု၏ ဈေးကွက်ပေါက်ဈေး ညွှန်းကိန်းမှုဖြင့် ရောင်းသူ၊ ဝယ်သူများအား သူတို့လိုချင်သည့်အတိုင်း ဆုံးဖြတ်ချက်ချရန် ကူညီပေးသည့် သတင်းအချက်အလက်များစွာကို တပြိုင်နက်တည်းပေးပို့နိုင်စွမ်းရှိသဖြင့် ၁၉၇၄ခုနှစ်၏ ဘောဂဗေဒ နိုဘယ်လ်ဆုရှင် ဖရက်ဒရစ် ဟိုက်ရက်က ဈေးကွက်စနစ်ကို "အံ့ဖွယ်စနစ်" (marvel) ဟု ခေါ်ဆိုခဲ့သည်။[၆] ထုတ်ကုန်တစ်ခု၏ ဈေးကွက်ပေါက်ဈေးသည် တစ်ဦးနှင့်တစ်ဦး ဘာလုပ်နေမှန်းပင်မသိကြသော ကမ္ဘာတစ်လွှားမှ လူပုဂ္ဂိုလ်များစွာတို့၏ ချမှတ်လိုက်သည့် ဆုံးဖြတ်ချက် ထောင်ပေါင်းများစွာ၊ သန်းပေါင်းများစွာ ကို ဖော်ညွှန်းနေသည်။ ဈေးကွက်သည် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအသီးသီးအတွက် သတင်းအချက်အလက်များစွာကို ပါဝင်ပတ်သက်သူများအကြား ချိတ်ဆက်ဖော်ထုတ်ပေးနေသည့် ကြီးမားသည့် ကွန်ပျူတာကွန်ယက်ကြီးသဖွယ် လုပ်ဆောင်နေသည်။ ဈေးကွက်ပေါက်ဈေး ညွှန်းကိန်းများသည် ထုတ်လုပ်ရောင်းချ၊ ဝယ်ယူသုံးစွဲသူများအကြား မက်လုံးများ ဖြစ်စေသည်။

ဈေးကွက်မှ ပေါင်းစည်းညှိနှိုင်းပေးသကဲ့သို့ (ဈေးကွက်အလုပ်လုပ်သကဲ့သို့) တစ်ဦးချင်း သို့မဟုတ် ဗဟိုဦးစီးမှုအာဏာပိုင်တို့သည် အမျိုးမျိုးသော ကုန်စည်နှင့် ဝန်ဆောင်မှုများစွာကို သန်းပေါင်းများစွာသော စားသုံးသူနှင့်ထုတ်လုပ်သူများအကြား လိုအပ်သည့်သတင်းအချက်အလက် အားလုံးကို ရရှိနိုင်မည် သို့မဟုတ် စဉ်းစားနိုင်မည်မဟုတ်ပေ။ သို့သော် ဈေးကွက်ပေါက်ဈေးများသည် လိုအပ်သည့် သတင်းအချက်အလက်ကို သန့်ထုတ်ပေးထားသည့် သတင်းအဖြစ်ပေးပို့ပါသည်။ ယင်းဈေးနှုန်းများက ထုတ်လုပ်သူများနှင့် သွင်းအားစုပံ့ပိုးသူများအား စားသုံးသူများ တန်ဖိုးအထားဆုံး အရာများကို (ကုန်ကျစရိတ်နှင့်ချိန်ထိုး၍) ထုတ်လုပ်ရန်တည့်မတ်ပေးမည်ဖြစ်သည်။ စားသုံးသူများက ကုန်စည်များကို ထုတ်လုပ်စရိတ်ထက် ပိုမိုပေးလိုသည့်အခါ အကျိုးအမြတ်ရှာသော ထုတ်လုပ်သူများ အနေဖြင့်ထုတ်လုပ်ရောင်းချနေမည် ဖြစ်ရာမည်သူကမျှလယ်သမားများအား ပန်းသီးတိုးမြှင့်စိုက်ပျိုးရန် သို့မဟုတ် ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုအားအိမ်များ ဆောက်လုပ်ရန်သို့မဟုတ်ပရိဘောဂ ထုတ်လုပ်သူအားကုလားထိုင်များထုတ်လုပ်ရန် ပြောနေစရာလိုမည်မဟုတ်ပေ။

ထိုနည်းတူစွာ စရိတ်နည်းသည့် ထုတ်လုပ်မှုနည်းစနစ်များ ရှာဖွေအသုံးချရန် ထုတ်လုပ်သူများကို မည်သူတစ်ဦးတစ်ယောက်မျှ သတိပေးရန် လိုအပ်မည်မဟုတ်ပေ။ ဈေးကွက်ပေါက်ဈေးများ၏ မမြင်ရသောလက်က အရင်းအမြစ်များကို အကောင်းဆုံး ပေါင်းစပ်သုံးစွဲရန်နှင့် တွက်ခြေအကိုက်ဆုံး ထုတ်လုပ်နည်းစနစ်များ (cost-effective prodution method) ရှာဖွေရန် ဆွဲဆောင်ပါလိမ့်မည်။ ကုန်ကျစရိတ် လျှော့နည်းခြင်းသည် အကျိုးအမြတ်ပိုများစေသဖြင့် ထုတ်လုပ်သူအသီးသီးသည် ကုန်ကျစရိတ် နည်းသထက်နည်းပြီး အရည်အသွေး မြှင့်တင်နိုင်ရန် ကြိုးစားနေမည် ဖြစ်သည်။ ယှဉ်ပြိုင်မှုက ထုတ်လုပ်သူများကို ယင်းသို့လုပ်ဆောင်စေရန် နောက်ကွယ်မှတွန်းအားပေး နေခြင်းဖြစ်သည်။

ခေတ်သစ်စီးပွားရေးစနစ်တွင် ဈေးကွက်ပေါက်ဈေး၏ မမြင်ရသောလက်က စီစဉ်ညွှန်ကြားသည့် ကိုယ်ကျိုးစီးပွားရှာဖွေမှုကြောင့် ဖြစ်ပေါ်လာသော ညှိနှိုင်း

ပူးပေါင်းဆောင်ရွက်ခြင်းသည် တကယ်ပင် အံ့သြဖွယ်ကောင်းလှပါသည်။ သပ်ရပ်သော ညစာစားပွဲ တစ်ခုတွင် နောက်တစ်ကြိမ် ထိုင်စားသည့်အခါ ယင်းစားပွဲ ဖြစ်မြောက်အောင် ဆောင်ရွက်ခဲ့သူများအကြောင်း စဉ်းစားကြည့်ပါ။ လယ်သမားမှသည် ကုန်တင်ကားမောင်းသူအလယ် ကုန်စုံဆိုင်ဖွင့်သူအဆုံး မည်သူတစ်ဦးတစ်ယောက်မျှ မိမိစားပွဲအတွက် ဈေးနှုန်းသက်သက်သာသာ စားသုံးစေနိုင်ရန် စိတ်မဝင်စားပေ။ သို့သော်လည်း သူတို့၏ အကျိုးစီးပွားသည် ဈေးကွက်ပေါက်ဈေးကြောင့် မိမိ၏ အကျိုးစီးပွားနှင့် ထပ်တူကျစေပါသည်။

အကောင်းဆုံးသော အမဲသား သို့မဟုတ် အမျိုးအစားကောင်းသော ကြက်ဆင် မွေးမြူသည့် လယ်သမားသည် ဈေးကောင်းရမည် ဖြစ်ပြီး ကုန်တင်ကား မောင်းသူများနှင့် ကုန်စုံဆိုင် ရောင်းသူတို့ကလည်း သူတို့ ကုန်ပစ္စည်းများကို စားသုံးသူများထံ လတ်ဆတ်ကောင်းမွန်စွာ ဖြန့်ဖြူးနိုင်လျှင် ငွေကြေး ပိုမိုရရှိမည် ဖြစ်သည်။ ထုတ်လုပ်ဖြန့်ဖြူးကြရာတွင်လည်း ကုန်ကျစရိတ် အနည်းဆုံးနည်းလမ်းကိုသာ အသုံးပြုကြမည် ဖြစ်သည်။ ပြောရလျှင် များသောအားဖြင့် မိမိတို့ တခါမျှမတွေ့မြင်ဖူးသူ လူထောင်ပေါင်းများစွာသည် မိမိတို့ကိုယ်တိုင်ပင် ထုတ်လုပ်လျှင်ပင် မဖြစ်နိုင်သည့် ကုန်စည်မြောက်များစွာကို ဂယ်ယူသုံးစွဲနိုင်စေရန် ကူညီဆောင်ရွက်ပေးကြသည်။ အစီအစဉ်တကျရှိမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ဖြစ်စေပြီး ကုန်ပစ္စည်းများစွာတို့အား မျက်မှောက်ခေတ် စားသုံးသူများထံ ရောက်ရှိစေရန် မမြင်ရသောလက်သည် သူ့အလိုလို တိတ်ဆိတ်စွာ လုပ်ဆောင်နေပါသည်။ ကိုယ်ကျိုးစီးပွားရှာမှုနှင့် မမြင်ရသောလက်တို့၏ အကျိုးပြုမှုကို လျှော့တွက်တတ်ကြသော်လည်း ယင်းတို့မှာ စီပွားရေးတိုးတက်မှုကို ဖြစ်ပေါ်စေသော အင်အားတစ်ရပ်ဖြစ်သည်။

| ၁၂ | ယေဘုယျအားဖြင့် လုပ်ရပ်တစ်ခုကြောင့် အချိန်ကြာမှ ဖြစ်ပေါ်လာမည့် အကျိုးဆက်များ သို့မဟုတ် ဆင့်ပွားသက်ရောက်မှုများကို လျစ်လျူရှုတတ်ကြသည်။ |
|---|---|

ပြီးခဲ့သည့် ရာစုနှစ်က လူသိများသည့် ဘောဂဗေဒ စာရေးဆရာ ဟင်နရီ ဟတ်ဇလစ် (Henry Hazlitt) က စံပြဘောဂဗေဒ စာအုပ်ပါ သင်ခန်းစာတစ်ခုတွင် ဘောဂဗေဒအကြောင်း ရေးသားခဲ့သည်။ ဟတ်ဇလစ်၏ သင်ခန်းစာများထဲမှ တစ်ခုတွင် ဘောဂဗေဒ အဆိုပြုချက်တစ်ခုကို လေ့လာဆန်းစစ်သည့်အခါ လူတစ်ဦးသည် *ချက်ချင်းလက်ငင်း ရလဒ်များကိုသာမက ရေရှည်ရလဒ်များကိုပါ လေ့လာစောင့်ကြည့်ရမည်။ ပင်မအကျိုးဆက်များကိုသာမက ဆင့်ပွားအကျိုးဆက်များကိုလည်း စောင့်ကြည့်ရမည်။ အကျိုးစီးပွားတူအုပ်စုတစ်ချို့အပေါ် သက်ရောက်မှုကိုသာမက လူတိုင်းအပေါ် သက်ရောက်မှုကိုပါ မြင်အောင်ကြည့်ရမည်။*[၇]

ယခုသင်ခန်းစာပါ အချက်များအား ကျင့်သုံးရန် ပျက်ကွက်ခြင်းသည် ဘောဂဗေဒအမှားအယွင်း၏ အဖြစ်အများဆုံး အကြောင်းရင်း တစ်ခုဟု ဟတ်ဇလစ်က

ယုံကြည်ထားသည်။ အထူးသဖြင့် နိုင်ငံရေးလောကတွင် ကာလတို အကျိုးကျေးဇူးများကိုသာ အသားပေးဖော်ပြလေ့ရှိပြီး အချိန်ကြာမှ ဖြစ်တတ်သည့် မူဂါဒ အကျိုးဆက်များကို လုံးလုံးလျားလျား လျစ်လျူရှုတတ်ကြသည်။ နိုင်ငံရေးလောကတွင် အခွန်ထမ်းသူများ၊ စားသုံးသူများ အပါအဝင် ပြည်သူလူထုတစ်ရပ်လုံး၏ ထိခိုက်နစ်နာမှုများကို ထည့်သွင်းမစဉ်းစား၊ မဖော်ပြပဲ သီးခြား လုပ်ငန်းများစုများ၊ အရပ်ဒေသများ သို့မဟုတ် အစုအဖွဲ့များအား ကူညီရာရောက်မည့် အဆိုပြုချက်များကိုသာ ထပ်တလဲလဲ အာပေါင်အာရင်းသန်သန် ပြောနေသည်ကို ကြားသိနေရသည်။ ဘောဂဗေဒ၏ အခြေခံကျသော ယူဆချက်များကိုသာမက နိုင်ငံရေးစနစ်၏ အလုပ်လုပ်ပုံကိုပါ ဟတ်ဇလစ်က ရှင်းလင်းစွာ နားလည်ထားသည်။

နိုင်ငံရေးအရ မျက်နှာချိုသွေးလိုသည့်အခါ/မျက်နှာသာရလိုသည့်အခါ အကျိုးစီးပွားတူအုပ်စုများ (interest groups)နှင့် ယင်းတို့၏ အဆင့်မြင့် ကိုယ်စားလှယ်များ၊ ပြောဆိုစည်းရုံးကြသူများ (lobbyists)က သူတို့လိုလားသည့် ရလာဒ်ရရှိလာရန် ကြိုးစားရန် အကြောင်းရှိလာသည်။ သူတို့က အကျိုးကျေးဇူးများ(မူဂါဒ ပြဋ္ဌာန်းလိုက်လျှင် အကျိုးကျေးဇူးအများစုကို သူတို့ ရကြမည်ဖြစ်သည်)ကို ချဲ့ကားပြောဆိုပြီး ကုန်ကျစရိတ်များ (ကုန်ကျစရိတ်အများစုမှာ အခြားသူများက ကျခံရလိမ့်မည်ဖြစ်သည်)ကို လျှော့ပေါ့ဖော်ပြကြလိမ့်မည်။ ရရှိလာမည့် အကျိုးကျေးဇူးများကို မဲပေးသူများက ချက်ခြင်းလက်ငင်းနှင့် အလွယ်တကူ မြင်သာပြီး ကုန်ကျစရိတ်များမှာ မမြင်လွယ်ပဲ စရိတ်အများစုမှာ အနာဂတ်ကာလတွင်သာ ဖြစ်ပေါ်မည်ဆိုပါက အကျိုးစီးပွားတူအဖွဲ့များအနေဖြင့် စည်းရုံးရသည်မှာ အသာစီးရနေမည်ဖြစ်သည်။ ယင်းအခြေအနေမျိုးတို့တွင် အကျိုးစီးပွားတူအဖွဲ့များက မဲပေးသူများကို နားယောင်စေနိုင်ပါသည်။

ထို့ကြောင့် မဲပေးသူများအနေဖြင့် ဆင့်ပွားသက်ရောက်မှုများ သို့မဟုတ် ကာလတခုကြာမှ ဖြစ်ပေါ်လာမည့်အကျိုးဆက်များကို မသိထား၍သာ ငြင်းပယ်ရမည့် ကိစ္စရပ်တစ်ခုကို မကြာခဏ ခွင့်ပြုတတ်ကြသည်။ တိုက်ခန်းငှားခများကို ကန့်သတ်ပေးသည့် ပြဋ္ဌာန်းချက်ကို စဉ်းစားကြည့်ပါ။ နီဝတ်၊ နယူးယောက်၊ ဆန်ဟိုဇေးနှင့် ဝါရှင်တန်ဒီစီ ကဲ့သို့သော မြို့ကြီးများတွင် အိမ်ခန်းငှားခ ထိန်းချုပ်ခြင်းများ ကျင့်သုံးခဲ့ကြသည်။ များသောအားဖြင့် အဆိုပါ ကန့်သတ်မှုများမှာ အိမ်မြင့်ငှားခ မြင့်တက်မှုကို ထိန်းချုပ်ရန်နှင့် နွမ်းပါးသည့် မိသားစုများ အိမ်ခန်းငှားနေနိုင်ရန်ဆိုသော အဆိုပြုချက်များကို တုန့်ပြန်ဆောင်ရွက်ပေးခြင်း ဖြစ်သည်။

ကာလတိုအတွက် မှန်ကန်ပါသည်။ သို့သော် ဆင့်ပွားသက်ရောက်မှုများ ရှိလာမည် ဖြစ်သည်။ ပထမအားဖြင့် အိမ်ခန်းဈေးကွက် ရပ်တန့်သွားလိမ့်မည်။ ရှိရင်းစွဲ အိမ်ခန်းများမှာ အလိုချင်ဆုံး ပုဂ္ဂိုလ်များက မလွှဲပြောင်းနိုင်တော့ပေ။ ငှာရမ်းခ ကန့်သတ်ထားသည့် အိမ်ခန်းများကို စွန့်လွှတ်လိုက်ရသူများသည် အလုပ်နှင့်ပိုနီးသော အခြားအိမ်ခန်းတစ်ခုကို ရှာတွေ့စေကာမူ ပိုမိုကုန်ကျမည်ဖြစ်သည်။ အကြောင်းမှာ အခြားသူများက ဈေးကွက်ပေါက်ဈေးထက်နည်းသော အိမ်ငှားခများဖြင့် နေထိုင်ရသဖြင့် ဆက်လက်နေထိုင်ကြသောကြောင့် ဖြစ်သည်။

အိမ်ခန်းငှားရမ်းခ နည်းပါးခြင်းက အိမ်ခန်းအသစ်ဆောက်လုပ်ခြင်းတွင် ရင်းနှီးမြှုပ်နှံမှု ကျဆင်းစေပါလိမ့်မည်။ အိမ်ခန်းငှားရမ်းခ ထိန်းချုပ်မှုကြောင့် လက်ရှိပိုင်ဆိုင်သူများအတွက် အမြတ်

ပေါ်မူ နည်းပါးစေသော်လည်း အနာဂတ်ပိုင်ရှင်များအတွက်တော့ ထိုသို့ မဟုတ်ပါချေ။ ဈေးနှုန်း ထိန်းချုပ်ထားသည့် အရပ်တွင် ငှားရမ်းနိုင်သည့် အဆောက်အဦအရေအတွက် နည်းပါးလာပြီး တိုက်ခန်းတစ်ခန်းရှာဖို့ ပိုမိုခက်ခဲလာစေသည်။ အိမ်ခန်းပြတ်လပ်မှုများ ဖြစ်ပေါ်လာပါမည်။ လူအချို့ကလည်း ဈေးနှုန်းချိုသာပြီး နေစရာအလွယ်တကူရနိုင်သည့် ထိုအရပ်မှ အလွန်ဝေးကွာသည့် အရပ်များသို့ သွားရောက်ကြပေမည်။ ထိုအခါ မြေပိုင်ရှင်များကလည်း အဆောက်အဦပြုပြင် ထိန်းသိမ်းရန် ဝင်ငွေအနည်းငယ်သာ ရရှိလာကြသောကြောင့် ငှားရမ်းနိုင်သည့် အိမ်ခန်းများ၏ အရည်အသွေးလည်း ကျဆင်းလာသည်။ ဤအချက်က အိမ်ခန်းရှားပါးပြတ်လပ်ခြင်းကြောင့် အဆောက်အဦး ပြုပြင်ထိန်းသိမ်းမှု ညံ့ဖျင်းမှုကို ဖြစ်ပေါ်စေကြောင်း ပြဆိုသည်။

သို့သော် ထိုသို့သော ဆင့်ပွားသက်ရောက်မှုများကို ချက်ခြင်းလက်ငင်း သိရှိနိုင်သည်တော့ မဟုတ်ပေ။ အိမ်ခန်းများ၏ အရည်အသွေးနှင့် အရေအတွက် ကျဆင်းလာသည့်အခါ လူများစွာတို့က ထိုသို့ ဖြစ်ရသည့်အကြောင်းရင်းအပေါ် နားမလည် ဖြစ်ကြလိမ့်မည်။ ထို့ကြောင့် ငှားရမ်းနိုင်သည့် အိမ်ခန်း ကျဆင်းလာခြင်း၊ ပြုပြင်ထိန်းသိမ်းမှု ညံ့ဖျင်းခြင်းနှင့် ရှားပါးပြတ်လပ်မှုတို့ ရှိနေသည့်တိုင် အိမ်ခန်းခထိန်းချုပ်ခြင်းမှာ လူကြိုက်များနေမည်။ ဆွီဒင်ဘောဂဗေဒ ပညာရှင် အဆာလင်းဘက် (Assar Lindbeck) ၏ စကားအတိုင်းဆိုလျှင် "အိမ်ခန်းငှားခ ထိန်းချုပ်ကန့်သတ်ခြင်းဟာ ဗုံးကြဲချတာပြီးရင် ယနေ့ခေတ်မှာ မြို့တစ်မြို့ကို ဖျက်ဆီးပစ်နိုင်တဲ့ အထိရောက်ဆုံး နည်းပါဗျာ။"[၈]

အလားတူ နိုင်ငံခြားထုတ်ကုန်များအပေါ် အကောက်ခွန်နှင့် အရေအတွက် သတ်မှတ်ခြင်းကို ထောက်ခံသူများသည် အမြဲလိုလိုပင် မူဂါဒ၏ ဆင့်ပွားသက်ရောက်မှုများကို လျစ်လျူရှုတတ်ကြသည်။ ပြည်ပနိုင်ငံများမှ ကုန်ပစ္စည်းများ တင်သွင်းမှုကို အကောက်ခွန်များ၊ အရေအတွက် သတ်မှတ်ခြင်း တို့ဖြင့် ကန့်သတ်ခြင်းသည် ပြည်တွင်း၌ အလားတူကုန်ပစ္စည်းများကို စရိတ်များများဖြင့် ထုတ်လုပ်နေသည့် လုပ်သားများကို လတ်တလောတွင် ကာကွယ်ပေးကောင်း ပေးနိုင်ပါလိမ့်မည်။ သို့သော်ဆင့်ပွားအကျိုးဆက်များကလည်းအများအပြားရှိနိုင်ပါသည်။

၂၀၀၂ ခုနှစ်တွင် အမေရိကန်အစိုးရ ချမှတ်သည့် သံမဏိတင်သွင်းမှု ကန့်သတ်ချက်များသည် ဤအချက်ကို ပေါ်လွင်စွာ ဖော်ညွှန်းနေပါသည်။ တင်သွင်းမှုပမာဏ ကန့်သတ်ချက်များက သံမဏိ တင်သွင်းမှုများကို သိသာစွာ ကျဆင်းစေခဲ့ပြီး ယင်းကြောင့် ဈေးချိုချိုနှင့် ရရှိနိုင်သည့် သံမဏိပမာဏ နည်းသွားပြီး အမေရိကန်သံမဏိဈေးနှုန်းသည် ၃၀%ခန့် မြင့်တက်လာခဲ့ပါသည်။ ဈေးမြင့်တက်လာ ခြင်းကြောင့် ပြည်တွင်း သံမဏိထုတ်လုပ်သူများအနေဖြင့် ထုတ်လုပ်မှုနှင့် လုပ်သားခန့်အပ်မှုကို တိုးမြှင့်ခဲ့ကြသည်။ သို့သော် ဆင့်ပွားသက်ရောက်မှုများလည်းရှိပါသည်။ သံမဏိဈေးနှုန်း မြင့်မားခြင်းကြောင့် ကုန်တင်ကား၊ မော်တော်ကားနှင့် အကြီးစားစက်ယန္တရားများကဲ့သို့ သံမဏိ ပါဝင်သည့် ကုန်စည်များ ထုတ်လုပ်ရာတွင် ကုန်ကျစရိတ် ပိုများလာပါသည်။ယင်းကုန်ပစ္စည်းများ ထုတ်လုပ်သည့် အမေရိကန်ထုတ်လုပ်သူများသည် သွင်းကုန်အရေအတွက် ကန့်သတ်ချက်များကြောင့် ထိခိုက်နစ်နာရပြီး လုပ်သားအင်အား မကြာခဏလျှော့ရသည့် အဖြစ်မျိုးနှင့် ကြုံခဲ့ရသည်။ ကမ္ဘာ့ ဈေးကွက်ကို ယခင်က ကြီးစိုးထားသည့် အမေရိကန် သံမဏိ ကွန်တိန်နာ

ထုတ်လုပ်သူများမှာလည်း ဈေးနှုန်းချိုသာစွာဖြင့် ပြည်ပမှ သံမဏိများတင်သွင်း၍ ကွန်တိန်နာ ထုတ်လုပ်သော နိုင်ငံခြားလုပ်ငန်းများကို မယှဉ်ပြိုင်နိုင်တော့သောကြောင့် ဝန်ထမ်းအင်အားကို များစွာလျှော့ချခဲ့ကြရသည်။

ထို့ပြင် အခြားသော ဆင့်ပွားသက်ရောက်မှုတစ်ခုလည်း ရှိပါသေးသည်။ နိုင်ငံခြားသားများ အနေဖြင့် အမေရိကန်ဈေးကွက်တွင် သံမဏိနည်းနည်းသာ ရောင်းချနိုင်သဖြင့် ဒေါ်လာနည်းနည်းသာ ရသောကြောင့် အမေရိကန်ကုန်ပစ္စည်းများကိုလည်း လျော့ပြီးဝယ်လာကြသည်။ ထို့ကြောင့် သွင်းကုန် ကန့်သတ်မှု၏ အကျိုးရလဒ်တစ်ခုမှာ အမေရိကန်ပို့ကုန်များ ကျဆင်းသွားပြန်သည်။

ဆင့်ပွားသက်ရောက်မှုများကို ထည့်သွင်းစဉ်းစားသည့်အခါ အလုပ်အကိုင်အပေါ် မည်သို့ အကျိုး သက်ရောက်မှုရှိသည်မှာ ရှင်းလင်းသွားပါသည်။ ကုန်သွယ်ရေး ကန့်သတ်မှုများကြောင့် အလုပ်အကိုင်များ ဖန်တီးပေးရာ မရောက်ပါ။ ယင်းအစား အလုပ်အကိုင်များကို လုပ်ငန်းများအကြား ရွှေ့ပြောင်းပေးလိုက်ခြင်းသာ ဖြစ်သည်။ ကုန်သွယ်ရေးကန့်သတ်ချက်များဖြင့် ကာကွယ်ပေးသော လုပ်ငန်းစုများတွင် အလုပ်အကိုင်တိုးလာသော်လည်း အကျိုးဆက်အနေဖြင့် အခြားလုပ်ငန်းစုများတွင် အလုပ်အကိုင် လျော့နည်းသွားစေပါသည်။ အထူးသဖြင့် ပို့ကုန် လုပ်ငန်းများ ဖြစ်ပါသည်။ ကုန်သွယ်မှု ကန့်သတ်ချက်များ လှုံ့ဆော်သူများသည်မှာ အံ့သြစရာတော့ မရှိပေ။ သံမဏိလုပ်ငန်းတွင် လုပ်ကိုင်နေသော လုပ်သားအင်အားမှာ မြင်သာလွယ်သော်လည်း ဆင့်ပွားသက်ရောက်မှုအနေဖြင့် အခြားလုပ်ငန်းစုများတွင် အလုပ်အကိုင်များ ဆုံးရှုံးသွားခြင်းမှာမူ မမြင်လွယ်ပေ။ ကုန်သွယ်ရေး ကန့်သတ်မှုများကြောင့် နောက်ဆက်တွဲအကျိုးဆက်များကို ဖော်ထုတ်ရန်မှာလည်း ခဲယဉ်းပါသည်။ ထို့ကြောင့် လူများစွာသည် "အလုပ်အကိုင်များ ကာကွယ်ပေးရေး" ငြင်းခုံမှုများ ပြုလုပ်နေကြ သော်လည်း သေချာဆန်းစစ်လေ့လာမည်ဆိုလျှင်မူ တလွဲဆံပင်ကောင်းနေခြင်းသာ ဖြစ်သည်။

အစိုးရအသုံးစရိတ်များသည်လည်း ဆင့်ပွားသက်ရောက်မှုများရှိသည်ကို လျစ်လျူ ရှုထားကြသည်။ အစိုးရ၏ ဦးစားပေးစီမံကိန်းများတွင် သုံးစွဲခြင်းသည် အလုပ်အကိုင်များကို ဖန်တီးပေးလိမ့်မည်ဟု နိုင်ငံရေးသမားများက ငြင်းခုံပြောဆိုကြသည်။ အစိုးရအနေဖြင့် လမ်းများ၊ ရဲတပ်ဖွဲ့၏ ကာကွယ်ရေးလုပ်ငန်း၊ တရားစီရင်ရေး စသည့် ကဏ္ဍများတွင် သုံးစွဲပါက သင့်လျော် မှန်ကန်မှုရှိသည့် အကြောင်းရင်းများစွာပါသည်။ သို့သော် အလုပ်အကိုင်များ ဖန်တီးခြင်းကမူ အကြောင်းရင်းတစ်ရပ် မဟုတ်ပေ။

လော့စ်အိန်ဂျယ်လိစ်နှင့် လပ်စ်ဗေးဂစ်တို့ကို ချိတ်ဆက်ပေးမည့် အမြန်ရထားတစ်စင်း တည်ဆောက်ရန် လုပ်သား တစ်သန်း အလုပ်ပေးနိုင်သည့် စီမံကိန်းတစ်ခုတွင် အစိုးရက ဒေါ်လာ (၅၀) ဘီလျံ သုံးစွဲသည် ဆိုပါစို့။ ထိုစီမံကိန်းက အလုပ်အကိုင် မည်မျှ ဖန်တီးပေးနိုင်မည်နည်း။ ဆင့်ပွားသက်ရောက်မှုများကို ထည့်သွင်းစဉ်းစားသည့်အခါ အဖြေမရှိပါ။

အကြောင်းရင်းမှာ ထိုစီမံကိန်းကို ငွေကြေးထောက်ပံ့ရန်အတွက် အစိုးရက အခွန်များ သို့မဟုတ် ချေးငွေများ အသုံးပြုရမည် ဖြစ်သောကြောင့် ဖြစ်သည်။ ဒေါ်လာ (၅၀) ဘီလျံ အခွန်ငွေ ကောက်ခံခြင်းက စားသုံးသူတို့၏ အသုံးစရိတ်နှင့် ပုဂ္ဂလိက စုဆောင်းငွေများကို လျှော့ကျစေပြီး ယင်းသို့ လျော့ကျခြင်းကြောင့် အစိုးရသုံးစွဲမှုများက ဖန်တီးပေးသည့် အလုပ်အကိုင်များနီးပါး

အခြားသော အလုပ်အကိုင်များကို ဖျက်ဆီးပစ်မည် ဖြစ်သည်။ တဖက်တွင် စီမံကိန်းအား ချေးငွေများဖြင့် ပံ့ပိုးလျှင်လည်း ငွေချေးယူခြင်းကြောင့် အတိုးနှုန်းများ မြင့်တက်ခြင်း၊ အတိုးပေးနိုင်ရန် အတွက် အခွန်များတိုးမြင့်ကောက်ခံခြင်းတို့ကို ဖြစ်ပေါ်လာလိမ့်မည်။ ယင်းသုံးစွဲမှုကြောင့် ပုဂ္ဂလိကနှင့် ပြည်သူပိုင် ၂ မျိုးလုံးအတွက် အခြားသော စီမံကိန်းများတွင် သုံးစွဲရမည့် ငွေကြေးများကို ပြောင်းရွှေ့ သုံးစွဲခြင်းသာ ဖြစ်သည်။

အလုပ်အကိုင် တစ်သန်း ဖန်တီးပေးခြင်းဆိုသည်က ခေါင်းစီးအတပ်ခံရမည် ဖြစ်သော်လည်း ထောင်ချီသည့် အရပ်နေရာများစွာတွင် အလုပ်အကိုင်များဆုံးရှုံးသွားသည်ကိုတော့ သတိ ပြုမိကြမည် မဟုတ်ချေ။ ကုန်သွယ်ရေး ကန့်သတ်ချက်များပမာ ယင်းစီမံကိန်း ရလဒ်က အလုပ်အကိုင် ဖန်တီးမှု မဖြစ်စေသည့် အလုပ်အကိုင်အပြောင်းအရွှေ့သာ ဖြစ်ပေသည်။ ဤအချက်က စီမံကိန်း မဆောင်ရွက်သင့်ကြောင်း ဆိုလိုသည်တော့ မဟုတ်ချေ။ သို့သော် ရလာမည့် အကျိုးကျေးဇူးများက စွန့်လွှတ်လိုက်ရမည့် အခြားအခွင့်အလမ်းများထက် ပိုမိုများပြားသည်ဆိုသည့် အထောက်အထားဖြင့်သာ စီမံကိန်းကို လုပ်သင့်၊ မလုပ်သင့် စဉ်းစားရမည်ဖြစ်သည်။

ဆင့်ပွားသက်ရောက်မှုများက အစိုးရများနှင့်နိုင်ငံရေးသမားများအတွက်သာ ပြဿနာ မဟုတ်ပေ။ ယင်းသက်ရောက်မှုများသည် လူပုဂ္ဂိုလ်တစ်ဦးချင်းဆီအတွက်လည်း မမျှော်လင့်ထားသည့် အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေတတ်ပါသည်။ အမေရိကန်ပြည်ထောင်စုကျောင်းဆရာမ တစ်ဦး၏ စိတ်ပင်စားဖွယ် အတွေ့အကြုံတစ်ခုက ဤအချက်ကို ထောက်ပြနေသည်။ သူမ ကျောင်းသားများက ခဲတံများက အကုန်မသုံးရသေးမီ ပုံမှန်ပျောက်ဆုံးလေ့ရှိသည်။ ထို့ကြောင့် နောက်ဆုံးအဆင့်ထိသုံးထားသော ခဲတံတိုအတွက် သူတို့ကို ငွေ ၁၀ ဆင့်ပေးလျှင် ခဲတံကို သုံးကုန်သည်အထိ ကိုင်ဆောင်လိမ့်မည်ဟု သူမက အကျိုးအကြောင်းဆင်ခြင်ကြည့်မိသည်။ သို့သော် ဆရာမအား စိတ်ပျက်သွားစေသည်မှာ ခဲတံချွန်စက်ရှိရာတွင် ရှည်လျားစွာ တန်းစီနေကြပြီး ဆရာမ ပေးမည့် ငွေရရှိရန် ခဲတံမြန်မြန် တိုသွားအောင် ခဲတံချွန်နေကြကြောင်း မကြာမီ တွေ့ရှိလိုက်ရသည်။ မရည်ရွယ်သည့် အကျိုးဆက်များ ဖြစ်တတ်ကြောင်း သတိပေးနေခြင်း ဖြစ်သည်။

# အပိုင်း ၂

## စီးပွားရေးတိုးတက်မှု၏ ပင်မအကြောင်းရင်း ၇ ချက်

## စီးပွားရေးတိုးတက်မှု၏ ပင်မအကြောင်းရင်း ၇ ရပ်

၁။ ဥပဒေရေးရာစနစ်။ စီးပွားရေးတိုးတက်မှုအတွက် အခြေခံအုတ်မြစ်မှာ ပုဂ္ဂလိက ပိုင်ဆိုင်မှုကို ကာကွယ်ပေးပြီး လုပ်ငန်းသဘောတူ စာချုပ်များကို သမာသမတ်ကျကျ ထိန်းကြောင်းပေးသည့် ဥပဒေရေးရာစနစ် တစ်ခုဖြစ်သည်။

၂။ အပြိုင်အဆိုင်ဈေးကွက်များ - ပြိုင်ဆိုင်မှုသည် အရင်းအမြစ်များကို အကျိုးရှိစွာ အသုံးချလာစေပြီး ပိုမိုကောင်းမွန်သည့် တီထွင်ကြံဆမှုများ ဖြစ်ပေါ်လာအောင်လည်း အစဉ်တစိုက် လှုံ့ဆော်ပေးလေ့ ရှိသည်။

၃။ အစိုးရစည်းမျဉ်းများအပေါ် အကန့်အသတ် ထားရှိခြင်း - ကုန်သွယ်မှုအား လျော့ချသည့် ထိန်းကြောင်းရေးမူဝါဒများသည် စီးပွားရေး တိုးတက်မှုပါ နှေးကွေးစေသည်။

၄။ ထိရောက်စွာ လည်ပတ်နေသည့် ငွေကြေးဈေးကွက် (capital market)။ ၎င်း၏ အလားအလာရှိသလောက် ဖြစ်လာစေရန်မှာ နိုင်ငံတစ်ခုအနေဖြင့် ဓနအင်အား ဖန်တီးသည့် လုပ်ငန်းများသို့ ငွေပင်ငွေရင်းများ စီးဆင်းသည့် စနစ်တစ်ခု ရှိရမည်ဖြစ်သည်။

၅။ ငွေကြေးတည်ငြိမ်မှု - တည်ငြိမ်သည့် ငွေကြေးမူဝါဒသည် ငွေဖောင်းပွမှုအား ထိန်းချုပ်ပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုအား အကျိုးများများဖြစ်အောင် နေရာချပေးခြင်းနှင့် စီးပွားရေးတည်ငြိမ်မှု ရရှိရေးအတွက် မရှိမဖြစ် အရေးပါသည်။

၆။ နည်းပါးသော အခွန်နှုန်းထားများ။ လူပုဂ္ဂိုလ်တို့သည် မိမိတို့ ရှာဖွေထားသည့်အလျောက် ပိုမိုခံစားခွင့် ရှိသည့်အခါ ပိုမိုထုတ်လုပ်လာကြပါလိမ့်မည်။

၇။ လွတ်လပ်သည့် ကုန်သွယ်ရေး - ပြည်တွင်းတွင် စရိတ်နည်းနည်းဖြင့် ထုတ်လုပ်နိုင်သည့် ကုန်စည်နှင့် ဝန်ဆောင်မှုများကို တင်ပို့ရောင်းချ၍ ထုတ်လုပ်မှုစရိတ် မြင့်မားမည့် ကုန်စည်နှင့် ဝန်ဆောင်မှုများကို ပြည်ပမှ ဝယ်ယူတင်သွင်းခြင်းဖြင့် နိုင်ငံတစ်နိုင်ငံမှာ ဖွံ့ဖြိုးတိုးတက်လာခြင်း ဖြစ်သည်။

**နိဒါန်း**

အခြားနိုင်ငံများက စီးပွားရေး တုံ့ဆိုင်းချိန် သို့မဟုတ် ဆုတ်ယုတ်ချိန်တွင် အချို့နိုင်ငံများက အဘယ်ကြောင့် လျင်မြန်စွာ ဖွံ့ဖြိုးနေပါသနည်း။ အချို့နိုင်ငံများ၏ တစ်ဦးချင်း ဂင်ငွေများသည် အခြားနိုင်ငံများထက် အဘယ်ကြောင့် များစွာ သာလွန် နေပါသနည်း။[၁] ၁၈ ရာစုအတွင်း အဒမ်စမစ်ခေတ်ကစ၍ စီးပွားရေး ပညာရှင်များက ယင်းမေးခွန်းများကို မေးလာခဲ့ခြင်း ဖြစ်သည်။ ငွေကြေး ရင်းနှီးမြှုပ်နှံမှု (capital investment) နှင့် နည်းပညာအသစ်များက ဖွံ့ ဖြိုးမှု ဖြစ်စေသည်မှာ ထင်ရှားသော်လည်း သူတို့ချည်းသက်သက် ကြောင့်တော့ မဟုတ်ပါ။ နိုင်ငံများတွင် နိုင်ငံသားများ အကြား အကျိုးရှိရှိ ထိတွေ့ဆက်ဆံနိုင်သည့် လက္ခဏာများရှိရန်လိုအပ်ပါသည်။ ဥပဒေစည်းမျဉ်းများ၊ ဓလေ့ထုံးစံ များကဲ့သို့သော ခိုင်မာသည့် အင်စတီကျူးရှင်းများနှင့် ခိုင်မာသည့် အစိုးရမူဂါဒများမှာ ဖွံ့ဖြိုးမှု ဖြစ်စဉ်၏ ပင်မ အစိတ်အပိုင်းများ ဖြစ်သည်။

ကစားစွမ်းရည် အားနည်းသည့် ကစားသမားတစ်ဦး သို့မဟုတ် နှစ်ဦးက အားကစား အသင်း တစ်ခုလုံး၏ စွမ်းဆောင်ရည်ကို သိသိသာသာ ကျဆင်းစေတတ်သကဲ့သို့ သော့ချက်ကျသည့် ကဏ္ဍ တစ်ခု သို့မဟုတ် နှစ်ခုတွင် ဆန့်ကျင်ဘက် အကျိုးဖြစ်စေသည့် (ဂါ) ဂိရောဓိဖြစ်စေသည့် အင်စတီကျူးရှင်း (counterproductive instiutution) သို့မဟုတ် မူဂါဒတစ်ခုက စီးပွားရေးစနစ်တစ်ခု၏ စွမ်းဆောင်ရည်ကို သိသိသာသာ ထိခိုက်စေနိုင်ပါသည်။ ဤအခန်းတွင် ဖွံ့ဖြိုးမှု ဖြစ်စဉ်၏ အဓိက အကြောင်းရင်းများကို ဆွေးနွေးမည်ဖြစ်ပြီး တစ်ဦးချင်း ပျမ်းမျှဂင်ငွေများသည် နိုင်ငံများအကြား၊ အချိန် ကာလအလိုက် သိသိသာသာ ကွာခြားရခြင်း အကြောင်းရင်းကို ရှင်းလင်း မည်ဖြစ်သည်။[၂]

၁။ ဥပဒေရေးရာစနစ်။ စီးပွားရေးတိုးတက်မှုအတွက်လိုအပ်သော အခြေခံအုတ်မြစ်မှာ ပုဂ္ဂလိကပိုင်ဆိုင်မှုကို ကာကွယ်ပေးပြီး လုပ်ငန်းသဘောတူစာချုပ်များကို မျှတစွာ ကာကွယ်ပေးသည့်/ အရေးယူဆောင်ရွက်သည့် ဥပဒေရေးရာစနစ် တစ်ခုဖြစ်သည်။

*ရှုပ်ဂတ္ထုကမ္ဘာတွင် ပုဂ္ဂလိက ပိုင်ဆိုင်မှုပေးခြင်း စနစ်သည် လူပုဂ္ဂိုလ်အသီးသီးတို့၏ လုပ်ဆောင်ချက်များကို တာဂန်ယူဆောင်ရွက်စေသည်။ သို့ဖြစ်ရာ အဆိုပါစနစ်သည် လုပ်ရပ်များ၏ အကျိုးဆက်များကို ပြုလုပ်သူကိုယ်တိုင် ခံစားရစေသည်။ ပိုင်ဆိုင်မှုသည် စည်းရိုးများသဖွယ် ကာကွယ်ပေးသလို မိမိတို့ ပြုခဲ့သည့် အကျိုးဆက်များကိုလည်း ရှောင်ပြန်ဟပ်စေသည့် ကြေးမုံများသဖွယ် မိမိတို့အား ဂန်းရံထားသည်။*[၃]

-- တွန် ဘက်ဟဲလ် (Tom Bethell)

ဥပဒေရေးရာစနစ်သည် မနေ့ဥစ္စာရပိုင်ခွင့်များ၊ ပိုင်ဆိုင်မှုများကို ကာကွယ်ခြင်းနှင့် သဘောတူ စာချုပ်များ (contracts)ကို ကာကွယ်ပေးရန်/အကျိုးသက်ရောက်စေရန်အတွက် အခြေခံအုတ်မြစ် တစ်ခု ဖြစ်သည်။ အပိုင်း ၁ ခေါင်းစဉ် ၄ တွင် ကျွန်ုပ်တို့ဆွေးနွေးခဲ့သည့်အတိုင်း ကူးသန်း ရောင်းဂယ်မှု

သည် ကုန်စည်များကို ပို၍တန်ဖိုးထားသော စားသုံးသူများထံသို့ ရောက်ရှိစေပြီး အထူးပြု လုပ်ကိုင်ခြင်းနှင့် အမြောက်အများထုတ်လုပ်ခြင်းကြောင့် ကုန်ထုတ်လုပ်မှုကို ပိုမိုလုပ်ဆောင်လာ နိုင်ကြသည်။ ကူးသန်းရောင်းဝယ်မှုတွင် ဖြစ်ပေါ်တတ်သည့် မသေချာမှုများ လျှော့ချရန်အတွက် သဘောတူညီချက်များ သို့မဟုတ် လုပ်ငန်းစာချုပ်များကို တရားမျှတစွာ ရပ်တည်ပေးမည့် ဥပဒေ စနစ်တစ်ရပ်လည်း လိုအပ်ပါသည်။ ယင်းဥပဒေစနစ်သည် ကုန်စည်ဖလှယ်မှု ပမာဏနှင့် ကုန်သွယ်မှုမှ ရရှိလာမည့် အကျိုးရလာဒ်များကို တိုးမြှင့်ပေးပြီး ထိုမှတဆင့် စီးပွားရေးတိုးတက်မှု မြှင့်တင်ပေးလိမ့်မည်။

ဥပဒေရေးရာစနစ်တွင် အခြားအရေးကြီးသည့် အလုပ်မှာ ပိုင်ဆိုင်ခွင့် (property rights) ကို ကာကွယ်ပေးခြင်း ဖြစ်သည်။ ကုန်သွယ်ရေးသည် ပိုင်ဆိုင်ခွင့် (property rights)တွင် မူတည်နေသောကြောင့် စီးပွားရေးတစ်ရပ် အောင်မြင်ဖို့ဆိုလျှင် ဥပဒေရေးရာစနစ်သည် ပိုင်ဆိုင်ခွင့်ကို ကာကွယ်ပေးနိုင်ရမည် ဖြစ်သည်။ ပိုင်ဆိုင်မှုဆိုသည်မှာ အဆောက်အဦးနှင့် မြေကွက်သို့ ရုပ်ဝတ္ထုပိုင်ဆိုင်မှုများအပြင် လုပ်အားဝန်ဆောင်မှုများ (labor services) နှင့် ဉာဏ ပိုင်ဆိုင်မှုတို့ ပါဝင်သည့် ကျယ်ပြန့်သည့် ဝေါဟာရဖြစ်သည်။ ပုဂ္ဂလိက ပိုင်ဆိုင်မှုတွင် ပါဝင်သည့် အရာ ၃ ခုမှာ (၁) သီးသန့်အသုံးပြုခွင့် (၂) ပိုင်ရှင်၏ ခွင့်ပြုချက် မပါပဲ ပိုင်ဆိုင်မှုကို အသုံးပြုရန် သို့မဟုတ် အလွဲ သုံးစားပြုမည့် ရန်မှ ဥပဒေကြောင်းအရ ကာကွယ်ပေးခြင်း (legal protection)၊ (၃) အခြားသူ တစ်ဦးထံ လွှဲပြောင်းနိုင်ခွင့် (ဖလှယ်ခွင့်) တို့ဖြစ်ကြသည်။

ပုဂ္ဂလိက ပိုင်ရှင်များသည် သူတို့ ပိုင်ဆိုင်မှုများ မည်သို့ အသုံးပြုမည်ကို ဆုံးဖြတ်နိုင်ပြီး အပြန်အလှန်အားဖြင့် သူတို့လုပ်ဆောင်သမျှ သူတို့ကိုယ်တိုင် တာဝန်ခံရသည်။ တရားဥပဒေသည် လူတို့၏ ကိုယ်ပိုင် ပိုင်ဆိုင်မှုကို ကာကွယ်သည့်နည်းတူ အခြားသူများ၏ ပိုင်ဆိုင်ခွင့်ကို ချိုးဖောက်ပါကလည်း အလားတူ တရားဥပဒေ အရေးယူဆောင်ရွက်ခံရမည် ဖြစ်သည်။ ဥပမာအားဖြင့် ပုဂ္ဂလိကပိုင်ဆိုင်ခွင့်အရ သင်၏ ကွန်ပြူတာ ဖန်သားပြင်အား ထုခွဲခြင်းမပြုရန် ကျွန်ုပ်ကို တားမြစ်ထားသည်။ အဘယ်ကြောင့်ဆိုသော် ထိုသို့ပြုလျှင် သင်၏ ကွန်ပြူတာပိုင်ဆိုင်ခွင့်ကို ကျွန်ုပ်က ချိုးဖောက်ရာ ရောက်မည်ဖြစ်သည်။ သင်၏ ခွင့်ပြုချက်မရှိဘဲ ကျွန်ုပ်က ဖြစ်စေ၊ အခြားမည်သူ တစ်ဦးတစ်ယောက် ဖြစ်စေ သင်၏ ကွန်ပြူတာအား အသုံးမပြုရန် သင့်ပိုင်ဆိုင်ခွင့် တားမြစ်ထားသည်။ အလားတူစွာ မိမိ၏ တူအပြင် အခြားပိုင်ဆိုင်မှုများကိုလည်း ကျွန်ုပ် ခွင့်မပြုချက်မရပဲ သင်နှင့် အခြားသူများကို သုံးစွဲခြင်းမှ တားမြစ်ထားသည်။

ပုဂ္ဂလိကပိုင်ဆိုင်မှုတွင် အရေးကြီးသည့်အချက်မှာ ပိုင်ဆိုင်မှုကြောင့် ဖြစ်ပေါ်လာမည့် မက်လုံးများ ဖြစ်သည်။ မက်လုံးများနှင့် ရှင်းလင်းစွာသတ်မှတ်ကာကွယ်ပေးထားသည့် ပုဂ္ဂလိက ပိုင်ဆိုင်မှု အခွင့်အရေးများသည် စီးပွားရေး တိုးတက်မှုကို တွန်းအား ပေးသည့် အဓိကအကြောင်းရင်း ၄ ခုရှိပါသည်။

***ပထမအနေဖြင့် ပုဂ္ဂလိကပိုင်ဆိုင်မှုသည် ပစ္စည်းများကို ကောင်းကောင်းမွန်မွန် ထိန်းသိမ်း စောင့်ရှောက်ရန် အားပေးသည်။*** ပုဂ္ဂလိက ပိုင်ရှင်များသည် သူတို့ ပိုင်ဆိုင်မှုကို မထိန်းသိမ်းလျှင်

သို့မဟုတ် တပါးသူမှ အလွဲသုံးစားလုပ်သည်ကို သို့မဟုတ် ဖျက်စီးသည်ကို ခွင့်လွှတ်ခဲ့လျှင် ပိုင်ဆိုင်မှုတန်ဖိုး လျော့ကျသွားစေမည် ဖြစ်သည်။ ဥပမာ သင်က ကားတစ်စီး ပိုင်ဆိုင်လျှင် အင်ဂျင်ပိုင်ဆီလဲရန်၊ ပုံမှန်ပြုပြင်ထိန်းသိမ်းရန်နှင့် ကားအတွင်းပိုင်းကို ကောင်းစွာထားရှိရန် မက်လုံးရှိပါသည်။ မည်သည့်အတွက်ကြောင့် ထိုသို့ ပြုပြင်ထိန်းသိမ်းရသလဲ။ အကြောင်းမှာ သင်အနေဖြင့် အမှုမဲ့အမှတ်မဲ့နေလျှင် သင်နှင့် လက်ဆင့်ကမ်းဂယ်မည့် အနာဂတ်ကားပိုင်ရှင်အတွက် ကားတန်ဖိုး ကျဆင်းလိမ့်မည်ဖြစ်သည်။ ကားကို ကောင်းမွန်စွာ ထိန်းသိမ်းထားနိုင်လျှင် သင်နှင့် သင့်ကား ဂယ်လာနိုင်သူများအတွက် ကားတန်ဖိုးရှိမည် ဖြစ်သည်။ ပိုင်ရှင်အတွက်မှာ အဆိုပါ ပိုင်ဆိုင်မှု ထိန်းသိမ်းမှုက ဈေးကွက်ပေါက်ဈေးကို ထင်ဟပ်ပေမည်။ ပစ္စည်း ထိန်းသိမ်းမှု ကောင်းခြင်းသည် အကျိုးအမြတ် ဖြစ်သော်လည်း ပစ္စည်းထိန်းသိမ်းမှု ညံ့ဖျင်း လျှင်မူ ပိုင်ဆိုင်မှု တန်ဖိုး ကျဆင်းစေမည်ဖြစ်သည်။

အစိုးရ သို့မဟုတ် လူတစ်စုက ပစ္စည်းဥစ္စာကို ဘုံပိုင်ဆိုင်သည့်အခါ အသုံးပြုသူ တစ်ဦးစီ၏ ဂရုစိုက်လိုစိတ်ကို အားပေးသည့် မက်လုံးသည် အားနည်းသွားတတ်သည်။ ဥပမာ အိမ်ရာ တစ်ခုကို အစိုးရက ပိုင်သည်ဆိုလျှင် တစ်ဦးချင်း သို့မဟုတ် အုပ်စုတစ်စုက အဆောက်အဦအား ထိန်းသိမ်း စောင့်ရှောက်စေမည့် ငွေကြေးအရ ခိုင်မာသောမက်လုံး မရှိတတ်ပေ။ အဘယ်ကြောင့်ဆိုသော် ထိုသူတို့သည် ယင်း၏တန်ဖိုး ကျဆင်းသွားလျှင် ငွေကြေးစိုက်ထုတ်ရန်မလိုအပ်သလို၊ တန်ဖိုး တက်လာလျှင်လည်း အကျိုးမခံစားရခြင်းကြောင့် ဖြစ်သည်။ ဤအချက်ကြောင့်လည်း ပုဂ္ဂလိက ပိုင်များနှင့် နှိုင်းယှဉ်လျှင် အစိုးရပိုင် အဆောက်အဦများက ထိန်းသိမ်းမှုညံ့ဖျင်းပြီး ပျက်စီးလွယ်သည်။ ယင်းကိစ္စမျိုးသည် ဈေးနှုန်းအချက်ပြမှုမရှိသည့် ဆိုရှယ်လစ်နိုင်ငံများနှင့် ဈေးကွက်မှ ဈေးနှုန်းဖြင့် အချက်ပြတတ်သည့် အရင်းရှင်နိုင်ငံများတွင်ပါ ဖြစ်ပေါ်တတ်သည်။ ဂရုစိုက်မှု၊ ထိန်းသိမ်းမှု၊ ပြုပြင်မှု နည်းပါးခြင်းသည် အစိုးရပိုင်များတွင် မက်လုံး အားမကောင်းခြင်းကြောင့် ဖြစ်သည်။ ယင်းသည် သက်ဝင်လှုပ်ရှားနေသော ဈေးကွက်စီးပွားရေး စနစ်တွင်ပင် ဖြစ်တတ်သည်။

***ဒုတိယအနေဖြင့် ပုဂ္ဂလိကပိုင်ဆိုင်မှုကြောင့် လူပုဂ္ဂိုလ်များသည် ပိုင်ဆိုင်မှုကို အကျိုးရှိရှိ အသုံးချလာစေသည်။*** လူပုဂ္ဂိုလ်တို့သည် မိမိတို့လုပ်အား အသီးအပွင့်များကို ကိုယ်ပိုင်အဖြစ် ရရှိခံစားနိုင်သည့်အခါ မိမိတို့၏ ကျွမ်းကျင်မှုများ တိုးတက်လာအောင်၊ အလုပ်ကြိုးစားလုပ်လာအောင်၊ ပါးပါးနပ်နပ်လုပ်ကိုင်လာစေရန် မက်လုံးကောင်းများ ရှိလာပြီဖြစ်သည်။ ယင်းလုပ်ရပ်များကြောင့် သူတို့၏ ဂင်ငွေကို တိုးလာစေပါသည်။ အလားတူ ရှာဖွေသလောက် စုဆောင်ထားနိုင်လျှင် လူပုဂ္ဂိုလ်တို့သည် သူတို့ပိုင်သော မြေ၊ အဆောက်အဦနှင့် အခြားသော ပိုင်ဆိုင်မှုများကို အကျိုးရှိရှိ အသုံးပြုလာမည်ဖြစ်သည်။

ပိုင်ဆိုင်မှု အခွင့်အရေးရှိခြင်းသည် ထုတ်လုပ်မှုကို တိုးပွားစေတတ်သည်ကို ယခင် ဆိုဗီယက် ပြည်ထောင်စု လယ်ယာလုပ်ငန်းက ပြသနေသည်။ ကွန်မြူနစ် အစိုးရအောက်တွင် အိမ်ထောင်စုများက ၁ ဧကသာ ကျယ်ဂန်းသည့် ၎င်းတို့ပိုင်မြေကွက်များတွင် စိုက်ပျိုးရရှိသည့် ကုန်စည်များကိုသာ သိမ်းဆည်းရောင်းချခွင့် ရခဲ့ကြသည်။ ယင်းကိုယ်ပိုင် မြေကွက်များက

စိုက်ပျိုးနေသည့် မြေအားလုံး၏ ၂ %သာ ဖြစ်ပြီး အခြား ၉၈ %မှာ ကြီးမားသည့် စုပေါင်းပိုင် လယ်ယာများ (collective owned farms) ဖြစ်ကြပြီး ယင်းမြေများနှင့် ထွက်ကုန်များကို အစိုးရကသာ ပိုင်ဆိုင်သည်။ ဆိုဗီယက်သတင်းဌာနများ၏ ထုတ်ပြန်ချက်အရ ဆိုဗီယက်နိုင်ငံ စိုက်ပျိုးရေးထွက်ကုန် စုစုပေါင်းတန်ဖိုး၏ လေးပုံတစ်ပုံမှာ ကိုယ်ပိုင်မြေများမှ ထွက်ကုန်များဖြစ်သည်။ ယင်းသည် ကိုယ်ပိုင်မြေများ၏ ၁ ဧကထွက်နှုန်းမှာ နိုင်ငံပိုင်မြေများ၏ ၁ ဧက ထွက်နှုန်းထက် ၁၆ ဆပိုကြောင်း ပြသနေပါသည်။

နိုင်ငံပိုင်မှ ပုဂ္ဂလိကပိုင်စနစ်သို့ ညင်သာစွာ ကူးပြောင်းလဲခြင်းက မက်လောက်သည့် ရလဒ်များကို ဖြစ်ပေါ်စေပါသည်။ ၁၉၇၈ ခုနှစ်တွင် တရုတ် ကွန်မြူနစ် အစိုးရက လယ်သမားများ အနေဖြင့် စုပေါင်း လယ်ယာမြေများမှ စိုက်ပျိုးရရှိသည့် ဆန်စပါးများအားလုံးတွင် နိုင်ငံတော်ထံ သတ်မှတ် ပမာဏ ပေးသွင်းပြီးနောက် ပိုလျှံသည့် ဆန်စပါးများကို ကိုယ်ပိုင်အဖြစ် သိမ်းဆည်းခွင့်ရှိသည့် မူဝါဒ တစ်ရပ်ကို စတင်ခဲ့သည်။ လက်တွေ့ ဆောင်ရွက်သည့်အခါတွင် အစိုးရက တရုတ်နိုင်ငံ အန်ဟွေ ပြည်နယ်ရှိ ရှောင်ကန်းရွာငယ်ရှိ လယ်သမားများကို ဂရုမစိုက်မိခဲ့ချေ။ ထိုရွာတွင် လယ်သမားများက လယ်ယာစိုက်ပျိုးရေးကို အခြားလယ်သမားများထံ တာဝန်ပေးအပ်ခဲ့ပြီး ရွာ၏ ခွဲတမ်းအရ နိုင်ငံတော်ထံ လယ်သမား တစ်ဦးစီက ဂေပုံကျ ပေးပြီး ပိုလျှံသော ထွက်ကုန်များကို သိုလှောင်ထားခဲ့ကြသည်။ အကျိုးဆက်က ရုတ်တရက် ထွက်ကုန် မြင့်မားလာခြင်း ဖြစ်သည်။ အမှန်တကယ် အလုပ်ဖြစ်သဖြင့် အစိုးရက "ပုဂ္ဂလိကပိုင်ပြုရေး"ကို ဗီလာသည့် တရားဝင် မူဝါဒကို လျစ်လျူရှုသည့်အခါ လက်တွေ့ ဆောင်ရွက်ချက်က တောမီးပမာ ပြန့်နှံ့ခဲ့ပြီး စိုက်ပျိုးရေး ထွက်ကုန် အလျင်အမြန် တိုးတက်စေခဲ့ကာ လယ်သမားများ အနေဖြင့်လည်း စိုက်ပျိုးရေးကို အခြေမခံသည့် စီးပွားရေး ကဏ္ဍများသို့ လွတ်လပ်စွာ ကူးပြောင်းသွားစေနိုင်ခဲ့သည်။[၄]

***တတိယအနေဖြင့် ပုဂ္ဂလိကပိုင်ရှင်များသည် အခြားသူများအတွက် အကျိုးရှိစေသည့် ပုံစံဖြင့် သူတို့၏ ပိုင်ဆိုင်မှုများကို ဖော်ထုတ်တတ်သည့် သဘောရှိသည်။*** ပုဂ္ဂလိက ပိုင်ဆိုင်သူများသည် ၎င်းတို့၏ ပိုင်ဆိုင်မှုများအား ဆန္ဒရှိသည့်အတိုင်း ဥပဒေအရ လုပ်ကိုင်ခွင့်ရှိသော်လည်း ယင်းပိုင်ဆိုင်မှုများအား အခြားပုဂ္ဂိုလ်များအတွက် တန်ဖိုး တက်စေခြင်းဖြင့် အကျိုးအမြတ် ရရှိနိုင်သည်။ အခြားသူများ စိတ်ဝင်စားလာအောင် သူတို့၏ ပိုင်ဆိုင်မှုကို ဖော်ဆောင်ကြလျှင် ယင်းပိုင်ဆိုင်မှုတန်ဖိုးလည်း မြင့်တက်လာပါလိမ့်မည်။ ဆန့်ကျင်ဘက်အားဖြင့် စားသုံးသူ သို့မဟုတ် အလားအလာရှိသည့် ဝယ်သူများ မနှစ်မြို့သည့် ပြင်ဆင်ပြောင်းလဲမှုများက ၎င်း၏ပိုင်ဆိုင်မှု တန်ဖိုးကို ကျဆင်းစေပါမည်။

ယာဉ်ရပ်နားနေရာများ၊ အဝတ်လျှော်စက်များ၊ အားကစားခန်းမ သို့မဟုတ် လုပသည့် မြက်ခင်းနှင့် ရေကူးကန်တို့ကို အဆောက်အဦအတွင်း ထားရှိရန် စိတ်မဝင်စားသော လူနေ တိုက်ခန်းတွဲ အဆောက်အဦ ပိုင်ရှင်တစ်ဦးအဖြစ် စဉ်းစားကြည့်ကြပါဆို့။ အကယ်၍ နေထိုင်သူများက ယင်းအရာများကို အလွန်အမင်းတန်ဖိုးထားကြပါက အခြားအဆောက်အဦပိုင်ရှင်များအနေဖြင့် ယင်းတို့ကို ပံ့ပိုးပေးကြမည်ဖြစ်ပြီး ယင်းပိုင်ရှင်သည်လည်း ထိုသို့ပံ့ပိုးပေးလျှင် အကျိုးရှိမည် ဖြစ်ပါသည်။ နေထိုင်သူများအနေဖြင့် အဆင်ပိုပြေလာကြသဖြင့် ယင်းပံ့ပိုးမှုများကြောင့် ပိုင်ရှင်

အနေဖြင့် ငှားရမ်းခဝင်ငွေ ပိုရလာပြီး တိုက်ခန်းများ၏ ဈေးကွက်တန်ဖိုးလည်း မြင့်တက်လာမည် ဖြစ်သည်။ တဖက်တွင် နေထိုင်သူ ကြိုက်တတ်သည်များကို မပံ့ပိုးပေးပဲ မိမိနစ်သက်သလိုသာ စီမံတတ်သည့် တိုက်ခန်းပိုင်ရှင်များသည် ဝင်ငွေနည်းပြီး တိုက်ခန်းတန်ဖိုးများမှာ ကျဆင်းသွားသည်ကို တွေ့ကြုံရမည်ဖြစ်သည်။

ကောလိပ်ကျောင်းသားများသည် အဘယ်ကြောင့် နာရီများစွာ လေ့လာဆည်းပူးလိုပြီး ပညာရေး ကုန်ကျစရိတ်များစွာကို သုံးစွဲလိုကြပါသနည်း။ ပုဂ္ဂိကဝန်ဆောင်မှုပိုင်း ပိုင်ဆိုင်မှုက အဖြေဖြစ်ပါသည်။ သူတို့သည် သူတို့ပေးမည့် လုပ်အားများများအပေါ် ပိုင်ဆိုင်မှုရရှိခံစားရမည့် အခွင့်အရေးကြောင့် ဖြစ်ပါသည်။ အများတန်ဖိုးထားကြသော အသိပညာ၊ အတတ်ပညာများ၊ ကျွမ်းကျင်မှုများ ပိုင်ဆိုင်ပါက အနာဂတ် ဝင်ငွေများစွာ ရရှိလာနိုင်သောကြောင့် ဖြစ်သည်။

***စတုတ္ထအနေဖြင့် ပုဂ္ဂလိက ပိုင်ဆိုင်ခွင့်ရှိခြင်းကြောင့် အရင်းအမြစ်များ သုံးစွဲရာတွင် အနာဂတ်ကာလ အတွက် မျှော်မှန်း၍ ဖော်ဆောင်ပြီး ထိန်းသိမ်းစောင့်ရှောက်မှုကိုလည်း ဖြစ်ပေါ်စေပါသည်။*** အရင်းအမြစ် သုံးစွဲခြင်းကြောင့် ဝင်ငွေရရှိလာစေပါသည်။ ဤဝင်ငွေသည် စားသုံးသူများ အရင်းအမြစ်များမှ လိုချင်သည်များကို ထင်ဟပ်စေသည့် ဆန္ဒများ၊ အသံများဖြစ်ပါသည်။ သို့သော် အနာဂတ် စားသုံးသူများသည်လည်း ပြောရေးဆိုခွင့်ရှိကြပါသည်။ ယင်းမှာ ပိုင်ဆိုင်မှု အခွင့်အရေး၏ ကျေးဇူး ဖြစ်ပါသည်။ တနည်းပြောရလျှင် ကြီးထွားလာမည့် သစ်ပင်များ၏ အနာဂတ်မျှော်မှန်းတန်ဖိုး (expected future value)သည် ထိန်းသိမ်းစောင့်ရှောက်မှု ကုန်ကျစရိတ်များ နှုတ်ယူပြီးသည့် တိုင်အောင် မျက်မှောက်ကာလတွင် ခုတ်ယူခြင်းထက် တန်ဖိုး ပိုရှိပါလိမ့်မည်။ ထို့ကြောင့် သစ်တောအား လုပ်ကိုင်ခွင့်ရထားသူတစ်ဦး၊ ပိုင်ဆိုင်သူတစ်ဦးက နောင်ကာလတွင် ခုတ်ယူပါက ပိုမိုအကျိုးရှိနိုင်မည်ဖြစ်၍ အနာဂတ်တွင် ခုတ်ယူနိုင်ရန်အလို့ငှာ ထိန်းသိမ်းစောင့်ရှောက်ရန် အာသီသ ရှိပါသည်။ ယင်းမှာ ပိုင်ဆိုင်သူက အနာဂတ် စားသုံးသူများ၏ ဝယ်လိုအားကို ဂရုစိုက်လာခြင်း ဖြစ်သည်။ ပုဂ္ဂလိက ပိုင်ဆိုင်သူများအနေဖြင့် လက်ရှိ ဝယ်လိုအားနှင့် အနာဂတ် ဝယ်လိုအားများကို ချိန်ညှိခြင်းဖြင့် ၎င်းတို့၏ ကြွယ်ဝချမ်းသာမှုကို တိုးပွားစေနိုင်သည်။

သုံးစွဲနိုင်သည့် အရင်းအမြစ်များ၏ အနာဂတ် မျှော်မှန်းတန်ဖိုးက လက်ရှိတန်ဖိုးထက် ပိုများသည့်အခါတိုင်း ပုဂ္ဂလိကပိုင်ရှင်များ အကျိုးရှိကြသည်။ အကျိုးအမြတ်များ ထွက်ပေါ်လာသည့် အခါ လက်ရှိပိုင်ရှင်မရှိတော့သည့်တိုင်အောင် အဆိုပါအချက်မှာ မှန်ကန်နေပါသည်။ အသက် ၆၅ နှစ်အရွယ် သစ်တောပိုင်ရှင်တစ်ဦးက ဒေါက်ဂလပ် ထင်းရှူးပင်ငယ်များအား ခုတ်လှဲသင့်၊ မသင့် ချိန်ဆနေသည် ဆိုပါစို့။ သစ်ပင်ကြီးထွားမှုနှင့်အတူ သစ်တောရှားပါးလာမှုကြောင့် အနာဂတ်တွင် သစ်ပင်များမှ ရရှိလာမည့် မျှော်မှန်းတန်ဖိုးသည် လက်ရှိတန်ဖိုးထက် ကျော်လွန်မည်ဟု တွက်ဆပါက နောင်အနာဂတ်အတွက် သစ်ပင်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် သစ်တောပိုင်ရှင်မှာ အကျိုး ရှိပါလိမ့်မည်။ ပိုင်ဆိုင်မှုများ လက်လွှဲလက်ပြောင်း ပြုလုပ်နိုင်သရွေ့ သစ်တောပိုင်ရှင်၏ မြေတန်ဖိုးမှာ သစ်ပင်များ ကြီးထွားသည်နှင့်အတူ သစ်ထုတ်လုပ်ချိန် နီးကပ်လာသည်နှင့်အမျှ မြင့်တက်လာပါလိမ့် မည်။ မူရင်းပိုင်ရှင် ကွယ်လွန်ပြီး အချိန်အတန်ကြာမှ သစ်ထုတ်လုပ်သည့်တိုင်အောင် သူ့နောက်

ဆက်ခံသော ပိုင်ရှင်များအနေဖြင့် (သစ်ပင်များအပါအဝင် မြေအား) ပိုများသော ဈေးဖြင့် ရောင်းချနိုင်ပါလိမ့်သည်။

သစ်ပင်များ၊ အရေးပါသည့် ဓာတ်သတ္တုများ သို့မဟုတ် အမျိုးမျိုးသော စွမ်းအင်သိုက်များ ကုန်ခမ်းသွားမည်ဟု အဆိုးမြင်သူများက ရာစုနှစ်များစွာ ငြင်းခုံပြောဆိုခဲ့ကြပါသည်။ သို့သော် ပုဂ္ဂလိက ပိုင်ဆိုင်မှုများ၏ အခန်းကဏ္ဍကို ထည့်မတွက်ခဲ့သောကြောင့် သူတို့သည် မှားပြီးရင်း မှားခဲ့ကြသည်။ အပျက်ဟောကိန်းများ ဖြစ်သည်။ ၁၆ ရာစုတုန်းက သစ်ကို စွမ်းအင် အရင်းအမြစ် အဖြစ် ကျယ်ပြန့်စွာ အသုံးပြုခဲ့သည် အင်္ဂလန်က သစ်တောကုန်ခမ်းသွားမည်ကို စိုးရိမ်ခဲ့ဖူးသည်။ သို့သော်လည်း သစ်ဈေး မြင့်တက်လာခြင်းကြောင့် သစ်တောများ ထိန်းသိမ်း စောင့်ရှောက်မှုကို အားပေးခဲ့ပြီး ကျောက်မီးသွေးထုတ်လုပ်မှု ဖြစ်ထွန်းစေခဲ့သည်။ သစ်ပြဿနာလည်း မကြာမီ ပပျောက်သွားခဲ့သည်။

အရင်းအမြစ်တစ်ခုက ပိုင်ဆိုင်မှု ကင်းမဲ့နေချိန်တွင်ပင် ဈေးကွက်သည် ပုဂ္ဂလိကပိုင်ဆိုင်မှု ရှိသည့် အခြားအရင်းအမြစ်များမှ ပြဿနာများကို မကြာခဏ ပြေလည်စေနိုင်ပါသည်။ ၁၉ ရာစု အလယ်တုန်းက အမေရိကန် ပြည်ထောင်စုသည် မီးထွန်းရန်အတွက် အဓိကလောင်စာအဖြစ် အသုံးပြုသည့် ဝေလငါးအဆီများ ပြတ်လပ်တော့မည်ဟု ဟောကိန်းများ ထွက်ပေါ်လာ ခဲ့သည်။ ပင်လယ်နက်များတွင် ဖမ်းဆီးကြသည့် ဝေလငါးများအား မည်သည့်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မျှ မပိုင်ဆိုင်ပေ။ ဝေလငါးအား ဖမ်းခွင့်ရချိန်တွင် မုဆိုးတစ်ဦးဦးသည် ဝေလငါးတစ်ကောင်ကို မဖမ်းဆီး ခဲ့လျှင်လည်း အခြားသူတစ်ဦးက တစ်ချိန်ချိန်တွင် ဖမ်းဆီးလိမ့်မည် ဖြစ်သည်။ ပုဂ္ဂလိက ပိုင်ဆိုင်မှု အခွင့်အရေး သီးသီးသန့်သန့် မရှိသောကြောင့် ဝေလငါးအဆီ ဈေးတက်လာသည့်အတွက် အနာဂတ် အတွက် ဝေလငါးများ ထိန်းသိမ်းစောင့်ရှောက်ရန် ငါးဖမ်းသမား တစ်ဦးချင်းစီအတွက် မက်လုံးမရှိပေ။ ထို့ကြောင့် မည်သည့်ငါးဖမ်းသမားမှ ဝေလငါး အကောင်ရေ လျော့ကျလာသည့်တိုင်အောင် ဝေလငါး ဖမ်းဆီးခြင်းကို မစောင့်ထိန်းခဲ့ကြချေ။ သို့သော် ဝေလငါးအဆီဈေးနှုန်း မြင့်တက်လာခြင်းကြောင့် အစားထိုး လောင်စာစွမ်းအင်များ ရှာဖွေရန် တွန်းအား ဖြစ်စေခဲ့သည်။ လုပ်ငန်းရှင်များအနေဖြင့် ဈေးနှုန်း ပိုမိုသက်သာသည့် စွမ်းအင်ရင်းမြစ် ဖော်ဆောင်နိုင်လျှင် မက်လောက်သောဝင်ငွေ ရှာဖွေနိုင် ပါမည်။ ယင်းမက်လုံးကြောင့် ဈေးသက်သာသည့် မီးအလင်းဆီ ဖော်ထုတ်လာနိုင်ပြီး ဝေလငါး အဆီဈေးကိုလည်း ကျဆင်းသွားစေပြီး ဝေလငါးရှားပါးလာမှု ပြဿနာလည်း ဖြေရှင်းပြီးသား ဖြစ်သွားပါသည်။

နောက်ပိုင်း ရေနံဆီကို ပြောင်းလဲသုံးစွဲသည့်အခါတွင်လည်း ဤအရင်းအမြစ်သည် ကုန်ခမ်းလာလိမ့်မည်ဟု ခန့်မှန်းချက်များ ပေါ်ထွက်လာပြန်သည်။ ၁၉၁၄ ခုနှစ်တွင် သတ္တုတွင်းများ ဗျူရို၏ အစီရင်ခံစာတွင် အမေရိကန်၏ စုစုပေါင်းရေနံဆီ ထုတ်လုပ်မှုပမာဏသည် စည်ပေါင်း ၆ ဘီလျံ နီးပါး ရှိသည်ဟု ထုတ်ပြန်ခဲ့သည်။ ယနေ့ခေတ် အမေရိကန် ပြည်ထောင်စုတွင် လပေါင်း ၄၀ အတွင်း ထုတ်လုပ်သည့် ပမာဏနှင့် ညီမျှသည်။ ၁၉၂၆ ခုနှစ်တွင်လည်း အမေရိကန်၏ ရေနံထုတ်လုပ်နိုင်မှုမှာ ၇ နှစ်စာသာ လက်ကျန်ရှိတော့သည်ဟု ဖယ်ဒရယ်ရေနံထိန်းသိမ်းရေးအဖွဲ့မှ ခန့်မှန်းခဲ့သည်။ ယင်း ခန့်မှန်းချက်ထုတ်ပြန်ပြီးနောက် ဆယ်စုနှစ်အနည်းငယ်အကြာတွင်လည်း

အမေရိကန်သည် နှစ် အနည်းငယ်အတွင်း ရေနံပြတ်လပ်တော့မည်ဟု ပြည်ထဲရေးဌာနမှ ခန့်မှန်းခဲ့ပြန်သည်။ ၁၉၇၀ ပြည့်နှစ်များအတွင်း ရောမကလပ်မှ ကမကထပြု လေ့လာမှု တစ်ရပ်ကလည်း အလားတူဟောကိန်းများ ထုတ်ပြန်ခဲ့သည်။

ပုဂ္ဂလိကပိုင်ဆိုင်မှုအခွင့်အရေးမှ ဖြစ်ပေါ်စေသော မက်လုံးများအကြောင်း နားလည်ပါက ယင်းအဆိုးမြင်ဟောကိန်းများ မှားယွင်းသည်ကို လွယ်ကူစွာ သိမြင်ပါလိမ့်မည်။ ပုဂ္ဂလိကပိုင် အရင်းအမြစ် ရှားပါးလာသည့်အခါ အရင်းအမြစ်ဈေးနှုန်း မြင့်တက်လာပါသည်။ ဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် စားသုံးသူများ၊ ထုတ်လုပ်သူများ၊ တီထွင်သူများနှင့် အင်ဂျင်နီယာများ အနေဖြင့် (၁) အရင်းအမြစ်များအား အသုံးချခြင်းကို ကန့်သတ်ပေးလိုက်ခြင်း၊ (၂) အစားထိုး အသုံးပြုစရာများ ကြိုးကြိုးစားစား ရှာဖွေလာစေခြင်း၊ (၃) အရင်းအမြစ်များ ရှာဖွေရေး နည်းလမ်း အသစ်များ ရှာဖွေဖော်ထုတ်လာစေခြင်း၊ သုံးစွဲပြီး အရင်းအမြစ် ပမာဏအများအပြားကို ပြန်လည် သုံးစွဲလာစေခြင်းတို့ကို ဖြစ်ပေါ်စေသည်။ ယနေ့ခေတ်ကာလအထိ ယင်းတွန်းအားစုများသည် အဆိုးမြင်ဟောကိန်းများကို ဝေးလွန်းလှသောအနာဂတ်အထိ ပို့ထားပြီးဖြစ်သည်။ ပုဂ္ဂလိက ပိုင်ဆိုင်ခွင့် ရှိသည့် အရင်းအမြစ်များနှင့်ပတ်သက်၍ တည်တံ့အောင် ဆက်လက်ကြိုးပမ်းလိမ့်မည်ဟု ယုံကြည်နိုင်စရာ ရှိပါသည်။၅

အချိန်ကြာလာသည်နှင့်အမျှ အရင်းအမြစ်များအား ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ အစားထိုး သုံးစွဲခြင်းနှင့် နည်းပညာအသစ်များ ထွက်ပေါ်လာခြင်း ဖြစ်စဉ်များသည် နောက်မျိုးဆက်များအထိ အရင်းအမြစ်များကို ထိန်းထားပေးနိုင်ပြီး အရင်းအမြစ်အသစ်များကိုလည်း ထွက်ပေါ်လာစေနိုင်သည်။ ဥပမာ နေရာများစွာတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ကို ကျောက်မီးသွေးဖြင့် အစားထိုး အသုံးပြုခဲ့သည်။ ထို့ကြောင့် အမေရိကန် ပြည်ထောင်စုတွင် လျှပ်စစ်ထုတ်လုပ်မှု၏ ၅၀% နီးပါးအထိ ကျောက်မီးသွေးကို အသုံးပြုဆဲဖြစ်သော်လည်း အမေရိကန်တွင် ထုတ်ယူသုံးစွဲစရာ မြေအောက် သယံဇာတ ထုနှင့်ထည်နှင့် ကျန်ရှိနေပါသေးသည်။ မိမိတို့တွင် စွမ်းအင်ထုတ်လုပ်မှုအတွက် ရွေးချယ် စရာများ ယခင်ထက် ပိုမိုများပြားနေပြီဖြစ်သည်။ မျက်မှောက်ကာလတွင် စွမ်းအင်ဈေးနှုန်းများ ထိုးတက်သွားပါက စွန့်ဦးတီထွင်လုပ်ငန်းရှင်များသည် လေအား၊ နေရောင်ခြည်စွမ်းအင်နှင့် နယူးကလီးယားစွမ်းအင်များကို အသုံးချ၍ စရိတ်သက်သက်သာသာဖြင့် လျှပ်စစ်ထုတ်လုပ်နိုင်မည့် နည်းလမ်းများ ရှာဖွေလာကြမည်ကို တွေ့မြင်ရမည် ဖြစ်သည်။ ထိုနည်းတူစွာပင် ဂယ်သူအချို့ သို့မဟုတ် ရောင်းသူအချို့ကို အခြားသော ဂယ်သူ၊ ရောင်းသူများ၏ ယှဉ်ပြိုင်မှုမှ ကာကွယ်ပေးထား သော ဥပဒေစည်းမျဉ်းများကို ဖြေလျော့ပြီး ယှဉ်ပြိုင်မှုကို မြှင့်တင်ပေးသည့်အခါ ကုန်ကျစရိတ် ကြီးသည့် အရင်းအမြစ်သုံးစွဲမှုများကို သက်သာလာအောင် လျော့ချပေးသည်။ ထို့အပြင် လူ့အဖွဲ့အစည်း အတွက် ပိုမိုအသုံးဝင်၊ တန်ဖိုးရှိသော အရင်းအမြစ်များကိုလည်း ပိုမိုထုတ်လုပ်၊ သုံးစွဲရန် ကြိုးပမ်းလာစေမည် ဖြစ်သည်။

ပိုင်ဆိုင်မှု အခွင့်အရေးများ ကာကွယ်ပေးပြီး လုပ်ငန်းသဘောတူစာချုပ်များကို မျှတစွာ ထိန်းကြောင်းပေးသည့် ဥပဒေစနစ်တစ်ခုသည် ငွေရင်းဖြစ်ပေါ်မှုနှင့် ကုန်သွယ်မှုမှ အကျိုးအမြတ် ရရှိမှုတို့အတွက် အခြေခံအုတ်မြစ် (ဂ) အကြောင်းရင်းခံများဖြစ်သည်။ တစ်ဖက်တွင်

ပိုင်ဆိုင်မှုအာမခံချက် မရှိခြင်း၊ သဘောတူညီချက်များအား ရေရေရာရာ ကြပ်မတ်ထိန်းကြောင်းမှုမရှိခြင်း၊ ဥပဒေချမှတ်ရာတွင် ဘက်လိုက်မှုခြင်းတို့သည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးမှရရှိလာမည့် အကျိုးကျေးဇူးများကိုပါ ထိခိုက်နစ်နာစေသည်။ သမိုင်းစဉ်တလျှောက်တွင် လူသားတို့သည် အကြီးစား သမဂ္ဂါယမစနစ်၊ ဆိုရှယ်လစ်စနစ်နှင့် ကွန်မြူနစ်စနစ်ကဲ့သို့သော ပိုင်ဆိုင်မှုပုံစံများကို ကြိုးစားခဲ့ကြဖူးသည်။ ယဉ်ကျေးမှု ဟန်ချက်ညီညီ ရှိသည့် ဇနပုဒ်လေး မှလွဲ၍ ကျရှုံးမှုများ ကမောက်ကမများဖြင့် တွေ့ကြုံခဲ့ကြရသည်။ ယနေ့ထိ တိုင်အောင် တရားဥပဒေစိုးမိုးမှု ဘောင်အတွင်းမှ ခွင့်ပြုသော ပုဂ္ဂလိကပိုင်ဆိုင်မှုကဲ့သို့ ထိထိရောက်ရောက်နှင့် အကျိုးရှိရှိဖြင့် အရင်းအမြစ်များကို အသုံးချ၍ ပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ လွတ်လပ်မှုနှင့် အခြားသူများ၏ အကျိုးကို ရွက်ဆောင်စေသော မည်သည့် လုပ်နည်းလုပ်ဟန် (institutional arrangement) ကိုမျှ မတွေ့ရသေးပေ။

**၂။ အပြိုင်အဆိုင်ဈေးကွက်များ - ပြိုင်ဆိုင်မှုသည် အရင်းအမြစ်များကို အကျိုးရှိစွာ အသုံးချလာစေပြီး ပိုမိုကောင်းမွန်သည့် တီထွင်ကြံဆမှုများ ဖြစ်ပေါ်လာအောင်လည်း အစဉ်တစိုက် လှုံ့ဆော်ပေးလေ့ရှိသည်။**

> *ပြိုင်ဆိုင်မှုသည် စက်မှုကုန်ထုတ်စွမ်းရည် (industrial efficiency)အား စဉ်ဆက်မပြတ် တိုးတက်လာအောင် အားပေးသည်။ ထုတ်လုပ်သူများအနေဖြင့် အခြားသူများထက် အပြိုင်အဆိုင်ဈေးလျှော့ရောင်းချလာနိုင်ရန်အတွက် အလေအလွင့်များ လျှော့ချလာအောင်၊ ကုန်ကျစရိတ် လျော့နည်းလာအောင် ကြိုးပမ်းစေသည်။ စရိတ်မလျှော့ချနိုင်သည့် ထုတ်လုပ်သူများကို ကွယ်ပျောက်သွားစေပြီး ထုတ်လုပ်မှုစရိတ် လျှော့ချနိုင်သူတို့ကိုသာ ထုတ်လုပ်ရောင်းချစေသည်။* [၆]
>
> — စီလိုင်ယာ ဂီလ်ကော့စ် (C LAIR WILCOX)

ဈေးကွက်တံခါးဖွင့်ထားပြီး အခြားရောင်းချသူများကိုလည်း လွတ်လပ်စွာ ဝင်ရောက် ယှဉ်ပြိုင်နိုင်သည့် အခါ ပြိုင်ဆိုင်မှု ဖြစ်ပေါ်လာသည်။ ပြိုင်ဆိုင်မှုသည် ဈေးကွက်စီးပွားရေးစနစ်၏ အသက်သွေးကြောဖြစ်သည်။ ပြိုင်ဘက်လုပ်ငန်းများက ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့်ဒေသတပိုက်၊ ပြည်တွင်းနှင့် ကမ္ဘာ့ဈေးကွက်များတွင် ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ဆိုင်မှု ဖြစ်စဉ်ကြောင့် ကုန်ထုတ်လုပ်သူအသီးသီးအား စားသုံးသူအကြိုက် ထုတ်လုပ်ရောင်းချရန်နှင့် အကျိုးရှိရှိထုတ်လုပ်ရန် တွန်းအားပေးသည်။ ညံ့ဖျင်းသည့် ထုတ်လုပ်သူများကို ဈေးကွက်မှ ဖယ်ရှားပေးသည်။ စားသုံးသူအား အရည်အသွေးကောင်းမွန်သော ကုန်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် မရောင်းချနိုင်သည့် လုပ်ငန်းများသည် အရှုံးပေါ်မည်ဖြစ်ပြီး စီးပွားရေးလောကမှ ဖယ်ရှားခံရမည်ဖြစ်သည်။ အောင်မြင်သည့်လုပ်ငန်းများသည် ပြိုင်ဘက်များထက် သာလွန်ကောင်းမွန်အောင် စွမ်းဆောင်နိုင်သူများ ဖြစ်ရမည်။ ထုတ်ကုန်အရည်အသွေး၊ ဒီဇိုင်း၊ ဝန်ဆောင်မှု၊ ကောင်းမွန်သည့် လုပ်ငန်းနေရာ၊ ကြော်ငြာ၊ ဈေးနှုန်းများ

အပါအဝင် နည်းမျိုးစုံဖြင့် ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ဘက်လုပ်ငန်းများကလည်း ထုတ်လုပ်ရောင်းချနိုင်လျှင် စားသုံးသူများအား သက်သက်သာသဖြင့် သုံးစွဲမှုတန်ဖိုးအများဆုံး ပေးနိုင်အောင် အစဉ်တစိုက် ဆောင်ရွက်နိုင်ရမည်ဖြစ်သည်။

မက်ဒေါနယ် (Mc Donald)၊ ဝေါလ်မတ် (Wal Mart)၊ ဂျင်နရယ်မော်တာ (General Motor) သို့မဟုတ် အခြား စီးပွားရေး လုပ်ငန်းများ အနေဖြင့် ဈေးနှုန်း တင်ခြင်း၊ အညံ့စား ထုတ်ကုန်များ ရောင်းချခြင်းနှင့် အပေါစား ဝန်ဆောင်မှု ပေးခြင်းမှ မည်သည့်အရာက ဟန့်ထားပေးနိုင်သနည်း။ အကယ်၍ မက်ဒေါ်နယ်က ချိုသာသည့် ဈေးနှုန်းဖြင့် အရသာရှိသော အသားညှပ်မုန့်ကို ဖော်ရွေပျူငှာစွာ မရောင်းချနိုင်ပါက စားသုံးသူများသည် ဘာဂါကင်း (Burger King)၊ ဝင်ဒီ (Wendy)၊ ဆပ်ဝေး (Subway)၊ တာကိုဘဲလ် (Taco Bell)နှင့် အခြားသောပြိုင်ဘက်များထံ ပြောင်းပြီး အားပေးကြပေလိမ့်မည်။ အကြီးဆုံးသော လုပ်ငန်းများပင် ဈေးနှုန်းချိုသာပြီး ပိုကောင်းသည့် ကုန်ပစ္စည်းများ ရောင်းချသည့် တက်သစ်စ လုပ်ငန်းငယ်များအား စားသုံးသူများ ဆုံးရှုံးသွားမည်ဖြစ်သည်။ ဥပမာ ဆီးယား (Sears) သည် အကြီးစားလက်လီစတိုးဆိုင်ကြီး ဖြစ်နေသည့် အချိန်တုန်းက ဝေါလ်မတ်သည် အာကန်ဆောပြည်နယ်ရှိ အရေအတွက် အနည်းငယ်မျှသာရှိသော စတိုးဆိုင်ငယ်လေးမျှသာ ဖြစ်သည်။ သို့သော် ယခုအခါ ဝေါလ်မတ်သည် ကမ္ဘာ့အကြီးဆုံး လက်လီ ရောင်းချသူဖြစ်ပြီး ဆီးယား၏ ရောင်းအားက မပြောပလောက်တော့ပေ။ တိုယိုတာ၊ ဂျင်နရယ် မော်တာနှင့် ဖို့ဒ်ကဲ့သို့ ကြီးမားသည့် လုပ်ငန်းများသည်လည်း လူအများလိုချင်သည့် ယာဉ်အမျိုးအစားများကို ဈေးနှုန်းအပြိုင်အဆိုင်ဖြင့် ထုတ်လုပ်ရန် နောက်ကျကျန်ခဲ့မည်ဆိုလျှင် ဟွန်ဒါ၊ ဟွန်ဒိုင်း၊ ဗော့စ်ဝေဂွန်နှင့် အခြားသော မော်တော်ကား ထုတ်လုပ်သူများဆီသို့ စားသုံးသူများ လက်လွှတ် ဆုံးရှုံးရပေမည်။

ပြိုင်ဆိုင်မှုသည် ပိုကောင်းသော ကုန်ပစ္စည်းများ ထုတ်လုပ်ရန်နှင့် စရိတ်ကျဉ်း ထုတ်လုပ်နည်းစနစ်များ ရှာဖွေရန် လုပ်ငန်းများအတွက် မက်လုံးကောင်းများ ဖြစ်စေသည်။ နည်းပညာနှင့် ဈေးနှုန်းများက စဉ်ဆက်မပြတ် ပြောင်းလဲနေသောကြောင့် စားသုံးသူများသည် မည်သို့သော ကုန်ပစ္စည်းများ လိုချင်မည် သို့မဟုတ် မည်သည့် ကုန်ထုတ်လုပ်မှု နည်းစနစ်များသည် တစ်ခုချင်းထုတ်လုပ်မှုကုန်ကျစရိတ်ကို လျှော့ချနိုင်မည်ကို မည်သူကမျှ အတိအကျ မသိချေ။ ပြိုင်ဆိုင်မှုက ယင်းအဖြေအား ကူရှာပေးပါသည်။ အင်တာနက်မှ ဈေးကွက်ရှာဖွေရောင်းချခြင်းသည် ကုန်တိုက်ကြီးများ ပေါ်ပြီးနောက်ပိုင်း လက်လီရောင်းချမှုတွင် အကြီးမားဆုံး စိတ်ကူးစိတ်သန်း ဖြစ်ပါသလား။ သို့မဟုတ် အဆုံးသတ်တွင် ပျောက်ကွယ်သွားမည့် အိပ်မက်တစ်မျိုးများလား။ ဈေးကွက်အလိုက် ကွဲပြားပြီး အချိန်နှင့်အမျှ ပြောင်းလဲနေသည့် ယင်းမေးခွန်းများအား ပြိုင်ဆိုင်မှုက အဖြေထုတ်ပေးပါလိမ့်မည်။

ဈေးကွက်စီးပွားရေးစနစ်တွင် စွန့်ဦးတီထွင်သူများသည် လွတ်လပ်စွာ တီထွင်ကြံဆနိုင်ကြသည်။ သူတို့သည် လိုနေသည့် ရံပုံငွေများ ထည့်ဝင်လိုသည့် (အများအားဖြင့် သူတို့ကိုယ်တိုင်အပါအဝင်) ရင်းနှီးမြှုပ်နှံသူများသာ လိုအပ်ကြသည်။ ဗဟိုမှ ဦးစီး၍ စီမံကိန်းရေးဆွဲသူများ၊ ဥပဒေပြုအမတ်အများစုနှင့် ပြိုင်ဘက် လုပ်ငန်းများ၏ အတည်ပြုချက်

မလိုအပ်ပေ။ သို့သော်ငြားလည်း ပြိုင်ဆိုင်မှုသည် စွန့်ဦးတီထွင်သူများ၏ စိတ်ကူးကို စားသုံးသူများက မှတ်ကျောက်တင် စစ်ဆေးမည် ဖြစ်သောကြောင့် စွန့်ဦးတီထွင်သူများနှင့် ၎င်းတို့ကို ပံ့ပိုးပေးသည့် ရင်းနှီးမြှုပ်နှံသူများအား တာဝန်ခံစေပါသည်။ ပေးရသည့်စျေးနှုန်းနှင့်ချိန်ထိုးကြည့်လျှင် တီထွင်ကြံဆမှုအသစ်သည် စားသုံးသူများအတွက် တန်ဖိုးရှိလျှင် လုပ်ငန်းသစ်တစ်ခုသည် အကျိုးအမြတ်ရရှိပြီး ကြီးပွားလာမည်ဖြစ်သည်။ သို့သော် ကုန်ပစ္စည်းသစ်က ကျသင့်သလောက် ထိုက်တန်မှု မရှိကြောင်း စားသုံးသူက မှတ်ယူလျှင် လုပ်ငန်းသစ်သည် အရှုံးပေါ်ပြီး ကျဆုံးသွားမည်ဖြစ်သည်။ စားသုံးသူများသည်သာ လုပ်ငန်း၏ တီထွင်ကြံဆမှုများနှင့် စွမ်းဆောင်ရည်များအပေါ် အကြွင်းမဲ့ အဆုံးအဖြတ်ပေးသည့် တရားသူကြီးများ ဖြစ်သည်။

ပြိုင်ဆိုင်မှု နယ်ပယ်တွင် ဆက်လက်ရှင်သန်လိုသည့် ထုတ်လုပ်သူများမှာ မိမိကိုယ်ကို ကျေနပ်နေ၍ မရပေ။ ယနေ့ အောင်မြင်နေသည့် ကုန်ပစ္စည်းသည် မနက်ဖြန်တွင် စိန်ခေါ်မှုနှင့် ရင်ဆိုင်ကြုံတွေ့လာနိုင်သည်။ အပြိုင်အဆိုင်စျေးကွက်တစ်ခုတွင် အောင်အောင်မြင်မြင် ရပ်တည်နိုင်ရန်အတွက် လုပ်ငန်းများသည် အသစ်ဖြစ်ပေါ်တိုးတက်လာသော စိတ်ကူးစိတ်သန်းများကို ခန့်မှန်းခြင်း၊ ဖော်ထုတ်သတ်မှတ်ခြင်းနှင့် အလျင်အမြန် ချိန်ညှိသုံးစွဲခြင်းတို့တွင် အားကောင်းရမည် ဖြစ်သည်။

ထို့ပြင် ပြိုင်ဆိုင်မှုကြောင့် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု၏ ပျမ်းမျှ ထုတ်လုပ်စရိတ်ကို အကောင်းဆုံး လျှော့ချပေးနိုင်သည့် လုပ်ငန်းတည်ဆောက်ပုံနှင့် လုပ်ငန်းအရွယ်အစားကိုလည်း ရှာဖွေတွေ့ရှိလာနိုင်စေသည်။ အခြားစီးပွားရေး စနစ်များနှင့် မတူညီသည်မှာ စျေးကွက်စီးပွားရေး စနစ်သည် မည်သည့်လုပ်ငန်းအမျိုးအစားကိုမဆို ပြိုင်ဆိုင်မှုမှ ပထုတ်ထားခြင်းမရှိပေ။ ထို့ပြင် မည်သည့် စီးပွားရေးအဖွဲ့အစည်း ပုံစံမျိုးကိုမဆို ခွင့်ပြုထားသည်။ ကိုယ်တိုင် လုပ်ကိုင်သည့်လုပ်ငန်း၊ အစုစပ်လုပ်ငန်း၊ ကော်ပိုရေးရှင်း၊ ဝန်ထမ်းများပိုင်ဆိုင်သည့် လုပ်ငန်း၊ စားသုံးသူ သမဂ္ဂ၊ အစုအဖွဲ့ သို့မဟုတ် အခြားသော မည်သည့်စီးပွားရေးလုပ်ငန်းမျိုးမဆို စျေးကွက်သို့ လွတ်လပ်စွာ ဝင်ရောက်နိုင်ပါသည်။ အောင်မြင်မှုရရန် ကုန်ကျစရိတ်သက်သာမှုဆိုသည့် စစ်ဆေးမှုကို ခံယူရမည် ဖြစ်သည်။ ကော်ပိုရေးရှင်းတစ်ခု ဖြစ်စေ၊ ဝန်ထမ်းများပိုင်ဆိုင်သည့် လုပ်ငန်းတစ်ခု ဖြစ်စေ စီးပွားရေး လုပ်ငန်းတစ်ခုသည် သင့်တင့်မျှတသည့် စျေးနှုန်းဖြင့် အရည်အသွေးရှိ ကုန်ပစ္စည်းများ ထုတ်လုပ်လျှင် ၎င်းလုပ်ငန်းသည် အမြတ်အစွန်းရပြီး အောင်မြင်မည် ဖြစ်သည်။ သို့သော် ၎င်း၏ ဖွဲ့စည်းပုံက အခြား စီးပွားရေးအဖွဲ့အစည်း ပုံစံများထက် ကုန်ကျစရိတ် မြင့်မားနေလျှင် ပြိုင်ဆိုင်မှုက ၎င်းကို စျေးကွက်မှ ထုတ်ပယ်ပါလိမ့်မည်။

လုပ်ငန်းအရွယ်အစားကလည်း အလားတူပင်ဖြစ်သည်။ ဥပမာ လေယာဉ်နှင့် ကားများ ထုတ်လုပ်သည့် ကုမ္ပဏီများသည် အများအပြားထုတ်လုပ်ခြင်း၏ ကုန်ကျစရိတ် အားသာချက်ကို (economies of scale) အပြည့်အဝကို ရရှိရန် အရွယ်အစား ကြီးမားရမည် ဖြစ်သည်။ ကားတစ်စီးချင်း ထုတ်လုပ်ခြင်းသည် ကုန်ကျစရိတ် အလွန်များပြားပါသည်။ သို့သော် ကားအစီးရေ ထောင်ပေါင်းများစွာသော ထုတ်လုပ်ခြင်းဖြင့် ပုံသေကုန်ကျစရိတ်များသည် ကားအစီးရေများအကြား မျှဝေကုန်ကျသွားသဖြင့် တစ်စီးချင်း ပျမ်းမျှထုတ်လုပ်မှု စရိတ်သည် သိသိသာသာ

လျော့နည်းသွားနိုင်သည်။ သဘာဝအားဖြင့် စားသုံးသူများသည် ကုန်ပစ္စည်းများ စရိတ်ကျဉ်းကျဉ်းဖြင့် ထုတ်လုပ်ပြီး စျေးနှုန်းချိုသာစွာ ရောင်းချနိုင်သည့် လုပ်ငန်းများထံမှသာ ဝယ်ယူလိုကြသည်။ ယင်းသို့သော လုပ်ငန်းစုများတွင် အသေးစားလုပ်ငန်း အများစုသည် နောက်ဆုံးတွင် စျေးကွက်မှ ထွက်ခွာသွားရတတ်သည်။

သို့သော် အခြားဖြစ်ရပ်များတွင် တစ်ဦးချင်းပိုင် လုပ်ငန်းများ သို့မဟုတ် အစုစပ် လုပ်ငန်းများအဖြစ် ဖွဲ့စည်းထားသည့် လုပ်ငန်းငယ်များသည် ကုန်ကျစရိတ် (ဂါ) စရိတ်စက ပိုနည်းတတ်သည်။ ဝယ်ယူသူတစ်ဦးချင်းလိုအပ်ချက်အလိုက် စိတ်တိုင်းကျပေးသော ဝန်ဆောင်မှု (personalized service) နှင့် ဝယ်ယူသူအတွက် အံဝင်ခွင်ကျစီစဉ်ပေးသော ကုန်ပစ္စည်းများ (individualized products) ကို စားသုံးသူများက အလွန်အမင်း တန်ဖိုးထားသည့် အခါမျိုးတွင် လုပ်ငန်းကြီးများအဖို့ ယှဉ်ပြိုင်ရန် ခက်ခဲတတ်သည်။ ထို့ကြောင့် ဥပဒေနှင့် ဆေးကုသရေး လုပ်ငန်းများ၊ ပုံနှိပ်ဆိုင်များနှင့် ဆံကေသာ အလှပြင်ဆိုင်များသည် များသောအားဖြင့် လုပ်ငန်းငယ်များ ဖြစ်တတ်ကြသည်။ စျေးကွက်စီးပွားရေးစနစ်သည် လုပ်ငန်းအမျိုးအစားနှင့် အရွယ်အစားကို ရွေးချယ်ရာတွင် ထုတ်လုပ်သူများနှင့် စားသုံးသူများအကြား ကုန်ကျစရိတ် စဉ်းစားချက်နှင့် ထုတ်လုပ်သူ၊ စားသုံးသူအကြား အပြန်အလှန် ဆက်ဆံရေးတို့ဖြင့် သတ်မှတ်စေသည်။

ပြိုင်ဆိုင်မှုသည် စီးပွားရေးလုပ်ငန်း၏ ဘက်တော်သားတော့ မဟုတ်ပေ။ လုပ်ငန်းများသည် ပြိုင်ဆိုင်မှုကို နှစ်ခြိုက်လေ့မရှိပဲ ပုံမှန်အားဖြင့် သူတို့အား ပြိုင်ဆိုင်မှုမှ ကာကွယ်ပေးမည့် မူဝါဒများ ချမှတ်ပေးရန် တောင်းဆိုတတ်ကြသည်။ သို့သော်လည်း အမြတ်နည်းနည်းသာကျန်စေသော ပြိုင်ဆိုင်မှုကြောင့် လုပ်ငန်းများကို စျေးနှုန်းသက်သာပြီး ပိုကောင်းသည့် ကုန်စည်များနှင့် ဝန်ဆောင်မှုများ ဖြစ်စေသည့် စွန့်ဦးတီထွင်မှု လုပ်ရပ်များသို့ ဦးတည်ပေးတတ်သည်။ ဆန့်ကျင်ဘက်အားဖြင့် စျေးကွက်တွင်း ဝင်ရောက်ယှဉ်ပြိုင်မှုကို ကန့်သတ်ပြီး အချို့လုပ်ငန်းများကို မျက်နှာသာပေးတတ်သည့် အစိုးရ၏မူဝါဒများသည် ပြိုင်ဆိုင်မှုဖြစ်စဉ်နှင့် စီးပွားရေးတိုးတက်မှုကို အဟန့်အတား ဖြစ်စေသည်။

ပြိုင်ဆိုင်မှုက ကိုယ်ကျိုးစီးပွားကို ချိုးနှိမ်ပေးပြီး လူ့အဖွဲ့အစည်း၏ လူနေမှုအဆင့်အတန်းကို မြှင့်တင်ပေးတတ်သည်။ အဒမ်စမစ်က "နိုင်ငံများ၏ ဥစ္စာဓနေ"တွင် ဖော်ပြထားသည်မှာ -

> *မိမိတို့ ညစာသည် သားသတ်သမား၊ သေရည်ချက်လုပ်သူ သို့မဟုတ် မုန့်ဖုတ်သူတို့၏ ရက်ရောမှုကြောင့် ဖြစ်ပေါ်လာခြင်း မဟုတ်ပဲ သူတို့၏ အကျိုးစီးပွားရှာမှုကြောင့် ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ မိမိတို့သည် သူတို့၏ လူသားဆန်မှုကို အာရုံမစိုက်ပဲ သူတို့ကိုယ်သူတို့ ချစ်မြတ်နိုးမှုကိုသာ အာရုံစိုက်သည်။ မိမိတို့သည် ကိုယ့်လိုအပ်ချက်များ မည်သည့်အခါမှ မပြောပဲ သူတို့အတွက် မည်သည့်အကျိုးအမြတ်ရှိသည်ကိုသာ ပြောသည်။ ၇*

ဂိရောဓိဖြစ်ဖွယ်ရှိသော်လည်း အပြိုင်အဆိုင်လုပ်ဆောင်ရသော ကိုယ်ကျိုးစီးပွားရှာမှုသည် စီးပွားရေးတိုးတက်မှုအတွက် အားကောင်းသည့် တွန်းအားတစ်ခု ဖြစ်သည်။ ကုန်ပစ္စည်းများ၊

နည်းပညာများ၊ ဖွဲ့စည်းပုံနည်းစနစ်များနှင့် စီးပွားရေးလုပ်ငန်းများအကြား တရစပ် ပြိုင်ဆိုင်မှုသည် ညံ့ဖျင်းသူများကို ဖယ်ရှားပြီး အရည်အသွေး ပိုမိုကောင်းမွန်သော ထုတ်ကုန်များနှင့် နည်းပညာသစ်များကို စဉ်ဆက်မပြတ် ရှာဖွေတွေ့ရှိစေသည်။ နည်းစနစ်သစ်များက အရည်အသွေးကို တိုးတက်စေပြီး ထုတ်လုပ်မှုစရိတ် ကျဆင်းစေသည့်အခါ ယင်းတို့သည် အရှိန်အဟုန်ဖြင့် ကြီးထွားလာပြီး နည်းစနစ်ဟောင်းများကို အစားထိုးလိုက်သည်။ အတိတ်သမိုင်းကြောင်း တလျှောက်တွင် အဆိုပါဥပမာများနှင့် ပြည့်နှက်နေပါသည်။ ကားများက မြင်းနှင့် ရထားလုံးကို လည်းကောင်း၊ စူပါမားကက်များက မိသားစုကုန်စုံဆိုင်များကို အစားထိုးခဲ့သည်။ မက်ဒေါ်နယ်နှင့် ဝင်ဒီတို့ကဲ့သို့ အလွယ်စားစရာဆိုင်များ တွင်ကျယ်လာပြီး ဒေသန္တရ စားသောက်ဆိုင်များကို အစားထိုးခဲ့သည်။ အခြားလက်လီ ရောင်းချသူများက နည်းပါးလာပြီး ဝဒ် (Ward's) ကဲ့သို့ လုပ်ငန်းများက ဈေးကွက်မှ မောင်းထုတ်ခံရစဉ်တွင် ဝေါလ်မတ်နှင့် တားဂက်တို့မှာ အလျင်အမြန် နေရာယူလာကြသည်။ ယခင်က ကက်ဆက်များနှင့် အသံသွင်းစက်များကို အစားထိုးခဲ့သည့် စီဒီစက်များနေရာတွင် MP3 နှင့် အိုင်ပေါ့များက အစားဝင်လာသည်။ တစ်ကိုယ်ရေသုံး ကွန်ပြူတာများက လက်နှိပ်စက်များကို အစားထိုးခဲ့ပြီး စမတ်ဖုန်းများက တစ်ကိုယ်ရေသုံး ကွန်ပြူတာများကို အစားထိုးခဲ့ပြန်သည်။ အလားတူ ဥပမာများက တစ်ခုပြီး တစ်ခု ဖြစ်ပေါ် နေသည်။ မဟာ စီးပွားရေး ပညာရှင် ဂျိုးစက် ရှွန်းပီတာ (Joseph Schumpeter) က ဤသို့ တရစပ် ပြိုင်ဆိုင်မှုကို တီထွင်မှုဖျက်အား (creative destruction) ဟု ကင်ပွန်းတပ်ခဲ့ပြီး စီးပွားရေး တိုးတက်မှု၏ ပင်မကျောရိုး ဖြစ်သည်ဟု ပြောဆိုသွားခဲ့သည်။ သူပြောတာ အမှန်ပင်ဖြစ်သည်။

**၃။ အစိုးရစည်းမျဉ်းများအပေါ် အကန့်အသတ် ထားရှိခြင်း - ကုန်သွယ်မှုအား လျှော့ချသည့် ထိန်းကြောင်းရေးမူဝါဒများသည် စီးပွားရေး တိုးတက်မှုပါ နှေးကွေးစေသည်။**

ကျွန်တော်တို့ မှတ်သားထားသည့်အတိုင်း ကုန်သွယ်မှုသည် လူမှုအကျိုးစီးပွားကို ဖြစ်ထွန်းစေပါသည်။ အစိုးရများက ကုန်သွယ်ရေးလမ်းကြောင်းမှ ပူးပေါင်းဆောင်ရွက်မှုကို ကန့်သတ်သည့်အခါ စီးပွားရေး တိုးတက်မှုကို နှေးကွေးစေပါသည်။ အစိုးရများသည် နည်း ၃ သွယ်ဖြင့် ကုန်သွယ်ရေးကို လျှော့ချတတ်သည်။

***ပထမအနေဖြင့် စီးပွားရေး လုပ်ငန်းများနှင့် အလုပ်အကိုင်အမျိုးမျိုးသို့ ဝင်ရောက်မှုကို ကန့်သတ် သည့် စည်းမျဉ်းများ သတ်မှတ်ပြဌာန်းသည်။*** ထိုနိုင်ငံများတွင် စီးပွားရေးလုပ်ငန်း တစ်ခု သို့မဟုတ် ဝန်ဆောင်မှုတစ်ခု စတင်လုပ်ကိုင်မည်ဆိုလျှင် လုပ်ကိုင်လိုသူသည် လိုင်စင်ရယူခြင်း၊ ပုံစံများ ဖြည့်စွက်ခြင်း၊ အစိုးရဌာန များစွာမှ ခွင့်ပြုချက်များ ရယူခြင်း၊ အရည်အချင်းပြည့်မီကြောင်း ပြသရခြင်း၊ ငွေကြေး အလုံအလောက် ရှိကြောင်း အထောက်အထားပြသရခြင်းနှင့် ဥပဒေရေးရာစစ်ဆေးမှုများနှင့် ဖြေဆိုရခြင်း စသည်တို့ လုပ်ဆောင်ရသည်။ လျှောက်လွှာတင်ရာတွင်လည်း အစိုးရအရာရှိ တစ်ချို့သည် လာဘ်ငွေမပေးလျှင် သို့မဟုတ် ဌာနအတွက် ရန်ပုံငွေ မထည့်ဝင်လျှင် လျှောက်လွှာကို

ငြင်းပယ်တတ်ကြသည်။ ဖြစ်တတ်သည်မှာ အခိုင်အမာရပ်တည်လျက်ရှိပြီး အစိုးရနှင့် အဆက်အသွယ်ကောင်းသည့် (နိုင်ငံရေးတွင် ဩဇာညောင်းသော) မိမိနှင့်ပြိုင်ဘက် စီးပွားရေး လုပ်ငန်းများသည် မိမိလျှောက်လွှာကို ပယ်ချပေးရန် လုပ်ဆောင်တတ်ကြသည်။

ဟာနန်ဒို ဒီဆိုတို (Hernando de Soto) က သူ၏ အရင်း၏ လျှို့ဝှက်ဆန်းကြယ်မှု စာအုပ်တွင် ပီရူးနိုင်ငံ လီမာတွင် အထည်ချုပ် လုပ်ငန်းလေးတစ်ခု တရားဝင်လုပ်ကိုင်နိုင်ရန်အတွက် လိုအပ်သော အစိုးရစည်းကမ်းချက်များ (regulations)နှင့် ပြည့်မီရန် အဖွဲ့တစ်ဖွဲ့သည် တစ်ရက် ၆ နာရီနှုန်းဖြင့် ရက်ပေါင်း၂၈၉ ရက်ကြာ ကြိုးစားခဲ့ရသည်ဟု ဆိုပါသည်။ (အရင်ထုတ်ဝေခဲ့သော "အခြားလမ်း" စာအုပ်တွင် ဖော်ပြထားသည်မှာ လာဘ်လာဘ ၁၀ ခုတောင်းခံခဲ့ရပြီး တရားဝင် လုပ်ကိုင်ခွင့် ရရန် လာဘ်လာဘ ၂ ခုပေးရန် လိုအပ်သည်။) ၂၀၁၉ ခုနှစ်ထုတ် ကမ္ဘာ့ဘဏ်၏ အစီရင်ခံတွင် လက်ရှိ အစိုးရစည်းကမ်းချက်များအရ လုပ်ငန်း သစ်တစ်ခု တရားဝင်ဖွင့်လှစ်ရန် ဟေတီတွင် ၁၉၆ ရက်နှင့် ဗင်နီဇွဲလားတွင် ၁၄၁ ရက် ကြာကြောင်း ဖော်ပြထားသည်။ နှိုင်းယှဉ်ပြရလျှင် အလားတူ လုပ်ငန်းတစ်ခု စတင်လုပ်ကိုင်ရန် စင်္ကာပူတွင် ၄ ရက်၊ အမေရိကန်ပြည်ထောင်စုတွင် ၆ ရက်နှင့် ဟောင်ကောင်တွင် ၁၁ ရက်သာ ကြာမြင့်သည်။ ৪ နိုင်ငံခြားငွေရင်းဖြင့် မတည်သည့် လုပ်ငန်းတစ်ခုသည် စည်းကမ်းချက်များ များစွာကို ပိုတွေ့ကြုံရသည်။ တရားဝင် လုပ်ကိုင် နိုင်ရန် ကုန်ကျစရိတ်များစေသည့် အစိုးရစည်းကမ်းချက်များသည် ပြိုင်ဆိုင်မှုကို ဟန့်တားခြင်း၊ နိုင်ငံရေး အကျင့်ပျက်ချစားမှုကို အားပေးရာရောက်ခြင်းနှင့် မှန်မှန်ကန်ကန် ဆောင်ရွက်လိုသော ပုဂ္ဂိုလ်များကို မြေအောက် စီးပွားရေး လုပ်ငန်း (သို့မဟုတ် ဒီဆိုတို အခေါ်အရ မှတ်ပုံမတင်သည့် ဥပဒေဘောင်အပြင်ဘက်မှ စီးပွားလုပ်ငန်းများ (informal economy) အနေဖြင့်) ကျင်လည်သွားစေသည်။

***ဒုတိယအနေဖြင့် တရားဥပဒေ စိုးမိုးရေး (the rule of law)နှင့် လွတ်လပ်စွာ သဘောတူစာချုပ်ချုပ်ဆိုနိုင်မှု (freedom of contract)တို့အား နိုင်ငံရေးအခွင့်အာဏာဖြင့် အစားထိုးလိုက်သည့် အစိုးရစည်းကမ်းချက်များသည် ကုန်သွယ်ရေးမှ အကျိုးအမြတ် ဖြစ်ထွန်းမှုကို လျော့နည်းစေသည်။***
နိုင်ငံများစွာတွင် နိုင်ငံရေး စီမံအုပ်ချုပ်သူများကို ဆုံးဖြတ်ပိုင်ခွင့်များစွာ ပေးအပ်သည့် ဥပဒေများ ပြဋ္ဌာန်းလေ့ရှိကြသည်။ ဥပမာ ၁၉၈၀ နှစ်များတွင် ဂွါတီမာလာနိုင်ငံတွင် အကောက်ခွန်အရာရှိများအား ယင်းတို့၏ သွင်းကုန်ခွန်ကင်းလွတ်ခွင့်ပေးသည့် ဆုံးဖြတ်ချက်များသည် "အမျိုးသား အကျိုးစီးပွား"နှင့် ကိုက်ညီသည်ဟု ထင်မြင်ယူဆလျှင် ကင်းလွတ်ခွင့်ပြုခဲ့သည်။ ယင်းဥပဒေပြဋ္ဌာန်းခြင်းမျိုးသည် အစိုးရ တာဝန်ရှိသူများအား အဂတိလိုက်စားခွင့်ပြုပေးသကဲ့သို့ ဖြစ်နေသည်။ ယင်းသို့ ဆုံးဖြတ်ခွင့် ပေးခြင်းသည် ဥပဒေစည်းကမ်းချက် မခိုင်မာမှု (regulatory uncertainty)ကို ဖြစ်စေပြီး စီးပွားရေး လုပ်ဆောင်ရာတွင် ကုန်ကျစရိတ် ပိုများလာစေပြီး ကုန်သွယ်မှုတွင် ဝင်ရောက်လုပ်ကိုင်ရန် စိတ်ဝင်စားစရာ မဖြစ်တော့ပေ။ အထူးသဖြင့် မှန်မှန်ကန်ကန် လုပ်ဆောင်လိုသော စီးပွားရေး သမားများ ဖြစ်သည်။ ဥပဒေဆိုသည်မှာ တိကျသေချာ၍ အဓိပ္ပါယ်ဝေဝါးမှု မရှိစေရပဲ တန်းတူရည်တူ

ဆက်ဆံရမည်ဖြစ်သည်။ ထိုသို့ မဟုတ်လျှင် ကုန်သွယ်ရေး အကျိုးအမြတ်ရရှိရေးအတွက် ကြီးမားသော အဟန့်အတား ဖြစ်နေလိမ့်မည်။

ဥပဒေစည်းကမ်းချက် အတားအဆီးများသည် နိုင်ငံ့စီးပွားရေးနှင့် စီးပွားရေးသမားအများစုကို စရိတ်စက များစေပါသည်။ သို့သော် ဥပဒေစည်းကမ်းချက်များသည် လုပ်ငန်းတူများ၏ ပြိုင်ဆိုင်မှုကို ကန့်သတ်ပေးသဖြင့် အချို့လုပ်ငန်းများအတွက် အကျိုးရှိစေပါသည်။ အကြောင်းမှာ ယင်းစည်းမျဉ်းများကြောင့် အမြတ်ထွက်သော လူတစ်ချို့အတွက် ယင်းစည်းမျဉ်းများက ပွပေါက်တိုးစေပါသည်။ ယင်းစည်းမျဉ်းစည်းကမ်းများကြောင့် ကုန်ကျစရိတ်ကို ပိုများစေသည်။ လုပ်ငန်းများ၊ လုပ်သားများနှင့် အခြားသော လုပ်ငန်းတူအကျိုး စီးပွားဘက် အဖွဲ့အစည်းများသည် နိုင်ငံရေးလုပ်ငန်းစဉ်ကို လွှမ်းမိုးခြင်းဖြင့် သူတို့၏ မဲဆန္ဒနယ် များအတွက် အကျိုးအမြတ် ရှာဖွေပါလိမ့်မည်။ အချို့မှာ နိုင်ငံရေးသမားများနှင့် ဥပဒေစည်းကမ်းချက် ကြပ်မတ်ထိန်းကြောင်းသူများအား ယင်းအတားအဆီးများကို ချမှတ်ရန် (သို့မဟုတ် တိုးမြှင့်ထားရှိရန် စည်းရုံးကြလိမ့်မည်။ တဖက်တွင် ထိခိုက်နစ်နာသူများမှာမူ စည်းကမ်းချက်များကြောင့် ထိခိုက်မှုများကို လျော့ချပေးရန် တောင်းဆိုကြမည်။ အစိုးရအား စည်းရုံးဖြောင်းဖျရသည့် လိုလားသူ၊ နစ်နာသူ နှစ်ဖက်စလုံးသည် အချိန်နှင့် ကျွမ်းကျင်ပညာရှင်များ၏ အားအင် ကုန်ခမ်းခြင်းသာမက ခရီးစရိတ်၊ ဖျော်ဖြေရေးအသုံးစရိတ်၊ ပုံနှိပ်ထုတ်ဝေရေးစရိတ်၊ ကြော်ငြာစရိတ်နှင့် အခြားသော စရိတ်စကများ ကုန်ကျစေပါသည်။

ကိစ္စရပ်များစွာကို ဖြေရှင်းဆောင်ရွက်ရန်အတွက် လုပ်ငန်းစာချုပ်များ သို့မဟုတ် မိမိသဘောဆန္ဒအရ ချုပ်ဆိုသည့် သဘောတူညီချက်များအပေါ် စွက်ဖက်သည့်၊ ဟန့်တားသည့် စည်းကမ်းချက်များကို နိုင်ငံများစွာက ပြဌာန်းခဲ့ကြသည်။ အဆိုပါလုပ်ရပ်မှာ ဂန်ထမ်းရေးရာ ဈေးကွက်တွင် အထူးမှန်ကန်ပါသည်။ အနည်းဆုံး လုပ်ခလစာ ပြဌာန်းခြင်း၊ မလိုက်နာသည့် အဖွဲ့များအား စုပေါင်း၍ ညှိနှိုင်းဆောင်ရွက်စေခြင်းနှင့် လုပ်ငန်းသဘောတူညီချက်များ ရေးထိုးရာတွင် အစိုးရစည်းကမ်းချက်များအား ဂန်ထမ်းထုတ်ပယ်သည့် စည်းကမ်းချက်များဖြင့် အစားထိုးခြင်းတို့ ဖြစ်သည်။ ဥရောပနိုင်ငံများတွင် လုပ်သားအင်အား လျှော့ချလိုသည့် လုပ်ငန်းရှင်များအနေဖြင့် (၁) နိုင်ငံရေး အာဏာပိုင်များထံမှ ခွင့်ပြုချက်ရရန် (၂) ဂန်ထမ်းများ ထုတ်ပယ်ခြင်းတွင် လအနည်းငယ် ကြိုတင်အသိပေးရန်နှင့် (၃) ထုတ်ပယ်ခံ ဂန်ထမ်းများကို လပေါင်းများစွာအထိ လစာဆက်လက်ပေးစေပါသည်။

အဆိုပါစည်းကမ်းချက်များသည် အလုပ်သမားများ၏ အကျိုးစီးပွားအတွက် ဖြစ်ဟန်တူသော်လည်း ဘေးထွက် အကျိုးသက်ရောက်မှုများကို သုံးသပ်ရမည် ဖြစ်သည်။ စည်းကမ်းကန့်သတ်ချက်များကြောင့် ဂန်ထမ်းများအား ထုတ်ပယ်ရန် အကုန်အကျများလျှင် ဂန်ထမ်းငှားရမ်းမှုပြုလုပ်ရာတွင်လည်း ဂန်ထမ်းများ နစ်နာမည်ဖြစ်သည်။ ဆိုလိုသည်မှာ အလုပ်ရှင်များအနေဖြင့် ဂန်ထမ်းများ တိုး၍ခေါ်ယူရန် ဂန်လေးမည် ဖြစ်သည်။ အကျိုးရလဒ်အနေဖြင့် လုပ်သားဈေးကွက် စည်းကမ်းချက်များစွာ ပြဌာန်းထားသည့် နိုင်ငံများတွင် အလုပ်အကိုင် အခွင့်အလမ်းများမှာ တန့်နေမည်ဖြစ်သည်။ လုပ်သားအင်အားအသစ်များအတွက် အလုပ်အကိုင် ရှာဖွေရာတွင် အခက်အခဲရှိမည်ဖြစ်ပြီး အထူးသဖြင့် ၃၅ နှစ်အောက် လုပ်သားများအတွက် အလုပ်လက်မဲ့နှုန်း မြင့်မားနေလိမ့်

မည်။ အနောက်ဥရောပ နိုင်ငံများတွင် ကျင့်သုံးသော တင်းကြပ်သည့် လုပ်သားဈေးကွက် ထိန်းချုပ်မှုများကြောင့် ပြီးခဲ့သည့် ဆယ်စုနှစ်ကာလအတွင်း အလုပ်လက်မဲ့နှုန်းသည် အမေရိကန် ပြည်ထောင်စု၏ အလုပ်လက်မဲ့နှုန်းထက် ၄% သို့မဟုတ် ၅% ထိ ပိုမိုမြင့်မားခဲ့သည်။၉

***တတိယအနေဖြင့် ဈေးနှုန်းထိန်းချုပ်ခြင်းသည်လည်း ကုန်သွယ်ရေးကို အဟန့်အတား ဖြစ်စေပါသည်။ တခါတရံတွင် အစိုးရများသည် ဈေးနှုန်းများကို ဈေးကွက်ပေါက်ဈေးအထက် ရောင်းချရန် သတ်မှတ်ကြသည်။*** ဥပမာ နွားနို့ သို့မဟုတ် ဓာတ်ဆီ ရောင်းချရာတွင် အနိမ့်ဆုံး ရောင်းဈေး သတ်မှတ်ထားခြင်းဖြစ်သည်။ ယင်းဈေးနှုန်းအမြင့်ကြောင့် စားသုံးများသည် ယခင်ထက်ဂယ်လိုအား လျှော့နည်းစေသည်။ အစိုးရများသည် ဈေးကွက် ပေါက်ဈေးအောက် ဈေးနှုန်းများလည်း သတ်မှတ်တတ်ကြသေးသည်။ လူနေတိုက်ခန်း ငှားရမ်းခ ထိန်းချုပ်ခြင်းနှင့် လျှပ်စစ် ဓာတ်အားခ ထိန်းချုပ်ခြင်းတို့ဖြစ်သည်။ ဤဈေးနှုန်းများက ထုတ်လုပ်သူများကို လိုသလောက် ထုတ်လုပ်လိုစိတ် မရှိအောင် ဖြစ်စေသည်။ ဈေးနှုန်းမြင့်၍ သတ်မှတ်ခြင်း နိမ့်၍ သတ်မှတ်ခြင်းတို့သည် ကုန်သွယ်ရေး ပမာဏနှင့် ထုတ်လုပ်ခြင်း၊ ကုန်စည်ဖလှယ်ခြင်းတို့မှ ရရှိလာမည့် အကျိုးအမြတ်များကို ထိခိုက်စေမည်ဖြစ်သည်။

ကုန်စည် ဖလှယ်ခြင်းက အကျိုးဖြစ်ထွန်းပါသည်။ ဖလှယ်ခြင်းကြောင့် သုံးစွဲနိုင်သော အရင်းအမြစ်များမှ အကျိုးပိုရှိစေပါသည်။ နိုင်ငံရေး အတားအဆီးမျိုးစုံကို ကုန်သည်များအား ဖြတ်ကျော်ခိုင်းသော ထိန်းကျောင်းရေးမူဂါဒများသည် ဆန့်ကျင်ဘက်အကျိုးကိုသာ အမြဲ ဖြစ်စေတတ်သည်။ နိုင်ငံတစ်နိုင်ငံသည် ကုန်သွယ်ရေးကန့်သတ်ချက်များ၊ လုပ်ငန်းစရိတ် များစေသည့် တင်းကြပ်မှုများကို အနည်းဆုံးအနေအထားသို့ မလျှော့ချနိုင်သရွေ့ စီးပွားရေး အလားအလာရှိသလောက် အပြည့်အဝ ရရှိမည်၊ အသုံးချနိုင်မည် မဟုတ်ပေ။ လွတ်လပ်မှုနှင့် ကြွယ်ဝမှုကို တန်ဖိုးထားသူများအတွက် ဈေးကွက်သည် အကောင်းဆုံးသော ထိန်းကြောင်းပေးသည့် အရာဖြစ်သည်။

**၄။ စွမ်းရည်ပြည့် ကောင်းမွန်စွာ လည်ပတ်နေသော ငွေကြေးဈေးကွက် - ယင်း၏ အလားအလာကို ဆုပ်ကိုင်မိရန်မှာ နိုင်ငံတစ်နိုင်ငံအနေဖြင့် ငွေကြေးများကို ဓနအင်အားဖန်တီးနိုင်သည့် စီမံကိန်းများသို့ စီးဆင်းစေသည့် စနစ်တစ်ခု မရှိမဖြစ်လိုအပ်သည်။**

ထုတ်လုပ်မှုအားလုံး၏ ပန်းတိုင်သည် စားသုံးမှု၊ သုံးစွဲမှု ဖြစ်သော်လည်း (ငွေကြေး) အရင်းအမြစ်များကို သုံးစွဲပြီး စက်ယန္တရားများ၊ အကြီးစား စက်ကိရိယာနှင့် အဆောက်အဦများ တည်ဆောက်၍ မိမိတို့ဆန္ဒရှိသော ကုန်ပစ္စည်းများ ထုတ်လုပ်မည်ဆိုလျှင် ပို၍ အကျိုးများပေလိမ့်မည်။ (အနာဂတ်တွင် ပိုမိုထုတ်လုပ်လာနိုင်အောင် အထောက်အကူဖြစ်စေမည့် ကြာရှည်ခံသော အရင်းအမြစ်များ တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးဖြစ်သည့်) ငွေကြေးရင်းနှီးမြှုပ်နှံမှု ပြုခြင်းသည် စီးပွားရေးဖွံ့ဖြိုးရေးတွင် အရေးပါသည့် အကြောင်းရင်းတစ်ရပ် ဖြစ်သည်။

ယင်းရင်းနှီးမြှုပ်နှံမှု ကုန်စည်များအတွက် အသုံးပြုသည့် (လုပ်အား၊ မြေနှင့် စွန့်ဦးတီထွင်မှု စသည့်) အရင်းအမြစ်များသည် စားသုံးကုန်စည်များ ထုတ်လုပ်ရေးတွင် အသုံးပြုရန် မဖြစ်နိုင်ပေ။ မိမိတို့အနေဖြင့် ထုတ်လုပ်သမျှအားလုံးကို သုံးစွဲကြမည်ဆိုလျှင် ရင်းနှီးမြှုပ်နှံမှုအတွက် သုံးစွဲနိုင်မည့် အရင်းအမြစ်များ ကျန်တော့မည်မဟုတ်ပေ။ ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုသည် စုဆောင်းခြင်း (လက်ရှိစားသုံးမှု မပြုခြင်း) ရှိရန် လိုပါသည်။ ပုဂ္ဂိုလ်တစ်ဦး (ရင်းနှီးမြှုပ်နှံသူကို ငွေကြေးစိုက်ထုတ်ပေးသူ သို့မဟုတ် သို့မဟုတ် ကိုယ်တိုင်ရင်းနှီးမြှုပ်နှံသူတစ်ဦး)သည် ရင်းနှီးမြှုပ်နှံမှုက ငွေကြေးမတည်နိုင်ရန် အလို့ငှာ စုဆောင်းရပေမည်။ စုဆောင်းခြင်းသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစဉ် (investment process)၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်သည်။#

ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတိုင်း (investment projects) လည်း အကျိုးဖြစ်ထွန်းသည်တော့ မဟုတ်ပေ။ ရင်းနှီးမြှုပ်နှံမှုမှ ဖြစ်ထွန်းပေါ်ပေါက်လာသည့် ထွက်ကုန်တန်ဖိုးသည် ရင်းနှီးမြှုပ်နှံမှုကုန်ကျ စရိတ်ထက် များမှသာလျှင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ရပ်သည် နိုင်ငံအား ကြွယ်ဝချမ်းသာလာအောင် ဆောင်ကြဉ်းပေးနိုင်ပေလိမ့်မည်။ သို့မဟုတ်ပါက (မှားယွင်းစွာ) ရင်နှီးမြှုပ်နှံခြင်းကြောင့် နိုင်ငံ၏ ဓနအင်အားပင် လျော့ကျသွားစေနိုင်ပါသည်။ ရင်းနှီးမြှုပ်နှံမှုများကို အကျိုးအမြတ်သေချာအောင် မည်သည့်အခါမျှ အတိအကျ ခန့်မှန်းတွက်ချက်၍ မရနိုင်ချေ။ ထို့ကြောင့် အကျိုးအမြတ်သေချာသလောက်ရှိသည့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများသည်ပင်လျှင် တစ်ခါတစ်ရံ ဓနအင်အားတိုးပွားလာအောင် မဆောင်ကြဉ်းပေးနိုင်ကြပေ။ စီးပွားရေး တိုးတက်မှုအား အဖြစ်နိုင်ဆုံး အခြေအနေသို့ တွန်းပို့နိုင်ရန်မှာ နိုင်ငံတစ်နိုင်ငံသည် စုဆောင်းငွေများကို စွဲဆောင်၍ ယင်းစုဆောင်းငွေများကို ဓနအင်အားများ ဖန်တီးနိုင်ရန် အဖြစ်နိုင်ဆုံးဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုများသို့ စီးဆင်းသွားစေမည့် အစီအစဉ် (mechanism) တစ်ရပ် ရှိရမည်ဖြစ်သည်။

ဈေးကွက်စီးပွားရေးစနစ်တစ်ခုတွင် ငွေကြေးဈေးကွက် (capital market)သည် ဤတာဝန်ကို ရွက်ဆောင်လေ့ရှိသည်။ အကြမ်းဖျင်းအားဖြင့် ငွေကြေးဈေးကွက်တွင် ငွေကြေးသက်သေခံလက်မှတ်များ၊ အိမ်ခြံမြေနှင့် စီးပွားရေးလုပ်ငန်းများအပြင် ချေးယူနိုင်သော ငွေကြေးရန်ပုံငွေများလည်း ပါဝင်ပါသည်။ စတော့အိတ်ချိန်းများ၊ ဘဏ်များ၊ အာမခံကုမ္ပဏီများ၊ အစုရှယ်ယာမျိုးစုံကို စုစည်းရောင်းချသော အဖွဲ့အစည်းများ (mutual funds)နှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအဖွဲ့များ (investment fund) ကဲ့သို့ ငွေကြေးအဖွဲ့အစည်းများ (financial institutions)သည် ငွေကြေးဈေးကွက်လည်ပတ်ရေးအတွက် အဓိက အခန်းကဏ္ဍမှ ပါဝင်ပါသည်။

အသေးစားလုပ်ငန်းရှင်များ၊ ကော်ပိုရေးရှင်းများ၏ စတော့ရှင်များနှင့် ငွေရင်းစိုက်ထုတ်အရင်းရှင်များ (venture capitalists) ကဲ့သို့သော ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများသည် ၎င်းတို့၏ကိုယ်ပိုင် စုဆောင်းငွေများ ကို ငွေကြေးဈေးကွက်တွင် စွန့်စား၍ မြှုပ်နှံတတ်ကြသည်။ ရင်းနှီးမြှုပ်နှံသူများသည် တစ်ခါတစ်ရံတွင် အမှားများ လုပ်ကြသည်။ တစ်ခါတစ်ရံတွင် အကျိုးအမြတ်မရှိသည့် လုပ်ငန်းများ လုပ်ကိုင်မိတတ်ကြမည်။ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ယင်းကဲ့သို့သော ရေရာမှုမရှိသောအလုပ်များကို မလုပ်လိုကြလျှင်၊ အန္တရာယ်များသော်လည်း

စမ်းသပ်လုပ်ကိုင်သင့်သော လုပ်ငန်းများကို မလုပ်ဖြစ်ကြလျှင် စိတ်ကူးသစ်များသည် မည်သည့်အခါမျှ လက်တွေ့ဖြစ်လာမည်မဟုတ်ပေ။

အင်တာနက်ပေါ်ပေါက်လာသည့်အတွက် စွန့်ဦးတီထွင်ခြင်း၊ စွန့်စားခြင်းနှင့် ငွေကြေးဈေးကွက်တို့အကြား ကူးလူးဆက်ဆံမှုကို ဖော်ပြပေးသည်။ စတန်ဖို့ဒ် တက္ကသိုလ် ဘွဲ့လွန်ကျောင်းသား ၂ဦးဖြစ်သည့် ဆာဂီဘရင် (Sergey Brin)နှင့် လယ်ရီပေ့ (Larry Page) တို့က ၁၉၉၀ခု နှစ်လယ်တွင် သုတေသနလုပ်ငန်း တစ်ခု လုပ်ဆောင်စဉ်အခါက စွန့်ဦးတီထွင်မှုဖြင့် အောင်မြင်မည့် အလားအလာရှိမည့်ပုံပေါ်ပေ။ သို့သော် ၁၉၉၈ တွင် ကြော်ငြာလုပ်ငန်းမှ အမြတ်ငွေများ ရရှိစေခဲ့သည့် အင်တာနက် ဝန်ဆောင်မှု လုပ်ငန်းတစ်ခု ဖြစ်သည့် ဂူးဂဲလ်လုပ်ငန်းကို တည်ထောင်ခဲ့ကြသည်။ ဘရင်နှင့် ပေ့တို့ ထူထောင်ခဲ့ကြသည့် စွမ်းရည်မြင့် အင်တာနက် ရှာဖွေရေးစက်သည် လူသန်းပေါင်း များစွာနှင့် စီးပွားရေးလုပ်ငန်းများ၏ လုပ်ကိုင်နိုင်စွမ်း (ဝါ) ထုတ်လုပ်မှု (productivity)ကို နေ့စဉ်နှင့်အမျှ တိုးတက်စေခဲ့သည်။ ဂူဂယ်လ်ကြောင့် သူတို့သည် ချမ်းသာကြွယ်ဝလာကြပြီး ဂူးဂဲလ်သည်လည်း ဝန်ထမ်း ၂၀၀၀၀ ခန့်ရှိလာပြီး အိမ်တိုင်းသိ အမည် တစ်ခု ဖြစ်နေချေပြီ။ အီးဘေး (eBay)နှင့် အမေဇုံ (Amazon)ကဲ့သို့ အင်တာနက် အခြေပြု လုပ်ကိုင်ကြသော ကုမ္ပဏီများသည်လည်း ပြီးခဲ့သည့် ဆယ်စုနှစ်တွင် အမြတ်အစွန်းရှိသည့် တိုးတက်မှုနှင့် အောင်မြင်မှု ရလာသည့် ကုမ္ပဏီများ ဖြစ်လာခဲ့ကြသည်။ Broadband Sports နှင့် eVineyard ကဲ့သို့ ဒေ့ါကွန်းများ (dot-com) မှာမူ ကုန်ကျစရိတ်မကာမိသည့်အတွက် ပြိုလဲသွားခဲ့ကြသည်။ ယင်းလုပ်ငန်းများသည် အောင်မြင်ရန် အလားအလာကောင်းများရှိသော်လည်း မျော်မှန်းထားသလို အလုပ်မဖြစ်ခဲ့ကြချေ။

မသေချာသည့် ဤလောကကမ္ဘာတွင် ရင်းနှီးမြှုပ်နှံမှု အမှားများသည် အကျိုးပြု နည်းပညာသစ်များနှင့် ထုတ်ကုန်သစ်များ တီထွင်ကြံဆနိုင်ရန် မဖြစ်မနေပေးဆပ်ရသည့် ကုန်ကျစရိတ်များ ဖြစ်သည်။ ယင်းသို့သော အကျိုးမရှိသည့် လုပ်ငန်းများကို သတိပြု၍ ရပ်ပစ်ရမည် ဖြစ်သည်။ ဈေးကွက်စီးပွားရေးစနစ်တွင် ငွေကြေးဈေးကွက်သည် ဤတာဝန်ယူ ဆောင်ရွက်ပါသည်။ လုပ်ငန်းတစ်ခုသည် အဆုံးအရှုံးမှုများ ဆက်လက်ဖြစ်ပေါ်နေပါက ရင်းနှီးမြှုပ်နှံသူများအနေဖြင့် သူတို့ငွေကြေးများအား အလဟဿ ဆုံးရှုံးမခံပဲ လုပ်ငန်းကိုရပ်ဆိုင်းလိမ့်မည် ဖြစ်သည်။

ပြောင်းလဲမှုအရှိန်အဟုန်နှင့် ကွဲပြားသော စွန့်ဦးတီထွင်မှုဆိုင်ရာ ပင်ကိုယ်စွမ်းရည်တို့ကြောင့် ငွေကြေးအား မည်ကဲ့သို့သော လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမည်ဆိုသည့် ဆုံးဖြတ်ချက်အား ခေါင်းဆောင် တစ်ဦး၊ လုပ်ငန်းအစီအစဉ် ရေးဆွဲရေးကော်မတီ သို့မဟုတ် အစိုးရအဖွဲ့အစည်းတို့ သီးသီးသန့်သန့် ချမှန်နိုင်သည့် အနေအထားတွင် မရှိပေ။ ပုဂ္ဂလိက ငွေကြေးဈေးကွက်သာမရှိပါက ဓနအင်အားကို ဖြစ်စေမည့် စီမံကိန်းများထံသို့ ရင်းနှီးမြှုပ်နှံမှုငွေကြေးများ တစိုက်မတ်မတ် စီးဆင်းစေမည့် လမ်းကြောင်းတစ်ရပ် ရှိလိမ့်မည် မဟုတ်ပေ။

ဈေးကွက်မဟုတ်ဘဲ အစိုးရကသာ ရင်းနှီးမြှုပ်နှံမှုငွေကြေးများ မည်သို့သုံးစွဲမည်ကို ဆုံးဖြတ်သည့်အခါ မတူညီသည့် အကြောင်းရင်းများက သက်ရောက်လွှမ်းမိုးလာပေလိမ့်မည်။ ဈေးကွက်မှ ပေါ်ထွက်လာမည့် အကျိုးရလဒ်များ (market returns) မဟုတ်ဘဲ နိုင်ငံရေးဆိုင်ရာ

လွှမ်းမိုးမှု (political influence) က မည်သည့် လုပ်ငန်းများ၊ စီမံချက်များ လုပ်ဆောင်မည်ကို ဆုံးဖြတ်ပေးလိမ့်မည်။ ယင်းအချက်ကြောင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း စီမံချက်များသည် ဓနအင်အား ဖန်တီးခြင်းထက် လျော့နည်းခြင်းကိုသာ ဦးတည်စေပါလိမ့်မည်။

အရှေ့ ဥရောပနှင့် ယခင်ဆိုဗီယက် ပြည်ထောင်စုတို့၏ အတွေ့အကြုံများက ဤ အချက်ကို သက်သေပြနေပါသည်။ အဆိုပါ နိုင်ငံများသည် (၁၉၅၀ မှ ၁၉၉၀ ထိ) ဆယ်စုနှစ် ၄ စု ကြာအောင် ကမ္ဘာတွင် ရင်းနှီးမြှုပ်နှံမှုနှုန်း အမြင့်ဆုံး ဖြစ်ခဲ့ကြသည်။ ဗဟိုမှ အစီအစဉ် ရေးဆွဲချမှတ်သူများက အမျိုးသားကုန်ထုတ်လုပ်မှု (national output) ၏ ၃ ပုံ ၁ ပုံနီးပါးကို ငွေကြေးရင်းနှီးမြှုပ်နှံမှုတွင် စီမံဆုံးဖြတ်ခဲ့ကြသည်။ ထို့ကြောင့် ယင်းသို့ ရင်းနှီးမြှုပ်နှံမှုနှုန်း မြင့်မားသည့်တိုင်အောင် လူနေမှု အဆင့်အတန်း အနည်းအကျဉ်းသာ တိုးတက်စေနိုင်ခဲ့သည်။ အကြောင်းမှာ စီမံကိန်းများကို ရွေးချယ်သတ်မှတ်၍ ငွေကြေးခွဲဝေသုံးစွဲရာတွင် စီးပွားရေးအရ မသုံးသပ်ဘဲ နိုင်ငံရေးအရသာ စဉ်းစားဆုံးဖြတ်ခဲ့ကြသောကြောင့် အရင်းအမြစ်များမှာ အရေးပါသည့် နိုင်ငံရေး ခေါင်းဆောင်များ အာသီသရှိသည့် နိုင်ငံရေးသက်သက်ဖြစ်ပြီး လက်တွေ့မကျသည့် စီမံကိန်းများ (politically impractical projects) နှင့် ပေါ်လွင်သည့် (ပလွှားရုံသက်သက်ဖြစ်သည့်) ရင်းနှီးမြှုပ်နှံမှုများတွင်သာ အချည်းအနှီး ဖြစ်ခဲ့ရသည်။ မယောင်ရာဆီလူးသည့် ရင်းနှီးမြှုပ်နှံမှုများ (misdirection of investment) နှင့် အရှိန်အဟုန်ဖြင့်စဉ်ဆက်မပြတ် ပြောင်းလဲနေမှု (dynamic change)ကို အမှီမလိုက်နိုင်သည့်အတွက် အဆုံးသတ်တွင် ဤစနစ်များ ပြိုပျက်ခဲ့ရသည်။

အိမ်ခြံမြေ ငွေကြေးအတွက် အစိုးရက အကြွေး ခွဲဝေခြင်းနှင့် ပတ်သက်၍ မကြာသေး မီက အမေရိကန်အတွေ့အကြုံကလည်း နိုင်ငံရေးဆန်ဆန် ငွေကြေးအရင်းခွဲဝေပုံကို ဖော်ကြူးသွားခဲ့သည်။ Fannie Mae နှင့် Freddie Mac ဟု သိထားသည့် ဗဟိုအမျိုးသား အာမခံချေးငွေ အသင်းနှင့် ဗဟို အိမ်ခြံမြေ အာမခံချေးငွေ ကော်ပိုရေးရှင်းတို့ကို အစိုးရ ထောက်ပံ့သည့် ကော်ပိုးရေးရှင်းများအဖြစ် ၁၉၆၈ နှင့် ၁၉၇၀ တို့တွင် ကွန်ဂရက်မှ အသိအမှတ်ပြု၍အခွင့်အာဏာများ အသီးသီး အပ်နှင်းပေးခဲ့သည်။ ယင်းအဖွဲ့အစည်းများသည် ငွေကြေးအရင်းဈေးကွက် လုပ်ဆောင်မှုကို တိုးတက်စေပြီး အိမ်ခြံမြေ ချေးငွေရယူရာတွင် ပိုမိုအဆင်ပြေစေမည်ဟု ထင်မှတ်ခဲ့ကြသည်။ Fannie Mae နှင့် Freddie Mac တို့ကို အကျိုးအမြတ်ရှာသော ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများဖြစ်သော်လည်း အစိုးရမှ ကျောထောက်နောက်ခံ ပြုပေးထားသည့်အတွက် သူတို့၏ ချေးငွေစာချုပ်များ (bond) သည် ဆုံးရှုံးနိုင်ခြေ နည်းသည်ဟု ရင်းနှီးမြှုပ်နှံသူများက မှတ်ယူခဲ့ကြသည်။ ထို့ကြောင့် Frannie နှင့် Freddie တို့သည် ပုဂ္ဂလိက လုပ်ငန်းများထက် ရာခိုင်နှုန်း ထက်ဝက်နီးပါး သက်သာစွာဖြင့် ချေးငွေ ရယူနိုင်ခဲ့ကြသည်။ ယင်းသို့ အတိုးနည်းချေးငွေများကြောင့် သူတို့သည် ၎င်းတို့၏ ပြိုင်ဘက်များထက် အားကောင်းစေပြီး နှစ်ပေါင်းများစွာတိုင်အောင် အမြတ်အစွန်းမြောက်များစွာ ရရှိခဲ့သည်။

သို့သော် အစိုးရမှ ကျောထောက်နောက်ခံပြုပေးခြင်းကြောင့် Fannie Mae နှင့် Freddie Mac အရေးသည် အလွန်တရာပင် နိုင်ငံရေးအသွင် ဆန်ခဲ့သည်။ သမ္မတက အဖွဲ့ဝင်များစွာကို သူတို့၏ ဒါရိုက်တာများအဖွဲ့ဝင်များအဖြစ် ခန့်အပ် ခဲ့သည်။ Fannie နှင့် Freddie တို့၏ ထိပ်တန်းစီမံ ခန့်ခွဲသူများသည် အဓိကကျသည့် လွှတ်တော် ခေါင်းဆောင်များကို နိုင်ငံရေးအသုံးစရိတ်များစွာ


ထည့်ဝင်ပေးခဲ့ပြီး လွှတ်တော်ဝန်ထမ်းများကိုလည်း အခကြေးငွေများစွာပေး၍ ငှာရမ်းပြီး သူတို့၏ အရင်အလုပ်ရှင် အထက်လူကြီးများကို စည်းရုံးစေသည်။ သူတို့၏ စည်းရုံးရေး လုပ်ငန်းများမှာ သြချလောက်စရာပင် ဖြစ်သည်။ ၁၉၉၈ နှင့် ၂၀၀၈ ခုနှစ်အကြားတွင် လွှတ်တော်မှ သူတို့အတွက် အထူးအခွင့်အရေးများ ရရှိရန်နှင့် ယင်းအခွင့်ထူးခံအနေအထားကို ဆက်လက်ထိန်းသိမ်းနိုင်ရန် အတွက် လွှတ်တော်ကို စည်းရုံးသိမ်းသွင်းရာတွင် Fannie Mae မှ အမေရိကန်ဒေါ်လာ ၇၉.၅ သန်း၊ Freddie Mac မှ ၉၄.၉ သန်း သုံးစွဲခဲ့သည်။ [၁၀]

Fannie Mae နှင့် Freddie Mac တို့သည် အိမ်အရစ်ကျပေးချေဝယ်ယူမှု/ အိမ်အာမခံ ချေးငွေများကို စတင်လုပ်ဆောင်သူများ မဟုတ်ပေ။ ယင်းအစား ဘဏ်များနှင့် ငွေချေးသူများထံမှ တဆင့်ခံဝယ်ယူခဲ့ကြသည်။ အတိုးနှုန်းသက်သက်သာသာဖြင့် ချေးယူနိုင်သောကြောင့် ၁၉၉၀ ပြည့်နှစ်လယ်များတွင် အစိုးရ အထောက်အပံ့ရရှိသည့် ယင်းလုပ်ငန်းကြီး ၂ ခုသည် အိမ်အာမခံ ချေးငွေများ၏ ၄၀%နီးပါး ချုပ်ကိုင်လာခဲ့သည်။ တဆင့်ခံဈေးကွက်အပေါ် သူတို့၏ လွှမ်းမိုးမှု ပို၍ပင် များသေးသည်။ ၂၀၀၈ ခုနှစ် ဒေဂါလီမခံမီ ဆယ်စုနှစ်ကာလတွင် Fannie Mae နှင့် Freddie Mac တို့သည် ဘဏ်များနှင့် အခြားသော အိမ်အာမခံချေးငွေ ရောင်းချသူများထံမှ အိမ်အာမခံချေးငွေ၏ ၈၀%ကျော် ဝယ်ယူခဲ့ကြသည်။

အစောပိုင်း လွှတ်တော်ညွှန်ကြားလွှာများကို ဆောင်ရွက်သည့်အနေဖြင့် အိမ်ရာနှင့် မြို့ပြ ဖွံ့ဖြိုးရေး ဌာနသည် Fannie Mae နှင့် Freddie Mac တို့၏ ချေးငွေဖြင့်ဝယ်ယူထားသော အိမ်စုစုပေါင်း၏ ၄၀%သည် ပျမ်းမျှဝင်ငွေ အောက်သာ ဝင်ငွေရှိသော အိမ်ထောင်စုများအတွက် ဖြစ်ရမည်ဟု အမိန့် ထုတ်ပြန်လိုက်သည်။ ယင်းအိမ်ထောင်စုအရေအတွက်သည် ၂၀၀၀ ခုနှစ်တွင် ၅၀% သို့ တက်သွားပြီး ၂၀၀၈ ခုနှစ်တွင် ၅၆% သို့ အထိပင်ရောက်ခဲ့သည်။ ယင်းညွှန်ကြားချက်နှင့် ကိုက်ညီစေရန် Fannie နှင့် Freddie တို့သည် အရစ်ကျငွေချေစနစ်ဖြင့် အိုးအိမ်ရောင်းချရာတွင် (mortgage) လက်ငင်းငွေပေးချေရသည့် ပမာဏ နည်းနည်း သို့မဟုတ် လုံးဝ လက်ငင်းငွေ ပေးချေစရာပင် လုံးဝမလိုအပ်တော့သည်အထိ ခွင့်ပြုတော့သည်။ ထို့အပြင် ယုံကြည်စိတ်ချရမှု အားနည်းသည့် သမိုင်းကြောင်းရှိသော အာမခံချက်မရှိသည့် ငွေချေးသူ အရေအတွက်ကိုပင် အမြောက်အများ ရောင်းချပေးခဲ့သည်။ တဆင့်ခံ ဈေးကွက်ကို စိုးမိုးထားနိုင်သော Fannie Mae နှင့် Freddie Mac တို့သည် သူတို့၏ လွယ်လွယ်ကူကူ ငွေချေးသည့်ပုံစံများသည် အရစ်ကျငွေချေစနစ်ဖြင့် အိုးအိမ်ရောင်းချသူများ၏ ချေးငှားမှုစံနှုန်းများ (lending standard) အပေါ် များစွာရိုက်ခတ်ခဲ့သည်။ ဆုံးရှုံးနိုင်ခြေပိုများသည့် ချေးငွေများကို Fannie နှင့် Freddie တို့ထံ ပုခုံးပြောင်းတာဝန်ခံ ခိုင်းနိုင်သည်ကို သဘောပေါက်ထားသောကြောင့် ကနဦး အိမ်ချေးငွေထုတ်ပေးသူများသည် ငွေးချေးယူသူများ၏ ယုံကြည်စိတ်ချရမှုရှိ၊ မရှိအပေါ် စစ်ဆေးစရာ မလိုတော့ပေ။ တနည်းပြောရလျှင် ချေးငွေပြန်ပေးဆပ်နိုင်မှုရှိ၊ မရှိအပေါ် စိုးရိမ်သောက မထားတော့ပေ။ အဆုံးသတ်တွင်တော့ Fannie နှင့် Freddie တို့၏ အရစ်ကျငွေချေစနစ်ဖြင့် ဗရမ်းဗတာဆန်ဆန် အိုးအိမ်ရောင်းချသည့် အန္တရာယ်ဂယက်သည် ချေးငွေထုတ်ပေးသူတို့ထံ ပြန်လှည့်လာခဲ့သည်။

ပုံ ၂ တွင် ပြသည့်အတိုင်း (စာရွက်စာတမ်း မပြည့်စုံသူများအား ရောင်းချခြင်းအပါအဝင်) တဆင့်ခံ အရစ်ကျအိမ်ရောင်းချခြင်း (subprime mortgages)သည် ၁၉၉၄ ခုနှစ်တွင် ၄.၅ % ရှိနေရာမှ ၂၀၀၀ ခုနှစ်တွင် ၁၃.၂ %သို့လည်းကောင်း၊ ၂၀၀၅-၂၀၀၆တွင် အရစ်ကျဖြင့် အိမ်ရောင်းချမှု စုစုပေါင်း၏ ၃ ပုံ ၁ ပုံနီးပါးအထိ ဖြစ်လာခဲ့သည်။ ယင်းကာလအတွင်းမှာပင် ငွေချေးဖြင့် အရစ်ကျဆပ်၍ အိမ်ဝယ်ယူသူများအနေဖြင့် အနည်းဆုံး ၂၀% လက်ငင်းငွေချေရန် လိုသည့် အစဉ်အလာ ချေးငွေများသည် တူညီသော ရာခိုင်နှုန်းများအတိုင်း ထိုးကျခဲ့သည်။ တဆင့်ခံအရစ်ကျအိမ်ဝယ်ချေးငွေများတွင် အရစ်ကျပေးရန် ပျက်ကွက်ခြင်းနှင့် အိမ်ပြန်သိမ်းရခြင်းနှုန်းသည် ယုံကြည်စိတ်ချရသူများထံချေးသည့် အစဉ်အလာချေးငွေများထက် ၇ ဆမှ ၁၀ အထိ များသည်။ ယုံကြည်နိုင်ဖွယ် နည်းသူများထံ ချေးသည့် ချေးငွေများ ဝေစု တိုးပွားခြင်းကလည်း အဆုံးသတ်တွင် ချေးငွေ ဆပ်ရန် ပျက်ကွက်ခြင်းနှင့် အပေါင်ဆုံး သတ်မှတ်ခြင်းများ မြင့်မားလာစေဖွယ် ရှိသည်။

ဘီလ်ကလင်တန်နှင့် ဂျော့ဒဗလျူ ဘုရှ်တို့လက်ထက် ကွန်ဂရက်လွှတ်တော်နှင့် အစိုးရ ၂ ရပ်လုံးသည် အိမ်ရာပိုင်ဆိုင်မှု စတင်မြင့်တက်လာစေသော မူဝါဒများအပေါ် နာမည်ကောင်းထွက်ခဲ့ကြသည်။ ယင်းမူဝါဒများ အိမ်အတွက် ချေးငွေအပေါ် သတ်မှတ်သည့် စံနှုန်းများအား ထိခိုက်ပျက်စီးစေပြီး ဆုံးရှုံးနိုင်ခြေများသည် ချေးငွေများထုတ်ပေးခြင်း တို့ ဖြစ်လာသည့်တိုင် ဖော်ပြပါအကျိုးတရားများ ဆက်လက်တည်တံ့နေပုံပေါ်သည်။ အိမ်ရာဝယ်လိုအား များလာပြီး ၂၀၀၁-၂၀၀၅ ခုနှစ်များအတွင်း အိမ်ရာဈေးနှုန်းများ မြင့်တက်ခဲ့သည့်အခါ ဆောက်လုပ်ရေးလုပ်ငန်း ဖွံ့ဖြိုးလာခဲ့သည်။




ကိုးကား။ ။ The 1994– 2000 data are from Edward M. Gramlich, Financial Services Roundtable Annual Housing Policy Meeting, Chicago , Illinois , 21 May 2004. The 2002–2007 data are from the Joint Center for Housing Studies of Harvard University, The State of the Nations Housing 2008, http://www.jchs.harvard.edu/son/index.htm. စာရွက်စာတမ်းအထောက်အထား မစုံလင်သော၊ အတည်ပြုရန်ခက်ခဲသော Alt-A ခေါ် ချေးငွေများသည် တဆင့်ခံ အိမ်ဈေးကွက်တွင် အကြုံးဝင်နေသည်။ လေ့လာတွေ့ရှိချက်များအရ Alt-A ချေးငွေ အများစုမှာ တဆင့်ခံငွေချေးယူသူများ ဖြစ်သည်ကို တွေ့ရှိရသည်။

သို့သော် လူဖန်တီးသည့် ဖွံ့ဖြိုးမှုပူပေါင်းသည် ရေရှည်မတည်တံ့ခဲ့ပေ။ ၂၀၀၄-၂၀၀၅ ခုနှစ် ရောက်သည့်အခါ အရစ်ကျဖြင့် ရောင်းချထားသော အိမ်ခြံမြေများ၏ ထက်ဝက်နီးပါးခန့်မှာ တဆင့်ခံချေးငွေများ (မှတ်တမ်းမပြည့်စုံသည့် ချေးငွေများအပါအဝင်) သို့မဟုတ်

အိမ်ခြံမြေဈေးနှုန်းတက်နေသည့်အလျောက် ဈေးငွေများတိုးယူထားခဲ့ခြင်း တစ်ခုစ ဖြစ်နေကြသည်။ ၂၀၀၆ ခုနှစ် ဒုတိယနှစ်ဝက်တွင် အိမ်ခြံမြေဈေးနှုန်းများ ရပ်တန့်ပြီး စတင်ကျဆင်းလာသည့်နှင့် တပြိုက်နက် အိမ်ခြံမြေလောကမှာ ပြိုဆင်းသွားခဲ့သည်။ အရစ်ကျပေးဆပ်ရန် ပျက်ကွက်ခြင်းနှင့် ချိတ်ပိတ်ခြင်း (foreclosure) နှုန်းတို့ ချက်ခြင်း မြင့်တက်လာခဲ့သည်။ ယင်းတို့ အားလုံးက ၂၀၀၇ ဒီဇင်ဘာလ စီးပွားရေးအကြပ်အတည်း မတိုင်ခင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ အိမ်ခြံမြေလုပ်ငန်း ပြိုဆင်းခြင်းက အဆုံးသတ်တွင် အခြားသော စီးပွားရေးကဏ္ဍများသို့ပါ ပြန့်နှံ့သွားပြီး အိမ်ခြံမြေကြွေးဆုံးများကြောင့် အမေရိကန်နှင့် အခြားနိုင်ငံတို့၏ ဘဏ်နှင့် ငွေကြေးကဏ္ဍများအတွက် ကြီးမားသည့် ငွေကြေးပြဿနာများ ဖြစ်ပေါ်စေခဲ့သည်။ ၂၀၀၈ ခုနှစ် နွေရာသီအကုန်တွင် Fannie Mae နှင့် Freddie Mac တို့တွင် ငွေကြေးပြတ်လပ်သွားတော့သည်။ သူတို့ လုပ်ငန်းလည်ပတ်မှုများအား အစိုးရမှ လုံးလုံးလျားလျား ထိန်းချုပ်လိုက်ရပြီး အမေရိကန် အခွန်ထမ်းများမှာ အနည်းဆုံး အကြွေးဆုံး ဒေါ်လာ ၄၀၀ ဘီလျံဖြင့် ပိုက်မိသွားတော့သည်။

ဗဟိုဘဏ် (the Federal Reserve System)၏ အတိုးနှုန်းမူဝါဒများမှာလည်း ၂၀၀၈ ခုနှစ် စီးပွားပျက်ကပ် ဖြစ်စေသည့် ပင်မ အကြောင်းရင်းတစ်ရပ်ဖြစ်သည်။ တစ်ခုတော့ သိသာထင်ရှားပါသည်။ လက်သင့်ရာ ဈေးငွေချပေးခြင်းနှင့် ငွေချေးရာတွင် လိုက်နာရမည့် စံနှုန်းများကို လျော့ပေါ့ပေးခြင်းတို့သည် မဖော်ဆောင်သင့်သည့် လုပ်ငန်းများဆီသို့ ငွေပင်ငွေရင်း (financial capital) အများအပြား စီးဆင်းသွားစေခဲ့သည်။ အိမ်ဝယ်ယူသူအများအပြားသည် ၎င်းတို့တတ်နိုင်သည်ထက် အိမ်ရာများထက် ဈေးပိုများသော အိမ်များကို ဝယ်ယူရန် ဆွဲဆောင်ခံခဲ့ကြရသည်။ ဤအချက်သည် ဆိုးရွားသော စီးပွားရေးပျက်ကပ် ဆိုက်စေသည့် အိမ်ခြံမြေလုပ်ငန်း ပေါ်ထွန်း၊ပျက်စီးမှုစက်ဝန်း၏ အဓိကအကြောင်းရင်း တစ်ရပ်ဖြစ်သည်။ ၁၁

ပိုင်ဆိုင်မှု အခွင့်အရေးများ ရှင်းလင်းစွာ ဖွင့်ဆိုပြီး ကျင့်သုံးသည့်အခါ အပြိုင်အဆိုင်ဈေးကွက်များသည် စွန့်ဦးတီထွင်သူများကို အကျိုးအမြတ်ရှိပြီး ဥစ္စာနေတိုးစေမည့် စီမံကိန်းများဆီသို့ ရွေးချယ်သွားစေပါသည်။ ဝင်ငွေများလာပြီး လူနေမှုအဆင့်အတန်း မြင့်မားလာခြင်းတို့သည် ပုံမှန်ဖြစ်တတ်သော အကျိုးရလဒ်များ ဖြစ်သည်။ တဖက်တွင် အစိုးရတာဝန်ရှိသူများက ငွေကြေးခွဲဝေပေးပါက နိုင်ငံရေး ရည်မှန်းချက် (political objectives) များက ပိုမိုအရေးပါလာတတ်ပြီး စီးပွားရေးအကျိုးကျေးရလာဒ်အပေါ် စဉ်းစားချက် နည်းလာတတ်ပါသည်။ နိုင်ငံရေးသမားများသည် သူတို့၏ နိုင်ငံရေးကြွက်သားများကို သန်မာစေပြီး နောက်တစ်ကြိမ်ရွေးကောက်ပွဲ ထပ်မံအနိုင်ရအောင် ထောက်ပံ့ပေးမည့် ကိုယ်ကျိုးရှာစီးပွားရေး အဖွဲ့များအပေါ် အစိုးရ၏ ရင်းနှီးမြှုပ်နှံမှုဆုံးဖြတ်ချက်များက မည်သို့ အကျိုးသက်ရောက်မည်ကိုသာ ပိုမို စိတ်ဝင်စားလေ့ရှိသည်။ ရင်းနှီး မြှုပ်နှံမှုများက ရေရှည် အကျိုးဖြစ်ထွန်းမှု ရှိ၊ မရှိ ဆိုသည်ကို သူတို့က ပိုမိုစိတ်ဝင်စားကြလိမ့်မည်ဖြစ်သည်။

သမိုင်းကြောင်းအရ အမေရိကန်အစိုးရထက် အခြားနိုင်ငံများ၏ အစိုးရများသည် ရင်းနှီးမြှုပ်နှံမှု ခွဲဝေသတ်မှတ်ပေးရာတွင် ယေဘုအားဖြင့် ပိုမိုပါဝင်ပတ်သက်ကြသည်။ အစိုးရအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများ ခွဲဝေသတ်မှတ်ရာတွင် ထဲထဲဝင်ဝင် ပါဝင်ပတ်သက်ပါက အပိုဆောင်း

ငွေပေးချေမှုများ (side payments)၊ မျက်နှာသာပေးမှု (favoritism)၊ တံစိုးလက်ဆောင် (bribes)များနှင့် အခြားအကျင့်ပျက်ခြစားမှုပုံစံများ မလွှဲမသွေ ဖြစ်ပေါ်လာတတ်သည်။ ဤလုပ်ရပ်များ အခြားနိုင်ငံများတွင် ပေါ်ပေါက်သည့်အခါ လက်သင့်ရာ စားတော်ခေါ်သည့် ခရိုနီအရင်းရှင် စီးပွားရေးစနစ်ဟု ခေါ်ဝေါ်သုံးစွဲကြသည်။ မည်သို့ပင် ခေါင်းစဉ်တပ်တပ် အုပ်ချုပ်သူများမှ အရင်းခွဲဝေပေးခြင်း (political allocation of capital)သည် နိုင်ငံသားများအတွက် နစ်နာဆုံးရှုံးမှုများစွာ ဖြစ်ပေါ်စေသည်။ အမေရိကန်နိုင်ငံအစိုးရ၏ အိုးအိမ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ငွေကြေးပံ့ပိုးမှုဖြစ်ရပ်သည် ယင်းထင်မြင်ယူဆချက်နှင့် ကိုက်ညီသည်။

**၅။ ငွေကြေးတည်ငြိမ်မှု - တည်ငြိမ်သည့် ငွေကြေးမူဂါဒသည် ငွေဖောင်းပွအား ထိန်းချုပ်ပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုအား အကျိုးများများဖြစ်အောင် နေရာချပေးခြင်းနှင့် စီးပွားရေးတည်ငြိမ်မှု ရရှိရေးအတွက် မရှိမဖြစ် အရေးပါသည်။**

စီးပွားရေးစနစ်တစ်ခု လည်ပတ်ရေးအတွက် ငွေကြေးသည် လွန်စွာပင်အရေးပါလှပါသည်။ ပထမအရေးကြီးသည့်အချက်မှာ ငွေကြေးသည် ကုန်စည်ဖလှယ်ရေးအတွက် ကြားခံအသုံးအဆောင်တစ်ခု ဖြစ်သည်။ ကုန်စည်များနှင့် ဝန်ဆောင်မှုအားလုံး၏ တန်ဖိုးကို သတ်မှတ်ပေးနိုင်သည့် ဘုံငွေကြေးစံနစ်တစ်ခု ဖြစ်သောကြောင့် ကုန်စည်ဖလှယ်မှု ကရိကထများကို လျှော့ချပေးသည်။ ကား သော်လည်းကောင်း အိမ်ရာသော်လည်းကောင်း ဝယ်ယူသည့်အခါ ကာလကြာရှည်စွာ ငွေရှာဖွေရမည့် သို့မဟုတ် ရောင်းချရာတွင် ကာလကြာရှည်စွာ ငွေပေးချေရမည့် အချိန်ကာလများစွာဖြင့် လုပ်ဆောင်ရသည့် ရှုပ်ထွေးသော ကုန်ပစ္စည်းဖလှယ်ခြင်းမှ ရရှိလာမည့် အကျိုးအမြတ်များကို ပေးစွမ်းနိုင်သည်။ လတ်တလော ကုန်စည်ဖလှယ်မှုလိုအပ်ချက်ကို ဖြေရှင်းပေးနိုင်ရုံသာမက အနာဂတ်ကာလတွင် အသုံးပြုရန်အတွက် ဝယ်ယူသုံးစွဲနိုင်စွမ်း (purchasing power) ကိုလည်း သိုမှီးထားနိုင်ပါသည်။ ငွေကြေးသည် အချိန်ကာလ အပိုင်းအခြားအလိုက် ဆောင်ရွက်သည့် ကိစ္စရပ်များ အပါအဝင် အကျိုးအမြတ်များနှင့် ကုန်ကျစရိတ်များကို ထိန်းသိမ်းပေးနိုင်သည့် စာရင်းတွက်ချက်မှုအတွက် အသုံးပြုနိုင်သော ယူနစ်တစ်ခုလည်း ဖြစ်သည်။

သို့သော်ငြားလည်း ငွေကြေး၏ ကောင်းကျိုးပြုသည့်အချက်မှာ ယင်းငွေကြေးတန်ဖိုး တည်ငြိမ်မှုနှင့် တိုက်ရိုက်သက်ဆိုင်နေပါသည်။ ပြောရလျှင် ဘာသာစကားသည် ပြောဆိုဆက်ဆံရေးအတွက် ဖြစ်သလို ငွေကြေးသည် စီးပွားရေးဆောင်ရွက်ရန်အတွက် ဖြစ်သည်။ ပြောကြား သူနှင့် နားထောင်သူတို့ ၂ ဦးလုံးသည် ရှင်းလင်းစွာ အဓိပ္ပါယ်ဖွင့်ဆိုသည့် စကားလုံးများ မရှိပါက ဆက်သွယ်ပြောဆိုရန် မဖြစ်နိုင်ပါ။ ငွေကြေးသည်လည်း ထိုနည်းလည်းကောင်းပင် ဖြစ်သည်။ ငွေကြေးတွင် တည်ငြိမ်မှုနှင့် မှန်းဆရလွယ်သည့် တန်ဖိုးမရှိလျှင် ငွေချေးသူနှင့် ငွေချေးယူသူများအကြား နှစ်ဦးသဘောတူ ငွေချေး စည်းကမ်းချက်များ သတ်မှတ်ရန် ခက်ခဲမည်ဖြစ်သည်။ ငွေစုဆောင်းခြင်းနှင့် စုဆောင်းငွေအား ရင်းနှီးမြှုပ်နှံခြင်းတို့တွင် မသေချာသော အန္တရာယ်များ ပိုများလာပါသည်။ အချိန်ကာလဖြင့်ဆောင်ရွက်ရသော ပေးချေလွှဲပြောင်းမှုများ (အိမ်

သို့မဟုတ် ကား ဂယ်၊ ရောင်းသည့်အခါအတွက် အရစ်ကျပေးချေခြင်း စသည့်) သည်လည်း မရေရာမှုများအသစ်များဖြင့် ရင်ဆိုင်ကြုံတွေ့ရပါလိမ့်မည်။ ငွေကြေးတန်ဖိုး မတည်ငြိမ်လျှင် အကျိုးအမြတ် ရှိနိုင်သည့် အလဲအလှယ်များ လုပ်ဆောင်နိုင်မည် မဟုတ်ပေ။ အထူးပြုလုပ်ငန်း၊ များများစားစား ထုတ်လုပ်မှုနှင့် လူမှုပူးပေါင်းဆောင်ရွက်မှုမှ ရရှိလာမည့် အကျိုးကျေးဇူးများလည်း ကျဆင်းလာပေလိမ့်မည်။

ငွေကြေးမတည်ငြိမ်မှုကိုဖြစ်စေသည့် အကြောင်းရင်းမှာ အံ့သြစရာတော့မရှိပေ။ အခြားကုန်ပစ္စည်းများကဲ့သို့ပင် ရောင်းလိုအားနှင့် ဂယ်လိုအားတို့သည် ငွေကြေးတန်ဖိုးကို သတ်မှတ်ပါသည်။ ဈေးကွက်တွင် ငွေကြေးလည်ပတ်မှုပမာဏ မပြောင်းသည့်အခါ သို့မဟုတ် ငွေကြေးပမာဏအား နေးနေး၊ ပုံမှန်နှုန်းဖြင့်သာ တိုးမြှင့်ပေးသည့်အခါ ငွေကြေးဂယ်ယူနိုင်စွမ်း၊ ငွေကြေးအသုံးခံမှု (purchasing power of money)မှာ အတော်အတန် တည်ငြိမ်နေမည် ဖြစ်သည်။ ဆန့်ကျင်ဘက်အရ ငွေကြေးလည်ပတ်မှုပမာဏသည် ကုန်စည်နှင့် ဂန်ဆောင်မှုများ ထုတ်လုပ်မှုနှင့် နှိုင်းယှဉ်လျှင် အလျင်အမြန် များလာပါက ငွေကြေးတန်ဖိုး ကျဆင်းပြီး ကုန်ဈေးနှုန်း တက်လာပါသည်။ ယင်းသည် ငွေကြေးဖောင်းပွမှုပင် ဖြစ်သည်။ အစိုးရက ငွေစက္ကူ ရိုက်ထုတ်သည့်အခါမျိုးတွင် ဖြစ်စေ၊ အကြွေးပေးချေရန်အလို့ငှာ အစိုးရသည် ဗဟိုဘဏ်မှ ငွေချေးယူသည့် အခါမျိုးတွင် ဖြစ်စေ ငွေကြေးဖောင်းပွလေ့ရှိသည်။ ၁၂

နိုင်ငံရေးသမားတို့က လောဘဇောတိုက်နေသည့် စီးပွားရေးလုပ်ငန်းများ၊ အင်အားကောင်းသည့် အလုပ်သမားသမဂ္ဂများ၊ ရေနံကုမ္ပဏီကြီးများ သို့မဟုတ်လည်း နိုင်ငံခြားသားများအပေါ် လွှဲချအပြစ် တင်တတ်ကြသည်။ သို့သော် နည်းဗျူဟာလှည့်ကွက်တစ်ခု ရှိတတ်ပါသည်။ ငွေကြေးဖောင်းပွမှု မြဲမြံစွာ ရှိနေခြင်းသည် ငွေကြေးတိုးပွားလာမှု (growth of money supply)ကို အလျင်အမြန်ဖြစ်ပေါ်စေသည့် တစ်ခုတည်းသော အကြောင်းရင်း ဖြစ်သည်။ နိုင်ငံတစ်ခု၏ ငွေကြေးလည်ပတ်မှု/ထုတ်ဂေမှု (money supply)တွင် ပိုက်ဆံ၊ ဘဏ်စာရင်းနှင့် ခရီးဆောင်ချက်လက်မှတ်တို့ ပါဂင်သည်။ ငွေကြေးလည်ပတ်မှုမှာ စီးပွားရေး ဖွံ့ဖြိုးမှုထက် လျင်မြန်စွာ ကြီးထွားလာသည့်အခါ ငွေကြေးဖောင်းပွမှု ဖြစ်ပေါ်သည်။

ပုံပြဇယား ၃ တွင် ငွေကြေးထုတ်လုပ်မှုနှင့် ငွေကြေးဖောင်းပွမှု ကြီးထွားခြင်းတို့အကြား ဆက်စပ်မှု ရှိပုံကို ဖော်ပြထားသည်။ ငွေကြေးထုတ်လုပ်မှုနှုန်း ၅% သို့မဟုတ် ၎င်းအောက်သာ နေးကွေးသည့် နှုန်းဖြင့် ငွေကြေးထုတ်ဂေသည့် နိုင်ငံများသည် ၁၉၉၀-၂၀၀၇ ခုနှစ်အတွင်း ငွေကြေးဖောင်းပွမှုနှုန်း နည်းပါးစွာ ကြုံတွေ့ရသည်။ စင်္ကာပူ၊ နယူးဇီလန်၊ ဆွီဒင်ကဲ့သို့ နိုင်ငံငယ်များနည်းတူ အမေရိကန် ပြည်ထောင်စုနှင့် ကနေဒါကဲ့သို့ ဂင်ငွေမြင့်မားသည့် နိုင်ငံများတွင်လည်း ၎င်းအချက်က မှန်ကန်ခဲ့သည်။ ဗဟိုအာဖရိကသမ္မတနိုင်ငံနှင့် မောရစ်ရှနိုင်ငံများကဲ့သို့ ဆင်းရဲသည့်နိုင်ငံများတွင် လည်း အလားတူဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံ၏ ငွေကြေးထုတ်ဂေမှု အလျင်အမြန်ကြီးထွားလာသည့်အခါတွင်မူ ငွေကြေး ဖောင်းပွမှု သည်လည်း အလားတူ မြင့်မားလာတတ်သည် (ပီရူး၊ ဥရုဂွေး၊ ဂါနာ၊ မာလဂီ၊ နိုင်ဂျီရီးယား၊ ရိုမေးနီးယားနှင့် ဗင်နီဇွဲလားနိုင်ငံများ၏ ဆိုင်ရာအချက်အလက်များကို ကြည့်ရှုနိုင်သည်)။ အဆိုပါ

နိုင်ငံများတွင် ငွေကြေးထုတ်ဝေမှုက နှစ်စဉ် ၂၀% နှင့် ၄၀% အကြားပုံမှန် မြင့်မားလျက် ရှိပြီး နိုင်ငံအများစုမှာ အဆိုပါငွေကြေးထုတ်ဝေမှုနှုန်းအတိုင်း ငွေကြေးဖောင်းပွမှု တွေ့ကြုံခံစားနေရသည်။ ငွေကြေးထုတ်ဝေမှု လွန်ကဲစွာမြင့်မားမှုကြောင့် (၇၀%နှင့် အထက်) တူရကီ၊ ယူကရိန်း၊ ကွန်ဂို ဒီမိုကရက်တစ်နိုင်ငံနှင့် ဇင်ဘာဘွေနိုင်ငံများမှာကဲ့သို့ ငွေကြေးဖောင်းပွမှု အလွန်မြင့်မားခြင်း (hyperinflation) ဖြစ်စေနိုင်သည်။ အဆိုပါနိုင်ငံများတွင် ငွေကြေးထုတ်ဝေမှုနှုန်း မြင့်မားခြင်းကြောင့် ငွေကြေး ဖောင်းပွမှုသည်လည်း အလားတူမြင့်မားလာခဲ့သည်။

#
#

**Exhibit 3: Monetary Growth and Inflation, 1990-2007#**

| | Annual Growth Rate of the Money Supply(%)# | Avg Annual Growth Rate of Inflation (%)# |
|---|---|---|
| **Slow Growth of the Money Supply#** | | |
| United States | 2.1 | 2.8 |
| Central African Republic | 2.3 | 3.4 |
| Singapore | 2.5 | 1.4 |
| New Zealand | 2.8 | 2.1 |
| Sweden | 4.0 | 2.0 |
| Maritius | 4.7 | 6.5 |
| Canada | 5.1 | 2.1 |
| **Rapid Growth of the Money Supply#** | | |
| Peru | 22.7 | 21.9 |
| Uruguay | 24.6 | 23.9 |
| Ghana | 24.8 | 22.2 |
| Malawi | 27.4 | 23.8 |
| Nigeria | 27.5 | 21.9 |
| Romania | 35.6 | 61.7 |
| Venezuela | 36.8 | 32.9 |
| **Hypergrowth of the Money Supply** | | |
| Turkey | 71.8 | 51.6 |
| Ukaraine | 84.5 | 89.9 |
| Congo, Dem. Rep. | 140.3 | 360.4 |
| Zimbabwe | 164.8 | 165.3 |

#

**Source: The World Bank, *World Development Indicators, 2009 and International Monetary Fund, International Financial Statistics (annual). The growth rate of the money supply is measured by the***

***nominal growth of the money supply minus the growth of the real gross domestic product (GDP). The data for the Ukaraine are for 1992-2007.***

မကြာသေးမီ ဆယ်စုနှစ်များအတွင်း ငွေကြေးဖောင်းပွမှုနည်းပါးသည့် ကမ္ဘာ့နိုင်ငံတိုင်းတွင် ငွေကြေးပမာဏကြီးထွားမှုကို နှေးကွေးစေသည့် မူဝါဒတစ်ခုရှိခဲ့သည်။ တဖက်တွင် ငွေကြေးဖောင်းပွမှု အလျင် အမြန်တွေ့ကြုံခဲ့ရသည့် နိုင်ငံတိုင်းသည် ငွေကြေးပမာဏအလျင်အမြန် ချဲ့ကားသုံးစွဲခြင်း၊ ထုတ်ဝေခြင်း၏ အကျိုးဆက် ဖြစ်သည်။ အတိတ်ဖြစ်စဉ်အရ ငွေကြေးပမာဏ အလျင်အမြန် ကြီးထွားခြင်းနှင့် ငွေကြေး အလျင်အမြန်ဖောင်းပွခြင်းတို့အကြား ချိတ်ဆက်မှုသည် စီးပွားရေး အားလုံးတွင် ခိုင်မာသည့် ချိတ်ဆက်မှုများထဲမှ တစ်ခု ဖြစ်နေတတ်သည်။

မြင့်မားပြီး ပြောင်းလဲနေသည့် ငွေကြေးဖောင်းပွမှုနှုန်းများသည် ကြွယ်ဝချမ်းသာမှုကို လျော့နည်းစေသည်။ တစ်နှစ်တွင် ကုန်ဈေးနှုန်း ၂၀%၊ နောင်နှစ်တွင် ၅၀%၊ နောက်တစ်နှစ်တွင် ၁၅%၊ ထို့နောက် ဆက်ကာဆက်ကာ ဖြစ်နေမည်ဆိုလျှင် လူများစွာနှင့် စီးပွားရေးလုပ်ငန်းများ အနေဖြင့် ချိန်ဆလုပ်ဆောင်ရသည့် ရေရှည်အစီအစဉ်များ ဖော်ဆောင်နိုင်မည် မဟုတ်တော့ပေ။ မသေချာမရေရာမှုများကြောင့် ငွေပင်ငွေရင်း ရင်းနှီးမြှုပ်နှံရသည့် စီမံကိန်းများ စီစဉ် ရေးဆွဲရန်နှင့် အကောင်အထည်ဖော်ရန် စွန့်စားမှုများလာပြီး စွဲဆောင်မှု နည်းပါးစေသည်။ မမျှော်လင့်ဘဲ ပြောင်းလဲတတ်သည့် ငွေကြေးဖောင်းပွမှုကြောင့် အမြတ်အစွန်းထွက်နိုင်သည့် လုပ်ငန်းကို စီးပွားရေးကပ်သင့်သွားစေနိုင်သည်။ ထိုအခါ ဆုံးဖြတ်ချက်ချမှတ်သူများက မသေချာမှုများ ရင်ဆိုင်နေရမည်ထက် ငွေပင်ငွေရင်း ရင်းနှီးမြှုပ်နှံမှုများနှင့် ရေရှည်လုပ်ဆောင်ရသည့် အခြားသောလုပ်ငန်း လုပ်ကိုင်မှုများကို ရှောင်ရှားလာပါလိမ့်မည်။ အချို့က သူတို့ လုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုများကို ငွေကြေးတည်ငြိမ်မှုပိုမိုရှိသည့် နိုင်ငံများသို့ ရွှေ့ပြောင်းသွားကြလိမ့်မည်။ အကျိုးဆက်အဖြစ် ကုန်သွယ်ရေး အကျိုးအမြတ်များ၊ စီးပွားရေးလုပ်ငန်းဆောင်ရွက်ချက်များနှင့် ငွေရင်းဖြစ်ပေါ်မှုတို့ ဆုံးရှုံးသွားရလိမ့်မည်။

ထို့ပြင် အစိုးရများက ငွေကြေးဖောင်းပွမှု ဖြစ်ပေါ်စေသည့်အခါတွင် ပြည်သူတို့က ထုတ်လုပ်မှုအတွက် အချိန်သုံးစွဲမှုနည်းပါးလာပြီး မိမိတို့ ဓနဥစ္စာကာကွယ်ရန်သာ အချိန်ပိုသုံးလာကြမည်။ ငွေကြေး ဖောင်းပွမှုနှုန်း အတိအကျ ခန့်မှန်းရန် မဖြစ်နိုင်ခြင်းကြောင့် တစ်ဦးတစ်ယောက်၏ ဓနပိုင်ဆိုင်မှုကို ထိခိုက်ပျက်စီးစေနိုင်သည်ဖြစ်ရာ လူအများက မိမိတို့၏ ရှားပါးအရင်းအမြစ်များကို ကုန်စည်နှင့် ဝန်ဆောင်မှုများ ထုတ်လုပ်ခြင်း မပြုတော့ပဲ ငွေကြေးဖောင်းပွမှု ကာကွယ်နိုင်သည့် လုပ်ငန်းများသို့ ရွှေ့ပြောင်းသွားကြမည် ဖြစ်သည်။ စီးပွားရေးလုပ်ငန်း ဆုံးဖြတ်ချက်ချမှတ်သူများ၏ ထုတ်လုပ်မှုများ စီမံခန့်ခွဲခြင်းနှင့် စီစဉ်ခြင်းထက် ဈေးနှုန်းအပြောင်းအလဲများ ခန့်မှန်းတွက်ချက်နိုင်ခြင်းက ပို၍ အသုံးဝင်လာပေလိမ့်မည်။ ငွေကြေးဖောင်းပွမှုနှုန်း မသေမချာရှိနေသည့်အခါ စီးပွားရေးလုပ်ငန်းများစွာတို့သည့် ကာလရှည် လုပ်ငန်းသဘောတူညီမှုများမှ ရှောင်ရှားသွားပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများစွာ အချိန်ဆွဲထားမည်၊ မိမိတို့ အရင်းအမြစ်များနှင့် အချိန်တို့ကို ကုန်ထုတ်နိုင်စွမ်း နည်းပါးသည့် လုပ်ငန်းများတွင်

ဖြန့်ကြက်လာမည် ဖြစ်သည်။ ငွေပင်ငွေရင်းများသည်လည်း အဆောက်အဦများ၊ စက်ပစ္စည်းများနှင့် နည်းပညာသုတေသနကဲ့သို့ ကုန်ထုတ်လုပ်မှုပိုမိုဖြစ်ထွန်းသည့် ရင်းနှီးမြှုပ်နှံမှုများသို့ မစီးဝင်တော့ဘဲ ငွေကြေးဖောင်းပွမှုနှင့်အတူ ဈေးနှုန်းလိုက်တက်သည့် ရွှေ၊ ငွေ၊ အနုပညာပစ္စည်းများ ဂယ်ယူရာသို့ ရောက်ရှိသွားသည်။ ကုန်ထုတ်လုပ်မှုပိုမိုဖြစ်ထွန်းရာ လုပ်ငန်းများမှ ကုန်ထုတ်လုပ်မှု နည်းပါးသည့် လုပ်ငန်းများသို့ အရင်းအမြစ်များ ရောက်ရှိသွားသည့်အခါ စီးပွားရေးတိုးတက်မှု နှေးကွေးလာမည် ဖြစ်သည်။

ငွေကြေးဖောင်းပွမှုကြောင့် အစိုးရအပေါ် ယုံကြည်မှု ကျဆင်းစေသည်။ အခြေခံအကျဆုံး အဆင့်တွင် လူတို့သည် မိမိတို့လူများနှင့် ပိုင်ဆိုင်မှုများကို ကျူးကျော်လုယူသူများထံမှ အစိုးရက အကာအကွယ်ပေးရန် မျှော်လင့်ထားကြသည်။ သို့သော် ငွေကြေးထုတ်ဝေခြင်း၊ သုံးစွဲခြင်း၊ ငွေတန်ဖိုးချိနဲ့စေခြင်းတို့ကို အစိုးရက ပြုလုပ်လာသည့်အခါ အစိုးရကိုယ်တိုင်သည်ပင်လျှင် ကျူးကျော်လုယက်သူ ဖြစ်လာသည်။ ထိုအခါ အစိုးရက မိမိတို့၏ ပိုင်ဆိုင်မှုများကို မတရားလုယက်မှုများမှ ကာကွယ်ပေးမည်၊ လုပ်ငန်းသဘောတူညီချက်များ ထိန်းကျောင်းပေးမည် သို့မဟုတ် ကျင့်ဝတ်နှင့် မညီသည့် ဒုစရိုက်အပြုအမူများအတွက် အပြစ်ပေးလိမ့်မည်ဟု ပြည်သူတို့က မည်သို့ယုံကြည်နိုင်ပါမည်နည်း။ အစိုးရက ငွေကြေးတန်ဖိုးကို ကျဆင်းစေသည့်အခါ မသမာသူများကို အပြစ်ပေးရန် အားနည်းသည့် အနေအထားတစ်ခုသို့ပ ရောက်ရှိသွားသည်။ ဥပမာအားဖြင့် ရေများများရောသော လိမ္မော်ရည်ထုတ်လုပ်သူ၊ မိမိစာတော့ရှယ်ယာများအား တန်ဖိုးကျအောင် လုပ်သည့် လုပ်ငန်းတစ်ခု (ဆိုလိုသည်မှာ လက်ရှိစတော့ရှယ်ယာရှင်များ၏ ခွင့်ပြုချက်မရယူဘဲ စတော့ရှယ်ယာအသစ်များ ထပ်မံထုတ်ဝေခြင်း) ကဲ့သို့ ဖြစ်သည်။

ငွေကြေးမူဂါဒချမှတ်သူများက ငွေကြေးချဲ့ ခြင်းနှင့် ချုံ့ ခြင်းတို့ အဆက်မပြတ် လုပ်ဆောင်နေပါကလည်း စီးပွားရေးတိုးတက်မှုကို ထိခိုက်စေပါသည်။ ငွေကြေးအာဏာပိုင်များက ငွေကြေးအား အလျင်အမြန် များစွာထုတ်ဝေ/လည်ပတ်စေသည့်အခါ အစပိုင်းတွင် ငွေကြေးပမာဏတိုးချဲ့သည့်/ငွေကြေးလည်ပတ်မှုပမာဏများစေသည့် မူဂါဒ (expansionary monetary policy) ကြောင့် ယေဘုယျအားဖြင့် အတိုးနှုန်းများ လျော့ကျသွားစေပြီး မျက်မှောက်ရင်းနှီးမြှုပ်နှံမှုများကို အားကောင်းလာစေပြီး တမင်ဖန်တီးထားသည့် (အတုအယောင်) စီးပွားရေးဖွံ့ဖြိုးသည့် ကာလတစ်ခုကို ရရှိစေမည်ဖြစ်သည်။ အတိုးနှုန်းလျော့နည်းခြင်းကြောင့် မြတ်လောက်သည်ဟု ထင်ရသည့် လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် စွဲဆောင်မှု ရှိလာမည်ဖြစ်သော်လည်း ကြာရှည်တည်တံ့မည်တော့ မဟုတ်ပေ။ ငွေကြေးပမာဏတိုးချဲ့သည့် မူဂါဒ ဆက်လက်ကျင့်သုံးသည့်အခါ ငွေကြေးဖောင်းပွမှုဖြစ်ပေါ်စေပြီး ၎င်းကြောင့် ငွေကြေးမူဂါဒ ချမှတ်သူများက ပိုမိုတင်းကြပ်သည့် ငွေကြေးမူဂါဒဘက်သို့ ပြောင်းလဲလုပ်ဆောင်လာစေသည်။ သို့သော်ငြားလည်း ထိုသို့ငွေကြေးကို တင်းကြပ်လိုက်သည့်အခါ အတိုးနှုန်းများ တက်လာပြီး ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများ နှေးကွေးလာ၍ စီးပွားရေးအကြပ်အတည်းသို့ ဆိုက်ရောက်စေသည်။ ထို့ကြောင့် ငွေကြေးပမာဏချဲ့ ခြင်းမှ ချုံ့ ခြင်းသို့ ပြောင်းလဲခြင်းသည် စီးပွားရေးမတည်ငြိမ်မှုကို ဖြစ်ပေါ်စေသည်။ စီးပွားရေးသည် အကျဘက်သို့ ပြန်ဆင်းသွားပြီး စီးပွားရေးဖွံ့ဖြိုးသည့်ကာလ (boom)နှင့်

စီးပွားရေးဆုတ်ယုတ်သည့်ကာလ (bust)တို့ တလှည့်စီ ဖြစ်ပေါ်နေမည် ဖြစ်သည်။ ဤကဲ့သို့ ငွေကြေးမူဝါဒပုံစံ ကျင့်သုံးခြင်းသည် မတည်ငြိမ်မှု၊ မရေရာမှုကိုဖြစ်ပေါ်စေပြီး ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု နှေးကွေးစေ၍ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကိုလည်း ကျဆင်းစေပါသည်။


၁၉၆၈-၁၉၈၂ ခုနှစ်ကာလအတွင်း အမေရိကန်ပြည်ထောင်စုတွင် အဆိုပါအတိုင်းပင် အတိအကျ ဖြစ်ပျက်ခဲ့ပါသည်။ ငွေကြေးအာဏာပိုင်များက ငွေကြေးပမာဏ တိုးချဲ့သည့် မူဝါဒကို ကျင့်သုံးခဲ့ခြင်းကြောင့် ငွေကြေးဖောင်းပွမှုကို ဖြစ်ပေါ်စေခဲ့သည်။ ငွေကြေးဖောင်းပွမှုနှုန်း မြင့်မားလာသည့်အခါ မူဝါဒချမှတ်သူများက ထိန်းချုပ်မှုများသို့ ပြောင်းလဲကျင့်သုံးခဲ့ပြန်ရာ စီးပွားရေး အကြပ်အတည်းသို့ ဆိုက်ရောက်စေခဲ့သည်။ ၁၉၇၀၊ ၁၉၇၄-၁၉၇၅၊ ၁၉၈၀နှင့် ၁၉၈၂ ခုနှစ် ကာလများတွင် စီးပွားရေးအကြပ်အတည်း ဆိုက်ရသည့် ပင်မအကြောင်းရင်းမှာ ထိုကာလများတွင် "အရှိန်တင်၊ အရှိန်လျော့" ငွေကြေး မူဝါဒကြောင့် ဖြစ်သည်။

မကြာသေးမီကလည်း မူဝါဒချမှတ်သူများက ၂၀၀၁ ခုနှစ် စီးပွားရေး အကြပ်အတည်းမှ အလျင်အမြန် နာလန်ထစေမည့် နည်းလမ်းတစ်ရပ်အနေဖြင့် ငွေကြေးပမာဏတိုးချဲ့ရေးမူဝါဒကို ကျင့်သုံးခဲ့ရာ ၂၀၀၂-၂၀၀၄ ခုနှစ် ကာလအတွင်း ကာလတိုအတိုးနှုန်းများ သမိုင်းတလျှောက် အနိမ့်ဆုံးအဆင့်များသို့ ရောက်ရှိသွားခဲ့သည်။ ပုံပြဇယား ၄ တွင် ပြထားသည့်အတိုင်း (၁) နှစ် သက်တမ်းရှိသော ငွေတိုက်စာချုပ် (Treasury bill) အတိုးနှုန်းသည် ၂၀၀၂၊ ၂၀၀၃၊ ၂၀၀၄ ခုနှစ်များတလျှောက် ၂% သို့မဟုတ် ၎င်းအောက်တွင် ရှိနေခဲ့သည်။ ယခင်ခေါင်းစဉ်တွင် ဆွေးနွေးခဲ့ပြီးသည့်အတိုင်း ငွေချေးရာတွင် လိုက်နာရမည့် စံနှုန်းများ၊ စည်းကမ်းသတ်မှတ်ချက်များကို လျော့ချပေးသည့် စည်းမျဉ်းစည်းကမ်းများနှင့်အတူ ငွေကြေးပမာဏတိုးချဲ့ရေးမူဝါဒသည် အိမ်ခြံမြေဈေးကွက် ဖွံ့ဖြိုးကြီးထွားလာစေခဲ့သည်။ သို့သော် ၂၀၀၅ ခုနှစ်အတွင်း ငွေကြေးဖောင်းပွမှုနှုန်း မြင့်မားလာသည့်အခါ ဗဟိုအစိုးရက ပိုမိုထိန်းချုပ်သည့် ငွေကြေးမူဝါဒ (restrictive monetary policy) သို့ ပြောင်းလဲကျင့်သုံးခဲ့ရာ အတိုးနှုန်းများ မြင့်တက်လာခဲ့သည်။ ၎င်းကြောင့် အိမ်ခြံမြေ ဈေးနှုန်းဖောင်းပွမှုကို ရပ်တန့်စေခဲ့သည်။ သို့သော် ချေးငွေဆပ်ရန်ပျက်ကွက်မှုများ၊ အိမ်ခြံမြေ ချိတ်ပိတ်မှုနှုန်းများကို မြင့်တက်လာစေခဲ့သည်။ အဆုံးသတ်တွင် ၂၀၀၈ ခုနှစ် စီးပွားရေး မဟာဆုတ်ယုတ်မှု/ မဟာအကြပ်အတည်းသို့ (Great Recession) ဆိုက်ရောက်စေခဲ့သည်။[၃၃]

အိမ်အပေါင်ငွေချေးမှု စည်းကမ်းသတ်မှတ်ချက်များကို လျော့ရဲစေသည့် စည်းမျဉ်း စည်းကမ်းများနှင့် ဗဟိုအရန်ငွေကြေးအဖွဲ့၏ တမင်ဖန်းတီးသည့် နည်းပါးသောအတိုးနှုန်း မူဝါဒများ ပေါင်းစပ်လိုက်သည့်အခါ လူများစွာတို့သည် ငွေကြေး ပိုမိုချေးယူရန်၊ သူတို့ မတတ်နိုင်သည့် အိမ်ခြံမြေရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်ရန်အတွက် အားပေးအားမြှောက် ဖြစ်စေခဲ့သည်။ မူဝါဒကြောင့် ၂၀၀၂-၂၀၀၅ ခုနှစ်ကာလအတွင်း အိမ်ခြံမြေဆောက်လုပ်ရေးလုပ်ငန်းကို ဖွံ့ ဖြိုးစေခဲ့သော်လည်း အဆိုပါရင်းနှီးမြှုပ်နှံမှုများစွာတို့မှာ စီးပွားရေးအရ တွက်ခြေမကိုက်ပေ။ အဆိုပါ ရင်းနှီးမြှုပ်နှံမှုများကို လုပ်ဆောင်ခဲ့ဖို့ မကောင်းပေ။ ၎င်းတို့ကို ဘောဂဗေဒပညာရှင်တို့က တလွဲရင်းနှီးမြှုပ်နှံမှုများ (mal-investment) ဟု ကင်ပွန်းတပ်သည်။ စီးပွားရေးတစ်ရပ်အား ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးမှု

လမ်းကြောင်းသို့ ပြန်ရောက်သည်အထိ စနစ်အတွင်းမှ လွဲမှားခဲ့သော ရင်းနှီးမြှုပ်နှံမှုများကို အရင်းရှင်းထုတ်ရမည် ဖြစ်သည်။ ၂၀၀၇-၂၀၀၉ ကာလအတွင်း ပြင်းထန်သည့် ငွေကြေးပမာဏချဲ့ ခြင်း ကျင့်သုံးစဉ်တွင် အကုန်အကျများပြီး ကြီးကြီးမားမား ထိခိုက်ခံစားရသည့် ဖြစ်စဉ်တစ်ခု ဖြစ်ခဲ့သည်။

#




#

**Source: Federal Reserve System, <u>http://www.federalreserve.gov</u>, and Economagic, http:// <u>www.economagic.com</u>**

#

ငွေကြေးတည်ငြိမ်မှုသည် စီးပွားရေးတိုးတက်မှုအ[illegible]ဖြစ် လိုအပ်သည့် ဂန်းကျင်တစ်ရပ်ဖြစ်သည်။ ငွေကြေးတည်ငြိမ်မှု မရှိပါက ငွေပငွေရေး ရင်းနှီးမြှုပ်နှံမှု (captial investment) နှင့် အချိန်ပေးရသည့် အခြားသော ဖလှယ်မှုများမှ ရရှိလာနိုင်သည့် အကျိုးကျေးဇူးများကို လက်လွတ်ဆုံးရှုံးရလိမ့်မည် ဖြစ်ပြီး နိုင်ငံသူနိုင်ငံသားများအနေဖြင့်လည်း သူတို့လုပ်နိုင်သည့် အတိုင်းအတာအထိ အပြည့်အဝ ကြိုးပမ်းခွင့် ရတော့မည် မဟုတ်ပေ။



ငွေကြေးတည်ငြိမ်မှုအတွက် အဓိကအချက်များမှာ (၁) ကုန်ဈေးနှုန်းတည်ငြိမ်မှုနှင့် ကိုက်ညီမည့် ငွေကြေးကြီးထွားမှု (growth of money) နှင့် အကြွေးဂယ်စနစ် (credit) ဖော်ဆောင်ခြင်း (၂) လက်ရှိစီးပွားရေး အခြေအနေများကို တုန့်ပြန်ဆောင်ရွက်သည့် အနေဖြင့် "အရှိန်တင်၊ အရှိန်လျော့" မူဂါဒ အပြောင်းအလဲများ ကျင့်သုံးခြင်းမှ ရှောင်ကြဉ်ခြင်းတို့ ဖြစ်သည်။ လွန်ခဲ့သည့် ဆယ်စုနှစ် အချို့က မီလ်တန်ဖရီးမင်း ဆိုခဲ့သလို ငွေကြေးဖောင်းပွမှု

ဆိုသည်မှာ ငွေကြေးပမာဏ အလွန်အကြွံ ကြီးထွားလာခြင်းကြောင့် ဖြစ်သည်။ ငွေကြေးအလျင်အမြန် ကြီးထွားလာခြင်းက ငွေကြေးဖောင်းပွမှုသို့ ဦးတည်စေသည်။ ထို့ပြင် ငွေကြေးမူဂါဒ အပြောင်းအလဲများက ကုန်ဈေးနှုန်း၊ ကုန်ထုတ်လုပ်မှုနှင့် အလုပ်အကိုင်တို့အပေါ် ခန့်မှန်းရခက်သော အချိန်ကာလ တော်တော်ကြာမှ အကျိုးသက်ရောက်တတ်သည်။[၁၄] ထို့ကြောင့် ငွေကြေးမူဂါဒအား စဉ်ဆက်မပြတ် ကစားခြင်းဖြင့် အမှန်ထွက်အားနှင့် အလုပ်အကိုင်များအား ကြိုးကိုင်ရန် ကြိုးစားခြင်းသည် တည်ငြိမ်မှုထက် မတည်ငြိမ်မှုကိုသာ ဖြစ်ပေါ်စေပါလိမ့်မည်။ မျက်မှောက်ခေတ် ငွေကြေးမူဂါဒ ချမှတ်သူများမှာ ငွေကြေးပမာဏကြီးထွားမှုနှင့် ငွေကြေးဖောင်းပွမှုတို့ အကြား ဆက်စပ်မှုရှိကြောင်း နားလည်ဟန်ရှိသည်။ သို့တစေ လွန်ခဲ့သော ဆယ်စုနှစ်က အမေရိကန်၏ ငွေကြေးမူဂါဒများကို ပြန်ကြည့်လျှင် "အရှိန်တင်၊ အရှိန်လျှော့" ငွေကြေးမူဂါဒကြောင့် ဖြစ်ပေါ်လာသော ထိခိုက်နစ်နာမှုများကို ကောင်းစွာ သဘောပေါက်သေးပုံ မပေါ်ပေ။
#

**၆။ နည်းပါးသော အခွန်နှုန်းထားများ။ လူပုဂ္ဂိုလ်တို့သည် မိမိတို့ ရှာဖွေထားသည့်အလျောက် ပိုမိုခံစားခွင့် ရှိသည့်အခါ ပိုမိုထုတ်လုပ်လာကြပါလိမ့်မည်။**

> *အခွန်ဆိုတာက လူတိုင်းအလုပ်လုပ်ပြီး ရလာတဲ့ ချွေးနဲစာထဲက ပေးရတာပါ။ အခွန်တွေသာ သိပ်များနေရင် အလုပ်မလုပ်တော့တဲ့ စက်ရုံတွေ၊ အခွန်အတွက် ရောင်းလိုက်ရတဲ့ လယ်တွေ၊ လမ်းပေါ်မှာ ဆာလောင်နေတဲ့လူတွေ၊ အလုပ်အကိုင် ရှာဖွေရင်း အချည်းအနှီး အချိန်ကုန်နေရသူတွေ ရှိလာမှာပေါ့။*
>
> - ဖရန်ကလင်း ဒီ ရူစဗက် (Franklin D. Roosevelt, October 19. 1932)

အခွန်နှုန်းထားများကြီးမြင့်ခြင်းကြောင့် ဝင်ငွေထဲမှ များစွာဖဲ့၍ ပေးလိုက်ရသည့်အခါ အလုပ်လုပ်လိုစိတ်နှင့် အရင်းအမြစ်များအသုံးပြုလိုသည့် ဆွဲဆောင်မှုများ သိသိသာသာ ကျဆင်းသွားသည်။ ထပ်ဆင့်အခွန်နှုန်းမှာ လွန်စွာအရေးကြီးပါသည်။ ယင်းမှာ မည်သည့်ဝင်ငွေ အပိုင်းအခြားတွင်ဖြစ်စေ ထိုဝင်ငွေမှ အခွန်အဖြစ် ကောက်ခံခြင်း ဖြစ်သည်။ ဥပမာ ၂၀၀၉ ခုနှစ် အမေရိကန် ပြည်ထောင်စုတွင် အခွန်စည်းကြပ်ထိုက်သည့် ဝင်ငွေ ဒေါ်လာ ၅၀၀၀၀ ရရှိသူ အခွန်ထမ်းတစ်ဦးသည် နောက်ထပ် ဒေါ်လာ ၁၀၀ ရှာဖွေတိုင်း ပြည်ထောင်စုဝင်ငွေခွန်အဖြစ် ၂၅ ဒေါ်လာ ပေးဆောင်ရသည်။ အခွန်ထမ်းသူက ထပ်ဆင့်အခွန်နှုန်း ၂၅ ရာခိုင်နှုန်း ပေးရခြင်း ဖြစ်သည်။ ထပ်ဆင့်အခွန်နှုန်းများ တိုးလာသည့်အခါ မိမိရှာဖွေထားသော ငွေမှ သိမ်းဆည်းနိုင်သည့် ငွေမမာဏလည်း ကျဆင်းသွားသည်။

ထပ်ဆင့်အခွန်နှုန်း မြင့်မားခြင်းကြောင့် ထုတ်လုပ်မှုနှင့် ဝင်ငွေတို့အား ကျဆင်းစေသော အကြောင်းရင်း ၃ ခုရှိပါသည်။

***ပထမအချက်မှာ အခွန်နှုန်းမြင့်မားခြင်းသည် အားစိုက်ထုတ်မှုကို အားလျော့စေတတ်ပြီး လုပ်သား၏ ကုန်ထုတ်စွမ်းအားကို ကျဆင်းစေသည်။*** ထပ်ဆင့်အခွန်နှုန်းထား (marginal tax rates) များ ၅၅ သို့မဟုတ် ၆၀ ရာခိုင်နှုန်းသို့ မြင့်တက်လာသည့်အခါ လူပုဂ္ဂိုလ်များစွာတို့သည် မိမိတို့ နောက်ထပ်ရငွေ၏ ထက်ဝက်အောက်သာ လက်ထဲသို့ ရောက်ရှိလာသည်။ လူအများက မိမိတို့ ရှာဖွေထားသမျှ လက်ထဲသို့ ငွေသိပ်မရောက်သည့်အခါ များများစားစား ရှာဖွေလိုစိတ် မရှိကြတော့ပေ။ အိမ်ထောင်ဖက်များပါ အလုပ်လုပ်ကြသည့် မိသားစုချို့ဆိုလျှင် အခွန်ဆောင်စရာ မလိုသည့် အိမ်မှုကိစ္စများလုပ်ရန် အလုပ်မှ ထွက်သွားကြမည် ဖြစ်သည်။ အချို့မှာ အလုပ်ချိန် လျှော့နည်း လုပ်ကြလိမ့်မည်၊ အလုပ်မှ စောလျင်စွာ အနားယူကြမည် သို့မဟုတ် ပိတ်ရက်ရှည်ရသည့် အလုပ်များ သို့မဟုတ် ပိုမိုနှစ်သက်ဖွယ်ရှိသည့် နေရာဒေသတစ်ခုတွင် ရွေးချယ်ကြမည် ဖြစ်သည်။ အချို့မှာ အလုပ်လက်မဲ့ဖြစ်နေသည့်အတွက် ရရာအလုပ် ဝင်လုပ်ကြမည်။ တခြားနေရာတစ်ခုခုသို့ သွားလုပ်ခိုင်းလျှင် လစာတိုးပေးသည့်တိုင် ငြင်းဆန်ကြမည်။ သို့မဟုတ် အလားအလာ ကောင်းသော်လည်း စွန့်စားရမည့် စီးပွားရေးလုပ်ငန်းမျိုး ကို ရှောင်ရှားကြသည်။ အခွန်နှုန်းများ မြင့်မားခြင်းကြောင့် ကုန်ထုတ်လုပ်မှု အကောင်းဆုံး နိုင်ငံသားများကို အခွန်နည်းပါးသည့် နိုင်ငံများသို့ ရွှေ့ပြောင်းလုပ်ကိုင်ဖို့ တွန်းအားပေးရာ ရောက်စေနိုင်သည်။ ယင်းအချက်များကြောင့် လုပ်သား အင်အားနှင့် ၎င်းတို့၏ ကုန်ထုတ်စွမ်းအား ကျဆင်းစေပြီး ထုတ်လုပ်မှုအားလည်း ကျဆင်းစေပါသည်။

အစွန်းထွက်အခွန်နှုန်းတိုးမြင့်ခြင်းကြောင့် အများစုက အလုပ်မှ ချက်ခြင်းထွက်သွားခြင်းမျိုး သို့မဟုတ် အလုပ် ကြိုးကြိုးစားစား မလုပ်ခြင်းမျိုး ဖြစ်သွားမည်မဟုတ်ပါ။ အလုပ်အကိုင်တစ်ခုအတွက် နှစ်ပေါင်းများစွာ လေ့ကျင့်သင်ကြားထားသူတစ်ဦးသည် အလုပ်ဆက်လုပ်နေမည်ဖြစ်ပြီး အထူးသဖြင့် ထိုသူသည် ဝင်ငွေအရှာဖွေနိုင်ဆုံးအနေအထားတွင် ရောက်ရှိနေလျှင် ကြိုးစားပမ်းစားပင် အလုပ်လုပ်မည် ဖြစ်သည်။ သို့သော် ငယ်ရွယ်သူများအနေဖြင့် အသက်မွေးဝမ်းကြောင်းအလုပ် တစ်ခုတွင် အထူးပြု လေ့ကျင့်သင်ကြားထားခြင်း မရှိသေးလျှင် အစွန်းထွက်အခွန်နှုန်းများ မြင့်မားလာခြင်းကြောင့် ၎င်းတို့၏ အချိန်နှင့် ငွေများအား ရင်းနှီးမြှုပ်နှံတော့မည် မဟုတ်ပေ။ ထို့ကြောင့် အခွန်နှုန်းတိုးမြင့်ကောက်ခံခြင်းသည် အလုပ်ကြိုးစားအားထုတ်မှုတွင် ထိခိုက်စေပြီး အနာဂတ်ကာလ နှစ်များစွာတွင် ကုန်ထုတ်စွမ်းအားကိုလည်း ကျဆင်းစေမည် ဖြစ်သည်။

အခွန်နှုန်းမြင့်မားခြင်းကြောင့် ကုန်ထုတ်စွမ်းအား ကျဆင်းစေပြီး ကုန်သွယ်မှုမှ ရရှိလာမည့် အကျိုးများကိုလည်း တနည်းတဖုံ ကျဆင်းစေသည်။ အလုပ်ခန့်အပ်မှု အခွန်များ (သို့မဟုတ် လစာ အပေါ် စည်းကြပ်သည့် ဝင်ငွေခွန်များ) သည် လုပ်သားတစ်ဦး ခန့်အပ်မှုအပေါ် အလုပ်ရှင်အတွက် ကုန်ကျစရိတ်နှင့် ဝန်ထမ်း၏ အိမ်အပါ အသားတင်ဝင်ငွေ (take-home pay) အကြား ကွာဟမှုကို ဖြစ်ပေါ်စေသည်။ ဝန်ထမ်းလုပ်သားက ရရှိသည့်ဝင်ငွေထက် အလုပ်ရှင်က များစွာ ပေးဆောင်နေရသည်။ ယင်း ပေးငွေ-ရငွေ ကွာဟချက် ကြီးမားလာသည့်အခါ လုပ်သား ငှားရမ်းခ မြင့်မားခြင်းကြောင့် အလုပ်ခန့်အပ်မှု လျော့နည်းလာပြီး အချို့လုပ်သားများမှာလည်း လုပ်ငန်းခွင်မှ ထွက်ခွာသွားခြင်း သို့မဟုတ် ဥပဒေအရ အကာအကွယ်ပေးမှု နည်းပြီး ပိုင်ဆိုင်မှုအခွင့်အရေးများ မလုံခြုံသည့် မြေအောက် စီးပွားရေးကဏ္ဍများသို့ ရွှေ့ပြောင်းလုပ်ကိုင်ကြမည် ဖြစ်သည်။ အဆိုပါ

ဈေးကွက်များတွင် လုပ်သားများနှင့် အရင်းအနှီးတို့မှာ လူ့အဖွဲ့အစည်း တစ်ရပ်လုံးအတိုင်းအတာဖြင့် ပြောလျှင် ထုတ်လုပ်မှု ကျဆင်းသွားမည် ဖြစ်သည်။

အခွန်နှုန်းမြင့်မားခြင်းကြောင့် အချို့သူများအတွက် လုပ်ငန်းခွန်များ မပေးဆောင်ရသည့် မိမိမကျွမ်းကျင်သည့် လုပ်ငန်းများသို့ ရွှေ့ပြောင်းလုပ်ကိုင်လာရသည်။ ဥပမာပြရလျှင် မြင့်မားသည့် အခွန်များကြောင့် ကျွမ်းကျင်သည့် ဆေးသုတ်သမားများ ငှားရမ်းခ မြင့်မားလာသည့်အခါ မိမိသည် ဆေးသုတ်ရာတွင် မကျွမ်းကျင်မှုသည့်တိုင် မိမိအိမ်ကို ကိုယ်တိုင် ဆေးသုတ်လာရသည့် သဘောပင် ဖြစ်သည်။ အခွန်နှုန်းများ များများစားစား မသတ်မှတ်ပါက အထူးတလည် ကျွမ်းကျင်သည့် ဆေးသုတ်သမားပင်လျှင် မိမိတတ်နိုင်သည့် ဈေးသုတ်နှုန်းထားဖြင့် လုပ်ဆောင်ပေးနိုင်မည်ဖြစ်ပြီး မိမိတို့သည်လည်း မိမိနှင့် ပိုမိုသင့်လျော်သည့် အလုပ်တွင် ဇောက်ချလုပ်ဆောင်နိုင်မည် ဖြစ်သည်။ အခွန်ကြောင့် ပုံပျက်သွားသည့် မက်လုံးများမှတဆင့် စီးပွားရေးစွမ်းဆောင်ရည်ကျဆင်းစေပြီး အရင်းအမြစ်များကိုလည်း အချည်းအနှီး ဖြစ်စေပါသည်။

***ဒုတိယအချက်မှာ အခွန်နှုန်းမြင့်မားခြင်းသည် အရင်းအနှီးဖြစ်ထွန်းမှု ပမာဏနှင့် အကျိုးများများဖြစ်ထွန်းမှု နှစ်ရပ်လုံး (the level and efficiency of capital formation)ကို ကျဆင်းစေသည်။*** မြင့်မားသည့်အခွန်နှုန်းများသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို လက်တွန့်စေပြီး ပြည်တွင်းရင်းနှီး မြှုပ်နှံသူများကိုလည်း ပြည်တွင်းအခွန်နှင့်ယှဉ်လျှင် အခွန်နှင့် ကုန်ထုတ်စရိတ် ပိုမိုသက်သာသည့် နိုင်ငံရပ်ခြား စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံစေမည်ဖြစ်သည်။ ယင်းက စီးပွားရေးဖွံ့ဖြိုးမှုအတွက် အရေးပါသည့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်ထုတ်လုပ်မှုစက်ကိရိယာများ အသုံးချနိုင်မှုကို ကျဆင်းစေသည်။ ပြည်တွင်း ရင်းနှီးမြှုပ်နှံသူများသည် ရရှိမည့်ငွေများအပေါ် အခွန်စည်းကြပ်ခြင်းမှ ကင်းဝေးမည့် လုပ်ငန်းများသို့ ဦးလှည့်လုပ်ကိုင်မည်ဖြစ်ပြီး အမြတ်နှုန်း မြင့်မားသည့် လုပ်ငန်းများကို ကျောခိုင်းကြပြီး အကျိုးအမြတ်နည်းသော်လည်း အခွန်ရှောင်နိုင်မည့် လုပ်ငန်းများဆီသို့ ရောက်ရှိသွားစေမည် ဖြစ်သည်။ အခွန်ကင်းလွတ်နေသည့် လုပ်ငန်းများတွင် လုပ်ကိုင်ခြင်းဖြင့် ပုဂ္ဂလိက အကျိုးအမြတ် ရှိနိုင်သော်လည်း အရင်းအမြစ်များ၏တန်ဖိုး မတက်လာပါ။ အရင်းအမြစ်များမှာ ရှားပါးသော်လည်း ဖြုန်းတီးပစ်ရာရောက်ပြီး ကုန်ထုတ်စွမ်းအား အကောင်းဆုံး နေရာများတွင် အသုံးချမှု မရှိတော့ပေ။

***တတိယအချက်မှာ အစွန်းထွက်အခွန်နှုန်းထား မြင့်မားခြင်းကြောင့် အခွန်ခုနှိမ်ခွင့်မရှိသည့် ကုန်စည်များမှာ ပိုကောင်းဖွယ်ရှိသော်လည်း အခွန်ခုနှိမ်ခွင့်ရှိသည့် ကုန်စည်များကို သုံးစွဲဖြစ်စေသည်။*** ဝယ်ယူသုံးစွဲမှုများအပေါ် အခွန်ခုနှိမ်ခွင့် ရှိခြင်းသည် ပေးဆောင်ရသည့် အခွန်များကို နုတ်ခွင့်ပေးခြင်း ဖြစ်သဖြင့် ဝယ်ယူသည့်ဈေးနှုန်းအတိုင်း အပြည့်အဝ မကုန်ကျတော့ပေ။ အစွန်းထွက်/ထပ်ဆင့် အခွန်နှုန်းများ မြင့်မားသည့်အခါ အခွန်ခုနှိမ်ခွင့်ရှိသည့် အသုံးစရိတ်များမှာ ပေါပေါလောလော ဖြစ်လာပါသည်။

၁၉၇၀ နှစ်များတွင် ဗြိတိသျှထုတ် ရိုးရွိုက်စ်ဖိမ်ခံကားများက ဤအချက်ကို ရှင်းလင်းစွာ ပြသနေသည်။ ထိုခေတ်ကာလ ယူကေတွင် အစွန်းထွက်ဝင်ငွေခွန်နှုန်းများက ဝင်ငွေမြင့်မားသူများ

အတွက် ၉၈ ရာခိုင်နှုန်းအထိ မြင့်မားခဲ့သည်။ ယင်းအခွန်နှုန်းထားအတိုင်း ပေးဆောင်သူလုပ်ငန်းရှင်တစ်ဦးသည် ကားတစ်စီးအား အခွန်စုနှိမ်ခွင့်ရှိသည့် လုပ်ငန်းသုံးစရိတ်အနေဖြင့် ဂယ်ယူနိုင်သည်ဆိုလျှင် အလန်းစား ဈေးကြီးသည့် ကားတစ်စီး ဘာ့ကြောင့် မဂယ်ဘဲနေမည်နည်း။ ထိုသို့ဈေးကြီးကားဂယ်သုံးသည်ဆိုလျှင် ပိုင်ရှင်အမြတ်ငွေ၏ ကားတန်ဖိုး ပေါင် ၁၀၀၀၀၀ ခန့် လျော့ကျသွားမည်ဖြစ်သည်။ ယင်းကားအတွက် လုပ်ငန်းရှင်သည် အမြတ်ငွေမှ ပေါင် ၂၀၀၀ သာ အမြတ်ရမည်ဖြစ်သည်။ အကြောင်းမှာ ၉၈ ရာခိုင်နှုန်း အစွန်းထွက်အခွန်နှုန်းကြောင့် ဖြစ်ပြီး အစိုးရက ကားကျသင့်ငွေများ၏ ၉၈ ရာခိုင်နှုန်း ပေးချေသလို ဖြစ်၍ အခွန်ရငွေ ဆုံးရှုံးသွားခြင်း ဖြစ်သည်။ ယူကေနိုင်ငံက ထိပ်ဆုံးအဆင့်ထပ်ဆောင်းအခွန်ငွေကို ၇၀ ရာခိုင်နှုန်းအထိ လျော့ချလိုက်သည့်အခါ ရိုးရိုးကားများ ရောင်းအား ရုတ်တရက် ကျဆင်းသွားသည်။ အခွန်နှုန်း ကျဆင်းသည့်နောက် ပေါင် ၁၀၀၀၀၀ တန် ကားသည် ယခုအခါ လုပ်ငန်းရှင်အတွက် ပေါင် ၂၀၀၀ မဟုတ်ဘဲ ပေါင် ၃၀၀၀၀ အထိ ကုန်ကျသွားသည်။ ထပ်ဆောင်း/အစွန်းထွက်အခွန်နှုန်း လျော့ချလိုက်သည့်အတွက် ဗြိတိသျှလူချမ်းသာတို့အတွက် ရိုးရိုးကစ်ကားနှင့် အခြား အဆင့်မြင့် ဇိမ်ခံကားများမှာ ပိုမိုဈေးကြီးလာခဲ့သောကြောင့် ထိုကားများဂယ်ယူမှုလည်း လျော့ကျသွားခဲ့သည်။

ပစ္စည်းများ ဂယ်ယူသုံးစွဲရာတွင် အခွန်စုနှိမ်ခွင့်ရရှိသောကြောင့် သို့မဟုတ် စီးပွားရေးကုန်ကျစရိတ်များအဖြစ် ထည့်သွင်းနိုင်သောကြောင့် မြင့်မားသော အစွန်းထွက်/ထပ်ဆောင်းအခွန်နှုန်းများသည် တစ်ဦးချင်းကုန်ကျစရိတ်ကို လျော့နည်းစေသည်။ သို့သော် လူ့အဖွဲ့အစည်းအတွက် မလျော့နည်းစေနိုင်ပေ။ ထပ်ဆောင်း အခွန်နှုန်းများ ပေးဆောင်ရမည့် အခွန်ထမ်းများအနေဖြင့် အပျံစားရုံးခန်းများ သုံးစွဲခြင်း၊ ဟာဂိုင်အီကျွန်းတွင် လုပ်ငန်းအစည်းအဝေးများ ကျင်းပခြင်း၊ အလုပ်သဘော ဖျော်ဖြေရေးနှင့် ကုမ္ပဏီသုံးကားစသည့် အခွန်စုနှိမ်ခွင့်ရှိသော အရာများတွင် ငွေကြေးပိုမိုသုံးစွဲလာမည် ဖြစ်သည်။ ယင်းသို့ အခွန်စုနှိမ်ခွင့်ရ၍ အသုံးစရိတ်များ သက်သာလာသောကြောင့် လူပုဂ္ဂိုလ်များအနေဖြင့် တန်ဖိုးအပြည့်ပေးရမည်ဆိုလျှင် မဂယ်ဘဲနေမည့် အရာများကိုပင် ဂယ်ယူသုံးစွဲလာတတ်ကြသည်။ အချည်းနှီးဖြစ်မှုနှင့် အကျိုးမဲ့မှု တို့မှာ မြင့်မားသော ထပ်ဆောင်းအခွန်နှုန်းနှင့် တလွဲဆံပင်ကောင်းသည့် မက်လုံးပုံစံတို့၏ ဘေးထွက်အကျိုးဆက်များ ဖြစ်ကြသည်။

အခွန်နှုန်းများ အထူးသဖြင့် မြင့်မားသည့် အခွန်နှုန်းများလျှော့ချခြင်းသည် ဂင်ငွေ ပိုမိုရှာဖွေလာစေပြီး အရင်းအမြစ်များကို ပိုမိုအကျိုးရှိစွာ အသုံးချလာစေသည်။ အမေရိကန်ပြည်ထောင်စုတွင် အသိသာဆုံးသော အခွန်နှုန်းလျှော့ချမှု သုံးကြိမ်ရှိခဲ့ဖူးသည်။ ပထမကမ္ဘာစစ်အပြီး ၁၉၂၀ ပြည့်နှစ်များတွင် တစ်ကြိမ်၊ ၁၉၆၀ ပြည့်နှစ်များတွင် ကနေဒီ၏ အခွန်လျော့ချမှု အစီအစဉ်တွင် တစ်ကြိမ်၊ ၁၉၈၀ နှစ်များ အတွင်း ရီဂင်၏ အခွန်လျော့ချမှု အစီအစဉ်တွင် တစ်ကြိမ် ဖြစ်သည်။ အခွန်နှုန်းများလျော့ချပြီးနောက် အမှန်ထွက်ကုန်များ သိသာစွာနှင့် ရှည်ကြာစွာ တိုးတက်လာခဲ့သည်။

နှိုင်းယှဉ်ကြည့်ပါက အခွန်နှုန်းများစွာ တိုးမြင့်ခြင်းသည် နိုင်ငံ့စီးပွားရေးအပေါ် အလွန်ဆိုးရွားစွာ ထိခိုက်စေနိုင်သည်။ မဟာစီးပွားပျက်ကပ်အတွင်း အခွန်မူဂါဒက ဤအချက်ကို ထင်ရှားစေသည်။ ၁၉၃၂ ခုနှစ်တွင် ဗဟိုဘတ်ဂျက်လိုငွေအား လျော့ချသည့်အနေဖြင့် ရီပတ်ဘလီကင် ဟူးဗားအစိုးရနှင့် ဒီမိုကရက်တစ်ကြီးစိုးသည့် ကွန်ဂရက်လွှတ်တော်တို့က ပြဌာန်းသည့် စစ်မက်ကင်းသည့် ကာလ

အတွင်း တစ်ဦးချင်း ဝင်ငွေများအပေါ် စည်းကြပ်သည့် အခွန်နှုန်းအား ၁.၅ ရာခိုင်နှုန်းမှ ၄ ရာခိုင်နှုန်းသို့ အများဆုံးအနေအထားသို့ တိုးမြှင့်ခဲ့သည်။ ထိပ်ဆုံးအဆင့်ဝင်ငွေများ အပေါ်တွင် ထိပ်ဆုံးထပ်ဆောင်းအခွန်နှုန်းမှာ ၂၅ ရာခိုင်နှုန်းမှ ၆၃ ရာခိုင်နှုန်းသို့ တိုးမြှင့်ခဲ့သည်။ ပြောရလျှင် တစ်ဦးချင်း ဝင်ငွေခွန်နှုန်းသည် တစ်နှစ်အတွင်း ၂ ဆ ကျော် မြင့်တက်သွားသည်။ ယင်းသို့ ကြီးမားစွာ အခွန် တိုးမြှင့်ခြင်းကြောင့် အိမ်ထောင်စုများ၏ အခွန်ဆောင်ပြီး လက်ထဲရောက်ဝင်ငွေ လျော့နည်းသွားစေပြီး ဝင်ငွေရှာရန်၊ စားသုံးရန်၊ စုဆောင်းရန်၊ ရင်းနှီးမြှုပ်နှံရန် မက်လုံး နည်းသွားခဲ့သည်။ ရုတ်တရက် ထိခိုက်မှုများ ဖြစ်လာသည်။ ၁၉၃၂ ခုနှစ်တွင် အမှန်ထွက်ကုန် ၁၃ ရာခိုင်နှုန်း ကျဆင်းသွား၍ မဟာစီးပွားပျက်ကပ်ကာလတွင် တစ်နှစ်အတွင်း အကြီးမားဆုံး ကျဆင်းမှုပင် ဖြစ်သည်။ အလုပ်လက်မဲ့နှုန်းသည်လည်း ၁၉၃၁ တွင် ၁၅.၉ ရာခိုင်နှုန်းရှိရာမှ ၁၉၃၂ တွင် ၂၃.၆ ရာခိုင်နှုန်းသို့ မြင့်တက်သွားသည်။

နောက်လေးနှစ်ကြာသည့်အခါ ရုစဗဲ့အစိုးရက အခွန်များ တစ်ဖန်တိုးမြှင့်ပြန်ရာ ၁၉၃၆ ခုနှစ်တွင် ထိပ်ဆုံးအဆင့် ထပ်ဆောင်းအခွန်နှုန်းမှာ ၇၉ ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့သည်။ ထို့ကြောင့် ၁၉၃၀ ပြည့်နှစ်များ၏ ဒုတိယ ၅ နှစ်တာကာလတွင် ဝင်ငွေမြင့်မားသူများသည် သူတို့ရှာဖွေသည့် ထပ်တိုးငွေများအနက် တစ်ဒေါ်လာလျှင် ၂၁ ဆင့်သာ လက်ထဲရောက်လာတော့သည်။ (မှတ်ချက်။ ။ ဤအခန်း၏ အစောပိုင်းတွင် ဖော်ပြခဲ့သော သမ္မတလောင်းအဖြစ် မဲဆွယ်စဉ်က သုံးနှုန်းခဲ့သည် စကားရပ်များနှင့် သမ္မတသက်တမ်းကာလအတွင်း ရုစဗဲ့ ချမှတ်ခဲ့သည့် အခွန်မူဝါဒကို နှိုင်းယှဉ်ကြည့်လျှင် စိတ်ဝင်စားစရာ ကောင်းသည်)။ ငွေကြေးလည်ပတ်မှု မမာဏအား များစွာ လျော့ချခြင်း (contraction in the money supply) နှင့် အကောက်ခွန်နှုန်း တိုးမြှင့်ကောက်ခံခြင်း တို့အပါအဝင် အခြားအချက်များကလည်း မဟာစီးပွား ပျက်ကပ်၏ ကာလကြာရှည်မှုနှင့် အလွန်အမင်း ထိခိုက်နစ်နာမှုတို့ကို ဖြစ်စေသည်။ သို့သော် ဟူးဗာ (Hoover)နှင့် ရုစဗဲ့ အစိုးရတို့၏ အခွန်တိုးမြှင့်မှု လုပ်ရပ်များသည် အမေရိကန်သမိုင်းတွင် ကြေကွဲစရာများဖြစ်အောင် ဖန်တီးခဲ့သည့် အရာများထဲတွင် အဓိကဖြစ်ခဲ့ကြသည်။

အကျဉ်းအားဖြင့်ဆိုသော် စီးပွားရေးဆန်းစစ်ချက်အရ အခွန်နှုန်းမြင့်မားခြင်းသည် ကုန်ထုတ် စွမ်းအားကောင်းသည့် လုပ်ဆောင်ချက်ကို ကျဆင်းစေပြီး၊ အရင်းဖြစ်ထွန်းမှုကို ထိခိုက်စေ၍ အရင်း အမြစ်များအား အချည်းနှီးဖြစ်စေကြောင်း ညွှန်ပြနေသည်။ ယင်းတို့သည် ကြွယ်ဝချမ်းသာရေးနှင့် ဝင်ငွေဖွံ့ဖြိုးရေးအတွက် အတားအဆီးတစ်ရပ် ဖြစ်သည်။ ထို့ပြင် စီးပွားရေးချိန့်နေစဉ်အတွင်း အခွန် တိုးမြှင့်ကောက်ခံခြင်းသည် တိုင်းပြည်စီးပွားရေးအပေါ် အလွန်ဆိုးရွားစွာ ထိခိုက်နစ်နာစေနိုင်သည်။

***၇။ လွတ်လပ်သည့် ကုန်သွယ်ရေး - ပြည်တွင်းတွင် စရိတ်နည်းနည်းဖြင့် ထုတ်လုပ်နိုင်သည့် ကုန်စည်နှင့် ဝန်ဆောင်မှုများကို တင်ပို့ရောင်းချ၍ ထုတ်လုပ်မှုစရိတ် မြင့်မားမည့် ကုန်စည်နှင့် ဝန်ဆောင်မှုများကို ပြည်ပမှ ဝယ်ယူတင်သွင်းခြင်းဖြင့် နိုင်ငံတစ်နိုင်ငံမှာ ဖွံ့ဖြိုးတိုးတက်လာခြင်း ဖြစ်သည်။***

*လွတ်လပ်သည့် ကုန်သွယ်ရေးသည် လူအများအား စိတ်ကြိုက် ဂယ်ယူရောင်းချခွင့် ပေးခြင်း ဖြစ်သည်။ အကာအကွယ်အဖြစ် ချမှတ်ထားသည့် အကောက်ခွန်များသည် အင်အားသုံး ပိတ်ဆို့ခြင်းကဲ့သို့ပင် ကုန်သွယ်ရေးအား တားမြစ်ပိတ်ပင်ရန် ရည်ရွယ်ခြင်း ဖြစ်သည်။ ကွာခြားချက်မှာ အင်အားသုံးပိတ်ဆို့ခြင်းဆိုသည်မှာ နိုင်ငံများက ၎င်း၏တို့ရန်ဘက် နိုင်ငံများအား ကုန်သွယ်မှု မပြုလုပ်နိုင်အောင် တားဆီးသည့် နည်းလမ်းဖြစ်ပြီး အကာအကွယ်အဖြစ် ချမှတ်ထားသည့် အကောက်ခွန်များမှာမူ နိုင်ငံများက ၎င်းတို့၏ နိုင်ငံသားများအား ကုန်သွယ်မှုမပြုရန် တားဆီးခြင်း ဖြစ်သည်။* [၁၆]

\- ဟင်နရီ ဂျော့ချ် (HENRY GEORGE)

နိုင်ငံတကာကုန်သွယ်ရေးတွင် ထည့်သွင်းစဉ်းစားသည့် အခြေခံမှုများမှာ မိမိတို့အလိုကျ ရောင်းဂယ် ဖလှယ်ခြင်းမှ မူများနှင့် အတူတူပင် ဖြစ်သည်။ ပြည်တွင်းကူးသန်းရောင်းဂယ်ရေးကဲ့သို့ပင် နိုင်ငံတကာ ကုန်သွယ်ရေးကြောင့် ကုန်သွယ်ဖက်နိုင်ငံများသည် ၎င်းတို့၏ ကုန်သွယ်မှုမပြုမီ တစ်နိုင်ငံချင်း ထုတ်လုပ်နိုင်သော ကုန်စည်နှင့် ဂန်ဆောင်မှုများထက် ပိုမိုထုတ်လုပ်၊ သုံးစွဲလာနိုင် စေသည်။ ယင်းသို့ ဖြစ်ပေါ်စေသော အကြောင်းရင်း ၃ ရပ်ရှိပါသည်။

***ပထမအချက်မှာ နိုင်ငံတစ်ခုစီရှိ လူအများသည် ကုန်စည်များ သို့မဟုတ် ဂန်ဆောင်မှုများကို ပြည်တွင်း၌ ထုတ်လုပ်သည်ထက် ကုန်သွယ်မှုမှတဆင့် ပြည်ပမှ ဈေးနှုန်းချိုသာစွာ ဂယ်ယူရရှိနိုင်လျှင် အကျိုးကျေးဇူး ပိုမိုရရှိမည် ဖြစ်သည်။*** အရင်းအမြစ်ပိုင်ဆိုင်မှုသည် နိုင်ငံအလိုက် သိသာစွာ ကွာခြားတတ်သည်။ နိုင်ငံတစ်ခုတွင် ထုတ်လုပ်စရိတ် မြင့်မားသည့် ကုန်စည်များသည် အခြား နိုင်ငံတွင် သက်သာစွာ ထုတ်လုပ်နိုင်သည်။ ဥပမာ ဘရာဇီးနှင့် ကိုလမ်ဘီယာကဲ့သို့ ပူအိုက်စွတ်စို ရာသီဥတုရှိသည့် နိုင်ငံများတွင် ကော်ဖီအား အဓိက စိုက်ပျိုးထုတ်လုပ်ပါက အကျိုးရှိမည်ဖြစ်သည်။ မြေပေါ်များပြီး လူနေကျဲသည့် ကနေဒါနှင့် ဩစတြေးလျနိုင်ငံများတွင် ဂျုံ၊ ပြောင်းနှံများနှင့် အမဲသား ကဲ့သို့သော မြေဧကများစွာကို အားထားအသုံးပြုရသည့် ထုတ်ကုန်များတွင် အဓိက လုပ်ကိုင်ကြမည် ဖြစ်သည်။ မြေရှားပါးပြီး လူ့အရင်းအမြစ်ဖြစ်သည့် လုပ်သားကျွမ်းကျင်မှု မြင့်မားသည့် ဂျပန်နိုင်ငံတွင် ကင်မရာ၊ မော်တော်ကားနှင့် အီလက်ထရောနစ်ထုတ်ကုန်များကို အဓိကထုတ်လုပ် တင်ပို့ ရောင်းချကြသည်။ ကုန်သွယ်မှုပြုခြင်းကြောင့် ကုန်သွယ်ဖက်နိုင်ငံများသည် ကုန်ကျစရိတ် မြင့်မားသည် ထုတ်ကုန်များကို မထုတ်လုပ်တော့ဘဲ သူတို့၏ အရင်းအမြစ်များကို ထိရောက်စွာ ထုတ်လုပ်ရောင်းချနိုင်မည့် အရာများတွင်သာ အာရုံစိုက်လုပ်ကိုင်လာနိုင်စေသည်။ အထူးပြု လုပ်ကိုင်ခြင်းနှင့် ကုန်သွယ်မှုပြုခြင်းကြောင့် ကုန်သွယ်ဖက်နိုင်ငံအားလုံး၏ စုစုပေါင်းထုတ်ကုန်သည် ကုန်သွယ်မှုမပြုပဲ ရရှိနိုင်မည့် တစ်နိုင်ငံချင်းထုတ်ကုန်စုစုပေါင်းထက် ပိုများသောကြောင့် နိုင်ငံ အားလုံး၏ လူနေမှုအဆင့်အတန်းများကိုလည်း တိုးတက်လာစေသည်။

***ဒုတိယအချက်မှာ နိုင်ငံတကာ ကုန်သွယ်ရေးကြောင့် ပြည်တွင်းထုတ်လုပ်သူနှင့် စားသုံးသူများအနေဖြင့် အမြောက်အများထုတ်လုပ်ခြင်းမှ ထွက်ရှိလာသည့် ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သက်သာသာဖြင့် ရောင်းချနိုင်သည့်၊ ဝယ်ယူနိုင်သည့် အကျိုးကျေးဇူး ရရှိလာသည်။*** အဆိုပါအချက်သည် နိုင်ငံငယ်များ အတွက် အထူးအရေးကြီးသည်။ နိုင်ငံတကာ ကုန်သွယ်ရေးကြောင့် ပြည်တွင်းထုတ်လုပ်သူများသည် များများစားစား ထုတ်လုပ်ရောင်းချလာနိုင်သဖြင့် ပြည်တွင်းဈေးကွက်ကိုသာ အားထားရသည့်အခါ ထုတ်လုပ်သည့် အရေအတွက်ထက် ပိုများသောကြောင့် ကုန်ပစ္စည်းတစ်ခုချင်းကုန်ကျစရိတ်မှာ သက်သာလာပါသည်။ ကုန်သွယ်ရေးကြောင့် တရုတ်၊ မက္ကဆီကို၊ တောင်ကိုရီးယားရှိ ချည်မျှင်နှင့် အထည် ထုတ်လုပ်သူများအတွက် အကြီးစားထုတ်လုပ်မှု အသီးအပွင့်များ ခံစားလာနိုင်စေသည်။ အဆိုပါနိုင်ငံများ၏ အထည်လုပ်ငန်းအတွက် ပြည်တွင်းဈေးကွက်မှာ အမြောက်အများထုတ်လုပ်၍ ဈေးချိုချိုဖြင့် ရောင်းချရန် သေးငယ်လွန်းသည့်အတွက် ပြည်ပသို့ တင်ပို့ရောင်းချနိုင်ခြင်းမရှိလျှင် ၎င်းတို့၏ တစ်ထည်ချင်း၊ ပိတ်စတစ်လိပ်ချင်း ထုတ်လုပ်စရိတ်မှာ များစွာမြင့်မားနေလိမ့်မည်။ သို့သော် နိုင်ငံတကာကုန်သွယ်ရေးကြောင့် ယင်းနိုင်ငံများရှိ ချည်မျှင်နှင့်အထည်အလိပ် လုပ်ငန်းများအနေဖြင့် အမြောက်အများ ထုတ်လုပ်ရောင်းချလာနိုင်ပြီး ကမ္ဘာ့ဈေးကွက်တွင် ကောင်းကောင်းကြီး ယှဉ်ပြိုင်လာနိုင်သည်။

နိုင်ငံတကာကုန်သွယ်ရေးကြောင့် ပြည်တွင်းစားသုံးသူများအနေဖြင့်လည်း ပြည်ပရှိ အကြီးစား ထုတ်လုပ်သူများထံမှ ဝယ်ယူခြင်းဖြင့် အကျိုးခံစားလာရသည်။ ဥပမာပြရလျှင် ယနေ့ခေတ် လေယာဉ်များ၏ ဒီဇိုင်းဆွဲခနှင့် အင်ဂျင်နီယာပိုင်းကုန်ကျစရိတ်များမှာ မြင့်မားလွန်းသည့်အတွက် မည်သည့် လေယာဉ်ထုတ်လုပ်သူမျှ အကြီးစားထုတ်လုပ်မှုပြုနိုင်သည့် ပြည်တွင်းဈေးကွက်ဟူ၍ မရှိပေ။ သို့သော် နိုင်ငံတကာကုန်သွယ်ရေးကြောင့် ဘိုအင်းနှင့် အဲဘတ်စ်တို့သည် ဈေးနှုန်းပိုမို သက်သာစွာဖြင့် လေယာဉ် အရေအတွက် ပိုမိုများပြားစွာ ရောင်းချလာနိုင်ကြသည်။ ရလဒ်အနေဖြင့် နိုင်ငံအသီးသီးမှ စားသုံးသူများသည် အကြီးစား ထုတ်လုပ်သူများထံမှ ဈေးနှုန်းသင့်တင့်စွာဖြင့် ဝယ်ယူထားသည့် လေယာဉ်များစီး၍ ခရီးသွားလာနိုင်ကြသည်။

***တတိယအချက်မှာ နိုင်ငံတကာကုန်သွယ်ရေးကြောင့် ပြည်တွင်းဈေးကွက်များအတွင်း ယှဉ်ပြိုင်မှု များလာပြီး စားသုံးသူများအနေဖြင့် ဈေးနှုန်းပိုမိုသက်သာသည့် ကုန်ပစ္စည်းများ အမျိုးအစား စုံလင်စွာ ဝယ်ယူလာနိုင်ကြသည်။*** ပြည်ပမှ ပြည်တွင်းဈေးကွက်တွင် ဝင်ရောက်ယှဉ်ပြိုင်မှုကြောင့် ပြည်တွင်း ထုတ်လုပ်သူများအနေဖြင့် အားစိုက်လုပ်ကိုင်လာရသည်။ ပြည်တွင်းထုတ်ကုန်များ၏ အရည်အသွေး တိုးတက်လာအောင်၊ ကုန်ကျစရိတ်လျော့နည်းလာအောင် တွန်းအားပေးသည်။ တစ်ချိန်တည်းမှာပင် ပြည်ပမှ ဝင်ရောက်လာသည့် ကုန်ပစ္စည်းများကြောင့် နိုင်ငံတကာကုန်သွယ်ရေး မရှိချိန်ကထက် စားသုံးသူများအတွက် ရွေးချယ်စရာ ပိုမိုများပြားလာသည်။

အစိုးရများက ကုန်သွယ်ရေးထိန်းချုပ်ကန့်သတ်သည့် စည်းမျဉ်းများကို မကြာခဏ ပြဋ္ဌာန်းတတ်သည်။ အကောက်ခွန် (သွင်းကုန်ခွန်)၊ ကန့်သတ်အရေအတွက် (သွင်းကုန်ပမာဏ ကန့်သတ်ချက်)၊ ငွေကြေး လဲလှယ်နှုန်း ထိန်းချုပ်မှုများ (သွင်းကုန်လျော့နည်းစေပြီး ပို့ကုန်

အားပေးရန် ပြည်တွင်းငွေကြေး တန်ဖိုးချခြင်း) သို့မဟုတ် သွင်းကုန်သမားများ သို့မဟုတ် ပို့ကုန်သမားများအပေါ် ဗျူရိုကရက်တစ်စည်းမျဉ်းများ (ကြိုးနီများ) ပြဌာန်းခြင်း ဖြစ်သည်။ အဆိုပါ လုပ်ရပ်အားလုံးသည် ရောင်းဝယ်မှုဆိုင်ရာစရိတ်များကို မြင့်တက်စေပြီး ကုန်စည်ဖလှယ်မှု ထွက်ပေါ်လာမည့် အကျိုးရလဒ်များကို ကျဆင်းစေသည်။ ဟင်နရီဂျော့က အထက်တွင် မှတ်ချက်ပြုခဲ့သည့်အတိုင်းပင် ကုန်သွယ်မှု ကန့်သတ်ထိန်းချုပ်မှုများသည် အင်အားသုံး ပိတ်ဆို့အရေးယူမှုကဲ့သို့ပင် နိုင်ငံတစ်ခုက သူ့လူထုအပေါ် ကုန်သွယ်မှုမပြုလုပ်ရန် ထိန်းချုပ်ကန့်သတ်ခြင်းပင် ဖြစ်သည်။ ရန်သူနိုင်ငံက နိုင်ငံတစ်ခုအား ကုန်သွယ်မှုမပြုနိုင်ရန် အင်အားသုံးပိတ်ဆို့သကဲ့သို့ပင် ကုန်သွယ်ရေးကန့်သတ်ထိန်းချုပ်မှုသည်လည်း နိုင်ငံအား ထိခိုက်နာစေပါသည်။

ဘောဂဗေဒပညာရှင်မဟုတ်သူများက သွင်းကုန်ကန့်သတ်ချက်များကြောင့် အလုပ်အကိုင်များ ဖန်တီးပေးလာနိုင်မည်ဟု ဘောဂဗေဒသမား မဟုတ်သူများက မကြာခဏ ငြင်းခုန်ပြောဆိုတတ်ကြသည်။ အပိုင်း ၁ ၏ အချက် ၉ တွင် ဆွေးနွေးပြီးသကဲ့သို့ အမှန်တကယ် အရေးပါသည်မှာ အလုပ်အကိုင်များ မဟုတ်ဘဲ တန်ဖိုးရှိသည့်၊ အသုံးဝင်သည့် ပစ္စည်းများ ထုတ်လုပ်မှုဖြစ်သည်။ အလုပ်အကိုင်များကသာ ဝင်ငွေမြင့်မားရေးအတွက် အဓိကသာဆိုလျှင် မိမိတို့ လိုချင်သလောက် အလုပ်အကိုင်များ အလွယ်တကူ ဖန်တီးနိုင်ပါသည်။ မိမိတို့အားလုံးက တွင်းများကို ယနေ့ တူး၍ နောက်နေ့တွင် မြေပြန်ဖို့နိုင်ပါသည်။ သို့ဆိုလျှင် မိမိတို့ အားလုံး အလုပ်ရပြီးသား ဖြစ်မည်။ သို့သော် ယင်းသို့အလုပ်များက လူအများ တန်ဖိုးထားသည့် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ မဖြစ်ပေါ်စေသောကြောင့် မိမိတို့အားလုံး အလွန်အမင်း ဆင်းရဲသွားပါလိမ့်မည်။

မြင့်မားသည့် လူနေမှုအဆင့်အတန်းများ ရလိုလျှင် မိမိတို့သည် လူအများလိုလား တန်ဖိုးထားသည့် အရာဝတ္ထုများကို တိုးချဲ့ထုတ်လုပ်၊ ပံ့ပိုးပေးရပေလိမ့်မည်။ ကုန်သွယ်ရေးက ထိုသို့လုပ်နိုင်ရန် အထောက်အကူ ဖြစ်စေပါသည်။ ပြည်သူပြည်သားများအကြား သူတို့ဆန္ဒရှိသူများနှင့် ကုန်သွယ်ခွင့်ပေးသည့်အခါ ပြည်တွင်းစားသုံးသူများအနေဖြင့် ဈေးနှုန်းအသက်သာဆုံးနှင့် တန်ဖိုးအရှိဆုံး အရာများကို ဝယ်ယူရရှိခံစားနိုင်မည် ဖြစ်သည်။ အလားတူပင် ပြည်တွင်း ထုတ်လုပ်သူများကလည်း သူတို့ကုန်စည်များနှင့် ဝန်ဆောင်မှုများကို ဈေးအမြင့်ဆုံး ရနိုင်သည့် နေရာများတွင် ရောင်းချလာနိုင်ကြသည်။ အကျိုးရလဒ်အနေဖြင့် စားသုံးသူများအနေဖြင့် ပေးရသည့်ငွေနှင့် ပို၍ ထိုက်တန်အောင် ရရှိလာကြပြီး ထုတ်လုပ်သူများအနေဖြင့်လည်း ရှိသမျှ အရင်းအမြစ်များမှ ထုတ်လုပ်မှုပမာဏ တိုးတက်ထုတ်လုပ်လာနိုင်သည်။ ဝင်ငွေအဆင့်နှင့် လူနေမှုအဆင့် မြင့်မားလာသည်မှာ အလုပ်အကိုင်များကြောင့် သက်သက် မဟုတ်ဘဲ ထုတ်လုပ်မှုနှင့် စားသုံးမှုတို့ မြင့်မားလာခြင်းကြောင့် ဖြစ်သည်။

သွင်းကုန်ကန့်သတ်ချက်များဖြင့် အကာအကွယ်ပေးထားသည့် လုပ်ငန်းစုများ မကြီးထွားလာသည့်တိုင် ယခင်အတိုင်း ဆက်လက်တည်ရှိနေမည် ဖြစ်သောကြောင့် သွင်းကုန်ကန့်သတ်ချက်များသည် အလုပ်အကိုင်ရရှိမှု မြင့်တက်စေသယောင် ရှိပါသည်။ သို့သော် အလုပ်အကိုင် အမျိုးအစားအားလုံးကို ခြုံပြောမည်ဆိုလျှင် တိုးလာသည်ဟု မဆိုလိုနိုင်ပေ။ အပိုင်း ၁ ခေါင်းစဉ် ၁၂ တွင် ဆွေးနွေးသည့် ဆင့်ပွားသက်ရောက်မှုကို မမေ့သင့်ပေ။ အမေရိကန်နိုင်ငံသို့

နိုင်ငံခြားသားများ တင်ပို့ရောင်းချနိုင်ခွင့်ကို ကန့်သတ်သည့် အနေဖြင့် အကောက်ခွန် (ဂါ) သွင်းကုန်ခွန် (tariff)၊ သွင်းကုန်အရေအတွက် ကန့်သတ်ချက်များ (quotas)နှင့် အခြားအတားအဆီးများ ပြဌာန်းလိုက်သည့်အခါ အမေရိကန်ပြည်ထောင်စုအတွင်း ထုတ်လုပ်သည့် ကုန်စည်နှင့် ဂန်ဆောင်မှုများအားလည်း နိုင်ငံခြားသားများအနေဖြင့် ဂယ်နိုင်စွမ်း အလိုအလျောက် လျော့နည်းသွားမည် ဖြစ်သည်။ မိမိတို့နိုင်ငံသို့ တင်သွင်းရောင်းချခြင်းမှတဆင့် နိုင်ငံခြားသားများမှာလည်း ၎င်းတို့လိုအပ်သည့် မိမိတို့၏ ပို့ကုန်များကို ဂယ်ယူသုံးစွဲနိုင်မည် ဖြစ်သည်။ နိုင်ငံခြားသားများက အမေရိကန်များအား အရေအတွက်များများ မရောင်းချနိုင်လျှင် အမေရိကန်တို့ ရောင်းချသည့် ပစ္စည်းများကို ဂယ်ယူရန်အတွက် ဒေါ်လာနည်းနည်းသာ ရှိပေလိမ့်မည်။ သွင်းကုန် ကန့်သတ်ချက်များက ပို့ကုန်များကို သွယ်ပိုက်သောနည်းဖြင့် ကျဆင်းစေလိမ့်မည်။ ပို့ကုန် လုပ်ငန်းစုများတွင် ကုန်ထုတ်လုပ်မှုနှင့် အလုပ်အကိုင်အရေအတွက် ကျဆင်းလာမည် ဖြစ်သောကြောင့် အကာ အကွယ်ပေးထားသည့် လုပ်ငန်းစုများတွင် မလျော့နည်းအောင် ထိန်းထားနိုင်ခဲ့သော အလုပ်အကိုင် အရေအတွက်နှင့် ဘဲစားဘဲချေ ဖြစ်သွားပါလိမ့်မည်။[၃၇]

ကုန်သွယ်ရေးကန့်သတ်ချက်များသည် အလုပ်အကိုင်များကို ဖန်တီးခြင်း မပြုသလို ဖျက်ဆီးခြင်းလည်း မပြုပါ။[၃၈] ကန့်သတ်ချက်များကြောင့် အခြားသူတို့နှင့်ယှဉ်လျှင် မိမိတို့အနေဖြင့် စရိတ်ကြီးစွာ ထုတ်လုပ်ရသည့်လုပ်ငန်းများသို့ လုပ်သားများနှင့် အခြားအရင်းအမြစ်များ ရောက်ရှိသွားစေသည်။ မိမိတို့ အရင်းအမြစ်များ အကျိုးရှိစွာ ထုတ်လုပ်နိုင်သည့် လုပ်ငန်း နယ်ပယ်များတွင် အထွက်အားနှင့် အလုပ်အကိုင်များ ကျဆင်းသွားသည်။ ယင်းသို့ ကန့်သတ်ချက်များ၏ ဘေးထွက်အကျိုးဆက်များသာ မရှိခဲ့ပါလျှင် ကမ္ဘာ့ဈေးကွက်တွင် မိမိတို့ လုပ်ငန်းများ အောင်မြင်စွာ ယှဉ်ပြိုင်နိုင်သည့် လုပ်ငန်းနယ်ပယ်များ ဖြစ်သည်။ ထို့ကြောင့် လုပ်အားနှင့် အခြားအရင်းအမြစ်များသည် မိမိတို့ ထုတ်လုပ်နိုင်စွမ်း မြင့်မားသည့် လုပ်ငန်းနယ်ပယ်မှ ထုတ်လုပ်နိုင်စွမ်း နိမ့်ကျသည့် လုပ်ငန်းနယ်ပယ်များသို့ ပြောင်းရွှေ့သွားသည်။ အဆိုပါ မူဂါဒများကြောင့် အမေရိကန်တို့၏ အထွက်အားနှင့် ဂင်ငွေအဆင့်အတန်းကို ကျဆင်းစေသည်။

တစ်ရက်လုပ်ခ ၂ ဒေါ်လာ၊ ၃ ဒေါ်လာမျှသာ ရရှိကြသည့် နိုင်ငံခြားသား လုပ်သားများအား အမေရိကန်လုပ်သားများက မယှဉ်နိုင်ဟု အမေရိကန်များစွာတို့က ယုံကြည်ထားကြသည်။ မြင့်မားသည့် လုပ်ခများနှင့် နှိုင်းရအားသာချက် သဘောတရားကို နားမလည်ကြသောကြောင့်သာလျှင် ယင်းသို့သော အမြင်မျိုး ထွက်ပေါ်လာခြင်း ဖြစ်သည်။ အမေရိကန်ပြည်ထောင်စု လုပ်သားများသည် ပညာကောင်းစွာ တတ်သူ၊ အဆင့်မြင့် ကျွမ်းကျင်သူ၊ ကုန်ထုတ်လုပ်ရေး ကိရိယာများ၊ ယန္တရား များစွာနှင့် လုပ်ကိုင်သူများ ဖြစ်ကြသည်။ ဤအချက်များကြောင့် ၎င်းတို့၏ ကုန်ထုတ်စွမ်းအား မြင့်မားလာခြင်းဖြစ်ပြီး ထိုမှတဆင့် သူတို့၏ လုပ်ခများလည်း မြင့်မားလာခြင်း ဖြစ်သည်။ မက္ကဆီကိုနှင့် တရုတ်နိုင်ငံများမှာကဲ့သို့သော လုပ်ခလစာနည်းသည့် နိုင်ငံများတွင် ကုန်ထုတ်စွမ်းအား နိမ့်ခြင်းကြောင့် လုပ်ခလစာလည်း နိမ့်ကျနေရခြင်း ဖြစ်သည်။

နိုင်ငံအသီးသီးတွင် အခြားနိုင်ငံများထက် ပိုကောင်းစွာ လုပ်ဆောင်နိုင်သည့် နှိုင်းယှဉ် အားသာချက်အချို့ ရှိပါလိမ့်မည်။ နိုင်ငံများအနေဖြင့် အားသာချက်ရှိသည့် ကုန်ထုတ်လုပ်မှုများတွင်

အရင်းအမြစ်များ ပိုမိုသုံးစွဲ၍ အထူးပြုလုပ်ဆောင်ပါက လုပ်ခလစာနည်းသော နိုင်ငံများနှင့် လုပ်ခလစာများသော နိုင်ငံများပါ အကျိုးခံစားရမည် ဖြစ်သည်။ မိမိနိုင်ငံတွင်း ထုတ်လုပ်နိုင်သည်ထက် ချိုသာသော ဈေးနှုန်းဖြင့် တင်သွင်းနိုင်ပါက လုပ်ခမြင့်နိုင်ငံတစ်ခုက နိုင်ငံခြားထုတ်လုပ်သူများထံမှ အဆိုပါကုန်ပစ္စည်းအား တင်သွင်းသည်မှာ အဓိပ္ပါယ်ရှိပါသည်။ ပြည်တွင်းတွင် ထုတ်လုပ်မှုစရိတ်များမည့် ကုန်ပစ္စည်းများအတွက် အရင်းအမြစ်အနည်းငယ်သာသုံးစွဲပြီး အများစုကို မိမိတို့ကျွမ်းကျင်စွာနှင့် စရိတ်နည်းနည်းဖြင့် ထုတ်လုပ်နိုင်သည့် ကုန်စည်နှင့် ဝန်ဆောင်မှုများသို့ ဦးတည်လုပ်ဆောင်သင့်သည်။[၃၉] ကုန်သွယ်မှုပြုခြင်းဖြင့် လုပ်ခမြင့်နိုင်ငံနှင့် လုပ်ခနိမ့်နိုင်ငံများ အားလုံးရှိ လုပ်သားများအနေဖြင့် ယခင်ကုန်သွယ်မှုမပြုခင် ထုတ်လုပ်မှုပမာဏထက် ပိုမိုများပြားစွာ ထုတ်လုပ်လာနိုင်ကြသည်။ ထိုမှတဆင့် ကုန်ထုတ်စွမ်းအား ပိုမိုမြင့်မားလာခြင်းကြောင့် ၎င်းနိုင်ငံများ၏ လုပ်ခလစာများလည်း တိုးတက်လာပါလိမ့်မည်။

လုပ်ခလစာ မြင့်တက်လာခြင်းနှင့် လူနေမှုအဆင့်အတန်း မြင့်မားခြင်းတို့သည် အလုပ်အကိုင်များကြောင့်မဟုတ်ဘဲ ကုန်ထုတ်စွမ်းအား မြင့်မားခြင်းမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။ ပြင်သစ်ဘောဂဗေဒ ပညာရှင် ဖရက်ဒရစ် ဘစရှတ် (Frederic Bastiat) က သူ၏ ၁၈၄၅ ခုနှစ်ထုတ် "ဖယောင်းတိုင်ထုတ်လုပ်သူများ ကိုယ်စား အသနားခံခြင်း" သရော်စာတွင် ဤအချက်ကို သရုပ်ဖော်ခဲ့သည်။ ပြင်သစ်ရှိ ဖယောင်းတိုင်၊ မီးအိမ်နှင့် အခြားသော အိမ်တွင်းအလင်းပေး ကုန်ပစ္စည်း ထုတ်လုပ်သူများက ပြင်သစ်အောက်လွှတ်တော်အမတ်များထံ အသနားခံစာ တင်ဟန်ဖြင့် ရေးသားထားသည်။ စာတွင် " ပြည်တွင်းထုတ်လုပ်သူများသည် မိမိတို့ထက် များစွာသာလွန်သည့် အခြေအနေအောက် ထုတ်လုပ်ပြီး မိမိတို့ထက် အလွန်ချိုသာသောဈေးနှုန်းဖြင့် ယှဉ်ပြိုင်ရောင်းချပြီး ပြည်တွင်းဈေးကွက်အပေါ် လွှမ်းမိုးချုပ်ကိုင်နေမှုကို မိမိတို့လုပ်ငန်းရှင်များအနေဖြင့် အကြီးအကျယ် ရင်ဆိုင်နေရပါသည်။ အဆိုပါ အရောင်းသမားလာသည်နှင့် မိမိတို့ရောင်းအားများ ရပ်တန့်သွားသည်။ ဝယ်ယူစားသုံးသူအားလုံး သူ့နောက် ပါသွားသည်။ ယင်းကြောင့် ပြင်သစ်လုပ်ငန်းကဏ္ဍတစ်ခုလုံးမှာ လုံးဝပျောက်ကွယ်ပါတော့မည်" ဟု အစပြုထားသည်။ အဆိုပါပြိုင်ဘက်မှာ နေတစ်စင်းပင် ဖြစ်သည်။ သို့ဖြစ်ရာ "လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် အတွင်းအပြင် ပြူတင်းပေါက်များအားလုံး ပိတ်ပစ်ရန်၊ အားလုံး အမှောင်ချရန်၊ အိမ်တွင်းသို့ နေအလင်းရောင် ဝင်ရောက်နိုင်သည့် အပေါက်များအားလုံး၊ အက်ကွဲကြောင်းများမကျန်၊ အဟများအားလုံးကို ပိတ်ဆို့ရန် သတ်မှတ်ပေးမည့် ဥပဒေတစ်ရပ်" ပြဋ္ဌာန်းပေးရန် အသနားခံသူများက တောင်းဆိုနေကြသည်။ အိမ်အတွင်း၌ နေရောင်ခြည် အလင်းအား အသုံးပြုမှုကို တရားမဝင်အဖြစ် သတ်မှတ်ခဲ့လျှင် အလင်းရောင်ပေးသည့် ကုန်ပစ္စည်း ထုတ်လုပ်ရောင်းချသည့်လုပ်ငန်းတွင် အလုပ်အကိုင်များ တိုးပွားလာမည်ဖြစ်ကြောင်း ဆက်စပ်နေသည့် အလုပ်အကိုင်များကိုပါ တောင်းဆိုထားသည်။ ယင်းသို့ အလုပ်အကိုင်များ တိုးချဲ့လာနိုင်ပါက သုံးစွဲစရာ ငွေကြေး များပြားလာမည်ဖြစ်၍ နိုင်ငံတစ်ဝှမ်း အလုပ်အကိုင်များလည်း တိုးတက်ကောင်းမွန်လာမည်ဖြစ်၍ အားလုံးအကျိုးခံစားရမည်ဟု ဖွဲ့ဆိုထားသည်။ ဤသရော်စာပါ ဘစ်ရှတ်၏ ထောက်ပြချက်မှာ သိသာပါသည်။ အသနားခံလွှာပါ အဆိုပြုထားသည့် ဥပဒေပြုပေးရေး အကြံပြုချက်မှာ မိုက်မဲသလိုပင် ပြည်တွင်းထုတ်လုပ်သူများအား ကယ်တင်ရန်နှင့် အလုပ်အကိုင်

တိုးမြှင့်ရန်အတွက် စျေးသက်သာသည့် ကုန်စည်နှင့် ဝန်ဆောင်မှုများ မဝင်လာနိုင်အောင် ဥပဒေပြဋ္ဌာန်းခြင်းမှာ မိုက်မဲရာကျလွန်းပါသည်။[၂၇]

"အလုပ်အကိုင်များကို ကာကွယ်စောင့်ရှောက်ပေးခြင်း" ကိစ္စအား ရှုမြင်နိုင်သည့် အခြားနည်းတစ်ခုမှာ ကုန်သွယ်ရေးထိန်းချုပ်မှုများသာ စိတ်ကူးကောင်း ဖြစ်သည်ဆိုလျှင် အမေရိကန်ပြည်ထောင်စု၏ ပြည်နယ်များအကြားတွင် အကောက်ခွန်များ၊ သွင်းကုန်ပမာဏ ကန့်သတ်ခြင်းများစသည့် ကုန်သွယ်ရေးထိန်းချုပ်မှုများကို လုပ်ဆောင်သင့်သည်။ ဥပမာ နဘရားစကားပြည်နယ်သည် ဖလော်ရီဒါပြည်နယ်မှ လိမ္မော်သီးများ၊ ကာလီဖိုးနီးယားပြည်နယ်မှ ဆောင်းရာသီထွက် အသီးအရွက်များ၊ တက္ကဆက်မှ ဂါဝမ်းများ ဝယ်ယူခြင်းကြောင့် နဘရားစကားပြည်နယ်သည် အဆိုပါအလုပ်အကိုင်များ ဆုံးရှုံးပါသည်။ ယင်းကုန်ပစ္စည်းအားလုံးကို နဘရားစကားတွင် ထုတ်လုပ်နိုင်ပါသော်လည်း ကုန်ကျစရိတ်မြင့်သည်။ ထို့ကြောင့် နဘရားစကားပြည်နယ်သားတို့က ၎င်းတို့ကိုဒေသတွင်း ထုတ်လုပ်သည်ထက် တင်သွင်းသည်က စျေးသက်သာကြောင်း ယေဘုယျ သိရှိထားကြသည်။ နဘရားစကားသည် ပြောင်း၊ ဂျုံ၊ အသားနှင့် အခြားကုန်စည်များ ထုတ်လုပ်ရာတွင် ပြည်နယ်၏အရင်းအမြစ်များကို အသုံးချခြင်းဖြင့် အကျိုးအမြတ် ရရှိပါသည်။ တင်ပို့ရောင်းချခြင်းမှ ရသည့်အမြတ်ငွေများအား ဒေသတွင်ထုတ်လုပ်သည်ထက် စရိတ်သက်သာသည့် ကုန်ပစ္စည်းမျိုးစုံတင်သွင်းဝယ်ယူရာတွင် သုံးစွဲနိုင်သည်။

ပြည်နယ် ၅၀ အကြား လွတ်လပ်စွာ ကုန်သွယ်မှုပြုခြင်းကြောင့် ပြည်နယ်အသီးသီးကြွယ်ဝရေးအတွက် အဓိက အကြောင်းရင်းတစ်ရပ်ဖြစ်ကြောင်း အများစုက လက်ခံထားကြသည်။ အခြားပြည်နယ်များမှ ဝယ်ယူတင်သွင်းခြင်းကြောင့် အလုပ်အကိုင်များ မထိခိုက်ပေ။ မိမိတို့ပြည်နယ်တွင် စရိတ်နည်းနည်းဖြင့် တန်ဖိုးများများ ထုတ်လုပ်နိုင်သည့် ကဏ္ဍများတွင် ပိုမိုလုပ်ကိုင်နိုင်ရန် လမ်းဖွင့်ပေးလိုက်ခြင်းသာဖြစ်ပြီး ဝင်ငွေလည်း တိုးတက်လာစေပါသည်။ ပြည်နယ် ၅၀ အကြား ကုန်သွယ်ရေးလွတ်လပ်ခွင့်က ကြွယ်ဝမှုကို မြှင့်တင်ပေးသည်ဆိုလျှင် နိုင်ငံများအကြား ကုန်သွယ်ရေးလွတ်လပ်ခွင့်မှာလည်း ထို့အတူပင် ဖြစ်ပေလိမ့်မည်။

ကုန်သွယ်ရေးကန့်သတ်ချက်များအပေါ် ထောက်ခံသူများအနေဖြင့် ၎င်းတို့လိုလားသော မူဝါဒများသည် စီးပွားရေး စနစ်အတွက် သင့်တော်ကောင်းမွန်သည်ဟု ယုံကြည်ချင်ယုံကြည်နေကြလိမ့်မည်။ သို့သော် မိမိတို့ ဖော်ပြခဲ့သည့်အတိုင်းပင် ရည်ရွယ်ချက်ကောင်းများပင်လျှင် ညံ့ဖျင်းသည့် မူဝါဒ၏ ဘေးထွက်ဆိုးကျိုးဆက်များ မဖြစ်လာအောင် အကာအကွယ် မပေးတတ်ပေ။ ၁၉၃၀ စမွတ်-ဟောလီ အကောက်ခွန်ဥပဒေမူကြမ်း (Smoot-Hawley tariff bill) မှာ သာဓကကောင်းတစ်ခုဖြစ်သည်။ ၁၉၃၀ ခုနှစ် ဧပြီလလယ်တွင် စတော့စျေးကွက်သည် ၅လဆက်တိုက် မြင့်တက်ခဲ့ပြီး ၁၉၂၉ အောက်တိုဘာလ စီးပွားရေး ပြိုလဲမှုမတိုင်မီ အနေအထားမျိုးအထိပြန်လည်ကောင်းမွန်လာခဲ့သည်။ ထိုအချိန်တွင် စမွတ်-ဟောလီအကောက်ခွန်ဥပဒေမူကြမ်းအား ကွန်ဂရက်လွှတ်တော်တွင် အပြင်းအထန် စတင်ငြင်းခုံဆွေးနွေးပြီး ကွန်ဂရက်သို့ဆက်လက်ရောက်ရှိသွားပြီးနောက် ၁၉၃၀ ဖွန်လတွင်း ဥပဒေအဖြစ် လက်မှတ်ရေးထိုးခဲ့သည်။

သမ္မတ ဟားဘတ်ဟူးဗား (Herbert Hoover)၊ ဆီးနိတ်လွှတ်တော်အမတ် ရိဒ်စမွတ် (Senator Reed Smoot)၊ ကွန်ဂရက်အောက်လွှတ်တော်အမတ် ဝီလီစ်ဟောလီ (Congressman Willis Hawley) နှင့် အခြားသော ထောက်ခံသူများက အကောက်ခွန် တိုးမြှင့်ခြင်းကြောင့် စီးပွားရေး ဖွံ့ဖြိုးလာပြီး အလုပ်အကိုင်များလည်း ထိန်းသိမ်းစောင့်ရှောက်ပေးရာရောက်မည်ဟု ထင်မှတ်ခဲ့ကြသည်။ "အမေရိကန်တွေ သုံးစွဲမယ့် ကုန်ပစ္စည်းတွေကို အမေရိကန်လုပ်သားတွေပဲ ထုတ်လုပ်တာ မြင်ချင်တယ်" ဟု ဟောလီက ယင်းအတိုင်း ပြောဆိုခဲ့သည်။[၂၁]

ရလဒ်မှာမူ ဆန့်ကျင်ဘက်ဖြစ်ခဲ့သည်။ ဥပဒေအရ သွင်းကုန်ပစ္စည်း အမျိုးအစား ၃၂၀၀ နီးပါး အပေါ် ၅၀ ရာခိုင်နှုန်းကျော်ခန့် အကောက်ခွန် တိုးမြှင့်ကောက်ခံခဲ့သည်။ ယင်းသို့ သွင်းကုန်အခွန် ရုတ်တရက် တိုးမြှင့်ကောက်ခံခြင်းအပေါ် နိုင်ငံခြားသားများ ဒေါသထွက်ခဲ့ပြီး နိုင်ငံပေါင်း ၆၀ မှလည်း အမေရိကန် ကုန်ပစ္စည်းများအပေါ် အကောက်ခွန် တိုးမြှင့်ကောက်ခံခြင်းဖြင့် တုန့်ပြန်ခဲ့ကြသည်။ နိုင်ငံတကာ ကုန်သွယ်ရေးမှာ ရုတ်တရက်ထိုးကျသွားပြီး အမေရိကန်ပြည်ထောင်စု၏ ထုတ်လုပ်မှုမှာလည်း ကျဆင်းသွားခဲ့ရသည်။ ၁၉၃၂ ခုနှစ်တွင် အမေရိကန်ကုန်သွယ်ရေးပမာဏသည် ဥပဒေမတိုင်ခင် ကုန်သွယ်မှုအောင် ထက်ဝက်မက ကျဆင်းခဲ့သည်။ ကုန်သွယ်ရေး အကျိုးအမြတ်များ ဆုံးရှုံးခဲ့ရပြီး ဖက်ဒရယ်အစိုးရ၏ အကောက်ခွန်မှ ရငွေများသည်လည်း ကျဆင်းခဲ့သည်။ ထုတ်လုပ်မှုနှင့် အလုပ်အကိုင်များလည်း ကျဆင်းသွားသည်။ အလုပ် လက်မဲ့နှုန်းမြင့်မားလာသည်။ စမွတ်-ဟောလီ ဥပဒေပြဋ္ဌာန်းချိန်က အလုပ်လက်မဲ့နှုန်း ၇.၈ ရာခိုင်နှုန်းတွင် တန့်နေသော်လည်း ၂ နှစ်အကြာတွင် ၂၃.၆ ရာခိုင်နှုန်းထိ မြင့်တက်လာသည်။ ၂၈၀ အထက်ရှိခဲ့သည့် စတော့ ဈေးကွက်သည်လည်း ၂ နှစ်အတွင်း ၉၀ အောက် ထိုးကျခဲ့သည်။

စမွတ်-ဟောလီဥပဒေပြဋ္ဌာန်းပါက ထိခိုက်နစ်နာမည့် အကျိုးရလာဒ်များ ထွက်ပေါ်လာမည် ဖြစ်သောကြောင့် ယင်းဥပဒေအား လက်မှတ်ရေးထိုးခြင်းမပြုရန် သတိပေးသည့် အိတ်ဖွင့်ပေးစာ တစ်စောင်ကို သမ္မတဟူးဗားထံ ဘောဂဗေဒပညာရှင် တစ်ထောင်ကျော်က လက်မှတ်ထိုး ပေးပို့ခဲ့ကြသည်။ သမ္မတက သူတို့၏ ပန်ကြားချက်များကို ပယ်ချခဲ့သော်လည်း သူတို့၏ သတိ ပေးချက်များ မှန်ကန်ကြောင်း သမိုင်းက သက်သေပြသွားခဲ့သည်။ ၁၉၃၂ နှင့် ၁၉၃၆ ခုနှစ် များတွင် ငွေကြေးလည်ပတ်မှုအား လျော့ချခြင်း၊ မတန်တဆ အခွန်တိုးမြှင့်ကောက်ခံခြင်းကဲ့သို့ အခြား အချက်များကြောင့်လည်း မဟာစီးပွားပျက်ကပ် ဆိုက်စေခဲ့သည်။ သို့သော် စမွတ်-ဟောလီ အကောက်ခွန်ဥပဒေသည် ထိုခေတ်အခါက ဂမ်းနည်းကြေကွဲဖွယ်ဖြစ်ရပ်၏ အဓိက အကြောင်းရင်းလည်း ဖြစ်သည်။[၂၂]

သို့ဆိုလျှင် နိုင်ငံများစွာက ကုန်သွယ်ရေးကန့်သတ်ချက်များ မည်သည့်အတွက်ကြောင့် ကျင့်သုံးကြပါသလဲ။ မဲပေးသူများနှင့် မူဝါဒချမှတ်သူများတွင် ဘောဂဗေဒ အသိမဲ့မှုကြောင့် ဖြစ်သည်။ အလားတူပင် အလွန်အရေးပါသည့် နောက်ထပ်အချက်တစ်ခုလည်း ရှိသေးသည်။ ယင်းမှာ တစ်စု တစ်စည်းရှိသည့် အကျိုးတူအဖွဲ့များ၏ နိုင်ငံရေးအင်အားပင် ဖြစ်သည်။ ကုန်သွယ်ရေး ကန့်သတ်ချက်များသည် လုပ်သားအချို့အပါအဝင် ထုတ်လုပ်သူအချို့နှင့် ၎င်းတို့၏ အရင်းအမြစ် ပံ့ပိုးသူများကို အကျိုးရှိစေသည်။ နိုင်ငံခြားသား ပြိုင်ဘက်များထံမှ အစိုးရအကာအကွယ်

ပေးစေလိုသည့် လုပ်ငန်းစုသည် အားကောင်းအောင် စုစည်းလာကြ၍ သူတို့အင်အားမှာ မြင်သာမှု ရှိလာသည်။ တဖက်တွင် စားသုံးသူများ၊ အခြားလုပ်သားများနှင့် အခြားသောအရင်းအမြစ် ပံ့ပိုးသူများမှာ များသောအားဖြင့် စုစည်းမှုအားနည်းပြီး နိုင်ငံတကာကုန်သွယ်ရေးမှ အကျိုး ကျေးဇူးမှာလည်း သူတို့အတွက် ပြန့်ကွဲနေတတ်၍ မသိသာလှပေ။ ဆိုရလျှင် စုစည်းထားသည့် ကိုယ်ကျိုးရှာအုပ်စုများသည် နိုင်ငံရေးသြဇာ ပိုသြောင်းတတ်၊ ဆန္ဒမဲပေးလေ့ရှိကြပြီး နိုင်ငံရေးမဲဆွယ် ရန်ပုံငွေများလည်း ပိုမိုထည့်ဝင် ကြလိမ့်မည်။ နိုင်ငံရေးသမား တို့ကလည်း သူတို့၏ လိုအပ်ချက်၊ အမြင်များကို အလေးထားဆောင်ရွက်ကြပေလိမ့်မည်။

ထို့ပြင် ဥပမာအနေဖြင့် ပြည်ပတွင် သံမဏိများ ဈေးသက်သာစွာ ထုတ်လုပ်နိုင်ပြီး ပြည်တွင်းသို့ လွတ်လပ်စွာ တင်သွင်းခြင်းကြောင့် ပြည်တွင်းအလုပ်အကိုင်များ နစ်နာ ဆုံးရှုံးသွားသည်မှာ သိမြင်လွယ်ပါသည်။ အကောက်ခွန်များကြောင့် အခြားလုပ်ငန်းစုများတွင် အလုပ်အကိုင် ဆုံးရှုံးသွားသည့် ထိခိုက်မှုမှာမူ သိသာထင်ရှားမှုမရှိ၍ သတိမပြုမိနိုင်ပေ။ ကုန်သွယ်ရေး ကန့်သတ်ချက် ကိစ္စရပ်တွင်လည်း ခိုင်မာသည့် စီးပွားရေးစဉ်းစားချက်သည် မကြာခဏဆိုသလိုပင် နိုင်ငံရေးအရ အသာစီးရနေသည့် မဟာဗျူဟာနှင့် ကွဲလွဲနေတတ်ပေသည်။

သို့သော် ယင်းက အခြေအနေအစစ်အမှန်ကို မပြောင်းလဲပစ်နိုင်ပါ။ ကမ္ဘာ့ကုန်သွယ်ရေး ကျယ်ပြန့်လာခြင်းကြောင့် ကုန်စည်များနှင့် ဝန်ဆောင်မှုများစွာ ဈေးနှုန်းသက်သက်သာသာဖြင့် ပိုမိုဝယ်ယူ ရရှိလာနိုင်ကြသည်။ အထူးသဖြင့် ဆင်းရဲသားများမှာ လွတ်လပ်သော ကုန်သွယ်ရေးမှ အကျိုးခံစားခဲ့ကြသည်။ ကမ္ဘာတစ်လွှားမှ သန်းပေါင်းရာချီသော ဆင်းရဲသားများစွာတို့က ပြီးခဲ့သည့် ၂၅ နှစ်အတွင်း ဆင်းရဲတွင်းမှ လွတ်မြောက်ခဲ့ကြသည်။ အမေရိကန်ပြည်ထောင်စု နေထိုင်သူတို့ကလည်း အကျိုးခံစားခဲ့ရသည်။ နိုင်ငံတကာကုန်သွယ်ရေးသည် တစ်ပါးသူတို့၏ ဘဝမြှင့်တင်ရေးတွင် ကူညီဆောင်ရွက်ပေးခြင်းဖြင့် မိမိတို့ ကောင်းစားရေးကိုပါ မြှင့်တင်နိုင်ပုံကို ဖော်ကြူးသည့် ဥပမာကောင်းတစ်ခု ဖြစ်သည်။

မိမိတို့သည် ကုန်သွယ်ရေးလွတ်လပ်ခွင့်အကြောင်း အခြားနိုင်ငံများကို တင်ပြပြောဆို သင့်ပါသည်။ ယင်းသို့ပြသခြင်းမှာ အခြားနိုင်ငံများအနေဖြင့် ဘေးအန္တရာယ်ရှိသည့် မူဝါဒများကို ကျင့်သုံးနေသောကြောင့် မဟုတ်ဘဲ မိမိတို့အနေဖြင့်လည်း ပြောသည့်အတိုင်း လုပ်ကိုင် ဆောင်ရွက်သင့်သောကြောင့် ဖြစ်သည်။ ဆန့်ကျင်ဘက်အားဖြင့် ဥပမာပြရလျှင် အမေရိကန် ပြည်ထောင်စုသည် ဆယ်နှစ်တာကာလအတွင်း ကုန်သွယ်ရေး ကန့်သတ်ချက်အားလုံး တဖက်သတ်ဖြင့် ဖြည်းဖြည်းချင်း ဖယ်ရှားပေးခဲ့လျှင် အမေရိကန်များ၏ ကောင်းစားရေးအတွက် သာမက တစ်ကမ္ဘာလုံး၏ စီးပွားရေးအခြေအနေများကိုပါ တိုးတက်စေမည် ဖြစ်သည်။ ထို့ပြင် ကုန်သွယ်ရေးကန့်သတ်ချက်များ ဖယ်ရှားခြင်းသည် ငြိမ်းချမ်းရေးအား မြှင့်တင်ရာ ရောက်သည်ဟု ယုံကြည်စရာအကြောင်းလည်း ရှိသည်။ စစ်ပွဲ သို့မဟုတ် အကြမ်းဖက်ဝါဒအား လုံးလုံးလျားလျား ဖယ်ရှားနိုင်သည့် ကုထုံးမရှိသော်လည်း ကုန်သွယ်ရေးသည် အဖျက်လုပ်ရပ်များထက် အကျိုး ဖြစ်ထွန်းစေသည့် လုပ်ရပ်များကိုကို အားစိုက်လုပ်ဆောင်စေခြင်းဖြင့် ပိုကောင်းမွန်သည့် ဘဝများ ပိုင်ဆိုင်လာရန်အတွက် အခွင့်အလမ်းများကို ဖော်ထုတ်ပေးသည်။ ဤနေရာတွင် ကုန်သွယ်မှု

ပိုများလာခြင်းသည် အနည်းဆုံးအားဖြင့် ငြိမ်းချမ်းသည့်ကမ္ဘာဆီသို့ ဦးတည်စေမည့် ခြေလှမ်းလေး တစ်ခု ဖြစ်ပေလိမ့်မည်။

### *အင်စတီကျူးရှင်းများနှင့် မူဝါဒများ၏ အရေးပါပုံ -- နိဂုံးချုပ် အတွေးများ*

အင်စတီကျူးရှင်းများနှင့် မူဝါဒများမှာ မည်မျှအထိ အရေးပါ ပါသလဲ။ ဤမေးခွန်းကို ဖြေဆိုနိုင်ရန် နိုင်ငံအသီးသီးရှိ အင်စတီကျူးရှင်းများနှင့် မူဝါဒများကို နှိုင်းယှဉ်လေ့လာသည့် နည်းလမ်းတစ်ခု လိုပါသည်။ ၁၉၈၀ ပြည့်နှစ်များ အလယ်တွင် ဗြိတိသျှ ကိုလမ်ဘီယာ၊ ဗင်ကူးဗားမြို့ ၌ရှိသော ဖရေဇာအဖွဲ့အစည်း (Fraser Institute of Vancouver)သည် နိုင်ငံအသီးသီး၏ စီးပွားရေး လွတ်လပ်မှုကို ဖော်ထုတ်နိုင်မည့် နည်းလမ်းတစ်ခုကို ရေးဆွဲမည့် အထူးစီမံကိန်းတစ်ရပ်ကို စတင်လုပ်ဆောင်ခဲ့သည်။ နိုဘယ် ဆုရှင်များဖြစ်သော မီတန်ဖရီးမင်း (Milton Friedman)၊ ဂယ်ရီဘက္ကာ (Gary Becker)၊ ဒေါ်ဂလတ် နော့သ် (Dogulass North) တို့နှင့်အတူ အခြားသော အထင်ကရ ဘောဂဗေဒပညာရှင်များ ပါဝင်ခဲ့သည်။ ဤစီမံကိန်းမှ စီးပွားရေးလွတ်လပ်မှု ကမ္ဘာ့ ညွှန်းကိန်း (Economic Freedom of the World – EFW Index) ကို ဖော်ထုတ်ခဲ့ကြသည်။[၂၃] ကမ္ဘာ့တစ်ဝှမ်းမှ အဖွဲ့အစည်းပေါင်း ၇၅ ခုဖြင့် ချိတ်ဆက်ထားသော ကွန်ယက်ဖြင့် ထုတ်ပြန်သည့် အဆိုပါညွှန်းကိန်းသည် နိုင်ငံတစ်ခုချင်းစီ၏ အင်စတီကျူးရှင်းများနှင့် မူဝါဒများသည် တစ်ဦးချင်းရွေးခြယ်မှု၊ ပုဂ္ဂလိကပိုင်ဆိုင်မှု၊ မိမိဆန္ဒအလျောက် လဲလှယ်ရောင်းဝယ်နိုင်မှု၊ အပြိုင်အဆိုင် ဈေးကွက်များစသည့် စီးပွားရေးလွတ်လပ်မှုနှင့် မည်မျှကိုက်ညီမှု ရှိ၊ မရှိကို တိုက်ဆိုင်စစ်ဆေးပေးသည်။ ညွှန်းကိန်းတွင် အစိတ်အပိုင်း ၄၂ ခု ပါဝင်ပြီး ၁၉၈၀-၂၀၀၇ ခုနှစ် ကာလအတွင်း နိုင်ငံပေါင်း ၁၀၀ ခန့်အတွက် အဆင့်များ သတ်မှတ်ထုတ်ပြန်ပေးသည်။

စီးပွားရေးလွတ်လပ်မှု ကမ္ဘာ့ညွှန်းကိန်းသည် အထက်ပါစီးပွားရေးတိုးတက်မှုအတွက် လိုအပ်သည့်လက္ခဏာရပ်များကို နည်းမျိုးစုံဖြင့် ထင်ဟပ်စေသည်။ EFW ညွှန်းကိန်း မြင့်မားလိုသည့် နိုင်ငံတစ်နိုင်ငံသည် ပုဂ္ဂလိကပိုင်ဆိုင်မှုများ လုံခြုံမှုရှိအောင် ကာကွယ်ပေးခြင်း၊ လုပ်ငန်းသဘောတူ စာချုပ်များ ဥပဒေအရ မျှတစွာ ကာကွယ်ပေးခြင်း၊ တည်ငြိမ်သည့် ငွေကြေးဝန်းကျင်တစ်ရပ် ဖော်ဆောင်ပေးခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်သည်။ အခွန်နည်းနည်းသာ စည်းကြပ်ခြင်း၊ ပြည်တွင်းနှင့် နိုင်ငံတကာ ကုန်သွယ်ရေး အတားအဆီးများ မထားရှိခြင်း၊ အရင်းအမြစ်များနှင့် ကုန်စည်များအား အသုံးချ၊ ထုတ်လုပ်ရာတွင် အစိုးရအသုံးစရိတ်များနှင့် ဥပဒေစည်းမျဉ်းများဖြင့် စီမံဆောင်ရွက်ခြင်းမဟုတ်ဘဲ ဈေးကွက်ကိုသာ စီမံခွင့်ပေးခြင်း တို့လည်း ပါဝင်သည်။ အဆိုပါ အင်စတီကျူးရှင်းနှင့် မူဝါဒဆိုင်ရာ အချက်များက စီးပွားရေးစွမ်းဆောင်ရည်အပေါ် အမှန်တကယ် အကျိုးသက်ရောက်မှုရှိသည်ဆိုလျှင် EFW ညွှန်းကိန်းမြင့်သည့် နိုင်ငံများသည် ညွှန်းကိန်းနိမ့်သည့် နိုင်ငံများထက်ပို၍ စီးပွားရေး ဖွံ့ဖြိုးရမည်ဖြစ်သည်။

ပုံပြဇယား ၅ သည် ၂၀၀၇ ခုနှစ် တစ်ဦးချင်းဝင်ငွေနှင့် ၁၉၉၀ -၂၀၀၇ အတွင်း EFW စံသတ်မှတ်ချက် အမြင့်ဆုံးနှင့် အနိမ့်ဆုံး ၁၀ နိုင်ငံအတွက် တစ်ဦးချင်းဝင်ငွေတိုးတက်မှုကို ဖော်ပြထားသည်။ ဆယ်စုနှစ် ၂ ခုနီးပါး ကာလအတွင်း EFW အချက်အလက်များ ရနိုင်သည့် နိုင်ငံပေါင်း ၉၉ နိုင်ငံနှင့် စီရင်စုဒေသများအကြားတွင် ဟောင်ကောင်၊ စင်္ကာပူ၊ နယူးဇီလန်နှင့် အမေရိကန် ပြည်ထောင်စုတို့သည် စီးပွားရေး လွတ်လပ်ခွင့် အများဆုံးဆက်တိုက်ရှိသည့် နိုင်ငံများအနေဖြင့် စာရင်းထိပ်ဆုံးတွင် ရှိခဲ့ကြသည်။ ဆန့်ကျင်ဖက်တွင် ဂီနီယာ-ဘီဆော၊ ကွန်ဂိုသမ္မတနိုင်ငံ၊ ဇင်ဘာဘွေနှင့် အယ်လ်ဂျီးရီးယားတို့သည် စီးပွားရေး လွတ်လပ်ခွင့်အနည်းဆုံး နိုင်ငံများ ဖြစ်ကြသည်။ စီးပွားရေးလွတ်လပ်ခွင့်အရှိဆုံး ၁၀ နိုင်ငံ၏ တစ်ဦးချင်းပျမ်းမျှဝင်ငွေမှာလည်း ၃၇၄၁၂ ဒေါ်လာဖြစ်ကာ စီးပွားရေးလွတ်လပ်ခွင့် အနည်းဆုံး ၁၀ နိုင်ငံ၏ ပျမ်းမျှဝင်ငွေ ၂၉၂၀ ဒေါ်လာပြီး၍ ၁၃ ဆနီးပါး ကွာဟနေသည်။ အဆိုပါ စီးပွားရေး လွတ်လပ်မှု အရှိဆုံး ၁၀ နိုင်ငံသည် ဝင်ငွေ အဆမတန် မြင့်မားသည့်အပြင် အရှိန်အဟုန်ဖြင့်လည်း ဖွံ့ဖြိုးနေကြသည်။ စီးပွားရေး အလွတ်လပ်ဆုံး ၁၀ နိုင်ငံ၏ ၁၉၉၀-၂၀၀၇ ခုနှစ်များအတွင်း ပျမ်းမျှနှစ်စဉ်ဖွံ့ဖြိုးမှုနှုန်းမှာ ၂.၅ ရာခိုင်နှုန်း ဖြစ်သည်။ နှိုင်းယှဉ်ပါက စီးပွားရေး လွတ်လပ်မှုအနည်းဆုံး ၁၀ နိုင်ငံ၏ ပျမ်းမျှနှစ်စဉ်ဖွံ့ဖြိုးမှုနှုန်းမှာ အနှုတ် ၀.၈ ရာခိုင်နှုန်း ဖြစ်သည်။


**Exhibit 5: Economic Freedom, Per Capita GDP#**


| # # | EFW Rating, 1990-2007# | GDP Per Capita 2007 PPP (constant 2005 international $)# | Growth Rate of Per Capita GDP 1990-2007 PPP (percent, constant 2005 international $)# |
|---|---|---|---|
| **10 Highest Rated Countries, 1990-2007#** | | | |
| **Hong Kong** | **8.8** | **$39,958** | **3.1** |
| **Singapore** | **8.6** | **$47,497** | **4.1** |
| **New Zealand** | **8.2** | **$25,282** | **1.9** |
| **United States** | **8.2** | **$43,102** | **1.8** |
| **Switzerland** | **8.1** | **$37,581** | **0.7** |
| **United Kingdom** | **8.0** | **$33,717** | **2.1** |
| **Canada** | **7.9** | **$36,260** | **1.8** |
| **Ireland** | **7.8** | **$41,036** | **5.1** |
| **Australia** | **7.7** | **$32,735** | **2.0** |
| **Netherlands** | **7.7** | **$36,956** | **2.0** |
| **Average#** | **8.1#** | **$37,412#** | **2.5** |
| **10 Lowest Rated Countries, 1990-2007** | | | |
| **Niger** | **5.0** | **$597** | **-0.7** |
| **Burundi** | **5.0** | **$349** | **-1.9** |
| **Venezuela** | **4.9** | **$11,480** | **1.1** |
| **Syria** | **4.9** | **$4,038** | **1.9** |
| **Central Afr. Rep.** | **4.8** | **$674** | **-1.0** |
| **Congo, Rep. of** | **4.8** | **$3,517** | **0.1** |
| **Algeria** | **4.7** | **$7,317** | **1.0** |
| **Zimbabwe*** | **4.4** | **$450** | **-1.6** |

| | | | |
|---|---|---|---|
| **Congo, Dem. Rep** | **4.2** | **$288** | **-4.3** |
| **Guinea-Bissau** | **4.2** | **$495** | **-2.1** |
| **Average#** | **3.9#** | **$2,920#** | **-0.8#** |

**Source: Derived from World Bank, *World Development Indicators, and James Gwartney and Robert Lawson, Economic Freedom of the World: 2009 Annual Report.***
****1990 to 2005 GDP data are used for Zimbabwe because the data is unavailable for 2006 and 2007. Myanmar was in the original bottom ten but it is omitted here because the GDP data are unavailable.***

ပုံပြဇယား ၆ က နှင့် ၆ ခ တို့သည် EFW အရည်အသွေး အဆင့်သတ်မှတ်ချက် အနိမ့်မှ အမြင့်သို့ ခွဲခြားထားပြီး အဖွဲ့ ၄ ဖွဲ့မှ တစ်ဖွဲ့ချင်းအလိုက် ပျမ်းမျှဝင်ငွေအဆင့်နှင့် ဖွံ့ဖြိုးမှုနှုန်းဆိုင်ရာ အချက်အလက်များကို တင်ပြထားသည်။ အဆိုပါပုံပြဇယားများမှလည်း တူညီသည့် ပုံသဏ္ဍာန်ပင် ပေါ်ထွက်လာသည်။ နိုင်ငံပေါင်း ၉၉ နိုင်ငံအကြား စီးပွားရေးအရ ပိုမိုလွတ်လပ်သည့် နိုင်ငံများမှာ တစ်ဦးချင်းဝင်ငွေ အဆင့်များ မြင့်မားပြီး အလျင်အမြန်လည်း ဖွံ့ဖြိုးကြသည်။[၂၄] စီးပွားရေး အလွတ်လပ်ဆုံး နိုင်ငံများသည် ၂၀၀၇ ခုနှစ်အရ တစ်ဦးချင်းပျမ်းမျှဝင်ငွေ ၃၂၄၄၃ ဒေါ်လာရှိခဲ့ပြီး လွတ်လပ်မှု အနည်းဆုံး နိုင်ငံများ၏ တစ်ဦးချင်းပျမ်းမျှဝင်ငွေထက် ၈ ဆ ပိုများသည်။ ထိုနည်းတူစွာပင် ထိပ်ဆုံးအဖွဲ့၏ နှစ်စဉ်ပျမ်းမျှဖွံ့ဖြိုးမှုနှုန်းသည် ၂.၄ ရာခိုင်နှုန်းဖြစ်၍ အောက်ဆုံးအဖွဲ့သည် ၀.၉ ရာခိုင်နှုန်း ဖြစ်သည်။






**Source: Derived from World Bank, *World Development Indicators, and James Gwartney and Robert Lawson, Economic Freedom of the World, 2009 Annual Report***

ငွေနိမ့်ပါးသည့်နိုင်ငံများတွင် အင်စတီကျူးရှင်းများနှင့် မူဝါဒများ လမ်းကြောင်းမှန်ပေါ် ရောက်ရှိလာသည့်အခါ ဖွံ့ဖြိုးမှုနှုန်း ထူးထူးကဲကဲ မြန်ဆန်လာပြီး ငွေမြင့်စက်မှုနိုင်ငံများနှင့် ငွေကွာဟမှုမှာလည်း ကျဉ်းမြောင်းလာပါသည်။ ဟောင်ကောင်၊ စင်္ကာပူ၊ ထိုင်ဝမ်၊ အိုင်ယာလန်၊ ချီလီ၊ မော်ရေးရှတ်စ်၊ ဘောက်စွာနာကဲ့သို့ နိုင်ငံများက ဤအချက်ကို ထောက်ပြနေသည်။ မကြာသေးမီဆယ်စုနှစ်များအတွင်း အဆိုပါနိုင်ငံများအားလုံးသည် လွတ်လပ်သည့် စီးပွားရေးစနစ်သို့ မြန်မြန်ဆန်ဆန်ကူးပြောင်းခဲ့ကြ၍ အလျင်အမြန် ဖွံ့ဖြိုးလာကာ ငွေအဆင့်များနှင့် လူနေမှု အဆင့်အတန်းများလည်း သိသိသာသာ တိုးတက်လာခဲ့ကြသည်။ ၁၉၈၀ တွင် လူဦးရေအများဆုံး တရုတ်နှင့် အိန္ဒိယ နိုင်ငံများသည် ကမ္ဘာပေါ်တွင် စီးပွားရေး လွတ်လပ်မှု အနည်းဆုံး နိုင်ငံများ ဖြစ်ခဲ့ကြသည်။ ၁၉၈၀ နှင့် ၁၉၉၀ ပြည့်နှစ်များတွင် ယင်းနှစ်နိုင်ငံ၌ စီးပွားရေးလွတ်လပ်မှုကို တစိုက်မတ်မတ် ဖော်ဆောင်ခဲ့ကြ၍ ယနေ့အချိန်အခါတွင် အံ့အားသင့်ဖွယ် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းများ ပိုင်ဆိုင်လာကြသည်။

၁၉၉၀ ပြည့်နှစ်လယ်များမှစ၍ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများစွာသည် လွတ်လပ်သည့် စီးပွားရေး စနစ်သို့ ကူးပြောင်းလာခဲ့ကြသည်။ ယင်းသို့ ကူးပြောင်းခဲ့သည့် နိုင်ငံများမှာ အလျင်အမြန် ဖွံ့ဖြိုးလာခဲ့ကြသည်။ ထို့အပြင် ယင်းကြောင့် ကမ္ဘာ့ဆင်းရဲမွဲတေမှုနှုန်း သိသိသာသာ

ကျဆင်းလာခဲ့သည်။ တစ်ဦးချင်း တစ်ရက်ဝင်ငွေ ဒေါ်လာ ၁.၂၅ အောက်ဖြစ်လျှင် ကမ္ဘာ့ဘဏ်က "ဆိုးရွားအဆင့် ဆင်းရဲမွဲမှု" အဖြစ် သတ်မှတ်သည်။ ၂၀၀၅ ခုနှစ်တွင် ကမ္ဘာ့အဆိုးရွားဆုံး ဆင်းရဲမွဲတေမှုနှုန်းမှာ ၂၅ ရာခိုင်နှုန်းဖြစ်ပြီး ၁၉၈၁ ခုနှစ်တွင် ၅၈ ရာခိုင်နှုန်းမှ ကျဆင်းလာခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ဆိုးရွားအဆင့် ဆင်းရဲမွဲတေမှုနှုန်းသည် လွန်ခဲ့သည့် ၂၅ နှစ်ကထက် ထက်ဝက်ကျဆင်းသွားခဲ့သည်။ တစ်ရက် ၂ ဒေါ်လာအောက် ဝင်ငွေရှိသူကို အတန်အသင့် ဆင်းရဲစွာဖြင့် နေထိုင်ရသူအဖြစ် သတ်မှတ်သည်။ ကမ္ဘာလုံးအနေအထားအရ အတန်အသင့် ဆင်းရဲမှုနှုန်းမှာလည်း ၁၉၈၁ ခုနှစ်တွင် ၇၅ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၅ ခုနှစ်တွင် ၄၆ ရာခိုင်နှုန်းသို့ ကျဆင်းသွားခဲ့သည်။ စီးပွားရေး လွတ်လပ်မှု အမြင့်ဆုံးအဆင့် သတ်မှတ်ခံရသော ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများနှင့် သို့မဟုတ် စီးပွားရေးလွတ်လပ်မှုအား အများဆုံး မြှင့်တင်ခဲ့သည် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများမှာ အဆိုပါကာလများတွင် ဆင်းရဲမွဲတေမှု အများဆုံး လျော့ချနိုင်ခဲ့ကြသည်။၂၅

ဘောဂဗေဒသဘောတရားနှင့် လက်တွေ့ကမ္ဘာ နှစ်မျိုးလုံးကလည်း နိုင်ငံများတွင် ဤအခန်း၌ ဖော်ပြခဲ့သည့်အချက်များနှင့် ကိုက်ညီသည့် မူဝါဒများ ကျင့်သုံးသည့်အခါ ရင်းနှီးမြှုပ်နှံမှု ပိုမိုဝင်ရောက်လာကြောင်း၊ လျင်မြန်စွာ ဖွံ့ဖြိုးလာကြောင်း၊ ဝင်ငွေအဆင့် ပိုမိုမြင့်မားလာကြောင်း ပြသနေသည်။ စီးပွားရေးတိုးတက်မှု၏ သော့ချက်မှာ အင်စတီကျူးရှင်းများနှင့် မူဝါဒများကို မှန်မှန်ကန်ကန် တည်ဆောက်ထားခြင်း၊ ချမှတ်ထားခြင်းပင်သည်။ ကမ္ဘာတစ်လွှားမှ နိုင်ငံရေးခေါင်းဆောင်များနှင့် အတွေးအမြင် ဦးဆောင်သူများအနေဖြင့် သူတို့၏နိုင်ငံများအား ပိုမိုလွတ်လပ်သည့် စီးပွားရေးစနစ်သို့ မြန်မြန်ကူးပြောင်းလေလေ မိမိတို့နေထိုင်ရာ ကမ္ဘာကြီးမှာလည်း ကြွယ်ဝလာလေလေပင် ဖြစ်လိမ့်မည်။

# အပိုင်း ၃

## စီးပွားရေးတိုးတက်မှုနှင့် အစိုးရ၏အခန်းကဏ္ဍ

၁။ တစ်ဦးချင်းအခွင့်အရေးများ ကာကွယ်ပေးခြင်းနှင့် ဈေးကွက်မှ မရနိုင်သည့် ကုန်စည်များကို ဖြည့်ဆည်းပေးခြင်းဖြင့် အစိုးရက စီးပွားရေးတိုးတက်မှုကို ဖြစ်ထွန်းစေသည်။

**၂။ နိုင်ငံရေးမဲဆန္ဒဖြင့် ခွဲဝေသတ်မှတ်ခြင်းသည် ဈေးကွက်မှ ခွဲဝေသတ်မှတ်ခြင်းနှင့် အခြေခံအားဖြင့် ကွဲပြားခြားနားပြီး စီးပွားရေးသုံးသပ်ချက်များအရ ဈေးကွက်သည် စီးပွားရေးတိုးတက်စေရန်အတွက် ပိုပြီးစိတ်ချရသော နည်းလမ်းဖြစ်သည်။**

၃။ အစိုးရ၏စရိတ်စကများသည် အခွန်အခသက်သက် မဟုတ်ပါ။

၄။ ဖွဲ့စည်းပုံအခြေခံဥပဒေ စည်းမျဉ်းများဖြင့်သာ မကန့်ထားပါက အကျိုးတူစီးပွား အုပ်စုများ (special-interest groups) သည် အခွန်ထမ်းများနှင့် စားသုံးသူများကို လုည့်စားရန် ဒီမိုကရက်တစ် နိုင်ငံရေး လုပ်ငန်းစဉ်ကို အသုံးချလိမ့်မည်

၅။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ စည်းမျဉ်းများဖြင့်သာ မကန့်သတ်ထားပါက ဥပဒေပြုအမတ်များက ဘတ်ဂျက်လိုငွေပြအောင် အသုံးစရိတ်များ လွန်လွန်ကဲကဲ သုံးစွဲကြလိမ့်မည်။

**၆။ အစိုးရကလူတစ်စုကောင်းစားရေးအတွက် အခြားသူများ၏ ကုန်ကျငွေဖြင့်အကူအညီများ ပေးနေလျှင် စီးပွားရေးတိုးတက်မှုကို နှေးကွေးစေလိမ့်မည်**

**၇။ အစိုးရငွေ လွှဲပြောင်းမှုများမှ ရရှိသည့်အကျိုးကျေးဇူးသည် လွှဲပြောင်းမှုပမာဏထက် နည်းသည်။ အခါတရံ မတန်တဆပင် နည်းနေတတ်သည်။**

**၈။ ဗဟိုချုပ်ကိုင်သည့် စီးပွားရေးစနစ် ဂ ဗဟိုကစီမံကိန်းချလုပ်ကိုင်ခြင်းသည် ဈေးကွက်များကို နိုင်ငံရေးဖြင့်အစားထိုးသောကြောင့် အရင်းအမြစ်များ ဖြုန်းတီးစေပြီး စီးပွားရေး တိုးတက်မှုကို နှောင့်နှေးစေသည်။**

၉။ ပြိုင်ဆိုင်မှုဆိုသည် ဈေးကွက်များတွင် အရေးကြီးသကဲ့သို့ အစိုးရအဖွဲ့တွင်လည်း အရေးကြီးသည်။

**၁၀။ နိုင်ငံရေးလုပ်ငန်းစဉ်နှင့် ခိုင်မာသည့် စီးပွားရေးစနစ်ကို ဟန်ချက်ညီစေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ စည်းမျဉ်းများက စီးပွားရေးတိုးတက်မှုကို မြှင့်တင်ပေးသည်။**

## <u>နိဒါန်း</u>

အစိုးရဟူသည် အစားအစာနှင့် အနည်းငယ်ဆင်တူသည်။ အစားအစာသည် မရှိမဖြစ် အရေးပါသော်ငြား အလျှံပယ် စားသုံးမိလျှင် အဆီများခြင်း၊ အားအင်ကုန်ခန်းခြင်းနှင့် အခြားသော ကျန်းမာရေးပြဿနာများကို ဖြစ်ပေါ်စေတတ်သည်။ အလားတူပင် သင့်လျော်သည့် အကန့်အသတ်များဖြင့် ထိန်းချုပ်ထားသော အစိုးရသည် ခနကြွယ်ဝမှု ဖြစ်ပေါ်စေရေးအတွက် အစွမ်းထက်သည့် အင်အားတစ်ခု ဖြစ်သည်။ သို့သော် လွန်လွန်ကဲကဲ ကျင့်သုံးမိပြီး မဆီလျော်သည့် အလုပ်များ ဆောင်ရွက်မိလျှင် စီးပွားရေးတိုးတက်မှုကို ကျဆင်းစေသည်။

ဆုံးဖြတ်ချက်များကို ဒီမိုကရေစီနည်းတကျ ချမှတ်ပါက အစိုးရ၏ အားသာချက်များနှင့် အားနည်းချက်များကို မဲပေးသူများက နားလည်ထားရန် အထူးအရေးကြီးပါသည်။ မကြာခဏဆိုသလို လူအားလုံးတို့က အဆိုပြုသူများ၏ ရည်ရွယ်ချက်များတွင် ယိမ်းယိုင်သွားတတ်ပြီး မူဝါဒ အပြောင်းအလဲကြောင့် ဆင့်ပွားသက်ရောက်မှုကို ထည့်သွင်းစဉ်းစားရန် မေ့တတ်ကြသည်။ လူတို့တွင် လက်တွေ့မကျသည့် မျှော်လင့်ချက်များ ရှိသည့်အခါ စိတ်ပျက်ဖွယ်ရာများနှင့် မလွှဲမသွေ ကြုံတွေ့လာမည်ဖြစ်သည်။

နိုင်ငံ့စီးပွားရေးသည် နိုင်ငံရေးလုပ်ငန်းစဉ် အလုပ်လုပ်ပုံကိုများစွာကို ထိုးထွင်းသိမြင်စေသည်။ ဤအခန်းတွင် ဒီမိုကရက်တစ် နိုင်ငံရေးလုပ်ငန်းစဉ်အား ဆန်းစစ်ရန် ဘောဂဗေဒ ကိရိယာများကို အသုံးပြုမည်ဖြစ်သည်။ နိုင်ငံရေးရလဒ်များမှာ ကတိပြုထားသည့်အရာများနှင့် ဘာကြောင့် ကွဲပြားတတ်သည်ကို ရှင်းပြမည်ဖြစ်သည်။ အစိုးရများအနေဖြင့် အရင်းအမြစ်များ ဖြုန်းတီးစေပြီး နိုင်ငံသားတို့၏ ဂင်ငွေနိမ့်ကျစေမည့် လုပ်ရပ်များ ဘာ့ကြောင့် ဆောင်ရွက်လိုကြသည်ကိုလည်း ထည့်သွင်းပြောဆိုသွားမည် ဖြစ်ပါသည်။ အဆုံးသတ်တွင် ဘဂအရည်အသွေးကို မြှင့်တင်ပေးသည့် လုပ်ငန်းများ တစိုက်မတ်မတ် လုပ်ဆောင်စေရန် လမ်းညွှန်ပေးသည့် အခြေခံဥပဒေ စည်းမျဉ်းများကို တင်ပြပေးသွားပါမည်။

## ၁။ တစ်ဦးချင်းအခွင့်အရေးများအား ကာကွယ်ပေးခြင်းနှင့် ဈေးကွက်မှ မပံ့ပိုးပေးနိုင်သည့် ကုန်စည်များကို ဖြည့်ဆည်းပေးခြင်းဖြင့် အစိုးရက စီးပွားရေးတိုးတက်မှုကို ဖြစ်ပေါ်စေသည်။

*လူပုဂ္ဂိုလ်တစ်ဦးက တစ်ဦးကို မထိခိုက်စေရန် ထိန်းကြောင်းပေးသည့်၊ တစ်ဦးချင်း လုပ်လိုသည့် လုပ်ငန်းများ လုပ်ကိုင်ရာတွင်၊ တိုးတက်မှုရှိအောင် ကြံဆောင်ရာတွင် လွတ်လပ်စွာ လုပ်ကိုင်ခွင့်ပေးသည့်၊ လုပ်အားဖြင့် ရှာဖွေထားသည့် အစားအစာကို ထိုပုဂ္ဂိုလ်၏ နှုတ်ခမ်းဂမှ မလုယူတတ်သည့် အစိုးရမျိုးသည်သာ အမြော်အမြင်ရှိပြီး စွက်ဖက်မှု နည်းသော အစိုးရဖြစ်ပြီး အစိုးရကောင်းတစ်ရပ် ဖြစ်သည်ဟုလည်း အချုပ်အားဖြင့် ဆိုနိုင်ပါသည်။*

- သောမတ်စ် ဂျက်ဖာဆန် (THOMAS JEFFERSON)

အစိုးရတစ်ရပ်သည် လူမှုပူးပေါင်းဆောင်ရွက်မှု (social cooperation) နှင့် နိုင်ငံသားများ၏ စီးပွားရေး အကျိုးစီးပွား (citizens' economic welfare)ကို အဓိကနည်းလမ်း ၂ သွယ်ဖြင့် မြှင့်တင်ပေးနိုင်ပါသည်။ ယင်းတို့မှာ (၁) (ပိုင်ဆိုင်မှုနှင့် လွတ်လပ်ခွင့်များသည် သိမ်းပိုက်ရယူခြင်း၊ လိမ်လည်ရယူခြင်း သို့မဟုတ် ခိုးယူခြင်းတို့မှ မဟုတ်သ၍) လူတို့၏ အသက်၊ လွတ်လပ်မှုနှင့် ပိုင်ဆိုင်မှုများကို ကာကွယ်ပေးခြင်း၊ (၂) ထူးခြားသော လက္ခဏာများ ရှိ၍ အကြောင်းအမျိုးမျိုးကြောင့် ဈေးကွက်သို့ ဝင်ရောက်ရန် ခက်ခဲသည့် ကုန်စည်အချို့ကို ပံ့ပိုးခြင်းတို့ ဖြစ်သည်။

အစိုးရမှ ကာကွယ်ပေးရမည့် လုပ်ငန်းရပ်များတွင် ခိုးယူခြင်း၊ လိမ်လည်ရယူခြင်း၊ အကြမ်းဖက်ခြင်းတို့မှ ကာကွယ်ထိန်းကြောင်းပေးခြင်းများအပါအဝင် လုံခြုံရေးနှင့် တည်ငြိမ်မှုရှိအောင် ဆောင်ရွက်ခြင်းတို့ ပါဝင်သည်။ နိုင်ငံသားတို့အကြား ရန်ပြုမှုနှင့် ပြည်ပရန်များမှ ကာကွယ်ရန် အလို့ငှာ အစိုးရ၌ တရားဝင် အင်အားအသုံးပြုခွင့်ရှိသည်။ ထို့ကြောင့် အကာအကွယ်ပေးရသည့် နိုင်ငံတော်အနေဖြင့် လူတစ်ဦးနှင့်တစ်ဦး ထိခိုက်စေခြင်းမှ ကာကွယ်ပေးရန်နှင့် အချင်းချင်း အပြန်အလှန် သဟဇာတရှိစွာ ကူးလူးဆက်ဆံစေရန်အတွက် ဥပဒေစိုးမိုးမှုရှိအောင် ဆောင်ရွက်ပေးရသည်။ ယင်းဥပဒေစိုးမိုးရေး အခြေခံအဆောက်အဦတွင် ပိုင်ဆိုင်မှုကို ထိပါး ကျူးကျော်သူများရန်မှ ကာကွယ်ပေးခြင်း၊ သဘောတူစာချုပ်များကို ဘက်မလိုက်ပဲ ဥပဒေအရ ထိန်းကြောင်းပေးခြင်း၊ စည်းမျဉ်းစည်းကမ်း၊ အခွန်များနှင့် ထောက်ပံ့ငွေများတွင် ခွဲခြားကျင့်သုံးမှုကို ရှောင်ရှားခြင်းတို့ ဖြစ်သည်။

အစိုးရတစ်ရပ်အနေဖြင့် အကာအကွယ်ပေးလုပ်ငန်းကို ကောင်းစွာ လုပ်ဆောင်သည့်အခါ လူပုဂ္ဂိုလ်အသီးသီးတို့မှာ အလိမ်ခံရမည်ဘေးမှ ကင်းဝေးမည်ဟု စိတ်ချစွာနေနိုင်ကြသည်။ ဆိုလိုသည်မှာရှာဖွေထားသည့် ဥစ္စာဓနကို တစ်ကိုယ်ကောင်းဆန်သော နိုင့်ထက်စီးနင်းပြုသူများ ရန်မှ ဖြစ်စေ၊ များပြားလှသည့် အခွန်များ၊ မလိုအပ်သည့် စည်းမျဉ်းစည်းကမ်းများဖြင့်အစိုးရ၏ ရယူမှုရန်မှ ဖြစ်စေ၊ ငွေကြေးဖောင်းပွခြင်းကြောင့်ဖြစ်စေ စသည်နည်းများဖြင့် မိမိတို့ရှာဖွေထားသည်များကို လျော့နည်းစေမည့် ဘေးအန္တရာယ်မရှိဟု စိတ်ချလက်ချနေနိုင်ကြခြင်း ဖြစ်သည်။ ယင်းသို့

အကာအကွယ်ပေးခြင်းကြောင့် နိုင်ငံသားတို့အနေဖြင့် စိုက်ပျိုးသမျှ ရိတ်သိမ်းခွင့်ရှိမည်ဆိုသည့် အာမခံချက်တစ်ခု ရှိလာပါသည်။ ဤအချက်အတိုင်းသာဖြစ်လျှင် လူပုဂ္ဂိုလ်တို့သည် အလျှံပယ် စိုက်ပျိုးရိတ်သိမ်းလာကြပြီး အကျိုးအားဖြင့် စီးပွားရေး တိုးတက်မှု ဖြစ်ထွန်းလာပါမည်။

အစိုးရက အကာအကွယ်ပေးမှု ညံ့ဖျင်းလျှင် ပြဿနာများ ဖြစ်လာပါသည်။ ပုဂ္ဂလိကပိုင်ဆိုင်မှု အခွင့်အရေးများ (private ownership rights) ကို ရှင်းလင်းစွာ ဖွင့်ဆိုထားခြင်းမရှိပဲ ဥပဒေအရလည်း ထိန်းကြောင်းပေးမှုမရှိလျှင် အချို့အုပ်စုများသည် အခြားအုပ်စုများအား ထိခိုက်နစ်နာစေမည့် နိုင်လိုမင်းထက် လုပ်ရပ်များ လုပ်ဆောင်လာပါလိမ့်မည်။ ပစ္စည်းဥစ္စာများကို မတရားသိမ်းပိုက် ရယူခြင်း၊ အရင်းအမြစ်များကို အဖိုးအခမပေးပဲ သုံးစွဲခြင်းများ ဖြစ်ပေါ်လာပါလိမ့်မည်။ ကျသင့်ငွေ ပေးချေစရာ မလိုပဲ အခြားသူများအပေါ် သက်သက်မဲ့ အမြတ်ထုတ်ခွင့်ပြုလိုက်သည့်အခါ ဈေးကွက်များ အနေဖြင့် ထုတ်လုပ်မှု အမှန်ကုန်ကျစရိတ်ကို မသိနိုင်တော့ပေ။ ထို့ကြောင့် ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့် (property rights) အား လျော့တိလျော့ရဲ အဓိပ္ပါယ်ဖွင့်ဆို၍ ထိန်းကြောင်းမှုအားနည်းသည့်အခါ အရင်းအမြစ်များ ကာကွယ်ပေးမှု အားနည်းသွားခြင်းနှင့် အလွန်အကျွံ သုံးစွဲခြင်းတို့ ဖြစ်ပေါ်လာပေလိမ့်မည်။

လေထုနှင့် ရေထုအရင်းအမြစ်များမှာ ပိုင်ဆိုင်ခွင့်ပေးရန် မလွယ်ကူသည့်အပြင် ပုဂ္ဂလိက ပိုင်ဆိုင်မှုများအဖြစ်လည်း ဖလှယ်မှုမပြုနိုင်သောကြောင့် လေထုနှင့် ရေထုညစ်ညမ်းမှု အဆမတန် ဖြစ်ပေါ်နေသည်မှာ အံ့ဩစရာတော့ မရှိပေ။

အစိုးရ၏ ဒုတိယအဓိကကျသော လုပ်ငန်းဖြစ်သည့် အကျိုးပြုလုပ်ငန်းရပ် (productive function) သည် ဘောဂဗေဒပညာရှင်များအခေါ် အများသုံးပစ္စည်း (public goods)များ ဖြည့်ဆည်းပေးခြင်း ဖြစ်သည်။ ယင်းကုန်စည်များတွင် အဓိက လက္ခဏာ ၂ ရပ် ပါဝင်ရာ ယင်းတို့မှာ (၁) တစ်ဦးတစ်ယောက်အား ဖြည့်ဆည်းပေးသည့်အခါ အခြားသူများလည်း အလိုအလျောက် အသုံးပြုလာနိုင်ခြင်း (၂) ငွေပေးချေသော ဝယ်ယူသုံးစွဲသူများအတွက်သာ ကန့်သတ်ပေးရန် (လုံးဝအဖြစ်နိုင်လျှင်တော်) ခက်ခဲခြင်း တို့ဖြစ်ပါမည်။ နိုင်ငံတော် ကာကွယ်ရေး၊ ရေလွှမ်းမိုးမှုထိန်းချုပ်ရေး စီမံချက်များ၊ ခြင်လျော့ပါးရေး အစီအစဉ်ကဲ့သို့သော ဥပမာများမှာ အများသုံး ပြည်သူပိုင်ပစ္စည်းများ၏ လက္ခဏာများ ရှိကြသည်။

ပုဂ္ဂလိကလုပ်ငန်းများအနေဖြင့် အများသုံး ပြည်သူပိုင်ပစ္စည်းများအား ထုတ်လုပ်ရောင်းချရန်မှာ လွန်စွာခက်ခဲပါသည်။ ပြည်သူပိုင်ပစ္စည်းတစ်ခု၏ သဘောသဘာဝအရ ပုဂ္ဂလိက လုပ်ငန်းတစ်ခုသည် ငွေပေးချေခြင်းနှင့် ကုန်ပစ္စည်းလက်ခံခြင်းတို့အကြား သီးသန့်ချိတ်ဆက်မှု ထားရှိရန် မလွယ်ကူပေ။ ယင်းအချက်ကြောင့် စားသုံးသူအနေဖြင့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု ဝယ်ယူရန် အကြောင်း မရှိပေ။ အမှန်တွင် အခြားသူများ ဝယ်ယူလျှင် မိမိကလည်းအလကား ရယူသုံးစွဲနိုင်ခြင်းကြောင့် ဖြစ်သည်။ ဥပမာအားဖြင့် ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုက ရေကြီးမှု ထိန်းချုပ်ရန်အတွက် ဆည်တစ်ခု ဆောက်သည်ဆိုပါဆို့။ အဖိုးအခ ပေးချေသည့် သူများသာ ရေကြီးမှုမှ ကင်းဝေးစေပြီး မပေးသည့်သူများအား ယင်းအကျိုးခံစားခွင့် မပေးရန် မဖြစ်နိုင်ချေ။ ယင်းအခက်အခဲကို သိနားလည်ထားသောကြောင့် အကျိုးခံစားရမည့်သူများသည် ယေဘုယျအားဖြင့် စီမံကိန်း ကုန်ကျမှုများကို စိုက်ထုတ်လိုစိတ် မရှိတတ်ကြချေ။ လူတိုင်းက ”အခြားသူ” အား ပေးဆောင်စေလို

တတ်ကြသည်။ ထိုအခါ အကျိုးကျေးဇူးသည် ကုန်ကျစရိတ်ထက် ပိုများသည့်တိုင်အောင် ယင်းစီမံကိန်းသည် အထမြောက်တော့မည် မဟုတ်ပေ။

ကိစ္စရပ်အများစုတွင် ပေးချေခြင်းနှင့်ရယူခြင်းတို့အကြား အချိတ်အဆက်လုပ်ရန် လွယ်ကူပါသည်။ သင်က ရေခဲမုန့်၊ ကားတစ်စီး၊ ဒီဗွီဒီစက်နှင့် အခြားပစ္စည်းများစွာအတွက် ငွေမပေးချေလျှင် ထုတ်လုပ်ပံ့ပိုးသူများကလည်း သင့်အား အလကားပေးမည် မဟုတ်ဘဲ ငွေပေးချေသည့် အခြားသူများထံမှလည်း သူတို့၏ ဂယ်ယူသုံးစွဲမှု အကျိုးကျေးဇူးကို အချောင် မရနိုင်ပေ။ ထို့ကြောင့် အများသုံးပစ္စည်း အနည်းငယ်မျှသာ ရှိပါသည်။ သို့သော် ကုန်ပစ္စည်း၏ သဘောသဘာဝကိုယ်၌က ပေးချေမှုနှင့် ရယူမှုချိတ်ဆက်ရန် ခက်ခဲသည့်အခါ နိုင်ငံသားတို့အနေဖြင့် အစိုးရဆောင်ရွက်ချက်များမှ အကျိုးရှိလာမည်ဖြစ်သည်။ အနှစ်ချုပ်အားဖြင့် အများသုံးပြည်သူပိုင် ပစ္စည်းများအား အစိုးရက ပံ့ပိုးပေးခြင်းဆိုသည်မှာ အေဘရာဟမ် လင်ကွန်းပြောဆိုခဲ့စဉ်က သူ့စိတ်ထဲတွင်ရှိသည့် အတိုင်းပင် ဖြစ်သည်။ ၎င်းမှာ "လူထုထဲမှ တစ်ဦးချင်းအနေဖြင့် လုံးဝ မစွမ်းဆောင်နိုင်သော သို့မဟုတ် ကောင်းမွန်စွာ မဆောင်ရွက်နိုင်သော ပြည်သူတို့လိုလားသည့် မည်သည့်ကိစ္စရပ်ကိုမဆို စီမံဆောင်ရွက်ပေးရန်မှာ အစိုးရတစ်ရပ်၏ တရားဝင်ရည်မှန်းချက် တစ်ရပ်ပင်ဖြစ်သည်။"၂

အမေရိကန်ပြည်သူတို့သည် အစိုးရအပေါ် ကြိုက်လိုက်၊ မကြိုက်လိုက် သဘောရှိသည်။ အမေရိကန်ပြည်ထောင်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေက ပြည်ထောင်စုအစိုးရအား လုပ်ပိုင်ခွင့် ကန့်သတ်ပေးထားသည်။ ရာစုနှစ်တစ်ခုထက်ပို၍ ဖွဲ့စည်းပုံတွင် ဖော်ပြသည့်အတိုင်း ကာကွယ်ပေးသည့် အကန့်အသတ်များနှင့် အကျိုးပြုသည့် အကန့်အသတ်များအတွင်း အစိုးရအား ဘောင်ခတ်ထားခဲ့သည်။ စီးပွားရေးပျက်ကပ်ကြီးသည် အစိုးရ၏ စီမံခန့်ခွဲမှု မှားယွင်းခြင်းကြောင့် ဖြစ်ခဲ့သော်လည်း (ဥပမာ ၁၉၃၇ခုနှစ်တွင် ငွေကြေးလည်ပတ်မှုကို သိသာစွာလျှော့ချခြင်းနှင့် အကောက်ခွန်များ အဆမတန် တိုးမြှင့်ကောက်ခံခြင်း၊ ၁၉၃၂ ခုနှစ်တွင် အခွန်အား အဆမတန် တိုးမြှင့်ကောက်ခံခြင်း) အစိုးရအခန်းကဏ္ဍကို များစွာ တိုးချဲ့ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်များတွင် အမေရိကန်ပြည်သူများက အစိုးရအနေဖြင့် အရာအားလုံးလိုလိုတွင် ဆောင်ရွက်ပေးနိုင်သည်ဟု ထင်မြင်လာခဲ့ကြသည်။ ဂင်ငွေလွှဲပြောင်းခြင်းများက ဆင်းရဲမွဲတေမှုကို ပပျောက်စေခြင်း မရှိလျှင်တောင်မှ အများကြီးလျှော့ချပေးလိမ့်မည် ထင်မြင်ခဲ့ကြသည်။ ဆေးကုသမှုအစီအစဉ် ၂ ရပ်သည် သက်ကြီးရွယ်အိုများနှင့် ဆင်းရဲသားများအတွက် အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်လိမ့်မည်ဟု ထင်မြင်ခဲ့ကြသည်။ ဘတ်ဂျက်လိုငွေပြမှုများသည် စီးပွားရေးလုပ်ဆောင်မှုကို လှုံ့ဆော်ပေးပြီး အလုပ်လက်မဲ့နှုန်းကို လျှော့ချပေးလိမ့်မည် ထင်ခဲ့ကြသည်။ အစိုးရက ယင်း၏ အကာအကွယ်ပေးရေးနှင့် အကျိုးပြုရေးလုပ်ငန်းရပ်များထက် များစွာဘောင်ကျော်ပြီး လုပ်ဆောင်ခဲ့သည်။ သို့သော် ရလဒ်များက ကတိများလောက် အထင်ကြီးစရာ မရှိခဲ့ချေ။

၁၉၈၀ တွင် အစိုးရအခန်းကဏ္ဍတိုးချဲ့ရာမှ ဖြစ်ပေါ်သည့် စွမ်းရည်မထိရောက်ခြင်းနှင့် ဘေးထွက် ဆိုးကျိုးများကြောင့် အစိုးရအပေါ် လူထု၏ နှစ်မြို့မှုမှာ အေးစက်သွားခဲ့သည်။ အကျိုးဆက်အားဖြင့် အစိုးရအနေဖြင့် အစိုးရပါဝင်မှုများစွာ ပြန်ရုတ်ခဲ့ရသည်။ ဆယ်စုနှစ် ၂ ခုနီးပါး

အစိုးရအရွယ်အစား လျှော့ချမှု ဖြစ်ပေါ်ခဲ့ပြီး ကာလတိုအတွင်း ဘတ်ဂျက်အား မျှခြေအနေအထားသို့ ပြန်ရောက်အောင် လုပ်ဆောင်နိုင်ခဲ့သည်။ မျှော်လင့်သည့်အတိုင်းပင် စီးပွားရေးတိုးတက်မှု ရရှိခဲ့သည်။ ဂျော့ဒဗလျူ ဘုရှ် အစိုးရလက်ထက်တွင် ယင်းအခြေအနေမှာ ပြောင်းလဲသွားပြန်သည်။ အစိုးရ၏ အခွန်းကဏ္ဍကို တဖန်တိုးချဲ့ခဲ့ပြီး အစိုးရအသုံးစရိတ် မြင့်မားလာသလို ပုဂ္ဂလိကကဏ္ဍတွင်လည်း ပိုမိုပါဝင်လာပြန်သည်။

အစိုးရ ထောက်ပံ့ကြေးများနှင့် လျော့တိလျော့ရဲနိုင်သည့် ငွေချေးငှားမှု စည်းမျဉ်းများနှင့်အတူ ဈေးကွက်တွင် ငွေကြေးလည်ပတ်မှုကို များစေသော ချဲ့ကားသည့် ငွေကြေးမူဝါဒ (expansionary monetary policy) ကြောင့် အကြွေးရယူသုံးစွဲမှုကို များစေပြီး၊ ဈေးကြီးအိမ်များ အပါအဝင် ဝင်ငွေနှင့် ချိန်လျှင် မတတ်နိုင်သည့် အရာများဝယ်ယူခြင်းကို ဖြစ်ပေါ်စေခဲ့သည်။ အကျိုးအားဖြင့် ပေါင်နှံ ချေးငှားမှု စံနှုန်းများကို လျော့ချပေးသည့် စည်းမျဉ်းများနှင့် အကြွေးသုံးစွဲမှု ဖောင်းပွလာခြင်းတို့ကြောင့် အိမ်ခြံမြေဈေးကွက်အား ဖောင်းကားလာစေခဲ့သည်။ သို့ရာတွင် ယင်းလုပ်ဆောင်ချက်များကြောင့် ကြွေးလည်ပင်းခိုက်မှု၊ အကြွေးပေးရန် ပျက်ကွက်မှုနှုန်း မြင့်မားမှု၊ ငွေကြေးအကြပ်အတည်း စသည့် စီးပွားရေး ပြိုဆင်းမှုဆီသို့ ဦးတည်ပေးသည့် အခြေအနေများကို ဖန်တီးခဲ့သည်။ အကြပ်အတည်း ဖြစ်ရသည့် အခြေခံအကြောင်းရင်းမှာ အစိုးရမူဝါဒများ ဖြစ်သည့်တိုင်အောင် အစိုးရက အကြပ်အတည်းကို တုန့်ပြန်ဖြေရှင်းရာတွင် အစိုးရအရွယ်အစားနှင့် အခွန်းကဏ္ဍကို ထပ်မံတိုးချဲ့ခဲ့ပြန်သည်။ အဆိုပါဖြေရှင်းချက်မှာ ဟာစီးပွားပျက်ကပ်အတွင်း ဖြစ်ခဲ့သည့်အတိုင်း တစ်ပုံစံတည်းပင်ဖြစ်သည်။

ဘောဂဗေဒဘာသာရပ်က နိုင်ငံရေးလုပ်ငန်းစဉ် မည်သို့လုပ်ဆောင်သည်ကို ကောင်းစွာ နားလည်စေနိုင်သည်။ ဘောဂဗေဒဘာသာရပ်သည် မျက်ကန်း စိတ်ကူးယဉ်ဆန်မှုကို လက်တွေ့ ကျသော မျှော်လင့်ချက်များနှင့် အစားထိုးပေးသည်။ လက်တွေ့ကျကျ မျှော်လင့်ချက်များမှာ ပျော်စရာ ကောင်းသည်တော့ မဟုတ်ပါ။ သို့သော် အစိုးရနှင့် ဒီမိုကရေစီစနစ်တစ်ခု၏ မက်လုံးဖွဲ့စည်း တည်ဆောက်ပုံကို နားလည်းသဘောပေါက်ထားပါက စီးပွားရေးတိုးတက်မှုအတွက် အသုံးချနိုင်သည့် ကိရိယာတစ်ခုဖြစ်သည့် အစိုးရသည် မည်မျှ လုပ်ဆောင်နိုင်မည်၊ မည်သည့်အကန့် များ ရှိသည်ကို သိရှိသဘောပေါက်စေမည် ဖြစ်သည်။

## ၂။ နိုင်ငံရေးမဲဆန္ဒဖြင့် ခွဲဝေသတ်မှတ်ခြင်းသည် ဈေးကွက်မှ ခွဲဝေသတ်မှတ်ခြင်းနှင့် အခြေခံအားဖြင့် ကွဲပြားခြားနားပြီး စီးပွားရေးသုံးသပ်ချက်များအရ ဈေးကွက်သည် စီးပွားရေး တိုးတက်စေရန်အတွက် ပို၍စိတ်ချရသော နည်းလမ်းဖြစ်သည်။

ဒီမိုကရက်တစ် နိုင်ငံရေးလုပ်ငန်းစဉ်တစ်ရပ်ကို စံပြုလိုသည့် သဘောရှိကြသည်။ လူများစု ထောက်ခံသည့် မူဝါဒတစ်ခုသည် အလိုအလျောက် ခိုင်မာကောင်းမွန်သည့်အလား အချို့က ပြုမူပြောဆိုတတ်ကြသည်။ အရေးကြီးသည်မှာ အချက် (၁) အစိုးရ လုပ်ငန်းဆောင်တာများကို သိမ်ပိုးရွက်ဆောင်မည့် ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခြင်းနှင့် အချက် (၂)

စီးပွားရေးအား စီစဉ်၊ ညွှန်ကြား၍ ထိန်းချုပ်ခြင်း တို့အကြား မဲပေးရာတွင် ခွဲခြားသိမြင်ဖို့ လိုပါသည်။ အချက် (၁)မှာ ပြည့်စုံကောင်းမွန်မှုရှိသော်လည်း အချက် (၂)မှာမူ အားမကောင်းပါ။

နိုင်ငံရေးလုပ်ငန်းစဉ်ဆိုသည်မှာ လူတစ်ဦးချင်းတို့က စုပေါင်းစနစ်ဖြင့် ရွေးခြယ်မှုများ ပြုလုပ်ကြပြီး လုပ်ငန်းဆောင်တာများ လုပ်ဆောင်ကြသည့် လူမှုအဖွဲ့အစည်း အသွင်တစ်ခုမျှသာ ဖြစ်သည်။ အစိုးရဆိုသည်မှာ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာတိုင်း အားထားနိုင်သည့် ကုထုံး မဟုတ်ပေ။ အစိုးရအား ရွေးကောက်ခံနိုင်ငံရေးသမားများဖြင့် လည်ပတ်နေသည့်တိုင် အစိုးရ လုပ်ရပ်များသည် အမှန်တကယ်အကျိုးဖြစ်ထွန်းလိမ့်မည်ဟု တထစ်ချမပြောနိုင်ပေ။ အစိုးရများက သူတို့အားပေးအားမြှောက်ပြုလိုသည့် ကဏ္ဍများ၊ စီးပွားရေး လုပ်ငန်းများ၊ ကိုယ်ကျိုးရှာ အုပ်စုများ အတွက် အရင်းအမြစ်များ ခွဲဝေသုံးစွဲပေးနေသည့်အခါ ယင်းအချက်မှာ ပို၍ပင် မှန်ကန်တတ်လေသည်။

လူအများစုကြိုက်သည့် မူဂါဒတိုင်း အမြဲကောင်းမွန်၍ မိမိတို့အား အကျိုးဖြစ်ထွန်းစေသည် မဟုတ်ပါ။ မဲပေးသူ ၅ ဦးပါဝင်သည့် ရိုးရှင်းသည့် စီးပွားရေးတစ်ခုကို စဉ်းစားကြည့်ပါ။ မဲပေးသူ ၃ ဦးက အသားတင်အမြတ် ၂ ဒေါ်လာစီ ကျန်ပြီး အခြား ၂ ဦးက အသားတင်ကုန်ကျငွေ ၅ ဒေါ်လာစီ ကျခံရမည့် လုပ်ငန်းတစ်ခုကို ထောက်ခံသည် ဆိုပါစို့။ ပေါင်းစပ်ကြည့်လျှင် လုပ်ငန်းကြောင့် အသားတင် အမြတ် ၆ ဒေါ်လာရှိပြီး အသားတင်ကုန်ကျမှု ၁၀ ဒေါ်လာ ရှိသည်။ အကျိုးအမြတ် စုစုပေါင်းနှင့် ဖီလာဆန့်ကျင်နေပြီး ၅ ဦးပါအဖွဲ့အား ဆုတ်ယုတ်စေသည်။ မည်သို့ပင်ဖြစ်စေ လူများစု မဲဖြင့် ဆုံးဖြတ်လျှင် ၃ မဲ ၂ မဲဖြင့် အဆိုအောင်မြင်ရတော့မည်။ မဲပေးသူအရေအတွက်အား လူ ၅ ဦးမှ ၅ သန်း သို့မဟုတ် သန်း ၂၀၀ အထိ တိုးမြှင့်ကြည့်လျှင်လည်း အဆိုပါအချက်မှာ မပြောင်းလဲပါ။ ယင်းအချိုးအစားအတိုင်း အသားတင် အကျိုးအမြတ်နှင့် ကုန်ကျမှုတို့ကို တိုးမြှင့်ကြည့်လျှင်လည်း အဆိုပါအချက်မှာ ပြောင်းလဲမသွားပါ။ အဆိုပါ ရိုးရှင်းသည့် ဥပမာက ပြသသွားခဲ့သည့်အတိုင်းပင် လူများစုမဲဖြင့် ဆုံးဖြတ်ချက်ချခြင်းသည် မလိုလားဖွယ် အကျိုးရလာဒ်များ ထွက်ပေါ်မည့် လုပ်ငန်းများကို လုပ်ဆောင်စေတတ်ပါသည်။

စီးပွားရေးအဖွဲ့အစည်းအတွက် အဓိကပုံစံများဖြစ်သည့် ဒီမိုကရက်စီနည်းအရ နိုင်ငံရေး အကွက်ချပုံနှင့် ဈေးကွက်၏ လုပ်ဆောင်ချက်တို့ကို နှိုင်းယှဉ်ကြည့်ပါက အသုံးဝင်ပေလိမ့်မည်။ ယင်းသို့ နှိုင်းယှဉ်ရာတွင် အောက်ပါအချက် ၃ ချက်ကို မျက်ခြေမပြတ်ရန် အထူးအရေးကြီးသည်။

***ပထမအချက်မှာ ဈေးကွက်လုပ်ဆောင်ချက်သည် နှစ်ဘက်သဘောတူညီမှုနှင့် မိမိဆန္ဒအလျောက် ဖလှယ်ခြင်းတွင် အခြေခံသော်လည်း လူများစုအုပ်ချုပ်သည့်စနစ်သည် အစိုးရလုပ်ဆောင်ချက်၏ အခြေခံဖြစ်သည်။*** ဒီမိုကရက်တစ် အခင်းအကျင်းတွင် တိုက်ရိုက်ဖြစ်စေ ရွေးကောက်ခံ ကိုယ်စားလှယ်များမှ တဆင့်ဖြစ်စေ လူများစုက မူဂါဒတစ်ရပ် ရွေးချယ်ချမှတ်သည့်အခါ လူနည်းစုတို့က ခါးခါးသီးသီး သဘောမတူလျှင်သော်မှ ထောက်ခံမှုပေးကြရသည်။ ဥပမာအားဖြင့် ဘေ့ဘောအားကစားရုံအသစ် ဆောက်လုပ်ရန်ဖြစ်စေ၊ အိမ်ယာအထောက်အပံ့ အစီအစဉ်များဖြစ်စေ၊ မော်တော်ကား ကုမ္ပဏီအား ဒေဝါလီမခံရအောင် ငွေကြေးစိုက်ထုတ်ပေးရန်ဖြစ်စေ လူများစု

မဲပေးလျှင် လူနည်းစုတို့က သူတို့အတွက် ထိခိုက်မှုရှိနေစေကာမူ ယင်းစီမံကိန်းများ ဖြစ်မြောက်ရန် အတွက် အခွန်များ မလွှဲမရှောင်သာ ပေးဆောင်ကြရသည်။ အခွန်ကောက်ခံနိုင်သည့်၊ စည်းမျဉ်းများ ထုတ်ပြန်နိုင်သည့် အစိုးရ၏ အခွင့်အာဏာမှတဆင့် လူများစုတို့သည် လူနည်းစုအပေါ် အကျပ်ကိုင် လာနိုင်ကြသည်။ အရင်းအမြစ်များကို ဈေးကွက်က ခွဲဝေကျင့်သုံးသည့်အခါတွင်မူ ယင်းသို့ အကျပ်ကိုင်ခွင့်အာဏာ မရှိတော့ချေ။ အစုအဖွဲ့အားလုံး သဘောတူညီမှု မရလျှင် မည်သည့်ဈေးကွက် အပြောင်းအလဲမျှ မဖြစ်ပေါ်လာပေ။ ပုဂ္ဂလိကလုပ်ငန်းများအနေဖြင့် ဈေးမြင့်၍ ရောင်းချနိုင်သော်လည်း မည်သူ့ကိုမျှ ဂယ်ယူအသုံးပြုရန် အတင်းအကျပ် ခိုင်းစေ၍ မရပေ။ ပြောရလျှင် အစိုးရအကူအညီ မပါဘဲ လည်ပတ်နေသော ပုဂ္ဂလိကလုပ်ငန်းများအနေဖြင့် ဂယ်ယူမည့် ဖောက်သည်များ ရရှိလိုလျှင် ဈေးနှုန်းနှင့် တန်သည့် ပစ္စည်းနှင့် ဂန်ဆောင်မှုများကို ပေးရမည် ဖြစ်သည်။

***ဒုတိယအချက်မှာ မဲဆန္ဒရှင်များတွင် ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ကိစ္စရပ်များအကြောင်း ကောင်းစွာ သိရှိသဘောပေါက်အောင် ကြိုးစားရန်အတွက် မက်လုံးအနည်းငယ်သာ ရှိသည်။*** မဲဆန္ဒရှင်များသည် ကစားပွဲတွင် လူတစ်ဦးတည်းက ရွေးကောက်ပွဲရလဒ်အား အဆုံးအဖြတ် ပေးနိုင်စွမ်း မရှိချေ။ သာမာန် မဲအန္ဒရှင်တစ်ဦး၏ မဲတစ်မဲက နိုင်ငံအနှံ့ကျင်းပသည့် ရွေးကောက်ပွဲတွင် အဆုံးအဖြတ် ပေးနိုင်သည်ထက် မဲရုံသွားရာလမ်းတွင် ရုတ်တရက် မိုးကြိုးပစ်ခံရနိုင်သည့် အခွင့် အလမ်းက ပိုများပါသည်။ ဤအချက်ကို နားလည်ထားလျှင် မဲဆန္ဒရှင်အနည်းစုသာ လေးနက်သော မဲတစ်ပြားပေးဖို့ ကိုယ်စားလှယ်လောင်းများနှင့် ကိစ္စရပ်များအကြောင်းကို လေ့လာရန် အချိန်နှင့် စွမ်းအားများစွာ သုံးစွဲမည် ဖြစ်သည်။ အများစုကမူ (ရုပ်မြင်သံကြား ကြည့်ရှုခြင်း၊ မိတ်ဆွေများနှင့် စကားပြောခြင်း၊ သို့မဟုတ် ရုံးတွင်းဆွေးနွေးခြင်း) စသည့် လုပ်ရပ်များမှ သိရှိလာသော သတင်း အချက်အလက်များ အခြေပြု၍ မဲပေးကြသည်။ ဆိုခဲ့ပါ မက်လုံးများကြောင့် မဲပေးသူအများစုမှာ ကိုယ်စားလှယ်လောင်းများ၏ ရပ်တည်ချက် သို့မဟုတ် အစိုးရလုပ်ဆောင်ချက်များက (စိုက်ပျိုးရေး ထောက်ပံ့ကြေးမှသည် ကုန်သွယ်ရေး ကန့်သတ်ချက်များအထိ) စီးပွားရေးစနစ်အပေါ် မည်သို့ သက်ရောက်မည်ကို မသိသည်မှာ အံ့သြစရာ မဟုတ်တော့ပေ။ ယင်းအား ဘောဂဗေဒပညာရှင်များက ဓမ္မဓိဋ္ဌာန်ကျသော လျစ်လျူရှုမှုရလဒ် (rational ignorance effect) ဟုခေါ်ဆိုကြသည်။

မဲပေးသူများတွင် အချက်အလက် ခိုင်ခိုင်မာမာဖြင့် ရွေးခြယ်မှုများ လုပ်ဆောင်ရန် အားနည်းခြင်းသည် ပုဂ္ဂလိကဈေးကွက်များအတွင်း စားသုံးသူများ၏ မက်လုံးနှင့် နှိုင်းယှဉ်လျှင် သိသိသာသာ ကွာခြားနေသည်။ ဈေးကွက်တွင် ကျင်လည်သော စားသုံးသူများ (market consumers) သည် သူတို့၏ ငွေကြေးများ မည်သို့သုံးစွဲမည်ကို ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ကြရသည်။ ထို့ကြောင့် ရွေးချယ်မှုညံ့ဖျင်းလျှင် ညံ့ဖျင်းသည့် အကျိုးဆက်များကို သူတို့ ကိုယ်တိုင် ခံစားကြရသည်။ ထိုအချက်ကြောင့် စားသုံးသူများအနေဖြင့် အချက်ကျကျ ရွေးချယ်မှုများ ပြုလုပ်ရန်၊ သူတို့ငွေများအား လိမ္မာပါးနပ်စွာ သုံးစွဲရန် စိတ်အားထက်သန်စေသည်။ ထို့ကြောင့် စားသုံးသူများက ကားတစ်စီး၊ တိုက်ခန်း တစ်ခန်း၊ တစ်ကိုယ်ရေကွန်ပြူတာတစ်လုံး၊ ကိုယ်ကာယ

အားကစားရုံအဖွဲ့ဝင် သို့မဟုတ် ရာပေါင်းများစွာသော အသုံးအဆောင်များကို ဝယ်ယူရန် စဉ်းစားကြသည့်အခါ အချက်အလက် စုံစုံလင်လင် သိအောင် ကြိုးစားပြီးမှ ရွေးချယ်တတ်ကြသည်။

***တတိယအချက်မှာ ဈေးကွက်က လူပုဂ္ဂိုလ်အသီးသီးအား ကွဲပြားခြားနားခွင့် ပေးသော်လည်း နိုင်ငံရေး လုပ်ငန်းစဉ်မှာမူ တူညီသည့် ရွေးချယ်စရာ တစ်မျိုးတည်းသာ ပေးသည်။*** တနည်းပြောရလျှင် အစိုးရ လုပ်ဆောင်ချက်သည် "အားလုံးအတွက် တစ်ရွယ်တည်း" ရလဒ်ကိုသာ ဖြစ်စေသည်။ ဈေးကွက်ကမူ လူအမျိုးမျိုး၊ အဖွဲ့အစည်းအမျိုးမျိုးအတွက် သူတို့အလိုရှိရာကို ရွေးချယ်စေသည်။ ဥပမာ ကျောင်းပညာသင်ခြင်းကို အစိုးရက ပံ့ပိုးသည်ထက် ဈေးကွက်မှတဆင့် လုပ်ဆောင်သည့်အခါ အချို့မိဘများက ဘာသာရေး တန်ဖိုးထား သင်ကြားပေးသည့် ကျောင်းများ ရွေးချယ်ကြမည်။ အခြားမိဘများက လောကီရေး ဦးစားပေးသည့် ကျောင်းအား ရွေးချင်ရွေးမည်၊ အခြားမိဘများက အခြေခံကျွမ်းကျင်မှုများ၊ ယဉ်ကျေးမှု ဓလေ့စရိုက် စုံလင်မှု သို့မဟုတ် သက်မွေးဝမ်းကျောင်းပညာ ပြင်ဆင်ပေးသည့် ကျောင်းကို ရွေးချယ်ကြမည်။ ပညာရေး ဝယ်ယူလိုသူ အသီးသီးတို့သည် အလိုရှိရာ ပညာရေးစနစ်ကို ရွေးချယ်ဝယ်ယူကြမည် ဖြစ်သည်။ ဈေးကွက်များက အချိုးအစားအလိုက် ကိုယ်စားပြု စနစ်ကို ဖြစ်စေသောကြောင့် မိမိတို့အကြိုက်နှင့် ကိုက်ညီမည့် ကုန်စည်နှင့် ဝန်ဆောင်မှုများ ရွေးချယ်ခွင့် ရှိစေသည်။ ထို့ပြင် လူများစုက သူတို့၏ ဆန္ဒများအတိုင်း အခြားသော လူနည်းစုများကို ထောက်ခံစေသည့်အခါ မလွှဲမသွေ ဖြစ်လာတတ်သည့် ပဋိပက္ခတို့မှလည်း ရှောင်ရှားနိုင်သည်။

အကျိုးရှိသည့် လုပ်ငန်းစီမံကိန်းများကို ရွေးချယ်ဆောင်ရွက်ပြီး အကျိုးမရှိသည့် လုပ်ငန်း စီမံကိန်းများမှ ရှောင်ကြည်မည်ဆိုသည့် ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ အစိုးရနှင့် ဈေးကွက် အကြားတွင် မက်လုံးကွာခြားပုံကို နှိုင်းယှဉ်ကြည့်ရသည်မှာ ဗဟုသုတရပါသည်။ အစောပိုင်းက လေ့လာသည့်အတိုင်း စားသုံးသူများက ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများအား တန်ဖိုးထားပြီး ထုတ်လုပ်မှုကုန်ကျစရိတ်ထက် ပိုပေးပါက လုပ်ငန်းများအနေဖြင့် အကျိုးအမြတ် ရရှိလာပါသည်။ ဆန့်ကျင်ဘက်အားဖြင့် စားသုံးသူများက ကုန်ပစ္စည်းတစ်ခုအား တန်ဖိုးမထားဘဲ ကုန်ကျစရိတ် ကာမိအောင်ပင် မပေးလိုပါက အရင်းအမြစ်များကို တလွဲအသုံးချမိသည့် လုပ်ငန်းများမှာ အရှုံးဒဏ် ခံရမည် ဖြစ်သည်။ ထို့ကြောင့် ဈေးကွက်ဈေးကွက်စီးပွားရေး၏ အမြတ်-အရှုံး စက်ယန္တရားသည် အရင်းအမြစ်များအား အကျိုးရှိသည့် အလုပ်များသို့သာ တွန်းပို့ပေးပြီး အကျိုးမရှိသည့် အလုပ်များမှ ဆွဲထုတ်သွားသည်။

မဲဆန္ဒများမှတဆင့် ထိန်းချုပ်သည့်တိုင်အောင် အရင်းအမြစ်များကို အကျိုးရှိရှိ အသုံးချစေပြီး အကျိုးမရှိသည့်လုပ်ငန်းများမှ ဆွဲထုတ်ပေးသည့် အရှုံး - အမြတ်ကဲ့သို့သော ကိစ္စရပ်မှာ နိုင်ငံရေး ဖြစ်စဉ်တွင် မရှိပေ။ ယင်းအစား ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အကန့်အသတ်များသာ မရှိလျှင် ရွေးကောက်ခံပုဂ္ဂိုလ်များသည် လူပုဂ္ဂိုလ်အချို့ထံမှ အရင်းအမြစ်များကို ယူငင်သုံးစွဲကာ လူများစု၏ မဲများရရှိအောင် မဲဝယ်ယူခြင်းများ ပြုလုပ်ကြသည်။ ဆိုရိုးစကားရှိသလိုပင် ပီတာထံမှ ယူပြီး ပေါလ်ကို ပေးပါက ပေါလ်၏ ထောက်ခံမှု မရဘဲ နေပါ့မလား။

အတိုင်းအဆများစွာအထိပင် ခေတ်သစ်နိုင်ငံရေးဖြစ်စဉ်ဆိုသည်မှာ များစွာသော မိတ်ဖက်အဖွဲ့အစည်းများအကြား အပြန်အလှန်ငွေကြေးထည့်ဝင်ခြင်း၊ လစာကောင်းကောင်းပေးသည့် အလုပ်အကိုင်များပေးခြင်းနှင့် နိုင်ငံရေးအာဏာပိုင်များအား တနည်းနည်းဖြင့် ထောက်ပံ့ပေးခြင်း တို့ဖြင့် ပြည့်နှက်နေသည်။ ထိုသို့ကူညီခြင်းဖြင့် ထောက်ပံ့ကြေးများ ရရှိအောင်၊ အစိုးရ၏ သုံးစွဲရေးအစီအစဉ်များတွင် လုပ်ကွက်များရရှိအောင်၊ အကျိုးတူအုပ်စုများကို မျက်နှာသာပေးသည့် စည်းမျဉ်းများ ရေးဆွဲပေးလာအောင် စသည့် တောင်းဆိုချက်များဖြင့် အလှဲအထပ် ပြုလုပ်ကြခြင်း ဖြစ်သည်။ ထိုအခါ အရင်းအမြစ်များသည် စည်းရုံးသိမ်းသွင်းခြင်းနှင့် မျက်နှာသာရအောင် လုပ်သည့် ကိစ္စရပ်များတွင်သာ ပိုမိုကုန်ဆုံးသွားပြီး၊ ကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်သည့်ဘက်၊ အရည်အသွေး ပိုကောင်းအောင် ဆောင်ရွက်သည့်ဘက်သို့ အရင်းအမြစ် အနည်းငယ်သာ သုံးစွဲဖြစ်တော့သည်။ အခွန်များ မြင့်တက်လာပြီး မျက်နှာသာပေးခံရသည့် စီးပွားရေးလုပ်ငန်းများ (နှင့် အခြားသော အဖွဲ့အစည်းများ)က စားသုံးသူများအတွက် အကျိုးရှိသည့် ကုန်စည်နှင့် ဝန်ဆောင်မှုများ ထုတ်လုပ်သူများထက် စီးပွားရေး ပိုမိုချဲ့ထွင်လာနိုင်ကြသည်။ အဆိုပါမက်လုံးအနေအထားကြောင့် အရင်းအမြစ်များ အကျိုးရှိစွာ အသုံးချမှုကို ထိခိုက်စေပြီး အကျိုးမရှိသည့် လုပ်ငန်းများကို အားပေးနေခြင်း ဖြစ်သည်။ ထိုမှတဆင့် ဝင်ငွေအဆင့်အတန်းများမှာလည်း အလားအလာ ရှိသည်ထက် များစွာနိမ့်ကျနေပေလိမ့်မည်။

အမေရိကန်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲသူများက ဒီမိုကရက်တစ်အစိုးရသည်ပင် မလိုလားအပ်သည့် ဆောင်ရွက်ချက်များ လုပ်ဆောင်လာနိုင်ကြောင်း သတိပြုမိခဲ့ကြသည်။ ထို့ကြောင့် အစိုးရ၏ စီးပွားရေးတွင် ပါဝင်နိုင်မှု အခန်းကဏ္ဍတွင် ထိန်းချုပ်မှုများ ထည့်သွင်းခဲ့ကြသည်။ ဗဟိုအစိုးရမှ ကောက်ခံနိုင်သည့် အခွန်နှင့် သုံးစွဲမှုအခွင့်အာဏာ တို့ကိုလည်း (အခန်း ၁၊ ပုဒ်မ ၈ တွင်) သတ်မှတ်ဖော်ပြခဲ့ပြီး အခြားအခွင့်အာဏာများ အားလုံးကို ပြည်နယ်များနှင့် လူထုသို့ (၁၀ ကြိမ်မြောက် ပြင်ဆင်ချက်အရ) ခွဲဝေပေးခဲ့သည်။ (အခန်း ၁၊ ပုဒ်မ ၁၀ အရ) သဘောစာချုပ်ပါ တာဝန်ဝတ္တရားများကို ထိခိုက်စေမည့် ဥပဒေများ ပြဋ္ဌာန်းကျင့်သုံးခြင်း မပြုလုပ်နိုင်အောင်လည်း ပြည်နယ်များကို တားမြစ်ထားသည်။ ထို့ပြင် ပုဂ္ဂလိကပိုင်ဆိုင်မှုများအား ″တန်ရာတန်ကြေး ပေးလျော်ခြင်းမရှိဘဲ ပြည်သူ့ပိုင်အဖြစ် သိမ်းယူခြင်း″ မပြုလုပ်ရန် ပဉ္စမမြောက် ပြင်ဆင်ချက်က တားမြစ်ထားသည်။ သို့သော်ငြားလည်း အချိန်ကြာညောင်းလာသည်နှင့်အမျှ ဗဟိုတရားရုံးချုပ်၏ ဆုံးဖြတ်ချက်များက လူအများနှင့် စီးပွားရေးလုပ်ငန်းများအပေါ် ချုပ်ကိုင်သည့် အစိုးရ၏ လုပ်ရပ်များ အပေါ် ကန့်သတ်ချက်များအား ဖြေလျော့ပေးသလို ဖြစ်စေခဲ့သည်။ ဆက်လက်၍ ဒီမိုကရက်စီ နိုင်ငံရေးဖြစ်စဉ်၏ လုပ်ဆောင်ချက်အား အသေးစိတ် ခွဲခြမ်းလေ့လာမည်ဖြစ်ပြီး စီးပွားရေးတိုးတက်မှု၊ ကြွယ်ဝမှုတို့ကို ဆောင်ကြဉ်းပေးနိုင်အောင် မည်ကဲ့သို့ မွမ်းမံပြင်ဆင်ပေးရမည်ကို လေ့လာ သုံးသပ်မည် ဖြစ်သည်။

## ၃။ အစိုးရ စရိတ်စကများသည် အခွန်သက်သက် မဟုတ်ပေ။

အစိုးရကုန်ကျမှုများသည်အခွန်သက်သက်မျှသာ ဖြစ်သကဲ့သို့ နိုင်ငံရေးသမားများက မကြာခဏ ပြောဆိုတတ်ကြသည်။ ပေးဆောင်သည့် အခွန်များက အစိုးရလုပ်ဆောင်ချက် သို့မဟုတ် မူဝါဒကုန်ကျမှုများ၏ တစိတ်တပိုင်းမျှသာ ဖြစ်ပြီး ကုန်ကျမှုတစ်ခုလုံးမဟုတ်သေးပေ။ ကုန်ပစ္စည်းတစ်ခုခု၏ ကုန်ကျမှုဆိုသည်မှာ ယင်းကို ထုတ်လုပ်ရန်အတွက် စွန့်လိုက်ရသည့် အရာများပင်ဖြစ်သည်။ အစိုးရသည်လည်း ထိုနည်းတူစွာပင် ဖြစ်သည်။ အစိုးရမှ အခွန်များ ကောက်ခံပြီး ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ ပံ့ပိုးပေးသည့်အခါ ကုန်ကျမှု ၃ မျိုး ရှိသည်။

***ပထမကုန်ကျမှုမှာ အစိုးရကပံ့ပိုးသည့် ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် သုံးစွဲခဲ့သော အရင်းအမြစ်များသည် ပုဂ္ဂလိကကဏ္ဍတွင် ထုတ်လုပ်ရာတွင် အသုံးမပြုရတော့ပေ။*** ရဲတပ်ဖွဲ့ဖြင့်ကာကွယ်ရေး၊ အဝေးပြေးလမ်းမများ၊ ဒုံးကျည်များ၊ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု သို့မဟုတ် အခြားအစိုးရစီမံကိန်းများတွင် သုံးစွဲခဲ့သည့် အရင်းအမြစ်များကို အခြားနည်းလမ်း တစ်ရပ်ရပ်ဖြင့် ပြောင်းလဲသုံးစွဲနိုင်သည်။ ယင်းအရင်းအမြစ်များအား အစိုးရကဏ္ဍ၌ ကုန်စည်များ ထုတ်လုပ်ရာတွင် အသုံးမပြုလျှင် ပုဂ္ဂလိကကဏ္ဍတွင် သုံးစွဲနိုင်မည် ဖြစ်သည်။ ယင်းကုန်ကျမှုများအား အခွန်များဖြင့် ကျခံလုပ်ဆောင်ကြသော်လည်း ပြည်သူ့ကဏ္ဍ အများသုံးပစ္စည်းကို လက်ရှိအခွန်များ၊ အစိုးရချေးမြီများ သို့မဟုတ် ငွေစက္ကူရိုက်ထုတ်ခြင်းတို့ဖြင့် ပေးချေခြင်း ဖြစ်သည်။ အစိုးရဝယ်ယူ သုံးစွဲမှု ပမာဏကို လျှော့ချခြင်းဖြင့်သာ အစိုးရအသုံးစရိတ်ကို လျှော့ချနိုင်မည် ဖြစ်သည်။

***ဒုတိယကုန်ကျမှုမှာ အခွန်များကောက်ခံရာတွင်၊ အစိုးရ၏ ဥပဒေစည်းမျဉ်းများကို လေးစား လိုက်နာလာစေရန်အတွက် သုံးစွဲရသည့် အရင်းအမြစ်ကုန်ကျစရိတ် ဖြစ်သည်။*** အခွန် ကြေညာလွှာတင်သွင်းခြင်းနှင့် စည်းမျဉ်းများဖြင့် ထုတ်ပြန်၍လိုက်နာဆောင်ရွက်ရန် တရားဝင် အသိပေးနှိုးဆော်စာများကို ပြင်ဆင်ထုတ်ပြန်၍ စောင့်ကြည့်ပေးရအုံးမည် ဖြစ်သည်။ အခွန်နှင့် ထိန်းကျောင်းမှုဆိုင်ရာ ဥပဒေများကိုပြင်ဆင်ခြင်း၊ လေ့လာစောင့်ကြည့်ခြင်းနှင့် ကြပ်မတ်ရာတွင် အသုံးပြုသည့် အရင်းအမြစ်များသည် ပုဂ္ဂလိကကဏ္ဍ သို့မဟုတ် ပြည်သူ့ကဏ္ဍအတွက် ကုန်ပစ္စည်းများ ထုတ်လုပ်ရန်အတွက် အသုံးမပြုနိုင်တော့ပေ။ အမေရိကန် ပြည်ထောင်စုတွင် နစ်စဉ် အခွန်စာရွက်လုပ်ငန်း ပြင်ဆင်ဖြည့်စွက်ရန်အတွက် စီးပွားရေးလုပ်ငန်းများနှင့် ပုဂ္ဂိုလ်တစ်ဦးချင်းတို့က အလုပ်ချိန် ၅.၅ ဘီလျံနီးပါး အသုံးပြုရသည်ဟု (တစ်နှစ်အတွင်း အချိန်ပြည့်လုပ်သား ၂.၇ သန်းတို့ အလုပ်လုပ်နိုင်သည့် အချိန်များ) လေ့လာချက်များက ဖော်ပြထားသည်။ အမေရိကန် ပြည်ထောင်စုမှာပင် ပြည်ထောင်စုအဆင့်တွင် ယင်းအချိန်နာရီများနှင့် အခြားလိုက်နာရသည့် ကုန်ကျမှုများက ၂၀၀၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁.၁ ထီလီလျံ ရှိသည်ဟု ခန့်မှန်းရသည်။ ယင်းပမာဏများက အိမ်ထောင်စုတစ်ခုတွင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၈၅၀၀ ဖြစ်ပြီး တစ်မျိုးသားလုံးဝင်ငွေ၏ ၁၁ ရာခိုင်နှုန်းရှိသည်။[၉] ယင်းကုန်ကျမှုများမှာ ပြည်ထောင်စု အသုံးစရိတ်တွင် မပြသလို အခွန်ကောက်ခံရရှိမှုတွင်လည်း မပါဝင်ပဲ ပြည်ထောင်စုအစိုးရ၏ စည်းမျဉ်းစည်းကမ်း

လိုအပ်မှုကို အတင်းအကျပ် လိုက်နာဆောင်ရွက်ရသည့် ပုဂ္ဂလိကလုပ်ငန်းများ၏ ကုန်ကျစရိတ်သာ ဖြစ်သည်။

***တတိယကုန်ကျမှုမှာ အခွန်အခများနှင့် ဈေးယူခြင်းတို့ကြောင့် ဈေးနှုန်း ကမောက်ကမဖြစ်မှု ကုန်ကျစရိတ် ဖြစ်သည်။*** အခွန်အခများက မက်လုံးများကို ပျက်ယွင်းစေသည်။ အခွန်များသည် ဝယ်သူ၏ ပေးချေမှုနှင့် ရောင်းသူရရှိမှုတို့အကြားတွင် ကွာဟမှု ဖြစ်စေသည်။ (အခွန်များကြောင့် ဝယ်သူတို့က ပိုမိုပေးချေရသော်လည်း ရောင်းသူက ဝယ်သူပေး သလောက် မရရှိချေ။) နှစ်ဦးနှစ်ဘက် အကျိုးရှိသည့် ဖလှယ်မှုများပင်လျှင် အခွန်ကြောင့် အကျိုးအမြတ်မရှိဖြစ်ကာ ဖလှယ်မှု မဖြစ်ပေါ်စေတော့ပေ။ အဆိုပါ အလားအလာရှိသော အကျိုးကျေးဇူးများ စွန့်လွှတ်လိုက်ရသည်ကပင် နိုင်ငံ့စီးပွားရေးအတွက် ကုန်ကျမှုတစ်ခု ဖြစ်သည်။ အချို့ ကိစ္စရပ်များတွင် အခွန်များကြောင့် တစ်ဦးချင်းအနေဖြင့် အားလပ်ချိန်များကို ပိုယူစေပြီး ကုန်ထုတ်လုပ်မှုကိုလည်း လျှော့နည်းစေတတ်သည်။ အချို့ ပုဂ္ဂိုလ်များမှာ အခွန်ရှောင်သည့် လုပ်ငန်းများကို လုပ်ကြသဖြင့် နိုင်ငံ့စီးပွားရေးအား ထပ်လောင်း ထိခိုက်စေသည်။ အစားပြန်မရသော ဆုံးရှုံးမှုများ (deadweight losses) သည် အခွန်ကောက်ခံမှု ကုန်ကျစရိတ်တွင် ၉% နှင့် ၁၆% အကြား ထပ်တိုးလာစေသည်။ လိုက်နာဆောင်ရွက်ရသည့် ကုန်ကျမှုများနှင့် ဥပဒေအရ အရေးယူဆောင်ရွက်မှုများအတွက် ကုန်ကျစရိတ်ထက် ပိုများသည်ဟု သုတေသနတစ်ခုမှ ဆိုပါသည်။ အစိုးရစီမံချက်တစ်ခုအား သင့်၊ မသင့် လေ့လာဆန်းစစ်ရာတွင် အဆိုပါကုန်ကျမှုများကိုပါ ထည့်သွင်းစဉ်းစားသင့်ပါသည်။

နိုင်ငံရေးသမားများက အစိုးရကုန်ကျမှုကို ဖုံးကွယ်ရန် ကြိုးပမ်းတတ်သည်ကိုလည်း သဘောပေါက်နားလည်ထားရန် လိုပါသည်။ ယခင်ဆီးနိတ်လွှတ်တော်ကိုယ်စားလှယ်အများစု ခေါင်းဆောင် ရောဘတ်ဒိုလီးက "အခွန်ကောက်တယ်ဆိုတာ ငန်းတစ်ကောင်ကို အမွေး နှုတ်ရသလိုပါပဲ။ အော်သံသိပ်မထွက်စေပဲ အမွေးတွေ အများဆုံး နှုတ်ယူရတဲ့ အနုပညာပေါ့" ဟု ပြောဆိုခဲ့သည်။ ဘတ်ဂျက်လိုငွေများ၊ ငွေကြေးရိုက်နှိပ်မှုနှင့် သွယ်ဝိုက်ခွန်အမျိုးမျိုးတို့မှာ နိုင်ငံရေးအရ စွဲဆောင်မှုရှိသောကြောင့် အစိုးရစီမံချက်များအတွက် ကုန်ကျမှုတို့ကို နိုင်ငံရေးသမားတို့အနေဖြင့် ဖုံးကွယ်လိုကြသည်။

စီးပွားရေးလုပ်ငန်းအပေါ်ကောက်ခံသော အခွန်များ (business taxes) အား နားလည်မှု လွဲနေကြသည်။ စီးပွားရေးလုပ်ငန်းများအပေါ် အခွန်စည်းကြပ်ခြင်းသည် အခွန်ဝန်ထုပ်ဝန်ပိုးတချို့အား လူပုဂ္ဂိုလ်တို့ထံမှ စီးပွားရေးလုပ်ငန်းများထံသို့ ပြောင်းလဲစည်းကြပ်ကောက်ခံခြင်းကဲ့သို့ နိုင်ငံရေး သမားများက ပြောဆိုတတ်ကြသည်။ အခြားအခွန်များကဲ့သို့ပင် လုပ်ငန်းခွန်များသည်လည်း လူပုဂ္ဂိုလ်တို့ကသာ ပေးရသည်မှာ ရှင်းပါသည်။ ကော်ပိုရေးရှင်း သို့မဟုတ် လုပ်ငန်းတစ်ခုက အစိုးရထံ အခွန်တွက်ချက်ပေးကောင်း ပေးနိုင်ပါသည်။ သို့သော် အခွန်ဆောင်သူ မဟုတ်ပေ။ တစ်စုံတစ်ဦးထံမှ ဥပမာ စားသုံးသူများ၊ ဝန်ထမ်းများ သို့မဟုတ် ရှယ်ယာရှင်များကဆီမှငွေကောက်ခံ၍ စီးပွားရေး လုပ်ငန်းများက အစိုးရထံသို့ လွှဲပြောင်းပေးဆောင်ခြင်းသာ ဖြစ်သည်။ နိုင်ငံရေး ဟောလုံးများ

အနေဖြင့် ”လုပ်ငန်း” ခွန်များဟုပြောဆိုရသည်မှာကောင်းလှပါသည်။ သို့သော် အခြားသော အစိုးရ ကုန်ကျမှုများနည်းတူ အခွန်များကို လူပုဂ္ဂိုလ်များက ကျခံနေရခြင်း ဖြစ်သည်။

## ၄။ ဖွဲ့စည်းပုံအခြေခံဥပဒေ စည်းမျဉ်းများဖြင့်သာ မကန့်သတ်ထားလျှင် အကျိုးစီးပွားတူအုပ်စုများ (special-interest groups)သည် ဒီမိုကရေစီ နိုင်ငံရေးလမ်းစဉ်ကို အသုံးချ၍ အခွန်ထမ်းများနှင့် စားသုံးသူများကို အမြတ်ထုတ်ကြလိမ့်မည်။

ပြည်သူ့ရေးရာမူဝါဒအား သင့်လျော်သည့် လုပ်ငန်းရပ်များတွင်သာ လုပ်ကိုင်ဆောင်ရွက်ရန် ကန့်သတ်ထားမည်ဆိုလျှင် အစိုးရအနေဖြင့် နိုင်ငံ့စီးပွားရေး တိုးတက်ကြွယ်ဝလာစေရန်အတွက် များစွာ အထောက်အကူပြုနိုင်ပါသည်။ သို့သော် ယင်းသို့ဖြစ်လာရန်ဆိုလျှင် လူများစုသဘောဖြင့် အုပ်ချုပ်မှုနှင့် ဥပဒေပြုအမတ်မင်းများကို လူထုက ရွေးချယ်တင်မြှောက်ရုံသက်သက်ဖြင့် မဖြစ်နိုင်ပေ။

ကံအကြောင်းမလှစွာပင် သာမာန်ပြည်သူတို့၏ အခွန်အခများဖြင့် အကျိုးတူစီးပွားရေး အုပ်စုများကို မျက်နှာသာပေးသည့် မူဝါဒများကို ဒီမိုကရေစီနည်းကျ ရွေးကောက်ခံ ပုဂ္ဂိုလ်များက ထောက်ခံဆောင်ရွက်ပေးခြင်းဖြင့် သူတို့အတွက် အကျိုးရှိတတ်ကြသည်။ အခွန်ထမ်းများ သို့မဟုတ် စားသုံးသူတို့၏ အကျိုးစီးပွားကိုရင်း၍ ခိုင်မာတောင့်တင်းသည့် အဖွဲ့အစည်းတစ်ခု၏ အဖွဲ့ဝင်များ အတွက် (ဥပမာ စက်မှုလုပ်ငန်း အကျိုးစီးပွား ကိုယ်စားပြုကုန်သွယ်ရေးအသင်း၊ အလုပ်သမားသမဂ္ဂ သို့မဟုတ် လုပ်ငန်းရှင်များအဖွဲ့များအတွက်) အကျိုးရှိစေမည့် မူဝါဒတစ်ခုကို စဉ်းစားကြည့်ပါ။ အခွန်ထမ်းများ သို့မဟုတ် စားသုံးသူများအားလုံး၏ အရေအတွက်နှင့်ယှဉ်လျှင် စုဖွဲ့ထားသည့် အကျိုးတူအုပ်စုတွင် အဖွဲ့ဝင်အနည်းငယ်သာ ရှိသော်ကြောင့် ၎င်းတို့အကြိုက် ဥပဒေပြဌာန်းခြင်းမှ ရရှိလာမည့် တစ်ဦးချင်းအကျိုးမှာ များပြားပေလိမ့်မည်။ တဖက်ကကြည့်လျှင် အခွန်ထမ်း ပြည်သူများနှင့် စားသုံးသူများမှာ ထိခိုက်နစ်နာသော်လည်း တစ်ဦးချင်းအပေါ် ကျသင့်သည့် ကုန်ကျမှုမှာ မပြောပြလောက်သဖြင့် သူတို့ကျခံလိုက်ရသည်ကို သိလိုက်မည် မဟုတ်ပေ။

အဆိုပါကိစ္စရပ်များတွင် နိုင်ငံရေးသမားများက အဘယ်ကြောင့် အကျိုးတူစီးပွားအုပ်စုများကို ထောက်ခံတတ်ကြသည်ကို မြင်လွယ်နိုင်ပါသည်။ အကျိုးတူစီးပွားရေးအုပ်စုဝင်များ၏ ကိုယ်ကျိုး စီးပွားမှာ သိသာစွာများပြားသောကြောင့် အကျိုးတူပုဂ္ဂိုလ်များ စုစည်းပြီး အရေးကိစ္စတစ်ခုတွင် သူတို့ အနေဖြင့် မည်မျှအာရုံစိုက်သည်ကို ကိုယ်စားလှယ်လောင်းများနှင့် ဥပဒေပြုအမတ်များအား သိရှိစေသည်။ အကျိုးတူစီးပွားအုပ်စုဝင်များအနေဖြင့် သူတို့အတွက် အထူးအရေးကြီးသည့် ကိစ္စရပ်များတွင် အခြေခံပြီး နိုင်ငံရေးသမားများကို ရွေးချယ်မဲပေး၍ ငွေကြေးထောက်ပံ့ရန် ဆုံးဖြတ်တတ်ကြသည်။ အကျိုးတူအုပ်စုများသည် အခြားမဲပေးသူများအပေါ် ပုဂ္ဂိုလ်ရေးအကျိုး စီးပွားဆုတ်ယုတ်မှု နည်းနည်းစီသာ သက်ရောက်သဖြင့် မဲပေးသူလူထုက ယေဘုယျအားဖြင့် ဂရုမပြုမိသလောက်ပင် ဖြစ်သည်။

မိမိသာ ထောက်ခံမဲရလိုသည့် နိုင်ငံရေးသမားတစ်ဦးဆိုလျှင် မည်ကဲ့သို့ ပြုမူပါမလဲ။ ဘာသိဘာသာ နေတတ်သည့် အသိအမြင်နည်းသည့် လူများစု၏ အကျိုးစီးပွားများကို မျက်နှာသာ

ပေးခြင်းဖြင့် မဲဆွယ်ပွဲထောက်ခံမှု မရနိုင်သည်မှာ သေချာပါသည်။ သို့သော် လူတစ်စု၏ အကျိုးစီးပွား တစ်ရပ်ကို မျက်နှာသာပေးခြင်းဖြင့် နှုတ်ဖြင့်စောင်မကြည့်ရှုသူများ၊ မဲအောင်နိုင်ရေး တက်ကြွ လှုပ်ရှားပေးသူများနှင့် မဲဆွယ်စည်းရုံးရေး ရန်ပုံငွေထည့်ဝင်မှုများ ရရှိနိုင်သည်။ မီဒီယာနိုင်ငံရေး ခေတ်တွင် နိုင်ငံရေးသမားများသည် အကျိုးတူအုပ်စုများ၏ ကိစ္စရပ်များကို ထောက်ခံပေးရန်၊ ယင်းအုပ်စုများမှ မဲဆွယ်စည်းရုံးရေး ရန်ပုံငွေများ ရရှိလာရန်နှင့် ယင်းငွေကိုအသုံးချ၍ ရုပ်မြင်သံကြားပေါ်တွင် ကိုယ်စားလှယ်လောင်း၏ ပုံရိပ်ကောင်းအောင် ဆောင်ရွက်ရန် ဖိအားများစွာနှင့် ရင်ဆိုင်နေကြရသည်။ စုစည်းမှုကောင်းသည့် အထူးအကျိုးစီးပွားအုပ်စုများ၏ နိုင်ငံရေးအရထောက်ခံမှု ရရှိရန်အတွက် ၎င်းတို့အား အစိုးရဘဏ္ဍာ မသုံးစွဲလိုသည့် နိုင်ငံရေး သမားများမှာ များစွာနစ်နာကြသည်။ ယင်းသို့သော မက်လုံးအခင်းအကျင်းရှိသဖြင့် နိုင်ငံရေး သမားများမှာ မမြင်ရသောလက်က လမ်းပြနေသည့်အလား မဲဆန္ဒရှင် အများပြည်သူများအား အကျိုးယုတ်စေသော်လည်း အကျိုးတူစီးပွားရေးအုပ်စုများ၏ အမြင်များကို ထင်ဟပ်နေသည့် မူဝါဒများကို ချမှတ်တတ်ကြသည်။

မဲအလဲအထပ်လုပ်ခြင်းဖြင့် ဥပဒေပြဋ္ဌာန်းခြင်း (logrolling legislation)နှင့် မိမိမဲဆန္ဒနယ် စီမံကိန်းများအတွက် ဥပဒေပြဋ္ဌာန်းခြင်း (pork-barrel legislation)တို့ဖြင့် အထူးအကျိုးစီးပွား အုပ်စုများ အင်အားကို ပိုမိုတောင့်တင်းစေသည်။ မဲအလဲအထပ်လုပ်ခြင်းဖြင့် နိုင်ငံရေးသမားများက မိမိတို့ အလိုရှိသည့် ဥပဒေပြဋ္ဌာန်းနိုင်ဖို့ လိုအပ်သည့် ထောက်ခံမှုရရန် မဲများဖလှယ်ကြခြင်း ဖြစ်သည်။ မိမိမဲဆန္ဒနယ်စီမံကိန်းများအတွက် ဥပဒေပြဋ္ဌာန်းခြင်းဆိုသည်မှာ ဆက်စပ်မှုမရှိသည့် စီမံကိန်းများကို ဥပဒေတစ်ခုတည်းတွင် စုစည်းရေးဆွဲခြင်းကို ဖော်ပြသည့် အသုံးအနှုန်း ဖြစ်သည်။ မဲအလဲအထပ် လုပ်ခြင်းနှင့် စီမံကိန်းဥပဒေများမှာ ဥပဒေကြမ်းအား မဲခွဲရာတွင် အတည်ပြုနိုင်ရန်အတွက် လုပ်ဆောင်ကြခြင်း ဖြစ်သဖြင့် ယင်းဥပဒေများမှာ ခုတ်ရာတခြား ရှရာတခြားဖြစ်စေပြီး အထူးစီးပွားရေး အုပ်စုများသာ အကျိုးရှိစေပါသည်။

မိမိမဲဆန္ဒနယ်ကောင်းစားဖို့သက်သက် နိုင်ငံရေးနှင့် မဲအလဲအထပ်လုပ်ခြင်းတို့သည် အထူး အကျိုးစီးပွားရလာဒ်ဖြစ်အောင် ခိုင်မာစေပြီး အကျိုးမရှိသည့် စီမံကိန်းများ လုပ်ဆောင်ရန် ဦးတည်စေကြောင်း ပုံပြဇယား ၇ က ပြသနေသည်။ ဤဥပမာတွင် ၅ ဦးပါ ဥပဒေပြုအဖွဲ့က စီမံကိန်း ၃ အပေါ် စဉ်းစားသုံးသပ်နေသည်။ (၁) ခရိုင် (က) အတွင်း ဘာမှမရှိသည့် နေရာသို့ တံတားတစ်စင်း ထိုးခြင်း (၂) ခရိုင် (ခ) အတွင်း အမိုးအကာအောက်တွင် မိုးသစ်တောတစ်ခု တည်ဆောက်ခြင်းနှင့် (၃) ခရိုင် (ဂ) အတွင်း ပြောင်းဖူးစိုက်ပျိုးသူများ အကျိုးရှိမည့် အီသနောထောက်ပံ့ကြေး အစီအစဉ် စသည်တို့ ဖြစ်ကြသည်။ ခရိုင်အသီးသီးအတွက် အသားတင် အကျိုးအမြတ် သို့မဟုတ် အသားတင် ကုန်ကျမှုများ ပြသထားသည်။ အသားတင်ဆိုသည်မှာ ခရိုင်ကရသည့် အကျိုးအမြတ်မှ ၎င်း၏ အခွန်ကုန်ကျမှုကို နုတ်ခြင်းဖြစ်သည်။ စီမံကိန်း ၃ ခု၏ အသားတင် ကုန်ကျမှုမှာ အသားတင် အကျိုးအမြတ်ထက် များနေသည် ကို (ပုံပါ ဇယားအောက်ခြေ အလျားလိုက်အတန်း စုစုပေါင်းတွင် အနုတ် လက္ခဏာဖြင့် ပြသထားသည်)။ ထို့ကြောင့် စီမံကိန်းအသီးသီးမှာ အကျိုးမရှိပေ။ စီမံကိန်းများကိုသာ သီးခြားစီ မဲပေးမည်ဆိုလျှင် တစ်ခုစီသည် ၄ ချိုး ၁ ချိုးဖြင့် ရှုံးနိမ့်လိမ့်မည်။

အဘာယ်ကြောင့်ဆိုသော် ခရိုင်တစ်ခုကသာ အကျိုးရှိပြီး အခြားခရိုင် ၄ ခုက အရှုံးပြမည် ဖြစ်သောကြောင့်တည်း။ သို့သော် မဲအလှဲအထပ် လုပ်ခြင်း (ကိုယ်စားလှယ် က၊ ခ၊ ဂ တို့သည် မဲများ အလှဲအထပ် လုပ်ရန်သဘောတူခြင်း) သို့မဟုတ် မိမိမဲဆန္ဒနယ်အကျိုးစီးပွားများပါသော ဥပဒေ ပြဋ္ဌာန်းခြင်း (ဥပဒေကြမ်း တစ်ခုတည်းတွင် စီမံကိန်း/အစီအစဉ် ၃ ခုလုံး ထည့်သွင်းခြင်း) ပြုလုပ်ကြသည့်အခါ အဆိုပါ စီမံကိန်း/အစီအစဉ်အားလုံးမှာ အကျိုးမများသော်လည်း အားလုံးကို အတည်ပြုပေးနိုင်သည်။ စုစုပေါင်းအသားတင်အမြတ်သည် ကိုယ်စားလှယ် က၊ ခ၊ ဂ တို့အတွက် အပေါင်းလက္ခဏာပြသည်ကို မြင်နိုင်သည်။ မဲပေးသူများအနေဖြင့် သတင်းအချက်အလက်ရရန် အားထုတ်စရာ အကြောင်းမရှိသည့်အတွက် အစီအစဉ်များအားလုံးကို ခြုံငုံ၍ဥပဒေပြဋ္ဌာန်းခြင်း (pork-barreling) နှင့် အခြားသော အထူးအကျိုးစီးပွားမူဝါဒ (special-interest policies) များကြောင့် ထိခိုက်နစ်နာသူများပင်လျှင် ယင်းဥပဒေ၊ မူဝါဒများကို သတိပြုမိဖွယ် မရှိပေ။ ထို့ကြောင့် အကျိုးမရှိသည့် စီမံကိန်းများ အပါအဝင် အထူးအကျိုးစီးပွား စီမံကိန်းများကို ထောက်ခံပေးသည့် မက်လုံးသည် ပုံပြဇယား ၇ တွင် ပြထားသော ရိုးရှင်းသည့် ကိန်းဂဏန်း ဥပမာထက်ပင် ပို၍ အားကောင်းတတ်သည်။

## Exhibit 7: Trading Votes and Passing Counterproductive Legislation

**NET BENEFITS (+) OR COSTS (-) TO VOTERS IN EQUAL SIZE DISTRICT**

| Voters of District | Bridge to Nowhere | Indoor# Rainforest Project | Ethanol Subsidy | # Total |
|---|---|---|---|---|
| A | $100 | -$30 | -$30 | $40 |
| B | -$30 | $100 | -$30 | $40 |
| C | -$30 | -$30 | $100 | $40 |
| D | -$30 | -$30 | -$30 | -$90 |
| E | -$30 | -$30 | -$30 | -$90 |
| Total | -$20 | -$20 | -$20 | -$60 |

အခြေခံအချက်ကတော့ ရှင်းပါသည်။ လူများစုဆန္ဒသက်သက်ကို အခြေပြု၍ ပြည်သူ့ ကိုယ်စားပြု အစိုးရမှာ အထူးအကျိုးစီးပွားကိစ္စရပ်များကို ကောင်းစွာ မကိုင်တွယ်ပါ။ ကောင်းစွာ စုစည်းထားသည့် အဖွဲ့များကို မျက်နှာသာပေးသည့် အထိန်းအကွပ်မဲ့ နိုင်ငံရေးလုပ်ငန်းစဉ်သည် စီးပွားရေးရလာဒ် အရွယ်အစားကို လျော့နည်းစေသည့် အစီအစဉ်များစွာ လုပ်ကိုင်နေကြသည်ကို ရှင်းလင်းပြသသည်။ ဥပမာ- အမေရိကန်ပြည်ထောင်စုရှိ ကြံစိုက်ပျိုးသူ ၆၀၀၀ နီးပါးခန့်ရှိသည့်ကိစ္စကို စဉ်းစားကြည့်ပါ။ အစိုးရသည် ပြည်တွင်းသကြားဈေးနှုန်းကို ကမ္ဘာ့ဈေးကွက်ထက် အဆများစွာ မြင့်နေစေရန် အစိုးရက သကြားတင်သွင်းမှုကို ခွဲတမ်းကျတင်သွင်းမှု (quota) ဖြင့် တင်းတင်း

ကြပ်ကြပ် သတ်မှတ်ခဲ့သည်။ ဥပမာ ၂၀၀၄ ဖေဖော်ဝါရီတွင် ကမ္ဘာ့သကြားဈေးနှုန်းက တစ်ပေါင်လျှင် ဒေါ်လာ ၆ ပြားအောက် သာရှိသော်လည်း ပြည်တွင်းသကြား ဈေးနှုန်းက တစ်ပေါင်လျှင် ဒေါ်လာ ပြား ၂၀ ထိဖြစ်ခဲ့သည်။ ယင်းခွဲတမ်းအစီအစဉ်ကြောင့် သကြားထုတ်လုပ်သူများသည် အမေရိကန် ဒေါ်လာ ၁.၉ ဘီလျံ အကျိုးအမြတ်ရှိခဲ့ပြီး စိုက်ပျိုးထုတ်လုပ်သူတစ်ဦးလျှင် ဒေါ်လာ ၃၀၀၀၀ ကျော် ရရှိခဲ့သည်။ ယင်း အကျိုးအမြတ်အများစုမှာ အကြီးစား စိုက်ပျိုးသူများက ရရှိခဲ့ပြီး ၎င်းတို့သည်နိုင်ငံ၏ ပျမ်းမျှဝင်ငွေ ရရှိသူများထက် ဝင်ငွေများ အများအပြား ရရှိကြသည်။ တစ်ဖက်တွင်လည်း ယင်းကဲ့သို့ အစိုးရ၏ ကူညီမှုများကြောင့် သကြားထုတ်ကုန်များ ဈေးနှုန်းမြင့်မားလာကာ ပျမ်းမျှ အမေရိကန် အိမ်ထောင်စု တစ်စုသည်တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၂၀ ခန့် ပိုမိုကုန်ကျခဲ့ရသည်။ သည့်ထက် ပိုအရေးကြီးသည်မှာ ကုန်သွယ်မှုမှတဆင့် ဈေးနှုန်း သက်သာစွာဖြင့် ဝယ်ယူရရှိနိုင်သော်လည်း ကောင်းစွာမထုတ်လုပ်နိုင်သည့် ကုန်စည်တစ်ခုကို ထုတ်လုပ်ခြင်းဖြင့် အမေရိကန်၏ အရင်းအမြစ်များ ဖြုန်းတီးခဲ့ရပြီး ရလဒ်ကား အမေရိကန်တို့ ဆုံးရှုံးနစ်နာခဲ့ရသည်။

သို့သော်ငြားလည်း အမေရိကန်လွှတ်တော်မှ ယင်းအစီအစဉ်အား ဆက်လက် ထောက်ခံခဲ့သည်။ အကြောင်းရင်းမှာ သိမြင်လွယ်ပါသည်။ ဆိုထားသည့်အတိုင်း ပုဂ္ဂလိကကြွယ်ဝမှုကို ဖြစ်စေသောကြောင့် ကြံစိုက်ပျိုးသူများ၊ အထူးသဖြင့် အကြီးစား စိုက်ပျိုးသူများအနေဖြင့် သူတို့အကျိုး ရှိမည့် ကိစ္စရပ်များကို နိုင်ငံရေးသမားများက ထောက်ခံလာစေရန် သူတို့၏ ငွေကြေးဉစ္စာနှင့် နိုင်ငံရေး ဩဇာများကို အသုံးပြုသည်မှာ အဓိပ္ပါယ်ရှိပါသည်။ ၂၀၀၀ ခုနှစ် ရွေးကောက်ပွဲကာလအတွင်း သကြား အရေး စည်းရုံးရေးဆင်းသူများသည် ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေး လုပ်ငန်းကော်မတီ များထံ အမေရိကန် ဒေါ်လာ ၁.၃ သန်းနီးပါး ထည့်ဝင်ခဲ့ကြသည်။ တဖက်တွင် သာမန်မဲပေးသူ တစ်ယောက်အဖို့ မဲပေးသည့်အခါ ယင်းကိစ္စရပ်ကို လေ့လာသိရှိရန် သို့မဟုတ် ယင်းကိစ္စအပေါ် သိသိသာသာ လွှမ်းမိုးသက်ရောက်မှုရှိစေရန် မဖြစ်နိုင်ချေ။ အမှန်မှာ ယင်းအစီအစဉ်ကြောင့် သူတို့ အတွက် ငွေကြေးကုန်ကျမှုရှိကြောင်းပင် မဲပေးသူအများစုက ဂရုမပြုမိကြပေ။ ထိုအကြောင်းကြောင့် ထောက်ပံ့ကြေးငွေများသည် အရင်းအမြစ်များ ဖြုန်းတီးရာရောက်စေပြီး နိုင်ငံ၏ ဓနအင်အားကို လျော့ကျစေသော်လည်း သကြား စိုက်ပျိုးသူများကို ဆက်လက်ထောက်ခံခြင်းဖြင့် နိုင်ငံရေးသမား များမှာလည်း အကျိုးရှိကြသည်။[၅] ယင်းအဖြစ်အပျက်များမှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အများအားဖြင့် တွေ့ရလေ့ရှိသည်။

နိုင်ငံရေးတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားနေသည့် မဲပေးသူအုပ်စုများအတွက် အကျိုးအမြတ် ဖြစ်ထွန်းစေ၍ အခွန်ထမ်းပြည်သူများနှင့် စားသုံးသူများကို နစ်နာစေသည်မှာ ခေတ်သစ်နိုင်ငံရေး၏ ပင်မလုပ်ငန်းတစ်ရပ်ပင် ဖြစ်လာခဲ့သည်။ အမေရိကန်ပြည်ထောင်စုရှိ အခွန်ထမ်းများနှင့် စားသုံးသူများက ဂျုံ၊ ချည်၊ ဆေးရွက်ကြီး၊ မြေပဲ၊ သိုးမွေးနှင့် နို့ထွက်လုပ်ငန်းအစီအစဉ်များအတွက် နှစ်စဉ် အမေရိကန် ဒေါ်လာ ၂၀ ဘီလျံနီးပါး ကျခံနေကြရသည်။ အကျိုးတူစီးပွားအုပ်စုများ၏ နိုင်ငံရေးဩဇာကြောင့် သံမဏိ၊ ဖိနပ်၊ တံမြက်စည်း၊ ချည်မျှင်နှင့်အထည်များနှင့် အခြားထွက်ကုန်များ အပေါ် အကောက်ခွန်များ စည်းကြပ်ခြင်း၊ တင်သွင်းမှု အရေအတွက် ကန့်သတ်ချက်များ ဆက်လက် ရှိနေရခြင်း ဖြစ်သည်။ အယ်လက်စကားရေနံများကို ဈေးနှုန်းသက်သာသည့် နိုင်ငံခြားရေနံတင်

သဘော်များအစား အမေရိကန် ပင်လယ်ရေနံတင်သဘော်များဖြင့် သယ်ယူပို့ဆောင်ရန် စည်းမျဉ်း ထုတ်ပြန်ထားခြင်းသည် စီးပွားရေးအကျိုးရှိမှုထက် နိုင်ငံရေး လွှမ်းမိုးမှုကို ဖော်ပြနေသည်။ ဗဟိုမှ ငွေကြေးစိုက်ထုကျခံပေးသည့် ဆည်မြောင်းစီမံကိန်းများ၊ ထောက်ပံ့ကြေးရသည့် စားကျက်မြက်ခင်း လုပ်ပိုင်ခွင့်များ၊ အစိုးရက အိတ်စိုက်ပေးသည့် လုပ်ငန်းချေးငွေများ၊ အစိုးရမှ ငွေကြေးပံ့ပိုးပေးသည့် လေဆိပ်များမှာ အမေရိကန်နိုင်ငံသားများအတွက် အသားတင်အကျိုးကျေးဇူးရှိစေခြင်းထက် အကျိုတူ စီးပွားအုပ်စုများအား မျက်နှာသာပေးသည့် မူဂါဒများသာ ဖြစ်သည်။ ယင်းအစီအစဉ် တစ်ခုချင်းစီအနေဖြင့် နိုင်ငံ၏ စီးပွားရေးတွင် သက်ရောက်မှုအနည်းငယ်သာ ရှိသော်လည်း ယင်းတို့သည် ဗဟိုအသုံးစရိတ်ကို လျော့နည်းသွားစေ၍ အရင်းအမြစ်များ ဖြုန်းတီးရာရောက်ပြီး လူနေမှုအဆင့်အတန်းကိုလည်း များစွာထိခိုက်နစ်နာစေပါသည်။

အမေရိကန်ပြည်ထောင်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲသူများသည် ဒီမိုကရက်တစ် နိုင်ငံရေး၏ အဆိုပါချို့ယွင်းချက်ကို (အကျိုးတူစီးပွားအုပ်စုများကို ″ဂိုဏ်းဃဏကွဲမှုများ″ ဟု သမုတ်ကြသည်) သတိပြုခဲ့ကြသည်။ အမေရိကန်ပြည်ထောင်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေက ဂိုဏ်းဃဏများ၏ ဖိအားများကို ကန့်သတ်ထိန်းချုပ်ရန် နည်းလမ်းရှာပြီး လွှတ်တော်အနေဖြင့် ဘုံကာကွယ်ရေး (common defence)နှင့် အထွေထွေဖူလုံရေး (general welfare)တို့ကိုသာ မြှင့်တင်ပေးနိုင်မည့် အစီအစဉ်များ ဆောင်ရွက်နိုင်ရန်အတွက် အခွန်များကို တပြေးညီ စည်းကြပ်ရန် သတ်မှတ်ခဲ့သည်။ လူတန်းစားတစ်ရပ်၊ အုပ်စုတစ်စုကိုသာ အကျိုးပြုမည့် အစီအစဉ်များအတွက် အခွန်ရငွေများ မသုံးစွဲနိုင်ရန် ကြိုတင်ဟန့်တားသည့်အနေဖြင့် ဤအချက်ကို ထည့်သွင်းရေးဆွဲခဲ့ခြင်း ဖြစ်သည်။ သို့သော် နှစ်ကာလရွေ့လျားလာသည်နှင့်အမျှ တရားရုံးဆုံးဖြတ်ချက်များနှင့် ဥပဒေပြု ပြဋ္ဌာန်းချက်များမှာ အဆိုပါအဓိပ္ပါယ်အနှစ်သာရကို ပျက်စီးစေခဲ့သည်။ ထို့ကြောင့် လက်ရှိအဓိပ္ပါယ် ဖွင့်ဆိုသည့်အတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေသည် ကောင်းစွာစုဖွဲ့ထားသည့် အကျိုးတူစီးပွား အုပ်စုများ၏ နိုင်ငံရေးအရှိန်အဝါကို ကြာရှည်ထိန်းချုပ်နိုင်စွမ်း မရှိတော့ပေ။

၅။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ စည်းမျဉ်းများဖြင့်သာ မကန့်သတ်ထားပါက ဥပဒေပြုအမတ်များက ဘတ်ဂျက်လိုငွေပြအောင် အသုံးစရိတ်များ လွန်လွန်ကဲကဲ သုံးစွဲကြလိမ့်မည်။

*အသုံးစရိတ်အတွက် ကြွေးမြီဖြင့် ဖြေရှင်းခြင်းက ရွေးကောက်ခံနိုင်ငံရေးသမားများအတွက် သဲခြေကြိုက်စရာ ဖြစ်ပေလိမ့်မည်။ ချေးယူသုံးစွဲခြင်းသည် လတ်တလော နိုင်ငံရေးအမြတ် ထွက်စေပြီး မျက်မှောက်ကာလတွင် နိုင်ငံရေးထိခိုက်မှုလည်း မရှိပေ။*


\- ဂျိမ်းစ် ဘတ်ချ်နန် (JAMES BUCHANAN)

အစိုးရအသုံးစရိတ်က ရငွေထက် ကျော်လွန်သည့်အခါ ဘတ်ဂျက်လိုငွေဖြစ်ပေါ်သည်။ အစိုးရက ယေဘုယျအားဖြင့် ဘတ်ဂျက်လိုငွေများကို ဖြည့်ဆည်းရန် အတိုးပေး ငွေချေးစာချုပ်များ

ရောင်းချကြသည်။ ယင်းငွေချေးစာချုပ်များမှာ နိုင်ငံတော်ကြွေးမြီ ဖြစ်သွားသည်။ ဘတ်ဂျက်လိုငွေမှာ လိုအပ်သည့်ပမာဏအလျောက် နိုင်ငံတော်ကြွေးမြီ ပမာဏကို မြှင့်တက်စေသည်။ ဆန့်ကျင်ဘက်အားဖြင့် ဘတ်ဂျတ်ပိုငွေဖြစ်သည့်အခါ ဗဟိုအစိုးရအနေဖြင့် ငွေချေးစာချုပ် ပိုင်ရှင်များကို ငွေပြန်ဆပ်နိုင်လာပြီး နိုင်ငံတော်ကြွေးမြီ အရွယ်အစားလည်း လျော့ကျလာသည်။ အခြေခံအားဖြင့် နိုင်ငံတော်ကြွေးမြီသည် ယခင်ဘတ်ဂျက်လိုငွေများနှင့် ပိုငွေများ အားလုံးမှ ဖြစ်ပေါ်လာသော စုစုပေါင်း အကျိုးရလာဒ်ပင် ဖြစ်သည်။

၁၉၆၀ မတိုင်မီက နိုင်ငံရေးပါတီနှစ်ခုလုံး၏ ဦးဆောင်သူများအပါအဝင် လူတိုင်းနီးပါးသည် အစိုးရအနေဖြင့် စစ်တွင်းကာလများမှလွဲ၍ အရအသုံးမျှတအောင် သုံးစွဲသင့်သည်ဟု တွေးတောခဲ့ကြသည်။ ဗဟိုဘတ်ဂျက်မှာ ချိန်ညှိသင့်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဌာန်းချက်ကဲ့သို့ပင် ကျယ်ကျယ်ပြန့်ပြန့် သဘောတူခဲ့ကြသည်။ ယင်းနိုင်ငံရေးနောက်ခံ အနေအထားအရ ဗဟိုအစိုးရ ဘတ်ဂျက်မှာ ငြိမ်းချမ်းသည့် ကာလတလျောက်တွင် ယေဘုယျအားဖြင့် မျှခြေတွင် ထိန်းနိုင်ခဲ့သည်။ စစ်တွင်းကာလများမှလွဲ၍ ဘတ်ဂျက် လိုငွေများနှင့် ပိုငွေများမှာ နိုင်ငံ့စီးပွားရေးအရွယ်ပမာဏနှင့် နှိုင်းယှဉ်လျှင် မပြောပလောက်ပေ။

ကိန်းတော်လှန်ရေးက အားလုံးကို ပြောင်းလဲစေခဲ့သည်။ ဗြိတိသျှ ဘောဂဗေဒပညာရှင် ဂျွန်မေးနာ့ထ်ကိန်း၏ အမြင်များကို လက်ခံသူများဖြစ်သည့်၊ ကိန်းသီအိုရီလက်ခံကျင့်သုံးသူများက အစိုးရသုံးစွဲမှုနှင့် ဘတ်ဂျက်လိုငွေပြမှုများအား အပြောင်းအလဲလုပ်ခြင်းဖြင့် နိုင်ငံစီးပွားရေးကို ပိုမိုတည်ငြိမ်ခိုင်မာအောင် ဆောင်ရွက်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ခဲ့ကြသည်။ ဘတ်ဂျက်အား ချိန်ညှိသုံးစွဲသည်ထက် အကြပ်အတည်းကာလများတွင် ဘတ်ဂျက်လိုငွေပြအောင် သုံးစွဲပြီး ငွေကြေးဖောင်းပွမှုအတွက် ကြောင့်ကြနေရသည့်အချိန်တွင် ဘတ်ဂျက်ပိုငွေပြအောင် အစိုးရအနေဖြင့် ကြားဝင်ဆောင်ရွက်သင့်သည်ဟု ဆိုကြသည်။ အတိုချုံးအားဖြင့် ကိန်းတော်လှန်ရေးကြောင့် ဘတ်ဂျက်မျှခြေ စည်းကမ်းဘောင်မှ နိုင်ငံရေးဆုံးဖြတ်ချက်ချမှတ်သူများကို ဖြေလျော့ပေးခဲ့သည်။ ယင်းသို့ ထိန်းချုပ်မှုမှ ကင်းလွတ်သွားသည့်အခါ နိုင်ငံရေးသမားတို့က သူတို့ အခွန်ကောက်ခံလိုသည်ထက် ပိုမိုသုံးစွဲမှုများ အစဉ်တစိုက် လုပ်ဆောင်ခဲ့ကြသည်။




**Source: Office of Management and Budget,** ***President's Budget *FY 2011 Budget, Table 1.3.***
***http://www.whitehouse.gov/omb/budget/historicals/***

၁၉၆၀ ခုနှစ်မှစ၍ ဗဟိုအစိုးရ၏ ဘတ်ဂျတ်လိုငွေပြမှုအား ဂျီဒီပီ၏ အချိုးအဖြစ် ပြသည့် လမ်းကြောင်းကို ပုံပြဇယား ၈ တွင် ပြထားသည်။ အကြပ်အတည်းကာလတလျောက် ဘတ်ဂျတ်လိုငွေ ကြီးမားနေစဉ်တွင် လွန်ခဲ့သည့် နှစ် ၅၀ ကာလအတွင်း လိုငွေပြမှုမှာ စဉ်ဆက်မပြတ်ပင် ပုံမှန်လို ဖြစ်နေခဲ့သည်။ ၁၉၆၀ နှင့် ၁၉၈၀ ပြည့်နှစ်များအကြား ဗဟိုအစိုးရ၏ လိုငွေပြမှုမှာ ဂျီဒီပီ၏ ၂ ရာခိုင်နှုန်းခန့် ပျမ်းမျှဖြစ်ခဲ့ပြီး ၁၉၈၀ ပြည့်နှစ်များတွင် လိုငွေပိုများလာခဲ့သည်။ ၁၉၉၀ ပြည့်နှစ်များတွင် လိုငွေပြမှု လျော့နည်းသွားပြီး ၁၉၉၈ နှင့် ၂၀၀၀ ကြားနှစ်များတွင် ပိုငွေပြခဲ့သည်။ သို့သော် လိုငွေပြမှု ထိန်းချုပ်နိုင်သည့် ကာလမှာ အလွန်တိုတောင်းလှသည်။ ပိုငွေပြမှုမှာ အလျင်အမြန် ပျောက်ကွယ်သွားပြီး လိုငွေမြင့်တက်လာကာ ၂၀၀၉ နှင့် ၂၀၁၀ ကြားတွင် လိုငွေပြမှုမှာ ဂျီဒီပီ၏ ၁၀% အထိ ရောက်ရှိခဲ့သည်။

များပြားလှသည့် လိုငွေများကြောင့် အမျိုးသားကြွေးမြီမှာလည်း မြင့်တက်လာသည်။ ဂျီဒီပီ၏ အချိုးအစားဖြင့် တိုင်းတာသည့်အခါ ဗဟိုအစိုးရ ကြွေးမြီသည် ၂၀၀၀ ခုနှစ်တွင် ဂျီဒီပီ၏ ၅၈ ရာခိုင်နှုန်း ရှိရာမှ ၂၀၁၀ ခုနှစ်တွင် ၇၀ ရာခိုင်နှုန်းသို့ မြင့်မားခဲ့သည်။ ဒုတိယကမ္ဘာစစ်ပြီးကာလမှ စ၍ ဗဟိုကြွေးမြီသည် အမြင့်ဆုံးအဆင့်တွင် ရောက်ရှိနေသည်။

အခွန်ကောက်ခြင်းဖြင့်မဟုတ်ဘဲ ချေးငှားခြင်းနည်းဖြင့်သုံးစွဲခြင်းသည် နိုင်ငံရေးအရ ဆွဲဆောင်မှု ရှိသည်မှာ အံ့ဩစရာ မဟုတ်ပေ။ ယင်းမှာ ဘောဂဗေဒပညာရှင်များအခေါ် အငေးမှုန်ပြဿနာပင် ဖြစ်သည်။ အလွန်မြင်သာပြီး လက်ငင်းအကျိုးဖြစ်ထွန်းသည့် စီမံကိန်းများကိုသာ ရွေးကောက်ခံ နိုင်ငံရေးသမားများ အာရုံစိုက်ပြီး အနာဂတ် ကုန်ကျမှုများမှာ မမြင်လွယ်သောကြောင့် ဖော်ထုတ်ရန် ခဲယဉ်းသည်။ ဥပဒေပြုအမတ်များသည် သူတို့အား နောက်တစ်ကြိမ် အရွေးခံရအောင် ကူညီပံ့ပိုးမည့် သူတို့၏ မဲဆန္ဒနယ်များမှ မဲဆန္ဒရှင်များနှင့် အကျိုးစီးပွားတူအုပ်စုများ အကျိုးရှိမည့် အစီအစဉ်များတွင်သာ ငွေကြေး သုံးစွဲလိုကြသည်။ အခွန်ဆိုသည်မှာ မဲပေးသူများအတွက် မြင်လွယ်သည့် ကုန်ကျမှု ဖြစ်သောကြောင့် အခွန်ကောက်ရန်လည်း မနှစ်သက်ကြပါ။ ကြွေးမြီယူခြင်းသည်သာ လက်ရှိအခွန်ကောက်ခံခြင်း နေရာတွင် အစားထိုးစရာဖြစ်ပြီး အစိုးရ၏ မြင်လွယ်သည့် ကုန်ကျစရိတ်များကို အနာဂတ်သို့ ရွှေ့လိုက်ခြင်းဖြစ်သည်။ ဘတ်ဂျက်လိုငွေများနှင့် ချေးငှားမှုများသည် နိုင်ငံရေးသမားများအတွက် အခွန်မြင့်မားစွာ ကောက်ခံစရာ မလိုဘဲ မဲပေးထောက်ခံသူများကို လက်ငင်းအကျိုးပြုနိုင်သည်။ ထို့ကြောင့် လိုငွေများသည် ကန့်သတ်ထိန်းကွပ်မှုမရှိသည့် ဒီမိုကရေစီနိုင်ငံရေးတွင် သဘာဝကျသည့် အကျိုးဆက်တစ်ခု ဖြစ်သည်။

အထိန်းအကွပ်မဲ့ နိုင်ငံရေးလုပ်ငန်းစဉ်သည် သင်းဖွဲ့မှုအားကောင်းသည့် အကျိုးစီးပွားတူ အုပ်စုများလက်ထဲ ရောက်ရှိသွားပြီး လူများစွာ၏ ကုန်ကျမှုဖြင့် လူတစ်စုအတွက် အကျိုးများစေမည့် သုံးစွဲမှုများ ပြုလုပ်ရန် အစိုးရကိုအားပေးကြသည်။ လွှတ်တော်ကိုယ်စားလှယ်တိုင်းက သူ၏ မဲဆန္ဒနယ်အတွက် အကျိုးရှိမည့် အသုံးစရိတ်များရရှိရန် အပြင်းအထန် တိုက်ပွဲဝင်လိုတတ်ကြသော်လည်း အသုံးစရိတ် "လေ့လာစောင့်ကြည့်သူ" တော့ မလုပ်လိုကြပေ။ ထို့သို့လေ့လာစောင့်ကြည့်သူအဖြစ် လုပ်ဆောင်လိုက်ပါက လုပ်ဖော်ကိုင်ဖက်လွှတ်တော် ကိုယ်စားလှယ်များအတွက် သူတို့မဲဆန္ဒနယ်များတွင် အထူးအစီအစဉ်များ ဆောင်ရွက်ရန် ခက်ခဲသွားမည်ဖြစ်ပြီး အတုန့်အလှည့်အားဖြင့် ထိုကိုယ်စားလှယ်များကလည်း လေ့လာစောင့်ကြည့်သူ၏ မဲဆန္ဒနယ်အတွက် အသုံးစရိတ် သိပ်ထောက်ခံတော့မည် မဟုတ်ပေ။ ပိုမိုအရေးကြီးသည်မှာ လေ့လာစောင့်ကြည့်သူက ကြိုးပမ်းသည့် အသုံးစရိတ်ဖြတ်တောက်ခြင်းများနှင့် လိုငွေလျော့ချခြင်းများမှာ မဲဆန္ဒရှင်များအားလုံးအပေါ် ဖြန့်ကျက်သွားသဖြင့် တစ်ဦးချင်းအနေဖြင့် အနည်းအကျဉ်းသာ အကျိုးသက်ရောက်မှု ခံစားရမည် ဖြစ်သည်။

အောက်ဖော်ပြပါ ဥပမာဖြင့် အောက်လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦးနှင့် ဆီးနိတ်အမတ် ၁၀၀ တို့အတွက် ဗဟိုအသုံး စရိတ်နှင့် ဘတ်ဂျက်လိုငွေပြမှုအား ထိန်းချုပ်ရန် ဘာ့ကြောင့် ခက်ခဲလွန်းသည်ကို ရှင်းပြနိုင်ပေလိမ့်မည်။ ညစာစားပွဲအပြီးတွင် ကျသင့်ငွေအားလုံး၏ ၅၃၅ ပုံ ၁ ပုံဖြင့် ကျသင့်ငွေဖြတ်ပိုင်းအသီးသီး ထွက်လာမည်ဆိုသော အသိဖြင့် ၅၃၅ ဦးသော လွှတ်တော်အမတ်များ ညစာထွက်စားကြသည် ဆိုပါဆို့။ အမတ်အသီးသီးအနေဖြင့် မိမိတို့စိတ်ကြိုက် မှာစားသမျှမှာ စုစုပေါင်းကျသင့်ငွေဖြတ်ပိုင်းတွင် အကျိုးတစ်စုံတစ်ရာ သက်ရောက်မည်ဟု မခံစားရသဖြင့် မည်သူတစ်ဦးတစ်ယောက်မျှ လျော့လျော့ပေါ့ပေါ့ မှာယူစားသောက်ကြမည်

မဟုတ်ပေ။ ခံတွင်းမြိန်စရာအတွက် ပုဇွန်၊ ဟင်းလျာအဖြစ် အမဲသားကင်နှင့် ကျောက်ပုစွန်ကြီးများ၊ အချိုတည်းရန်အတွက် ချိစ်ကိတ်မုန့်ကြီးကို မမှာစရာ အကြောင်းမရှိပေ။ အားလုံး စားသောက်ပြီးနောက် ပိုပိုသာသာသုံးစွဲစရိတ်များမှာ စုစုပေါင်းစားသောက်စရိတ်မှ တစ်ဦးစီဝေပုံကျသာ ပေးချေရမည်ဖြစ်သဖြင့် အကြွေအချို့ ထပ်ပေါင်းလိုက်ရုံသာ ပိုပေးရမည်ဖြစ်သည်။ ဥပမာ အမတ်တစ်ဦးမှ ၁၀ ဒေါ်လာ ပိုသုံးလိုက်၍ ညစာစားပွဲအတွက် စုစုပေါင်း ကုန်ကျမှုတွင် ၁၀ ဒေါ်လာ တိုးသွားသော်လည်း သူပေးရမည့် ဝေပုံကျမှာ (၁၀ ဒေါ်လာအား ၅၃၅ ဦးဖြင့် စားလျှင်) ၂ ဆင့်နီးပါးသာ ကျသင့်မည် ဖြစ်သည်။ ဘယ်လောက်များ သက်သာလိုက်ပါဘိ။ တစ်ဖက်တွင် ညစာစားပွဲ တက်ရောက်သူ အခြားအမတ် ၅၃၄ ဦးတို့၏ လက်ဖွာသမျှကိုလည်း ထိုသူက အချိုးကျထည့်ဝင်ပေးရဦးမည်ပင်။ သို့သော် အမတ်တစ်ဦးဘာမှာမှာ အခြားသူများအတွက် ထည့်ဝင်ရမည်သာ ဖြစ်သည်။ ဤသို့ဖြင့် အမတ်တိုင်းက လက်လွတ်စပယ် မှာယူစားသောက်ကြပြီး (ခေတ်စကားဖြင့် ပြောရလျှင် ဆီးသီးပန်းမှောက်ခြင်းဖြစ်ပြီး) ကျသင့်ငွေဖြတ်ပိုင်းတွင် အသီးသီး ပေးချေရသည့် ငွေပမာဏသည် အစားအသောက်မှပေးသော ကျေနပ်မှုထက်စာလျှင် မြင့်မားနေမည် ဖြစ်သည်။[၇]

၂၀၀၉ နှင့် ၂၀၁၀ နှစ်များတွင် ဗဟိုအစိုးရသည် ၎င်း၏အသုံးစရိတ်အားလုံး၏ ၄၀ ရာခိုင်နှုန်း ခန့်ကို ချေးငွေဖြင့် သုံးစွဲခဲ့သည်။ ထို့ကြောင့် ပြည်ထောင်စုကြွေးမြီမှာ ၂ နှစ်အတွင်း ၃ ထရီလီယံထိ မြင့်တက်လာခဲ့သည်။ ထို့ပြင် လူမှုဖူလုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်များအရ သက်ကြီးရွယ်အိုနိုင်ငံသားများကို ကတိပြုထားသည့် အနာဂတ်အကျိုးခံစားခွင့်များသည်လည်း အစိုးရ ဘဏ္ဍာငွေကို ဖြည့်တင်းပေးသည့် လာစာဝင်ငွေခွန် (payroll tax) ထက် များနေသည်။ ယင်းသို့ ရန်ပုံငွေမလုံလောက်သည့် ဆောင်ရွက်ပေးရမည့် တာဝန်ဝတ္တရားများသည်လည်း ကြွေးမြီပုံစံတစ်ခုပင် ဖြစ်သည်။ အမှန်တွင် ရန်ပုံငွေမလုံလောက်သည့် လူမှုဖူလုံရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုတာဝန် ဝတ္တရားများသည် အမျိုးသားကြွေးမြီ၏ ၄ ဆနီးပါးပင် ရှိပါသည်။ စစ်ပြီးကာလ မွေးဖွားလာသူများ အငြိမ်းစားယူချိန် နီးကပ်လာသည်နှင့်အမျှ သူတို့အား လူမှုဖူလုံရေးနှင့် ဆေးဝါးကုသမှုအသုံးစရိတ် အတွက် ဘတ်ဂျက်မှ ခွဲဝေသုံးစွဲရတော့မည် ဖြစ်သဖြင့် ဗဟိုအစိုးရ၏ ကြွေးမြီမှာ ပို၍ပင် ကြီးမားလာလိမ့်မည်။

ဗဟိုအစိုးရအနေဖြင့် ၎င်း၏ငွေကြေးအခြေအနေများကို နိုင်နိုင်နင်းနင်း မစီမံနိုင်လျှင် မည်သို့ဖြစ်လာမည်နည်း။ နိုင်ငံတစ်ခု၏ ကြွေးမြီသည် နိုင်ငံ့စီးပွားရေးအရွယ်အစားနှင့် နှိုင်းယှဉ်လျှင် ကြီးသထက် ကြီးလာသည့်အခါ ကြွေးမြီဈေးကွက် (credit market) များတွင် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်လာပါမည်။ ကြွေးမြီ-ဂျီဒီပီ အချိုး (debt/GDP ratio) များသည့် အစိုးရတစ်ရပ်ထံသို့ ချေးငွေများ ထုတ်ချေးပါက ၎င်းအစိုးရမှ ပြန်မဆပ်နိုင်မည့် အန္တရာယ်နှင့် ရင်ဆိုင်ရဖွယ် ရှိပါသည်။ အကျိုးအားဖြင့် ကြွေးလည်ပင်းခိုက်နေသည့် အစိုးရသည် အတိုးနှုန်းများ ပိုမိုမြင့်မားစွာ ပေးရမည်ဖြစ်သည်။ ထိုမှတဆင့် မြင့်မားသည့် အတိုးနှုန်း ကုန်ကျမှုများကြောင့် အသုံးစရိတ်အား ထိန်းချုပ်ရန်နှင့် သင့်တင့်လျောက်ပတ်သည့် အခွန်နှုန်းထားများဖြင့် ပြည်သူများ အပေါ် အခွန်ကောက်ခံရန် ပိုမိုခက်ခဲသွားစေပါလိမ့်မည်။ ဝင်ငွေနှင့်ယှဉ်လျှင် ကြွေးမြီဆက်လက်

မြင့်တက်နေပါက ရင်းနှီးမြှုပ်နှံသူများသည် အမေရိကန်ဘဏ္ဍာရေး ဝန်ကြီးဌာနထုတ် ငွေချေးစာချုပ်များ ဝယ်ယူရန် တွန့်ဆုတ်လာကြမည် ဖြစ်သည်။ အဆုံးသတ်တွင်တော့ အစိုးရက အကြွေးလုံး၀ မဆပ်နိုင်တော့ခြင်း သို့မဟုတ် ငွေကြေးရိုက်နှိပ်ခြင်းဖြင့် အကြွေးဆပ်ပြီး ငွေကြေးဖောင်းပွမှုတို့ဖြစ်လာနိုင်ပါသည်။ ဤနည်းဖြင့် ငွေကြေးအကြပ်အတည်းတစ်ခုဆီသို့ ဦးတည်သွားစေနိုင်ပါသည်။ မည်သို့ဖြေရှင်းသည်ဖြစ်စေ စီးပွားရေး ယိုယွင်းမည့် ဆိုးကျိုးသက်ရောက်မှုများ ရှိမည်ဖြစ်သည်။ အစိုးရအနေဖြင့် ငွေကြေးအခြေအနေများကို ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ရန် ပျက်ကွက်ခဲ့သောနိုင်ငံများတွင် စီးပွားရေး ယိုယွင်းမှုများ ဖြစ်ပေါ်ခဲ့သည်။ အမေရိကန်ပြည်ထောင်စုသည်လည်း အဆိုပါဘောဂဗေဒ နိယာမ၏ သက်ညှာမှု ရရှိလိမ့်မည် မဟုတ်ပေ။

ပြည်ထောင်စုအစိုးရအနေဖြင့် ဘတ်ဂျက်လိုငွေနှင့် နောင်လာမည့်နှစ်များအတွက် ချေးယူသုံးစွဲခြင်းကို အကန့်အသတ်ဖြင့် လုပ်ဆောင်ရန် လွန်စွာအရေးကြီးပါသည်။ ယင်းသို့ကန့်သတ်ထိန်းချုပ်ရန်မှာ နိုင်ငံရေးစည်းမျဉ်းများတွင် အပြောင်းအလဲမလုပ်ပါပဲနှင့် မည်သို့မှ လုပ်ဆောင်ရန်မဖြစ်နိုင်ပါ။ အခွန်ကောက်ခံလိုသည်ထက် ပိုမိုသုံးစွဲလိုသည့် နိုင်ငံရေးသမားများအား အခက်တွေ့စေမည့် စည်းမျဉ်းအဖြစ် ပြောင်းလဲပေးရန် လိုအပ်ပါသည်။ ယင်းသို့ပြောင်းလဲပေးနိုင်သည့်နည်းလမ်းများစွာရှိပါသည်။ ပြည်နယ်အစိုးရအများစုက သူတို့၏ ဘတ်ဂျက်များ ချိန်ညှိသုံးစွဲရန်လိုအပ်သကဲ့သို့ ဗဟိုအစိုးရသည်လည်း ၎င်း၏ ဘတ်ဂျက်အား ချိန်ညှိသုံးစွဲရန် လိုအပ်စေမည့်အခြေခံဥပဒေပြင်ဆင်မှု လုပ်ဆောင်ရမည်ဖြစ်သည်။ သို့မဟုတ် အသုံးစရိတ်အဆိုတင်သွင်းခြင်းနှင့်ဗဟိုအစိုးမှ တိုး၍တိုး၍ ငွေချေးယူနိုင်ခြင်း ကိစ္စရပ်များတွင် လွှတ်တော်နှစ်ရပ်လုံး၏ မဲ ၃ ပုံ ၂ ပုံသို့မဟုတ် ၄ ပုံ ၃ ပုံဖြင့် အတည်ပြုနိုင်မှသာ ငွေချေးနိုင်မည့် လိုအပ်ချက်တစ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြင်ဆင်ရန် လိုပါသည်။ သို့မဟုတ် ယခုနှစ်အသုံးစရိတ်ကို ယခင်နှစ်အခွန်ဘဏ္ဍာငွေအရကန့်သတ်သုံးစွဲစေခြင်း ဖြစ်သည်။ တင်ပြခဲ့သော အဆိုပါစည်းမျဉ်းများအရ ဥပဒေပြုအမတ်များအနေဖြင့် အစိုးရဝန်ဆောင်မှုများအတွက် အခွန်မကောက်ခံလိုလျှင် သုံးစွဲမှုပိုမိုခက်ခဲအောင်ထိန်းကျောင်းပေးခြင်းဖြစ်သည်။

ယင်းစည်းမျဉ်းအပြောင်းအလဲများက အစိုးရဘတ်ဂျက် ထိန်းချုပ်မှုကို တင်းကြပ်စေပြီးဥပဒေပြု အမတ်များကိုလည်း အစိုးရအစီအစဉ်များအပေါ် ပိုမိုအလေးဂရုပြု သုံးသပ်စေသည်။ ဤသို့ဖြင့် အစိုးရ၏ အသုံးအစွဲများကို ချွေချွေတာတာဖြင့် ထိထိရောက်ရောက် သုံးစွဲလာစေသည်။

## ၆။ အစိုးရက လူတစ်စုကောင်းစားရေးအတွက် အခြားသူများ၏ ကုန်ကျငွေဖြင့် အကူအညီများ ပေးနေလျှင် စီးပွားရေးတိုးတက်မှုကို နှေးကွေးစေလိမ့်မည်။

*သာမန်ပြည်သူတို့ထံမှ အခွန်အခများကို အလွယ်တကူကောက်ခံရယူပြီး ယင်းဘဏ္ဍာငွေများကို မိမိမဲရုံများအတွက် အားထားရသော ထောက်ခံမဲပေးမည့် သူများအတွက် ဖြုန့်ဖျက်သုံးစွဲခြင်းသည် နိုင်ငံရေးလက်နက် (မကြာခဏဆိုသလို*

*နိုင်ငံရေး ရည်မှန်းချက်) ဖြစ်နေတတ်သည်။ လိုအပ်သည့် ထောက်ခံမှု ရရှိရေးကိုသာ အလေးထားလာသည်နှင့်အမျှ နိုင်ငံရေးဆိုသည်မှာ တွက်ချက်မှုဖြင့် လိမ်လည် လှည့်စားသည့် အတတ်ပညာ သို့မဟုတ် ပိုမိုတိကျစွာ ဆိုရလျှင် လူမသိအောင် လိမ်လည်နည်းပင် ဖြစ်သည်။* ၈

- JAMES R. SCHLESINGER (ကာကွယ်ရေးဝန်ကြီးဟောင်း)

ပုဂ္ဂလိက ကြွယ်ဝချမ်းသာမှုကို ဖြစ်စေသည့် နည်းလမ်း ၂ သွယ်ရှိသည်။ ယင်းတို့မှာ ကုန်ထုတ်လုပ်ခြင်းနှင့် အတင်းအဓမ္မလုယက်ယူခြင်းတို့ ဖြစ်သည်။ လူတို့က ကုန်စည်များ သို့မဟုတ် ဝန်ဆောင်မှုများထုတ်လုပ်ခြင်း၊ ယင်းမှ ရရှိသည့် ဝင်ငွေများမှ မိမိလိုအပ်သည်များကို ဝယ်ယူသုံးစွဲခြင်းဖြင့် ဘဝအခြေ မြင့်လာနိုင်သည်။ ဤနည်းလမ်းဖြင့် ငွေရှာခြင်းသည်မိမိနှင့် ရောင်းဝယ်ဖောက်ကားသူ မိတ်ဖက်များကို ကူညီရာရောက်ပြီး လူ့အဖွဲ့အစည်း၏ ဥစ္စာဓနကိုလည်း တိုးပွားစေသည်။ သို့သော် အချို့ပုဂ္ဂိုလ်များသည် အခြားသူတို့၏ ထုတ်လုပ်မှုများကို မတရား သိမ်းယူခြင်းဖြင့် မိမိဘဝ အနေချောင်အောင် လုပ်တတ်ကြသည်။ အဆိုပါနည်းလမ်းဖြင့် ကြွယ်ဝချမ်းသာအောင် လုပ်ခြင်းသည် လူ့အဖွဲ့အစည်းအတွက် ဝင်ငွေပိုများလာအောင် ဆောင်ကြဉ်းပေးနိုင်ခြင်း မရှိတော့ပေ။ အကြောင်းမှာ တစ်ဦး၏ ဥစ္စာရရှိမှုသည် အခြားတစ်ဦးအတွက် ဥစ္စာဆုံးရှုံးမှုဖြစ်သောကြောင့် ဖြစ်သည်။ ဒုတိယနည်းသည် အရင်းအမြစ်များကို အလဟဿ ဖြစ်စေပြီး လူ့အဖွဲ့အစည်း၏ ဥစ္စာဓနကိုလည်း လျှော့နည်းစေသည်။

အစိုးရအနေဖြင့် ထုတ်လုပ်မှုအားကောင်းသည့် လုပ်ဆောင်ချက်များကို အားပေးပြီး မတရားနည်းဖြင့် အဓမ္မရယူခြင်းကို ဟန့်တားပေးနိုင်လျှင် စီးပွားရေးကြွယ်ဝချမ်းသာမှုကို ဖြစ်ပေါ်စေမည် ဖြစ်သည်။ ကြွယ်ဝချမ်းသာမှုဆိုင်ရာ ရပိုင်ခွင့်များကို အကာကွယ်ပေးခြင်း၊ သဘောတူညီချက်စာချုပ်များအား ကြပ်မတ်ပေးခြင်းဖြင့် အဂတိကင်းသည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ရပ်တည်သည့် အစိုးရတစ်ရပ်သည် ယင်းရည်ရွယ်ချက်ကို အတတ်နိုင်ဆုံး ဆောင်ကြဉ်းပေးနိုင်ပါသည်။ တိုင်းပြည်တစ်ပြည်တွင် တပါးသူတို့၏ ကြွယ်ဝချမ်းသာမှုကို မတရားရယူရန် ခက်ခဲစေသည့် ထိရောက်သည့် ဥပဒေ ပြဋ္ဌာန်းထားရှိသည့်အခါ အရင်းအမြစ်အနည်းငယ်သာ မသမာသူများ၊ အဓမ္မဝါဒီများထံရောက်ရှိသွားမည်ဖြစ်သည်။ ထို့ပြင် အဆိုပါ နစ်လိုဖွယ်ကောင်းသော အခြေအနေတွင် မတရားသိမ်းပိုက်ရယူမှုများမှ ကာကွယ်ရာတွင် အရင်းအမြစ်များလည်း မဆိုစလောက်သာ သုံးစွဲရန်လိုအပ်တော့မည်ဖြစ်သည်။

ခေတ်သစ်ကမ္ဘာတွင် အစိုးရကိုယ်တိုင်သည်ပင်လျှင် မတရားသိမ်းပိုက်ရယူရာတွင် အသုံးချခံရသည့် အဖွဲ့အစည်း ဖြစ်နေတတ်သည်။ စည်းရုံးရေးလုပ်ငန်း၊ နိုင်ငံရေးမဲဆွယ်ပွဲများနှင့် အစိုးရမှ "မျက်နှာသာပေးခံရအောင် ဆောင်ရွက်ခြင်း" တို့တွင် အရင်းအမြစ်များသုံးစွဲပြီး ပုဂ္ဂလိက (သို့မဟုတ် အကျိုးစီးပွားတူအုပ်စု) အကျိုးအတွက် နိုင်ငံရေးလုပ်ငန်းစဉ်ကို အသုံးချခြင်းမျိုး ဖြစ်သည်။ ၎င်းတို့ရရှိသည့် အကျိုးကျေးဇူးသည့် အခြားသော အခွန်ထမ်းများ၏ အခွန်မှ ကျခံရခြင်းဖြစ်သည်။ အစိုးရတစ်ရပ်အနေဖြင့် အစိုးရစီမံခန့်ခွဲသည့် စီမံကိန်းများ၏ ကုန်ကျစရိတ်ကို အဓိက

အကျိုးခံစားသူများအား ခွဲတမ်းချ ကျခံစေရန် ပျက်ကွက်သည့်အခါ (ဥပမာ အသုံးပြုခများ) သို့မဟုတ် ဝင်ငွေလွှဲပြောင်းသည့် ကိစ္စရပ်များ (income transfer activities) တွင် အင်တိုက်အားတိုက် လုပ်ဆောင်သည့်အခါ ပြည်သူတို့သည် နိုင်ငံရေးသမားများအား စည်းရုံးချဉ်းကပ်သည့် အလုပ်သာ လုပ်ကြပြီး ကုန်စည်များနှင့် ဝန်ဆောင်မှုများ ထုတ်လုပ်ခြင်းတွင် အားစိုက်ထုတ်တော့မည် မဟုတ်ပေ။ ဉစ္စာဓနနှင့် ဝင်ငွေများ ရှာဖွေရာတွင် အသုံးပြုရမည့်အစား စီးပွားရေးအကျိုးအမြတ်ဂေစု (economic pie) ရရှိဖို့အတွက်တွင်သာ အရင်းအမြစ်များကို ဖြုန်တီးကြသည့်အတွက် စီးပွားရေးဂေစုမှာလည်း တိုးပွားလာမည် မဟုတ်ပေ။

မှတ်ချက်။ ။ဘောဂဗေဒသမားများက စည်းရုံးသိမ်းသွင်းခြင်း (lobbying)နှင့် အမျိုးမျိုးသော မျက်နှာသာပေးခံရအောင်လုပ်သည့် ဆောင်ရွက်ချက်များ (favor-seeking activities) ကို စီးပွားရေးအမြတ်ထုတ်မှု (rent-seeking) ဟု သုံးနှုန်းပါသည်။

ဝင်ငွေလွှဲပြောင်းမှုများနှင့် ထောက်ပံ့ကြေးတို့သည် ယခုအခါ ဗဟိုအသုံးစရိတ်၏ ထက်ဝက် နီးပါးရှိနေသည်။ လူမှုဖူလုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု ထောက်ပံ့ကြေးများသည် အကြီးစား အသုံးစရိတ်ဖြစ်သော်လည်း လွန်ခဲ့သော ဆယ်စုနှစ်က ဗဟိုငွေကြေး ထောက်ပံ့မှုအစီအစဉ် ၁၄၂၅ ခုသာ ရှိနေရာမှ ၂၀၁၀ ခုနှစ်တွင် အစီအစဉ် ၂၀၀၀ ကျော်ရှိလာသည်။[၁၀] ခြောက်သွေ့မြေများ အတွက် ရေသွင်းမြောင်းများ၊ အီသနော လောင်စာဆီ၊ အိမ်ခြံမြေ ချေးငွေများ၊ လေယာဉ် တင်ပို့ခြင်း၊ လုပ်ငန်းငယ်များ အစတည်ထောင်ခြင်း၊ သီတင်းပတ် ခြောက်ပတ်ကျော်ကြာ အလုပ်လက်မဲ့ ဖြစ်နေသူများအား အလုပ်ခန့်အပ်ခြင်း၊ ဆိုလာပြားများ၊ တန်ဖိုးနည်းအိမ်ရာ ဆောက်လုပ်ခြင်း၊ ကမ္ဘာကြီး ပူနွေးလာမှုအတွက် သုတေသန၊ ကောလိပ်ကျောင်းသားများအား ချေးငွေထောက်ပံ့ ကူညီခြင်း၊ ပြောင်းနှင့် ဂျုံဂွမ်းမှ မြေပဲနှင့် ဂျုံအထိ စိုက်ပျိုးရေးထွက်ကုန်များ စသည်ဖြင့် မရေတွက်နိုင်သည့် အစီအစဉ်များတွင် ငွေကြေးထောက်ပံ့ခဲ့သည်။ စီးပွားရေးလုပ်ငန်းတစ်မျိုးပြီး တစ်မျိုးသည် ဝါရှင်တန်ဒီစီမှ ထောက်ပံ့ကြေးများ ရရှိရန်အတွက် အချိန်နှင့် အရင်းအမြစ်များကို သုံးစွဲနေကြပြီး ပိုမိုကောင်းမွန်သော ကုန်ပစ္စည်းများ၊ တွက်ချေကိုက်သည့် ပစ္စည်းများထုတ်လုပ်ရာတွင် သုံးစွဲမှု နည်းလာကြသည်။

အစိုးရ၏ အထွေထွေအသုံးစရိတ် များလာခြင်းနှင့် ထောက်ပံ့ကြေးများအား ထိန်းချုပ်ရန် ကြိုးစားမှုအား ခက်ခဲစေသည့်အရာမှာ အမေရိကန်နိုင်ငံသား ထက်ဝက်နီးပါးမှာ တစ်ဦးချင်းဝင်ငွေခွန် မပေးဆောင်ခြင်း ဖြစ်သည်။ ထို့ပြင် အခွန်မပေးဆောင်သည့် အခွန်ထမ်းများမှာ များသထက် များလာနေသည်။ အဆိုပါ အခွန်မထမ်းဆောင်သူများအနေဖြင့် အစိုးရအသုံးစရိတ်များ တိုးလာခြင်း အပေါ် ဆန့်ကျင်စရာလည်း အကြောင်းမရှိပေ။ အကြောင်းမှာ သူတို့အနေဖြင့် အဆိုပါအသုံးစရိတ်များ အတွက် ပေးဆောင်ရန် မျှော်မှန်းမထားသောကြောင့် ဖြစ်သည်။ တကယ်တမ်းပြောရလျှင် အခွန် ဆောင်သူများကသာ အစိုးရအသုံးစရိတ်များအတွက် ကုန်ကျခံရမည် ဖြစ်သောကြောင့် သူတို့ အနေဖြင့် အစိုးရဝန်ဆောင်မှုများနှင့် ဝင်ငွေလွှဲပြောင်းမှုများကို တိုး၍လုပ်ဆောင်ရန် နိုင်ငံရေး သမားများကို ဖိအားစရာ အကြောင်းပင် ရှိပါသည်။

ဂင်ငွေလွှဲပြောင်းမှုများနှင့် ထောက်ပံ့ကြေးများ တိုး၍လုပ်ဆောင်လာခြင်းသည် နိုင်ငံရေးဖြစ်စဉ်နှင့် ဈေးကွက်လုပ်ဆောင်ချက်တို့ကို အားပျော့စေသည်။ အစိုးရသည် အခွန်ထမ်းများထံမှ ရသည့် ဘဏ္ဍာငွေဖြင့် အချို့သောမဲဆန္ဒရှင်အုပ်စုများ၏ နိုင်ငံရေးရန်ပုံငွေထည့်ဂင်မှုနှင့် ထောက်ခံမှုများ ရယူ၍ ၎င်းတို့ မျက်နှာသာပေးသည့် အစီအစဉ်များတွင် သုံးစွဲကြသည်။ စကော့မန် အလက်ဇန်းဒါးတိုင်လာ၏ အပြောအရ " ဒီမိုကရေစီမှာ အရှည်တည်တံ့မည့် အစိုးရပုံစံတစ်ရပ် အနေဖြင့် ရပ်တည်နိုင်လိမ့်မည် မဟုတ်ပေ။ ပြည်သူ့ဘဏ္ဍာငွေတွေ သုံးစွဲပြီး သူတို့ကို မဲထည့်အောင် လုပ်နေတာလို့ မဲပေးသူတွေ တွေ့ရှိသွားတဲ့နေ့အထိဘဲ ရှိနိုင်တယ်။ အဲဒီက စပြီးတော့ ပြည်သူ့ဘဏ္ဍာကနေ အကျိုးအများဆုံးဖြစ်အောင် ဆောင်ရွက်ပေးမယ်လို့ ကတိပြုတဲ့ ကိုယ်စားလှယ်လောင်းတွေကိုသာ လူများစုက အစဉ်တစိုက် မဲပေးကြမှာ။ အကျိုးကတော့ လျော့ရဲရဲ ငွေကြေးမူဂါဒရှိတဲ့ ဒီမိုကရေစီဆိုတာ အမြဲ ကျဆုံးတတ်တယ်။"[၁၁]

မလိုလားဖွယ် အကျိုးဖြစ်စေသည့် အကျိုးမျှော်လုပ်ဆောင်ချက်များသည် ထိန်းချုပ်မှုမဲ့ ဒီမိုကရေစီတွင် အလိုအလျောက် ပေါက်ဖွားလာလေ့ရှိသည်။ လွှဲပြောင်းမှု ကြီးထွားလာကာ အစိုးရသုံးစွဲမှု မြင့်မားလာသည့်အခါ ဒီမိုကရက်စီ နိုင်ငံရေးသည် လက်ဖက်ရည်ဆိုင်တွင် အစားအစာလုသည့် ရန်ပွဲလိုပင် ဖြစ်သည်။ မြင့်မားသည့် အခွန်များသည် အကျိုးဖြစ်ထွန်းသည့် လုပ်ဆောင်ရွက်များ ဆောင်ရွက်လိုစိတ် လျော့နည်းစေပြီး စည်းရုံးသိမ်းသွင်းခြင်း၊ အကျင့်ပျက်ခြစားခြင်း၊ အခြားသော အကျိုးမရှိသည့် လုပ်ဆောင်ချက်များကိုသာ ကြီးထွားလာစေသည်။ ဘတ်ဂျက်လိုငွေ မြင့်မားလာပြီး စီးပွားရေးတိုးတက်မှုကို နှောင့်နှေးရပ်တန့်စေသည်။ ပိုင်ဆိုင်မှုအခွင့်အရေးများအား အခြေခံ ဥပဒေအရ အကာအကွယ်ပေးခြင်း၊ အစိုးရ အသုံးစရိတ်ကို ကန့်သတ်သုံးစွဲခြင်း၊ ငွေကြေးအထောက်အပံ့ခြင်းနှင့် အစိုးရချေးငွေများကို တည့်မတ်ပေးခြင်း အလုပ်များအား ဖွဲ့စည်းပုံအခြေခံဥပဒေကသာ မပြဌာန်းပေးထားလျှင် ဒီမိုကရေစီနည်းကျ ရွေးကောက်ခံထားရသော နိုင်ငံရေးသမားများသည် အရင်းအမြစ်များကို ဖြုန်းတီးပြီး အထွေထွေလူနေမှုအဆင့်အတန်းကို ထိခိုက်စေမည့် အစီအစဉ်များ ဆက်လက်လုပ်ဆောင်နေမည် ဖြစ်သည်။ အဆုံးသတ်တွင် အစိုးရအား ငွေချေးရန် ယုံကြည်စရာ မရှိတော့ခြင်း သို့မဟုတ် ငွေကြေးဖောင်းပွမှု သို့မဟုတ် နှစ်မျိုးစလုံးသို့ ဦးတည်စေမည် ဖြစ်သည်။


## ၇။ အစိုးရငွေ လွှဲပြောင်းမှုများမှ ရရှိသည့် အကျိုးကျေးဇူးသည် လွှဲပြောင်းမှုပမာဏထက် နည်းသည်။ အခါတရံ မတန်တဆပင် နည်းနေတတ်သည်။

၁၉၆၀ ကျော်နှစ်လယ်က အမေရိကန်ပြည်ထောင်စုတွင် ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေးကြေငြာသည့် အခါ လူ့အဖွဲ့အစည်းအတွင်း ငွေကြေးအဆင်မပြေသူများထံသို့ အမေရိကန်ပြည်သူတို့က ငွေကြေးအနည်းငယ်တိုး၍ လွှဲပြောင်းထောက်ပံ့ကူညီလိုစိတ်ရှိလျှင် ဆင်းရဲမွဲတေမှု လျှော့ချပေးနိုင်လိမ့်မည်ဟု အများကယုံကြည်ခဲ့ကြသည်။ အမေရိကန်ပြည်သူတို့အနေဖြင့် (အနည်းဆုံးတော့ ရွေးကောက်ခံ

နိုင်ငံရေးကိုယ်စားလှယ်များသည်) ယင်းသို့ လုပ်ဆောင်ရန် ဆန္ဒရှိခဲ့ကြပြီး ဂင်ငွေလွှဲပြောင်းမှု အစီအစဉ်များလည်း သိသိသာသာ တိုးချဲ့လုပ်ဆောင်ခဲ့သည်။ နိုင်ငံ့ဂင်ငွေအားလုံး၏ အချိုးဖြင့် ဖော်ပြရလျှင် ဆင်းရဲသားများထံ (ဥပမာ- မိုမိုသူကလေးများ များရှိသော မိသားစုများအတွက် အထောက်အပံ့များ၊ အစားအသောက် ဂယ်ယူနိုင်သည့် ကူပွန်များ၊ ဆေးဂါးကုသစောင့်ရှောက်မှုများ အနေဖြင့်) ဂင်ငွေလွှဲပြောင်းမှုက ၁၉၆၅-၇၅ ပြည့်နှစ် ကာလ များတွင် ၂ ဆထိ မြင့်တက်ခဲ့သည်။ ၁၉၇၅ခုနှစ်မှစ၍ ဂင်ငွေလွှဲပြောင်းပေးမှုများသည် အမျိုးသားဂင်ငွေ (national income) မှ တိုး၍တိုး၍ ခွဲဝေသုံးစွဲခဲ့သည်။

ရည်ရွယ်ချက်ကောင်းကောင်းဖြင့် ဆောင်ရွက်သည့် လုပ်ရပ်တိုင်းသည် လိုချင်သည့် အကျိုး ရလာဒ် ထွက်ပေါ်မလာတတ်သည် သတိချပ်စေလိုပါသည်။ ဆင်းရဲမှု တိုက်ဖျက်ရေးမှာလည်း အဆိုပါ အချက်ကို ထောက်ပြသည့် ဥပမာတစ်ခုပင် ဖြစ်ပါသည်။ ပုံ ၉ တွင် တွေ့မြင်ရသကဲ့သို့ ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေး မလုပ်ဆောင်မီက ဆင်းရဲမွဲတေမှု အလျင်အမြန်ကျဆင်းနေသည်ကို တွေ့ရသည်။ ၁၉၄၇ ခုနှစ်တွင် ၃၂% ရှိနေရာမှ ၁၉၆၅ ခုနှစ်တွင် ၁၃.၉%သို့ ကျဆင်းသွားခြင်းဖြစ်သည်။ သို့သော် ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးအတွက် ဂင်ငွေလွှဲပြောင်းမှုအစီအစဉ် စတင်ခဲ့သည့်နောက် ၁၉၆ဂ ကျော် နှောင်းပိုင်း နှစ်အနည်းငယ်အထိသာ ဆက်လက်ကျဆင်းခဲ့သော်လည်း ကျဆင်းမှုနှုန်း နှေးကွေးသွား ခဲ့သည်။ သည့်နောက် ဆင်းရဲမွဲတေမှုနှုန်းဆက်လက်ကျဆင်းရမည့်အစား ရပ်တန့်သွားခဲ့သည်။ ၁၉၇ဂ ခုနှစ်မှ စ၍ ၁ဂ% အတိုးအလျှော့ဖြင့် ဘောင်ဘင်ခတ်ခဲ့သည်။၂ဂဂ၅ ခုနှစ်တွင် ဆင်းရဲမှုနှုန်းမှာ ၉.၉% ရှိပြီး ၂ဂဂ၈ ခုနှစ်တွင် ၁ဂ.၈% ရှိနေသောကြောင့် ယခင်ဆယ်စုနှစ်လေးခုလောက်က အနေ အထားနှင့် အတူတူနီးပါးပင် ဖြစ်သည်။ ငွေကြေးဖောင်းပွမှုကို ထည့်တွက်ပြီးနောက် တစ်ဦးချင်း ဂင်ငွေသည် ၁၉၆၅ ခုနှစ်မှစ၍ ၂ ဆကျော်ဖြစ်ခဲ့သော်လည်း ဆင်းရဲမွဲတေမှု မလျှော့ချနိုင်ခြင်းမှာ ထူးဆန်းနေသည်။

Percent of Families Below Poverty Rate




**Source: U.S. Dept. of Commerce, *Characteristics of the Population Below the Poverty Level: 1982, Table 5;* and U.S. Census Bureau, Historical Poverty Tables_Families. [http://www.census.gov/hhes/www/poverty/histpov/hstpov4.xls](http://www.census.gov/hhes/www/poverty/histpov/hstpov4.xls).**

ဂင်ငွေလွှဲပြောင်းမှုအစီအစဉ်များ မည်သည့်အတွက်ကြောင့် မထိရောက်ပါသလဲ။ ဘောဂဗေဒ လေ့လာဆန်းစစ်မှုအရ ယင်းအစီအစဉ်၏ ထိရောက်မှုအပေါ် ယေဘုယျကျကျ အဆိုပြုချက်တစ်ခု ပေးထားပါသည်။ လွှဲပြောင်းခြင်းဖြင့် ငွေလက်ခံရရှိသူများမှာ ရေရှည်တွင် သူတို့၏ ဘဂမြှင့်တင်နိုင်မှု အပေါ် ထိရောက်မှု အလွန်နည်းပါသည်။ တစ်ဖန် ယင်းအဆိုပြုချက်က မရည်ရွယ်သည့် ဆင့်ပွား သက်ရောက်မှုများကိုလည်း ဖော်ပြထားပါသည်။[၁၂]

မည်သူတို့အား ဦးတည်လွှဲပြောင်းပေးသည်ဖြစ်စေ ဂင်ငွေလွှဲပြောင်းခြင်းများ ထိရောက်မှု အားနည်းရသည့် အဓိကအကြောင်းရင်း ၃ ရပ်ရှိပါ သည်။

***ပထမအကြောင်းရင်းမှာ အစိုးရမှ ဂင်ငွေလွှဲပြောင်းမှုများ တိုးမြှင့်လုပ်ဆောင်လာခြင်းကြောင့် အခွန်ထမ်း-အလှူရှင် (taxpayer-donor)နှင့် ဂင်ငွေလွှဲပြောင်းလက်ခံသူတို့ ၂ ဦး လုံးအတွက် မက်လုံးများကို လျော့နည်းစေသည်။*** အကျိုးဆက်အားဖြင့် စီးပွားရေးတိုးတက်မှု နှောင့်နှေးစေပါသည်။ ဂင်ငွေဆိုသည်မှာ ကောင်းကင်ဘုံမှ ကျလာသည့် သကြားမင်းလက်ဆောင် မဟုတ်ပါ။

အလားတူစွာပင် အမျိုးသားဂင်ငွေဆိုသည်မှာ နိုင်ငံတစ်ပှမ်းရှိ လူများအား အစိုးရမှ စီစဉ်၍ စီပွားရေးခွဲတမ်းမျိုးစုံ ပေးအပ်နိုင်သည့် စီးပွားရေးအကျိုးအမြတ်တစ်ခု မဟုတ်ပေ။ ဆန့်ကျင်ဘက်

အားဖြင့် ဂင်ငွေဆိုသည်မှာ လူပုဂ္ဂိုလ်တို့က လုပ်ကိုင်ရှာဖွေရခြင်းမျိုး ဖြစ်သည်။ ဂယ်ယူသူတို့အတွက် ကုန်စည်နှင့် ဂန်ဆောင်မှုများ ထုတ်လုပ်ပံ့ပိုးခြင်းဖြင့် ဂင်ငွေရှာဖွေကြရသည်။ အမျိုးသားဂင်ငွေကို လူသန်းပေါင်းများစွာတို့၏ လုပ်ဆောင်ချက်များက ပြဌာန်းသည့် စီးပွားရေးအကျိုးအမြတ်အဖြစ် ရှုမြင်နိုင်ပြီး လူပုဂ္ဂိုလ်တစ်ဦးချင်းစီသည် ယင်းအကျိုးအမြတ်မှ ကိုယ်လိုချင်သည့် ဂေစုပမာဏရရှိရန် ကုန်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုများ အသီးသီးပြုကြရသည်။ အသီးသီး ကြိုးစားလုပ်ကိုင် ရှာဖွေထားသည့် စီးပွားရေးဂေစုအား ပြန်လည်ခွဲဂေပေးမည်ဆိုလျှင် ပုဂ္ဂိုလ်အသီးသီးတို့၏ လုပ်အား စိုက်ထုတ်မှုနှင့် တီထွင်ဆန်းသစ်မှုများလည်း လျော့နည်းသွားပေလိမ့်မည်။

ဂင်ငွေလွှဲပြောင်းမှုများ တိုးမြှင့်လုပ်ဆောင်ရန်အတွက် အခွန်များတိုးမြှင့်ကောက်ခံသည့်အခါ အခွန်ထမ်းများအနေဖြင့် ကုန်ထုတ်လုပ်၍ ငွေရှာရာတွင် ရင်းနှီးမှုများ မပြုလုပ်လိုကြတော့ပဲ သူတို့ ရှာထားသမျှငွေများကို သိမ်းဆည်းထားနိုင်ရန်အတွက် အခွန်ဆောင်ခြင်းမှ ရှောင်လွှဲနိုင်မည့် နေရာများတွင်သာ ရင်းနှီးမြှုပ်နှံရန် စိတ်အားထက်သန်လာကြမည် ဖြစ်သည်။ အလားတူပင် ဂင်ငွေ လွှဲပြောင်းလက်ခံရသူသည်လည်း ဂင်ငွေမြင့်မားလာသည်နှင့်အမျှ ယင်းမှရရှိသည့်အကျိုး ကျေးဇူးများမှာ ကျဆင်းလာပြီး လက်ခံရရှိသူကလည်း ငွေရှာလိုသည့် စိတ်ဆန္ဒလျော့နည်းလာမည်။ ယင်းသို့အကျိုးဆုတ်ယုတ်မှုများ ပေါ်ပေါက်လာသည့်အတွက် ဂင်ငွေတိုးလာသည့်တိုင်အောင် အသားတင်တိုးတက်မှုမှာ အနည်းအကျဉ်းသာ ဖြစ်မည်။ ထို့ကြောင့် အခွန်ထမ်းများဖြစ်စေ၊ ဂင်ငွေ လွှဲပြောင်းရယူခံစားရသူများဖြစ်စေ လွှဲပြောင်းမှုအစီအစဉ် မရှိစဉ်ကလောက်ပင် ထုတ်လုပ် ရှာဖွေနိုင်စွမ်း မရှိတော့ပေ။

ကြိုးစားအားထုတ်မှုများအပေါ် ဂင်ငွေလွှဲပြောင်းမှုအားလုံးလိုလို၏ အပျက်သဘော အကျိုးသက်ရောက်မှုကို သိရှိစေရန် စာသင်နှစ်အစတွင် ပါမောက္ခတစ်ဦးက ယခုကဲ့သို့ ကြေငြာလိုက်သည်။ ၎င်းမှာ မည်သူတစ်ဦးတစ်ယောက်မှ အဆင့် "စီ"အောက် မကျရန်အတွက် ကျောင်းသူကျောင်းသားများ၏ စာမေးပွဲရမှတ်အားလုံးကို ခွဲဂေပေးမည်။ ယင်းကြေငြာချက်အား ကျောင်းသူကျောင်းသားများ မည်သို့တုန့်ပြန်မည်ကို စဉ်းစားကြည့်ပါ။ ယင်းအစီအစဉ်အရ စာမေးပွဲများတွင် ပျမ်းမျှရမှတ် ၉၀% နှင့်အထက် ရရှိထားကြသည့် အတန်းသားများကလည်း သူတို့အမှတ်များကို ပျမ်းမျှ အဆင့်ဒီနှင့် အက်ဖ်သာ ရှိသည့် ကျောင်းသူကျောင်းသားများကို ခွဲဂေပေးရမည်ဆိုခြင်းကြောင့် သူတို့ရမှတ်များ ဆုံးရှုံးရလိမ့်မည်။ သို့ဖြစ်၍ အားလုံးအတွက် ညီမျှသည့် အဆင့်ခွဲဂေခြင်းလုပ်ဆောင်ရန် အဆင့်ဘီရသည့် ကျောင်းသားများကလည်း ရမှတ်နည်းသည့် အတန်းသားများနှင့် အလားတူ ခွဲဂေပေးရဦးမည်။

ထိုအခါ အေနှင့် ဘီအဆင့်ကျောင်းသားများက အခြားသူများ အကျိုးရှိဖို့အတွက် သူတို့ အားထုတ်မှုများကို အခွန်အခသဖွယ် ပေးဆပ်ရမည်ဆိုသည့်အခါ အေနှင့်ဘီအဆင့် ကျောင်းသားများ အနေဖြင့် ကြိုးစားအားထုတ်မှု လျော့နည်းမည်ဟု သံသယရှိပါသလား။ စီ နှင့် ဒီ ကျောင်းသားများကလည်း သူတို့၏ မကြိုးစားမှုအတွက် ကျရှုံးမှုမဖြစ်လဲ အမှတ်လွှဲပြောင်းပေးလာမည် ဖြစ်ရာ ကြိုးစားအားထုတ်လိုတော့မည် မဟုတ်ပေ။ အက်ဖ်သမားများကလည်း စာမကြိုးစားသည့်တိုင် အောင်မှတ်များရနေဦးမည်ဟု တွေးတောနေပါလိမ့်မည်။ မှန်းဆကြည့်လျှင်ပင် ကျောင်းသားများ

ကြိုးစားအားထုတ်မှု နည်းလာခြင်း ရလာဒ်သာ ထွက်ပေါ်လာမည်ဖြစ်ပြီး စုစုပေါင်းရမှတ်နှင့် အတန်းအောင်မှု ကျဆင်းလာလိမ့်မည်။ အလားတူ အခွန်ငွေများ လွှဲပြောင်းခြင်း အစီအစဉ်သည်လည်း ဤကဲ့သို့ သက်ရောက်မှုမျိုးရှိပါသည်။ ဂင်ငွေအဆင့်နည်းသည့်သူများ ကြိုးစားအားထုတ်မှု နည်းလာပါမည်။

***ဒုတိယအကြောင်းရင်းမှာ အစိုးရမှ ငွေကြေးလွှဲပြောင်းပေးမှုအား အပြိုင်အဆိုင်ရယူကြသည့်အတွက် အကျိုးခံစားခွင့်ရှိစေလိုသူများ၏ ရေရှည်အကျိုးသက်ရောက်မှု ပျက်စီးသွားသည်။*** အစိုးရများအနေဖြင့် ဂင်ငွေလွှဲပြောင်းမှုလက်ခံရယူခြင်းနှင့် အခြားနိုင်ငံရေးမျက်နှာသာပေးမှုများအပေါ် စံနှုန်းတစ်ခု သတ်မှတ်ထားရှိရမည် ဖြစ်သည်။ သို့မဟုတ်ပါက လွှဲပြောင်းခြင်းများသည် ဘတ်ဂျက် အသုံးစရိတ်ကိုသာ လုံးပါးပါးစေမည်ဖြစ်သည်။ ယေဘုယျအားဖြင့် လွှဲပြောင်းလက်ခံရယူသူသည် တစ်စုံတစ်ခု ပိုင်ဆိုင်မှုပြရန်၊ တစ်စုံတစ်ရာ ဆောင်ရွက်နေရန် သို့မဟုတ် တစ်စုံတစ်ခုဖြစ်နေသည်ကို ပြရန် လိုအပ်ချက်ကို အစိုးရမှ သတ်မှတ်ပေးရပေလိမ့်မည်။ ယင်းသို့သတ်မှတ်ထားရှိသည့်တိုင်အောင် "အလကားရမည့်" ငွေ သို့မဟုတ် အခြားနည်းဖြင့် အစိုးရမျက်နှာသာပေးမှုများအတွက် သတ်မှတ်ချက်များနှင့် ကိုက်ညီအောင် အပြုအကျင့်များကို လူပုဂ္ဂိုလ်တို့က ပြောင်းလဲပြင်ဆင်ကြလိမ့်မည်။ ထိုအခါ လွှဲပြောင်းမှုများမှရရှိမည့် အသားတင်အကျိုးအမြတ်မှာလည်း ကျဆင်းသွားမည် ဖြစ်သည်။

အမေရိကန်အစိုးရက နံနက်၉နာရီနှင့် ညနေ၅နာရီအကြား အပတ်စဉ်တိုင်း အမေရိကန် ဘဏ္ဍာရေးဂန်ကြီးဌာနရှေ့တွင် တန်းစီစောင့်ဆိုင်းသမျှ လူအားလုံးကို ဒေါ်လာ ၅ဂ ပေးဂေမည် ဆိုပါစို့။ ထိုအခါ လူများတန်းစီကြမည်ဖြစ်သည်။ ယင်းလူတန်းကြီးမှာ မည်မျှရှည်ပါမည်လဲ။ မိမိတို့၏ အားလပ်ချိန်များနှင့်ကုန်ထုတ်လုပ်မှုများထဲမှ လူပုဂ္ဂိုလ်တို့အနေဖြင့် အချိန်မည်မျှသုံးစွဲကြပါမည်နည်း။ လူတစ်ဦး၏အချိန်သည် တစ်နာရီလျှင် ၅ ဒေါ်လာတန်ကြေးရှိပါက ထိုသူက ဒေါ်လာ ၅ဂအတွက် ၁ဂ နာရီနီးပါး တန်းစီစောင့်ဆိုင်းပါလိမ့်မည်။ သို့သော် ထိုမျှလောက် လုပ်အားခ တန်ကြေး မရှိသူများက ဆိုပါစို့၊ တစ်နာရီလုပ်ခ ၃ ဒေါ်လာ သို့မဟုတ် ၄ ဒေါ်လာ မျှသာရသည့် သူများအနေဖြင့် ၁ဂနာရီစာ မက တန်းစီမည်ဖြစ်သည်။ တန်းစီစောင့်ဆိုင်းခြင်းကြောင့် ကုန်ဆုံးသွားသော အချိန်များသည် ဒေါ်လာ ၅ဂ လွှဲပြောင်းရာတွင် ကုန်ဆုံးခဲ့ရကြောင်း စောင့်ဆိုင်းသူ အသီးသီးက သဘောပေါက်ပေလိမ့်မည်။ ယင်းလွှဲပြောင်းမှုအစီအစဉ်အား ထောက်ခံသူများက တန်းစီရယူသူများ အနေဖြင့် ဒေါ်လာ ၅ဂ အကျိုး အမြတ်ပိုများလာသည်ဟု ဆိုလျှင် အလွဲကြီးလွဲနေပြီ ဖြစ်သည်။

လွှဲပြောင်းခြင်းအစီအစဉ် (transfer program)သည် အကျိုးခံစားစေချင်သူများအပေါ် အဘယ်ကြောင့် အထောက်အကူ များများစားစား မဖြစ်စေသည်ကို ရိုးရှင်းစွာ ဥပမာပေးထားခြင်း ဖြစ်သည်။ အကျိုးခံစားရမည့်သူများက လွှဲပြောင်းမှု ခံစားရန်အတွက် (ဥပမာအားဖြင့် တန်းစီ စောင့်ဆိုင်းခြင်း၊ ပုံစံဖြည့်ခြင်း၊ အစိုးရတာဂန်ရှိသူများကို မျက်နှာချိုသွေးခြင်း၊ စစ်ဆေးမှုခံယူခြင်း၊ နှောင့်နှေးမှုများ သည်းခံစောင့်ဆိုင်းခြင်း စသည့်) လိုအပ်ချက်များ ပြည့်မီရေးအတွက် ကြိုးပမ်းနေ ရသည်နှင့်ပင် သူတို့ရရှိမည့် အကျိုးကျေးဇူးများစွာမှာဆုံးရှုံးသွားပြီ ဖြစ်သည်။ ထိုနည်းတူစွာပင်

အကျိုးခံစားရမည့်သူများက ပံ့ပိုးငွေရရှိရန်အတွက် (ဥပမာအားဖြင့် ဂျုံစိုက်ပျိုးရေးအတွက် ပံ့ပိုးငွေများ ရရှိရန်အတွက် ဂျုံထုတ်လုပ်မှုမှတ်တမ်းရှိသည့် ယာမြေ သို့မဟုတ် အငှားယာဉ် ပြေးပိုင်ခွင့်လိုင်စင် သို့မဟုတ် နိုင်ငံခြားသားများထံ ထုတ်ကုန်ရောင်းခွင့်လိုင်စင်စသည်ဖြင့်) တစ်စုံတစ်ရာ ပိုင်ဆိုင်ကြောင်း တင်ပြရသည့်အခါ ထောက်ပံ့ကြေးငွေရရှိအောင် ဆောင်ရွက်မည့် ယင်းပစ္စည်းများအား အလုအယက်ဝယ်ယူကြသဖြင့် ဈေးနှုန်းမှာ မြင့်တက်သွားမည်ဖြစ်သည်။ အငှားယာဉ်လိုင်စင် သို့မဟုတ် ဂျုံစိုက်ပျိုးသည့် မြေယာများ ဈေးတက်သွားသည့်အတွက် ငွေကြေး ပံ့ပိုးမှု၏ တန်ဖိုးမှာ မဖြစ်စလောက်သာ ကျန်တော့မည်ဖြစ်သည်။

ဖော်ပြပါ ဥပမာအသီးသီးတွင် အကျိုးခံစားနိုင်ခြေရှိသူတို့က လွှဲပြောင်းမှုတန်ဖိုးများ အချည်းနှီး ဖြစ်သည်အထိ လိုအပ်ချက်နှင့် ကိုက်ညီအောင် ယှဉ်ပြိုင်ဆောင်ရွက်ရမည်။ ရလဒ်အားဖြင့် ရရှိသည့် အသားတင်အမြတ်သည် လွှဲပြောင်းပေးအပ်လိုက်သည့် ပမာဏအောက်များစွာ လျော့နည်းနေမည် ဖြစ်သည်။ သတ်မှတ်ချက်များအား ပွတ်ကာသီကာသာ ပြည့်မီသူတစ်ဦးအတွက် အသားတင်အကျိုး အမြတ်မှာ လုံးဝ သို့မဟုတ် လုံးဝမရှိသလောက်ပင် ဖြစ်မည်။

ဝင်ငွေလွှဲပြောင်းမှု အစီအစဉ်များကြောင့် လွှဲပြောင်းမှုမှ အကျိုးခံစားနိုင်ရန် ရည်ရွယ်ထားသူများကိုပင် ထိခိုက်စေနိုင်သည်။ ၁၈၆၂ လယ်ယာမြေဥပဒေက ဤအချက်ကို ဖော်ညွှန်းနေသည်။ ဤဥပဒေအရ မြေရပိုင်ခွင့်တောင်းဆိုသူများအား မြေကွက်တွင် အိမ်ဆောက်ကာ ၅ နှစ်ကြာ အခြေချ နေထိုင်ရန် ဗဟိုအစိုးရက ဟက်တာ ၁၆၀ ရှိသော မြေကွက်များ ချပေးခဲ့သည်။ (နောက်ပိုင်းတွင် အမေရိကန်အနောက်ဘက်ခြမ်းဒေသများတွင် ဟက်တာ ၆၄၀ အထိ တိုးမြှင့်ပေးခဲ့သည်)။ အဆိုပါခွင့်ပြုချက်က လူများစွာကို စွဲဆောင်ခဲ့သော်လည်း ဟက်တာ ၁၆၀ ပေးထားလျက်ပင် အစောပိုင်းကာလများတွင် အနောက်ဘက်ခြမ်း၌ ရှင်သန်ရသည့်ဘဝက မလွယ်ကူပေ။ ထို့ကြောင့် မြေရပိုင်ခွင့်တောင်းဆိုသူ ၆၀ ရာခိုင်နှုန်းကျော်က ၅ နှစ် မပြည့်မီ သူတို့၏ လယ်ယာမြေများအား စွန့်ခွာသွားခဲ့ကြသည်။[၃၄] အကျိုးဆက်အနေဖြင့် ယင်းသို့ လွှဲပြောင်းမှု အစီအစဉ်သည် နေထိုင် အခြေချရန် တွက်ချေမကိုက်မီအချိန်တွင် လူများအား ပြောင်းရွှေ့အခြေချရန် အားပေးခဲ့သလို ဖြစ်ခဲ့သည်။ ရွှေ့ပြောင်းနေထိုင်သူများက အဆိုပါယာမြေများတွင် နေထိုင်ခွင့်ရရန် ငွေကြေးများစွာ ပေးခဲ့ကြရသည်။ အပိုင်း ၂ တွင် ဆွေးနွေးခဲ့သည့်အတိုင်း မကြာသေးမီကလည်း အိမ်ခြံမြေကဏ္ဍတွင် စွဲဆောင်မှုရှိစေရန်အတွက် ရေးဆွဲသည့် ဥပဒေများသည် ထုံးစံအရဆိုလျှင် အရစ်ကျဖြင့် အိမ်ဝယ်ယူရန်အတွက် သတ်မှတ်ချက်များနှင့် မပြည့်စုံသည့် အိမ်ဝယ်သူများပင်လျှင် ငွေအနည်းငယ်သာ လက်ငင်းချေပြီး သို့မဟုတ် လက်ငင်းငွေချေစရာ နည်းနည်းမျှမလိုဘဲ အရစ်ကျဖြင့် အိမ်ဝယ်ယူရန် တွန်းအားပေးခဲ့သည်။ ယင်းသို့စည်းမျဉ်းလျော့ပေါ့ပေးသည့်ပုံစံဖြင့် ထောက်ပံ့မှု၏ အကျိုးသက်ရောက်မှုသည် လယ်ယာမြေဥပဒေကြောင့် အကျိုးသက်ရောက်မှုများ အတိုင်းပင် ဖြစ်သည်။ ကြွေးမြီပေးဆပ်မှု ပျက်ကွက်နှုန်း မြင့်မားလာခြင်း၊ ပိုင်ဆိုင်မှုကို ချိတ်ပိတ်ရခြင်း၊ အကျိုးခံစားစေလိုသူများမှာ ငွေကြေးအဆင်မပြေမှုများပင် ဖြစ်လာခြင်း စသည့် အကျိုးဆက်များ ဖြစ်ပေါ်လာသည်။

ငွေလွှဲပြောင်းခြင်းအစီအစဉ်များ ထိရောက်မှုမရှိရသည့် တတိယအကြောင်းရင်းမှာ ငွေလွှဲပြောင်းလက်ခံနိုင်သူများ၏ မှားယွင်းသည့်ဆုံးဖြတ်ချက်များကြောင့် ဖြစ်လာသည့် ဒုက္ခရောက်မှုများကို ဖြေရှင်းပေးလိုက်ခြင်းသည် ၎င်းတို့အား မဆင်မခြင် ထပ်လုပ်အောင် အားပေးအားမြှောက်ပြုသလို ဖြစ်နေနိုင်သည်။ ငွေလွှဲပြောင်းခြင်းက လက်ခံရရှိမည့်သူများကို အခြင်းအရာ ၂ ခု ဖြစ်စေသည်။ (၁) ဒုက္ခအခက်အခဲမှ သက်သာရာရစေခြင်း၊ (၂) ဒုက္ခကို ရှောင်ကြဉ်နိုင်မည့် လုပ်ရပ်များ လုပ်ဆောင်ရန် တွန်းအားလျော့သွားစေခြင်း တို့ဖြစ်သည်။ ယင်းအရာ ၂ ခုက ဆန့်ကျင်ဘက် သက်ရောက်မှုများရှိ၍ လွှဲပြောင်းမှုအစီအစဉ် မထိရောက်ရခြင်း ဖြစ်သည်။

ဥပမာ ရေဘေးကျရောက်နိုင်သည့်ဒေသများတွင် အစိုးရက အာမခံကြေး ထောက်ပံ့မှုများ ပေးသည့်အခါ ရေဘေးအတွက် ကာကွယ်ရသည့် တစ်ဦးချင်းကုန်ကျမှုများကို လျှော့နည်းစေပြီး သူတို့၏ ခနဉ်စွာကို တိုးပွားစေသည်။ သို့သော်ပံ့ပိုးမှုကြောင့် သူတို့အတွက် ကာကွယ်ရေး စရိတ် သက်သာစေသည်မှန်သော်လည်း ရေဘေးသင့်ဒေသများတွင် ဆက်လက်၍ အိမ်ရာ တည်ဆောက်နေစေရန် အားပေးနေသကဲ့သို့ ဖြစ်သည်။ အကျိုးဆက်အားဖြင့် ရေဘေးကြောင့် ပျက်စီးမှု ဆက်လက် ဖြစ်ပေါ်နေပြီး အာမခံကြေးထောက်ပံ့မှု မရှိသည့်အခါတွင် ဖြစ်မည့် ဆုံးရှုံးမှုထက် ပိုမိုများပြားနေသည်။ အလုပ်လက်မဲ့ထောက်ပံ့ကြေး ပေးခြင်းကလည်း အခြားသော ဥပမာတစ်ခု ဖြစ်သည်။ အလုပ်လက်မဲ့များက လက်ရှိ အလုပ်ကမ်းလှမ်းမှုများ ငြင်းပယ်ပြီး ပိုကောင်းသည့် အလုပ်များရှာဖွေခြင်းကြောင့် သူတို့အတွက် ငွေမရှိသည့် ဒုက္ခမှာ လျော့နည်းသွားသည်။ ထို့ကြောင့် လုပ်သားများက ကာလကြာရှည် အလုပ်အကိုင် ရှာဖွေနေကြပြီး အကျိုးရလဒ် အနေဖြင့် အလုပ်လက်မဲ့နှုန်းက ယင်းအစီအစဉ်မရှိမီကထက် ပိုမြင့်မားလာသည်။[၁၄]

ဆင်းရဲမွဲတေမှုနှင့် ပတ်သက်လာလျှင် ဘဝနေထိုင်မှုပုံစံရွေးချယ်မှုများနှင့် ဆင်းရဲမွဲတေမှု အကြား ချိတ်ဆက်ပုံက များစွာဆက်စပ်နေသည်။ ဘရွတ်ကင်းအင်စတီကျူ (the Brookings Institute) မှ ရွန်ဟတ် စကင် (Ron Haskin)နှင့် အစ္စဘဲ ဆောဟီးလ် (Isabel Sawhill) တို့ မကြာသေးမီက ပြုလုပ်သည့် လေ့လာချက်အရ လူတစ်ဦးသည် ယခုကဲ့သို့ အခြေခံအချက် ၃ ချက်ကို လုပ်ဆောင်ခြင်းဖြင့် ဆင်းရဲမွဲတေစွာ နေထိုင်ရနိုင်ခြေအား ၂ ရာခိုင်နှုန်းမှ ၁၂ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ကြောင်း တွေ့ရှိရသည်။ အဆိုပါ အချက် ၃ ချက်မှာ (အနိမ့်ဆုံးအဆင့်အားဖြင့်) အထက်တန်းကျောင်းပြီးဆုံးခြင်း၊ အချိန်ပြည့်အလုပ်လုပ်ကိုင်ခြင်း၊ ကလေးတစ်ဦးမရမီ လက်ထပ်ခြင်း တို့ဖြစ်သည်။[၁၅] လူငယ်များအနေဖြင့် အဆိုပါ အချက်များအား ရွေးချယ်မိလျှင် ဆင်းဆင်းရဲရဲ နေရသည့်အချိန်မှာ များစွာလျော့နည်းသွားသည်။ ပညာရေးတွင် ပါဝင်ပတ်သက်နေသူများ အားလုံးသည် အဆိုပါအချက်များအား ကျောင်းသူကျောင်းသားများကို ပြောဆိုပေးသင့်သည်။ အကြောင်းမှာ သူတို့သည် ၎င်းတို့၏ ဘဝများအား ပြောင်းလဲစေမည့် ဆုံးဖြတ်ချက်များ ချနေကြမည် ဖြစ်သောကြောင့် ဖြစ်သည်။

ဆန့်ကျင်ဘက် ရွေးချယ်မှုများနောက်တွင် အပျက်သဘော အကျိုးဆက်များစွာ ရှိသည်။ မိစုံဖစုံမရှိသည့် အိမ်ထောင်စုများ၏ ဆင်းရဲ မွဲတေမှုနှုန်းသည် မိစုံဘစုံရှိသည့် အိမ်ထောင်စုများ၏ ဆင်းရဲမွဲတေမှုနှုန်းထက် ၅ ဆ နီးပါး ရှိသည်။ မျက်မှောက်ခေတ်တွင် ကလေး ၃၀ ရာခိုင်နှုန်းနီးပါးမှာ

မိစုံဖစုံ မဟုတ်သည့် မိသားစုများတွင် နေထိုင်နေရသည့်အချက်မှာ ၁၉၆၈ တွင် ၁၂ ရာခိုင်နှုန်းရှိရာမှ မြင့်တက်လာခဲ့သည်။ အသက် ၃၀ အောက် အမျိုးသမီးများ အကြားတွင်လည်း အိမ်ထောင်မရှိဘဲ ကလေးမွေးနှုန်းက ယခုအခါ ကလေးမွေးဖွားမှုများ၏ ထက်ဝက်ကျော် ဖြစ်သည်။ မရှိဆင်းရဲသားများထံ ငွေလွှဲပြောင်းပေးခြင်း (အစားအစာ၊ ကျန်းမာရေး စောင့်ရှောက်မှု၊ အိမ်ရာ၊ ငွေသား ကူညီပေးခြင်း) သည် ဆင်းရဲ မွဲတေမှု၏ အပျက် အကျိုးဆက်များမှ ကာကွယ်ရန် ဖြစ်သည် ဆိုသည်က အကျပ်ရိုက်စရာ ရွေးချယ်မှု ဖြစ်သည်။ သို့သော် ငွေ လွှဲပြောင်းမှုများက (ဥပမာ ကျောင်း သို့မဟုတ် လုပ်သားအင်အားစုမှ ထွက်ခွာခြင်း၊ ဆယ်ကျော်သက်များနှင့် လက်မထပ်သေးသည့် အမျိုးသမီးများ ကလေးမွေးဖွားခြင်း၊ ဖခင်များမှ ကလေးစွန့်ပစ်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း) စသည့် စွန့်စားမှုမြင့်မားသည့် ဘဝနေထိုင်မှုပုံစံများကို ရွေးချယ်ရန် အားပေးအားမြှောက် ပြုနေသည်။ ယင်းသို့ စွန့်စားမှု မြင့်မားသည့် ဘဝပုံစံများကို ရွေးချယ်သူ ပိုမိုများပြားလာသည့်အခါ ဆင်းရဲမွဲတေမှု လျှော့ချရန် ပိုမို ခက်ခဲလာစေသည်။ ပြီးခဲ့သည့် ဆယ်စုနှစ် ၄ ခုက ဖြစ်ပျက်ခဲ့သည်မှာ ဤအတိုင်းပင် အတိအကျ ဖြစ်သည်။

ထို့ပြင် အစိုးရ၏ ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေး ငွေလွှဲပြောင်းမှုများကြောင့် အိမ်ထောင်စုများ၊ တသီးပုဂ္ဂလများ၊ ဘုရားကျောင်းများ၊ ဘာသာရေးကျောင်းများ၊ ဘုရားကျောင်းကန်များနှင့် အရပ်သားအဖွဲ့အစည်းများ၏ ပရဟိတလုပ်ဆောင်ချက်များကို လျော့ကျသွားစေသည်။ အဆိုပါပုဂ္ဂလိကစေတနာရှင်များမှာ ပြဿနာ၏ အရင်းမှန်ကို ပိုသိမြင်နိုင်ကြပြီး လက်ခံမည့်သူများ၏ လူနေမှုပုံစံများကို ပို၍ တီးမိခေါက်မိ တတ်ကြသည်။ ပုဂ္ဂလိကစေတနာရှင်များမှာ အဓိကအားဖြင့် အစားအသောက်များ သက်သက်သာသာဖြင့် ဝယ်ယူစားသုံးနိုင်ရန်သာ အာရုံစိုက်လုပ်ကိုင်ကြသည်။ ထို့ကြောင့် ပုဂ္ဂလိကကုသိုလ်ဖြစ် ဆောင်ရွက်ချက်များမှာ အစိုးရဆောင်ရွက်သည်ထက် ပိုမိုထိရောက်နိုင်ပါသည်။ အစိုးရက အခွန်များ ကောက်ခံပြီး ယင်းအလုပ်များ ပိုမိုလုပ်ဆောင်သည့်အခါ တစ်ဦးချင်းနှင့် အဖွဲ့လိုက် ပုဂ္ဂလိကကုသိုလ်ဖြစ်ဆောင်ရွက်မှုများ လျှော့နည်းလာဖွယ် ရှိပါသည်။ ထိရောက်မှုအားနည်းသည့် အစိုးရအစီအစဉ်များသည် ပိုမိုထိရောက်နိုင်သည့် ပုဂ္ဂလိကအစီအစဉ်များကို ကန်ထုတ်လိုက်သလိုဖြစ်သွားပြီး ပြဿနာမှာ ပိုဆိုးလာဖွယ်ရှိပါသည်။

ဘောဂဗေဒရှုထောင့်ကြည့်လျှင် စိုက်ပျိုးမွေးမြူရေးထောက်ပံ့မှုများမှသည် ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေး အစီအစဉ်များအထိ ငွေလွှဲပြောင်းမှုအစီအစဉ်များ ကျရှုံးသည်မှာ အံ့သြစရာမရှိပေ။ ဆင့်ကဲသက်ရောက်မှုများကို ထည့်သွင်းစဉ်းစားသည့်အခါ ယင်းအစီအစဉ်များမှာ ရေရှည်တွင် ဦးတည်သည့်အကျိုးခံစားစေလိုသူများကို ကူညီရာရောက်ရန် အလွန်ပင် မဖြစ်နိုင်ကြောင်း ဘောဂဗေဒဆန်းစစ်ချက်က ဖော်ပြနေပါသည်။

**၈။ ဗဟိုချုပ်ကိုင်သည့် စီးပွားရေးစနစ် ဂါ ဗဟိုကစီမံကိန်းချလုပ်ကိုင်ခြင်းသည် ဈေးကွက်များကို နိုင်ငံရေးဖြင့်အစားထိုးသောကြောင့် အရင်းအမြစ်များ ပြုန်းတီးစေပြီး စီးပွားရေး တိုးတက်မှုကို နှောင့်နှေးစေသည်။**

*လူတို့မည်သည် ကိုယ့်ကိုကိုယ် သွေးနားထင် ရောက်တတ်ကြသည်။ စစ်တုရင်ခုံပေါ်က အရုပ်မျိုးစုံကို အကွက်ရွှေ့သကဲ့သို့ လူ့အဖွဲ့အစည်းကြီး၏ အမျိုးမျိုးအဖုံဖုံသော လူပုဂ္ဂိုလ်တို့အားလည်း စီမံနိုင်လိမ့်မည်ဟု အထင်ရောက်တတ်သည်။ စစ်တုရင်ခုံပေါ်က အရုပ်များမှာ စစ်တုရင်ထိုးသူ စေစားရာသာ ရွှေ့လျားကြရသော်လည်း လူ့လောကဆိုသော ပြဇာတ်ခုံကြီးတွင်မူ ဇာတ်ဆောင်တစ်ဦးချင်းစီတွင် ကိုယ်ပိုင်မူ အသီးသီးရှိကြသည်။ ဥပဒေပြဋ္ဌာန်းချက် ကွဲပြားမှု အလိုက်လည်း ယင်းကိုယ်ပိုင်မူနှင့် လှုပ်ရှားမှုများအား ပြောင်းလဲကြသည်။ စစ်တုရင်ခုံနှင့် လူ့လောကပြဇာတ်ခုံကြီးတို့သာ သဘောသဘာဝသာ ဆင်တူမည်ဆိုပါက လူ့အဖွဲ့အစည်းကြီးမှာ ဟန်ချက်ညီညီဖြင့် အဆင်ပြေချောမွေ့စွာ ကပြအသုံးတော်ခံမည်ဖြစ်ပြီး ပျော်ရွှင်ခြင်း၊ အောင်မြင်ခြင်းတို့ဖြင့် အတိပြီးနေပေလိမ့်မည်။ သို့ပေမဲ့ လူတို့မည်သည် ထားရာနေ၊ စေရာသွား မဟုတ်ကြသဖြင့် လူ့အဖွဲ့အစည်းကြီးမှာ အချိန်ကာလမရွေး ကစဉ့်ကလျား ဖြစ်နေပေတော့သည်။* [၁၆]

- အဒမ်စမစ် (၁၇၅၉)

ယခင်က ဆွေးနွေးခဲ့သည့်အတိုင်း အများသုံး ပြည်သူပိုင်ပစ္စည်းများအား အခကြေးငွေပေးသော စားသုံးသူများကိုသာ မကန့်သတ်ပေးနိုင်သဖြင့် အများသုံးပစ္စည်းများအား ဈေးကွက်ထက် အစိုးရက ဖြည့်ဆည်းပေးလျှင် ပိုကောင်းပါသည်။ လူပုဂ္ဂိုလ်များစွာတို့က စီးပွားရေးလိုအပ်မှုအားလုံးကို သို့မဟုတ် အားလုံးနီးပါးကို အစိုးရအာဏာပိုင်များက ဈေးကွက်ထက် သာလွန်အောင် စီမံခန့်ခွဲပေးနိုင်သည်ဟု အထင်ရှိကြသည်။ ဗဟိုချုပ်ကိုင်သည့် စီးပွားရေးစနစ်အား ထောက်ခံသူများက အစိုးရအနေဖြင့် အခွန်အခများ၊ ထောက်ပံ့ကြေးများ၊ လုပ်ပိုင်ခွင့်အာဏာများ၊ လမ်းညွှန်ချက်များနှင့် စည်းမျဉ်းများကို အသုံးပြု၍ စီးပွားရေး၏ အရေးပါသော ကဏ္ဍများအား ချုပ်ကိုင်၍ စီမံခန့်ခွဲပေးလျှင် အများပြည်သူများမှာ ပို၍ အကျိုးခံစားရမည်ဟု ယုံကြည်ကြသည်။ ဗဟိုဦးစီးသည့် စီးပွားရေးစနစ် ဆိုသည်မှာ ဈေးကွက်အစား အစိုးရ၏ အမိန့်ညွှန်ကြားချက်များဖြင့် အစားထိုးလိုက်ခြင်း ဖြစ်သည်။ ယင်းမှာ ဆိုဗီယက်နိုင်ငံ၏ စနစ်ဟောင်းကဲ့သို့ အစိုးရ၏ တိုက်ရိုက်ကွပ်ကဲ ထိန်းချုပ်မှု ပါဝင်နေသည်။ ရွေးကောက်ခံနိုင်ငံရေးသမားများက ဈေးကွက်ဆွဲအားများအစား သူတို့၏ လမ်းညွှန်စီမံချက်များဖြင့် စားသုံးသူများ၊ ရင်းနှီးမြှုပ်နှံသူများနှင့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များအား လုပ်ကိုင်ဆောင်ရွက်စေမည် ဆိုလျှင် ဗဟိုချုပ်ကိုင်မှု ရှိနေခြင်းပင် ဖြစ်သည်။

နိုင်ငံရေးတွင် စတင်လုပ်ကိုင်ဆောင်ရွက်သူများအနေဖြင့် ဗဟိုကစီမံကိန်းချလုပ်ကိုင်ခြင်းအား စိတ်ဝင်စားသည်မှာ နားလည်လွယ်ပါသည်။ အစီအစဉ်ချမှတ်သည်မှာ အဓိပ္ပါယ်ရှိ လက်ခံဖွယ်ရာ ဖြစ်ပါသည်။ ရွေးကောက်တင်မြှောက်ခံ ကိုယ်စားလှယ်များနှင့် အစိုးရအရာရှိများမှာ စီးပွားရေး လုပ်ငန်းရှင်များထက် ပြည်သူလူထုတစ်ရပ်လုံး၏ အကျိုးစီးပွားကို ပို၍ ဆောင်ရွက်တတ်ကြသည် မဟုတ်ပါလော။ အစိုးရအရာရှိများသည် ပုဂ္ဂလိက လုပ်ငန်းများထက် အလိုကြီးမှု နည်းသည်မှာ

မဟုတ်ပါလော။ မမြင်ရသောလက်အား နည်းလည်သဘောပေါက်မှု မရှိသည့် လူပုဂ္ဂိုလ်များ အနေဖြင့် ယင်းကဲ့သို့သော ဗဟိုကစီမံကိန်းချလုပ်ကိုင်မှု အာဘော်မှာ သဘောကျလောက်ပါသည်။ ဘောဂဗေဒသမားများအတွက်မူ ယင်းအဆို မှားယွင်းသည်ကို သိထားပါသည်။

ဗဟိုက စီမံကိန်းချမှတ်လုပ်ကိုင်ခြင်းကြောင့် အကျိုးထက် အပြစ်များကို ပိုဖြစ်စေသည့် အကြောင်းရင်း ၅ ချက်ရှိပါသည်။

***ပထမအချက်မှာ ဗဟိုကစီမံကိန်းချမှတ်လုပ်ကိုင်ခြင်းသည်ဈေးကွက်အဆုံးအဖြတ်အစား နိုင်ငံရေး ဆုံးဖြတ်ချက်ဖြင့် အစားထိုးခြင်းမျှသာ ဖြစ်သည်။*** အစိုးရဆိုသည်မှာ တည့်မတ်ပေးသည့် ကိရိယာ မဟုတ်သည်ကို သတိချပ်သင့်ပေသည်။ လက်တွေ့တွင် ဗဟိုမှစီမံကိန်းရေးဆွဲသူတို့ (နှင့် သူတို့အား ညွှန်ကြားသည့် ဥပဒေပြုအမတ်များ)သည် သဗ္ဗညုတဉာဏ်ရထားသော ကိုယ်ကိုးမငဲ့သည့် သူတော်စင်အဖွဲ့ မဟုတ်ကြပေ။ စီမံကိန်းရေးသူများသည် ထောက်ပံ့ကြေးများနှင့် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေများကို ဖြန့်ဝေသုံးစွဲရာတွင် နိုင်ငံရေးစဉ်းစားချက်များက လွှမ်းမိုးသွားမည်ဖြစ်သည်။

ဒီမိုကရေစီနည်းကျ ဆုံးဖြတ်ချက်များ ချမှတ်သည့်အခါ၌ပင်လျှင် အဆိုပါဖြစ်စဉ် မည်ကဲ့သို့ အလုပ်လုပ်ပုံကို စဉ်းစားကြည့်ပါ။ အသုံးစရိတ်များကို ဥပဒေပြုမဏ္ဍိုင်မှ အတည်ပြုပေးရမည်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းများနှင့် အလုပ်သမားသမဂ္ဂများ၏ အကျိုးမျှော်မှန်းချက်များကြောင့် ၎င်းတို့သည် သူတို့အတွက် အကျိုးရှိမည့် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေများနှင့် ထောက်ပံ့ကြေးများ ရရှိရန် စည်းရုံး ဆွဲဆောင်ပေလိမ့်မည်။ ဥပဒေပြုအမတ်များကလည်း မဲဆွယ်ပွဲ ထည့်ဝင်မှုများနှင့် အဓိက အဆုံးအဖြတ် ပေးမည့် မဲဆန္ဒရှင်အုပ်စုများ (voting blocs) ကို အထူးအလေးဂရုပြုမည် ဖြစ်သည်။ ဖွံ့ဖြိုးလာသော လုပ်ငန်းအသစ်များနှင့် နှိုင်းယှဉ်လျှင် အသားကျပြီးသော လုပ်ငန်းဟောင်းများမှာ စည်းရုံးချဉ်းကပ်မှု နည်းနာများကို ပိုမိုတတ်သိနားလည်၍ အရှိန်အဝါရှိသည့် နိုင်ငံရေး ခေါင်းဆောင်များနှင့်လည်း ပိုမိုရင်းနှီးကျွမ်းဝင်မှု ရှိကြပြီး နိုင်ငံရေးရန်ပုံငွေထည့်ဝင်မှု မှတ်တမ်းလည်း ပိုကောင်းကြသည်။ ဆီးနိတ်လွှတ်တော်အမတ်ဟောင်း ဝီလျံပရော့စ်မိုင်းယား (William Proxmire) တစ်ခါက ဆိုခဲ့ဖူးသလိုပင် "ငွေကြေးဆိုတာ နိုင်ငံရေးအရှိန်အဝါရှိတဲ့နေရာကို သွားပါလိမ့်မယ်။" ဟူ၍ ဖြစ်သည်။ နိုင်ငံရေးဖြစ်စဉ်ဆိုသည်ကလည်း စီးပွားရေးအရ ချည့်နဲ့နေစေကာမူ ဝါရင့် လုပ်ငန်းကြီးများကို ဖွံ့ဖြိုးမှုအလားအလာရှိသည့် လုပ်ငန်းသစ်များထက် မျက်နှာသာပေးလိုကြသည်။ ထို့ပြင် ကော်မတီဥက္ကဋ္ဌများမှာလည်း သူတို့၏မဲဆန္ဒနယ်များနှင့် မျက်နှာသာပေးလိုသည့် အကျိုး စီးပွားတူအုပ်စုများအတွက် အကျိုးပြုသည့် စီမံကိန်းများအပေါ် အခြားဥပဒေပြုအမတ်များက အပြန်အလှန် ထောက်ခံခြင်းမရှိလျှင် အစီအစဉ်များစွာကို အတည်ပြုပေးလိမ့်မည် မဟုတ်ပေ။ ထို့ကြောင့် လေထဲတိုက်အိမ်ဆောက်သူများသာ ဈေးကွက်ထက် နိုင်ငံရေးဖြစ်စဉ်သည် အလေအလွင့် နည်း၍ ဓနအင်အားကို မြှင့်တင်ပေးပြီး ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေများကို ပိုမိုကောင်းမွန်စွာ စီမံခန့်ခွဲပေးမည်ဟု ယုံကြည်မည် ဖြစ်သည်။

***ဒုတိယအချက်မှာ အစိုးရလုပ်ကိုင်သည့် လုပ်ငန်းများမှာ ကုန်ကျစရိတ်များကိုလျှော့ချ၍ တီထွင်ဆန်းသစ်ပြီး ကုန်စည်များကို ထိရောက်စွာ ထုတ်လုပ်ရောင်းချရန် တွန်းအားနည်းတတ်သည်။*** ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် မတူသည်မှာ ပြည်သူပိုင် လုပ်ငန်းကြီးများရှိ ညွှန်ကြားရေးမှူးများနှင့် မန်နေဂျာများမှာ ကုန်ကျစရိတ်နည်းနည်းနှင့် အကျိုးများများရှိအောင် ဆောင်ရွက်ခြင်းကြောင့် သူတို့အတွက် အကျိုးကျေးဇူး မယ်မယ်ရရ မရှိပေ။ ဘတ်ဂျက်တိုးတောင်းရန်သာ သူတို့အနေဖြင့် စိတ်အားထက်သန်ကြလိမ့်မည်။ ဘတ်ဂျက်ပိုရလာပါက အဖွဲ့အစည်းချဲ့ထွင်ရန်၊ လစာတိုးပေးရန် တို့တွင် အသုံးပြုလာနိုင်ပြီး ဖောက်သည်များအတွက်လည်း သုံးစွဲစရာ ရန်ပုံငွေပိုထွက်လာမည် ဖြစ်သည်။ ထို့ပြင် မန်နေဂျာများ၏ ဘဂျသည်လည်း ပို၍ သာသာယာယာ ရှိလာမည် ဖြစ်သည်။ အစိုးရပိုင်လုပ်ငန်းအားလုံးလိုလိုမှ မန်နေဂျာများက အများပြည်သူအတွက် အလွန်တန်ဖိုးရှိသည့် ကုန်စည်များ သို့မဟုတ် ဝန်ဆောင်မှုများ ထုတ်လုပ်နေသည် ဖြစ်ကြောင်း၊ ထို့ကြောင့် ငွေကြေး ပိုမိုထောက်ပံ့ပေးပါက လူ့အဖွဲ့အစည်းအတွက် ထူးကဲသည့်အရာများကိုပင်လျှင် ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း စီမံကိန်းရေးဆွဲသူများကို ဇောန်မှချ နားချကြပေလိမ့်မည်။ ဆက်လက်၍ ငွေကြေးပံ့ပိုးမှုများ မပေးတော့လျှင် လူထုအနေဖြင့် ထိခိုက်နစ်နာမည်ဖြစ်ပြီး ဆိုးရွားသည့် အကျိုးဆက်များစွာဖြစ်ပေါ် လာနိုင်သည်ဟု ခုခံပြောဆိုကြပေလိမ့်မည်။

ဥပဒေပြုအမတ်များနှင့် အစိုးရစီမံကိန်းရေးဆွဲသူများမှာ ၎င်းတို့၏ ရပ်တည်လုပ်ကိုင်မှုများ အပေါ် ဆန်းစစ်ရန် ခက်ခဲပါလိမ့်မည်။ ပုဂ္ဂလိကလုပ်ငန်းကဏ္ဍ၏ စွမ်းဆောင်ရည်ကို တိုင်းတာသော အမြတ်နှုန်းများကဲ့သို့ စီမံကိန်းရေးဆွဲသူများက အစိုးရပိုင်လုပ်ငန်းမန်နေဂျာများ၏ စွမ်းဆောင်ရည်အား အလားတူ တိုင်းတာနိုင်သည့် စံနှုန်းမရှိပေ။ ပုဂ္ဂလိကကဏ္ဍတွင် ဒေဝါလီ ခံစေခြင်းအားဖြင့် အကျိုးရှိရှိ မလည်ပတ်နိုင်သည့် လုပ်ငန်းများကို ဈေးကွက်မှ ဖယ်ရှားပစ်သည်။ သို့သော် အစိုးရကဏ္ဍတွင် မအောင်မြင်သည့် လုပ်ငန်းအစီအစဉ်များကို အနားပေးနိုင်မည့် အလားတူ ယန္တရားမျိုး မရှိပေ။ တကယ်တမ်းတွင် စွမ်းဆောင်ရည် ညံ့ဖျင်းခြင်းနှင့် ရည်မှန်းချက်များ အထမြောက်အောင် မဆောင်ရွက်နိုင်ခြင်းတို့မှာ အစိုးရအထောက်အပံ့ ပိုမိုရရှိရန်အတွက် အကြောင်းပြချက်တစ်ခုအနေဖြင့်ပင် အသုံးချတတ်ကြသည်။ ရဲဌာနက တရားဥပဒေကြပ်မတ်ရေး အတွက် ရန်ပုံငွေ ထပ်မံပံ့ပိုးပေးရန် ရာဇဝတ်မှု မြင့်တက်လာခြင်းကို အကြောင်းပြပေလိမ့်မည်။ အစိုးရကျောင်းမှ အုပ်ချုပ်သူများက ငွေကြေးထပ်မံတောင်းခံရန်အတွက် ကျောင်းသားများ၏ စာမေးပွဲအမှတ်များ ကျဆင်းလာခြင်းအား ရမယ်ရှာကြလိမ့်မည်။ အစိုးရလုပ်ငန်းမန်နေဂျာများမှာ ဘတ်ဂျက်တိုးတောင်းရေးသည်သာ မက်လောက်စရာဖြစ်ပြီး စွမ်းရည်ပြည့်လည်ပတ်ရေးမှာ စိတ်ဝင်စားစရာ အကြောင်းမရှိသောကြောင့်အစိုးရလုပ်ငန်းများသည် ပုဂ္ဂလိကလုပ်ငန်းများထက် ယူနစ်အလိုက် ထုတ်လုပ်မှု ကုန်ကျစရိတ် (per-unit costs) များ မြင့်မားနေလိမ့်မည် ဖြစ်သည်။

***တတိယအချက်မှာ အခွန်ထမ်းပြည်သူများ၏ ငွေကြေးကိုသုံးစွဲနေသည့် ဗဟိုစီမံကိန်းရေးဆွဲသူများထက် မိမိတို့ကိုယ်ပိုင်ငွေများအား စွန့်စားပြီး ရင်းနှီးမြှုပ်နှံသူတို့က ရင်းနှီးမြှုပ်နှံရာတွင် ပိုမိုသာလွန်လိမ့်မည်ဟု ယုံကြည်စရာ အကြောင်းရှိပါသည်။*** အမြတ်ရလိုသည့် ရင်းနှီးမြှုပ်နှံသူတစ်ဦးသည် မိမိ၏ပိုင်ဆိုင်မှု

တိုးတက်စေမည့် နေရာများတွင်သာ ရှာဖွေပြီး ရင်းနှီး မြှုပ်နှံပါမည်။ ရင်းနှီးမြှုပ်နှံသူသည် အမှားတစ်ခု လုပ်မိခြင်းကြောင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်း ဆုံးရှုံးသွားလျှင် အကျိုးဆက်များကို မိမိကိုယ်တိုင်ခံစားရမည် ဖြစ်သည်။ ဆန့်ကျင်ဘက်အားဖြင့် အစိုးရ စီမံကိန်းများ အောင်မြင်မှု သို့မဟုတ် ကျရှုံးမှုသည် အစိုးရ စီမံကိန်း ရေးဆွဲသူများ၏ ကိုယ်ပိုင်ခနေ ပိုင်ဆိုင်မှုအပေါ်များစွာ သက်ရောက်မှု မရှိသလောက်ပင် ဖြစ်သည်။ စီမံကိန်းတစ်ခုက အကျိုးဖြစ်ထွန်းမှု ရှိလျှင်သော်မှ စီမံကိန်းရေးဆွဲသူများ၏ ကိုယ်ကျိုးက အတော်အသင့်သာ ဖြစ်ဖွယ်ရှိသည်။ အလားတူ စီမံကိန်းများ အချည်းနှီးဖြစ်လျှင်၊ အရင်းအမြစ် တန်ဖိုးများ လျော့ကျသွားလျှင်လည်း စီမံကိန်းရေးဆွဲသူများအပေါ် အနည်းငယ်သာ ထိခိုက်မှု ရှိပါလိမ့်မည်။ ထိုသို့ ဆုံးရှုံးသွားသော စီမံကိန်းများတွင် သုံးစွဲလိုက်သော ငွေကြေးများမှာ နိုင်ငံရေး အရှိန်အဝါ ကြီးမားသည့် အုပ်စုများ၊ အဖွဲ့အစည်းများသို့ ထောက်ပံ့ကြေးနှင့် အခြားသောအကျိုး ကျေးဇူးများအဖြစ် ရောက်ရှိသွားလျှင် အချည်းနှီးစီမံကိန်းများမှပင် စီမံကိန်းရေးဆွဲသူများအတွက် ကိုယ်ကျိုးစီးပွားဖြစ်လာနိုင်သေးသည်။ ယင်းကဲ့သို့ မက်လုံးအနေအထားကြောင့် လူ့အဖွဲ့အစည်း အတွက် ခနတိုးစေမည့် စီမံကိန်းများ လုပ်ဆောင်ရာတွင် ဗဟိုစီမံကိန်းရေးဆွဲသူများသည် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများလောက်ပင် မကောင်းနိုင်ပေ။

***စတုတ္ထအချက်မှာ အစိုးရ၏ဘတ်ဂျက်သည် ဘုံအရင်းအမြစ်တစ်ခုသဖွယ် ဖြစ်သည့်အတွက် အကျိုးရှိရှိ သုံးစွဲနိုင်မှု အားနည်းပါသည်။*** အခန်း ၂ အပိုင်း ၁ တွင် ဖော်ပြထားသည့်အတိုင်း မျက်မှောက်ကာလ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ပုဂ္ဂလိကပိုင်ဆိုင်မှုသူသည် နောင်အနာဂတ်ကာလ အကျိုး သက်ရောက်မှုများပါ ထည့်သွင်းစဉ်းစားပါသည်။ သို့ရာတွင် အစိုးရဘတ်ဂျက်မှာ ဘုံပိုင် ဖြစ်သောကြောင့် အနာဂတ်ကာလအတွက် ထည့်သွင်းစဉ်းစာမှုမှာ မရှိသလောက်ပင်။ ဥပမာအားဖြင့် ပင်လယ်ပြင်မှ ငါးများသည် တစ်စုံတစ်ယောက် မဖမ်းသေးသရွေ့အများပိုင်ဖြစ်သည်။ ကိုယ်ဖမ်း သလောက် ကိုယ်ရသဖြင့် အလွန်အကျွံ ငါးဖမ်းခြင်းဖြစ်လာကာ ငါးမျိုးစိပ်များ ရှားပါး မျိုးတုံးလာ ပါသည်။ ငါးကိုအလွန်အကျွံမဖမ်းဘဲ နောင်အနာဂတ်ကာလ မျိုးပွားရှင်သန်ခြင်းအတွက် ထည့်သွင်း စဉ်းစားလျှင် ငါးဖမ်းလုပ်ငန်းရှင်များအတွက် ရေရှည် အကျိုးစီးပွား ဖြစ်ထွန်းနိုင်ပါလိမ့်မည်။ သို့သော် ငါးများသည် အများပိုင်ဖြစ်နေသောကြောင့် ယနေ့ မိမိမဖမ်းလျှင် နောက်တစ်နေ့တွင် တစ်ခြားလူ ဖမ်းမည်ကို ငါးဖမ်းသမားတိုင်း သဘောပေါက်ကြပါသည်။ ထို့ကြောင့် အနာဂတ်တွင် ငါးများများ ပိုဖမ်းနိုင်သည့် အခွင့်အရေးရှိသော်လည်း လက်ရှိကာလတွင် မည်သူမျှ ငါးကို လျော့ဖမ်းရန် မက်လုံး တစ်စုံတစ်ရာ မရှိချေ။

အလားတူပင် အကျိုးစီးပွားအုပ်စုများက အစိုးရဘတ်ဂျက်အား သူတို့အလိုရှိသည်များအပေါ် သုံးစွဲစေရန် ကြိုးစားရာတွင် အခွန်များတိုးကောက်ခြင်း၊ အစိုးရမှ ချေးငွေများတိုးယူရခြင်းကြောင့် အနာဂတ်ကာလတွင် ဖြစ်လာနိုင်သည့် ဆိုးကျိုးများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပေ။ အခွန် ကောက်ခံမှုလျော့နည်းပြီး ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများလျှင် အနာဂတ်ကာလတွင် ကုန်ထုတ်လုပ်မှု ပိုများလာမည်ဟု စီမံကိန်းများကို ထောက်ခံသူများအနေဖြင့် သဘောပေါက် နားလည်ကြသည်။ သို့သော် မိမိတို့အသုံးမပြုလျှင် အခြားသောသူများက အစိုးရဘတ်ဂျက်ကို ရရှိအောင်

လုပ်ဆောင်မည်ဟု ယူဆထားကြသည်။ ထိုသို့သောမက်လုံးများကြောင့် အကျိုးမရှိသည့် အသုံးစရိတ်များနှင့် မဆုံးနိုင်သော အစိုးရဘတ်ဂျက်လိုငွေပြမှုများကို မျှော်လင့်ထားရမည် ဖြစ်သည်။ အခန်း ၃ အပိုင်း ၅ တွင် အစိုးရဘတ်ဂျက်လိုငွေ ကြာရှည်နေမှု ပြဿနာအကြောင်း ဆွေးနွေးချက်များကို လေ့လာနိုင်ပါသည်။

***ပဋ္ဌမအချက်မှာ ဗဟိုစီမံကိန်းရေးဆွဲသူများအတွက် အဓိပ္ပါယ်ရှိသည့် အစီအစဉ်တစ်ခု ဖန်တီးရန်၊ ထိန်းသိမ်းရန်နှင့် ပုံမှန်ပြင်ဆင်ဆန်းသစ်ရန်အတွက် လုံလောက်သည့် သတင်းအချက်အလက် ရရှိနိုင်သည့် နည်းလမ်းမရှိချေ။*** ကျွန်တော်တို့သည် လျှပ်ရှားပြောင်းလဲနေသည့် ကမ္ဘာတစ်ခုတွင် နေထိုင်နေကြခြင်းဖြစ်သည်။ နည်းပညာအသစ်များ၊ ကုန်ပစ္စည်းအသစ်များ၊ နိုင်ငံရေး မငြိမ်သက်မှုများ၊ ပြောင်းလဲနေသော ဂယ်လိုအားနှင့် ရာသီဥတုအပြောင်းအလဲတို့က ကုန်စည်များနှင့် အရင်းအမြစ်များ၏ အတော်အတန်ရှားပါးမှုကို အစဉ်ပြောင်းလဲပေးပါသည်။ မည်သည့် ဗဟိုအာဏာပိုင်ကမျှ ယင်းပြောင်းလဲမှုများနှင့် ရင်ဘောင်တန်းအမှီလိုက်၍ နိုင်ငံရေးအရ ယင်းတို့ကို ချင့်ချိန်ဆုံးဖြတ်ပြီး စီးပွားရေးလုပ်ငန်းမန်နေဂျာများကို ကြောင်းကျိုးမှန်ကန်သည့် ညွှန်ကြားချက်များ ပေးနိုင်မည် မဟုတ်ပါ။

ဈေးကွက်မှာ ဗဟိုစီမံကိန်းချ ဆောင်ရွက်ခြင်းနှင့် မတူပါ။ ဈေးကွက်ဈေးနှုန်းများက ပြန့်ကျဲနေသော သတင်းအချက်အလက်များကို စုစည်း၍ တွက်ချက်ပေးသည်။ ဈေးနှုန်းသည် စီးပွားရေးတွင် ဖြစ်ပေါ်ပြောင်းလဲမှုများအတိုင်း အစဉ်တစိုက် ချိန်ညှိပြောင်းလဲနေသည်။ ဈေးနှုန်းသည် ပြန့်ကျဲနေသော အချက်အလက်များကို ဖော်ထုတ်ပြီး စီးပွားရေးလုပ်ငန်းများနှင့် အရင်းအမြစ် ရောင်းချသူများထံ အချက်ပြသည်။ ယင်းဈေးနှုန်းအချက်ပြမှုများကြောင့် စီးပွားရေးလုပ်ငန်းရှင်များနှင့် အရင်းအမြစ်ပိုင်ရှင်များအနေဖြင့် အခြေအနေသစ်များနှင့် လိုက်လျောညီထွေရှိစေမည့် လိုအပ်သည့် အပြောင်းအလဲများ ဆောင်ရွက်လာနိုင်ကြသည်။

အစိုးရစီမံကိန်းရေးဆွဲခြင်းနှင့် "စက်မှုလုပ်ငန်းဆိုင်ရာမူဝါဒ"က စီးပွားရေးဖွံ့ဖြိုးမှုအတွက် အဓိက ပံ့ပိုးပေးသည်ဟု လွန်ခဲ့သည့် နှစ်အချို့က ကျယ်ကျယ်ပြန့်ပြန့် ယုံကြည်ခဲ့ကြသည်။ ဈေးကွက်စီးပွားရေးစနစ်မှာ အကြပ်အတည်းနှင့် ရင်ဆိုင်နေရပြီ။ အစိုးရကစီမံကိန်းချဆောင်ရွက်သည့် အလုပ်ကို ပိုလုပ်မည်လား သို့မဟုတ် ဖွံ့ဖြိုးမှုနှေးကွေးခြင်းနှင့် စီးပွားရေးကျဆင်းခြင်း ဒဏ်ခံမည်လားဟု မေးခွန်းထုတ်ခဲ့ကြသည်။ ဘောဂဗေဒပညာရှင် ပေါလ်ဆန်မြူရယ်ဆင် (Paul Samuelson)နှင့် လက်စတာသရိုး (Lester Throw) တို့က ယင်းအယူအဆကို ဦးဆောင်ထောက်ခံသူများတွင် ပါဝင်ခဲ့ပြီး ၁၉၇၀ကျော်နှင့် ၁၉၈၀ ကျော်နှစ်များအတွင်း ရေပန်းစားသည့် မီဒီယာများနှင့် ခေတ်ပညာတတ်အသိုင်းအဝိုင်းတွင် လွှမ်းမိုးမှုရှိခဲ့သည်။ သို့ရာတွင် ဆိုဗီယက် စနစ် ပြိုကွဲခြင်းနှင့် ဂျပန်စီးပွားရေးစနစ် စွမ်းဆောင်ရည်ညံ့ဖျင်းခြင်းတို့ကြောင့် နောက်ပိုင်းတွင် ထိုအယူအဆမှာ လူကြိုက်မများတော့ပေ။ မည်သို့ဆိုစေ အစိုးရက ကျန်းမာရေး စောင့်ရှောက်မှုနှင့် ပညာရေးကဲ့သို့သော စီးပွားရေးစနစ်၏ ကဏ္ဍအရပ်ရပ်တွင် ညွှန်ကြားနိုင်သည်ဟု ယုံကြည်သူများစွာ ရှိနေဆဲဖြစ်သည်။ ယင်းကလည်း တံလျှပ်ကို ရေထင်ခြင်းသာ ဖြစ်သည်။

အချို့ကဏ္ဍများတွင် စီမံကိန်းရေးဆွဲရန် ကြိုးပမ်းရာမှ ဖြစ်ပေါ်လာသည့် ဆုံးရှုံးမှုများ အပါအဝင် ဗဟိုစီမံကိန်းများရေးဆွဲခြင်းကြောင့် ကျရှုံးရသည့်အကြောင်းရင်းများကို လွန်ခဲ့သည့် နှစ်ပေါင်းနှစ်ရာ့ ငါးဆယ်ခန့်က အဒမ်စမစ်က ရှင်းပြခဲ့ဖူးသည်။ စီမံကိန်းရေးဆွဲသူများအတွက် ကံမကောင်းသည့် အချက်မှာ လူတစ်ဦးချင်းစီတွင် စမစ်ခေါ်တွင်သည့် "ပြန့်ပွားမှုပုံနိယာမ" ဆိုသော မိမိစိတ်နှင့်မိမိကိုယ် ရှိတတ်ပြီး စီမံကိန်းရေးဆွဲသူများသည် ဗဟိုစီမံကိန်းများရေးဆွဲခြင်းနှင့် ဆန့်ကျင်ဘက်ရှိသည့် ဆွဲဆောင်မှု၊ မက်လုံးများနှင့် ကြုံတွေ့သည့်အခါ ပြဿနာတက်လာပါတော့သည်။ အစိုးရက အကာအကွယ်ပေးရေးလုပ်ငန်းရပ်များထက် ကျော်လွန်၍ ကိစ္စရပ်များစွာတွင် စတင်ထောက်ပံ့လာသည့်အခါ၊ လုပ်ငန်းများ (ကိုယ်တိုင်)လုပ်ကိုင်လာသည့်အခါ၊ ကဏ္ဍအထွေထွေတွင် ညွှန်ကြားချက်များ ပေးလာသည့်အခါ၊ အဆိုးဆုံးမှာ နိုင်ငံစီးပွားရေးတစ်ခုလုံးကို ဗဟိုမှချုပ်ကိုင်စီမံလာသည့်အခါတွင် အရင်းအမြစ်များကို ဖြုန်းတီးရာရောက်ပြီး၊ နိုင်ငံ၏ကြွယ်ဝမှု ကျဆင်းစေ၍၊ လူနေမှုအဆင့်အတန်းများလည်း မြင့်တက်သင့်သလောက် မြင့်တက်မလာတော့ပေ။

အမေရိကန်ပြည်ထောင်စု အစိုးရစီမံကိန်းရေးဆွဲမှုမှတ်တမ်းများမှ ဤအချက်ကို ဖော်ပြနေပြီး မှတ်တမ်းများတွင် ကွဲလွဲမှုများ၊ ဂိရောဓိများဖြင့် ပြည့်နှက်နေသည်။ ဗဟိုအစိုးရက ဆေးရွက်ကြီး စိုက်ပျိုးသူများအား ငွေကြေးပံ့ပိုးမှုတိုးပေးသလို တဖက်တွင် ဆေးလိပ်သောက်သုံးမှု ဆန့်ကျင်ရေး ဂါဒဖြန့်ပြန်သည်။ အချို့တောင်သူများအား သတ်မှတ်ထားသော သီးနှံများ မစိုက်ပျိုးလျှင် ငွေထုတ်ပေးပြီး တစ်ချိန်တည်းမှာပင် အခြားတောင်သူများအား ယင်းသီးနှံကိုပင် တိုးချဲ့စိုက်ပျိုးစေရေး အတွက် ဆည်မြောင်းစီမံကိန်းများဖြင့် အကူအညီပေးပြန်သည်။ ကျောင်းများတွင် ဈေးနှုန်း ကြီးမြင့်သည့် နို့များ သင့်တင့်သော ဈေးနှုန်းဖြင့် သောက်သုံးနိုင်ရန်အတွက် စာသင်ကျောင်းများတွင် နေ့လည်စာအစီအစဉ်ကို အစိုးရက ငွေကြေးပံ့ပိုးပေးသော်လည်း နို့ထုတ်လုပ်သူများကို အားပေးသည့် အစိုးရအစီအစဉ်များက နို့ဈေးနှုန်းကို မကျအောင် ထိန်းထားပေးပြန်သည်။ ကော်ပိုရေးရှင်းထုတ် ပျမ်းမျှလောင်စာချွေတာရေး (CAFÉ) စံနှုန်းများက မော်တော်ကားများကို ပိုမိုပေါ့ပါးပြီး ဘေးကင်းမှု နည်းစေသော်လည်း ဗဟိုအစိုးရ၏ စည်းမျဉ်းများက ဘေးကင်းလုံခြုံမှု အားကောင်းစေရန်အတွက် ကားအကာများကို ပိုမိုခိုင်ခံအောင် ပြုလုပ်စေပြန်သည်။ စည်းကမ်းချက်နှစ်ခုလုံးက မော်တော်ကား ထုတ်လုပ်မှုကုန်ကျစရိတ်ကို မြင့်တက်စေပြီး လေထုညစ်ညမ်းမှု လျော့နည်းစေပြီး လုံခြုံမှုပိုရှိစေမည့် ကားများပံ့ပိုးမှု ကျဆင်းစေသည်။ ဗဟိုအစိုးရက ဖွံ့ဖြိုးရေးဦးတည်ချက်ဖြင့် ဆင်းရဲသည့်နိုင်ငံများထံ အထောက်အပံ့များ ပေးအပ်သော်လည်း အမေရိကန်နိုင်ငံ၏ သွင်းကုန်ကန့်သတ်ချက်များကြောင့် ယင်းနိုင်ငံများက အမေရိကန် စားသုံးသူများကို သင့်တော်သည့်ဈေးနှုန်းဖြင့် အရည်အသွေးရှိ ထုတ်ကုန်များ တင်ပို့ခြင်းဖြင့် ကိုယ့်အားကိုယ်ကိုး ရပ်တည်နိုင်ရန် ကြိုးပမ်းမှုအား အဟန့်အတား ဖြစ်စေသည်။

ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးစီမံကိန်းများ ရေးဆွဲခြင်းအပါအဝင် ဗဟိုစီမံကိန်း ရေးဆွဲမှုများသည် စီးပွားရေးတိုးတက်မှုများကို မြှင့်တင်ပေးနိုင်လိမ့်မည်ဟု တွေးထင်ကြသူများသည် သွေးနားထင်ရောက်ပြီး ရိုးအလွန်းသူများ ဖြစ်ကြသည်။ အစိုးရတာဝန်ရှိသူများအနေဖြင့် မည်သည့် ပစ္စည်းများအား အရောင်းအဝယ်လုပ်မည်ကို ဆုံးဖြတ်သည်ဖြစ်စေ၊ ယင်းပစ္စည်းများ၏ ရောင်းဝယ်မည့်

ဈေးနှုန်းများကို သတ်မှတ်ရာတွင်ဖြစ်စေ ပထမဦးဆုံး ရောင်းဝယ်ရမည့်အရာသည် ရွေးကောက်ခံ နိုင်ငံရေးသမားများ၏ မဲဆန္ဒများ ဖြစ်ပေလိမ့်မည်။ စီးပွားရေးလုပ်ငန်းများက စားသုံးသူများထက် အစိုးရထံမှသာ ငွေကြေးရရှိသည် ဆိုပါက ၎င်းတို့သည် နိုင်ငံရေးသမားများကို လွှမ်းမိုးနိုင်ရန်သာ ပိုမိုအချိန်ဖြုန်းကြတော့မည် ဖြစ်ပြီး စားသုံးသူများအတွက် ကုန်ဈေးနှုန်းလျှော့ကျလာအောင်၊ စားသုံးသူများ ကျေနပ်မှုရှိအောင် ကြိုးစားကြတော့မည် မဟုတ်ပေ။ ဈေးကွက်အား နိုင်ငံရေးဖြင့် အစားထိုးလိုက်ခြင်းသည် စီးပွားရေးဆုတ်ယုတ်မှုဆီသို့သာ ဦးတည်စေလိမ့်မည်ဖြစ်ပြီး အဒမ်စမစ်၏ စကားရပ်ဖြင့် ပြောရလျှင် "ကစားပွဲက စိတ်ပျက်စရာ အမြဲကောင်းနေပေလိမ့်မည်။ လူ့အဖွဲ့အစည်း မှာလည်း အချိန်တိုင်း အဆုံးစွန်သော ကမောက်ကမများဖြင့်သာ ကျင်လည်နေပေတော့မည်။"

## ၉။ ပြိုင်ဆိုင်မှုဆိုသည်မှာ ဈေးကွက်များတွင် အရေးကြီးသကဲ့သို့ အစိုးရအဖွဲ့တွင်လည်း အရေးကြီးသည်။

ယှဉ်ပြိုင်ခြင်းဆိုသည်မှာ စည်းကမ်းထိန်းသိမ်းပေးသည့် အရာဖြစ်သည်။ ဈေးကွက်တွင် စီးပွားရေးလုပ်ငန်းများအနေဖြင့် စားသုံးသူများကို မိမိဖောက်သည်အဖြစ် အမြဲရှိနေအောင် ကြိုးစားနေကြရသည်။ လုပ်ငန်းများက စားသုံးသူများအား ညံ့ဖျင်းသည့် ဝန်ဆောင်မှုများပေးလျှင် ဝန်ဆောင်မှုပိုကောင်းသည့် ပြိုင်ဘက်လုပ်ငန်းများသို့ စားသုံးသူများက ပြောင်းလဲအားပေးကြ လိမ့်မည်။ အပြိုင်အဆိုင်သဘောသဘာဝကြောင့် ဈေးနှုန်းကြီးမြင့်ခြင်း၊ အရည်အသွေးညံ့ ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှု ညံ့ဖျင်းခြင်း၊ ဆက်ဆံရေးမပြေပြစ်ခြင်းတို့ကို ရောင်းချသူ၊ ဝန်ဆောင်မှု ပေးသူများက စားသုံးသူများအပေါ် မပြုလုပ်ချင်အောင် ကာကွယ်ပေးသည်။ လူတိုင်းလိုလိုပင် ပုဂ္ဂလိကကဏ္ဍဟုဆိုလိုက်လျှင် ယင်းအချက်ကို သဘောပေါက်ထားပြီး ဖြစ်ကြသည်။ အများပိုင် ကဏ္ဍတွင်မူ ယှဉ်ပြိုင်မှု အရေးကြီးပုံကို ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားခြင်း မရှိသည်မှ ဝမ်းနည်းဖွယ် ကောင်းပါသည်။

အစိုးရဌာနများနှင့် အစိုးရပိုင်လုပ်ငန်းများတွင် စွမ်းရည်ပြည့်ဝ၊ အကျိုးရှိသည့် လုပ်ဆောင်ချက်များ ဖြစ်ပေါ်စေရန် ဆွဲဆောင်မှုကောင်းကောင်း မရှိပေ။ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် မတူသည့်အချက်မှာ အစိုးရပိုင်လုပ်ငန်းများ၏ ဒါရိုက်တာများနှင့် မန်နေဂျာများသည် ထုတ်လုပ်စရိတ် လျှော့ချနိုင်၍ စွမ်းဆောင်ရည် မြင့်မားလာခြင်းကြောင့် အကျိုးမရှိတတ်ပဲ ယင်း၏ ဆန့်ကျင်ဘက်သာလျှင် ဖြစ်နေတတ်သည်။ ဌာနတစ်ခုက ယခုနှစ်ဘတ်ဂျက်ခွဲတမ်း သုံးစွဲရန် ပျက်ကွက်လျှင် နောင်နှစ်တွင် ဘတ်ဂျက်ပိုမိုရရှိရန် ခက်ခဲသွားသည်။ ထို့ကြောင့် ဌာနများသည် ပုံမှန်အားဖြင့် ဘဏ္ဍာရေးနှစ်အကုန်တွင် ဘတ်ဂျက်ခွဲတမ်းအားလုံး မသုံးစွဲနိုင်ဟု သိရှိသည်နှင့် လက်ကျန်ဘတ်ဂျက်များကို ဖောဖောသီသီ သုံးစွဲကြမည် ဖြစ်သည်။

ပုဂ္ဂလိကကဏ္ဍတွင် အမြတ်မည်မျှရရှိသည်ကို ကြည့်ခြင်းအားဖြင့် စွမ်းဆောင်ရည် မည်မျှရှိကြောင်း အလွယ်တကူ သိရှိနိုင်သည်။ ပြည်သူ့ကဏ္ဍတွင်မူ စွမ်းဆောင်ရည်ပြ ညွှန်းကိန်းမရှိသောကြောင့် အစိုးရလုပ်ငန်းမန်နေဂျာများသည် စီးပွားရေးစွမ်းရည်ညံ့ဖျင်းမှုကို

မကြာခဏ ဖုံးကွယ်နိုင်ကြသည်။ တစ်ဖန် ပုဂ္ဂလိကကဏ္ဍာ ဒေဂါလီခံစေသည့်နည်းဖြင့် စွမ်းရည်ညံ့ဖျင်းမှုများကို သုတ်သင်ဖယ်ရှားပေးသော်လည်း ပြည်သူ့ကဏ္ဍာတွင်မူ မအောင်မြင်သည့် အစီအစဉ်များ ရပ်တန့်ဖယ်ရှားပေးနိုင်သည့် အလားတူစနစ်မျိုးမရှိချေ။ အမှန်တွင် ပြီးခဲ့သည့် အချက်တွင် ဖော်ပြထားသကဲ့သို့ စွမ်းဆောင်ရည်ညံ့ဖျင်းခြင်းနှင့် ရည်မှန်းချက်များ ပြီးမြောက်အောင် မဆောင်ရွက်နိုင်ခြင်းသည်ပင် ပြည်သူ့ကဏ္ဍာတွင် ရန်ပုံငွေတိုးမြှင့်ပေးရေး ငြင်းခုံမှုများအတွက် အကြောင်းပြချက်များအဖြစ် မကြာခဏ အသုံးချကြသည်။ ရဲဌာနက တရားဥပဒေစိုးမိုးရေးအတွက် ထပ်ဆောင်းရန်ပုံငွေများ တိုးတောင်းသည့်အခါ ရာဇဝတ်မှုများ မြင့်မားလာခြင်းကို ထောက်ပြအသုံးချသကဲ့သို့ ဖြစ်သည်။

ပြည်သူ့ကဏ္ဍာတွင် ဖော်ပြပါ တလွဲဆံပင်ကောင်းသည့် မက်လုံးများ ရှိသောကြောင့် အစိုးရလုပ်ငန်းများတွင် အပြိုင်အဆိုင်ရှိစေရန် အလွန်အရေးကြီးသည်။ ပုဂ္ဂလိကပိုင်လုပ်ငန်းများကို အစိုးရဌာနများ၊ အစိုးရပိုင်လုပ်ငန်းများနှင့် တပြေးညီယှဉ်ပြိုင်မှု ရှိလာစေရန် ခွင့်ပြုပေးသင့်သည်။ အစိုးရများသည် မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းရေးဌာနများ၊ ပုံနှိပ်လုပ်ငန်း၊ အစားအသောက် ဂန်ဆောင်မှု၊ အမှိုက်သိမ်းလုပ်ငန်း၊ လမ်းပြုပြင်ထိန်းသိမ်းရေးဌာန၊ စာသင်ကျောင်းများနှင့် အလားတူ လုပ်ငန်းများ လုပ်ကိုင်သည်ဆိုလျှင် ပုဂ္ဂလိကလုပ်ငန်းများကိုလည်း ပြည်သူ့ကဏ္ဍာလုပ်ငန်းများနှင့် ယှဉ်ပြိုင်ရန် တန်းတူအခွင့်အလမ်း ပေးနိုင်ပါသည်။ ဥပမာ- အမေရိကန်စီမံခန့်ခွဲရေးနှင့် ဘတ်ဂျက်ရုံး (the US Office of Management and Budget) က ပုဂ္ဂလိကပုံနှိပ်တိုက်များကို ၂၀၀၄ ဗဟိုဘတ်ဂျက်လျာထားချက်အတိုင်း ပုံနှိပ်ထုတ်ဝေနိုင်ခြင်း ရှိ၊ မရှိ လေ့လာခဲ့ပါသည်။ ယှဉ်ပြိုင်မှုနှင့် ကြုံတွေ့လာသည့်အခါ အစိုးရပုံနှိပ်တိုက်များအနေဖြင့် ၂၃ % အထိ ဈေးလျှော့နိုင်ကြောင်း တွေ့ရှိခဲ့ရသည်။ ဈေးလျော့ချလာနိုင်သည့်အလျောက် အစိုးရအလုပ်အကိုင်များကိုလည်း ဆက်လက် ထိန်းထားနိုင်ခဲ့သည်။ ၂၀၀၃ ဖေဖော်ဝါရီထုတ် the Reason Public Policy Institute (RPPI) ၏ လစဉ်ထုတ်စာစောင်ဖြစ်သော ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲခြင်းအားစောင့်ကြည့်မှု (the *Privatisation* watch) တွင် ယင်းကိစ္စရပ်ကို မှတ်တမ်းတင်ထားပြီး အစိုးရအဆင့်အသီးသီးရှိ အလားတူ ကိစ္စရပ်များကို အသေးစိတ်ဖော်ပြထားသည်။ အပြိုင်အဆိုင်လုပ်ရသည့်အတွက် စွမ်းဆောင်ရည် မြင့်တက်လာခြင်း၊ စရိတ်လျှော့ချပေးခြင်းနှင့် ပုဂ္ဂလိကနှင့် ပြည်သူ့ကဏ္ဍ ၂ မျိုးလုံးတွင် ဆန်းသစ်သည့် လုပ်နည်း လုပ်ဟန်များ ပေါ်ပေါက်လာပါသည်။ အကျိုးရလဒ်အနေဖြင့် ပြည်သူတို့၏ အခွန်များမှာ ပို၍ ထိရောက်စွာ သုံးစွဲလာနိုင်ပါသည်။

တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ဒေသဏ္ဍာရအစိုးရအဖွဲ့များကဲ့သို့ ဗဟိုဦးစီးမှု ဖြေလျှော့ပေးထားသည့် အစိုးရအဖွဲ့အစည်း (decentralized government units) များအကြား ယှဉ်ပြိုင်မှုသည်လည်း စီးပွားရေးတိုးတက်မှုကို မြှင့်တင်ပေးနိုင်ပါသည်။ အစိုးရ၏ ဂန်ဆောင်မှုများနှင့် အခွန်ဂင်ငွေများကို ပြည်သူများက စိတ်ကြိုက်ရွေးချယ်နိုင်သည့်အခါ မိမိတို့လိုလားသည့်အတိုင်း ဖြည့်ဆည်းပေးသည့် အခြားသော တိုင်းဒေသကြီး၊ ပြည်နယ်၊ အရပ်ဒေသများသို့ ရွှေ့ပြောင်းနိုင်သည့် ထွက်ပေါက်ရှိလာသည့်အခါ ဒေသအစိုးရတစ်ရပ်ရပ်သည် ပြည်သူလူထုကို မဖိနှိပ်နိုင်တော့ချေ။ ကုန်စုံဆိုင်တစ်ခုမှ တစ်ခုသို့ ပြောင်းလဲရွေးချယ်အားပေးသကဲ့သို့ အစိုးရတစ်ရပ်ရပ်ကို

စွန့်ခွာရသည်မှာ လွယ်ကူသည် မဟုတ်သော်လည်း သို့သော် ဗဟိုဦးစီးမှုလျှော့ချပေးထားသည့် အနေအထားတွင် နိုင်ငံသားများက သူတို့ခြေထောက်များဖြင့် စိတ်ကြိုက်ပြောင်းရွှေ့ နေထိုင်၍ မဲပေးနိုင်ပါသည်။

ပြည်ထောင်စုအစိုးရ၏ လုပ်ငန်းဆောင်တာများအား လူပုဂ္ဂိုလ်အသီးသီး၏ အခွင့်အရေးများကို ကာကွယ်ရန်၊ ကုန်သွယ်ရေးကန့်သတ်ချက်များ မချမှတ်နိုင်အောင် တားဆီးပေးရန်နှင့် နိုင်ငံတော်ကို အကာအကွယ်ပေးရန်တို့ကိုသာ လုပ်ဆောင်ရန် ကန့်သတ်ထားပါက တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ဒေသဏ္ဍာရအစိုးရများအကြား အခွန်မည်မျှစည်းကြပ်၍ ဂန်ဆောင်မှုမည်သို့ပေးမည်မှာ များစွာ ကွဲပြားသွားနိုင်ပါသည်။ လူအများအကြား အိမ်ခြံမြေ သို့မဟုတ် မော်တော်ကားများအပေါ် မည်မျှ သုံးစွဲလိုသည်နှင့် ပတ်သက်၍ တစ်ဦးနှင့်တစ်ဦး အမြင်ကွဲပြားသကဲ့သို့ ဒေသအစိုးရများ အကြားတွင်လည်း ပြည်သူ့ဂန်ဆောင်မှု အသုံးစရိတ်များနှင့်ပတ်သက်၍ ကွဲပြားသည့်အမြင်များ ရှိပါလိမ့်မည်။ ပြည်သူအချို့က အဆင့်မြင့်ဂန်ဆောင်မှုများ ကြိုက်တတ်ပြီး ယင်းအတွက် အခွန်ငွေများများလည်း ပေးဆောင်လိုကြသည်။ အချို့ပြည်သူများမှာ အခွန်နည်းနည်းနှင့် အတော်အသင့် အစိုးရဂန်ဆောင်မှုများကို ပိုမိုနှစ်သက်တတ်သည်။ အချို့က အစိုးရ ဂန်ဆောင်မှုများကို အခွန်အကောက်များဖြင့် ပံ့ပိုးဖြည့်ဆည်းပေးလိုသော်လည်း အချို့ကမူ သုံးစွဲမှုအလိုက် အဖိုးအခများကောက်ခံသည့် ပုံစံဖြင့် ဆောင်ရွက်စေလိုကြသည်။ ဗဟိုဦးစီးမှု လျှော့ချထားသည့်စနစ်သည် ယင်းသို့သော ကွဲပြားမှုအဖုံဖုံရှိသည့် အမြင်အားလုံးကို ပြေလည်စေနိုင်ပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအကြား ယှဉ်ပြိုင်မှုရှိခြင်းသည်လည်း အစိုးရ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးပါလိမ့်မည်။ အစိုးရတစ်ရပ်က ဂန်ဆောင်မှုအရည်အသွေးနှင့် ထိုက်တန်ခြင်းမရှိသည့် အခွန်များမြင့်မားစွာစည်းကြပ်နေလျှင် အခွန်ပေးဆောင်ရသည့် ပြည်သူလူထုနှင့် လုပ်ငန်းရှင်များသည် အဆိုပါအရပ်ဒေသအား စွန့်ခွာသွားကြမည် ဖြစ်သည်။ အမေရိကန်နိုင်ငံတွင် ပြည်သူများသည် နှစ်စဉ် သန်း ၄၀ နီးပါး ပြောင်းရွှေ့နေထိုင်ကြသည်။ ၁၉၉၈ ခုနှစ်နှင့် ၂၀၀၇ ခုနှစ်တို့တွင် အခွန်အများဆုံး စည်းကြပ်သည့် ပြည်နယ်များဖြစ်သော ကယ်လီဖိုးနီးယား၊ နယူးယောက်၊ နယူးဂျာစီ၊ မစ်ချီကန်နှင့် အီလီနွိုက်ပြည်နယ်များမှ နှစ်စဉ် လူ ၄သန်းနီးပါး ထွက်ခွာသွားကြသည်။ အများစုမှာ အခွန်နှုန်းသက်သာသော တက်ဆက်စ်၊ ဖလော်ရီဒါ၊ တင်နက်ဆီ၊ နီးဗားဒါး၊ ယူးတားနှင့် ဂျော်ဂျီယာ ပြည်နယ်များသို့ ပြောင်းရွှေ့နေထိုင်ကြသည်။[၃၇]

ရွှေ့ပြောင်းနေထိုင်သူများမှာ သူတို့၏ ခြေထောက်များဖြင့် မဲပေးခြင်းဖြစ်သည်။ ဆိုလိုသည်မှာ သူတို့၏ ထွက်ခွာသွားမှုသည် အခွန်များများကောက်ပြီး ညံ့ဖျင်းသော အစိုးရဖြစ်သည်ဟု အဓိပ္ပါယ် သက်ရောက်စေသည်။ *ပြည်သူလူထုက ဒေသအစိုးရ၏ မူဂါဒများကို မနှစ်သက်ပါ၊ အဆိုပါမူဂါဒများကို ပြုပြင်ပြောင်းလဲရန် လိုအပ်သည်*ဟု မီးမောင်းထိုးပြခြင်းပင် ဖြစ်သည်။ စားသုံးသူစိတ်ကြိုက် ဂန်ဆောင်မှု မပေးနိုင်သော စီးပွားရေးလုပ်ငန်းသည် အရှုံးနှင့် ရင်ဆိုင်ရသကဲ့သို့ ပြည်သူ့စိတ်ကြိုက် ဂန်ဆောင်မှု့မပေးနိုင်သည့် အစိုးရသည်လည်း သူ၏နိုင်ငံသားများကို ဆုံးရှုံးပါလိမ့်မည်။ ဗဟိုဦးစီးမှု လျှော့ချမှုနှင့်အတူ ပြည်သူလူထုသည် စရိတ်သက်သက်သာသာနှင့် ပြည်သူ့ဂန်ဆောင်မှု

ပေးနိုင်သော၊ အခွင့်အလမ်းရှိသော နေရာများသို့ ပြောင်းရွှေ့နေထိုင်ပါလိမ့်မည်။ အပြန်အလှန်အားဖြင့် မဲဆန္ဒရှင်များ၏ ရွှေ့ပြောင်းနေထိုင်မှုသည် အစိုးရ၏လုပ်ဆောင်ချက်များကို ပြည်သူ့အလိုလိုက်အောင် ထိန်းကျောင်းပေးနေသကဲ့သို့ ဖြစ်သည်။

ဗဟိုဦးစီးမှုလျှော့ချထားသည့် ဒေသအစိုးရများအကြား ယှဉ်ပြိုင်မှုမှ နိုင်ငံသားများ အကျိုးစီးပွားကို ပြေလည်အောင် ဆောင်ရွက်မည့်အခါ ပြည်ထောင်စုအစိုးရမူဝါဒများက ဆူးပြောင့်ခလုတ်မဖြစ်စေသင့်ပေ။ ပြည်ထောင်စုအစိုးရက ဒေသအစိုးရများ ပံ့ပိုးနေသည့် ဝန်ဆောင်မှုများအပေါ် စည်းကမ်းသတ်မှတ်ခြင်း၊ ငွေကြေးထောက်ကူပေးခြင်း၊ လုပ်ပိုင်ခွင့်သတ်မှတ်ပေးခြင်တို့ ပြုလုပ်သည့်အခါ ဒေသအစိုးရများအကြား ယှဉ်ပြိုင်မှုဖြစ်စဉ်ကို အားနည်းစေပါသည်။ ဗဟိုအစိုးရအနေဖြင့် အလုပ်သင့်ဆုံးမှာ သူလုပ်ရမည့် ဘောင်အတွင်း၌သာ ကောင်းစွာလုပ်ဆောင်ရန်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ဒေသန္တရအစိုးရများ၏ လုပ်ကိုင်မှုနှင့် ဝန်ဆောင်မှု လုပ်ငန်းအဆင့်များတွင် ကြားဝင်မဆောင်ရွက်ရန် ဖြစ်သည်။

ပုဂ္ဂလိကလုပ်ငန်းများကဲ့သို့ အစိုးရအဖွဲ့အစည်းများက ပြိုင်ဘက်များ၏ ယှဉ်ပြိုင်မှုမှ အကာအကွယ်ရယူလိုတတ်ကြသည်။ လက်ဝါးကြီးအုပ်လုပ်ကိုင်ရန် အစိုးရများက လိုလားတတ်ကြသည်။ ထို့ကြောင့် ဒေသအစိုးရများအကြား ယှဉ်ပြိုင်မှုသည် အလိုအလျောက် တဆင့်ပြီးတဆင့် ဖြစ်ပေါ်လာမည်မဟုတ်ပေ။ နိုင်ငံရေးပုံသဏ္ဍာန်တစ်ခုတွင် ထည့်သွင်းဆောင်ရွက်မှသာ ဖြစ်ပေါ်လာမည်ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုအား တည်ထောင်သူများက အမေရိကန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အမေရိကန်ပြည်ထောင်စု၏ ဖယ်ဒရယ်စနစ် ရေးဆွဲသည့်အခါ အဆိုပါအချက်ကို ထည့်သွင်းစဉ်းစား၍ ဆောင်ရွက်ခဲ့ကြသည်။

## ၁၀။ နိုင်ငံရေးလုပ်ငန်းစဉ်နှင့် ခိုင်မာသည့် စီးပွားရေးကို ဟန်ချက်ညီစေသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေစည်းမျဉ်းများက စီးပွားရေးတိုးတက်မှုကို ဖြစ်ပေါ်စေသည်။

*မျက်မှောက်ခေတ် ရှုမြင်ပုံမှာ အခြားသူများအား အုပ်ချုပ်နိုင်သည့် လူ၏ စွမ်းအားက အကန့်အသတ်မရှိသောကြောင့် အစိုးရအပေါ် ကန့်သတ်ချက်များ မထားရှိသင့်ကြောင်း ဖြစ်သည်။ တစ်ဦးအပေါ်တစ်ဦး ဗိုလ်ကျခြင်းကြောင့် နာကျင်မှုများ ခံစားခဲ့ရသည့် ခေတ်တွင် မွေးဖွားလာသူများ၏ ရှေးယခင်ယုံကြည်မှုမှာ အသိပညာ အကန့်အသတ်ရှိပြီး၊ မိမိကိုယ်ကိုသာကြည့်တတ်သည့် အတ္တစိတ်များရှိနေတတ်သည့် လူသားတို့သည် အထိန်းအကွပ်မဲ့ အာဏာများ ရရှိကျင့်သုံးလာသည့်အခါ ဖိနှိပ်မှုများ၊ အဓိပ္ပါယ်မဲ့လုပ်ရပ်များ၊ အကျင့်ပျက်မှုများ ဖြစ်ပေါ်လာစေသည်ဟု ရှုမြင်ကြသည်။ လူသားတို့သည် သူတို့မေ့လျော့ထားသည့် ပင်မအမှန်တရားများ တဖန်ပြန်ရှာမတွေ့မီ အတိဒုက္ခများနှင့် တွေ့ကြုံခဲ့ကြရသည်။ သို့သော် သူတို့အား လမ်းလွဲလိုက်စေသည့် စိတ်ကူးများကို*

*စိန်ခေါ်တွန်းလှန်မှုသာလျှင် အခြားဖောက်ပြန်သည့် ခေတ်များတွင် အမှန်တရားများ တဖန်ပြန်တွေ့တတ်သကဲ့သို့ အမှန်တရား ပြန်လည်တွေ့ရှိမည်ဖြစ်သည်။*

- ဝေါလ်တာ လစ်မန်း (WALTER LIPPMANN)

ဒီမိုကရက်တစ်ရွေးကောက်ပွဲများကသာ စီးပွားရေး တိုးတက်မှုဖြစ်စေသည့် ပတ်ဝန်းကျင်တစ်ခု တည်ထောင်ပေးလိမ့်မည်ဟု ထင်မြင်ခြင်းက ကျွန်တော်တို့ခေတ်၏ ပညာတတ်အရှုးရောဂါသာ ဖြစ်ပါသည်။ အခြေခံပညာရေးမှစ၍ အမေရိကန်တို့ ကြားသိနေရသည်မှာ ရွေးကောက်ခံ ကိုယ်စားလှယ်များသည် နိုင်ငံသူနိုင်ငံသားများအားလုံး၏ အကျိုးစီးပွားကို ထမ်းရွက်ကြပြီး အများစု သဘောဖြင့် အုပ်ချုပ်မှုစနစ်သည် နစ်လိုဖွယ်ကောင်းသည့် ရလဒ်များ ဖြစ်ထွန်းလာစေမည်ဟု ဖြစ်သည်။ သို့သော် အဆိုပါအချက်မှာ မှားယွင်းသည့် အမြင်ပင်ဖြစ်သည်။ သမိုင်းကြောင်းနှင့် နိုင်ငံရေး သီအိုရီများကမူ ယင်းအချက်မှားကြောင်း ပြဆိုနေသည်။ ရွေးကောက်ခံ ကိုယ်စားလှယ်များသည် နိုင်ငံရေးထည့်ဝင်မှုများ၊ မဲပြားများနှင့် အခြားသော ထောက်ခံမှုပုံစံအမျိုးမျိုး ရရှိအောင် ပြည်သူများ၏ အခွန်အခများကို အသုံးချ၍ မဲဆန္ဒရှင်အုပ်စုများစွာကို မျက်နှာသာ ပေးတတ်ကြသည်။ အစိုးရအနေဖြင့် တစ်ဦးချင်းအခွင့်အရေးများကို ကာကွယ်ပေးသည့်အလုပ်ကို ကျော်လွန်၍ အရင်းအမြစ်များ စီမံခန့်ခွဲရာတွင် ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်ပြီး အုပ်စုအဖွဲ့အစည်း အချို့ကို မျက်နှာသာပေးပြီး အခြားသူများကို နစ်နာစေပါက ဥပဒေအောက်တွင် သာတူညီမျှ ဆက်ဆံမှုမှာ ချောင်ထိုးခံလိုက်ရပြီ ဖြစ်သည်။

၂၀၀၉ ခုနှစ် ဒီဇင်ဘာတွင် အထက်လွှတ်တော်မှ ပြဋ္ဌာန်းသော စာမျက်နှာ ၂၀၀၀ ရှိ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဥပဒေသည် အမေရိကန်နိုင်ငံ၏ နိုင်ငံရေးလုပ်ငန်းစဉ်များ အလုပ်လုပ်ပုံကို ရှင်းလင်းစွာ ဖော်ပြနေသည်။ လူးဝီစီယားနားမှ လွှတ်တော်အမတ်သည် သူမ မဲရရှိရန်အတွက် ပြည်နယ်အတွက် ဒေါ်လာ သန်း ၃၀၀ တန်ဖိုးရှိ ဆေးဝါးအထောက်အပံ့ကို ရင်းခဲ့သည်။ နီးဘရားစကားမှ လွှတ်တော်အမတ်သည် ပြည်နယ်အတွက် ဆေးဝါးအထောက်အပံ့ အမြဲတမ်းရန်ပုံငွေရှိအောင်ဆောင်ရွက်မည့်မဲကို နီးဘရားစကားပြည်နယ် အခြေစိုက် ကျန်းမာရေး အာမခံကုမ္ပဏီ ဖြစ်သော အိုမားဟားရင်းနီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့အတွက် အခွန်အထူးသက်သာခွင့် အတွက် ရောင်းချခဲ့သည်။ ဖလော်ရီဒါမှ လွှတ်တော်အမတ်သည် ဖလော်ရီဒါပြည်နယ်သားများအတွက် အထူးဆေးကုသခွင့် ဆိုင်ရာ အကျိုးခံစားခွင့်များကို ဥပဒေကြမ်းတွင် ထည့်သွင်းပြီးမှသာ ထိုဥပဒေကို စိတ်အားထက်သန်စွာ ထောက်ခံခဲ့သည်။ အထူးကျန်းမာရေးအာမခံ အစီအစဉ်များအတွက် ကောက်ခံသော အခွန်များကို အလုပ်သမားသမဂ္ဂများအပေါ် မစည်းကြပ်ရန် ကင်လွတ်ခွင့်ပေးခဲ့သည်။ ခွဲခြားဆက်ဆံမှုနှင့် မျက်နှာသာပေးမှု စာရင်းမှာ ပြော၍ပင် ကုန်မည်မဟုတ်ပေ။ ဥပဒေအောက်တွင် တန်းတူညီမျှ ဆက်ဆံရမည်ဆိုသည့် အချက်မှာ ချောင်ထိုးခံလိုက်ရပြီ ဖြစ်သည်။ ဥပဒေပြုဖြစ်စဉ်သည် အထူးအဆန်းမဟုတ်သော်လည်း ဥပဒေထဲတွင် ပါဝင်သော အတွင်းပိုင်းညှိနှိုင်းမှုများ နှင့်နိုင်ငံရေးအရ မျက်နှာသာပေးမှုများမှာ သိမြင်လွယ်ပါသည်။ ထိုအတွေ့အကြုံသည် အမေရိကန်ပြည်သူ ပြည်သားများ အတွက် ကြီးမားသော နိုင်ငံသားရေးရာသင်ခန်းစာ (civic lesson) ဖြစ်ပြီး အစိုးရ၏

စီမံကိန်းများချမှတ်ခြင်းနှင့် နိုင်ငံရေးအရဂေဇုစခွဲခြင်းနှင့် ပတ်သက်သော အမှန်တရားများကို ပြည်သူအား နှိုးဆော်တပ်လှန့်သလို ဖြစ်သွားခဲ့သည်။

အစိုးရအပေါ် အထိန်းအကွပ် မသတ်မှတ်ထားလျှင် ဒီမိုကရေစီနိုင်ငံရေးသည် အထူးအကျိုး စီးပွားအုပ်စုများကို မျက်နှာသာပေးရန်အတွက် အခွန်ထမ်းပြည်သူများထံ၏ အခွန်ဘဏ္ဍာများကို အလွန်အကျွံသုံးစွဲခြင်း နှင့် ကြွေးမြီများ ထူထပ်လာခြင်းတို့ကို ဖြစ်ပေါ်လာပါလိမ့်မည်။ အငြင်းပွားဖွယ် မကျေလည်မှုများနှင့် လောဘရှေ့ထားသည့် အဖျက်လုပ်ရပ်များသာ ကြီးစိုးလာမည် ဖြစ်သည်။ လူတစ်ဦးချင်းစီတို့သည် စီးပွားရေးအကျိုးစီးပွား ဖေပုံကျပိုရအောင်သာ အချိန်ကုန်နေတတ်ကြပြီး စီးပွားရေးတိုးတက်ကြီးထွားလာစေရန် အာထုတ်မှု နည်းလာကြမည် ဖြစ်သည်။ ထို့ကြောင့် စီးပွားရေးမှာ တိုးတက်မလာတော့ပဲ လုံးပါးပါးလာပေတော့မည်။ ထို့အပြင် ယုံကြည်မှုပျောက်ဆုံးခြင်း၊ အစုအဖွဲ့များအကြား မလိုမုန်းထားခြင်းနှင့် နိုင်ငံရေး အကျင့်ပျက်ခြစားမှုများ ပိုမိုများပြားလာပြီး ကုန်ထုတ်လုပ်မှုလည်း ရပ်တန့်ကျဆင်းလာပါလိမ့်မည်။ နိုင်ငံရေးဆုံးဖြတ်ချက်များဖြင့် လည်ပတ်နေသော စီးပွားရေးတွင် လုပ်ကိုင်နေရသော ဘဂများမှာ မသာယာနိုင်တော့ပေ။

အမေရိကန်နိုင်ငံသည် စုပေါင်းဆုံးဖြတ်လုပ်ကိုင်ခြင်း (collectivism) ဟူသော ခရီးလမ်းကို အတော်ဝေးဝေးလျှောက်လှမ်းခဲ့ပြီးဖြစ်၍ နိုင်ငံရေးပိုင်းတွင် ထိန်းချုပ်မှုသို့ ပြန်လှည့်ရန် မဖြစ်နိုင်တော့ဟု လူအများက ယုံကြည်ထားသည်။ ကျွန်တော်တို့က ထိုယူဆချက်ကို သဘောမတူပါ။ တစ်ခြားသောနိုင်ငံများသည်လည်း ထိုသို့လုပ်ဆောင်ခဲ့ပါသည်။ ဆယ်စုနှစ် လေးစုကြာ ဘိလပ်ရောဂါ (the British disease) ဟုခေါ်သော အစိုးရ၏ အခန်းကဏ္ဍကို တိုးချဲ့ ခြင်းနှင့် စီးပွားရေးတိုးတက်မှု ရပ်တန့်ခြင်းများဖြစ်ခဲ့သော ဗြိတိန်နိုင်ငံသည် ၁၉၈၀ ခုနှစ်တွင် နိုင်ငံရေးထိန်းချုပ်မှုသို့ ပြန်လှည့်ခဲ့သည်။ နယူးဇီလန်နိုင်ငံသည် ၁၉၈၀ နှောင်းပိုင်းနှင့် ၁၉၉၀ အစပိုင်းများတွင် နိုင်ငံရေးထိန်းချုပ်မှုသို့ နောက်ပြန်လှည့်ခဲ့သည်။ (အစိုးရ၏ အခန်းကဏ္ဍကို လျှော့ချခဲ့သည်)။ အိုင်ယာလန်နိုင်ငံတွင် တိုးတက်မှုနှေးကွေးခြင်း၊ လူဦးရေကျဆင်းခြင်း၊ ဈေးကွက်ရန်အတွက် ယုံကြည်စိတ်ချရမှု အဆင့်သတ်မှတ်ချက် ထိုးဆင်းလာပြီးနောက် ၁၉၈၀ နောက်ပိုင်းတွင် အစိုးရ၏ ကြီးမားစွာ ပါဝင်ဆောင်ရွက်တတ်သည့် အခန်းကဏ္ဍကို လျှော့ချခဲ့သည်။ မျက်မှောက်ခေတ် အမေရိကန်နိုင်ငံသည် စီးပွားရေးအား နိုင်ငံရေးဆန်ဆန် ဆုံးဖြတ်လုပ်ကိုင်မှုသည် ၁၉၃၀ ပြည့်နှစ် စီးပွားရေးအခြေအနေနှင့် နင်လားငါလားပင် ဖြစ်သည်။ ငွေကြေး ဖောင်းပွခြင်း၊ မြင့်မားသည့် အလုပ်လက်မဲ့နှုန်း၊ ဈေးနှုန်းထိန်းချုပ်ခြင်း နှင့် ငွေကြေးတည်ငြိမ်မှုမရှိခြင်းတို့ ဖြစ်ပေါ်ခဲ့သော ၁၉၇၀ ပြည့်နှစ်များသည်လည်း ခက်ခဲစွာ ဖြတ်သန်းရသည့် အချိန်ကာလများ ဖြစ်သည်။ သို့သော်လည်း စီးပွားရေးတွင် အစိုးရက ဝင်ရောက်လုပ်ဆောင်သော အဆိုပါ အခြေအနေများဖြင့် တွေ့ကြုံပြီးနောက် ကောင်းမွန်မှန်ကန်သော အစိုးရမူဝါဒများဖြင့် အကောင်အထည်ဖော်ခဲ့ခြင်းတို့ကြောင့် ဆယ်စုနှစ်နှစ်ခုအထိ စီးပွားရေးတည်ငြိမ်မှုနှင့် တိုးတက်မှုများ ရရှိခဲ့သည်။ အထက်တွင်ဖော်ပြခဲ့သော ၂၀ ရာစု၏ထင်ရှားသော သတင်းစာဆရာ ဝေါလ်တာ လစ်မန်း၏အဆိုဖြစ်သော လူတို့သည် အမှန်တရားများကို မေ့ကောင်းမေ့မည်ဖြစ်သော်လည်း အတွေးအခေါ်အလွဲများသည် စိန်ခေါ်မှုခံရသည့်အခါ အမှန်တရားမှာ တပတ်လည်လာမည် ဖြစ်သည်။

အစိုးရသည် စီးပွားရေးတိုးတက်မှုအတွက် ကောင်းမွန်သော တွန်းအားဖြစ်လျှင် နိုင်ငံရေး ကစားပွဲ စည်းမျဉ်းများသည် မဲဆန္ဒရှင်များ၊ နိုင်ငံရေးသမားများနှင့် အစိုးရဂန်ထမ်းများ၏ အကျိုး စီးပွားကို စီးပွားရေးတိုးတက်မှုနှင့် ဟန်ချက်ညီအောင်၊ လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ပေးနိုင်ရမည်။ အထိန်းအကွပ်ရှိသောအစိုးရ (limited government)၊ ပြည်ထောင်စု အစိုးရနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအကြား ဒီမိုကရေစီနည်းကျ အာဏာခွဲဝေအုပ်ချုပ်ခြင်း (federalism)၊ ဥပဒေအောက်တွင် ကျောသားရင်သားမခွဲခြားခြင်း စသည်တို့သည် အဆိုပါ ရည်မှန်းချက် အောင်မြင်ရန်အတွက် လိုအပ်သည့် အဓိကအချက်များ ဖြစ်သည်။

အကြမ်းဖျင်းအားဖြင့် အမေရိကန်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲသူများသည် အခြေခံ ဖွဲ့စည်းတည်ဆောက်ပုံကို မှန်ကန်အောင် ချမှတ်နိုင်ခဲ့သည်။ သူတို့သည် ပြည်ထောင်စု အစိုးရ၏ လုပ်ပိုင်ခွင့်အာဏာကို ကန့်သတ်ထားပြီး ပြည်နယ်များအကြား လွတ်လပ်စွာ ကုန်သွယ်မှုကို အားပေးထားသည်။ ဗဟိုအစိုးရမှ ကျင့်သုံးနိုင်သော ဘဏ္ဍာရေးမူဂါဒလုပ်ပိုင်ခွင့်ကို (အခန်း ၁ အပိုင်း ၈တွင် ဖော်ပြထားသည့် အတိုင်း) သတ်မှတ်ပေးခဲ့ပြီး (ဆယ်ကြိမ်မြောက် ပြင်ဆင်ချက်က) အခြားသော လုပ်ပိုင်ခွင့်အားဏာများကို လူထုနှင့် ပြည်နယ်များသို့ အပ်နှင်းထားသည်။ စာချုပ် စာတမ်းများကို ပျက်ပြယ်စေသော ဥပဒေများကို ပြဋ္ဌာန်းခြင်းမှလည်း ပြည်နယ်များအား (အခန်း ၁ အပိုင်း ၁၀ အရ) တားမြစ်ထားသည်။ ထို့အပြင် ငါးကြိမ်မြောက်ပြင်ဆင်ချက်အရ ထိုက်တန်သော လျော်ကြေးမပေးဘဲ ပုဂ္ဂလိကပိုင်ဆိုင်မှုများကို ပြည်သူပိုင် သိမ်းယူခွင့်မရှိပေ။ ကွန်ဂရက် လွှတ်တော်သည် အထွေထွေလူမှုဖူလုံရေး (general welfare)နှင့် ဘုံကာကွယ်ရေး (common defense) အတွက် တူညီသော အခွန်နှုန်းထားများကို ပြည်နယ်များအကြား တပြေးညီ ကောက်ခံရန် ဖြစ်သည်။ ၎င်း၏ရည်ရွယ်ချက်မှာ လူတစ်စု သို့မဟုတ် ဒေသတစ်ခုအတွက် မျက်နှာလိုက်၍ ပြည်ထောင်စု အစိုးရ၏ ဘဏ္ဍာတော်ကို အလွဲသုံးစားလုပ်ခြင်းမှ ကာကွယ်ရန်ဖြစ်သည်။ ဥပဒေ ပြဋ္ဌာန်းခြင်းသည် အမြင်မတူညီသော၊ တခါတရံ သဟဇာတမဖြစ်သော အကျိုးစီးပွားများရှိသည့် လွှတ်တော်နှစ်ရပ်စလုံး သဘောတူပြီးနောက် သမ္မတ လက်မှတ်ထိုးမှသာလျှင် ယင်းဥပဒေမှာ အသက်ဝင်လာသည်။ နိုင်ငံရေးအာဏာကို ဥပဒေပြုရေး အာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရား စီရင်ရေး အာဏာများအကြား ခွဲဝေထားသည်။ ပြည်ထောင်စုအစိုးရ၏ အာဏာမှာ ပြည်နယ် အစိုးရများအကြား ခွဲဝေပေးရခြင်းဖြင့်လည်း ကန့်သတ်ထားသည်။ အမေရိကန် ဖွဲ့စည်းပုံအခြေခံ ဥပဒေသည် အစိုးရ၏၊ အထူးသဖြင့် ပြည်ထောင်စုအစိုးရ၏ လုပ်ပိုင်ခွင့်အာဏာကို ထိန်းချုပ်ထား သလို၊ စီးပွားရေးအား နိုင်ငံရေး ဆန်ဆန်လုပ်ကိုင်ခြင်းကို ကန့်သတ်ထားသလို၊ နိုင်ငံသားများ၏ ရပိုင်ခွင့်များကိုလည်း မရုပ်သိမ်း၊ မဖျက်ဆီးနိုင်အောင် ကာကွယ်ပေးထားသည်။

တစ်နည်းဆိုရသော် အစိုးရ၏ လုပ်ဆောင်ချက်များသည် အတင်းအကျပ်လုပ်ကိုင်မှု ပုံစံ မရောက်စေဘဲ လူအများ၏ သဘောတူညီမှုအပေါ် အခြေခံ၍ လုပ်ဆောင်စေရန် ဖွဲ့စည်းပုံအခြေခံ ဥပဒေအား စဉ်းစားရေးဆွဲထားသည်။ အဆိုပါအချက်မှာ မည်သည့်အတွက်ကြောင့် အရေးကြီးပါ သလဲ။ လူပုဂ္ဂိုလ်များသည် မိမိတို့အတွက် အကျိုးအမြတ်ရရှိမှသာ လုပ်ဆောင်ချက်တစ်ခုခုကို သဘောတူမည်ဖြစ်သည်။ ဈေးကွက်မှဖြစ်စေ၊ အစိုးရမှဖြစ်စေ သဘောတူညီမှုအပေါ် အခြေခံသည့်

လုပ်ဆောင်ချက်များသည်သာ နှစ်ဦးနှစ်ဖက်အတွက် အကျိုးရှိသောကြောင့် လူတစ်စုကို အခြားတစ်စု အပေါ် အမြတ်ထုတ်ခြင်း မဖြစ်စေဘဲ လူအများအကျိုးစီးပွားကို ဆောင်ကြဉ်းပေးပါသည်။

အချိန်ကာလပြောင်းလဲလာသည်နှင့်အမျှ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ကန့်သတ်ချက်များသည် တဖြည်းဖြည်း လျော့နည်းပပျောက်လာခဲ့သည်။ ပြည်ထောင်စုအစိုးရသည် ကိစ္စရပ်တိုင်းတွင် ဝင်ရောက် စွက်ဖက်လာပြီး အကျိုးဆက်များမှာလည်း ပေါ်ပေါ်ထင်ထင် ဖြစ်လာပါသည်။ ၎င်းတို့မှာ နိုင်ငံရေးအရ မျက်နှာသာပေးခြင်း၊ အထူးအကျိုးစီးပွားအုပ်စုများအတွက် ငွေကြေးသုံးစွဲခြင်း၊ အစိုးရ ဘတ်ဂျက်လိုငွေ များပြားခြင်း၊ စည်းကမ်းချက်များ ပိုမိုများပြားလာခြင်း၊ နိုင်ငံရေး အကျင့်ပျက် ခြစားခြင်းနှင့် ပြည်သူလူထု၏ နေထိုင်မှုဘဝတွင် ပိုမိုလွှမ်းမိုးခြယ်လှယ်လာခြင်း တို့ဖြစ်သည်။ မိမိတို့ အားလုံးရင်ဆိုင်ရသည့် စိန်ခေါ်မှုများမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ မူလရည်ရွယ်ချက်ကို ပြန်လည် ရရှိအောင် ကြိုးစားခြင်း၊ လူအများသဘော တူညီမှုအပေါ်အခြေခံပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လိုက်လျောညီထွေရှိမည့် နိုင်ငံရေးလုပ်ငန်းစဉ်များကို ဖော်ဆောင်ပေးမည့် ဖွဲ့စည်းပုံအခြေခံဥပဒေ စည်းမျဉ်းသစ်များ ချမှတ်ပေးခြင်းတို့ ဖြစ်သည်။

## ***နေ့ဥစ္စာကြွယ်ဝရေးအတွက် အပြုသဘောလုပ်သည့် အစီအစဉ်တစ်ခု***

အဆိုပါစိန်ခေါ်မှုအား မည်ကဲ့သို့ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါမလဲ။ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုနှင့် တည်ငြိမ်မှုကို အားပေးမြှင့်တင်ရန် အခြေခံဥပဒေတွင် မည်သည့်စည်းမျဉ်းများကို ထည့်သွင်းသင့်ပါသလဲ။ ယခုလေ့လာဆန်းစစ်မှုမှ အဆိုပြုချက်အချို့ လက်ငင်းထွက်ပေါ်လာ နိုင်ပါသည်။ အမေရိကန်၏ အနေအထားအရ အောက်ပါစည်းမျဉ်း ၇ ချက်တို့က စီးပွားရေး တိုးတက်မှုကို ဖြစ်ထွန်းစေမည့် နိုင်ငံသားတို့၏ စီးပွားရေးဆိုင်ရာ ရပိုင်ခွင့်များ ဖော်ပြချက် (Economic Bill of Rights) အတွက် အဓိကပါဝင်သင့်သည်ဟု ယုံကြည်ပါသည်။

### ***က) ပြည်ထောင်စုအစိုးရဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဖြစ်စေ၊ ဒေသန္တရအစိုးရဖြစ်စေ ပိုင်ရှင်အား ၎င်းပိုင်ဆိုင်မှုအတွက် စျေးကွက်တန်ဖိုးအလိုက် လျော်ကြေး အပြည့်အဝမပေးဘဲ ပိုင်ဆိုင်မှု တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ အားလုံးဖြစ်စေ အတင်းအဓမ္မ သိမ်းယူခြင်း မပြုစေရ။***

မကြာသေးမီနှစ်များတွင် ပစ္စည်းဥစ္စာပိုင်ရှင်များက အခြားသူ၏ ပိုင်ဆိုင်မှုအခွင့်အရေးများကို မချိုးဖောက်ထားသော်လည်း ပြည်နယ်နှင့် ဒေသအစိုးရများက လျော်ကြေးမပေးဘဲ ပုဂ္ဂလိက ပိုင်ဆိုင်မှုများကို ရယူရန် သို့မဟုတ် ထိန်းချုပ်ရန်အတွက် စည်းမျဉ်းစည်းကမ်းများကို ခေါင်းစဉ်တပ်၍ လုပ်ကိုင်ခဲ့ကြသည်။ ထိုသို့သိမ်းယူခြင်းအား ဥပဒေပြုရေးမဏ္ဍိုင်က "ပြည်သူတို့၏ အကျိုးစီးပွား" အလို့ငှာ ဆောင်ရွက်သည်။ သို့မဟုတ် ထိုသို့ သိမ်းယူခြင်းခြင်းကြောင့် ပိုင်ရှင်အနေဖြင့် သူ၏အသုံးပြု လုပ်ပိုင်ခွင့်အားလုံး ဆုံးရှုံးသွားသည်မဟုတ်ဟု တရားရုံးများက ယေဘုယျအားဖြင့် ဆုံးဖြတ်ခွင့် ပြုခဲ့ကြသည်။ ယင်းသို့လုပ်ဆောင်ရန် ခွင့်မပြုသင့်သည်ကို ခွင့်ပြုပေးထားသောကြောင့် အလွှဲသုံးစား

လုပ်ခွင့် ပေးသလို ဖြစ်နေတော့သည်။ ထို့ကြောင့် ပဋ္ဌမမြောက် ပြင်ဆင်ချက်အား တဖန်ပြန်လည် ပြင်ဆင်သင့်ပါသည်။

***ခ) စီးပွားလုပ်ငန်းတစ်ခု သို့မဟုတ် အသက်မွေးဝမ်းကျောင်းပညာတစ်ခုတွင် ယှဉ်ပြိုင်ရာတွင် ဖြစ်စေ/ သို့မဟုတ် ကုန်စည်နှင့် ဝန်ဆောင်မှုများကို သက်ဆိုင်သူအသီးသီးက လက်ခံသဘောတူသည့် သတ်မှတ်ချက်များအတိုင်း တရားဝင်ရောင်းဝယ်ဖောက်ကားရာတွင် တစ်ဦးချင်းအခွင့်အရေးကို ပြည်ထောင်စုလွှတ်တော် သို့မဟုတ် မည်သည့်ပြည်နယ်တစ်ခုခု၏ လွှတ်တော်များက ပိတ်ပင် တားမြစ်ခြင်း မပြုစေရ။***[၁၉]

စီးပွားရေးလုပ်ငန်းတွင် ပြိုင်ဆိုင်ခွင့်ရခြင်းနှင့် မိမိဆန္ဒအလျောက် ကုန်သွယ်မှုများပြုလုပ်ခွင့် ရခြင်းတို့သည် လူတစ်ဦးချင်းစီ၏ လွတ်လပ်ခွင့်ဖြစ်ပြီး ယင်းလွတ်လပ်ခွင့်သည် စီးပွားရေး လွတ်လပ်ခွင့်နှင့် စီးပွားရေးတိုးတက်ရေး ၂ ရပ်လုံးအတွက် အရေးကြီးသည့် အုတ်မြစ်များပင် ဖြစ်သည်။ ဈေးနှုန်းထိန်းချုပ်မှုများ၊ လုပ်ငန်းနှင့် အလုပ်အကိုင်ဝင်ရောက်မှု ထိန်းချုပ်မှုများ၊[၂၀] ပြည်နယ်များအကြား ကုန်စည်နှင့် ဝန်ဆောင်မှုများ ဖလှယ်မှုကို ထိန်းချုပ်သည့် ဥပဒေများနှင့် အစိုးရ၏ အခြားသော ကုန်သွယ်ရေး ထိန်းချုပ်သည့် စည်းကမ်းချက်များကို မထွက်ပေါ်လာအောင် တားမြစ်ပေးသင့်သည်။

***ဂ) ကွန်ဂရက်လွှတ်တော်သည် သွင်းကုန် သို့မဟုတ် ပို့ကုန်များအပေါ် အခွန်များ စည်းကြပ်ခြင်း သို့မဟုတ် အရေအတွက်သတ်မှတ်ခြင်းများ မပြုစေရ။***

အမေရိကန် ဖွဲ့စည်းပုံအခြေခံဥပဒေက ပို့ကုန်များအပေါ် ကုန်သွယ်ရေးထိန်းချုပ်မှုများ ပြဋ္ဌာန်းခြင်းကို တားမြစ်ထားပြီးဖြစ်သည်။ ထိုပြဋ္ဌာန်းချက်သည် သွင်းကုန်တင်သွင်းမှု အပေါ်တွင်လည်း အကျိုး သက်ရောက်မှု ရှိသင့်သည်။ ကုန်သွယ်ရေးလွတ်လပ်ခွင့်သည် လွတ်လပ်စွာ ပြောဆိုခွင့်နှင့် လွတ်လပ်စွာ ကိုးကွယ်ခွင့်ကဲ့သို့ အခြေခံလူ့အခွင့်အရေးတစ်ရပ်ပင် ဖြစ်သည်။ ကုန်သွယ်ဖက်က အခြားတိုင်းပြည်တစ်ခုတွင် နေထိုင်သူ ဖြစ်စေကာမူ အမေရိကန်ပြည်သူများအား အကောင်းဆုံး ဝန်ဆောင်ပေးမည့် မည်သူထံမှ ရောင်းဝယ်ဖောက်ကားရန် ခွင့်မပြုနိုင်စရာ အကြောင်းမရှိပေ။

***ဃ) ပြည်ထောင်စုအစိုးရအနေဖြင့် စုစုပေါင်းသုံးစွဲနိုင်သည့် အသုံးစရိတ်ပမာဏကို ကန့်သတ်ထိန်းချုပ်ပေးရမည် ဖြစ်ပြီး ဘတ်ဂျက်လုပ်ငန်းစဉ်သည် အဆိုပါထိန်းချုပ်မှုဖြင့် စတင်လုပ်ဆောင်သင့်သည်။***

ပြည်ထောင်စု/ ဗဟိုအသုံးစရိတ် လျာထားချက်လုပ်ငန်းစဉ်တွင် စုစုပေါင်း သုံးစွဲနိုင်သည့် ပမာဏ ကန့်သတ်ချက် မရှိပေ။ အကျိုးရလဒ်အဖြစ် ဗဟိုအသုံးစရိတ်သည် အဖြစ်သင့်ဆုံး အနေအထားထက်

ကျော်လွန်နေသည်။ စုစည်းမှုမရှိသော (စုစည်းမှုအားနည်းသော) အခွန်ထမ်းများ၏ ကုန်ကျငွေများဖြင့် ကိုယ်ကျိုးရှာ အခွင့်အရေးအဖွဲ့များက အမြတ်ထုတ်ကြသည်။ များပြားလှသော အကျိုးမရှိသည့် စီမံချက်များကြောင့် ပြည်သူတို့၏ ဂင်ငွေမှာလည်း ရသင့်သလောက် မရတော့ပေ။ ဖွဲ့စည်းပုံအခြေခံဥပဒေအရပင် ဘတ်ဂျက်ကို ကန့်သတ်ထားသင့်သည်။ စုစုပေါင်းအသုံးစရိတ်သည် အစိုးရအပေါ် ငွေကြေးဂန်ထုပ်ဂန်ပိုး မည်မျှပိနေသည်ကို အကောင်းဆုံးညွှန်ပြပေးသည့် အရာဖြစ်ခြင်းကြောင့် ၎င်း၏ အသုံးစရိတ်အား ထိန်းချုပ်ပေးသင့်သည်။ အိမ်ထောင်စုများ၊ လုပ်ငန်းများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ဒေသန္တရအစိုးရများ၌ သုံးစွဲနိုင်သည့် ပမာဏမှာ အကန့်အသတ်ရှိသည်။ ထို့ကြောင့် ဗဟိုအစိုးရအနေဖြင့်လည်း ထိန်းချုပ်သုံးစွဲသင့်သည်။

စုစုပေါင်း အသုံးစရိတ်အား ထိန်းချုပ်နိုင်သည့် နည်းလမ်းများစွာ ရှိပါသည်။ ပထမနည်းလမ်းမှာ ဗဟိုအသုံးစရိတ်အား ဂျီဒီပီ၏ ၂၇ ရာခိုင်နှုန်းအထိသာ သုံးစွဲရမည်ဟု အခြေခံဥပဒေတွင် ပြင်ဆင်သတ်မှတ်ပေးနိုင်သည်။ ဂျီဒီပီ၏ ၂၇ ရာခိုင်နှုန်း ဆိုသည်မှာ ပြီးခဲ့သည့် နှစ် ၅၇ ၏ ပျမ်းမျှနီးပါးဖြစ်သည်။ အခြားတစ်ခုမှာ ကွန်ဂရက်သို့ တင်သွင်းမည့် သမ္မတ၏ နှစ်စဉ်အသုံးစရိတ်လျာထားချက် အဆိုပြုချက်တွင် သမ္မတက စုစုပေါင်းအသုံးစရိတ် အကန့်အသတ် ဖော်ပြပေးထားပြီး ယင်းကန့်သတ်ချက်ကို ကျော်လွှားဖို့ဆိုလျှင် လွှတ်တော်နှစ်ရပ်ပေါင်း၏ ၄ ပုံ ၃ ပုံက အတည်ပြုရန် လိုအပ်သည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဌာန်းထားနိုင်သည်။ ဤနည်းသည် မဲဆန္ဒရှင်အားလုံးမှ ရွေးကောက်တင်မြှောက်လိုက်သည့် ပုဂ္ဂိုလ်တစ်ဦးတည်းအား စုစုပေါင်းအသုံးစရိတ်အတွက် တာဂန်ခံစေခြင်း ဖြစ်သည်။ ထိုအခါ လက်လွှတ်စပါယ်သုံးစွဲလျှင် မည်သူ၌ တာဂန်ရှိသည်ကို အငြင်ပွားစရာလိုမည် မဟုတ်တော့ပေ။

အသုံးစရိတ်ထိန်းချုပ်နိုင်သည့် အခြားနည်းလမ်းမှာ လာမည့် ဘဏ္ဍာရေးနှစ်အတွင်း ဗဟိုအသုံးစရိတ် လျှော့ချသင့်သည်၊ မူလအတိုင်း ရှိသင့်သည် သို့မဟုတ် တိုးချဲ့တိုးစွဲသင့်သည့်ကို အဆုံးအဖြတ်ပေးရန်အတွက် ပြည်ထောင်စုဂင်ငွေခွန် ကြေငြာလွှာတွင် အခွန်ထမ်းများအား မဲပေးရွေးချယ်စေသည့် ပုံစံတစ်ခုကို ထည့်သွင်းထားရန် ဖြစ်သည်။ ဤသို့ ပြောင်းလဲလုပ်ဆောင်ခြင်းက အသုံးစရိတ်များအတွက် အခွန်ထမ်းများအား ပါဂင်ဆုံးဖြတ်ပိုင်ခွင့်ပေးခြင်း ဖြစ်သည်။ တစ်ဖန် အဆိုပါ အခွန်ထမ်းတို့၏ အသုံးစရိတ် ထိန်းချုပ်ခြင်းအား ပြန်လည်ပြင်ဆင်လိုပါက ဥပဒေပြုလွှတ်တော်တွင် မဲခွဲဆုံးဖြတ်ပြီး လွှတ်တော် ၂ ရပ်လုံး၏ ၃ ပုံ ၄ ပုံမဲများလိုအပ်ပြီး  သမ္မတက အတည်ပြုပေးရမည် ဖြစ်သည်။ ဤနည်းဖြင့် အခွန်မထမ်းဆောင်သူများအား အခွန်ထမ်းများ၏ ပိုင်ဆိုင်မှုများ အသုံးချခြင်းမျိုးကို ခွင့်ပြုတော့မည် မဟုတ်ပေ။ မည်သည့်နိုင်ငံရေးသမားများကိုမျှလည်း အခွန်ထမ်းများ၏ ဂင်ငွေများဖြင့် အခွန်မပေးသူများ၏ မဲများ ဂယ်ယူနိုင်ခွင့် ပေးမည် မဟုတ်တော့ပေ။ အခွန်ပေးသူများအား အသုံးစရိတ်စုစုပေါင်းပမာဏအား ကန့်သတ်ထိန်းချုပ်ခွင့် ပြုလိုက်ခြင်းဖြင့် မလိုလားအပ်သည့် မက်လုံးများကို လျှော့ချပေးသည်။[၂၁]

အမေရိကန်ပြည်ထောင်စုသည်လည်း ယခုအခါ မဲပေးသူ ၅၇ ရာခိုင်နှုန်းက ဂင်ငွေခွန် မဆောင်သည့် အဖြစ်မျိုးသို့ ဆိုက်ကပ်လာနေသည်။ အခွန်ထမ်းများကို အကာအကွယ်

တိုး၍မပေးနိုင်လျှင် အစိုးရသည် အတားအဆီးမဲ့ လုယက်မှု (barroom brawl) နှင့် ဆင်တူမည် ဖြစ်ပြီး အစိုးရ၏ မျက်နှာသာပေးမှုအတွက် ယှဉ်ပြိုင်နေသည့် အဖွဲ့များကြောင့် မိမိတို့၏ လူနေမှုအဆင့်အတန်းများမှာလည်း တိုက်စားခံရမည် ဖြစ်သည်။ ဗဟိုအသုံးစရိတ်ရေးဆွဲမှု လုပ်ငန်းစဉ်လည်း ပျက်စီးသွားမည် ဖြစ်သည်။ အစိုးရအသုံး စရိတ်များကို ခွဲဝေသုံးစွဲရာတွင် လက်လွှတ်ဆုံရှုံးရမည့် အရာများ (အခွင့်အလမ်းများ) ကို အပြည့်အဝ ထည့်သွင်းစဉ်းစားရန် ဥပဒေပြုအမတ်များကို ဖိအားပေးရန် လိုအပ်ပါသည်။ အဓိပ္ပါယ်ရှိသည့် အသုံးစရိတ်လျာထားချက် ထိန်းချုပ်မှုသည်သာ ပရမ်းပတာ သုံးစွဲခြင်းအား တားဆီးပေးနိုင်မည့် တစ်ခုတည်းသော နည်းလမ်းဖြစ်သည်။

*** င) ပြည်ထောင်စုအစိုးရ အသုံးစရိတ်အစီအစဉ်များအားလုံးအတွက် လွှတ်တော် ၂ ရပ်လုံး၏ ၄ ပုံ ၃ ပုံမှ အတည်ပြုချက် လိုအပ်ပါသည်။ ပြည်နယ်အစိုးရ၏ အသုံးစရိတ်များအား အတည်ပြုရန် ပြည်နယ်အစိုးရ၏ ဥပဒေပြုအဖွဲ့များ၏ အနည်းဆုံး ၃ ပုံ ၂ ပုံအတည်ပြုချက် လိုအပ်စေရမည်။***

ဤပြဌာန်းချက်သည် ပြည်ထောင်စုစနစ်ကို ခိုင်မာစေရန်နှင့် ဗဟိုအစိုးရသို့ အခွင့်အာဏာနှင့် ထိန်းချုပ်မှုအား ပြန်လည်ရောက်ရှိသွားမည့် အန္တရာယ်ကို တားဆီးပေးရန် ဖြစ်သည်။ ဗဟိုနှင့် တိုင်းဒေသကြီး/ပြည်နယ် အဆင့်များတွင် လူများစုထက်ပိုသောလူများစု (supermajority)များက အတည်ပြုရန် လိုအပ်ချက်သည် စီမံကိန်းတစ်ခု မလုပ်ဆောင်မီ လူများစုသာမဟုတ်ပဲ အုံနှင့်ကျင်းနှင့် သဘောတူညီမှု လိုအပ်ပါမည်။ ဤနည်းဖြင့် အရင်းအမြစ်များကို ပြုန်းတီးစေမည့် ဆိုးကျိုးဖြစ် စီမံကိန်းများ ဖော်ဆောင်ခြင်းကို လျှော့ချနိုင်ပါလိမ့်မည်။ စီမံကိန်းတစ်ခုက အမှန်တကယ်သာ ကောင်းမွန်ပါက ငွေကြေးစိုက်ထုတ်သည့် နည်းလမ်းတစ်ရပ် အမြဲရှိနေမည် ဖြစ်ပြီး လူတိုင်းအတွက်လည်း အကျိုးရှိနိုင်ပါသည်။ ထို့ကြောင့် လူများစုထက်ပိုသောလူများစုဖြင့် အတည်ပြုရမည်ဆိုသော ပြဌာန်းချက်များသည် အမှန်တကယ် အကျိုးရှိစေမည့် စီမံကိန်းများ ဖော်ဆောင်မှုကို လျှော့ကျသွားစေမည် မဟုတ်ပေ။ သို့သော် ပြည်သူ့အခွန်များအား အစိုးရမှတဆင့် အထူးစီးပွားရေးအုပ်စုများက မတရားသဖြင့် ရယူခြင်း မပြုနိုင်အောင် တားဆီးပေးလိမ့်မည် ဖြစ်သည်။ ယင်းလိုအပ်ချက်သည် အစိုးရ၏ အသုံးအစွဲများအား ဒေသအစိုးရများကိုပါ စီမံဆောင်ရွက်စေမည် ဖြစ်ပြီး အစိုးရအဖွဲ့အဆင့်များအကြား ပြိုင်ဆိုင်မှုသည် နိုင်ငံသားများအားလုံး၏ အကျိုးစီးပွား၊ လိုလားချက်များကို ဖြည့်ဆည်းပေးရန် တွန်းအားတစ်ရပ် ဖြစ်စေသည်။

*စ) ပြည်ထောင်စုအစိုးရအနေဖြင့် နှစ်စဉ်အလိုက် ဘတ်ဂျက်လိုငွေပြအောင် သုံးစွဲရန်အတွက် သို့မဟုတ် အမျိုးသားကြွေးမြီပမာဏကို တိုးမြှင့်ရန်အတွက် လွှတ်တော် ၂ ရပ်လုံး၏ ၄ ပုံ ၃ ပုံအတည်ပြုချက် လိုအပ်စေရမည်။*

မကြာသေးမီ သမိုင်းအဖြစ်က ပြသည့်အတိုင်း ကွန်ဂရက်သည် အသုံးစရိတ် လိုငွေပြအောင် ဆက်ကာဆက်ကာ သုံးစွဲနေခဲ့သည်။ ပြည်သူ့ကြွေးမြီ (နိုင်ငံတော်ကြွေးမြီ) ပမာဏအား ကန့်သတ်ထားထားသော်လည်း ခေါင်မိုးသို့ ထိခါနီးတိုင်း လွှတ်တော်၏ အမတ်အများစု ခေါင်မိုးကို ထပ်ကာထပ်ကာ တိုးမြှင့်သတ်မှတ်ခဲ့သောကြောင့် လက်ရှိကန့်သတ်ချက်မှာ အရာမရောက်ပေ။ ဘတ်ဂျက်လိုငွေများနှင့် ကြွေးမြီကန့်သတ်မှုအား ပြန်လည်ပြင်ဆင်သတ်မှတ်လိုလျှင် လွှတ်တော်၏ ၄ ပုံ ၃ ပုံမှ အတည်ပြုမှသာ ပြင်ဆင်နိုင်မည်ဟု လိုအပ်ချက်တစ်ရပ် အခြေခံဥပဒေတွင် ပြဌာန်းထားပါက လွှတ်တော်အား သုံးစွဲမှုနှင့် ချေးငှားမှုများအား အလွယ်တကူ မလုပ်နိုင်အောင် ထိန်းချုပ်ပေးရာ ရောက်ပါလိမ့်မည်။

***ဆ) ပြည်နယ်အစိုးရများ သို့မဟုတ် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၏ သုံးစွဲကုန်ကျမှု တစ်မျိုးမျိုးအတွက် ဗဟိုအစိုးရက အာဏာဖြင့် အတည်ပြုရန်အတွက် လွှတ်တော် ၂ ရပ်လုံး၏ ၄ ပုံ ၃ ပုံ အတည်ပြုချက် လိုအပ်စေရမည်။***

ဤပြဌာန်းချက် မပါဝင်ပါက လွှတ်တော်သည် ယခင်သုံးစွဲမှုများနှင့် ချေးငှားမှုအကန့်အသတ်များကို ကျော်လွှားရန်အတွက် လုပ်ပိုင်ခွင့်ရှိသည့် အသုံးစရိတ်သတ်မှတ်ချက်များ (mandated expenditures) အတိုင်း အသုံးပြုပါလိမ့်မည်။

***ဇ) အမေရိကန်ဗဟိုဘဏ်၏ လုပ်ငန်းတာဝန်သည် ငွေကြေးတန်ဖိုး ထိန်းချုပ်ရန်နှင့် တည်ငြိမ်သည့် ဈေးနှုန်းအဆင့်တစ်ခုကို ဖော်ဆောင်ရန် ဖြစ်သည်။ ဈေးနှုန်းမှာ နှစ်စဉ် ၄ % ကျော် ၂ နှစ်ဆက်တိုက် တက်ခြင်း သို့မဟုတ် ကျခြင်းဖြစ်ပေါ်လျှင် ဗဟိုဘဏ်အဖွဲ့အစည်းမှ ဥက္ကဌများအားလုံး ရာထူးမှ နုတ်ထွက်စေရမည်။***

ယင်းပြဌာန်းချက်က ဗဟိုဘဏ် ထမ်းဆောင်ရမည့် တာဝန်ကို ရှင်းလင်းစွာ ဖော်ပြပေးလိမ့်မည်။ ဗဟိုဘဏ်အနေဖြင့် ငွေကြေးတည်ငြိမ်မှုအောင် ဆောင်ရွက်လျှင် စီးပွားရေးတည်ငြိမ်မှုနှင့် စီးပွားရေးဖွံ့ဖြိုးရန်အတွက် တာဝန်ကျေပွန်ပြီ ဖြစ်သည်။

ယင်းပြဌာန်းချက်များက စီးပွားရေးတိုးတက်မှုမြှင့်တင်ပေးပြီး နိုင်ငံရေးသမားများအနေဖြင့် အထူးအကျိုးစီးပွားအုပ်စုများအား အကျိုးပြုလိုစိတ်ကို ကန့်သတ်စေသည်ဟု စီးပွားရေးလေ့လာဆန်းစစ်မှုက ညွှန်ပြသည်။၂၂ ယင်းက အာဏာအား အလွဲသုံးစားပြုခြင်းထက် အကျိုးတူသဘောတူညီချက်တွင် အခြေခံသည့် အစိုးရ ဖြစ်ပေါ်စေရေးအတွက် အပြုသဘော ခြေလှမ်း ဖြစ်စေလိမ့်မည်။

စီးပွားရေးတိုးတက်မှုအတွက် လိုက်လျောညီထွေဖြစ်စေမည့် ဖွဲ့စည်းပုံအခြေခံဥပဒေ စည်းမျဉ်းများကို ပြန်လည်မသတ်မှတ်မီ အကန့်အသတ်ဖြင့်သာလုပ်ဆောင်သော၊ အထိန်းအကွပ်ရှိသော အစိုးရ (limited government) ဖြစ်ရမည်ဆိုသည့် အသိအမြင်

လိုအပ်ပါသည်။ အဆိုပါအမြင်မှာ လူကြိုက်များ ရွေးကောက်ပွဲများသည် အမေရိကန်နိုင်ငံရေးလုပ်ငန်းစဉ်၏ ပေါ်လွင်သည့် အသွင်အပြင်ဖြစ်သည်ဆိုသည့် အတွေးထက် ပိုပါသည်။ နိုင်ငံရေးခေါင်းဆောင်များကို လူများစုမဲဖြင့် ရွေးချယ်သည်က တစ်ကဏ္ဍဖြစ်ပြီး အများဆန္ဒအရ အစိုးရက ဘာလုပ်သည်က သတ်သတ်ဖြစ်သည်ကို နားလည်သဘောပေါက်ထားရမည် ဖြစ်သည်။ အများသဘောဆန္ဒဖြင့် စီမံအုပ်ချုပ်ခြင်းထက် အကန့်အသတ်ဖြင့်သာလုပ်ဆောင်ရသော၊ အထိန်းအကွပ်ရှိသော အစိုးရသည်သာ စီးပွားရေးတိုးတက်မှုအတွက် သော့ချက်ဖြစ်သည်။ အရေးကြီးသည့် အဆိုပါအချက်ကို မိမိတို့အနေဖြင့် မြန်မြန်သဘောပေါက်လေလေ ပိုမိုလွတ်လပ်မှု မြန်မြန်ရရှိပြီး ကြွယ်ဝမှု မြန်မြန်ဖြစ်ပေါ်လေလေ ဖြစ်သည်။

### ***နိဂုံးချုပ်အတွေးများ***

အခြေခံဘောဂဗေဒနှင့် အမေရိကန်အတွေ့အကြုံ ၂ မျိုးလုံးတို့က နိုင်ငံများ၏ ဥစ္စာဓနနှင့် စီးပွားရေးတိုးတက်မှုအတွက် လိုအပ်သည့် အရင်းအမြစ်များနှင့် ပတ်သတ်၍ များစွာသော အသိအမြင်များ ပေးခဲ့ပါသည်။ ပုဂ္ဂလိကပိုင်ဆိုင်ခွင့်၊ လွတ်လပ်စွာ ဖလှယ်ခွင့်၊ အပြိုင်အဆိုင် ဈေးကွက်များ၊ တရားဥပဒေစိုးမိုးရေးနှင့် ငွေကြေးတည်ငြိမ်မှုတို့သည် ကြွယ်ဝချမ်းသာရေးအတွက် အခြေခံအုတ်မြစ်များ ဖြစ်ကြောင်း မြင်လွယ်သော ဘောဂဗေဒအသိက ပြဆိုထားပါသည်။ အဆိုပါ အုတ်မြစ်များ ချမှတ်ထားပြီဆိုလျှင် လူတစ်ဦးချင်းစီသည် "သူတို့စိုက်သမျှ ရိတ်သိမ်း" လာနိုင်မည် ဖြစ်ပြီး အကျိုးဖြစ်ထွန်းသည့် လုပ်ဆောင်ချက်များ ထွက်ပေါ်လာစေပြီး ဓနအင်အားကိုလည်း ရရှိခံစားလာနိုင်မည် ဖြစ်သည်။ အဆိုပါအုတ်မြစ်များသည်ပင်လျှင် အမေရိကန်အား ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုဖြစ်ပေါ်စေသလို အုတ်မြစ်များယိုယွင်းလာခြင်းကြောင့်လည်း ဖွံ့ဖြိုးမှုကျဆင်းခြင်းနှင့် ဆုတ်ယုတ်မှုကိုလည်း ဖြစ်ပေါ်လာစေလိမ့်မည်။

အပိုင်း ၂ နှင့် ၃ သည် နိုင်ငံအဆင့်ကြွယ်ဝမှု (national prosperity) ကို အသားပေးခဲ့သည်။ ဤစာအုပ်၏ နောက်ဆုံးခန်းသည် ပုဂ္ဂလိကကြွယ်ဝမှုရရှိခြင်းကို လက်တွေ့ကျကျ ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဖော်ပြပေးသွားမည် ဖြစ်သည်။

# အပိုင်း ၄

## ကိုယ်ပိုင်ငွေကြေးအား လက်တွေ့ကျကျ စီမံခန့်ခွဲခြင်း သော့ချက် ၁၂ ချက်

၁။ မိမိ၏ အားသာချက်ကို ရှာပါ။

၂။ စွန့်ဦးတီထွင်ပါ။ ဈေးကွက်စီးပွားရေးစနစ်တစ်ခုတွင် တစ်ပါးသူတို့အား ကူညီခြင်းဖြင့်၊ ပိုကောင်းမွန်သည့် လုပ်နည်းလုပ်ဟန်များ ရှာဖွေတွေ့ရှိခြင်းဖြင့် အများထက် ရှေ့ရောက်လာကြသည်။

၃။ ပုံမှန်ငွေစုတတ်လာစေရန်၊ ငွေကြေးကို အကျိုးရှိစွာ သုံးစွဲတတ်လာစေရန် စာရင်းဇယားထား၍ တွက်ချက်သုံးစွဲပါ။

၄။ မည်သည့်အရာအတွက်မျှ ယင်းအသုံးဝင်မည့် သက်တမ်းထက် ငွေကြေးပိုမိုသုံးစွဲခြင်း မပြုပါနှင့်။

၅။ မိမိပိုက်ဆံများကို ပိုမိုအကျိုးရှိအောင် သုံးစွဲနည်း ၂ မျိုး - အကြွေးဂယ်ကဒ်ဖြင့် အကြွေး ဂယ်ခြင်း ရှောင်ကြဉ်ရန်နှင့် အသုံးပြုပြီး ပစ္စည်းများ ဂယ်ယူသုံးစွဲခြင်း။

၆။ "အရေးပေါ်ကိစ္စရပ်များအတွက်" စုဆောင်းမှု လစဉ် ပုံမှန်ပြုလုပ်ပါ။

၇။ အတိုးပေါ်ဆင့်အတိုး (ဂါ) နှစ်ထပ်တိုး ရသည့်နည်းကို ကောင်းကောင်းကြီး အသုံးပြုပါ။

၈။ ကြွက်ဥအားလုံးကို ခြင်းတစ်ခြင်းထဲ အကုန်မထည့်ပါနှင့်၊ ဖြန့်ကျက်ခွဲထည့်ပါ။

၉။ ညွှန်းကိန်းဖြင့်ပြသော စုပေါင်းရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေများသည် စွန့်စားမှုများများစားစား ယူစရာမလိုပဲ ကျွမ်းကျင်သူများထက် ပိုကောင်းအောင် ရွေးချယ်ဂယ်ယူနိုင်သည်။

၁၀။ ကာလရှည် ရည်မှန်းချက်များအတွက် စတော့ရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံပါ၊ ငွေကြေး လိုအပ်ချက်ရှိလာသည့်အခါ ချေးငွေစာချုပ် အချိုးအစားတိုးမြှင့်ပါ။

၁၁။ ဆုံးရှုံးနိုင်ခြေမရှိ သို့မဟုတ် မဆိုစလောက်သာရှိပြီး အမြတ်အစွန်း မက်လောက်အောင် ရနိုင်သည်ဆိုသည့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များအား သတိပြုပါ။

၁၂။ မိမိ၏ ကလေးများအား ငွေရှာပုံရှာနည်းနှင့် ရှာပြီးငွေအား အကျိုးရှိရှိ သုံးစွဲတတ်အောင် သင်ကြားပေးပါ။

<u>နိဒါန်း</u>

အမေရိကန်နှင့် ကမ္ဘာ့တလွှားမှ မျိုးဆက်ပေါင်းများနှင့်ယှဉ်လျှင် ယနေ့ခေတ်အမေရိကန်တို့မှာ ဂင်ငွေများ အဆမတန် မြင့်မားနေကြသည်။ သို့တိုင်အောင် များစွာသော အမေရိကန်တို့မှာ (အများစုပင် ဖြစ်နိုင်ပါသည်) ငွေရေးကြေးရေး ပူပင်စွာ နေထိုင်ကြရသည်။ မည်သို့ ဖြစ်ရပါသလဲ။ အဖြေကား ငွေကြေးအရ ပူပန်စွာနေထိုင်ကြရသည်မှာ မိမိတို့ရှာဖွေသည့် ဂင်ငွေထက် သုံးစွဲမှုပိုင်းတွင် ကောင်းမွန်သော ရွေးခြယ်မှုများ မပြုမိခြင်း၏ အဓိက ရလာဒ်ဖြစ်သည်။

မိမိငွေကြေးများကို မစီမံနိုင်လျှင် ငွေကြေးက မိမိအပေါ် စီးပိုးသွားပါလိမ့်မည်။ အမေရိကန် တွေးခေါ်ပညာရှင်ကြီးဖြစ်သည့် (ဘေ့စ်ဘောသမား အကျော်အမော်လည်းဟုတ်သည့်) ယိုဂီဘဲရာ

(Yogi Berra) ထောက်ပြခဲ့သလို ကျွန်တော်တို့တွင် တစ်ဦးချင်းအနေဖြင့် အစီအစဉ်တစ်ခုစီ ရှိရန် လိုအပ်ပါသည်။ အစဉ်အစဉ်သာမရှိလျှင် ကျွန်တော်တို့သည် မိမိတို့မလိုလားသည့် နေရာတစ်ခုတွင် ဘဝနိဂုံးချုပ်သွား ပေလိမ့်မည်။ အောက်ပါအချက် ၁၂ ချက်တို့မှာ လက်တွေ့ကျသည့် အစီအစဉ်တစ်ခုအတွက် အသက်သွေးကြောပင် ဖြစ်သည်။ ဤစာအုပ်၏ အခြားသောခန်းများကဲ့သို့ပင် ယင်းအချက်တို့မှာ ကျွမ်းကျင်ပညာရှင်တို့အတွက် မဟုတ်ဘဲ သာမန်လူများ နာလည်စေရန်အတွက်သာ ရည်ရွယ်ထားခြင်း ဖြစ်သည်။ လက်တွေ့စတင်ကျင့်သုံးနိုင်သည့် အကြံပြုချက်များကိုသာ အသားပေးဖော်ပြပေးထားသည်။ စာဖတ်သူ၏ အသက်အရွယ်၊ ဝင်ငွေအဆင့်အတန်း သို့မဟုတ် ကျန်းမာရေးအခြေအနေ မည်သို့ရှိသည်ဖြစ်စေ ပိုမိုကောင်းမွန်သည့် ငွေကြေးဆုံးဖြတ်ချက်များ ချမှတ်လာနိုင်ရန် အထောက်အကူ ဖြစ်စေပါလိမ့်မည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ပုဂ္ဂလိကငွေကြေးကိစ္စရပ်များသည် မကြာခဏဆိုသလိုပင် ဘောဂဗေဒ လောကနှင့် လုံးဂကွဲထွက်နေသည်ဟု ထင်ရတတ်ပါသည်။ သို့သော် **ထိုသို့ ကွဲထွက်နေသည်** မဟုတ်ပါ။ နိုင်းယှဉ်အားသာချက် နိယာမအရ မိမိသည်တစ်ဦးချင်းအနေဖြင့် မိမိကျွမ်းကျင်သော အရာများကို အထူးပြုလုပ်ကိုင်ဆောင်ရွက်ခြင်းသည် တိုင်းပြည်များ အထူးပြု လုပ်ကိုင်ကြသကဲ့သို့ အကျိုးကျေးဇူးရှိပါသည်။ အလားတူစွာ အချိန်နှင့်အမျှ ငွေကြေးချမ်းသာလာအောင် ကြိုးစားရာတွင် စွန့်ဦးတီထွင်မှု၊ ငွေကြေးဆိုင်ရာတာဝန်ခံမှု၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက် စီစဉ်ထားမှု၊ ရင်းနှီးမြှုပ်နှံမှု (အထူးသဖြင့် လူသားရင်းမြစ်တွင် ရင်းနှီးမြှုပ်နှံမှု) များသည် တစ်ဦးတစ်ယောက်ချင်း အတွက် အလွန်အဖိုးတန်ရုံမျှမက နိုင်ငံများအတွက် အရေးကြီးသည်။

စာဖတ်သူအား ဝေါလ်စထရိတ် အရည်ကြိုသောက်ထားသူတစ်ဦး သို့မဟုတ် သန်းကြွယ်သူဌေးတစ်ဦး ချက်ချင်းဖြစ်လာရန် လုပ်ပေးနေခြင်းမဟုတ်ပါ။ ဤနေရာတွင် တင်ပြထားသည့် အကြံပြုချက်မှာ ငွေရေးကြေးရေး အခြေခံများ ဖြစ်ပါသည်။ အချို့အချက်များက သိလွယ်နိုင်ပါသည်။ အခြားအချက်များမှာ မိမိမသိပါလားဟု အံ့အားသင့်နိုင်ပါသည်။ သို့သော် အချက်အားလုံးတို့က ယုတ္တိဗေဒနှင့် အတွေ့အကြုံများကို အခြေခံထားပြီး အချို့ကိစ္စရပ်များတွင် ကိန်းဂဏန်း ဥပမာများဖြင့် ပုံဖော်ပြထားသည်။ ဥပမာများမှာ လုံးဝပြည့်စုံနေမည်မဟုတ်သလို သင့်အတွက် အကောင်းဆုံး ငွေကြေးအစီအစဉ်တစ်ခုလည်း မဖြစ်နိုင်ပါ။ များသောအားဖြင့် ဘက်စုံပြည့်စုံမှုကို ရှာဖွေခြင်းမှာ အပြုသဘောလုပ်ရပ်၏ ရန်သူပင် ဖြစ်စေပါသည်။ လူများစွာတို့က ခိုင်မာသည့် ငွေကြေးအစီအစဉ်တစ်ခု ဖော်ဆောင်ရန်အတွက် အချိန် သို့မဟုတ် ကျွမ်းကျင်မှုမျိုး ရှိသည်ဟု မထင်တတ်ကြချေ။ ရလဒ်အားဖြင့် သူတို့သည် အတော်အသင့် ကောင်းမွန်ပြီး ငွေကြေးဒုက္ခရောက်ခြင်းမှ ရှောင်ကြဉ်နိုင်မည့် လက်တွေ့ကျပြီး လွယ်ကူသည့် လမ်းညွှန်ချက်များ မကျင့်သုံးဖြစ်ကြတော့ချေ။

ငွေရေးကြေးရေးဆုံးဖြတ်ချက်များ ပိုမိုကောင်းမွန်စွာ ချမှတ်လာနိုင်ရေးနှင့် အရင်းအမြစ်များမှ အကောင်းဆုံး အကျိုးရှိအောင် အသုံးချရေး နည်းလမ်းများကို အကြံမပြုခင် မိမိတို့အနေဖြင့် ငွေကြေးနှင့် ဥစ္စာနေတို့၏ အရေးပါပုံနှင့်ပတ်သက်၍ အတွေးအမြင်များ မျှဝေလိုပါသည်။ ပဏာမအနေဖြင့် ပြောရလျှင် ကောင်းမွန်ပျော်ရွှင်သည့် ဘဝဆိုသည်မှာ ငွေကြေးရှာဖွေရုံသက်သက်

မဟုတ်ပေ။ ပျော်ရွှင်မှုရဖို့ဆိုလျှင် သာယာသည့် အိမ်ထောင်ရေး၊ မိသားစု၊ မိတ်ဆွေများ၊ ကျေနပ်မှုရှိသည့်အလုပ်၊ ဘာသာရေး ယုံကြည်မှု၊ နစ်သက်မြတ်နိုးသော ဂါသနာများကဲ့သို့ ငွေကြေးမဟုတ်သည့် ပစ္စည်းဥစ္စာများက ငွေကြေးထက် များစွာအရေးကြီးသည်။ ထို့ကြောင့် ငွေကြေးနှင့် ဥစ္စာနေကိုသာ တစိုက်မတ်မတ် ခေါင်းထဲထည့်ထားမည်ဆိုလျှင် ဘယ်လိုမျှ အဓိပ္ပါယ်မရှိချေ။

သို့သော် တစ်ချိန်တည်းမှာပင် ဥစ္စာနေ ပိုရလိုသည့် ဆန္ဒရှိသည်မှာ ဘာပြဿနာမျှ မဟုတ်ချေ။ ယင်းဆန္ဒမှာ ပုဂ္ဂလိကကောင်းစားရေးတွင်သာ စိတ်အားသန်သူများကြားတွင်သာ ရှိသည်မဟုတ်ပေ။ ဥပမာ မာသာထရီဇာသည် ဆင်းရဲသားများကို ပိုမိုကူညီပေးနိုင်ရန်အတွက် ဥစ္စာနေများ ပိုမိုပိုင်ဆိုင်လိုကောင်း လိုချင်ခဲ့လိမ့်မည်။ လူများစွာက ဘာသာရေး၊ ယဉ်ကျေးမှုနှင့် ပရဟိတ အဖွဲ့အစည်းများကို ပိုမိုလှူဒါန်းနိုင်ဖို့ ချမ်းသာကြွယ်ဝ လိုချင်ကြတာလဲ ဖြစ်မည်။ မိမိတို့၏ ဘဝရည်မှန်းချက်များ မည်သို့ဖြစ်စေ၊ ဥစ္စာနေ ပိုပြည့်စုံလျှင် မိမိရည်မှန်းချက်များ ဖော်ဆောင်ရန် ပိုမိုလွယ်ကူသွားပါသည်။ ထို့ကြောင့် ကျွန်တော်တို့ အားလုံးတွင် ငွေကြေးဆိုင်ရာ ဆုံးဖြတ်ချက်များ ပိုမိုကောင်းမွန်လာရန် ကြိုးစားရန် ဆွဲဆောင်မှု ရှိနေပါသည်။ ဤအခန်းတွင် ငွေကြေးဆုံးဖြတ်ချက်များ ကောင်းမွန်လာစေရေး အထောက်အကူပြုမည့် လမ်းညွှန်ချက် ၁၂ ချက်ကို ဖော်ပြပေးပါမည်။

## ၁။ မိမိ၏ အားသာချက်ကို ရှာပါ။

ကုန်သွယ်ရေးလွတ်လပ်မှုက နိုင်ငံများအကြား ကုန်ပစ္စည်းများ ပိုမိုထွက်ရှိစေပြီး၊ လူနေမှု အဆင့်အတန်း ပိုမိုမြင့်မားလာစေသည်ကို ရှင်းပြရန်အတွက် နှိုင်းယှဉ်အားသာချက် နိယာမကို အသုံးလေ့ရှိကြသည်။ အပိုင်း ၁ ဖြည့်စွက်ချက် ၄ တွင် တွေ့ခဲ့ရသလိုပင် နိုင်ငံ ၂ နိုင်ငံအနက် နိုင်ငံတစ်ခုက အစစအရာရာကို အကောင်းဆုံး၊ ဈေးအချိုဆုံး ထုတ်လုပ်နိုင်သည့်တိုင် ယင်းနိုင်ငံ ၂ အကြား ကုန်သွယ်လျှင်ပင် နစ်ဘက်အကျိုးရှိနိုင် ပါသည်။ နှိုင်းယှဉ်အားသာချက် နိယာမက နိုင်ငံများအတွက်သာမက တစ်ဦးချင်း ဥစ္စာနေရှာဖွေရေး အတွက်လည်း အရေးပါသည်။ ယင်းနှိုင်းယှဉ်အားသာချက်ရှိသည့် ကိစ္စရပ်များတွင် အထူးပြုလုပ်ကိုင်ခြင်း ဖြင့် သင့်အနေဖြင့် ဟိုစပ်စပ်ဒီစပ်စပ်လုပ်နေခြင်းထက် ဂင်ငွေပိုရှာနိုင်ပေလိမ့်မည်။ ယင်းကျွမ်းကျင်အလုပ်တွင်ပင် သင့်အနေဖြင့် စင်းလုံးချော ကောင်းချင်မှ ကောင်းပေလိမ့်မည်။ အရေးကြီးသည်မှာ အခြားသူတို့ထက် ပိုကောင်းအောင် လုပ်နိုင်ဖို့ပင် ဖြစ်သည်။

နိုင်ငံများမှာကဲ့သို့ပင် လူပုဂ္ဂိုလ်တစ်ဦးချင်းတို့အနေဖြင့်လည်း အထူးပြုလုပ်ကိုင်ကြသည့်အခါ၊ သူတို့ အကောင်းဆုံးလုပ်နိုင်သည့် အရာများတွင်သာ အားစိုက်လုပ်ကိုင်ကြသည့်အခါ ဂင်ငွေအဆင့် မြင့်မားလာမည် ဖြစ်သည်။ အသိသာဆုံး သာဓကကို ပြရလျှင် သင်သည် မည်သည့်အလုပ်မဆို လူတိုင်းထက် သာလွန်အောင် လုပ်နိုင်သည်ဆိုပါစို့။ ယင်းအလုပ်အားလုံးတွင် သင့်အချိန်များကို သုံးစွဲသင့်ပါမည်လား။ အခြားဥပမာတစ်ခုပြရလျှင် တစ်စုံတစ်ဦးသည် အလုပ်တိုင်းတွင် အခြားသူ တိုင်းထက် ညံ့ဖျင်းနေနိုင်သည်။ ထို့ကြောင့် ဘာလုပ်လုပ်မကောင်းနိုင်သည့် ထိုပုဂ္ဂိုလ်အနေဖြင့်

မည်သည့်အရာတွင်မှ အထူးပြုလုပ်ကိုင်၍ အကျိုးမရှိနိုင်တော့ပြီလား။ မေးခွန်း ၂ ခုလုံးအား ယင်းသို့ ဖြေထားလျှင် မှားပေလိမ့်မည်။ သင်က မည်မျှပင် ကိုယ်စွမ်းကိုယ်စရှိသည် ဖြစ်စေ၊ သင်သည် အခြား လုပ်ငန်းနယ်ပယ်များမှာထက် နယ်ပယ်အချို့တွင်သာ ပိုကောင်းအောင် ကုန်ထုတ်လုပ်နိုင်စွမ်းရှိမည်။ အလားတူပင် သင်က ကုန်ထုတ်နိုင်စွမ်း မည်မျှပင်ညံ့ဖျင်းနေစေကာမူ သင်က တစ်စုံတစ်ရာတွင် နှိုင်းယှဉ်အားသာချက်ရှိဆဲ ဖြစ်သည်။ သင့်အနေဖြင့် နှိုင်းယှဉ်အားသာချက်တွင် အထူးပြု လုပ်ကိုင်ခြင်းဖြင့် အချို့အရာများတွင် အောင်အောင်မြင်မြင် ယှဉ်ပြိုင်နိုင်မည်ဖြစ်ပြီး အကျိုးရှိနိုင်သည်။ (နှိုင်းယှဉ်အားသာချက် အကြောင်း ပိုမိုသိရှိလိုလျှင် အပိုင်း ၁ အချက် ၄ ကိုကြည့်ရှုပါ)

တစ်နည်းအားဖြင့် မိမိအားသာချက်ဘာဆိုသည်ကို ဆုံးဖြတ်သည်မှာ အကြွင်းမဲ့စွမ်းရည်များ မဟုတ်ဘဲ မိမိ အားသာသည့် စွမ်းရည်များသာ ဖြစ်သည်။ ဥပမာ အောပရာဝင်းဖရေးသည် ကမ္ဘာ့အတော်ဆုံး စကားပြောပွဲတင်ဆက်သူနှင့် ထုတ်လုပ်သူများအနက် တစ်ယောက် ဖြစ်သည်သာမဟုတ်၊ ကမ္ဘာ့ အကောင်းဆုံး ဖျော်ဖြေရေးလုပ်ငန်း အကျိုးဆောင်ဆက်သွယ်ပေးသူ တစ်ဦးလည်း ဖြစ်သည်။ ဖျော်ဖြေရေးလုပ်ငန်းအတွက် မှန်ကန်သည့် အဆက်အသွယ် ရှာပေးရာတွင် အော်ပရာလောက် မည်သူကများ ပိုတော်မည်နည်း။ ဆက်သွယ်လာသူအား မိမိအရည်အချင်းများ တိုးတက်လာအောင် မည်သူက အများဆုံးလုပ်ပေးနိုင်သည်၊ မိမိအပေါ် မြင်မြင်ချင်း အထင်ကြီးလောက်အောင် မည်သို့ လုပ်ဆောင်ရမည်ကို သူမက ပြောပြနိုင်ပါသည်။ သို့သော် အော်ပရာဝင်းဖရေးသည် စကားပြော တင်ဆက်ပွဲများတွင် တင်ဆက်ခြင်း၊ အခြားမီဒီယာပွဲများ စီစဉ်ထုတ်လုပ်ခြင်းတွင်သာ သူမ အားသာသည့် အကျိုးအမြတ်ရယူခဲ့ပြီး ဖျော်ဖြေရေးလုပ်ငန်း အကျိုးဆောင်အဖြစ် မလုပ်ဆောင်ခဲ့ချေ။ သူမကသာ ဖျော်ဖြေရေးလုပ်ငန်း အကျိုးဆောင်ဖြစ်ဖို့ဆိုလျှင် ဖျော်ဖြေရေးလုပ်ငန်း တင်ဆက်ခြင်း၊ ထုတ်လုပ်ခြင်းတွင် ပေးဆပ်ခဲ့ရသည်ထက် ပိုမိုပေးဆပ်ရဖို့ ရှိသည်။ ၎င်းအတွက် အခွင့်အလမ်း ကုန်ကျမှုက ဖျော်ဖြေရေးလုပ်ငန်းတင်ဆက်ထုတ်လုပ်သူအဖြစ် ပေးရသည့် အခွင့်အလမ်း ကုန်ကျမှုထက် ပိုမိုနေပေမည်။ အလားတူ ဖျော်ဖြေရေးလုပ်ငန်း အကျိုးဆောင်များ အဖြစ် လုပ်ကိုင်နေသူအများစုကလည်း သူတို့လုပ်ငန်းတွင် အော်ပရာလောက် များစွာ ပိုတော်ချင်မှ တော်ပေမည်။ သို့သော် သူတို့ကျွမ်းကျင်မှုများက စကားပြောပွဲ တင်ဆက်သူ၊ ထုတ်လုပ်သူများ အဖြစ်ထက် အကျိုးဆောင်များအဖြစ် များစွာ ပိုသာလွန်သည်ဖြစ်ရာ အကျိုးဆောင်များ အဖြစ် လုပ်ကိုင်ခြင်းက ပေးဆပ်ရမှု နည်းပါးပြီး အစီအစဉ်တင်ဆက်သူ၊ ထုတ်လုပ်သူများအဖြစ် လုပ်ကိုင်ပါက ပေးဆပ်မှု များပေမည်။ ထို့ကြောင့် သူတို့၏ အားသာချက်သည် အကျိုးဆောင်များ အဖြစ် လုပ်ကိုင်ခြင်းတွင် ရှိနေသည်။

အခြားသူများ တန်ဖိုးထားသည့် အရာတစ်ခုတွင် အမှန်တကယ် စွမ်းဆောင်နိုင်သူဖြစ်ပါက ပိုမိုအကျိုးရှိပါသည်။ ဤအချက်ကြောင့် အော်ပရာကဲ့သို့သော လူများသည် ငွေများစွာ ရရှိပြီး အော်ပရာ ကိုယ်တိုင်က အမေရိကန် ပြည်ထောင်စုတွင် အချမ်းသာဆုံး အမျိုးသမီးတစ်ဦးများအနက် တစ်ဦး ဖြစ်ရသည့် အကြောင်းရင်းလည်း ဖြစ်သည်။ ဖိုဗ်ဂ္ဂဇင်း၏ နှစ်စဉ် အချမ်းသာဆုံးအမေရိကန် ၄၀၀ စာရင်းတွင် သူမက ထိပ်ဆုံးအဆင့်တွင် ပုံမှန် ရှိနေပါသည်။ မည်သည့်နေရာမှ အဖြစ် မရှိသူတစ်ဦးပင် အဖြစ်မရှိဆုံးများထဲမှ အဖြစ်အရှိဆုံးအရာတွင် အထူးပြုလုပ်ကိုင်ပြီး မတူညီသည့်

ကျွမ်းကျင်မှုများရှိသော အခြားသူများနှင့် ရောင်းဝယ်ဖောက်ကားခြင်းဖြင့် အခြေအနေ ပိုကောင်းလာပါလိမ့်မည်။

အချို့သူများက သူတို့ထက် ငွေပိုရှာနိုင်သူများနှင့် ကုန်သွယ်လျှင် အကျိုးဆုတ်ယုတ်မည်ဟု ခံစားမိကြသည်။ သို့သော် ကုန်သွယ်ရေးဆိုသည်မှာ နှစ်ဦးနှစ်ဘက် အကျိုးရှိစေတတ်သည်ကို သတိချပ်သင့်ပေသည်။ ယေဘုယျအားဖြင့် ပိုမိုအောင်မြင်ပြီး ချမ်းသာသည့် သူများနှင့် မိမိက ကုန်သွယ်မှု ပြုနိုင်လျှင် (မိမိထက်တော်သူ တစ်ဦးအတွက် အလုပ်လုပ်ပေးလျှင်) မိမိ၏ ဝန်ဆောင်မှုသည် မအောင်မြင်သူ၊ မချမ်းသာသူများနှင့် ကုန်သွယ်ရသည်ထက် ပို၍ အကျိုးခံစားရပါသည်။ မိမိတို့ကသာ ဖျော်ဖြေရေးလုပ်ငန်းအကျိုးဆောင်များသာဆိုလျှင် အခြားမီဒီယာစတားများ အတွက်ထက် အော်ပရာအတွက် ပိုမိုလုပ်ကိုင်ပေးမည် ဖြစ်သည်။ အဘယ်ကြောင့်ဟူမူ ငွေကြေး ပိုမိုရရှိရန် သေချာသောကြောင့် ဖြစ်သည်။

သင့်အနေဖြင့် အဆိုးဆုံးလုပ်နိုင်သည်မှာ သင်သည် မိမိကိုယ်ပိုင်အစွမ်းအစဖြင့် ချမ်းသာကြွယ်ဝလာအောင် လုပ်နိုင်စွမ်းမရှိဟု သင့်ကိုယ်သင် ခံယူထားရန် သို့မဟုတ် အခြားသူများ၏ နိမ့်ချသည်ကို ခံယူရန်သာ ဖြစ်သည်။ အချို့လူများက အခြားသူများထက် နိမ့်ကျစွာဖြင့် စတင် ရုန်းကန်ကြရသည်။ သို့သော်ငြားလည်း မည်သည့်အကြောင်းကြောင့် အားနည်းသည်ဖြစ်စေ၊ လိမ္မာပါးနပ်စွာဖြင့် အားထုတ်မှုပြုလျှင် ငွေကြေးအရ အတိုင်းထက်အလွန် အဆင်ပြေလာကြသည်။ သင့်အနေဖြင့် အသက်မွေးဝမ်းကြောင်းအလုပ် ပီပြင်လာအောင် ကြိုးပမ်း၍ ကိုယ်ပိုင်အရည် အချင်းများကို အကောင်းဆုံးမြေတောင်မြှောက်၍ ဈေးကွက်တောင်းဆိုချက်နှင့်သာ လိုက်လျောညီထွေ ဆောင်ရွက်နေမည်ဆိုလျှင် သင့်ရည်မှန်းချက်ပန်းတိုင်များမှာ အောင်မြင်ပေါက်မြောက်လာပါမည်။ မည်သူကမျှ သင်၏ ပုဂ္ဂိုလ်ရေးအောင်မြင်မှုကို သင့်လောက် စိတ်ဝင်စားမည် မဟုတ်ချေ။ ထို့ပြင် မည်သူကမျှ သင့်အကျိုးစီးပွား၊ သင့်ကျွမ်းကျင်မှုနှင့် ပန်းတိုင်များနှင့်ပတ်သက်၍ သိနိုင်မည် မဟုတ်ချေ။

ကုန်ကျစရိတ်များကို အနည်းဆုံးသာ ထားရှိရမည်ဟု မိမိတို့အနေဖြင့် သိမှတ်ထားကြသည်။ သို့ရာတွင် သတိပြုရန်မှာ ကုန်ကျစရိတ်သည် မိမိတို့ရွေးချယ်လိုက်သည့် အရာအတွက် တန်ဖိုး အများဆုံးရှိသော အခွင့်အလမ်းကို စွန့်လွှတ်လိုက်ခြင်းပင် ဖြစ်သည်။ သို့ဖြစ်ရာ မိမိတွင် အခြားသော စွဲမက်ဖွယ်ကောင်းသည့် ရွေးချယ်စရာများရှိလေလေ မိမိရွေးလိုက်သည့်အရာသည် ပိုမိုကုန်ကျလေလေ (တန်ဖိုးများလေ) ဖြစ်သည်။ ထို့အပြင် မိမိ၏ ကျွမ်းကျင်မှုအရည်အသွေးများ မြင့်တက်လာလေလေ အခွင့်အလမ်းများမှာ ပို၍များပြားလာလေဖြစ်ပြီး ရွေးချယ်မှုတိုင်းမှာ ပိုမိုကုန်ကျလာလေဖြစ်သည်။ ဆန့်ကျင်ဘက်အားဖြင့် မိမိတွင် ရွေးချယ်စရာကောင်းများ သိပ်မရှိသည့်အခါ စွန့်လွှတ်ရမည့် တန်ဖိုး၊ ကုန်ကျစရိတ်လည်း လျော့နည်းမည်ဖြစ်သည်။ ဥပမာပေးရလျှင် စာအုပ်တစ်အုပ်ဖတ်ခြင်းအတွက် ကုန်ကျမည့် စရိတ်ကို လျော့ချနိုင်မည့် အထိရောက်ဆုံး နည်းလမ်းတစ်ခုမှာ ထောင်ကျခံခြင်းဖြစ်သည်။ ထိုအခါ သင့်အနေဖြင့် ထောင်နံရံများကို ကြည့်နေသည်ထက် စာအုပ်ဖတ်ခြင်းသည်သာ တစ်ခုတည်းသော အခွင့်အလမ်းကောင်းဖြစ်လာလိမ့်မည်။ သို့သော် ထိုသို့လုပ်ဆောင်ခြင်းသည် အကြံကောင်းတစ်ခု

မဟုတ်ပေ။ အခြားနှစ်လိုဖွယ်ကောင်းသော အရာများကို လုပ်နိုင်မည့် အခွင့်အလမ်းများကို ဖယ်ထုတ်ပြီး တစ်ခုခုလုပ်ဆောင်မည့် ကုန်ကျစရိတ်ကို သက်သာအောင်လုပ်ခြင်းသာ ဖြစ်သည်။ သင့်အနေဖြင့် အကျိုးပိုရှိလိုလျှင် အခွင့်အလမ်းများကို လျော့ချရမည်မဟုတ်ပဲ အခွင့်အလမ်းများ တိုးပွားအောင်သာ ကြိုးစားရမည် ဖြစ်သည်။

လူကြီးဘဝတွင် မက်လောက်စရာကောင်းသည့် အခွင့်အလမ်းများ ပိုင်ဆိုင်ခွင့်ရရန်အတွက် လူငယ်များကို ပညာကောင်းကောင်းသင်ကြားရန် အားပေးတတ်ကြသည်။ သို့သော် ယင်းသို့အားပေးခြင်းမှာ လူငယ်များ၏ ရွေးချယ်မှုအားလုံးကို ကုန်ကုစရိတ်များလာစေရန် အားပေးသည်နှင့် အလားသ**ဏ္ဍာ**န်တူပါသည်။ ပညာကောင်းကောင်းတတ်လျှင် သင်**၏** ထုတ်လုပ်မှုစွမ်းအားကို မြင့်မားစေပြီး၊ အလုပ်ရှင်များကလည်း လိုလိုလားလား လစာပေးလိုကြသည်။ ပညာတတ်ခြင်းသည် ဂင်ငွေတိုးစေရုံမျှသာမက အခြားမက်လောက်စရာကောင်းသည့် အရာများကိုလည်း ငြင်းဆန်ရလိမ့်မည် ဖြစ်သည်။ ကောင်းမွန်သော ပညာရေးပိုင်ဆိုင်လျှင် အပျော်အလုပ်များဖြစ်သော တေးဂီတနားထောင်ခြင်း၊ ဂန္ထဂင်စာကြီးပေကြီးများ ဖတ်ရှုခြင်း၊ က**မ္ဘာ့ပေါ်ရှိ** သဘာဂအံ့ဖွယ် အလှအပများကို ခံစားခြင်းတို့တွင်လည်း ပို၍တန်ဖိုး ထားတတ်လာပါသည်။ **ပညာတတ်၍** ဘဂအ**မိပ္ပါ**ယ်ကို ပိုရှိလာသလို အားလပ်ရက်လှုပ်ရှားမှုများ အကြား ရွေးချယ်ရာတွင်လည်း စွန့်လွှတ်ရမည့် တန်ဖိုးများမှာ ပိုကြီးလာပါသည်။

အသက်မွေးဂမ်းကျောင်းကိစ္စရပ်တွင် ကောင်းမွန်သော ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် မိမိအနေဖြင့် အကောင်းဆုံးလုပ်သည့် အရာများကိုဖော်ထုတ်ခြင်းသက်သက် မဟုတ်ပေ။ မိမိ၏ စိတ်အားထက်သန်မှုမှာ မည်သည့်အရာတွေလဲ သိဖို့ လွန်စွာအရေးကြီးပါသည်။ မိမိအနေဖြင့် အကောင်းဆုံးလည်း လုပ်နိုင်ပြီး စိတ်ကျေနပ်မှုကိုလည်း ပေးနိုင်သည့် အရာများကို ဖော်ထုတ်ရပါမည်။ မိမိအနေဖြင့် အရေးပါသည်ဟုထင်သော အရာများကို လုပ်ကိုင်ဆောင်ရွက်ရ၍ စိတ်ပျော်ရွှင်မှုရရှိလျှင် ထပ်ကာထပ်ကာ ကြိုးစားဆောင်ရွက်လိုပေလိမ့်မည်။ ထို့ကြောင့် စွမ်းရည်ပြည့်ဂမှုနှင့် စိတ်**အားထက်သန်မှု**တို့သည် အတူဒွန်တွဲနေတတ်ကြသည်။ ထို့အပြင် **မ**နဉစ္စာ အစစ်အမှန် ပိုင်ဆိုင်သည်ဆိုရာဂယ် ပုဂ္ဂလိကစိတ်ကျေနပ်မှုပင် ဖြစ်သည်။ ဉပမာ- **ဤ**စာအုပ်ကို ရေးသားသော စာရေးဆရာများ (ဘောဂဗေဒ ပညာရှင်များ) သည် ဘောဂဗေဒ ပညာရပ်ဆိုင်ရာ မေးခွန်းများ**၏** အဖြေများကိုရှာဖွေခြင်း၊ အခြားသူများ ပိုမိုနားလည်သဘောပေါက်လာစေရန်အလို့ငှာ အထောက်အကူပြုဖြစ်စေမည့် နည်းလမ်းများကိုရှာဖွေခြင်းတို့ လုပ်ဆောင်ရသည်ကို ပျော်မွေ့ကြသည်။ နာရီများစွာကြာအောင်ကြိုးပမ်းရသော်လည်း ထိုအချိန်များသည် ကျေနပ်နှစ်သက်ဖွယ်ရာကောင်းသော အချိန်များဟု မှတ်ယူကြသည်။ ကျွန်ုပ်တို့လုပ်ဆောင်မှုများသည် လူတိုင်းအတွက်မဟုတ်ပေ။ သို့သော် ကျွန်ုပ်တို့အတွက်မူ ထိုအရာများသည် ကျွန်ုပ်တို့စိတ်ဂင်စား၍ ပြုလုပ်သည့်အရာများမှ ထွက်ပေါ်လာသော ပျော်ရွှင်မှုများဖြစ်သည်။

**၂။ စွန့်ဦးတီထွင်ပါ။ ဈေးကွက်စီးပွားရေးစနစ်တွင် တစ်ပါးသူတို့အား ကူညီခြင်းဖြင့်၊ ပိုကောင်းမွန်သည့် လုပ်နည်းလုပ်ဟန်များ ရှာဖွေတွေ့ရှိခြင်းဖြင့် အများထက် ရှေ့ရောက်လာကြသည်။**

*စွန့်ဦးတီထွင်ခြင်းတွင်* အရင်းအမြစ်များ မည်သို့အသုံးချမည်ကို ရွေးချယ်မှုများ ပါဝင်သည်။ ယင်းဝေါဟာရက စီးပွားရေးလုပ်ငန်းတွင် ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့်ဆက်စပ်သော်လည်း တကယ့်အစစ်အမှန်တွင်မူ ကျွန်တော်တို့ အားလုံးက စွန့်ဦးတီထွင်သူများ ဖြစ်ကြသည်။ မိမိတို့သည် အသိပညာ၊ ကျွမ်းကျင်မှုနှင့် မိမိတို့ လက်ဝယ်ရှိသော အခြားအရင်းအမြစ်များအား ဖော်ထုတ်ရန်နှင့် အသုံးချရန် ဆုံးဖြတ်ချက်များ ပုံမှန်ပြုလုပ်နေရသည်။ မိမိတို့၏ ငွေကြေးအရ အောင်မြင်မှုမှာ အဆိုပါရွေးချယ်မှုများ၏ ရလဒ်များအဖြစ် ရောင်ပြန်ဟပ်နေသည်။

မိမိက ငွေကြေးအရအောင်မြင်လိုလျှင် စွန့်ဦးတီထွင်သမားကဲ့သို့ စဉ်းစားတွေးခေါ်ဖို့လိုသည်။ တစ်နည်းဆိုသော် အခြားသူတို့ တန်ဖိုးထားသော အရာများ ပံ့ပိုးပေးနိုင်ရန် မိမိ၏ ကိုယ်ပိုင် အစွမ်းအစများ၊ ရှိသည့် အရင်းအမြစ်များကို ဖော်ထုတ်၊ အသုံးချမည် ဖြစ်သည်။
ပေးလိုက်ရသည့် ငွေနှင့် နှိုင်းယှဉ်ပါက အလွန်အဖိုးတန်သော ကုန်စည်နှင့် ဝန်ဆောင်မှုများကို အခြားသူများအား ပံ့ပိုးပေးခြင်းမှာ ငွေကြေးအောင်မြင်မှု၏ သော့ချက်ဖြစ်သည်။

မြေရာဖော်ထုတ်လုပ်ကိုင်သူ ရောဘတ်ဂျုံး၏ တွေးတောပုံကို စဉ်းစားကြည့်ပါ။ ဂျုံးက များပြားလှသည့် မြေရာများ ဝယ်ယူ၍ အကွက်ရိုက်သည်။ ထို့နောက် လမ်းများ၊ ရေဆိုးမြောင်းများ၊ ဝေါက်ကွင်းများ၊ ပန်းခြံများကို ဖြည့်စွက်တည်ဆောက်သည်။ မြေရာဝယ်ယူမှုနှင့် တည်ဆောက်ခဲ့သည့် အဆောက်အဦများ၊ အသုံးအဆောင်များ အားလုံး၏ ကုန်ကျစရိတ်ထက် ပိုသည့် ဈေးနှုန်းဖြင့် အကွက်များကို ရောင်းချနိုင်လျှင် အမြတ်ရမည်ဖြစ်သည်။ ဂျုံးအနေဖြင့် အမြတ်ရရှိလျှင် သူ၏လုပ်ဆောင်ချက်များသည် အရင်းအမြစ်များကို တန်ဖိုးတက်စေသောကြောင့် ဖြစ်ပြီး ဝယ်ယူနေထိုင်သူများကိုလည်း အခြားအိမ်ရာများထက် ပိုမိုကောင်းမွန်သည့် အိမ်များ ရောင်းချပေးသောကြောင့် ဖြစ်သည်။ ဂျုံး၏ ငွေကြေးအောင်မြင်မှု သို့မဟုတ် ကျရှုံးမှုမှာ ရရှိနိုင်သည့် အရင်းအမြစ်များကို တန်ဖိုးမြှင့်တင်ပေးနိုင်သည့် သူ၏ အစွမ်းအစပေါ် မူတည်နေသည်။

တစ်ခါတစ်ရံတွင် စွန့်ဦးတီထွင်လုပ်ကိုင်ခြင်းမှာ ဤမျှလောက် မရှုပ်ထွေးပါ။ ဥပမာ လျှပ်စစ်မြက်ရိတ်စက်တစ်ခု ဝယ်ယူပြီး အိမ်နီးချင်းများကို မြက်ရိတ်အငှားလိုက်သည့် ၁၅ နှစ်သား ဟင်နရီသည်လည်း စွန့်ဦးတီထွင်သူဖြစ်သည်။ အချိန်နှင့် မြက်ရိတ်စက်တို့၏ အရင်းအမြစ်များ၏ တန်ဖိုးကို မြင့်တက်စေခြင်းဖြင့် သူသည် အမြတ်ရှာဖွေနေသူတစ်ဦး ဖြစ်သည်။ ရိုးရှင်းသော်လည်း စွန့်ဦးတီထွင်အောင်မြင်မှု သော့ချက်မှာ အတူတူပင်ဖြစ်သည်။ ဂျုံး၏ ဖြစ်ရပ်မှာကဲ့သို့ပင် ဟင်နရီ၏ အောင်မြင်မှုမှာလည်း အခြားသူများ အကျိုးရှိအောင် အရင်းအမြစ်များကို တန်ဖိုးရှိရှိ အသုံးချနိုင်သည့် သူ၏ အစွမ်းအစပေါ်တွင် မူတည်နေသည်။

အခြားသူများ တန်ဖိုးထားမည့် ကုန်စည်နှင့်ဝန်ဆောင်မှုများ မည်သို့ထုတ်လုပ်နိုင်သည်နှင့်ပတ်သက်၍ ဦးနောက်စွမ်းအားကို အလေးထားသူများသည် ဈေးကွက်နေရာတွင် အကျိုးအမြတ်ကောင်းကောင်း ရရှိကြသည်။ ဝန်ထမ်းများစွာတို့သည် လက်ရှိအလုပ်ရှင်နှင့် အနာဂတ်အလုပ်ရှင်များအား တန်ဖိုးရှိသော ဝန်ဆောင်မှုများ မည်သို့ပေးမည်ထက် အခကြေးငွေမည်မျှရမည်ကို တွေးတောအချိန်ကုန်တတ်ကြသည်။ ထိုနည်းတူစွာပင် လုပ်ငန်းရှင်များစွာတို့ကလည်း သူတို့၏ထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှုများ၏ တန်ဖိုး၊ အသုံးဝင်မှုကို ကုန်ကျစရိတ်ထက် သာလွန်အောင်မည်သို့လုပ်ဆောင်ရမည်ကို အလေးထားသည်ထက် အသေးစိတ် စီမံခန့်ခွဲရေးတွင်သာအာရုံစိုက်တတ်ကြသည်။ ငွေကြေးပိုင်း အောင်မြင်မှု ရသည်ဆိုသည်မှာ မိမိ၏ ဝန်ဆောင်မှုများကိုအခြားသူများအတွက် ပို၍ပို၍ တန်ဖိုးရှိအောင် ကြိုးပမ်းခြင်းသာလျှင် ဖြစ်သည်။ အဆိုပါအချက်အားသဘောပေါက်၍ အလေးထားလုပ်ဆောင်သည့် ဝန်ထမ်းများနှင့် အလုပ်ရှင်များသာအောင်မြင်ပေါက်မြောက်နိုင်ခြေ ပိုများပါသည်။

အခြားသူများထံ ရောင်းချမည့် သင့်ဝန်ဆောင်မှုများ တန်ဖိုးတက်အောင် မည်သို့လုပ်ဆောင်ရမည်ကို စတင် တွေးကြည့်သည့်အခါ သင်၏အောင်မြင်ပေါက်မြောက်နိုင်စွမ်းကိုလျှော့မတွက်မိပါစေနှင့်။ စွန့်ဦးတီထွင်မှု အစွမ်းအစသည် မထင်မှတ်သည့် နေရာများတွင် မကြာခဏတွေ့ရတတ်သည်။ အဖျော်ယမကာ(?)စက်ရောင်းသူ လူလတ်ပိုင်းအရွယ် ရေးခရော့ (Ray Kroc) ကအမည်တစ်မျိုးတည်းဖြင့် ကိုယ်စားလှယ်ဆိုင်ခွဲများဖွင့်လှစ်ခြင်းလုပ်ငန်း (franchising business) ကိုအသွင်သစ်ဖြင့် ကာလီဖိုးနီးယားပြည်နယ်၊ ဆန်ဘန်နာဒီးနို (San Bernardino) မြို့တွင်မက်ဒေါ်နယ်စားသောက်ဆိုင်တစ်ဆိုင် မှအစပြု၍ ကမ္ဘာ့အကြီးဆုံး အသင့်အစားအစာ ဆိုင်ခွဲများစွာဖွင့်လှစ်နိုင်ခဲ့လိမ့်မည်ဟု မည်သူမှ ထင်မထားနိုင်ပေ။ ၁၉၇၀ နှစ်တွင် နိုင်ငံ၏အဆင်းရဲဆုံးပြည်နယ်များအနက် တစ်ခုတွင် စတိုးဆိုင် အသေးလေးတစ်ဆိုင်ကို ဖွင့်လှစ်လုပ်ကိုင်ခဲ့သူဆမ်ဝေါလ်တန် (Sam Walton) က ၁၉၉၀ ပြည့်နှစ်များတွင် အမေရိကား၌အကြီးဆုံးလက်လီရောင်းချသူ ဖြစ်လာလိမ့်မည်ဟု မည်သူက ခန့်မှန်းခဲ့ပါ့မလဲ။ သူ၏ အချိုးမပြေရမ်းကားသည့် အပြုအမူကြောင့် ဘရောင်းတက္ကသိုလ်မှ ကျောင်းထုတ်ခံရသူ အတ္တလန်တာရှိကြော်ငြာဆိုင်းဘုတ်ထောင်သည့်လုပ်ငန်း ပိုင်ရှင် တက်တာနာ (Ted Turner) က ကမ္ဘာ့အကြီးဆုံးသတင်းမီဒီယာဖြစ်သော စီအန်အန် (CNN) ကို တည်ထောင်လုပ်ကိုင်နိုင်လိမ့်မည်ဟုမည်သူထင်ခဲ့ပါ့မလဲ။

အဆိုပါ ပုဂ္ဂိုလ်များမှာ ထင်ရှားသည့် သာဓကများ ဖြစ်ပါသည်။ သို့သော် အဆိုပါပုံစံအတိုင်းပင်သာဓကများစွာ ရှိပါသည်။ အောင်မြင်သည့် လုပ်ငန်းခေါင်းဆောင်များနှင့် အတတ်ပညာရှင်ခေါင်းဆောင်များသည် သူတို့အောင်မြင်နေသည့် နယ်ပယ်များနှင့် ဘာမှမဆက်စပ်သည့်နောက်ခံအမျိုးမျိုးမှ ဆင်းသက်လာကြသူများ ဖြစ်တတ်ကြသည်။ သို့သော် သူတို့တွင်တူညီချက်တစ်ခုတော့ ရှိသည်။ သူတို့သည် ပိုမိုကောင်းမွန်သော လုပ်နည်းလုပ်ဟန်များကိုရှာဖွေရာတွင် ထက်မြက်ကြပြီး အခြားသူများ သတိမမူမိသော အခွင့်အလမ်းများကို ဆုပ်ကိုင်၍အရင်းအမြစ်များ၏ တန်ဖိုးကို မြှင့်တင်နိုင်ကြသူများ ဖြစ်သည်။

စွန့်ဦးတီထွင်သူအများစုမှာ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်ကြသူများဖြစ်သည်။ ၎င်းတို့မှာ အမေရိကန် သန်းကြွယ်သူဌေးများအဖြစ် မြောက်များစွာ တွေ့ရသည်။ စာရင်းအင်းအရ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်ကြသူမှာ လုပ်သား အင်အားစု၏ ၅ ပုံ ၁ ပုံအောက်သာရှိသော်လည်း သန်းကြွယ်သူဌေးအားလုံး ၃ ပုံ ၂ ပုံ ဖြစ်နေကြသည်။ ကိုယ်ပိုင်လုပ်ငန်းဖြင့် ကြွယ်ဝလာသော သန်းကြွယ်သူဌေးများမှာ ငယ်ငယ်ရွယ်ရွယ်နှင့်ပင် ဖြစ်လာကြသည်။

စွန့်ဦးတီထွင် ကိုယ်ပိုင်လုပ်ငန်းရှင်များ၏ ငွေကြေးအောင်မြင်လာရခြင်း အဓိကအချက် ၄ ခုရှိသည်။

***ပထမဆုံးနှင့်အရေးအကြီးဆုံးမှာ သူတို့အောင်မြင်မှုသည် စွန့်ဦးတီထွင်သည့် ကိုယ်စွမ်းကိုယ်စကို ထင်ဟပ်နေသည်။ ဆန်းသစ်သည့် ထုတ်ကုန်သစ်များ၊ စရိတ်နည်းနည်းဖြင့် ထုတ်လုပ်ရေးနည်းစနစ်များနှင့် အခြားသူများ ကျော်ကြည့်သွားတတ်သော အကျိုးအမြတ်ရှာဖွေနိုင်သည့် အခွင့်အလမ်းများကို ရှာဖွေဖော်ထုတ်နိုင်စွမ်း ရှိသူများ ဖြစ်ကြသည်။***

***ဒုတိယအချက်မှာ ကိုယ်ပိုင်လုပ်ကိုင်ခြင်းသည် အခစား လုပ်ကိုင်ခြင်းထက် စွန့်စားရမှုပိုများပြီး ပိုမိုစွန့်စားရခြင်းနှင့်အတူ အကျိုးအမြတ်လည်း အချိန်ကြာလာသည်နှင့်အမျှ ပိုများလာပါသည်။*** ကိုယ်ပိုင်လုပ်ကိုင်ခြင်းအတွက် ဝင်ငွေအတည်တကျနှင့် တည်တည်ငြိမ်ငြိမ်ရရန်တော့ အာမခံချက်တော့မရှိပါ။ သို့သော် ကိုယ်ပိုင်လုပ်ကိုင်ရာတွင် စွန့်စားရမှု ပိုများသည်နှင့်အတူ မြင့်မှန်းနိုင်သည့် ပျမ်းမျှဝင်ငွေများ (expected incomes) မှာ ပိုများခြင်း (နှင့် ခနဉစ္စာ ပိုမိုကြွယ်ဝခြင်း) တို့ကို ခေါ်ဆောင်သွားနိုင်ပါသည်။ ပိုစွန့်စားရသော ကိုယ်ပိုင်အလုပ်မှ မျှမ်းမျှဝင်ငွေသည် စွန့်စားရမှုနည်းသော ဂန်ထမ်းအဖြစ် အမှုထမ်းခြင်းထက် ဘာမျှမကွာဘူးဆိုလျှင် လူတို့သည် စွန့်စားရသည့်အလုပ်ကို စွန့်လွှတ်ပြီး တည်ငြိမ်သော အခွင့်အလမ်းများ နောက်သို့သာ ပြောင်းရွှေ့လုပ်ကိုင်ကြမည် ဖြစ်သည်။ ထို့ကြောင့် စွန့်စားရသည့် လုပ်ငန်း၏ ဝင်ငွေသည် များပြီး စွန့်စားရမှု နည်းသည့် လုပ်ငန်း၏ ဝင်ငွေသည် နည်းရခြင်း ဖြစ်သည်။

***တတိယအချက်မှာ မြင့်မားသည့် ငွေစုဆောင်းမှုနှုန်းသည် စွန့်ဦးတီထွင် လုပ်ငန်းရှင်တို့၏ ခနကို ဖြည့်စွက်ပေးပြန်သည်။*** ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သည့် လုပ်ငန်းရှင်များသည် အစပိုင်းတွင် လုပ်ငန်းမှ ဝင်ငွေရရှိမှု အလွန်နည်းပါးတတ်သောကြောင့် လုပ်ငန်းအခြေတည်သည်အထိ ရင်းနှီးမြှုပ်နှံကို တိုး၍ တိုး၍ ထည့်ဝင်ကြရသည်။ လုပ်ငန်းတစ်ခု အသားကျအောင်မြင်လာသည့် တိုင်အောင် ပိုင်ရှင်သည် အမြတ်ငွေများကို လုပ်ငန်းတိုးတက်ရေးနှင့် တိုးချဲ့ရေးတွင် ဆက်လက်ထည့်ဝင်တတ်ကြသည်။

***စတုတ္ထအချက်မှာ လုပ်ငန်းရှင်များသည် ပုံမှန်အားဖြင့် နာရီများစွာ အလုပ်လုပ်တတ်ကြသည်။*** ကိုယ်ပိုင် လုပ်ကိုင်သည့် စွန့်ဦးတီထွင်သူများအတွက် တစ်ပတ်အလုပ်လုပ်ချိန် နာရီ ၄၀ သည် နားနားနေနေလုပ်ကိုင်ရခြင်းကဲ့သို့ ရှိနိုင်သည်။ ယင်းသို့ နာရီများစွာ လုပ်ကိုင်ခြင်းကြောင့်လည်း သူတို့၏ ဝင်ငွေနှင့် ခနဉစ္စာမှာ တိုးပွားလာခြင်းဖြစ်သည်။

ဂန်ထမ်းများကလည်း စွန့်ဦးတီထွင် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူတို့အတွက် မြင့်မားသည့်ဂင်ငွေနှင့် ဥစ္စာဓနကို တိုးစေသည့် အချက်များကို အတုယူနိုင်ပါသည်။ ဂန်ထမ်းများအနေဖြင့် သူတို့၏ စုဆောင်းငွေများကို စတော့များတွင် ထည့်ဂင်မြှုပ်နှံပြီး စွန့်စား၍ လုပ်ငန်းလည်ပတ်လုပ်ကိုင်သည်နှင့် အလားတူသောကြောင့် ပျမ်းမျှဂင်ငွေအကျိုးအမြတ်ထက် မြင့်နေမည် ဖြစ်သည်။ သူတို့၌ ဆန္ဒသာရှိမည်ဆိုလျှင် များများစုဆောင်းပြီး နာရီများစွာ အလုပ်လုပ်ကိုင်ခြင်းဖြင့် ဂင်ငွေပိုများလာပြီး ဓနဥစ္စာလည်း ပိုမိုစုဆောင်းလာနိုင်မည် ဖြစ်သည်။ ပို၍အရေးကြီးသည်မှာ ဂန်ထမ်းများအနေဖြင့် "စွန့်ဦးတီထွင်သူများကဲ့သို့ တွေးတော" မည်ဆိုလျှင် အကျိုးရှိပေလိမ့်မည်။ စွန့်ဦးလုပ်ငန်းရှင်များ၏ ဂင်ငွေများသည် စားသုံးသူများအား စိတ်ကျေနပ်မှု ပေးနိုင်စွမ်းတွင် မူတည်သည်ဖြစ်ရာ ဂန်ထမ်းများ၏ ဂင်ငွေသည်လည်း လက်ရှိအလုပ်ရှင်နှင့် အနာဂတ်အလုပ်ရှင်များအတွက် မိမိက မည်မျှတန်ဖိုးရှိသလဲ အပေါ်တွင် မူတည်ပါသည်။ ဂန်ထမ်းများအနေဖြင့် မြင့်မားသည့် ဂင်ငွေများ ရရှိခံစားလိုလျှင် အလုပ်ရှင်များက တန်ဖိုးထားသည့်၊ အလုပ်ရှင်များအတွက် အသုံးဂင်သော အစွမ်းအစများ၊ ကျွမ်းကျင်မှုများနှင့် အလေ့အထကောင်းများ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားရန် လိုပါသည်။

ပညာရေး၊ လေ့ကျင့်သင်ကြားရေးနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင်လည်း စွန့်ဦးတီထွင်သူများကဲ့သို့ စဉ်းစားတွေးခေါ်ရန် အထူးအရေးကြီးပါသည်။ မိမိအနေဖြင့် အခြားသူများ တန်ဖိုးထားသော ဂန်ဆောင်မှုများပေးနိုင်မည့် အသိပညာနှင့် ကျွမ်းကျင်မှုများ တိုးပွားလာအောင် မလေ့လာ၊ မဆည်းပူးလျှင် ပညာသင်ကြားခြင်းမှ ဂင်ငွေရှာဖွေနိုင်မှုအပေါ် မည်သို့မျှ အကျိုး သက်ရောက်လိမ့်မည် မဟုတ်ပေ။ ပညာရပ်များတွင် အရေးစွမ်းရည်၊ ဆက်ဆံရေးစွမ်းရည်၊ အခြေခံအတွက်အချက်နှင့် လူအများကြားတွင် မိမိအား ကွဲပြားပေါ်လွင်စေပြီး စွမ်းဆောင်ရည် တက်စေမည့် အခြားသော စွမ်းရည်များလည်း ပါဂင်ပါသည်။ မိမိအား အခြားသူများ တန်ဖိုးထားစေမည့် ကျွမ်းကျင်မှုများ၊ စွမ်းရည်များ သင်ယူခြင်းသည် အထက်တန်းနှင့် ကောလိပ်ပညာရေးတို့၏ အဓိကသော့ချက် ဖြစ်သည်။ ဒီဂရီလက်မှတ်သက်သက်သည် လစာကောင်းသော အလုပ်ရရန်အတွက် ဂင်ခွင့်လက်မှတ် ဖြစ်သည်ဟု ယုံကြည်ကြသည့် ကောလိပ်ကျောင်းသားများသည် အလုပ်ဈေးကွက်သို့ ဂင်ရောက်လုပ်ကိုင်သည့်အခါ မကြာခဏဆိုသလိုပင် စာသေချာမလုပ်ခဲ့လေခြင်းဆိုသည့် အသိကို ခါးသီးစွာ တွေ့ကြုံခံစားရတတ်ကြသည်။

ဈေးကွက်စီးပွားရေးစနစ်တွင် လုပ်ငန်းရှင်များဖြစ်စေ၊ ဂန်ထမ်းများဖြစ်စေ ပိုကောင်းသည့် လုပ်နည်း လုပ်ဟန်များကို ရှာဖွေဖော်ထုတ်ပြီး အခြားသူများအား ကူညီပေးခြင်းဖြင့် အများထက် ပို၍ ရှေ့ရောက်လာကြသည်။ မိမိအနေဖြင့် ဂင်ငွေများများရလိုလျှင် မိမိ၏ စွမ်းရည်များကို အခြားသူများအတွက် များများအကျိုးပြုနိုင်ရန် ကြိုးပမ်းရမည် ဖြစ်သည်။

## ၃။ ပုံမှန်ငွေစုတတ်လာစေရန်၊ ငွေကြေးကို အကျိုးရှိစွာ သုံးစွဲတတ်လာစေရန် စာရင်းဇယားထား၍ တွက်ချက်သုံးစွဲပါ။

*"ကော်ပါးဖီး၊ ငါနောက်တစ်ခုအကြံပေးချင်တာက နှစ်စဉ်ဝင်ငွေ ပေါင် ၂၀၊ နှစ်စဉ်အသုံးစရိတ် ၁၉.၆ ပေါင်၊ ရလဒ်က ပျော်ရွှင်ခြင်းပေါ့။ နှစ်စဉ်ဝင်ငွေက ပေါင် ၂၀၊ နှစ်စဉ်အသုံးစရိတ်က ၂၀.၆ ပေါင် ဆိုရင်တော့ ရလဒ်က စိတ်ပျက်ခြင်းပေါ့ကွာ။" လို့ မစ္စတာမီကောဘာက ပြောလိုက်တယ်။*

- ချားစ် ဒစ်ကင်စ်၊ ဒေဗစ် ကော်ပါဖီး (CHARLES DICKENS, DAVID COPPERFIELD)

ယနေ့ခေတ် ငွေကြေးမပြေလည်ရခြင်း၏ အကြောင်းရင်းအများစုမှာ ငွေစုဆောင်းမှု အားနည်းခြင်း၊ အသုံးစရိတ် စီမံခန့်ခွဲမှု မရှိခြင်းနှင့် အခြားသော ဆင်ခြင်တုံတရား ကင်းမဲ့သည့် ငွေကြေး အလေ့အထများကြောင့် ဖြစ်သည်။ ငွေကြေး စုဆောင်းမှုနှင့် အသုံးစရိတ် စီမံမှုတို့မှာ ကြွယ်ဝချမ်းသာရေးအတွက် ပဓာနကျသည်။ နိုင်ငံများနည်းတူ လူများစွာတို့မှာလည်း မိမိတို့ ရှာဖွေရသည် သို့မဟုတ် ထုတ်လုပ်နိုင်သည်ထက် လျော့၍ စားသုံးခြင်း၊ သုံးစွဲခြင်း၊ ပုံမှန်ငွေစုဆောင်းခြင်းဖြင့် ကြွယ်ဝချမ်းသာလာကြသည်။ စုဆောင်းခြင်းဖြင့်သာလျှင် လူတစ်ဦး သို့မဟုတ် နိုင်ငံတစ်ခုသည် ဓနဖြစ်ထွန်းစေမည့် အလုပ်များလုပ်ကိုင်ရန်အတွက် အရင်းအနှီး ရရှိလာကြသည်။ သို့သော် ကြွယ်ဝရေးမှာ အရင်းအနှီး စုဆောင်းရုံသက်သက်ဖြင့် မပြီးသေးပါ။ မဟာဗျူဟာလုပ်ငန်း အစီအစဉ်တစ်ခုလည်း ချမှတ်ထားရန် လိုအပ်ပါသည်။ ယင်းအစီအစဉ်က အသုံးစရိတ် လျာထားချက် ဖြစ်သည်။ အသုံးစရိတ်ရာထားပါက ဝင်ငွေ၏ အများစုကို ပုံမှန်စုဆောင်းလာနိုင်မည်ဖြစ်သလို ပါးပါးနပ်နပ်လည်း ငွေကြေးသုံးစွဲ လာနိုင်မည်ဖြစ်သည်။ မိမိကိုယ်ကို စိတ်အားထက်သန်အောင် လှုံ့ဆော်ခြင်း၊ ငွေရေးကြေးရေး ပန်းတိုင်များ ချမှတ်ခြင်း၊ အသုံးစရိတ် လျာထားချက်တစ်ခု ရေးဆွဲသတ်မှတ်ထားခြင်းနှင့် ယခုပင်လျှင် အစီအစီအား စတင်အကောင်ထည်ဖော်ခြင်း စသည့် ရိုးရှင်းလွယ်ကူသည့် အဆင့် ၄ ခုက မိမိတို့အတွက် ငွေကြေး အောင်မြင်မှုကို ရရှိစေရန် အထောက်အကူ ပြုပါလိမ့်မည်။

***အဆင့် ၁။ ။ မိမိတို့၏ သုံးစွဲမှုအလေ့အထကို ပြုပြင်ပြီး ကြွယ်ဝချမ်းသာလာဖို့အတွက် ငွေကြေးစုဆောင်းပါ။ ယခုပင်လျှင် စလုပ်လိုက်ပါ။ နေ့ရွှေ့ညရွှေ့လုပ်လျှင် ဘယ်သောအခါမှ စုဖြစ်လိမ့်မည် မဟုတ်ပေ။*** ငွေများများရှာဖွေနိုင်သည့်အခါ ငွေကြေးစုဆောင်းရ ပိုမိုလွယ်သည်ဆိုသည့် ယုံကြည်မှုမျိုးဖြင့် မိမိကိုယ်မိမိ အရူးမလုပ်ပါနှင့်။ ဝင်ငွေများများ ရလာလေ ပိုစုဆောင်းနိုင်လေ ဆိုသည်မှာတော့ မှန်ပါသည်။ သို့သော် ဝင်ငွေများလာခြင်းသည်ပင်လျှင် စောစောစီးစီး ငွေကြေး စုဆောင်းခြင်းနှင့် စိတ်ကူးဉာဏ်ကောင်းကောင်းဖြင့် အသုံးစရိတ်များကို သတ်မှတ်သုံးစွဲခြင်း၏ အကျိုးရလာဒ် ဖြစ်တတ်ပါသည်။ ငွေကြေးစုဆောင်းသည့် အလေ့အထ ကောင်းစွာရှိသူတို့သည် ယေဘုယျအားဖြင့် သူတို့၏ ဝင်ငွေရရှိမှု နည်းနေသေးသည့် အစောပိုင်းကာလများမှာပင် စတင် စုဆောင်းခဲ့ကြသည်။ စုဆောင်းငွေများအား သူတို့အတွက် အလုပ်လုပ်စေခဲ့ကြပြီး

အတိုးပေါ်ဆင့်အတိုးများ (ဂါ) တိုးရင်းပေါင်းအတိုး၏ အစွမ်းသတ္တိကို ကောင်းကောင်း အသုံးချခဲ့ကြသည်။ ခေါင်းစဉ် နံပါတ် (၇) တွင် ချဲ့ထွင်ရှင်းလင်းထားပါသည်။

အချိန်ဆွဲရသည်မှာ လွယ်ကူပါသည်။ သို့သော် ဂင်ငွေနည်းပါးသူများ အပါအဂင် လူတိုင်းနီးပါးသည် တနည်းမဟုတ် တနည်းဖြင့် ငွေကြေးကို မဟာဗျူဟာကျကျ (စနစ်တကျ) သုံးစွဲပြီး စုဆောင်းနိုင်ကြပါသည်။ မိမိ၏ အသုံးအစွဲများကို သတ်မှတ်ပေးသော၊ အရေးပေါ်ကိစ္စရပ်များအတွက် အရံရန်ပုံငွေများ ထားစေသော၊ မိမိ၏ ငွေကြေးပန်းတိုင်အမျိုးမျိုးတို့ကို ပြေလည်စေသော၊ ရင်းနှီးမြှုပ်နှံမှုအတွက် ငွေကြေးထည့်ဂင်လာသော အနေအထားသို့ ရောက်ရှိလာရန်အတွက် ငွေကြေးလျာထားချက် တစ်ခုဖြင့် သတ်မှတ်ပုံဖော်ပါ။ ကောင်းစွာစဉ်းစားချင့်ချိန်၍ စီမံထားသည့် ငွေကြေးလျာထားချက်တစ်ခုသည် ယနေ့အတွက် ငွေကြေးဖူလုံမှု အားကောင်းစေပြီး အနာဂတ်အတွက်လည်း ခေနဉစွာ စုဆောင်းမိစေအောင် အထောက်အပံ့ ဖြစ်စေနိုင်ပါသည်။ သင့်အနေဖြင့် လုပ်ဆောင်ရန် စိတ်အားထက်သန်လာပြီဆိုလျှင် ငွေကြေး ပန်းတိုင်များအကြောင်း ဆက်လက် ဆွေးနွေးကြပါစို့။

***အဆင့် ၂။ ။ ပန်းတိုင်များ ချမှတ်ပါ။*** မက်လုံးများမှာ အရေးပါပါသည်။ ထို့ကြောင့် မက်လုံးများအား မိမိအတွက် အလုပ်ဖြစ်အောင် လုပ်ပါစေ။ ငွေကြေးပန်းတိုင်များ ချမှတ်ပြီး ၎င်းတို့အား မိမိ၏ ငွေကြေးလျာထားချက်နှင့် ပေါင်းစပ်လိုက်ပါ။ ကာလတို၊ ကာလလတ်နှင့် ကာလရှည်ပန်းတိုင်များအဖြစ် ခွဲခြားသတ်မှတ်ထားပါ။ ကာလတို ပန်းတိုင်များသည် တစ်နှစ်အတွင်း ရရှိနိုင်၍ လက်ငင်းစိတ်ကျေနပ်မှု ရရှိစေပါမည်။ အချို့အကြွေးများကို အကျေဆပ်လိုက်တာမျိုး။ ကမ္ဘာ့အပျော်ပါးဆုံးဆိုသည့် ခရီးဆောင်ကွန်ပျူတာကို ဂယ်သုံးတာမျိုး။ အိုမင်းမစွမ်းဖြစ်သည့် ကာလတွင် သုံးစွဲနိုင်ရန် ပိုမိုစုဆောင်းတာမျိုး။ အာမခံအတွက် ပိုက်ဆံသတ်သတ်ဖယ်ထားတာမျိုး။ သို့မဟုတ် တစ်စုံတစ်ဦးအတွက် လက်ဆောင်မွန်တစ်ခု ဂယ်ပေးတာမျိုး။ ကာလလတ် ပန်းတိုင်များကို ၁ နှစ်မှ ၃ နှစ်အထိ ရှည်ကြာနိုင်သည်။ ကားသစ်တစ်စီး ငွေချေဂယ်ယူခြင်း၊ အိမ် သို့မဟုတ် ကွန်ဒိုတစ်လုံးအတွက် ၂ဂ % ငွေချေပေးဂယ်ခြင်း၊ အစုရှယ်ယာများကို ကောင်းမွန်စွာ ဖြန့်ကျက်ဂယ်ယူရန်အတွက် အချိန်ကာလတစ်ခုအထိ သီးခံ၍ ငွေစုဆောင်းရခြင်း တို့ပါဂင်သည်။ နောက်ဆုံးအားဖြင့် ကောလိပ် ပညာရေးနှင့် အငြိမ်းစားယူရန်အတွက် ငွေစုဆောင်းခြင်း၊ အိမ်ကြွေးလက်ကျန်များကို အပြီးချေလိုက်၍ အိုးပိုင်အိမ်ပိုင် ဘဂသို့ ရောက်ရှိလာခြင်းတို့မှာ ကာလရှည် ပန်းတိုင်များ ဖြစ်ကြသည်။

***အဆင့် ၃။ ။ လက်တွေ့လုပ်ဆောင်မည့် အစီအစဉ်တစ်ခု ချမှတ်လိုက်ပါ။ မိမိ၏ ငွေကြေးပန်းတိုင်များသို့ ရောက်ရှိရန်အတွက် အမှန်လိုအပ်ချက်နှင့် လျာထားချက် ပစ္စည်းစာရင်းများ အတွက် အသုံးစရိတ်ကို သတ်မှတ်ထားရှိပါ။*** မိမိတို့သည် "လိုအပ်သည့်" ပစ္စည်းများအားလုံးကို ဂယ်ယူရန် အမြဲတွေးတော နေတတ်ကြသော်လည်း မိမိတို့ ဂယ်ရန်လိုအပ်သည်ထက် ပိုမိုဂယ်ယူလေ့ ရှိကြသည်။ အသုံးစရိတ် သတ်သတ်မှတ်မှတ် လျာထားခြင်းဖြင့် ငွေကြေးပန်းတိုင်များသို့

ရောက်ရှိအောင် ကြိုးစားစဉ်တွင် ငွေစုအစီအစဉ်တစ်ခုကိုလည်း စတင်နိုင်ပါလိမ့်မည်။ အနာဂတ်တွင် ရရှိလာမည့် မျှော်မှန်းဝင်ငွေပမာဏများကို ပြုစု၍ ဝင်ငွေတစ်ဒေါ်လာရတိုင်း မည်သို့ခွဲဝေသုံးစွဲမည်ကို စီစဉ်ခြင်း (အသုံးစရိတ်လျာထားခြင်း)ဖြင့် မိမိတို့၏ လစဉ်ဝင်ငွေအား မည်သို့ အသုံးပြုနေသည်ကို စနစ်တကျ ဆန်းစစ်နိုင်ပါသည်။ မိမိတွင် ဝင်ငွေမည်မျှ ရှိသည်၊ မည်သို့ အကောင်းဆုံး အသုံးပြုနိုင်သည်ကို ရှင်းလင်းစွာ သိရှိပြီးနောက် အသုံးစရိတ်လျာထားချက်ဖြင့် လျှော့ချနိုင်သည့် သို့မဟုတ် လုံးဝဖြတ်တောက်နိုင်သည့် အသုံးစရိတ်များ သိရှိလာနိုင်မည် ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ငွေစုဆောင်းခြင်းနှင့် ရင်းနှီးမြှုပ်နှံခြင်းများတွင် ပိုမိုလုပ်ဆောင်နိုင်မည့် အခွင့်အလမ်းများကို သတိပြုမိလာပါလိမ့်မည်။ မိမိ၏ လစဉ်အခြေအနေကို ဖော်ထုတ်ပါ။ ၎င်းတို့မှာ မည်မျှ ရှာဖွေသည်၊ မည်မျှသုံးစွဲသည်၊ မည်မျှစုဆောင်းသည်၊ အခွန်မည်မျှ ပေးဆောင်သည်၊ ပုံသေနှင့် ပြောင်းလဲနေသည့် အသုံးစရိတ်များ မည်မျှရှိသည် တို့ဖြစ်သည်။ ထိုသို့လုပ်ဆောင်ရန် လွယ်ကူသလို အထောက်အကူ ပရိုဂရမ်များလည်း အများအပြားရှိပါသည်။ စားသုံးမှုနှင့် စုဆောင်းမှုပုံစံအတွက် အထောက်အကူဖြစ်စေမည့် အသုံးစရိတ်လျာထားချက်ဆိုင်ရာ အခြေခံများနှင့် အကြံပြုချက်များကို **CommonSenseEconomics.com**တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

***အဆင့် ၄။ ။ စတင်လုပ်ဆောင်လိုက်ပါ။ မိမိအတွက် ငွေကြေးပန်းတိုင်များဆီသို့ ရောက်ရှိအောင် ယခုပင်လျှင် ငွေစုဆောင်းမှုနှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များကို စတင်ဆောင်ရွက်လိုက်ပါ။*** အရှည်ကိုမျှော်တွေး၍ စနစ်တကျ သုံးစွဲပြီး စုဆောင်းမှုကို စောစောစတင်နိုင်လေလေ အငြိမ်းစားယူချိန်တွင် ဓနဥစ္စာ ပိုမိုစုဆောင်းမိလေလေ ဖြစ်သည်။ သိပ်မမြင်သာသည့်အချက်မှာ စောစောစီးစီး စုဆောင်းခြင်းကြောင့် အငြိမ်းစားယူချိန်တွင် ဓနဥစ္စာ မည်မျှပို၍ စုဆောင်းမိမည် ဆိုသည့်အချက် ဖြစ်သည်။ ယနေ့စုဆောင်းလိုက်သည့် သို့မဟုတ် ရင်းနှီးမြှုပ်နှံလိုက်သည့် မပြောပလောက်သော ပမာဏသည်ပင်လျှင် အနာဂတ် ဓနအင်အားတွင် ကြီးမားသည့် ကွာခြားမှုကို ဖြစ်စေပါသည်။ အောက်ပါ ငွေစုအစီအစဉ်ကို စဉ်းစားကြည့်ပါ။

မိမိအသက် ၂၂ ပြည့်သည့်အချိန်တွင် တစ်ရက် ၂ ဒေါ်လာနှုန်းဖြင့် ၂ နှစ်တိုင်အောင် ပုံမှန်စုဆောင်းခြင်း စတင်ပါလေ။ ကော်ဖီ၊ ရေဘူး၊ မုန့်ပဲသရေစာ အတွက် သုံးစွဲသည့် ငွေလောက်ပင် များနိုင်မည် မဟုတ်ပေ။ ထို့နောက် အသက် ၂၄ နှစ်မှ ၂၆ နှစ်ပြည့်သည်အထိ တစ်ရက် ၃ ဒေါ်လာ စတင်စုဆောင်းပါ။ မူလထက် ၁ ဒေါ်လာမျှ ပိုမိုစုဆောင်းရခြင်းသာဖြစ်သလို ထိုအချိန်တွင်လည်း မိမိ၏ ဝင်ငွေမှာလည်း တိုးပြီးဖြစ်နေမည်ပါလိမ့်မည်။ အသက် ၂၆ နှင့် ၃၀ အကြားတွင် တစ်ရက် ၄ ဒေါ်လာအထိ တိုးမြှင့် စုဆောင်းလိုက်ပါ။ ယင်းငွေပမာဏကို နေ့စဉ်သုံးစွဲမှုထဲ အပါမခံဘဲ အတိုးရမည့် ငွေစုစာရင်းထဲ သီးသန့် ဖယ်ထားရသည့်အတွက် မိမိ၏ နေထိုင်မှုပုံစံအား ထိခိုက်သွားစေမည် မဟုတ်ပါ။ မိမိ အသက် ၃၀ ရောက်ချိန်တွင် ဒေါ်လာ ၉၄၉၀ စုဆောင်းမိပြီး အတိုးများပင် ရရှိလာမည် ဖြစ်မည်။ တစ်ရက်လျှင် ၂ ဒေါ်လာ၊ ၃ ဒေါ်လာ သို့မဟုတ် ၄ ဒေါ်လာမျှ စုဆောင်းခြင်းကပင်လျှင် အဆုံးသတ်တွင် အမှန်တကယ် များပြားလာစေပါသည်။

သို့သော် ထိုမျှမက အံ့ဩစရာ ရှိနေပါသေးသည်။ အသက် ၆၇ အရွယ်ရောက်ချိန်တွင် စောစောစီးစီး စတင်စုဆောင်းခဲ့ပြီး လိမ္မာပါးနပ်စွာ ရင်းနှီးမြှုပ်နှံခဲ့လျှင် မိမိခနဉစ္စာတွင် ၁၅၃၃၈၅ ဒေါ်လာ ထပ်တိုးလာမည် ဖြစ်ပြီး အဆိုပါငွေပမာဏမှာ ယနေ့ ဝယ်ယူနိုင်စွမ်းပင် ဖြစ်သည်။ သင့်အနေဖြင့် စတော့ဈေးကွက်က ပြီးခဲ့သည့် ဆယ်စုနှစ် (၈) ခုအတွင်း အကျိုးအမြတ်ပေးခဲ့သည်နှင့် ညီမျှသည့် နှုန်းထားတစ်ခုကိုသာ လက်ခံရယူရန်သာ ဖြစ်သည်။ အသက် ၃၈ မှစ၍ စုဆောင်းလာလျှင် တစ်ရက်ချင်း စုဆောင်းငွေများသည် အနားယူချိန် စုစုပေါင်း စုမိသည့် ငွေပမာဏ၏ မပြောပလောက်သည့် ရာခိုင်နှုန်းသာ ဖြစ်သည်။ အသက် ၃၈ တွင် စတင်စုဆောင်းသည် ဆိုခြင်းထက် အသက် ၃၈ တွင် ဆက်လက်စုဆောင်းနေသည်ကို သတိရနေစေချင်သည်။

နောင်အခါတွင် မိမိလိုအပ်သည့် အရာဝတ္ထုများအကြောင်း တွေးကြည့်သည့်အခါ တကယ်တမ်းတွင် အဲဒီလောက် အများကြီးရှိဖို့ မလိုအပ်ကြောင်း သတိချပ်ပါ။ ယနေ့သုံးစွဲစရိတ်သည် မိမိ၏ အနာဂတ် ခနဉစ္စာရှာဖွေစုဆောင်းမှုအတွက် ထိခိုက်စေကြောင်း သတိရပါ။ အနာဂတ်တွင် ချမ်းချမ်းသာသာ နေနိုင်ဖို့အတွက် မျက်မှောက်ကာလတွင် ချို့ချို့တဲ့တဲ့ နေထိုင်ရမည်ဟု မိမိတို့က အကြံပြုနေသည် မဟုတ်ပါ။ ထိုသို့ အကြံပြုလျှင်လည်း အဓိပ္ပါယ် မရှိချေ။ သို့သော် အသုံးစရိတ်ကိုလည်းလျော့ချပြီး ပိုမိုစုဆောင်းနိုင်အောင် ကြံဆောင်နိုင်သည့် နည်းလမ်းများစွာ ရှိပါသည်။ အသုံးစရိတ် သတ်မှတ်ထားရှိခြင်းနှင့် ငွေစုဆောင်းမှု အစီအစဉ်တစ်ခု ချမှတ်ခြင်းတို့သည် စိတ်ချမ်းသာမှုကို လက်ငင်းဖြစ်ပေါ်စေပြီး ငွေကြေးအပေါ် ထိန်းချုပ်နိုင်ပြီး လုံခြုံမှုရှိလာပြီဟု ခံစားလာရပါလိမ့်မည်။ အနာဂတ်ကာလအတွက်လည်း ခနဉစ္စာ စုဆောင်းဖြစ်စေပါသည်။ ဘယ်အချိန်စလုပ်ရမလဲဟု စောကြောလာပါက ယခုပင်လျှင် "စလုပ်လိုက်ပါ"။

နံပါတ် ၄ အချက်မှ နံပါတ် ၁၁ အထိ ဖော်ပြမည်မှာ အလွန်အကျွံသုံးစွဲခြင်း၊ မတန်တဆ အကြွေးတင်ခြင်းတို့ မဖြစ်အောင် မည်သို့ ရှောင်ရှားရမည်၊ မိမိရှာထားသည့် ဝင်ငွေအများစုအား ကိုယ့်လက်ထဲ ကျန်ခဲ့အောင် မည်သို့စီမံရမည်၊ မဟာဗျူဟာကျကျရင်းနှီးမြှုပ်နှံရန်နှင့် ဉာဏ်နည်းသည့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များတွင် မပါဝင်မိအောင် မည်သို့လုပ်ဆောင်ရမည်ကို အသေးစိတ် ဖော်ပြထားသည်။

## ၄။ မည်သည့်အရာအတွက်မျှ ယင်းအသုံးဝင်မည့် သက်တမ်းထက် ငွေကြေးပိုမိုသုံးစွဲခြင်း မပြုပါနှင့်။

အပန်းဖြေခရီးထွက်ရန်၊ အဂတ်အစားဝယ်ရန် သို့မဟုတ် လျင်မြန်စွာကုန်ဆုံးသွားမည့် သို့မဟုတ် တန်ဖိုးကျသွားမည့် အခြားကုန်စည်များဝယ်ရန် သင်ငွေချေးငှားသည့်အခါ ဘာဖြစ်လာမည်နည်း။ ၂ နှစ်အတွင်း ဟောင်းနွမ်းမည့် တစ်ပတ်ရစ် မော်တော်ကားတစ်စီးကို ၄၈လကြာ အရစ်ကျငွေချေစနစ်ဖြင့် ဝယ်ယူသည့်အခါ ဘာဖြစ်မည်နည်း။ အဖြေ ၂ ခုလုံးက အတူတူဖြစ်သည်။ သင့်အတွက် သို့မဟုတ် အခြားသူများအတွက် တန်ဖိုးနည်းနည်းသာရှိသည့် သို့မဟုတ် တန်ဖိုးလုံးဝမရှိသည့် အရာများအတွက် ငွေပေးချေခြင်း ပြုလုပ်နေကြောင်း မကြာခင်

သိသာလာပါလိမ့်မည်။ ယင်းပေးချေမှုများက စိတ်ပျက်ဖွယ်အခြေအနေနှင့် ငွေကြေးမဖူလုံမှုသို့ ဦးတည်သွားလိမ့်မည်။

ပိုင်ဆိုင်မှုပစ္စည်းများ၏ အသုံးဝင်မှုသက်တမ်းထက် ကျော်လွန်ပြီး ချေးငွေရယူခြင်းကြောင့် သင်သည် အတိတ်ကပျော်ရွှင်မှုနှင့် လက်ရှိဆန္ဒများအတွက် အနာဂတ်တွင် ပေးဆပ်နေရမည်ဖြစ်သည်။ ဤသည်မှာ သင်ရှာဖွေရရှိသည်ထက် ပိုမိုသုံးစွဲခြင်းဖြစ်ပြီး အကြွေးများ တိုးလာကာ သင်သည် အနာဂတ်တွင် ဆင်းရဲသထက် ဆင်းရဲလာမည် ဖြစ်သည်။ ယင်းက ငွေရေးကြေးရေး အကြပ်အတည်းသို့ ဦးတည်စေမည့်လမ်းဖြစ်သည်။

တစ်ဦးချင်း သို့မဟုတ် အိမ်ထောင်စုတစ်ခုက ကုန်စည်တစ်ခုကို အကြွေးစနစ်ဖြင့် ဝယ်ယူလျှင် အဓိပ္ပါယ် ရှိပါ၏လော။ အဖြေက "ရှိပါသည်"။ သို့သော် ကုန်ပစ္စည်းက ကြာရှည်ခံမည့် ပစ္စည်းဥစ္စာတစ်ခု ဖြစ်မှသာ သို့မဟုတ် အဆိုပါ ပစ္စည်းဥစ္စာ မဟောင်းနွမ်းခင် ချေးငွေများ ပြန်ဆပ်ပြီးဖြစ်မှသာ အဓိပ္ပါယ်ရှိခြင်းဖြစ်သည်။ သို့မှသာ သင့်အနေဖြင့် ပစ္စည်းတစ်ခုအတွက် သင်သုံးသလောက်သာ ပိုက်ဆံပေးရမည်ဖြစ်သည်။

ဝယ်ယူသုံးစွဲမှုအနည်းအကျဉ်းသာ ယင်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိသည်။ အိမ်ခြံမြေ၊ မော်တော်ကားနှင့် ပညာရေးတို့မှာ အိမ်အတွက် ပင်မအသုံးစရိတ် ၃ မျိုးဖြစ်သည်။ ကောင်းမွန်စွာ ထိန်းသိမ်းမှုရှိလျှင် အိမ်သစ်တစ်လုံးမှာ လာမည့် နှစ်ပေါင်း ၄၀ သို့မဟုတ် ၄၅ နှစ်အထိ အသုံးခံတတ်သည်။ သို့ဆိုလျှင် နှစ် ၃၀ အရစ်ကျစနစ်ဖြင့် ဝယ်ယူနေထိုင်ခြင်းမှာ ကျိုးကြောင်းဆီလျော်မှုအပြည့် ရှိပါသည်။ အလားတူ မော်တော်ကား တစ်စီးကို ၄ နှစ် သို့မဟုတ် ၅ နှစ်သက်တမ်းခံမည်ဟု မျှော်လင့်နိုင်လျှင် ၄၈ လ နှင့် ယင်းထက်နည်းသော အရစ်ကျ ငွေပေးချေမည်ဆိုလျှင် မှားစရာမရှိချေ။ အိမ်ခြံမြေနှင့် အလားတူပင် ပညာရေးတွင် ရင်းနှီးမြှုပ်နှံခြင်းသည်လည်း ယေဘုယျအားဖြင့် ကာလရှည်ကြာစွာ အကျိုးကျေးဇူးရှိစေမည် ဖြစ်သည်။ ကောလိပ်ပညာရေးရယူခဲ့သည့် လူငယ်တို့မှာ သူတို့ဘဝ၏ နောင်နှစ်ပေါင်း ၃၀ သို့မဟုတ် ၄၀ တိုင်အောင် ဝင်ငွေများများ ရှာဖွေနိုင်မည်ဟု မျှော်လင့်နိုင်ပါသည်။ ဝင်ငွေများများ ရှာဖွေနိုင်လာသဖြင့် ပညာရေးချေးငွေများကို ပြန်ပေးဆပ်လာနိုင်မည် ဖြစ်သည်။ ယင်းတို့အား ဝယ်ယူရာတွင် အသုံးပြုသည့် ချေးငွေများ ပြန်ဆပ်ပြီးသည့်တိုင်အောင် ကြာရှည်ခံ ပစ္စည်းဥစ္စာများထံမှ ဝင်ငွေများရရှိဆဲဖြစ်ပါက သို့မဟုတ် အဖိုးတန်ဝန်ဆောင်မှုတစ်ခု ရရှိနေဆဲဖြစ်ပါက ချေးငွေပေးဆပ်မှုများထဲက တစ်ချို့မှာ စုဆောင်းမှုနှင့် ရင်းနှီးမြှုပ်နှံမှုအသွင် ဆောင်လာပြီး အိမ်ထောင်စု၏ အသားတင်တန်ဖိုးကို မြှင့်တင်ပေးလိမ့်မည် ဖြစ်သည်။

အိမ်အများစုအတွက် သတိပေးလမ်းညွှန်မှာ ရှင်းရှင်းလေးပင် ဖြစ်သည်။ အိမ်၊ ကားနှင့် ပညာရေး အသုံးစရိတ်များမှ လွဲ၍ မည်သည့်အရာအတွက်မျှ ငွေချေး၍ မဝယ်ပါနှင့်။ ထို့အပြင် အဆိုပါ အသုံးစရိတ်များအတွက် ချေးငှားထားလျှင်လည်း အသုံးဝင်သည့် သက်တမ်းမကုန်ခင် အကြွေးကျေအောင် ဆပ်ပါ။ ယခုပြောထားသည့် လမ်းညွှန်မှုကိုသာ လိုက်နာကျင့်သုံးမည်ဆိုလျှင် သင့်အနေဖြင့် ငွေကြေးအဆင်မပြေမှုများနှင့် သက်ဆိုင်တော့မည် မဟုတ်ပေ။

၅။ မိမိပိုက်ဆံများကို ပိုမိုအကျိုးရှိအောင် သုံးစွဲနည်း ၂ မျိုး - အကြွေးဝယ်ကဒ်ဖြင့် အကြွေးဝယ်ခြင်းအား ရှောင်ကြဉ်ရန်နှင့် အသုံးပြုပြီး ပစ္စည်းများကို ဝယ်ယူသုံးစွဲခြင်း။

ကျွန်တော်တို့အများစုက ယနေ့စွန့်လွှတ်စရာမလိုဘဲ အနာဂတ်တွင် ပိုမိုရရှိမည့် အနေအထားကို လိုလားကြသည်။ ပျမ်းမျှဝင်ငွေအထက် ရှာနိုင်သူများ အပါအဝင် လူပုဂ္ဂိုလ်များစွာတို့က ယင်းရည်မှန်းချက်ကို ထိခိုက်စေမည့် အရာ ၂ ခုကို လုပ်ဆောင်ကြသည်။ ပထမအချက်မှာ မတတ်နိုင်သေးသည့် ပစ္စည်းများ ဝယ်ယူကြသည်။ ဒုတိယအချက်မှာ တစ်ပတ်ရစ်ပစ္စည်းများက အသုံးဝင်သေးပြီး စီးပွားရေးအရ တွက်ချေကိုက်သည့်တိုင်အောင် ပစ္စည်းသစ်များ ဝယ်ယူလိုကြသည်။

အကြွေးဝယ်ကဒ်များ ချင့်ချိန်မသုံးစွဲတတ်ခြင်းသည် ငွေရေးကြေးရေး အဆင်ပြေဖို့၊ မကြောင့်မကြနေရဖို့အတွက် ကြီးမားသည့်အဟန့်အတား ဖြစ်သည်။ လူများစွာတို့က ကဒ်များကို သတိထားသုံးစွဲတတ်သော်လည်း အချို့ပုဂ္ဂိုလ်များကမူ အကြွေးဝယ်ကဒ်၏ မသုံးစွဲရသေးသည့် လက်ကျန်ငွေကိုပင် ဘဏ်ထဲတွင် ရှိသည် ကိုယ်ပိုင်ပိုက်ဆံသကဲ့သို့ ပြုမူတတ်ကြသည်။ ယင်းမှာ လုံးဝ မှားယွင်းပေသည်။ သင့်အကြွေးဝယ်ကဒ်ရှိ မသုံးစွဲရသေးသည့် လက်ကျန်ငွေသည် သင်ကထပ်မံ ငွေချေးနိုင်သေးကြောင်း ဆိုလိုခြင်းသာဖြစ်သည်။ သင့်ဥစ္စာဓနကို တိုးစေသည်မဟုတ် သို့မဟုတ် သင့်ကိုငွေများထပ်မံပေးနေသည် မဟုတ်ချေ။ အကြွေးကဒ်ကို သင်၏ အရံဘဏ်စာရင်း အဖြစ် သဘောထားခြင်းက အကောင်းဆုံးဖြစ်သည်။ သင်၏ စာရင်းရှင်ဘဏ်စာရင်းတွင် ငွေကျန်ရှိသေးလျှင် သင်သည်အကြွေးကဒ်ကိုအသုံးပြုနိုင်သည်။ ယင်းအကြွေးကိုမူ လစဉ်ပေးချေမည်ဆိုလျှင် အသုံးပြုနိုင်သည်။ သင့်ဘဏ်စာရင်းတွင် ငွေအလုံအလောက်မရှိလျှင် ဝယ်ယူသုံးစွဲမှု မပြုပါနှင့်။

အကြွေးကဒ်များသည် အသုံးပြုရအဆင်သလို ယင်းတို့က ကိုင်ဆောင်သူများကို လက်ယားစေပြီး ဈေးကြီးသည့် ချေးယူနည်းလည်းဖြစ်သည်။ အကြွေးကဒ်များသည် အလွယ်တကူ အကြွေးထူစေသောကြောင့် ယင်းတို့မှာ အန္တရာယ်ရှိတတ်သည်။ လူအချို့သည် သူတို့အကြွေးကဒ်တွင် မသုံးစွဲရသေးသည့် လက်ကျန်ငွေ ရှိနေသေးလျှင် သုံးစွဲလိုစိတ်ကို ထိန်းချုပ်နိုင်ပုံ မရကြပေ။၂ သင့်တွင်လည်း ထိုပြဿနာရှိလျှင် ချက်ခြင်းကုစားဖို့လိုသည်။ ကတ်ကြေးတစ်လက်ကို ဆွဲယူပြီး အကြွေးကဒ်အားလုံး ညှပ်ပစ်ဖို့ လိုနေပြီ ဖြစ်သည်။ ထိုသို့မလုပ်လျှင် ယင်းကဒ်များကြောင့် ငွေရေးကြေးရေး ကြမ္မာဆိုးလာတော့မည်။

သင့်အကြွေးကဒ်တွင် ဝယ်ယူမှုများကို ပေးချေခြင်းက သင်သည် သင့်ရှိငွေထက် ပိုမိုဝယ်ယူနိုင်သည့်ပုံ ပေါ်နေသည်။ သို့သော် လကုန်လျှင်တော့ ငွေတောင်းခံလွှာ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပါလိမ့်မည်။ နောက်ထပ် ဆွဲဆောင်ဖြားယောင်းမှု တစ်ခုလည်း ရှိသေးသည်။ အတိုးနှုန်းနှင့် သုံးထားသည့်အထဲမှ နည်းနည်းခြင်းသာ ဆပ်ရန်လည်း ခွင့်ပြုပေးထားသေးသဖြင့် အကြွေးမဆပ်ပဲ ပစ္စည်းများ အများအပြား ဆက်လက်ဝယ်ယူသုံးစွဲဖြစ်စေသည်။ သင်က ယင်းနည်းလမ်းကို ရွေးချယ်ပြီး သင့်လက်ကျန်ခွင့်ပြုငွေကို ဆက်လက်သုံးစွဲနေမည်ဆိုလျှင် လက်ကျန်ကုန်ပြီး ကြီးမားသော

ပြဿနာနှင့် မြန်မြန်ဆန်ဆန်ပင် ရင်ဆိုင်ကြုံတွေ့ရလိမ့်မည်။ မဆပ်ရသေးသည့် အကြွေးလက်ကျန်အပေါ်တွင် မြင့်မားသည့် အတိုးနှုန်းများ ပေးဆောင်ရပေလိမ့်မည်။

အကြွေးဂယ်ကဒ်၏ အကြွေးများအတွက် ၁၅ မှ ၁၈ %အထိ အတိုးပေးရသည်မှာ အများစုအတွက် ပုံမှန်ပင်ဖြစ်သည်။ ယင်းက လူအများစုအတွက်၊ အောင်မြင်သည့် ရင်းနှီးမြှုပ်နှံသူများအတွက်ပင်လျှင် သူတို့စုဆောင်းငွေများနှင့် ရင်းနှီးမြှုပ်နှံမှုများပေါ် ရရှိသည့် အကျိုးအမြတ်နှုန်းထားထက်ပင် များစွာမြင့်မားနေသည်။ နောက်ပိုင်းဖြည့်စွက်သင်ခန်းစာများတွင် မြင်တွေ့ ရမည့်အတိုင်းပင် သင့်စုဆောင်းငွေမှ တစ်နှစ်လျှင် ၇ % ခန့် အတိုးရလျှင်ပင် သင့်အနေဖြင့် အလွယ်တကူ ကြွယ်ဝလာနိုင်ပါသည်။ ကံမကောင်းစွာပင် မပေးဆပ်ရသေးသည့် အကြွေးပေါ် ပေးဆောင်ရသော ကြီးမားသည့်အတိုးနှုန်းများက ဆန့်ကျင်ဘက်သဘော ရှိပါလိမ့်မည်။ အကြွေးဂယ်ကဒ်အကြွေးပေါ် ၁၅ မှ ၁၈%အထိ အတိုးပေးနေရပါက ဂင်ငွေကောင်းသူပင်လျှင် ဆင်းရဲမွဲတေ သွားနိုင်ပါသည်။

ဘဟားမားကျွန်းတွင် ရက်အနည်းငယ် အပန်းဖြေရန် ဆုံးဖြတ်ခဲ့သည့် ကော်လာဖြူလူငယ်တစ်ဦး ရှောင်၏ ဥပမာကို ကြည့်ပါ။ ခရီးစဉ်အတွက် ရှောင်၏ အကြွေးဂယ်ကဒ်တွင် ဒေါ်လာ ၁၅၀၀ ကုန်ကျသွားဆိုပါစို့။ သို့သော် လကုန်တွင် အကြွေးအားလုံး ပြန်ဆပ်ရမည့်အစား ရှောင်က အနည်းဆုံးပေးနိုင်သည့် ပမာဏကိုသာဆပ်သဖြင့် အကြွေးကျေရန် ၁၀နှစ်တိုင်အောင် ဆပ်ခဲ့ရသည်။ သူ့အကြွေးကဒ်အတိုးနှုန်းက ၁၈% ဖြစ်သည်ဆိုလျှင် ရှောင်က သူ့ခရီးစဉ်အတွက် မည်မျှ အတိုးအရင်းပေါင်း ပေးရမည်လဲ။ တလလျှင် ၂၆.၆၃ ဒေါ်လာဖြင့် လပေါင်း ၁၂၀ ပေးပြီးလျှင် စုစုပေါင်း ၃၁၉၅.၄၀ ဒေါ်လာ ကုန်ကျမည် ဖြစ်သည်။ ထို့ကြောင့် ရှောင်သည် သူ့အကြွေးကဒ် ကုမ္ပဏီသို့ ပေးလိုက်ရသည့်ငွေသည် လေယာဉ်လက်မှတ်ခ၊ ဟိုတယ်ခ၊ အစားအစာနှင့် ဖျော်ဖြေရေး အားလုံးအတွက် ကုန်ကျမည့်ငွေစုစုပေါင်းထက်ပင် ပိုများနေသည်။

ခရီးစဉ်အပြီး အကြွေးဂယ်ကဒ်ကုမ္ပဏီကို ငွေပေးမည့်အစား ခရီးစဉ်မတိုင်မီတွင် ရှောင့်အနေဖြင့် ကြိုတင် အစီအစဉ်ဆွဲ၍ ငွေစုဆောင်းမည်ဆိုလျှင် အဆိုပါခရီးစဉ်အတွက် ကုန်ကျစရိတ်မှာ များစွာ သက်သာပေလိမ့်မည်။ တိုးရင်းပေါင်းအတိုး (compound interest) (အတိုးပေါ်ဆင့် အတိုးအကြောင်းကို အချက် ၇ တွင် ဆွေးနွေးပါမည်) ဖြင့် တစ်နှစ်လျှင် ၅%ဖြင့် တစ်လအတွက် ၇၅ဒေါ်လာ စုဆောင်းမည်ဆိုလျှင် လပေါင်း ၂၀ အကြာလျှင် ရှောင့်လက်ထဲတွင် အပန်းဖြေခရီးအတွက် စုစုပေါင်း စုဆောင်းငွေ ၁၅၆၀.၈၉ သုံးစွဲနိုင်မည် ဖြစ်သည်။ တစ်နည်းဆိုရလျှင် ခရီးစဉ်အတွက် စုဆောင်းခြင်းဖြင့် အကြွေးဂယ်ကဒ်တွင် အကြွေးတင်မည့်အစား ခရီး ၂ ခုအတွက် ဒေါ်လာ ၃၁၉၅.၄၀ ထက်နည်းသည့် (အပိုပင်သုံးစွဲနိုင်သေးသည်) ငွေပမာဏသာ ကုန်ကျမည် ဖြစ်သည်။

ဒီထက်ပိုကောင်းသည်မှာ အကြွေးကဒ်ကုမ္ပဏီကို တစ်လလျှင် ၂၆.၆ ဒေါ်လာပေးမည့် အစား ရှောင်သည် ဒေါ်လာ ၁၅၀၀ ဖြင့် အပျော်ခရီး ထွက်ခဲ့ဖို့ကောင်းသည်။ အဆိုပါ လစဉ်ပေးငွေကို ငွေစုစာရင်းတွင် စုထားပြီး တစ်နှစ်လျှင် ၅ ရာခိုင်နှုန်း အတိုးရသည်ဆိုလျှင် သူသည် ၁၀ နှစ် ပြည့်သည့်အခါ စုစုပေါင်းငွေ ဒေါ်လာ ၄၁၃၅.၂၆ ရှိလာမည် ဖြစ်သည်။ ထိုအချိန်တွင် သူ့အနေဖြင့်

ဒေါ်လာ ၂၀၀၀ ကုန်ကျမည့် ခရီးတစ်ခုထွက်သည်ဆိုလျှင် သူ့လက်ထဲတွင် ဒေါ်လာ ၂၁၃၅.၂၆ ပင် ပိုလျှံနေဦးမည် ဖြစ်သည်။ ဖော်ပြပါဥပမာအရ အကြွေးဂယ်ကဒ်ဖြင့် သုံးစွဲသူများသည် မသုံးစွဲသူများနှင့်ယှဉ်လျှင် စားသုံးမှုမှာ လျော့ကျလာသလို မိမိတွင် ရှိသည့် ငွေကိုလည်း လျော့နည်းစေပါသည်။

သင့်တွင် အကြွေးဂယ်ကဒ်ဖြင့် သုံးစွဲထားသည့်အတွက် အကြွေးလက်ကျန် ငွေပမာဏများကောင်း များနေနိုင်ပါသည်။ အကြွေးဖြင့် မသုံးစွဲခဲ့လျှင် ပိုကောင်းပါသည်။ သို့သော် ငွေစုအစီအစဉ်တစ်ခု စတင်ခြင်းဖြင့် အလွန်ကောင်းမွန်သည့် အကျိုးရလာဒ်တစ်ခု ရနိုင်သည့် အခွင့်အလမ်းတစ်ခု ပေးပါသည်။ အကြွေးဂယ်ကဒ်၏ အကြွေးအား ပေးချေရန်အတွက် စုဆောင်းသည့် ငွေတစ်ဒေါ်လာတိုင်း အတိုးနှုန်း ၁၈ %ကို ရှာပေးနေပါသည်။ ၁၈%အတိုးပေးသည့် ရင်းနှီးမြှုပ်နှံမှုတစ်ခုတွင် သင့်အနေဖြင့် တစ်ဒေါ်လာ ထည့်လိုက်လျှင် တစ်နှစ်အကြာတွင် အသားတင် ၁.၁၈ ဒေါ်လာတိုးလာမည်ဖြစ်သည်။ သင်က သင့်အကြွေးကဒ် အကြွေးပေးချေဖို့ တစ်ဒေါ်လာစုလျှင် တစ်နှစ်အကြာတွင် သင့်အတွက် အသားတင် ၁.၁၈ ဒေါ်လာပေါင်းထည့်ပြီး ဖြစ်ရော့မည်။ သင့်အကြွေးက ဤမျှနည်းသွားမည်။ ပထမ သင့်အကြွေးကို ဦးစွာလျှော့ချဖို့ တစ်ဒေါ်လာစု၊ ဒုတိယ သင်ပေးရမည့်အတိုးနှုန်း အတွက် ၁၈ဆင့်ကို အတိုးမှ ရရှိမည်ဖြစ်သည်။

သင့်အကြွေးကဒ်အတိုးနှုန်းက ၁၈%ထက် နည်းလျှင်သော်မှ သင်အလွန်ကံမကောင်းလျှင် သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုမတော်လျှင် သင်ရှိလာမည့် အခြားငွေစုအစီအစဉ်တစ်ခုတွင် သင်ပုံမှန် ထည့်ပေါင်းနိုင်သည်ထက်ပင် အတိုးနှုန်းက မြင့်မားနေသေးသည်။ သင့်ရင်းနှီးမြှုပ်နှံမှု စာရင်းများသို့ ငွေမသွင်းရသဖြင့် သင့်စုငွေများက အမှန်တကယ် ၁၈% ရှာဖွေပေးသည်ဟု သင်မခံစားပဲ ရှိနိုင်သည်။ သို့သော် ဆိုလိုရင်းမှာ အလားတူပင် ဖြစ်သည်။ အကြွေးဂယ်ကဒ်အကြွေးရှိပြီး ငွေကြေးအောင်မြင်မှုရဖို့ စိတ်ထက်သန်သူတိုင်း ပထမဆုံး လုပ်သင့်သည်က အကြွေးများကို အကျေဆပ်လိုက်ပါ။ လိုအပ်လျှင် စုဆောင်းငွေထဲမှ ဆပ်ပါ။

သင့်အကြွေးဂယ်ကဒ် အကြွေးအားပေးချေရန် သင့်တွင် စုငွေမရှိလျှင် ဘာလုပ်မည်နည်း။ ဘဏ်မှချေးငွေရယူပါ။ ဘဏ်အတိုးနှုန်းက သင့်အကြွေးဂယ်ကဒ် အတိုးနှုန်းထက် နည်းပါသည်။ ဘဏ်အကြွေးများကိုလည်း ဖြစ်နိုင်သမျှ မြန်မြန် ပေးဆပ်ဖို့ အစီအစဉ်တစ်ခု ချမှတ်ဖော်ဆောင်ပါ။ ဥပမာ နောက် ၆ လ ပေါ့။ သို့ရာတွင် သင်က နောက်ထပ် အကြွေးဂယ်ကဒ် အကြွေးများ ထပ်မတင်မိစေဖို့တော့ လိုပါသည်။

သင်ပိုက်ဆံများ၏ အသုံးခံမှုကို မြှင့်တင်ရန် ဒုတိယနည်းလမ်းမှာ တစ်ပတ်ရစ်ပစ္စည်းများ ဂယ်ယူသုံးစွဲခြင်း ဖြစ်သည်။ ယင်းတို့က သင့်အတွက် အသစ်ကဲ့သို့ အသုံးဂင်ပါလိမ့်မည်။ ပစ္စည်းသစ်များ ဂယ်ယူသုံးစွဲခြင်း၏ ပြဿနာမှာ ပစ္စည်းသစ်များသည် ဂယ်လိုက်သည်နှင့် ချက်ခြင်းဆိုသလို တန်ဖိုးကျဆင်းသွားပါသည်။ ထို့ကြောင့် ပစ္စည်းသစ်များ ဂယ်သော်လည်း ပစ္စည်းအသစ်များအဖြစ် ကြာရှည်ရပ်တည်မနေပါ။ ဆိုလိုသည်မှာ ပစ္စည်းတစ်ခုဂယ်လိုက်သည်နှင့် ဈေးကွက်တန်ဖိုးအရ ယင်းက အသုံးပြုပြီး (တစ်ပတ်ရစ်) ဖြစ်သွားတော့သည်။

အသုံးပြုပြီးပစ္စည်းများ သို့မဟုတ် တစ်ပတ်ရစ်ပစ္စည်းများ ဝယ်ယူသုံးစွဲခြင်းဖြင့် သိသိသာသာ စုဆောင်းလာနိုင်ပါသည်။ အသုံးပြုပြီးသားနှင့်ယှဉ်၍ ကားအသစ်တစ်စီး ဝယ်ယူစရိတ်ကို စဉ်းစားကြည့်ပါ။ ဥပမာ သင်က ဒေါ်လာ ၂၈၀၀၀ ကုန်ကျသည့် တိုယိုတာကမ်ရီ ကားသစ်တစ်စီးကို ဝယ်ပြီး တစ်နှစ်အကြာတွင် အခြားကားသစ်တစ်စီးနှင့် အလဲအထပ်လုပ်လျှင် ကားဟောင်းအတွက် ဒေါ်လာ ၁၈၀၀၀ သာရပေလိမ့်မည်။ သို့မဟုတ် သင်ပေးဝယ်ခဲ့ရသည်ထက် ဒေါ်လာ ၁၀၀၀၀ လျော့နေလိမ့်မည်။ သင်က ကားကို မိုင် ၁၅၀၀၀ မောင်းထားလျှင် သင့်ကားအတွက် အလျော့တွက်တန်ဖိုးမှာ တစ်နည်းအားဖြင့် ကားတန်ဖိုးကျဆင်းခြင်း၏ ကုန်ကျမှုမှာ တစ်မိုင်လျှင် ဒေါ်လာ ၆၆ ပြားဖြစ်သည်။

သို့သော် Camry အသစ်တစ်စီးဝယ်မည့်အစား တဆင့်ရောင်းသူတစ်ဦးထံမှ တစ်နှစ်သက်တမ်းရှိ ကားတစ်စီး ဝယ်သည်ဆိုပါစို့။ ကားအသစ်ဈေး (မူလပိုင်ရှင်က တဆင့်ရောင်းသူထံမှ ရသည့်ငွေထက် ဒေါ်လာ ၂၀၀၀ ပိုများ) ထက် ဒေါ်လာ ၈၀၀၀ လျော့ပြီး သို့မဟုတ် ဒေါ်လာ၂၀၀၀၀ ခန့်သာ သင်က ပေးရမည်ဖြစ်သည်။

မိမိကားအား ဂရုစိုက်မှုအပေါ်မူတည်၍ ကားသည် ကြာရှည်ခံမည်ဖြစ်သောကြောင့် တစ်ပတ်ရစ် Camry ကားကို ၈ နှစ်လောက်ထိ ကောင်းကောင်း အသုံးပြုနိုင်လိမ့်မည်။ ၈ နှစ်ကြာလျှင် ဒေါ်လာ ၂၀၀၀ နှင့်လည်း ပြန်ရောင်းနိုင်ပေလိမ့်မည်။ တစ်နှစ်လျှင် မိုင် ၁၅၀၀၀ မောင်းလျှင် ကား၏ တစ်မိုင်ချင်းအလျော့တွက်တန်ဖိုးမှာ ၁၅ ပြား ဖြစ်သည်။ (ဒေါ်လာ ၁၈၀၀၀ အား ၁၂၀၀၀၀ မိုင်ဖြင့် စားလျှင် အဆိုပါ အဖြေထွက်သည်)။ ယင်းကုန်ကျမှုမှာ ကားအသစ်တစ်စီး မောင်းနှင်သည့် နှစ်စဉ် တစ်မိုင်ချင်း ကုန်ကျစရိတ်ထက် ၅၁ ပြား သက်သာပါသည်။ တစ်ပတ်ရစ်ကားအား တစ်နှစ်လျှင် မိုင် ၁၅၀၀၀ မောင်းခြင်းဖြင့် အလျော့တွက်တန်ဖိုးမှ နှစ်စဉ် ၇၆၅၀ ဒေါ်လာ ချွေတာနိုင်မည် ဖြစ်သည်။ ကားသက်တမ်း ကြာလာသည်နှင့်အမျှ ပြင်ဆင်စရိတ်မှာလည်း တက်လာမည်ဖြစ်သည်။ သို့သော် တစ်နှစ် ပျမ်းမျှ ၁၆၅၀ ဒေါ်လာ ဖြင့်တွက်လျှင်သော်မှ (ထိုပမာဏ ကုန်ကျခဲ့ပါသည်) ကားအသစ်မစီးသည့်အတွက် တစ်နှစ်လျှင် ဒေါ်လာ ၆၀၀၀ စုဆောင်းမိပေလိမ့်မည်။

အခြားသော တပတ်ရစ် အရာဝတ္ထုပစ္စည်းများသည်လည်း အသစ်နှင့်မခြား ကောင်းစွာအသုံးပြုနိုင်ပြီး ကုန်ကျစရိတ်လည်း သက်သာပါသည်။ ပရိဘောဂ၊ အိမ်သုံးပစ္စည်းများ (ဥပမာ- ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ အခြောက်ခံစက်) နှင့် ကလေးအဝတ်များ၊ ကစားစရာများ (ကလေးများသည် မြန်မြန်ကြီးလာကြပြီး ကစားစရာများကို ငြီးငွေ့လွယ်ကြသည်) တို့ကိုလည်း တစ်ပတ်ရစ် သုံးနိုင်ပါသည်။ ကားဟောင်းအရောင်းဆိုင်များ၊ အဟောင်းတန်းများတွင် အချိန်ကုန်ဆုံးစေရန် ကျွန်တော်တို့ အကြံပြုနေသည်မဟုတ်ပါ။ သင့်အချိန်မှာလည်း တန်ဖိုးရှိသဖြင့် အချို့ကိစ္စရပ်များတွင် တစ်ပတ်ရစ် ဝယ်သုံးရသည်ထက် ပစ္စည်းအသစ်ဝယ်သုံးလိုက်ရသည်က ပို၍တွက်ခြေကိုက်သည့် အခါမျိုးလည်း ရှိပါသည်။ အထူးသဖြင့် ပစ္စည်းအသစ်ဝယ်ပြီးလျှင် ကြာရှည်စွာ စွဲမြဲသုံးစွဲမည် ဆိုလျှင်ပေါ့။ ကျွန်တော်တို့ ဆိုလိုသည်မှာ သုံးစွဲမှုအရလည်း စိတ်ချမ်းသာပြီး ပိုက်ဆံလည်း သိပ်သုံးစရာမလိုသည့် နည်းလမ်းများကို ပြောပြနေခြင်းဖြစ်သည်။ မိမိသုံးစွဲလိုက်ရသည့်ငွေနှင့် တန်အောင် သုံးစေချင်သည့် သဘောသာ ဖြစ်ပါသည်။

## ၆။ "အရေးပေါ်ကိစ္စရပ်များအတွက်" စုဆောင်းမှု လစဉ် ပုံမှန်ပြုလုပ်ပါ။

အနာဂတ်အတွက် စုဆောင်းမှု၏ တန်ဖိုးရှိမှုအကြောင်း ပြောပြထားပြီး ဖြစ်သည်။ သို့သော် သင့်တွင် "အရေးပေါ်ကိစ္စရပ်များ" ငွေစုစာရင်းရှိဖို့ လိုအပ်ပါသည်။ ယင်းက ဘာကို ဆိုလိုပါသလဲ။ လက်တွေ့ဘဝတွင် မထင်မှတ်သည့် ဖြစ်ရပ်များသေချာပေါက် ရှိနေတတ်သည်။ ကားပျက်ခြင်း၊ အမိုးယိုခြင်း၊ ရေပိုက်ပျက်ခြင်း၊ ကလေးက လက်ကျိုးခြင်း တို့မှာ သာဓကများ ဖြစ်သည်။ ယင်းဖြစ်ရပ်များ ဖြစ်လေ့ဖြစ်ထရှိတတ်သော်လည်း ဖြစ်သည့်အချိန်၊ အတိမ်အနက်တို့မှာ ကွာခြားတတ်သည်။ ရှည်ကြာသည့် ကာလအတိုင်းအတာတစ်ခုတွင် အိမ်ထောင်စု အားလုံးတို့က ယင်းကဲ့သို့ ကိစ္စရပ်များအတွက် ကြီးမားသည့် ကုန်ကျစရိတ်များ ရှိလာနိုင်သည်ဟု ခန့်မှန်းထားကြပေလိမ့်မည်။ ထို့ကြောင့် ယင်းအရေးပေါ်ကိစ္စရပ်များအတွက် ပြင်ပြင်ဆင်ဆင် ရှိသင့်ပေသည်။ အရေးအကြောင်းအတွက် ငွေစုစာရင်းသည် ယင်းကိစ္စများအတွက် ဖြစ်သည်။ ယင်းငွေစုစာရင်းက သင်မမျှော်လင့်သည့် ကုန်ကျမှုများကို စိတ်ပူပန်မှုမရှိစေဘဲ ငွေရေးကြေးရေး ပြဿနာတစ်ရပ် မကြုံရစေဘဲ ကူညီဖြေရှင်းပေးလိမ့်မည် ဖြစ်သည်။

အခြားနည်းလမ်းတစ်ခုမှာ မထင်မှတ်သည်များ ဖြစ်လာချိန်အထိ စောင့်နေရန်ဖြစ်ပြီး ထို့နောက် ယင်းတို့ကို ဖြေရှင်းမည့် အစီအစဉ်တစ်ခုကို ကြံဆခြင်း ဖြစ်သည်။ ထိုအခါတွင် ယေဘုယျအားဖြင့် အကြွေးဝယ်ကဒ်များဖြင့်သာ ဖြေရှင်းရတော့သည်။ သို့မဟုတ် ခါးသီးစရာကောင်းသည့် အတိုးနှုန်းများဖြင့် ချေးယူသည့်နည်းများဖြင့် ဖြေရှင်းရတော့သည်။ ထို့နောက် အတိုးပေးရန်နှင့် နောက်ဆုံးတွင် ချေးငွေအား ပြန်ဆပ်နိုင်မည့် နည်းလမ်းများကို ရှာကြံရတော့မည် ဖြစ်သည်။ ဤသို့ဖြင့် ငွေရေးကြေးရေး ပူပန်သောက ရောက်စေပြီး ငွေကြေးဆိုင်ရာ ဆုံးဖြတ်ချက်များ ချရာတွင် ကောင်းမွန်သော ဆုံးဖြတ်ချက်မှာ ဖြစ်မလာတော့ပေ။

အဆိုပါ အရေးပေါ်ကိစ္စရပ်များအား ဖြေရှင်းနိုင်ရန်အတွက် မိမိတို့အနေဖြင့် မည်မျှ ပုံမှန်စုဆောင်း သင့်ပါသလဲ။ ချဉ်းကပ်ပုံ တစ်မျိုးမှာ ယခင်နှစ်တွင် ရုတ်တရက် ပေါ်ပေါက်ခဲ့သော အရေးတကြီး ကိစ္စရပ်အမျိုးမျိုးတို့အတွက် မည်မျှသုံးစွဲခဲ့ရသည်ကို တွက်ချက်၍ ယင်းကုန်ကျမှုအား ၁၂ ဖြင့် စားပြီး ရလာသည့်ငွေပမာဏကို မိမိ၏ အရေးပေါ် ငွေစုစာရင်းအတွင်းသို့ လစဉ်ပုံမှန် ပေးသွင်းရန် ဖြစ်သည်။ လိုရမယ်ရအနေဖြင့် အနာဂတ်တွင် အရေးပေါ်သုံးစွဲမှု မြင့်တက်လာပါက ဖြေရှင်းနိုင်ရန်အတွက် ငွေစုစာရင်းသို့ အနည်းငယ်ထပ်ဆောင်းသွင်းလျှင် ပိုကောင်းပေလိမ့်မည်။ စာရင်းသို့အပ်ငွေပိုသွားလျှင်လည်း အခြားကိစ္စရပ်များတွင် ယင်းငွေကို သုံးစွဲနိုင်ပေလိမ့်မည်။ သို့မဟုတ် အငြိမ်းစားစုငွေအစီအစဉ်သို့ ခွဲထည့်နိုင်ပါသည်။ အဓိကပြောလိုသည်မှာ မိမိ၏ အရေးပေါ်စုဆောင်းငွေစာရင်းသို့ လစဉ်ပုံမှန် ထည့်သွင်းသင့်ပြီး၊ ထည့်ချင်သည့်အခါထည့်လိုက် ပုံစံမျိုး မလုပ်သင့်ပေ။ ထို့ကြောင့် ၎င်းတို့အား မိမိ၏အိမ်ပိုင်ဆိုင်လာရန်အတွက်

လစဉ်ငွေပေးချေသကဲ့သို့၊ မီတာခဆောင်သကဲ့သို့၊ အခြားသော ပုံမှန်အသုံးစရိတ်များကဲ့သို့ သဘောထားသင့်ပါသည်။

အရေးပေါ်ငွေစုစာရင်းသည် မိမိဘဝတွင် အခိုက်အတန့် ငွေကြေးပူပန်ကြောင့်ကြမှုများ မဖြစ်ပေါ်လာစေရန်၊ စိတ်ချမ်းသာမှု အနည်းငယ် ပေးနိုင်သည့် သဘောရှိသည်။ ယင်းငွေစုစာရင်း ထားရှိခြင်းကြောင့် မမှန်းဆနိုင်သော တစ်ချိန်ချိန်တွင် မမျှော်လင့်ဘဲ ဖြစ်ပေါ်လာနိုင်သည့် အသုံးစရိတ်များအား စိတ်အေးအေးဖြင့် ဖြေရှင်းနိုင်လိမ့်မည်။ အရေးပေါ်အသုံးစရိတ်များသည် ပုံမှန်ကုန်ကျသည်ထက် လျော့နည်းသည့် ကာလများတွင် မိမိ၏ အရေးပေါ်ငွေစုစာရင်းရှိ လက်ကျန်မှာ တိုးများနေမည် ဖြစ်သည်။ ကုန်ကျစရိတ်အလွန်ကြီးမားသည့် မထင်မှတ်သည့် ရုတ်တရက် ကိစ္စရပ်များ ပေါ်ပါလာသည့်အခါတွင်လည်း မိမိငွေစုစာရင်းတွင် ငွေပိုငွေလျှံရှိသည့်အတွက် စိုးရိမ်ကြောင့်ကြစရာ မရှိပေ။ ထိုအခါ "ငွေက မိမိအား မထိန်းချုပ်နိုင်" တော့ဘဲ " မိမိကသာ ငွေကို စီမံကွပ်ကဲသွားနိုင်" ပြီ ဖြစ်သည်။

## ၇။ အတိုးပေါ်ဆင့်အတိုး (ဂါ) နှစ်ထပ်တိုး ရသည့်နည်းကို ကောင်းကောင်းကြီး အသုံးပြုပါ။

အချက် ၃ တွင် ပုံမှန်ငွေစုဆောင်းခြင်း၏ အရေးပါပုံကို အလေးထား ဆွေးနွေးခဲ့ပြီး ဖြစ်သည်။ ယခုလက်ငင်းပင်လျှင် ငွေစုဆောင်းသင့်သည့် အဓိကအကြောင်းရင်း ၂ ရပ်ရှိသည်။ ပထမအကြောင်းရင်းမှာ ဆွေးနွေးခဲ့သည့်အတိုင်း ယခုမျက်မှောက်တွင် စတင်ငွေစုရန် ဆင်ခြေများစွာ ပေးတတ်သူတို့မှာ နောင်အခါတွင်လည်း ခက်ခဲနေမည် ဖြစ်သည်။ ယခုဖော်ပြမည်မှာ ချက်ခြင်းလက်ငင်း ငွေစုသင့်သည့် ဒုတိယအကြောင်းရင်း ဖြစ်ပါသည်။ ယင်းမှာ စောစောစုဆောင်းခြင်းသည် ကြီးမားသည့် အကျိုးရလာဒ် ထွက်ပေါ်စေသော အကြောင်းရင်း ဖြစ်သည်။

ငွေစုအစီအစဉ်ကို အနည်းငယ်စော၍ စတင်ခြင်းကြောင့် မိမိအတွက် အကျိုးအမြတ် ပိုမိုရရှိလာစေမည် ဖြစ်သည်။ အချက် ၃ တွင် ဖော်ပြခဲ့သော ဥပမာတစ်ခုကို ပြန်ကြည့်လျှင် အသက် ၂၂ မှ ၃၀ အတွင်း မဖြစ်စလောက်လေး စုဆောင်းရုံဖြင့် လူငယ်တစ်ဦးသည် အငြိမ်းစားယူသည့်အခါ ဓနစုဆောင်းမှုတွင် မည်မျှတိုးပွားလာသည်ကို တွေ့ခဲ့ရပြီး ဖြစ်သည်။ အဆိုပါ ၈ နှစ်တာ ကာလအတွင်း ဒေါ်လာ ၆၀၀၀ စွန်းစွန်းလောက် အသုံးအစွဲလျှော့ပြီး စုဆောင်းရုံဖြင့် (စုဆောင်းမှုမှာ အခွန်မဆောင်မီ ဝင်ငွေဟု ယူဆပါသည်) အသက် ၆၇နှစ်အရွယ် အငြိမ်းစားယူသည့်အချိန်တွင် မိမိပိုင်ဆိုင်မှု၌ ဒေါ်လာ ၁၅၃၀၀၀ ကျော် အလွယ်လေး ထပ်ရနိုင်သည်။ လက်ရှိငွေအနည်းငယ်ကို အနာဂတ်တွင် အများကြီး တိုးပွားလာအောင် ပြောင်းလဲသည့် သော့ချက်မှာ "အတိုးပေါ်ဆင့်အတိုးစနစ်၏ ဆန်းကျယ်မှု"မှ အကျိုးအမြတ်အပြည့်ယူ၍ တတ်နိုင်သမျှ စုဆောင်းမှုကို စောစောစတင်ခြင်းပင် ဖြစ်သည်။

အတိုးပေါ်ဆင့်အတိုးက အဆန်းတကျယ်ကြီးတော့လည်း မဟုတ်ပေ။ သို့သော် တစ်ခါတစ်ရံတွင် ဆန်းကျယ်နေပုံပေါ်သည်။ အတိုးပေါ်ဆင့်အတိုး အလုပ်လုပ်ပုံမှာ ရှင်းပြရန်

လွယ်ကူသော်လည်း ရလဒ်များက အံ့သြစရာကောင်းလွန်းပါသည်။ အတိုးပေါ်ဆင့်အတိုးဆိုသည်မှာ ရရှိသည့် အတိုးပေါ်တွင် အတိုးဆင့်၍ဆင့်၍ ရရှိခြင်းသာ ဖြစ်သည်။ မိမိက ယခုနှစ်စုငွေပေါ် ရသည့် အတိုးကို မသုံးစွဲလျှင် နောင်နှစ်တွင် လက်ရှိအရင်းနှင့် အတိုးပေါ်တွင် အတိုးထပ်ပေါင်းလိုက်ခြင်းပင် ဖြစ်သည်။ နောင်နှစ်တွင်လည်း ထိုသို့လုပ်ဆောင်ခြင်းဖြင့် အတိုးတွင် အတိုးများ ဆက်လက်ရရှိဦးမည် ဖြစ်သည်။ သာမာန်ကြီးလျှင် သိပ်များသည့်ပုံ မရှိချေ။ အထူးသဖြင့် အစောပိုင်းနှစ်အနည်းငယ်အတွင်း မိမိစုဆောင်းမှုအပေါ်တွင် သိသိသာသာ တိုးလာမည် မဟုတ်ပေ။ သို့သော် သိပ်မကြာခင်မှာပင် စုဆောင်းမှုမှာ သိသာစွာ စတင်ဖွံ့ဖြိုးလာပြီး အတိုးများလာလေ တိုးပွားမှုမြန်လာလေ ဖြစ်သည်။ အတိုးပေါ်ဆင့်အတိုးမှာ နှင်းများဖုံးလွှမ်းနေသည့် တောင်ပေါ်မှ လိမ့်ဆင်းလာသည့် နှင်းခဲတစ်ခဲကဲ့သို့ ဖြစ်သည်။ လိမ့်ဆင်းကာစတွင် အရွယ်အစား ကြီးထွားမှု နှေးကွေးမည် ဖြစ်သည်။ သို့သော် နှင်းများအနည်းငယ်စီကပ်၍ ဖြည်းဖြည်းချင်း တိုးလာသည့်အခါ အရွယ်တစတစ ကြီးလာပြီး ခဏအကြာတွင် အလွန်ကြီးလာလိမ့်မည်။ ထို့နောက်က အလျင်အမြန် ကြီးမားလာပြီး မိမိထံသို့ တည့်တည့်ကြီး ဂင်ရောက်ရိုက်ခတ်လာလိမ့်မည်။

ငွေစုအစီအစဉ်အား စောစောစီးစီး စတင်ရသည့် အကြောင်းရင်းမှာ အတိုးပေါ်ဆင့်အတိုးသည် ဖြည်းဖြည်းချင်း အရှိန်ယူရပြီး နောက်ပိုင်းတွင် အရှိန်မြန်လာသောကြောင့် ဖြစ်သည်။ အငြိမ်းစားယူခါနီးမှ စုဆောင်းမှုပြုလျှင် အငြိမ်းစားချိန် ပိုင်ဆိုင်မှု၌ များစွာအကျိုးသက်ရောက်မည် မဟုတ်ပေ။ နည်းနည်းချင်းဖြင့် စောစောစီးစီး စုဆောင်းခြင်းကသာလျှင် အကျိုးသက်ရောက်မှု ကြီးမားပါသည်။ တောင်အောက်ခြေနားမှ ကပ်၍ လိမ့်ဆင်းလာသော နှင်းခဲမှာ အရှိန်သေသွားသည့်အခါ အရွယ်အစား သိပ်ကြီးကြီးမားမား ဖြစ်နေမည် မဟုတ်ပေ။ ထို့ကြောင့် ငွေစောစောစုလျှင် ယင်စုဆောင်းမှု ပွားများလာရန် အချိန်ပိုရမည်ဖြစ်ပြီး မြန်မြန်လည်း စုဆောင်းမှုအရွယ်ပမာဏ ကြီးထွားလာမည် ဖြစ်သည်။

ရိုးရိုးရှင်းရှင်း ဥပမာတစ်ခု စဉ်းစားကြည့်ပါ။ ၁၆ အရွယ်လူငယ် တစ်ဦးက ဆေးလိပ်သောက်သင့် မသောက်သင့် ချင့်ချိန်နေသည် ဆိုပါစို့။ ထိုအခါ ထည့်သွင်းစဉ်းစားစရာ များစွာရှိပါသည်။ ကျန်းမာရေးအကျိုးဆက်မှာ အရေးကြီးသည့် ဆင်ခြင်စရာ ဖြစ်သည်။ ကျန်းမာရေးအပြင် ငွေကြေးကုန်ကျမှုမှာလည်း ဆေးလိပ်မသောက်သင့်သည့် အကြောင်းတစ်ခုပါ။ စီးကရက် တစ်ဘူးဈေးနှုန်းမှာ ပြည်နယ်အများစုတွင် ၃.၇၅ ဒေါ်လာဂန်းကျင် ရှိသည်။ ထို့ကြောင့် ဆယ်ကျော်သက် ရော်ဂျာဒီယက်အနေဖြင့် ဆေးလိပ်မသောက်သုံးဖြစ်လျှင် (သူက တစ်ရက်လျှင် ဆေးလိပ်တစ်ဘူး သောက်ဖြစ်လိမ့်မည်ဟု ယူဆလျှင်) တစ်နှစ် ၁၃၇၀ ဒေါ်လာ စုဆောင်းနိုင်ပါလိမ့်မည်။ အဆိုပါငွေအား တစ်နေရာရာတွင် သုံးစွဲမည့်အစား တစ်နှစ်လျှင် ၇% အကျိုးအမြတ်ရမည့် ငွေကြေးဖောင်းပွမှုကို ကာမိစေသော စုပေါင်းရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေ (mutual fund) တွင် မြှုပ်နှံလိုက်သည် ဆိုပါစို့။ (မှတ်ချက် - အဆိုပါ ၇% နှုန်းမှာ ၁၉၂၆ ခုနှစ်မှစ၍ အကြီးဆုံး အမေရိကန် လုပ်ငန်း ၅၀၀ ၏ Standard & Poor's (S&P) index အရ နှစ်စဉ်ပြန်ရသည့် နှုန်းဖြစ်သည်)။ ရော်ဂျာကသာ ထိုသို့ ၁၀ နှစ်ဆက်တိုက် စုဆောင်ထိန်းသိမ်းထားနိုင်လျှင် သူအသက် ၂၆ နှစ်ပြည့်သည့်အခါ သူတွင် ဒေါ်လာ ၁၃၇၀၀ စုဆောင်းမိပြီး တိုးရင်းပေါင်းလိုက်လျှင် ၁၈၉၂၉

ဒေါ်လာ စုဆောင်းမိပြီး ဖြစ်လိမ့်မည်။ အသေးအဖွဲ့ စွန့်လွှတ်မှုတစ်ခုအတွက် အကျိုးရလဒ်မှာ မဆိုးလှပေ။ တကယ်တော့ ရှိဂျာအတွက် အကျိုးရှိလှသည်။

သို့သော် ယင်းရလဒ်မှာ အကင်းသာရှိသေးသည်။ အတိုးပေါ်ဆင့်အတိုးမှ အကျိုးအမြတ်က အစ ပြုရုံသာရှိသေးသည်။ ရှိဂျာကသာ အသက် ၃၆ ရောက်သည်အထိ စုဆောင်းမှု အစီအစဉ်ကို ဆက်လက်လုပ်ဆောင်မည်ဆိုလျှင် သူသည် စုဆောင်းငွေ ၂၇၄၀၀ ဒေါ်လာမှ ၅၆၁၆၄ ဒေါ်လာ ထိတိုးပွားလာမည်ဖြစ်သည်။ အသက် ၄၆ အထိ ဆက်လက်စုဆောင်းသော် ဒေါ်လာ ၄၁၁၀၀ ၁၂၉၄၁၁ ဒေါ်လာထိ ပွားများလာမည်ဖြစ်သည်။ ရှိဂျာ အသက် ၅၆ တွင် သူသည်စုငွေဒေါ်လာ ၅၄၈၀၀ မှ ၂၇၃၅၀၀ ဒေါ်လာ အထိ ကြွယ်ဝလာမည် ဖြစ်သည်။ အသက် ၆၇ နှစ်အရွယ်တွင် အငြိမ်းစားယူသည့်အခါ သူသည် ၅၇၉၃၀၁ ဒေါ်လာရမည်ဖြစ်သည်။ သူ၏ မူရင်းစုဆောင်းငွေ ဒေါ်လာ ၆၉၈၇၀ မှ အကျိုးခံစားရခြင်း ဖြစ်သည်။ ထို့ကြောင့် ဆေးလိပ်မသောက်ရန် ရွေးချယ်ခြင်းဖြင့် ရှိဂျာသည် အငြိမ်းစားရန်ပုံငွေ ဒေါ်လာ ၆၀၀၀၀၀ နီးပါး စုမိနေလိမ့်မည်။ ယင်းကိန်းဂဏန်းက မျက်မှောက်ကာလတွင် ဝယ်ယူသုံးစွဲနိုင်သည့် ဒေါ်လာငွေပမာဏ ဖြစ်သည်။



**Source: Author's calculations. Assumes 7 percent interest per year**

ရိုဂျာသည် အသက် ၁၆နှစ်မှ ၂၆ နှစ်အထိ ဆေးလိပ်သောက်လာပြီး ၂၆ နှစ်ရောက်မှ ဆေးလိပ်ဖြတ်ပြီး တစ်နေ့လျှင် စီးကရက်တစ်ဘူးစာ ငွေစုဆောင်းသည်ဟု ပြောင်း၍ စဉ်းစားကြည့်ပါ။ ဆေးလိပ်ဖြတ်လိုက်ခြင်းမှာ သူ့အတွက် ကောင်းပြီး စုဆောင်းမှုမှလည်း အကျိုးရှိနေဦးမည် ဖြစ်သည်။ သို့သော် ၁၀ နှစ်မျှ နောက်ကျသွားသည့်အတွက် သူ့အသက် ၆၇ နှစ်တွင် ၅၉၇၃၀၁ ဒေါ်လာ မစုမိတော့ပဲ ၂၉၄၀၁၅ ဒေါ်လာသာ စုဆောင်းမိမည် ဖြစ်သည်။ ၅၁ နှစ်စာ ငွေစုဆောင်းမှု အစီအစဉ်အား ဆယ်နှစ်လောက် နောက်ကျသွားသဖြင့် ရိုဂျာသည် အငြိမ်းစားယူချိန်တွင် ဒေါ်လာ ၃၀၃၂၈၆ ဆုံးရှုံးနစ်နာသွားစေသည်။

ဆန့်ကျင်ဘက်အားဖြင့် အချိန်နည်းနည်းပိုကြာအောင်သာ စုဆောင်းမည်ဆိုလျှင် အတိုးပေါ်ဆင့်အတိုးကြောင့် မြန်သထက်မြန်လာသော တိုးပွားမှုမှ အကျိုးကျေးဇူးများစွာ ရရှိနိုင်ပါသည်။ ဥပမာ ရော်ဂျာကသာ သူ၏ ငွေစုအစီအစဉ်ကို အသက် ၆၉ နှစ် နောင်းပိုင်းမှ အငြိမ်းစား ယူ၍ ၂ နှစ်ကျော်ခန့်အထိ ဆက်လက်စုဆောင်းခဲ့မည်ဆိုလျှင် (သူ့အသက် ၁၆ နှစ်တွင် ငွေစတင်စုဆောင်းသည်ဟု ယခင်အတိုင်း ယူဆထားသည်) သူ၏ ယနေ့ခေတ် ငွေကြေးဝယ်ယူနိုင်စွမ်းဖြင့်ပြောလျှင် ဒေါ်လာ ၇၀၀၀၀၀ နီးပါး ပိုင်ဆိုင်လိမ့်မည် ဖြစ်သည်။ ဆိုရလျှင် စုဆောင်းမှုကြာလေလေ အတိုးပေါ်ဆင့်အတိုးက မိမိတို့၏ ကြွယ်ဝမှုကို တိုးပွားမှုပေးလေလေ ဖြစ်သည်။ ရော်ဂျာကသာ ကားအသစ် ဝယ်မစီးပဲ တစ်ပတ်ရစ် ကားဝယ်ခြင်း၊ လမ်းဘေးစက်များမှ သွားရေစာများ အနည်းငယ်လျှော့စားခြင်း၊ ထီမထိုးခြင်း (လူတစ်ဦးသည် ထီပေါက်ခြင်းထက် မိုးကြိုးပစ်ခံရဖို့ အလားအလာ ပိုများသည်) ဖြင့် အသေးအဖွဲ ချွေတာမှုများ ထပ်လုပ်ဦးမည်ဆိုလျှင် သူအနားယူချိန်တွင် သန်းဂဏန်း သို့မဟုတ် ထိုထက်ပင်ပို၍ ပိုင်ဆိုင်နေမည် ဖြစ်သည်။

သင်အငြိမ်းစားယူချိန်တွင် ချမ်းချမ်းသာသာ နေနိုင်ဖို့အတွက် ဘဝတစ်လျှောက်လုံး ခါးခါးသီးသီး နေထိုင်စားသောက်သွားရမည်ဟု ကျွန်တော်တို့က ဆိုလိုနေခြင်း မဟုတ်ပါ။ အသက်ကြီးမှ ချမ်းသာပြီး ဘဝတစ်လျှောက်လုံး ခြိုးခြံ့တဲ့တဲ့ နေထိုင်စားသောက်ရမည်ဆိုလျှင် အဘယ်မှာ အဓိပ္ပါယ်ရှိပါမည်နည်း။ ကျွန်တော်တို့ အလေးပေးပြောလိုသည်မှာ သာမာန်လူများစွာတို့ အနေဖြင့် ကောင်းကောင်းမွန်မွန် နေထိုင်စားသောက်ရင်း အနည်းအကျဉ်းစုဆောင်းရုံမျှဖြင့် ကြီးမားသည့် အကျိုးကျေးဇူးများ ခံစားစံစားနိုင်သည်ကို ထောက်ပြလိုခြင်း ဖြစ်သည်။ ရော်ဂျာက ဆေးလိပ် မသောက်ခြင်းဖြင့် စုဆောင်းမိသည့် ဒေါ်လာ ၅၉၇၃၀၁ အနက် ၆၉၈၇၀ ဒေါ်လာကသာ သူ့အနေဖြင့် စားသုံးမှု ချွေတာလိုက်ရခြင်း ဖြစ်သည်။ (အခွန်မဆောင်မီဝင်ငွေမှ စုဆောင်းခြင်း မဟုတ်သေးဟု ယူဆထားသည်)။ အမှန်တော့ စုဆောင်းရင်းနှီးမြှုပ်နှံသူများသည် ထိုသို့မစုဆောင်း မရင်းနှီးသူများထက် ပိုမို သုံးစွဲလာနိုင်လိမ့်မည် ဖြစ်သည်။ အနားယူချိန်တွင် သို့မဟုတ် ထိုထက်ပင် စောသည့်ကာလတွင် ရော်ဂျာသည် သူ့ကြွယ်ဝမှုကို စတင်သုံးစွဲနိုင်ပြီး မစုဆောင်းပဲ သုံးစွဲခဲ့သည်ထက် များစွာသာလွန်၍ သုံးစွဲနိုင်မည် ဖြစ်သည်။

ထိုသို့ အကျိုးခံစားရန်မှာ ငွေစုဆောင်းခြင်းအား စောစောလုပ်ဆောင်၊ အနည်းငယ် စိတ်ရှည်သည်းခံ၍ စုဆောင်းငွေမှ မည်မျှ အကျိုးဖြစ်နိုင်မည်ကို (လာမည့် အချက်များတွင် ရှုပါ) သိနားလည်ပြီး အတိုးပေါ်ဆင့်အတိုး၏ စွမ်းပကားကို ကောင်းကောင်း အသုံးချရန်သာ လိုအပ်ပါသည်။

## ၈။ ကြက်ဥအားလုံးကို ခြင်းတစ်ခြင်းထဲ အကုန်မထည့်ပါနှင့်၊ ဖြန့်ကျက်ခွဲထည့်ပါ။

ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရာတွင် စွန့်စားရမှု ရှိနေပါသည်။ အိမ်ခြံမြေတစ်ခု၏ ကာလပေါက်ဈေး သို့မဟုတ် ကော်ပိုရေးရှင်းတစ်ခု၏ အစုရှယ်ယာဈေးနှုန်းသည် အချိန်တိုအတွင်း ရုတ်တရက် ပြောင်းလဲသွားနိုင်သည်။ အရည်အသွေးမြင့် ငွေချေးစာချုပ်များမှာကဲ့သို့ အမည်ခံအကျိုးအမြတ် (norminal return)မှာ သေချာသည့်တိုင်အောင် အတိုးနှုန်းအပြောင်းအလဲနှင့် ငွေကြေး ဖောင်းပွမှုများကြောင့် ပိုင်ဆိုင်မှုများ၏ တန်ဖိုးမှာ သိသိသာသာ ပြောင်းလဲသွားနိုင်သည်။ မိမိ၏ ဥစ္စာဓနအများစုကို အိမ်ခြံမြေတစ်ခုတွင်သာ သို့မဟုတ် ကော်ပိုရေးရှင်းတစ်ချို့၏ စတော့ရှယ်ယာများတွင်သာ (သို့မဟုတ် သည့်ထက်ဆိုးသည်က စတော့ရှယ်ယာ တစ်မျိုးတည်းကိုသာ) ဂယ်ယူမြှုပ်နှံထားပါက မိမိသည် အလွန်ပင်ပျော့ကွက်ရှိသည့်၊ ပိုင်ဆိုင်မှုများဆုံးရှုံးနိုင်သည့် အနေအထားနှင့် နီးစပ်နေပါသည်။ Enron၊ Bear Stearns နှင့် General Mortors ကဲ့သို့သော လုပ်ငန်းကြီးများ၏ အစုရှယ်ယာများတွင် ပိုင်ဆိုင်မှုအများစုကို အောတိုက်ထည့်ဝင်ထား၍ ကြီးမားသောဆုံးရှုံးမှုနှင့် ကြုံတွေ့ခဲ့ရသည့် သာဓကများရှိပါသည်။

လုပ်ငန်းဆက်စပ်မှုမရှိသော အစုရှယ်ယာများကို ဂယ်ယူမြှုပ်နှံခြင်းအားဖြင့် တနည်းပြောရလျှင် ဖြန့်ကျက်ရင်းနှီးမြှုပ်နှံခြင်းအားဖြင့် စွန့်စားမှုကို လျှော့ချနိုင်ပါသည်။ ဖြန့်ကျက်ရင်းနှီးမြှုပ်နှံခြင်းက အရေအတွက်များများနိယာမဖြင့် မိမိအတွက် အလုပ်ဖြစ်စေပါသည်။ ဖြန့်ကျက်ရင်းနှီးမြှုပ်နှံထားသည့် ရှယ်ယာတစ်ချို့မှာ အမြတ်ထွက်နေသော်လည်း ရှယ်ယာတစ်ချို့မှာ အရှုံးပေါ်နေနိုင်ပါသည်။ အမြတ်ရှိသည့် အစုရှယ်ယာများသည် အရှုံးပေါ်သည့် အစုရှယ်ယာများကို ကာမိစေမည်ဖြစ်ပြီး ပျမ်းမျှအကျိုးအမြတ် အနေအထားသို့ ရောက်ရှိစေမည် ဖြစ်သည်။

လူအများစုအတွက် အိမ်တစ်လုံးဂယ်ယူခြင်းသည် အနိမ့်ဆုံးအားဖြင့် အစပိုင်းတွင် သူတို့၏ပင်မ ရင်းနှီးမြှုပ်နှံမှု ဖြစ်နေပေလိမ့်မည်။ မိမိတတ်နိုင်သော အိမ်တစ်လုံးအား ရပ်ကွက်ကောင်းကောင်းတစ်ခုတွင် ဂယ်ယူပြီး ကောင်းမွန်စွာ ထိန်းသိမ်းထားမည်ဆိုလျှင် အဆိုပါအိမ်တစ်လုံးသည် အကြမ်းဖျင်းအားဖြင့် ရင်းနှီးမြှုပ်နှံမှုကောင်းတစ်ခု ဖြစ်သည်။ သို့သော် မကြာမီက ဖြစ်ပွားခဲ့သော အိမ်ခြံမြေအကျပ်အတည်းမှ သင်ခန်းစာယူမည်ဆိုလျှင် မထင်မှတ်သော အန္တရာယ်များ ကျရောက်တတ်သည်ကို သတိပြုရှောင်ရှားရမည် ဖြစ်သည်။ ပထမအချက်မှာ မိမိတွင် အိမ်တန်ဖိုး၏ ၂၀% အား ကနဦးပေးချေရန် မရှိပါက အိမ်မဂယ်သင့်ပေ။ ကနဦးပေးချေငွေသည် ၂၀% ထက်နည်းပါက အိမ်ခြံမြေဈေးနှုန်း အတက်အကျမှ အကျိုးသက်ရောက်မှုများခံရနိုင်ပြီး အရစ်ကျပေးချေမှုအတွက် အာမခံထားရာတွင်လည်း များစွာကုန်ကျမည် ဖြစ်သည်။ ဒုတိယအချက်မှာ မဖြစ်နိုင်သော အတိုးနှုန်းဖြင့် အိမ်ရာဂယ်ယူခြင်းကို ရှောင်ရှားသင့်ပေသည်။ အဆိုပါ အတိုးနှုန်းများမှာ မကြာမကာဆိုသလိုပင် ရုတ်တရက် မြင့်တက်သွားနိုင်ပြီး လစဉ်အရစ်ကျပေးချေမှု ပမာဏကို အဆမတန် ထိုးတက်သွားစေနိုင်သည်။ တတိယအချက်မှာ တိုး၍ သုံးစွဲမှုပြုရန်အတွက် အရစ်ကျပေးငွေဖြင့် ဂယ်ယူထားသော အိမ်အား အပေါင်ထား၍ ငွေချေးယူခြင်း မပြုလုပ်ပါနှင့်။

အိမ်ခြံမြေဈေးနှုန်းများသည် အတက်ရှိသလို၊ အကျလည်း ရှိပါသည်။ အရစ်ကျပေးချေထားသော အိမ်တွင် မိမိပိုင်ဆိုင်သော အချိုးအစား (ပေးပြီးပမာဏနှင့် ကျန်ရှိအကြွေး) ထိန်းသိမ်းထားရန် အရေးကြီးပါသည်။ ဖော်ပြပါစည်းကမ်းများအတိုင်း နေထိုင်မည်ဆိုလျှင် မိမိတတ်နိုင်သည့် ဘောင်အတွင်းမှသာ နေထိုင်ခြင်းဖြစ်ပြီး အိမ်အရစ်ကျအသုံးစရိတ်နှင့် အခြားသော အသုံးစရိတ်များအား ချွေချွေတာတာ သုံးစွဲစေပါသည်။

အိမ်ဝယ်သည့် ရင်းနှီးမြှုပ်နှံမှုအပြင် စီးပွားရေးလုပ်ငန်းအား နေ့တဒူဝ မလည်ပတ်ချင်ဘဲ ငွေကြေးအဆင်ပြေလိုသည့် ပုဂ္ဂိုလ်များအနေဖြင့် စတော့ရှယ်ယာဈေးကွက်တွင် ရင်းနှီးမြှုပ်နှံနိုင်ပါသည်။ အကြောင်းမှာ စတော့ရှယ်ယာများသည် မျိုးမျိုးမြတ်မြတ် ရှိသောကြောင့် ဖြစ်သည်။ အတိတ်ကာလကို ပြန်ကြည့်လျှင်လည်း အလုပ်ဖြစ်ခဲ့သည်ကို တွေ့ရပါသည်။ ပြီးခဲ့သည့် ဆယ်စုနှစ် ၂ ခု အတွင်း ကော်ပိုရိတ် စတော့ရှယ်ယာများသည် ငွေကြေးဖောင်းပွမှုကို ခုနှိမ်ပြီးနောက် အမှန်အကျိုးအမြတ်နှုန်းမှာ တစ်နှစ်လျှင် ၇ ရာခိုင်နှုန်းဝန်းကျင် ရှိခဲ့သည်။ တဖက်တွင် ချေးငွေစာချုပ်များ၏ အမှန်အကျိုးအမြတ်မှာ နှစ်စဉ် ၃ ရာခိုင်နှုန်းသာ ရှိခဲ့သည်။[၅]

စတော့များ၏ စွန့်စားရမှုမှာ အနာဂတ် တချိန်ချိန်တွင် မည်မျှပေါက်ဈေးရှိလာမည်ကို မည်သူမျှ ရေရေရာရာ မသိခြင်းပင် ဖြစ်သည်။ မိမိရင်းနှီးမြှုပ်နှံမှုများ၏ တန်ဖိုးများမှာ ကျဆင်းသည့် အချိန်ကာလများနှင့်လည်း မလွဲမရှောင်သာ ကြုံတွေ့ရနိုင်သည်။ သို့သော် မတည်ငြိမ်မှုဟု သိထားသည့် အဆိုပါစွန့်စားရမှုကြောင့် စတော့များသည် ငွေစုစာရင်းများ၊ ငွေကြေးဈေးကွက်လက်မှတ်များ၊ ရေတိုအစိုးရငွေချေးစာချုပ်များစသည့် အနာဂတ်တွင် မိမိအား သေချာရေရာသည့် အကျိုးအမြတ်ပေးမည့် ရင်းနှီးမြှုပ်နှံမှုအားလုံးထက် အကျိုးအမြတ် မြင့်မားနေခြင်း ဖြစ်သည်။ ငွေချေးစာချုပ်များနှင့် ငွေစုစာရင်းများက စတော့များထက် သေချာရေရာမှုပေးသောကြောင့် ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်စေရန်အတွက် စတော့ရှယ်ယာများက ထွက်ပေါ်လာမည့် ပျမ်းမျှအကျိုးအမြတ်သည် ပိုမိုမြင့်မားနေရမည် ဖြစ်သည်။

နှစ် ၃ဝ သို့မဟုတ် ၃၅ နှစ်အထိ ကာလအတန်ကြာ စတော့ရှယ်ယာမျိုးစုံတွင် ရင်းနှီးမြှုပ်နှံပါက စွန့်စားရမှုအား များစွာလျော့ချလာနိုင်မည် ဖြစ်သည်။ အသေးစားရင်းနှီးမြှုပ်နှံသူတစ်ဦးပင်လျှင် စီးပွားရေးလုပ်ငန်းများစွာ၏ စတော့ရှယ်ယာများကို ဝယ်ယူဆုပ်ကိုင်သည့် စုပေါင်းရင်းနှီးမြှုပ်နှံမှုရန်ပုံငွေကို စီမံခန့်ခွဲသော ကော်ပိုရေးရှင်းမှတဆင့် ရင်းနှီးမြှုပ်နှံနိုင်သည်။ အမျိုးအစားစုံလင်သောစတော့များကို ကာလရှည်အထိ သိမ်းဆည်းထားသည့်အခါ ယင်းတို့က မြင့်မားသည့်အကျိုးအမြတ်နှုန်းတစ်ခုကို ပေးစွမ်းနိုင်ပြီး တန်ဖိုးမတည်ငြိမ်မှုကိုလည်း အတန်အသင့် လျော့ကျစေမည် ဖြစ်သည်။

ဖြန့်ကျက်ရင်းနှီးမြှုပ်နှံခြင်း (diversification) က စတော့ဈေးကွက်အတွင်း ရင်းနှီးမြှုပ်နှံမှုများ၏ မတည်ငြိမ်မှုကို နည်းလမ်း ၂ သွယ် ဖြင့် လျှော့ချပေးသည်။ လုပ်ငန်းအချို့ အလုပ်မဖြစ်ချိန်တွင် အခြားလုပ်ငန်းများက အခြေအနေကောင်းနိုင်သည်။ ရေနံဈေးနှုန်းကျဆင်းခြင်းကြောင့် ရေနံလုပ်ငန်းတွင် အမြတ်များလျော့နည်းနိုင်သော်လည်း လေယာဉ်လောင်စာဆီ ကုန်ကျစရိတ်ကျဆင်းမည် ဖြစ်သောကြောင့် လေယာဉ်လုပ်ငန်းတွင် အမြတ်များလာနိုင်သည်။

သံမဏိဈေးနှုန်း ကျဆင်းခြင်းကြောင့် သံမဏိလုပ်ငန်းတွင် အမြတ်များလျော့ကျလာသော်လည်း သံမဏိ အသုံးပြုရသည့် မော်တော်ယာဉ်လုပ်ငန်းတွင် အမြတ်များလာမည်ဖြစ်သည်။ စီးပွားဆုတ်ယုတ်မှု သို့မဟုတ် စီးပွားရေးဆန်းပွင့်ခြင်းကဲ့သို့သော အထွေထွေစီးပွားရေး အခြေအနေများကြောင့် စီးပွားရေးလုပ်ငန်းအမျိုးအစားအားလုံးလိုလို၏ စတော့ရှယ်ယာတန်ဖိုးများ ပြောင်းလဲနိုင်ပါသည်။ သို့သော် အထွေထွေစီးပွားရေး အခြေအနေအပြောင်းအလဲဩပင်လျှင် ဖြန့်ကျက်ရင်းနှီးမြှုပ်နှံခြင်းက တန်ဖိုးအတက်အကျကြောင့် ထိခိုက်မှုကို ကာမိစေနိုင်ပါသည်။ စီးပွားရေးဆုတ်ယုတ်မှု (recession) ကြောင့် အချို့လုပ်ငန်းနယ်ပယ်များတွင် ပိုမိုဆိုးရွားပြီး စီးပွားရေးဆန်းပွင့်မှု (boom) ကြောင့်လည်း အချို့သောလုပ်ငန်းများတွင် ပို၍အကျိုးအမြတ်ရှိပါသည်။ Nieman Marcus အား ထိခိုက်စေသော စီးပွားရေးဆုတ်ယုတ်မှုသည် Wal-Mart အတွက် ရောင်းအားနှင့် အမြတ်များ တိုးစေနိုင်ပါသည်။

အချို့အလုပ်ရှင်များက (401 [k] ကဲ့သို့သော) အငြိမ်းစား အစီအစဉ်များအတွက် မိမိအလုပ် လုပ်နေသော ကုမ္ပဏီ၏ စတော့ရှယ်ယာများဝယ်ယူရန် (အခြားလုပ်ငန်းများ၏ စတော့များ မဝယ်နိုင်ပေ) ဈေးနှုန်းသက်သက်သာသာဖြင့် ဝယ်ယူနိုင်ရန် ကမ်းလှမ်းတတ်ကြသည်။ အဆိုပါ လျှော့ဈေး အစီအစဉ်သည် မိမိအလုပ်လုပ်နေသည့် ကုမ္ပဏီ၏ စတော့ရှယ်ယာများ ဝယ်ယူရန် ပိုမိုမက်လောက်ဖွယ်ရှိသည်။ မိမိ၏ကုမ္ပဏီအပေါ် များစွာယုံကြည်မှုရှိလျှင် ယင်းကမ်းလှမ်းမှုကို လက်ခံချင်ပေလိမ့်မည်။ အဆိုပါအစီအစဉ်အရ ကာလတစ်ခု ပုံမှန်အားဖြင့် ၃ နှစ်ခန့် ဝယ်ယူ သိမ်းထားပြီးနောက် မိမိဝယ်ယူထားသော အစုရှယ်ယာများအား ပြန်လည်ရောင်းချခွင့်ပြုထားပြီး အခြားရင်းနှီးမြှုပ်နှံမှုများတွင် ထည့်ဝင်ရန် ပိုက်ဆံထွက်လာပေလိမ့်မည်။ ခွင့်ပြုသည့်ကာလ ရောက်သည်နှင့် မိမိကုမ္ပဏီ၏ ရှယ်ယာများကို ထုတ်ရောင်း၍ အခြားကုမ္ပဏီများတွင် ရင်းနှီး မြှုပ်နှံသင့်သည်။ ထိုသို့မလုပ်ပါက မိမိအလုပ်လုပ်သည့် ကုမ္ပဏီ၏ ခြင်းတောင်းတွင် ရင်းနှီးမြှုပ်နှံမှု ကြက်ဥများစွာကို ထည့်လိုက်မိသလို ဖြစ်သွားလိမ့်မည်။ သို့ဆိုလျှင် အန္တရာယ် ၂ သွယ်နှင့် ရင်ဆိုင်ရနိုင်သည်။ အကြောင်းမှာ မိမိအလုပ်နှင့် မိမိ၏ရင်းနှီးမြှုပ်နှံမှုအားလုံး၏ တန်ဖိုးမှာ အလုပ်ရှင် ကုမ္ပဏီ၏ အောင်မြင်မှုအပေါ်တွင်သာ လုံးလုံးလျားလျား မှီခိုနေတော့မည် ဖြစ်သည်။ *မိမိကိုယ်ကို အဆိုပါ အခြေအနေမျိုး အရောက်မခံပါနှင့်။*

မိမိတို့သည် စတော့ရင်းနှီးမြှုပ်နှံမှုများနှင့် ဖြန့်ကြက်ရင်းနှီးမြှုပ်နှံမှုအကြောင်း အရေးပါပုံကို အကျဉ်းချုံးနိုင်ပါသည်။ ငွေကြေးအကျိုးအမြတ် ရရှိသင့်သလောက် ရရှိလာရန် လူပုဂ္ဂိုလ်တို့သည် မိမိတို့ စုဆောင်းမှုများကို မက်လောက်ဖွယ် အမြတ်ပေးနိုင်သည့် ရင်းနှီးမြှုပ်နှံမှုများတွင် ထည့်ဝင်ရမည် ဖြစ်သည်။ အတိတ်တွင် စတော့ဈေးကွက်အတွင်း ရေရှည်ရင်းနှီးမြှုပ်နှံမှုများက မြင့်မားသည့် အမြတ်များ ထွက်ပေါ်စေခဲ့သည်။ စတော့ရှယ်ယာအမျိုးမျိုးကို ဖြန့်ကြက်ရင်းနှီးမြှုပ်နှံပေးသည့် ကုမ္ပဏီများက အသေးစား ရင်းနှီးမြှုပ်နှံသူများ အတွက်ပင် စုစည်းထားသည့် အစုရှယ်ယာမျိုးစုံအစု ကိုင်ဆောင်ခွင့်ပေးထားပြီး လစဉ်အမြတ် ပေါင်းထည့်ပေးသည်။ လုပ်ငန်းဆောင်ရွက်ခများလည်း နည်းပါးသည်။ အစုရှယ်ယာမျိုးစုံ စုစည်းထားသည့် ရှယ်ယာအစု (diverse portfolio of stocks) တွင်

ကာလတစ်ခုမျှ ရင်းနှီးမြှုပ်နှံခြင်းဖြင့် စတော့ပိုင်ဆိုင်ရသည့် စွန့်စားမှု သက်သာစေသည်။ ရင်းနှီးမြှုပ်နှံမှုအားလုံးတွင် မသေချာမှု အချို့တော့ ရှိတတ်ပါသည်။ သို့သော် ပြီးခဲ့သည့် ရာစုနှစ်တစ်ခုခွဲခန့်တွင် လမ်းညွှန်ချက်များ ရခဲ့ပြီးဖြစ်လျှင် မိမိတို့သည် စုစည်းထားသည့် စတော့မျိုးစုံသည် ငွေစုစာရင်းများ၊ ငွေချေးစာချုပ်များ၊ အာမခံလက်မှတ်များ၊ ငွေကြေးဈေးကွက်ရန်ပုံငွေများ၊ အလားတူ ငွေကြေး ပစ္စည်းများထက် ရေရှည်တွင် အမြတ် ပိုဖြစ်စေသည်ကို ယုံယုံကြည်ကြည် မျှော်လင့်နိုင်သည်။ အကျိုးတူငွေကြေးလုပ်ငန်းများမှ တဆင့် စတော့ပိုင်ဆိုင်မှုသည် အငြိမ်းစား ကာလများအတွက် မျှော်မှန်းပြီး ငွေစုဆောင်းနေသည့် လူငယ် လူရွယ်များအတွက် အထူး စွဲဆောင်မှု ရှိပါသည်။

## ၉။ ညွှန်းကိန်းဖြင့်ပြသော စုပေါင်းရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေများသည် စွန့်စားမှုများများစားစား ယူစရာမလိုပဲ ကျွမ်းကျင်သူများထက် ပိုကောင်းအောင် ရွေးချယ်ဂယ်ယူနိုင်သည်။

အမေရိကန်များစွာတို့က စတော့ရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံခြင်းမှ ရှောင်ကြဉ်တတ်ကြသည်။ အကြောင်းမှာ အနာဂတ်တွင် ပေါက်မြောက်နိုင်ခြေရှိသော စီးပွားရေးလုပ်ငန်းများကို ရွေးချယ်ဖော်ထုတ်နိုင်သည့် ကျွမ်းကျင်မှု သို့မဟုတ် ယင်းသို့လုပ်ဆောင်ရန် အချိန်မရှိဟု အထင်ရှိကြသောကြောင့် ဖြစ်သည်။ အနာဂတ်တွင် မည်သည့်စီးပွားရေးမှာ အလားအလာရှိသည်ကို ဟောကိန်းထုတ်ရန် ကြိုးစားရာတွင် အခက်အခဲများရှိသည်မှာ အမှန်ပင်ဖြစ်သည်။

ဘောဂဗေဒပညာရှင်အများစုက အလျဉ်းသင့်သလိုဖြစ်တတ်သည့် (ဂါ) စည်းဘောင်မဲ့ သဘောတရား (random walk theory) ကို လက်ခံကြသည်။ ဤသဘောတရားအရ ဈေးကွက်တွင် လက်ရှိပေါက်နေသော စတော့ရှယ်ယာဈေးနှုန်းများသည် ကော်ပိုရေးရှင်း၏ဂင်ငွေအနေအထား၊ စီးပွားရေး အခြေအနေနှင့် စတော့ရှယ်ယာဈေးနှုန်းများကို လွှမ်းမိုးသည့် အခြားသောအကြောင်း တရားများကို ထင်ဟပ်နေခြင်း ဖြစ်သည်။ ထို့ကြောင့် စတော့ရှယ်ယာများ၏ အနာဂတ် ပေါက်ဈေးများကို လျှပ်တပြက် ဖြစ်ရပ်များ၊ လူတို့ မျက်မှောက်ကာလတွင် ထင်မှတ်မထားသည့် အရာများက မောင်းနှင်ပါလိမ့်မည်။ ယင်းတို့၏ အလွန် ထူးခြားသည့်သဘာဂကြောင့် အဆိုပါ အချက်များက ခန့်မှန်းရခက်ပြီး လက်ရှိစတော့ဈေးနှုန်းများတွင် ယင်းအချက်တို့မှာ ထည့်သွင်း စဉ်းစားထားပြီး ဖြစ်နေပေလိမ့်မည်။

အလားအလာကောင်းသော ဒဲလ်နှင့် မိုက်ခရိုဆော့ဖ်တို့၏ စတော့ရှယ်ယာများကိုသာ ဂယ်ပြီး အခြား စတော့ရှယ်ယာများနှင့် ခပ်ဂေးဂေး မနေကြသနည်း။ အတွေးကောင်းပါသည်၊ သို့သော် ပြဿနာတစ်ခုရှိသည်။ အထက်တွင် ဖော်ပြခဲ့သလိုပင် အမြတ်ရနိုင်ခြေ အလားအလာကောင်းသော အဆိုပါ စတော့ရှယ်ယာများ၏ စတော့ဈေးနှုန်းများတွင် ယင်းအလားအလာကိုပါ ထည့်သွင်း တွက်ချက်ပြီး ဖြစ်သည်။ စတော့တစ်ခုခု၏ အနာဂတ်ဈေးနှုန်းမှာ ကြိုမမြင်နိုင်သည့် အပြောင်း အလဲများနှင့် အချိန်ကြာမှသာ သိလာရမည့် လုပ်ငန်းများ၏ အလားအလာကို ဖော်ညွှန်းသည့် ထပ်ဆောင်းသတင်း အချက်အလက်များက အဆုံးအဖြတ်ပေးမည် ဖြစ်သည်။ မရေမတွက်နိုင်သည့်

အကြောင်းတရားများက စတော့တစ်ခု၏ အနာဂတ်ဈေးနှုန်းကို ပြဌာန်းပြီး ယင်းအကြောင်းတရားတို့မှာ ခန့်မှန်းမရနိုင်အောင် ပုံစံအမျိုးမျိုးဖြင့် အမြဲပြောင်းလဲလျက်ရှိသည်။ ဉပမာပေးရလျှင် အထက်တန်းကျောင်းသား ချာတိတ်လေးတစ်ဦးက လောလောဆယ်တွင် သူ၏ မြေအောက်ခန်းလေးတွင် စိတ်ကူးတစ်ခုအား စမ်းသပ်လုပ်ဆောင်နေသည့်အတွက် မိုက်ခရိုဆော့ဖ်၏ စတော့ရှယ်ယာဈေးနှုန်းကျဆင်းသွားခြင်း ဖြစ်နိုင်သည်။ ထို့ကြောင့် မည်သည့်စတော့များက ငွေကြေးဈေးကွက်၏ ထိပ်ဆုံးသို့ရောက်ရှိလာမည်၊ မည်သည့်စတော့တို့က ကျဆုံးသွားမည်ကို မိမိတို့အနေဖြင့် ကြိုတင်တွက်ဆနိုင်မည် မဟုတ်ပေ။

မိမိတို့သည် စတော့ဈေးကွက်အား လေ့လာလိုက်စားခြင်း၊ ကော်ပိုရေးရှင်း တစ်ခုအားခရေစေ့တွင်းကျ လေ့လာခြင်းနှင့် စီးပွားရေး၏ လားရာများနှင့် ခန့်မှန်းချက်များကို မျက်ခြေမပြတ်လေ့လာခြင်းအားဖြင့် မိမိတို့၏ အလားအလာရှိသော လုပ်ငန်းများအား ခန့်မှန်းတွက်ဆနိုင်မှုကို တိုးတက်အောင် ဆောင်ရွက်နိုင်ပါသည်။ သို့သော်ငြားလည်း မိမိတို့ကဲ့သို့ သာမန်ရင်းနှီး မြှုပ်နှံသူအတွက် အကောင်းဆုံးရွေးချယ်မှုက မိမိတို့၏ ကာလရှည် (အငြိမ်းစားယူချိန်အထိ) စုဆောင်းငွေများကို စတော့ညွှန်းကိန်းသတ်မှတ်ချက်ရှိသည့် စုပေါင်းရင်းနှီးမြှုပ်နှံမှုရန်ပုံငွေ (stock index mutual fund) တွင် ရင်းနှီးမြှုပ်နှံရန် ဖြစ်သည်။ ညွှန်းကိန်းသတ်မှတ်ချက်ရှိသည့် ရန်ပုံငွေသည် အထူးရန်ပုံငွေပုံစံ တစ်ခုဖြစ်ပြီး S&P 500 သို့မဟုတ် Dow Jones Industrials ကဲ့သို့သော အထွေထွေညွှန်းကိန်းများရှိသည့် စတော့ရှယ်ယာဈေးကွက်တွင် အချိုးအစားတစ်ခုအနေဖြင့် စတော့ရှယ်ယာများကို ဂယ်ယူမြှုပ်နှံထားသည်။ အထွေထွေညွှန်းကိန်းကို ကိုယ်စားပြုသည့် စတော့ရှယ်ယာ အနေအထားကို ထိန်းသိမ်းရန်အတွက် စတော့အရောင်းဂယ်လုပ်ရန် မလိုအပ်တော့သလောက်ပင် ဖြစ်သည်။ ညွှန်းကိန်းသတ်မှတ်ချက်ရှိသည့် ရန်ပုံငွေအနေဖြင့် ကုမ္ပဏီများ၏ အနာဂတ်အလားအလာနှင့် ပတ်သက်၍ သုတေသနပြုရန်လည်း မလိုအပ်တော့ပေ။ ယင်းအချက် ၂ ချက်ကြောင့် ညွှန်းကိန်းသတ်မှတ်ထားသည့် ရန်ပုံငွေများ၏ လုပ်ကိုင်မှုကုန်ကျစရိတ်များ စီမံခန့်ခွဲအပ်သော ရန်ပုံငွေများ၏ လုပ်ကိုင်မှု ကုန်ကျစရိတ်များထက် သိသာစွာလျော့နည်းနေခြင်း ဖြစ်သည်။ ရလဒ် အနေဖြင့် ညွှန်းကိန်းသတ်မှတ်ထားသည့် ရန်ပုံငွေများကို စီမံမခန့်ခွဲသူများသည် အဖိုးအခ အနည်းငယ်သာ ယူသဖြင့် မိမိရင်းနှီးမြှုပ်နှံလိုက်သည့် ဒေါ်လာအများစုသည် စတော့ဂယ်ယူမှုတွင်သာ သုံးစွဲဖြစ်သွားသည်။

S&P 500 ကဲ့သို့သော အထွေထွေစတော့ဈေးကွက်ညွှန်းကိန်းများနှင့် ချိတ်ဆက်ထားသော စုပေါင်းရင်းနှီးမြှုပ်နှံမှုရန်ပုံငွေ (mutual fund) သည် ယင်း၏ အစုရှယ်ယာရှင်များအတွက် ပျမ်းမျှစတော့ဈေးကွက်မှပေးသော အကျိုးအမြတ် ရရှိစေပါလိမ့်မည်။ ပျမ်းမျှအကျိုးအမြတ်ထက် ရှာဖွေနိုင်ခြင်းမှာ ဘာ့ကြောင့် အထင်ကြီးစရာ ရှိပါသလဲ။ ကျွန်ုပ်တို့ ဆိုခဲ့ပြီးသည့်အတိုင်း သမိုင်းမှတ်တမ်းများအရ စတော့ဈေးကွက်သည် ၇% သော ပျမ်းမျှအကျိုးအမြတ်တစ်ခု ရရှိစေသည်ကို သိရှိပြီးဖြစ်သည်။ ဆိုလိုသည်မှာ ငွေကြေးဖောင်းပွမှုကို ချိန်ညှိပြီးသည့်တိုင်အောင် အစစ်အမှန်တန်ဖိုးသည် ၁၀ နှစ်တိုင်းတွင် မိမိတို့၏ စတော့ရှယ်ယာသည် ၂ ဆနီးပါး တန်ဖိုးတက်လာပါသည်။ ယင်းဖြစ်ထွန်းမှုမှာ မဆိုးလှပါ။ ဆယ်စုနှစ် ၁ ခုလောက် ကာလအတွင်း

နိုင်းယှဉ်မှုကြည့်သည့်အခါ အထွေထွေညွှန်းကိန်းရန်ပုံငွေက ပေးသည့် အကျိုးအမြတ်ပျမ်းမျှနှုန်းသည် စီမံခန့်ခွဲမှုဖြင့် ဆောင်ရွက်သော စုပေါင်းရင်းနှီးမြှုပ်နှံမှုငွေကြေးရန်ပုံငွေ အားလုံးနီးပါး၏ အကျိုးအမြတ်နှုန်းထက် သာလွန်ပါသည်။ ပုံမှန်အားဖြင့် ၁၀ နှစ်တာကာလအတွင်းတွင် S&P 500 မှပေးသော အကျိုးအမြတ်သည် နိုးကြားစွာစီမံခန့်ခွဲသည့် ရန်ပုံငွေများထက် ၈၅% သာလွန်ပြီး နှစ် ၂၀ အကြာတွင် ၉၈% အထိ သာလွန်ပါသည်။[၆] ထို့ကြောင့် *ရေရှည်ကာလအတွက်* ရင်းနှီးမြှုပ်နှံသူများ အနေဖြင့် ဈေးကွက်ပျမ်းမျှထက် အကျိုးအမြတ်ပိုမိုရရှိနိုင်မည့် နိုးကြားစွာစီမံခန့်ခွဲသော ရန်ပုံငွေတစ်ခုကို ၅၀ ကြိမ် ၁ ကြိမ်သာ ရွေးချယ်နိုင်လိမ့်မည် ဖြစ်သည်။

စီမံခန့်ခွဲမှုရှိသည့် စုပေါင်းရင်းနှီးမြှုပ်နှံမှုရန်ပုံငွေသည် နှစ်အနည်းငယ် သို့မဟုတ် ဆယ်စုနှစ်တစ်ခုအထိ ကောင်းကောင်းအလုပ်ဖြစ်ပါသည်။ သို့သော် သည့်ထက်ကြာခဲ့သော် အလုပ်ဖြစ်မဖြစ်မှာ မသေချာပေ။ ဥပမာအားဖြင့် ၁၉၈၀ ပြည့်နှစ်များတွင် ထိပ်ဆုံးစာရင်းဝင် စုပေါင်းရင်းနှီးမြှုပ်နှံမှုရန်ပုံငွေ ၂၀ သည် အဆိုပါဆယ်စုနှစ်အတွင်း S&P 500 ညွှန်းကိန်းထက် ၃.၉% ပိုမိုကောင်းမွန်စွာ စွမ်းဆောင်နိုင်ခဲ့သည်။ သို့သော် ၁၉၉၀တွင် ဈေးကွက်သို့ ဝင်ရောက် ရင်းနှီးမြှုပ်နှံသူများက ၁၉၈၀ ကာလအတွင်း "ရေပန်းစား" ခဲ့သည့် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေများ ကိုရွေးခြယ်ခဲ့ပြီး ဈေးကွက်တွင် ပိုမိုစွမ်းဆောင်နေလိမ့်ဦးမည်ဟု အထင်ရှိခဲ့လျှင် အမှားကြီးမှားမည်ဖြစ်သည်။ ၁၉၈၀ ပြည့်နှစ်များတွင် ထိပ်ဆုံး ၂၀ စာရင်းဝင် ရန်ပုံငွေများသည် ၁၉၉၀ ပြည့်နှစ်များသို့ရောက်ရှိသည့်အခါ S&P 500 ညွှန်းကိန်းအောက် ၁.၂% စွမ်းဆောင်ရည် ကျဆင်းခဲ့ကြသည်။


၁၉၉၀ ပြည့်နှစ်နှောင်းပိုင်းတွင် ဖြစ်ပေါ်ခဲ့သော စတော့ဈေးကွက် စန်းထရိန် (stock market bubble) တွင် "ရေပန်းစား" ခဲ့သည့် ရန်ပုံငွေများမှာ ပို၍ပင် အတွေးချော်စေနိုင်သည့် ညွှန်းကိန်းဖြစ်နေပါသည်။ ၁၉၉၈-၉၉ နှစ်များတွင် စွမ်းဆောင်မှုထိပ်ဆုံးတွင်ရှိနေသည့် စီမံခန့်ခွဲမှုဖြင့်လုပ်သော စုပေါင်းရင်းနှီးမြှုပ်နှံမှုရန်ပုံငွေမှာ Van Wagoner Emerging Growth ဖြစ်ပြီး နှစ်စဉ်ပျမ်းမျှ အကျိုးအမြတ်မှာ ၁၀၅.၅၂ % ဖြစ်သည်။ သို့သော် ၂၀၀၀-၂၀၀၂ နှစ်တွင် အဆိုပါရန်ပုံငွေသည် ပျမ်းမျှနှစ်စဉ် ပြန်ရငွေ အနှုတ် ၄၃.၅၄% ဖြင့် အဆင့် ၁၁၀၆ အထိထိုးကျသွားခဲ့သည်။[၇]

ဤသင်ခန်းစာမှ အရေးအကြီးဆုံးအချက်မှာ အချိန်နှင့်ကျွမ်းကျင်မှုမရှိ၍ စတော့ရှယ်ယာရင်းနှီးမြှုပ်နှံမှုများ မလုပ်နိုင်သည့် အဖြစ်မျိုး အဖြစ်မခံရန် ဖြစ်သည်။ အလွန်အောင်မြင်သည့် ရင်းနှီးမြှုပ်နှံသူတစ်ဦး ဖြစ်လာရန်အတွက် လေ့လာမှု၊ သုတေသနများစွာ လုပ်ရန် သို့မဟုတ် "စတော့ရှယ်ယာ ထိပ်တန်း အရွေးတော်သူ" ဖြစ်ရန် မလိုအပ်ပါ။ ယခင်အတွေ့အကြုံများအရ စတော့ဈေးကွက်သည် အခြားသောပင်မရင်းနှီးမြှုပ်နှံမှု အမျိုးအစားများထက် အကျိုးအမြတ် ပိုမိုရရှိပြီး ညွှန်းကိန်းရန်ပုံငွေများရှိသည့်အတွက် သာမန်ရင်းနှီးမြှုပ်နှံသူများအနေဖြင့် စတော့တစ်ခုချင်းကို ရွေးရမည်လား သို့မဟုတ် စုပေါင်းရင်းနှီးမြှုပ်နှံမှုရန်ပုံငွေ ရွေးရမည်လားပင် ပူပန်စရာမလိုပဲ အကျိုးအမြတ် ရရှိလာနိုင်ပါသည်။ စတော့ရှယ်ယာဈေးနှုန်းများမှာ အတက်အကျ ရှိမည်ဖြစ်ပြီး ကာလအတန်ကြာသည်အထိပင်

စတော့ဈေးနှုန်းများ ကျဆင်းနေတတ်ပါသည်။ ထို့ကြောင့် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အငြိမ်းစားယူခါနီးတွင် လက်ဝယ်ရှိသော ပိုင်ဆိုင်မှုများတွင် စတော့ရှယ်ယာများကို ရာခိုင်နှုန်းတစ်ခုအထိ လျှော့ချလိုပေလိမ့်မည် (အောက်ဖော်ပြပါ အမှတ်စဉ်ကို ကြည့်ပါ)။ သို့တိုင်အောင် စတော့ဈေးကွက်၏ ကာလကြာရှည်လှသော အတိတ်စွမ်းဆောင်ရည်များကို ကြည့်ခြင်းအားဖြင့် စတော့ဈေးကွက် အထွေထွေညွှန်းကိန်းမှ ရရှိသည့် ကာလရှည်အကျိုးအမြတ်များသည် စီမံခန့်ခွဲမှုဖြင့် ဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေများ အပါအဝင် အခြားသော ရင်းနှီးမြှုပ်နှံမှုပုံစံများမှပေးသော အကျိုးအမြတ်ထက် သာလွန်မည်ဟု မှန်းဆနိုင်ပါသည်။[၈]

## ၁၀။ ကာလရှည် ရည်မှန်းချက်များအတွက် စတော့ရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံပါ၊ ငွေကြေး လိုအပ်ချက်ရှိလာသည့်အခါ ချေးငွေစာချုပ် အချိုးအစားတိုးမြှင့်ပါ။

မိမိတို့ အသားပေးဆွေးနွေးခဲ့သည့်အတိုင်း စတော့မျိုးစုံကို ကာလတစ်ခုမျှ ဖြန့်ကြက် ကိုင်ဆောင်သည့် အခါ အတိတ်ဖြစ်စဉ်အရ အမြတ်များပြီး အထိုက်အလျောက် တည်ငြိမ်သည့် အမြတ်တစ်ခု ရရှိခဲ့သည်။ ပုံပြဇယား ၁၁ က ဤအချက်ကို ပြထားသည်။ ဤပုံပြဇယားတွင် ၁၉၇၁ ခုနှစ်နှင့် ၂၀၀၉ ခုနှစ် အကြား စတော့ဈေးကွက်အတွင်း ကျယ်ပြန့်စွာ ရင်းနှီးမြှုပ်နှံမှုများမှ နှစ်စဉ် ပျမ်းမျှ ပကတိ အမြတ်ငွေ (ငွေကြေးဖောင်းပွမှုနှုန်း တွက်ချက်ပြီး) အမြင့်ဆုံးနှင့် အနိမ့်ဆုံးတို့ ပြောင်းလဲ ဖြစ်ပေါ်နေသည့် အချက်အလက်များကို ဖော်ပြပေးသည်။ Standard & Poor’s 500 Index စာရင်းတွင် ပါရှိသည့် စတော့မျိုးစုံကိုင်သည့် အကျိုးတူငွေကြေးအဖွဲ့တစ်ခုတွင် ရင်းနှီးမြှုပ်နှံသူ တစ်ဦးက နှစ်စဉ်ပုံသေငွေပမာဏတစ်ခု ပေးနေသည်ဟု ပုံပြဇယားက ယူဆထားသည်။ အချိန် ကာလခဏတာသာ စတော့များ ကိုင်ဆောင်ထားလျှင်တော့ ကြီးမားသည့် ရိုက်ခတ်မှုများ ကြုံတွေ့ရဖွယ် ရှိသည်။၁၉၇၁-၂၀၀၉ ခုနှစ် ကာလအတွင်း S&P 500 ၏ တစ်နှစ်တည်း အမြတ်ပေါ်ငွေမှာ ၄၇.၂% မှ -၄၀.၈ % အထ ဖြစ်သည်။ ၅ နှစ်ကာလမှာပင် တိုးရင်းပေါင်း နှစ်စဉ်အမြတ်မှာ ၂၉.၈ % မှ -၁၆.၇% အထိ ဖြစ်သည်။




**Source: Liqun Liu, Andrew J. Rettenmaier, and Zijun Wang, "Social Security and Market Risk," National Center for Policy Analysis Working Paper Number244 (July 2001). Thereturns are based on the assumption that an individual invests a fixed amount for each year in the investment period. Data are updated through 2008.**

သို့သော် "အမြင့်ဆုံးနှင့် အနိမ့်ဆုံး အမြတ်ပေါ်ငွေများ"သည် ရင်းနှီးမြှုပ်နှံမှုကာလ ကြာရှည်သည်နှင့်အမျှ မည်သို့ ဖြစ်တတ်သည်ကို မှတ်သားရန် လိုသည်။ ၃၅ နှစ်ကာလဟု ယူဆသည့်အခါ ၁၈၇၁ နှင့် ၂၀၀၉ အကြား ၃၅ နှစ်တာအတွက် တိုးရင်းပေါင်း နှစ်စဉ် အမြတ်ပေါ်ငွေသည် အမြင့်ဆုံး အနေအထားအဖြစ် ၉.၅% ဖြစ်ပြီး အဆိုးဆုံး၃၅ နှစ်တာ ကာလအဖြစ် ၂.၇ % ဖြစ်သည်။ထို့ကြောင့် အဆိုးဆုံးအနေအထားမှာပင် စတော့မှ ရသည့် နှစ်စဉ် ပကတိ အမြတ်ပေါ်ငွေသည် ငွေချေးစာချုပ်အတွက် ပကတိအမြတ်ပေါ်ငွေနှင့် အတူတူလောက် ဖြစ်သည်။ ကာလကြာရှည် ကိုင်ဆောင်နိုင်သည့်အခါ ယင်းသို့ အမြတ်ပေါ်ငွေ မြင့်မား တည်ငြိမ်မှုကြောင့် အငြိမ်းစား ကာလအတွက် ရေရှည်စုဆောင်းမှု ပြုသည်ဆိုလျှင် စတော့များက အထူး ဆွဲဆောင်နေခြင်း ဖြစ်သည်။

အငြိမ်းစားယူချိန်အတွက် စုဆောင်းသည့်အခါ မိမိနှစ်သက်ဖွယ် အခွန် အစီအစဉ် ရှိသည့် (favourable tax treatment) အငြိမ်းစားစုဆောင်းမှု အစီအစဉ်အချို့မှ တစ်ခု သို့မဟုတ် တစ်ခုထက်

ပိုရွေးခြယ်ယူဖြင့် အကျိုးရှိမိစေရန် အရေးကြီးသည်။ မည်သည့်အစီအစဉ်က မိမိအတွက် အကောင်းဆုံး ဖြစ်ကြောင်း အခွန်အကြံပေး ကျွမ်းကျင်ပုဂ္ဂိုလ်နှင့် ပြောဆိုကြည့်ရန် အကြံပြုလိုသည်။ သို့သော် 401(k) အစီအစဉ် ၃ ခု သို့မဟုတ် ဆရာ၊ ဆရာမများအတွက် အလားတူ 403(k) အစီအစဉ်များတွင် အဓိကကျသည့် အခြင်းအရာများ ရှိသည်။ အစဉ်အလာဖြစ်သည့် တစ်ဦးချင်း အငြိမ်းစား စာရင်း (Individual Retirement Accounts (IRA)) နှင့် Roth IRAs တို့လို ဖြစ်သည်။ 401(k) သို့မဟုတ် အစဉ်အလာ IRAs တွင် ရင်းနှီးမြှုပ်နှံသည့်အခါ မိမိ၏ အကျိုးထည့်ဝင်မှုများကို မိမိ၏ အခွန်ဆောင်နိုင်သည့် ဝင်ငွေမှ နုတ်ယူနိုင်သည်။ ထို့ကြောင့် မိမိ၏ အသားတင် ဝင်ငွေမှာ မိမိ စုဆောင်းနေသည့် ပမာဏအောက် လျှော့ချခံရမည် ဖြစ်သည်။ မိမိ၏ စုဆောင်းမှု များပြားလာသည့် နှင့်အမျှ အခွန်များ ပေးဆောင်နေရမည် ဖြစ်သည်။ သို့သော် မိမိအငြိမ်းစား မယူမီ ဝင်ငွေခွန်နည်း အုပ်စုတွင် ရှိနေနိုင်သည့်အချိန်တွင်မူ အခွန်ဆောင်ရမည် မဟုတ်ချေ။ Roth IRAs ဆိုလျှင် မိမိအကျိုး ထည့်ဝင်မှုများကို မိမိ၏ အခွန်ဆောင်နိုင်သည့် ဝင်ငွေမှ နုတ်ယူခံရမည် မဟုတ်ချေ။ ထို့ကြောင့် မိမိ၏ အသားတင် ဝင်ငွေသည် မိမိငွေစုအစီအစဉ်တွင် မိမိထည့်ဝင်သည့် ပမာဏအပြည့်မှ လျှော့ချမည် ဖြစ်သည်။ ထို့ကြောင့် မိမိ၏ ရင်းနှီးမြှုပ်နှံမှု တန်ဖိုးသည် Roth IRAs စာရင်းတွင် အခွန် မဆောင်ထားသည့် ပမာဏ များပြားလာသည်။ ထိုသို့သော အခြေအနေတွင် ယင်းသို့ အခွန် ရွှေ့ဆိုင်းမှုကြောင့် အစဉ်အလာ IRA နှင့် ယှဉ်လျှင် Roth IRA က ပိုလျှော့နည်းစွာ စုဆောင်းမိဖို့ ဖြစ်နိုင်သည်။ ဥပမာ မိမိ၏ အခွန်နှုန်းသည် မိမိ အငြိမ်းစား ယူချိန်တွင် ရှိမည့် အခွန်နှုန်းအောက် လျှော့နည်းမည်ဟု ယုံကြည်ပါက Roth IRA က ပိုကောင်းပါသည်။ သို့သော် အခြားအချက်များလည်း ထည့်သွင်းစဉ်းစားဖို့ အရေးကြီးသည်။ ထို့ကြောင့် ဆုံးဖြတ်ချက် မချမှတ်မီ အကြံဉာဏ် အချို့တော့ ယူသင့်သည်။

စတော့ရှယ်ယာများ၏ ရေရှည်တွင် ရရှိလာမည့် အကျိုးအမြတ်သည် ငွေချေးစာချုပ်များထက် နှစ်ဆဝန်းကျင်ရှိသော်လည်း ငွေချေးစာချုပ်များမှာ ရေတိုတွင် အကျိုးအမြတ် ပိုမိုသေချာသည်။ ငွေချေးစာချုပ်များ ဝယ်ယူစုဆောင်းခြင်း၏ အကြီးမားဆုံး အန္တရာယ်မှာ ငွေကြေးဖောင်းပွမှုဖြစ်ပြီး ယင်းကြောင့် မြှုပ်နှံထားသည့်အရင်းနှင့် ပုံသေအတိုး၏ တန်ဖိုး ၂ မျိုးလုံးကို လျှော့ကျစေသည်။ သို့သော် ယင်းအန္တရာယ်ကို ငွေကြေးဖောင်းပွဒဏ်ခံနိုင်သည့် အစိုးရ ငွေကြေးသက်သေခံ လက်မှတ်များ (TIPS – Treasury Inflation-protected Securities) ဝယ်ယူမည်ဆိုလျှင် ရှောင်ရှားနိုင် သို့မဟုတ် လျှော့ချနိုင်သည်။ ယင်းက ငွေတိုက်စာချုပ် (Treasury bond) တစ်မျိုးဖြစ်ပြီး ၁၉၉၇ ခုနှစ်တွင် ပထမဆုံးရောင်းချခဲ့သည်။ TIPS က ရင်းနှီးမြှုပ်နှံသည့် အရင်းငွေ၊ ဝယ်သည့်အချိန်၌ ပေါ်ပေါက်သော ကာလပေါက်ဈေးကို အခြေခံသည့် ပုံသေအတိုးနှုန်းနှင့် ငွေကြေးဖောင်းပွမှုကို ကာမိစေသည့် ထပ်ဆောင်းပေးငွေများ ပေးသည်။ မျှော်မှန်းတွက်ချက်၍ မရနိုင်သည့် ငွေကြေးဖောင်းပွမှုကြောင့် ငွေချေးစာချုပ်အတိုးများသည် ဝယ်ယူသူတို့ မျှော်လင့်သည်ထက် နည်းလာနိုင်သောကြောင့် ဝယ်ယူကိုင်ဆောင်သူများအား TIPS များက ယင်းစွန့်စားရမှု အန္တရာယ်မှ အကာအကွယ်ပေးသည်။ TIPS များသည် ဝယ်နိုင်သုံးစွဲနိုင်စွမ်းတွင် တည်ငြိမ်မှုရှိလိုသည့် အငြိမ်းစားသမားများအား အထူးစိတ်ဝင်စားစေပါသည်။

ငွေချေးစာချုပ်များ၏ နောက်ထပ်စွန့်စားရမှု တစ်ခုမှာ အတိုးနှုန်းများ ပြောင်းလဲခြင်းကြောင့် ဖြစ်ပေါ်လာသော အကျိုးသက်ရောက်မှု ဖြစ်သည်။ မိမိက အတိုး ၅% ရသည့် ဒေါ်လာ ၁၀၀၀ တန် နှစ် ၃၀ ငွေချေးစာချုပ်တစ်ခု ဝယ်ယူလိုက်သည်ဆိုပါစို့။ အဆိုပါစာချုပ်မှ မိမိအား နှစ် ၃၀ လုံး တစ်နှစ်လျှင် အတိုး ဒေါ်လာ ၅၀ ပေးပြီး နှစ် ၃၀ ပြည့်သည့်အချိန်တွင် မိမိ၏ ရင်းနှီးငွေ ဒေါ်လာ ၁၀၀၀ ပြန်ရမည် ဖြစ်သည်။ သို့သော် အထွေထွေအတိုးနှုန်းက အဆိုပါ စာချုပ်ဝယ်ယူပြီး မကြာမီကာလအတွင်း ၁၀% အထိတက်သွားသည်ဆိုလျှင် ယင်းစားချုပ်၏ တန်ဖိုးမှာ ထက်ဝက်ခန့် ကျဆင်းသွားမည်ဖြစ်သည်။ ၁၀% အတိုးနှုန်းဖြင့် ရင်းနှီးမြှုပ်နှံသူတစ်ဦးက ဒေါ်လာ ၅၀၀ တန် ငွေချေးစာချုပ်တစ်ခု ဝယ်ယူခြင်းဖြင့် နှစ်စဉ်အတိုး ဒေါ်လာ ၅၀ ရနိုင်သည်။ ထို့ကြောင့် သင့်ဒေါ်လာ ၁၀၀၀ တန်စာချုပ်အား ၅၀၀ သာ ပေးကြတော့မည် ဖြစ်သည်။ တဖက်တွင် မိမိက အတိုး ၅% ရသော နှစ် ၃၀ စာချုပ်ဝယ်ယူပြီးနောက် မကြာမီကာလအတွင်း အတိုးနှုန်း ၂.၅% သို့ ကျဆင်းသွားပါက အဆိုပါစာချုပ်၏ တန်ဖိုးမှာ ၂ ဆနီးပါး တက်သွားပါသည်။ မည်သို့ပင်ဆိုစေကာမူ မိမိအနေဖြင့် လာမည့် ၅ နှစ်တွင် တစ်စုံတစ်ရာ ဝယ်ယူရန်အတွက် စုဆောင်းသည်ဆိုပါက ထွက်ပေါ်လာမည့် ငွေပဏာမှာ မတည်ငြိမ်ခြင်း (သို့မဟုတ် စွန့်စားရမှု) ပိုများပါသည်။

၅ နှစ်အတွင်း သက်တမ်းပြည့်မည့် ငွေချေးစာချုပ်တစ်ခု ဝယ်ယူခြင်းမှာ များစွာစိတ်ချရပြီး ၅ နှစ်ပြည့်သည့်အချိန်တွင် မိမိပေးဝယ်ထားသော ဒေါ်လာ ၁၀၀၀ အရင်းကို ပြန်ရမည်ဖြစ်သည်။ ယေဘုယျဆိုရလျှင် ငွေချေးစာချုပ်၏ မူရင်းတန်ဖိုး (face value)သည် စာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် အပြည့်ရသောကြောင့် ငွေချေးစာချုပ်များ ဝယ်ယူသည့်အခါ စာချုပ်သက်တမ်းပြည့်ချိန်တွင် ဖြစ်ပေါ်နေမည့် အတိုးနှုန်းကို ထည့်မစဉ်းစားပဲ မိမိအနေဖြင့် ငွေကြေးလိုအပ်မည့် အချိန်ကိုသာ စာချုပ်သက်တမ်းနှင့် ချိန်ဆ ဝယ်ယူသင့်ပါသည်။ အတိုးနှုန်း သိသိသာသာပြောင်းလဲမှုများသည် ငွေကြေးဖောင်းပွမှု၏ အကျိုးဆက်ဖြစ်တတ်သောကြောင့် TIPS က အတိုးနှုန်းအပြောင်းအလဲများနှင့်သက်ဆိုင်သည့် စွန့်စားရမှုများစွာမှ ကာကွယ်ပေးထားသည်။

အစုရှယ်ယာများပါဝင်သည့် ပိုင်ဆိုင်မှုအစုစုမှာ မည်မျှကြာအောင် ထိန်းသိမ်းထားရမည်နည်း။ မည်သည့် အချိန်တွင် အစုရှယ်ယာများမှ ငွေချေးစာချုပ်များအဖြစ် ပြောင်းလဲသင့်သနည်း။ အဆိုပါမေးခွန်းများ၏ အဖြေမှာ ရင်းနှီးမြှုပ်နှံမှုအတွက် အချိန်ကာလ မည်မျှရသလဲ အပေါ် မူတည်ပါသည်။ ကာလတို ရင်းနှီးမြှုပ်နှံမှုများအတွက် ငွေချေးစာချုပ်များမှာ အကောင်းဆုံး ဖြစ်သည်။ ဥပမာ အိမ်တစ်လုံးဝယ်ရန် ကနဦးပေးချေငွေအတွက် ငွေစုဆောင်းသည့် ငယ်ရွယ်သောလင်မယားဆိုလျှင် စတော့ဈေးကွက်ကို ရှောင်ကြဉ်ပြီး ငွေချေးစာချုပ်များတွင် ရင်းနှီးမြှုပ်နှံခြင်းက ပိုကောင်းသည်။ အကြောင်းမှာ အိမ်တစ်လုံး သို့မဟုတ် ကွန်ဒိုတစ်လုံး ဝယ်နိုင်ရန်ဆိုလျှင် နှစ်အနည်းငယ်ခန့်ကြာအောင် ငွေစုဆောင်းရသောကြောင့် ဖြစ်သည်။ နှိုင်းယှဉ်ကြည့်ပါက ထိုလင်မယားသည် မွေးလာမည့်ကလေး၏ ကောလိပ် ပညာရေးစရိတ်အတွက် ၁၈ နှစ်ကြာအောင် ငွေစုရလိမ့်မည်။ သို့မဟုတ် သူတို့အငြိမ်းစားယူရန်အတွက် ၃၅ နှစ်မှ ၄၅ နှစ်အထိ ငွေစုကောင်း စုရလိမ့်မည် ဖြစ်သည်။ အဆိုပါကိစ္စရပ် ၂ ရပ်လုံးတွင် စတော့ရှယ်ယာများ (equities)

သည် ငွေစုဆောင်းသည့်ကာလ၏ နှစ်အများစုအတွင် ရင်းနှီးထားသင့်သည်။ သို့မဟုတ် ကာလတစ်လျှောက်လုံးပင် ဖြစ်ချင်ဖြစ်မည်။

ကလေးရလာသော မိဘများအနေဖြင့် မွေးမွေးချင်းပင် ကလေး၏ ကောလိပ်ပညာရေးအတွက် စတင်ငွေစုဆောင်းမည်ဆိုလျှင် ဓနစုဆောင်းရန် အချိန်ပိုရမည်ဖြစ်ပြီး ယင်းစုဆောင်းငွေများ မြန်မြန်ဆန်ဆန် တိုးပွားလာရန်အတွက်လည်း များများစွန့်စားရသည့် စတော့ရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံနိုင်ပါလိမ့်မည်။ အဆိုပါ အနေအထားတွင် စုဆောင်းမှု၏ တစိတ်တဒေသကို စတော့ရှယ်ယာများတွင် ဂယ်ယူမြှုပ်နှံပါက အဓိပ္ပါယ်ရှိပါသည်။ သို့သော်ငြားလည်း မကြာသေးမီ နှစ်များ၌ ဖြစ်ပေါ်ခဲ့သော စီးပွားရေး မဟာဆုတ်ယုတ်မှုကြောင့် ၁၈ နှစ် အချိန်ရသည့် မိဘများပင်လျှင် ပိုပြီး ဂရုစိုက်၍ စတော့ဈေးကွက်တွင် ရင်းနှီးမြှုပ်နှံရန် လိုအပ်လာပါသည်။ အတိုးနည်းသည့်၊ အမြတ်နည်းသည့် ချေးငွေစာချုပ်များကိုပါ မျှအောင် ထည့်သွင်းထားသင့်ပါသည်။ ဆက်လက်၍ အန္တရာယ်ကို ရှောင်ရှားလိုသော မိဘများအနေဖြင့် စတော့နည်းနည်းနှင့် အထူးသဖြင့် TIPS ကဲ့သို့သော ချေးငွေစာချုပ်များကို ပိုမိုဂယ်ယူခြင်းဖြင့် ကလေးများ၏ ကောလိပ်ပညာရေးအတွက် ငွေစုဆောင်းနိုင်ပါသည်။

လူပုဂ္ဂိုလ်များမှာ ငွေပိုရှာဖွေလာနိုင်ကြပြီး အသက်ပိုရှည်လာသည့်အခါ အငြိမ်းစားအသုံးစရိတ်များ အတွက် စုဆောင်းထားရန် ပိုမိုအရေးကြီးလာသည်။ ကျွန်တော်တို့သည် အငြိမ်းစားယူချိန်တွင် လူနေမှုပုံစံကို ပြောင်းလဲသွားပြီး ဆုတ်ယုတ်သွားတာမျိုး မလိုလားကြပေ။ အငြိမ်းစားစုဆောင်းငွေများထက် ကျော်လွန်သုံးစွဲနေထိုင်နိုင်မည်လည်း မဟုတ်ပေ။ အငြိမ်းစားယူရန် ၁၀ နှစ်ကျော်ကျန်ရှိနေသေးသူတစ်ဦးအတွက် S&P 500 ဖြင့် ညွှန်းပြထားသည့် ငွေကြေးသက်သေခံစာချုပ်များ ဖြန့်ကြက်ပိုင်ဆိုင်ခြင်းက အသင့်တော်ဆုံး ရင်းနှီးမြှုပ်နှံမှု ဖြစ်သည်။ မစွန့်စားလိုသည့် စုဆောင်းသူများအတွက် ငွေချေးစာချုပ်များသည် ပိုင်ဆိုင်မှု၏ ၁၀၊ ၂၀ သို့မဟုတ် ၄၀% အထိ ထားရှိခြင်းက ပို၍ စိတ်အေးရနိုင်ပါသည်။ သို့သော် အကျိုးအမြတ်ရမည့် ပမာဏမှာ နည်းကောင်းနည်းပါလိမ့်မည်။ ငွေချေးစာချုပ်များ၏ တန်ဖိုးသည် တစ်လနှင့်တစ်လ သို့မဟုတ် တစ်နှစ်နှင့်တစ်နှစ် အတက်အကျများစွာ ရှိလိမ့်မည် မဟုတ်ပေ။

အငြိမ်းစားယူ၍ ဂင်ငွေလိုအပ်လာသည့်အခါ စတော့ရှယ်ယာများကို ငွေချေးစာချုပ်များအဖြစ် ဖြည်းဖြည်းချင်း ရွှေ့ပြောင်းပေးမည်ဆိုလျှင် အလိမ္မာသုံးရာ ရောက်ပါသည်။ ယင်းသို့ရွှေ့ပြောင်းခြင်းအား မည်သည့်အချိန်တွင် စတင်ရမည် ဆုံးဖြတ်ရန်မှာ မည်သည့်အချိန်တွင် ငွေလိုအပ်မည်၊ မည်မျှလိုအပ်မည် ဆိုသည့်အချက်များပေါ်တွင် အတိုင်းအတာ တစ်ခုအထိ မူတည်နေပေလိမ့်မည်။ ရှယ်ယာပိုင်ဆိုင်မှု အမြောက်အများရှိသော သို့မဟုတ် ပင်စင်လစာကောင်းရှိသူများအတွက်မူ စုဆောင်းမှုများမှ အကျိုးအမြတ်ကောင်းကောင်း ထွက်ပေါ်စေရန်အတွက် အစုရှယ်ယာများတွင် ဆက်လက်၍ အချိန်ကြာကြာ ထားရှိနိုင်သည်။ ငွေချေးစာချုပ်များသို့ ပြောင်းလဲရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ယာယီဈေးကျနေချိန်တွင် စတော့များအား ရောင်းချရန် လိုအပ်မည်ကို ရှောင်ကြည်ရန်ဖြစ်သည်။ မိမိ၏ လစဉ်နေထိုင်မှု အသုံးစရိတ်များအတွက် စတော့ရှယ်ယာများ ရောင်းချ၍ မှီခိုစားသောက် နေထိုင်နေရလေလေ

ငွေချေးစာချုပ်များအဖြစ် ပြောင်းလဲခြင်းဖြင့် ဂင်ငွေလျော့မည့် အန္တရာယ်ကို လျှော့ချသင့်လေလေ ဖြစ်သည်။ TIPS ကို ရွေးခြယ်ဂယ်ယူခြင်းကလည်း နည်းလမ်းကောင်းတစ်ရပ် ပင်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ငွေချေးစာချုပ်များသည် အချိန်ကာလတစ်ခုအတွက် လိုအပ်မည့် ငွေကြေးများကို စုဆောင်နိုင်သည့် နည်းလမ်းတစ်ရပ်အဖြစ် ကျင့်သုံးနိုင်သည်။

အနာဂတ်အတွက် အငြိမ်းစားယူရန် ပြင်ဆင်နေသူများအား မိမိတို့အနေဖြင့် ယခုကဲ့သို့ အတိုချုံး၍ အကြံပြုလိုပါသည်။ အငြိမ်းစားယူနိုင်ရန် စောစောစီးစီး ငွေစုပါ။ 401 (k) အစီအစဉ်မှာ ပါဂင်ပါ။ တစ်ဦးချင်းအလိုက် အငြိမ်းစား ငွေစာရင်းများ (Individual Retirement Accounts – IRA) နှင့် အခွန်ကင်းလွတ်ခွင့်များ။ ငွေမလိုအချင်း ဖြန့်ကျက်မြုပ်နှံထားသည့် စတော့ရှယ်ယာ အစုတွင် ထည့်ထားပြီး ငွေလိုခါနီးမှသာ ချေးငွေစာချုပ်ကဲ့သို့သော စွန့်စားရမှုနည်းပြီး အတိုးလည်းနည်းသည့် စာချုပ်များသို့ ရွှေ့ပြောင်းပါ။

**၁၁။ ဆုံးရှုံးနိုင်ခြေမရှိ သို့မဟုတ် မဆိုစလောက်သာရှိပြီး အမြတ်အစွန်း မက်လောက်အောင် ရနိုင်သည်ဆိုသည့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များ သတိထားပါ။**

အလွန်ဆွဲဆောင်မှုရှိသော လုပ်ငန်းအဆိုပြုချက်တိုင်းအပေါ် သင့်အနေဖြင့် သံသယထားရမည် ဖြစ်သည်။ ဆွဲဆောင်မှုရှိသော ရင်းနှီးမြှုပ်နှံမှုများ ကမ်းလှမ်းလာပါက ကမ်းလှမ်းသူဘက်မှ နေရာပြောင်းစဉ်းစားကြည့်ပါ။ စီမံကိန်းလုပ်ငန်းတစ်ခုအတွက် ငွေကြေးအရင်းအနှီး ရှာဖွေနေသူတိုင်းသည် ပထမဦးဆုံး သက်သာမည့် ငွေကြေးအရင်းအမြစ်များနှင့် ချေးငွေနည်းလမ်းများကို စဉ်းစားမည် ဖြစ်သည်။ စွန့်စားမှုနည်းပြီး များများကျန်မည့် လုပ်ငန်းစီမံချက်အဆိုပြုချက်တိုင်းကို ဘဏ်များနှင့် ကျွမ်းကျင်ရင်းနှီးမြှုပ်နှံသူများက သာမန်အတိုးနှုန်းဖြင့် ထုတ်ချေး၍ ငွေကြေးရင်းနှီးမြှုပ်နှံကြမည် ဖြစ်သည်။ အတိုးနှုန်း သက်သက်သာသာဖြင့် ချေးယူနိုင်သည့် အနေအထားရှိလျှင် တစ်သီးပုဂ္ဂလများနှင့် သာမန်ရင်းနှီးမြှုပ်နှံသူများအား မြိုးမြိုးမြတ်မြတ်ရမည့် လုပ်ငန်းစီမံကိန်းများကို ကမ်းလှမ်းဖို့ အကြောင်းမရှိပေ။ ကမ်းလှမ်းလာပြီဆိုလျှင် ယင်းစီမံကိန်းမှာ ပုံမှန်ငွေကြေး အရင်းအမြစ်များ ရှာဖွေရန် မဖြစ်နိုင်လောက်အောင် ဆုံးရှုံးနိုင်ခြေများနေပြီ ဖြစ်သည်။ သို့ဆိုလျှင် သင့်အနေဖြင့် ဆုံးရှုံးမှုအန္တရာယ်များသည့် ယင်းစွန့်စားမှုကို လက်ခံပါမည်လား။ အဖျင်းဆုံးအားဖြင့် ကျရှုံးမည့် အန္တရာယ်မနည်းသည်ကို သဘောက်ပေါက်ထားရမည်။ ဆုံးရှုံးနိုင်ခြေများပြီး အမြတ်အစွန်းများသည်ဆိုသည့် ရင်းနှီးမြှုပ်နှံမှုများမှာ အန္တရာယ်များလှပေသည်။ ဆိုရလျှင် ဘဏ်များနှင့် ကျွမ်းကျင်ရင်းနှီးမြှုပ်နှံသူများက ပါဂင်ရင်းနှီးမြှုပ်နှံရန် စိတ်မဂင်စားလျှင် မိမိအနေဖြင့် ဘာကြောင့် ရင်းနှီးမြှုပ်နှံရမှာလဲဟု ပြန်မေးကြည်သင့်ပါသည်။

ထို့ပြင် ရင်းနှီးမြှုပ်နှံသူတွင် ပျော့ကွက် ရှိပါသည်။ ရင်းနှီးမြှုပ်နှံသူများတွင် ဘောဂဗေဒ ပညာရှင်များအခေါ် ပိုင်ရှင်-အကျိုးဆောင် (principal-agent) ပြဿနာ ရှိသည်။ ပိုင်ရှင်အတွက် အကောင်းဆုံးအရာ (ဤနေရာတွင် ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ငွေရှင်) နှင့် အခကြေးငွေဖြင့်

ကိုယ်စားဆောင်ရွက်ပေးသည့် အကျိုးဆောင်အတွက် အကောင်းဆုံးအရာအကြား ကွဲလွဲမှုဖြစ်လာသည့်အခါ ယင်းပြဿနာဖြစ်ပေါ်သည်။ စက်ခြွတ်ယွင်းနေသည့် ကားတစ်စီးအား ကားပြင်ဆရာထံ အပ်နှံသည့်အခါ သင်က ပိုင်ရှင်အနေဖြင့် တွေ့ကြုံရသည့် သဘောကွဲလွဲမှုရှိမည် ဖြစ်သည်။ သင့်အနေဖြင့် သင့်ကားအား စစ်ဆေးပြီးနောက် စက်ပြင်ဆရာက သင့်အတွက် အကျိုးဆောင်ကောင်းတစ်ယောက်အဖြစ် ဆောင်ရွက်ပြီး ပြဿနာ အသေးအမွှားသာဖြစ်ကြောင်းနှင့် သက်သက်သာသာဖြင့် လျင်မြန်စွာ ပြုပြင်ပေးနိုင်ကြောင်း ကြားသိလိုပေလိမ့်မည်။ သို့သော် စက်ပြင်ဆရာမှာမူ သင့်ကားမှာ ပြဿနာကြီးကြီးရှိပြီး ပြုပြင်ရာတွင် အပိုပစ္စည်းများများနှင့် လုပ်ခများများရရန် လိုလားမည် ဖြစ်သည်။ စက်ပြင်ဆရာက ကားအကြောင်း ပိုမိုသိနားလည် သောကြောင့် သင့်အနေဖြင့် ပျော့ကွက်ရှိသည့် အနေအထားတွင် ရောက်နေပါသည်။

ထိုနည်းတူစွာပင် ရင်းနှီးမြှုပ်နှံမှုလုပ်သည့်အခါလည်း ငွေရှင်အနေဖြင့် နစ်နာလွယ်ပါသည်။ ယင်းသို့ သင့်ထံမှ ရင်းနှီးမြှုပ်နှံမှုရှာသူများမှာ သူတို့အကျိုးစီးပွားများနှင့် သင့်အကျိုးစီးပွားများ ကွဲပြား နေတတ်သည်။ သင်က အကျိုးအမြတ်များများ လိုချင်သော်လည်း သူတို့က ရောင်းအားပေါ်မှ ကော်မရှင်ခ သို့မဟုတ် စီမံခန့်ခွဲမှုပေးသည့်အတွက် ရရှိလာသည့် အခကြေးငွေအပေါ် ကော်မရှင်ခ သို့မဟုတ် လုပ်ငန်းဆောင်ရွက်မှုအတွက် မြင့်မားသည့် လစာငွေကိုသာ အဓိကစိတ်ဝင်စားတတ်ကြသည်။ သူတို့ အဓိကစိတ်ဝင်စားသည်မှာ သင်၏ငွေကို သူတို့လက်ထဲ ရောက်လာရန်ဖြစ်သည်။ သင့်အား မရိုးမသားပြုလုပ်ရန်ချည်းတော့ မဟုတ်ပေ။ ရင်းနှီးမြှုပ်နှံမှုက အကျိုးအမြတ်များစွာ ရှာပေးနိုင်ခြေရှိသည့် အခွင့်အလမ်းအဖြစ် သူတို့က ယုံကြည်ထားကြပေလိမ့်မည်။ သို့သော် သူတို့ဘယ်လိုကောင်းပါစေ၊ သူတို့အား မည်မျှပင် သိကျွမ်းသည် ဖြစ်စေ သို့မဟုတ် သင့်အား သူတို့က ကူညီမည်ဖြစ်ကြောင်း မည်မျှပင်ပေါ်လွင်သည် ဖြစ်စေ သူတို့အကျိုးစီးပွားများသည် သင့်အကျိုးစီးပွားများနှင့် ကွဲလွဲနေမည် ဖြစ်သည်။ ထို့ပြင် သူတို့က သင်၏ ငွေကြေးမြှုပ်နှံမှုကို ရရှိလိုက်သည်နှင့် သင်၏အကျိုးစီးပွားကို အများဆုံး ဆောင်ရွက်စေရန် ထိန်းကျောင်းရာတွင် အားပျော့သွားမည် ဖြစ်သည်။ ထို့ကြောင့် ဖြစ်နိုင်ဖွယ် အကျိုးစီးပွား ကွဲလွဲမှုများနှင့် သင်၏ ပျော့ကွက်များကို သဘောပေါက်နားလည်၍ အချက်ကျကျ အရေးယူဆောင်ရွက်ရန် လိုအပ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုတစ်ခုအား လုပ်သင့်၊ မလုပ်သင့် မည်ကဲ့သို့ ကြိုတင်ဟောကိန်း ထုတ်နိုင်ပါမည်နည်း။ ရင်းနှီးမြှုပ်နှံမှုဆုံးဖြတ်ချက် အားလုံးမှ ရလဒ်ကောင်းရရှိဖို့ အာမခံနိုင်သည့် "ငွေကျည်ဆန်" မရှိပါ။ သို့သော် ဒေါ်လာသောင်းချီ ဆုံးရှုံးစေမည့် ရင်းနှီးမြှုပ်နှံမှုဘေးများမှ ရှောင်ရှားနိုင်ရန် လုပ်နိုင်သည့် အရာများရှိသည်။ အောက်ပါအချက်များမှာ အထူးအရေးကြီးပါသည်။

***သိပ်ကောင်းလွန်းဟန်ရှိလျှင် ဆုံးရှုံးနိုင်ဖွယ်ရှိသည်။*** ယင်းမှာ လက်သုံးစကားဟောင်းတစ်ခု ဖြစ်သော်လည်း မှန်နေပါသည်။ သင့်ငွေများရဖို့ဆိုလျှင် ဘာမဆိုလိုက်လျောရန် အသင့်ရှိသည့် ငွေကြေးမှဆိုးများတွေ့လျှင် အံ့ဩစရာ မရှိပါ။ အကြောင်းမှာ သူတို့က သင့်ငွေအား

လက်ဂယ်ရရှိသွားသည့်အခါ သူတို့အလိုကျ စီရင်နိုင်ပြီး သင်၏ ထိန်းချုပ်နိုင်မှုမှာ အားပျော့သွားပြီ ဖြစ်သည်။

***ရင်းနှီးမြှုပ်နှံမှုများကို အကာအကွယ်ပေးတတ်၍ စိတ်ချရသည်ဟု နာမည်ကောင်းရှိသော အစုအဖွဲ့များနှင့်သာ ဆက်ဆံလုပ်ကိုင်ပါ။ ဂုဏ်သတင်းကောင်းရှိသည့် နာမည်ရပြီးကုမ္ပဏီများသည် သူတို့အစုရှယ်ယာရှင်များ၏ ငွေကြေးများကို စွန့်စားမှုများသည့် ရင်းနှီးမြှုပ်နှံမှုများတွင် မဆောင်ရွက်လိုကြပေ။*** ဥပမာ ရုတ်တရက်ပေါ်လာသည့် လူသိနည်းသော အကျိုးဆောင်လုပ်ငန်းတစ်ခု၏ အများပြည်သူသို့ ကနဦး စတော့ရှယ်ယာများမှာ ဝေါစထရိတ်တွင် နာမည်ရှိပြီး အရှိန်ရနေသည့် လုပ်ငန်း၏ စတော့ရှယ်ယာထက် ဆုံးရှုံးနိုင်ခြေများပါသည်။

***တယ်လီဖုန်း သို့မဟုတ် အီးမေးလ်ဖြင့် ကမ်းလှမ်းလာသည့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များကို ဘယ်တော့မှ မဂယ်မိပါစေနှင့်။*** ယင်းသို့ ဈေးကွက်ရှာဖွေခြင်းသည် ယုံလွယ်သူများကို အချဉ်ဖမ်းရာတွင် အသုံးပြုသည့်နည်းတစ်ခုဖြစ်သည်။ သားကောင်း မဖြစ်ပါစေနှင့်။

***အလျင်အမြန်ဆုံးဖြတ်ချက်ချရန် ဖိအားပေး မခံပါနှင့်။*** ရင်းနှီးမြှုပ်နှံမှုလမ်းကြောင်းတစ်ခု ဖော်ဆောင်ရာတွင် အချိန်ယူပါ။ အစောတလျင် ဆုံးဖြတ်ချက် မချပါနှင့်။

***ရင်းနှီးမြှုပ်နှံမှု ဆုံးဖြတ်ချက်တစ်ခုချရာတွင် မိတ်မပျက်လို၍ သူတို့၏ အကြံဉာဏ်အတိုင်း ဆုံးဖြတ်ခြင်းမျိုး မဖြစ်ပါစေနှင့်။*** လူပုဂ္ဂိုလ်များစွာတို့မှာ မိတ်ဆွေများ၏ နားချမှုကြောင့် မှားယွင်းသည့် ရင်းနှီးမြှုပ်နှံမှုများကို လုပ်ဆောင်တတ်ကြသည်။ သင့်အနေဖြင့် လူတစ်ဦးကို သင့်မိတ်ဆွေအဖြစ် ဆက်လက်ရှိစေလိုလျှင် သင့်ငွေကြေးများကို သူတို့အလုပ်တွင် မဟုတ်ပဲ အခြားတစ်နေရာတွင် ရင်းနှီးမြှုပ်နှံလိုက်ပါ။

***ဖိအားများစွာဖြင့် စည်းရုံးသိမ်းသွင်းလာပါက သင့်ငွေစာရင်းစာအုပ်ကိုယူ၍ တချိုးတည်း ကျောခိုင်းပြေးပါတော့။*** မက်လောက်စရာရှိသည့် ရင်းနှီးမြှုပ်နှံမှုဆိုလျှင် ဖိအားပေးသိမ်းသွင်း၍ ဈေးကွက်ရှာစရာ မလိုပေ။ သင့်တွင် ရင်းနှီးမြှုပ်နှံမှုအစုစု (portfolio) တို့ ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် ရှိပြီးဖြစ်လျှင် ဆုံးရှုံးနိုင်မှု အန္တရာယ်ရှိသည့် "အပေါစားငွေချေးစာချုပ်များ" နှင့် အဖိုးတန်လက်ဂတ်ရတနာများ စသည်တို့တွင် ရင်းနှီးမြှုပ်နှံနိုင်ပါသည်။ သို့သော် အဆိုပါ ရင်းနှီးမြှုပ်နှံမှုများလုပ်ဆောင်ရန်အတွက် သင့်အနေဖြင့် အရှုံးခံနိုင်သည့် ငွေကြေးများဖြင့် ရင်းနှီးမြှုပ်နှံရမည် ဖြစ်သည်။ ဓနဥစ္စာ ကြွယ်ဝအောင် ကြံဆောင်သည့် နည်းလမ်းတစ်ရပ်ကို ရှာဖွေနေစဉ်တွင် သင်၏ ငွေကြေးအရင်းအနှီးများသည် ပို၍စိတ်ချရသည့် စွန့်စားမှုနည်းသော ရင်းနှီးမြှုပ်နှံမှုများတွင် ထည့်ဝင်သင့်သည်။

## ၁၂။ မိမိ၏ ကလေးများအား ငွေရှာပုံရှာနည်းနှင့် ရှာပြီးငွေအား အကျိုးရှိရှိ သုံးစွဲတတ်အောင် သင်ကြားပေးပါ

စိတ်ရှည်၊ သည်းခံစွာဖြင့် ရိုးရှင်းသည့် စည်းမျဉ်းအချို့ ကို လိုက်နာခြင်းအားဖြင့် သင့်အနေဖြင့် အငြိမ်းစားယူသည့် အချိန်ရောက်လာသည့်အခါ မည်ကဲ့သို့ ကြွယ်ဝချမ်းသာစွာ နေထိုင်နိုင်မည်ကို ဆွေးနွေးလာခဲ့ပြီး ဖြစ်သည်။ ဤအခန်းတွင် သင့်ကလေးများထံ သို့မဟုတ် သင်၏ အနာဂတ်ကလေးများထံ အာရုံစိုက် ပြောဆိုတင်ပြပေးသွားမည် ဖြစ်သည်။

မိဘတို့က သူတို့ကလေးများကို ငွေကြေးအရသာမဟုတ်၊ အစစအရာရာ ဘဝတွင် အောင်မြင်စေချင်ကြသည်။ အထွေထွေအောင်မြင်မှုနှင့် ငွေကြေးအောင်မြင်မှုတို့မှာ ဒွန်တွဲနေတတ်ပြီး တစ်ခုနှင့်တစ်ခု ချိတ်ဆက်မှုမှာလည်း အကြောင်းမဲ့မဟုတ်ပေ။ အလုပ်ကိုကြိုးကြိုးစားစားလုပ်သည့် အလေ့အကျင့်၊ ရည်မှန်းချက် ပန်းတိုင်များ ထားရှိ၍ ဖြစ်အောင်ကြိုးစားခြင်း၊ အနာဂတ် အကျိုးဆက်ဖြစ်လာနိုင်သည်များကို ဆင်ခြင်၍ တဒင်္ဂစိတ်ကျေနပ်မှုအတွက် သုံးဖြုန်းလိုစိတ်များကို ရှောင်ရှားခြင်းတို့သည် ပုံမှန်အားဖြင့် အောင်မြင်သော ဘဝပိုင်ဆိုင်သူများထံတွင် ပို၍ တွေ့ရတတ်သည်။ သင့်ကလေးများကို အဆိုပါ ကိုယ်ရည်ကိုယ်သွေးများ ရှိလာအောင် ဆောင်ရွက်နိုင်သည့် နည်းလမ်းများစွာ ရှိပါသည်။ သူတို့ ငယ်ရွယ်စဉ် အချိန်မှာပင် ငွေရှာစေခြင်းနှင့် ငွေစုဆောင်းစေခြင်းတို့မှာ နည်းလမ်းတစ်ခု ဖြစ်သည်။

ငယ်ရွယ်သူများအား တာဝန်ယူတတ်လာအောင် သင်ပေးသည့် အရေးအကြီးဆုံး နည်းများအနက် တစ်ခုမှာ ငွေဆိုသည်မှာ ရှာဖွေရကြောင်း၊ မိုးပေါ်မှသကြားမင်း ကြဲချမည် မဟုတ်ကြောင်းကို သိရှိသဘောပေါက်လာအောင် ပြောပြရမည် ဖြစ်သည်။ သင့်ကလေးများကို ပိုက်ဆံလွယ်လွယ်ကူကူပေးမည့်အစား အိမ်ပတ်ဝန်းကျင် သန့်ရှင်းရေး လုပ်စေခြင်း၊ ပညာရေးပန်းတိုင်များကို အောင်မြင်အောင် ကြိုးစားစေခြင်းဖြင့် ဆုပေးသည့် သဘောဖြင့် ပေးသင့်ပါသည်။ ယင်းသို့အခပေးရာတွင် ငွေဆိုသည်မှာ မိမိကအခြားသူများကို ကူညီသည့် အသုံးဝင်မှုတန်ဖိုးအတွက် တူညီသော ပမာဏ ရရှိလာခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အခြားသူများကို အကောင်းဆုံးအကျိုးဆောင်ခြင်းဖြင့်သာ ငွေအများဆုံး ရှာနိုင်မည်ဖြစ်ကြောင်း ငွေအကြောင်း သွန်သင်ပြောပြပေးပါ။ ငွေဆိုသည်မှာ သင်လိုချင်တာရဖို့ ဝယ်ယူနိုင်သည့် ကြားခံပစ္စည်းသက်သက် မဟုတ်ပဲ တပါးသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းဖြင့် အကျိုးပြုသည့်နည်းလမ်းဖြစ်ကြောင်း ပြောပြပါ။ ဤသင်ခန်းစာမှာ သင့်ကလေးများ မည်သည့် အသက်မွေးဝမ်းကြောင်းအလုပ် လုပ်သည်ဖြစ်စေ လုပ်ငန်းခွင်တွင် များစွာအရေးပါသော ဝင်ငွေသင်ခန်းစာ ဖြစ်သည်။

ကလေးများကို ဘာမျှမခိုင်းပဲ သက်သက်ဝယ်ပေးသည့် အရာများစွာလည်း ရှိပေလိမ့်မည်။ ကလေးများအတွက် ပစ္စည်းများဝယ်ပေးသည့်တိုင်အောင် ကုန်ကျစရိတ်နှင့် ရွေးချယ်ဝယ်ယူမှုတိုင်းတွင် စွန့်လွှတ်လိုက်ရသည့်အရာများ ရှိသည်ကို နားလည်အောင် ရှင်းပြပေးပါ။ ဥပမာ စာရေးသူ ၃ ဦးလုံး၏ ဆယ်ကျော်သက်များသည် ဈေးနှုန်းချိုသာသည့် အဝတ်များမှာ

အဆင်ပြေနေသော်လည်း ဖက်ရှင်အကျဆုံး အဂတ်အစားများ ဂယ်လိုဂတ်ဆင်လိုကြသည်။ မိမိတို့အားလုံးသည် ဘောဂဗေဒပညာရှင်များ ဖြစ်သဖြင့် ၎င်းတို့၏ အနွှများကို မတိုင်ပင်ထားရပါဘဲ တူညီသည့်ပုံစံဖြင့် တုန့်ပြန်တတ်ကြသည်။ ကလေးများအား ငွေပေးလိုက်ပြီး သူတို့ငွေအဖြစ် သဘောထား၍ သူတို့စိတ်ကြိုက် အဂတ်တစ်ထည် ဂယ်စေသည်။ သူတို့က ဈေးချိုသည့်အထည် ဂယ်ယူလျှင် ပိုသည့်ငွေကို စုဆောင်းနိုင်ပြီး သူတို့လိုတာတစ်ခုခုအတွက် နောင်တွင် သုံးစွဲနိုင်မည်ဟု ခွင့်ပြုလိုက်သည်။ တစ်ခါတစ်ရံတွင် သူတို့က ဈေးအကြီးဆုံးအထည်ကို ဂယ်ယူတတ်ကြသည်။ သို့သော် တစ်ခါတစ်ရံတွင် ဈေးချိုသည့် အထည်အား ဂယ်ယူကြသည်။ ယင်းလေ့ကျင့်ပေးမှု၏ အရေးကြီးသည့် သင်ခန်းစာမှာ သူတို့၏ ဂယ်ယူမှုဆုံးဖြတ်ချက်များအတွက် ကုန်ကျမှုကို လက်တွေ့သိမြင်လာစေပြီး ဈေးသက်သာသည့်အရာများ ရွေးချယ်လျှင် အပိုသုံးစရာများ ထွက်လာမည်ကို သဘောပေါက်စေခြင်းဖြစ်သည်။ ယင်းက လက်တွေ့ဘဂတွင် စားသုံးသူများ၏ ဆုံးဖြတ်ချက်ချပုံကို ထပ်ဟပ်စေသည်။

ဤနည်းလမ်းကျင့်သုံးခြင်းသည် မိဘနှင့်သားသမီးအကြား သဘောထား မတိုက်ဆိုင်မှုများကိုလည်း လျှော့ချပေးနိုင်သည်။ ဂွါတနေးမိသားစု၏ အဖြစ်တစ်ခုက ဤအချက်ကို ပြသနေသည်။ ဂွါတနေးနှင့် သူ၏ သားယောကျ်ား ၄ ဦးတို့ ၁၉၈ဂကျော်နှစ်တစ်နှစ်တွင် ဖလော်ရီဒါမှ မွန်တားနားသို့ ခရီးထွက်ခဲ့ကြရာ ပထမဆုံးနေ့လည်စားနားချိန်မှာပင် သဘောကွဲလွဲမှု ဖြစ်ပေါ်ခဲ့သည်။ ၁၁ နှစ်သားအရွယ် သားဖြစ်သူက အမဲသားစတိတ် မှာစားချင်သည်။ သို့သော် ဖခင်က ဟမ်ဘာဂါနှင့် အားလူးချောင်းကြော်က (စရိတ်ထက်ဂက်သက်သာသဖြင့်) ပိုသင့်တော်မည်ဟု တွေးသည်။ အချေအတင် ပြောဆိုကြပြီးနောက် ဖခင်၏ ဆုံးဖြတ်ချက်ကို သားက လက်ခံလိုက်သလို သူ့အနေဖြင့် ခရီးသွားရတာ ပျော်စရာ မကောင်းတော့ပေ။ ညစာစားချိန်တွင်လည်း ထိုအတိုင်းဖြစ်ပြန်သည်။ ၁၁နှစ်သားနှင့် သူ့အစ်ကိုကြီးများက အမဲသားစတိတ်နှင့် ပုဇွန်တုပ်များ မှာစားချင်ကြသည်။ ဖခင်က ပိုမိုတွက်ချေကိုက်မည့် စားစရာမှာစားရန် တိုက်တွန်းသည်။ အစားအသောက် ၂ ခါစားပြီးနောက်တွင် မိသားစုမှာ အခက်ကြုံရတော့သည်။ အစားအသောက် ချွေချွေတာတာ မစားသဖြင့် မွန်တားနားအရောက်တွက် သုံးစရာနည်းသွားမည့်အဖြစ် အရောက်ခံမလား သို့မဟုတ် သာယာပျော်ရွှင်ဖွယ် ခရီးစဉ် မဖြစ်ပဲ ဆက်သွားမလား။

ညစာစားပြီးချိန် ဆွေးနွေးကြပြီးနောက် ဖခင်နှင့်မိခင်တို့က အကြံအစည်တစ်ခုရသွားသည်။ သားများကို နေ့စဉ် စားစရိတ်အဖြစ် သိပ်အများကြီးမဟုတ်သော်လည်း လုံလောက်သည့် ငွေကြေးပေးကြမည်။ သုံးခွင့်ပြုသည့် စားစရိတ်ထက် ပိုသုံးလျှင် အမှတ်တရပစ္စည်းများဂယ်ယူရန် စုဆောင်းထားသည့်ငွေများမှ လိုသည့်ပမာဏကို ဖြည့်ရမည်။ စားစရိတ်က ခွင့်ပြုစရိတ်ထက် လျှော့နည်းနေလျှင် ပိုနေသည့်ငွေကို သိမ်းထားနိုင်သည်။ အတော်အသင့်လဲ စားသောက်နိုင်ပြီး ကိုယ်ရေးကိုယ်တာသုံးစွဲဖို့အတွက်လဲ ငွေကျန်သေးသည်ကို သဘောပေါက်သည့်အခါ ကလေးအားလုံး ယင်းအစီအစဉ်ကို သဘောကျကြသည်။ မိုက်ပါဘိ။

ယင်းအစီအစဉ်က ဆုံးဖြတ်ချက်ချမှတ်မှုအပေါ် အကျိုးသက်ရောက်မှု ကြီးလှပါသည်။ ၁၁ နှစ်သားလေးက စားသောက်ဆိုင် အတော်များများတွင် အခမဲ့ပေးသည့် ဂျဲလ်-အိုကို

မြန်မြန်ရှာတွေ့ခဲ့ပြီး ပထမနေ့တွင် သူရသည့် ခွင့်ပြုစားစရိတ်အားလုံးနီးပါးကို စုဆောင်းခဲ့သည်။ ဒုတိယနေ့တွင်လည်း အရသာရှိသည့် စွပ်ပြုရည်ကိုသာ မှာယူစားသုံးပြီး အတော်များများ စုခဲ့ပြန်သည်။ တတိယနေ့တွင်လည်း အတော်အသင့်ကောင်းမွန်ပြီး စရိတ်သက်သာသည့် အစားအစာသာ မှာယူခဲ့ပြီး ပိုက်ဆံအနည်းငယ် ချွေတာခဲ့သည်။ သားအကြီးတို့ကလည်း အငယ်လောက် အများကြီး မချွေတာခဲ့ပေမယ့် ဈေးသက်သာသည့် အစားအစာများကို မှာစားခဲ့ကြသည်။ အစားအစာများအပေါ် သဘောထား မတိုက်ဆိုင်မှုများ မဖြစ်တော့ပေ။ မွန်တားနားသို့ ဆက်သည့် ခရီးစဉ်တစ်လျှောက်မှာ ပျော်စရာ ဖြစ်ခဲ့ပြီး တစ်ညနေတွင် မိသားစုအားလုံး အမဲသားစတိတ်များနှင့် ပုဇွန်တုပ်များပင် မှာယူစားသောက်နိုင်ခဲ့သေးသည်။

မိမိတို့ကလေးများသည် သူတို့ဘဝတစ်လျှောက်လုံးတွင် အကန့်အသတ်ရှာဖွေနိုင်သည့် ဂင်ငွေအား မည်သို့ သုံးစွဲရမည်ကို ဆုံးဖြတ်ကြရမည်ဖြစ်သည်။ ပစ္စည်းတစ်ခုအတွက် ငွေများစွာသုံးစွဲမိလျှင် အခြားအရာများအတွက် သုံးစွဲစရာငွေ နည်းသွားမည်။ တစ်ခုရယူလျှင် တစ်ခုစွန့်လွှတ်လိုက်ရသည်ချည်း ဖြစ်သည်။ ငယ်စဉ်ကပင် ဤသဘောတရားကို ကလေးများအား သင်ကြားပေးထားရန်လိုပြီး မှန်မှန်ကန်ကန် ရွေးချယ်တတ်လာအောင် လက်တွေ့ကျင့်သုံးခြင်းဖြင့် အတွေ့အကြုံများ ပေးထားရန် လိုပါသည်။ ကောလိပ်ပညာရေးကုန်ကျစရိတ်အား မည်သို့တတ်နိုင်အောင် ဆောင်ရွက်ရမည်ကို ပမာပြသင်ကြားပေးခြင်းက သင့်ကလေးအား ကိုယ်ရေးကိုယ်တာ ငွေရေးကြေးရေးအကြောင်း သင်ခန်းစာပေးရန် အကောင်းဆုံး အခွင့်အလမ်းဖြစ်သည်။

ကောလိပ်ပညာရေးစရိတ်အား ကိုင်တွယ်ဖြေရှင်းနိုင်သည့် နည်း ၁ ခုမှာ ရှိပါသည်။ အစောပိုင်းက ဆွေးနွေးခဲ့သည့်အတိုင်း အချို့မိသားစုများက ကလေးမွေးဖွားလိုက်သည်နှင့် ကောလိပ်ငွေစုဆောင်းမှုအစီအစဉ် စတင်လိုကြသည်။ ယင်းအစီအစဉ်က သင့်ကလေးများကို အတိုးပေါ်ဆင့်အတိုး (တိုးရင်းပေါင်းအတိုး)၏ အစွမ်းနှင့် စိတ်ရှည်ခြင်းမှရသည့် အကျိုးကျေးဇူးအကြောင်း သင်ပြပေးရန် အကောင်းဆုံးအခွင့်အလမ်းဖြစ်သည်။ ကလေးများ ကြီးပြင်းလာပြီး ငွေရှာလာနိုင်သည့်အခါ သူတို့၏ဂင်ငွေများအား ငွေစုအစီအစဉ်သို့ ထည့်သွင်းရန် တိုက်တွန်းသင့်သည်။ ယင်းအစီအစဉ်အား ကြိုကြိုတင်တင်ငွေစုဆောင်းခြင်း၏ အကျိုးကျေးဇူးကို လက်တွေ့ပြသရာတွင် အသုံးပြုနိုင်သည်။ ငယ်စဉ်ကတည်းက တစ်ပတ်လျှင် ဒေါ်လာအနည်းငယ် စုဆောင်းခြင်းဖြင့် အရွယ်ရောက်လာသည့်အခါ ဒေါ်လာသောင်းချီပြီး လက်ထဲတွင်ရှိလာမည်ကို နားလည်လာသည့်အခါ ကလေးများအတွက် စိတ်လှုပ်ရှားစရာ ဖြစ်ပါလိမ့်မည်။ ငွေစုဆောင်းခြင်းမှာ တာဂန်ယူတတ်မှုနှင့် မိမိအနာဂတ်အား မိမိကိုယ်တိုင်ထိန်းကျောင်းခြင်းဆိုသည့် အသိစိတ်ဓာတ် ရင့်သန်လာရန် ပြုစုပျိုးထောင်ခြင်းဟု ရှုမြင်လာပါလိမ့်မည်။ အမှန်တကယ်တော့ ယင်းအရည်အသွေးအား ပြုစုပျိုးထောင်ခြင်းမှာ ကောလိပ်အတွက် စုဆောင်းသည့် ငွေကြေးများထက်ပင် ပို၍တန်ဖိုးရှိပါသည်။

မိဘအချို့က သူတို့ကလေးများအတွက် ကောလိပ်ပညာရေးစရိတ် အပြည့်အဂပေးဖို့ တာဂန်ရှိကြောင်း ခံယူတတ်ကြသည်။ ကလေးတစ်ဦးအား ကောလိပ်အတွက် ငွေရေးကြေးရေး

တာဂန်ကင်းလွတ်ခွင့်ပေးလိုက်သည့်အတွက် ပညာရေးကို ကောင်းစွာဖောက်ချလေ့လာနိုင်မည်၊ လူမှုရေးများများလုပ်ပြီး အပေါင်းအသင်း ဂင်ဆံနိုင်မည့် အခွင့်အလမ်းများ ပေးနိုင်ပါသည်။ သို့သော် အန္တရာယ်များစွာလည်း ရှိပါသည်။ ကောလိပ်အရွယ် ကလေးအား ငွေကြေးတာဂန်မယူစေပဲ ကျောင်းထားပေးခြင်းသည် ကိုယ့်တာဂန်ကိုယ်ယူသည့် အရည်အချင်းပါ ကျဆင်းစေသည်။ စာရေးသူများမှာ ကောလိပ်ကျောင်းများတွင် စာသင်နေသည့်အတွက် ကောလိပ်တွင် ကျောင်းသားများစွာတို့သည် အပျော်အပါးများတွင်သာ မွေ့လျော်ပြီး သူတို့မိဘများ၏ စုဆောင်းငွေများကို ဖြုန်းတီးနေတတ်ကြသည်။ အချို့ ကျောင်းသားများအတွက် သတင်းတစ်ပတ်၏ ကျောင်းတက်စာကြည့်ရက်မှာ ကြာသပတေးနေ့တွင် ပြီးဆုံးပြီး တနင်္လာညနေမှ ပြန်စတတ်သည်။ အတန်းအချို့တွင် အဆင်မပြေမှုအနည်ငယ် ကြုံတွေ့နိုင်သော်လည်း ယင်းကျောင်းသားများက အတန်းအောင်နေသရွေ့ကာလပတ်လုံး သို့မဟုတ် မိဘများက အောင်သည်ဟု ထင်နေသရွေ့ ကျောင်းတွင် အပျော်မပျက် နေနေကြတော့သည်။

လူပုဂ္ဂိုလ်တို့သည် ကိုယ်ပိုင်ငွေများကို တပါးသူတို့၏ ငွေများထက် ပို၍ ဆင်ဆင်ခြင်ခြင် သုံးစွဲကြသည်။ ကောလိပ်ကျောင်းသားများမှာလည်း အတူတူပင် ဖြစ်သည်။ ထို့ကြောင့် ကောလိပ်ကျောင်းသားများအနေဖြင့် ကုန်ကျစရိတ်များအတွက် တစိတ်တပိုင်းတာဂန်ယူရသည့်အခါ ပညာကြိုးစားသင်ယူမည် ဖြစ်သည်။ ပထမစဉ်းစားနည်းက သင့်ကလေးများကို ငယ်ရွယ်စဉ်မှာပင် ငွေစုနိုင်သည့် အခွင့်အလမ်းများစွာကို ဖန်တီးပေးပြီး တစ်ပြိုင်နက်တည်းမှာပင် ကောလိပ်ပညာရေးအတွက် ဖယ်ထားသည့် ငွေနှင့် ပညာသင်ဆုမှ ရရှိသည့် ငွေတို့ဖြင့် ကော်လိပ်တက်ရမည်ဟု အသိပေးထားခြင်း ဖြစ်သည်။ တစ်နည်းဆိုသော် နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ သင်က စုစုပေါင်း ကုန်ကျမှု၏ တစ်ဂက်သာ ပေးမည်။ ယင်းသို့ပြောဆိုထားခြင်းဖြင့် သူတို့တွင် ငွေရှာဖို့ စုဆောင်းဖို့ မူလတန်းနှင့် အထက်တန်းများတွင် ထူးချွန်အောင် ကြိုးစားဖို့ တွန်းအားဖြစ်စေမည် ဖြစ်သည်။ ထို့အပြင် ကောလိပ်ကျောင်းစရိတ်အား တတ်နိုင်သမျှ ချွေတာစေပြီး ကောလိပ်တွင်လည်း အကောင်းဆုံး ကြိုးစားဖြစ်စေမည် ဖြစ်သည်။ အဆိုပါနည်းလမ်းအား စာရေးသူတစ်ဦးက မိသားစုတွင် အသုံးပြုခဲ့ပြီး ကောင်းစွာအလုပ်ဖြစ်ခဲ့ပါသည်။

အောင်မြင်သည့် ဘဂပိုင်ဆိုင်လာရန်အတွက် ပန်းတိုင်များသတ်မှတ်ခြင်း၊ ပန်းတိုင်များသို့ တက်လှမ်းနိုင်ရန် ကြိုးစားအားထုတ်ခြင်း၊ အခြားသူများအတွက် အသုံးဂင်မည့် ဂန်ဆောင်မှုများအား မည်သို့ပေးရမည်ကို သိနားလည်ခြင်း၊ အကြောင်းကိစ္စတစ်ခုအတွက် ငွေစုဆောင်းခြင်း၊ အကျိုးရှိစွာ ငွေကိုသုံးစွဲခြင်းတို့နှင့် များစွာဆက်စပ်နေသည်။ မိဘကောင်းဆိုသည်မှာ ကလေးများကို ငယ်စဉ်ကပင် ယင်းကိုယ်ရည်ကိုယ်သွေးများ ပြုစုပျိုးထောင်ပေးနိုင်သည့် အတတ်လည်း ပါဂင်သည်။ ထိုသို့ ပြုစုပျိုးထောင်ပေးရသည်မှာ စိန်ခေါ်မှုဖြစ်သလို ပျော်စရာလည်း ကောင်းသည်။ ဘောဂဗေဒဆိုသည်မှာ "ငြီးငွေ့စရာ သိပ္ပံပညာ"လို့ ဘယ်သူပြောလဲ။

မှတ်စုများ

အပိုင်း ၁။ ဘောဂဗေဒ၏ အရေးကြီးသော သော့ချက် ၁၀ ချက်

1. Philip K. Howard, *The Death of Common Sense* (New York: Random House,1994): 3-5.

2. See the chapter "Time for Symphonies and Softball" in W. Michael Cox and Richard Alm, *Myths of Rich and Poor* (New York: Basic Books, 1999).

3. Adam Smith, *An Inquiry into the Nature and Causes of the Wealth of Nations* ed. Cannan (Chicago: University of Chicago Press,1976), 477.

4. F.A. Hayek, "The Use of Knowledge in Society," *American Economic Review* 35 no. 4 (September 1945): 519-30.

5. Henry Hazlitt, *Economics in One Lesson* (New Rochelle: Arlington House, 1979), 103.

6. Assar Lindbeck, *The Political Economy of the New Left* (New York: Harper & Row, 1972), 39.

အပိုင်း ၂။ စီးပွားရေးတိုးတက်စေသည့် အဓိက အကြောင်းရင်း ၇ ချက်

1. The leading contributors to the modern theory of growth presented here are Nobel laureate Douglass C. North and the late Peter Bauer. See P.T. Bauer, *Dissent on Development: Studies andDebates in Development Economics* (Cambridge: Harvard University Press, 1972); and D.C. North, *Institutions, InstitutionalChange, and Economic Performance* (Cambridge: Cambridge University Press, 1990).

2. Tom Bethell, *The Noblest Triumph* (New York: St. Martin's Press, 1998),10.

3. For additional information, see John McMillan, *Reinventing the Bazaar: A Natural History of Markets* (New York, Norton, 2002),94-101. As McMillan points out, real privatization would havebeen preferred. Nonetheless, the policy Was still "the biggestanti-poverty program the world has ever seen" (see page 94).

4. လူသားများ အမဲလိုက်ခြင်းကြောင့် တိရစ္ဆာန်မျိုးစိတ်များစွာ မျိုးတုန်းပျောက်ကွယ်သွားသည့် သာဓကများစွာ ရှိခဲ့ဖူးသည်။ ဥပမာ passenger pigeon ခေါ် ခိုတစ်မျိုးဖြစ်သည်။ ဝေလငါးများကို ဆီအတွက် အဓိက ဖမ်းဆီးသကဲ့သို့ ၎င်းတို့ကိုလည်း အသားစားရန်အတွက် ဖမ်းဆီးခဲ့ကြသည်။ သို့သော် ခိုများမှာ မျိုးတုန်းပျောက်ကွယ်စပြုနေသည့်တိုင်အောင် အသားဈေးကွက်တွင် မပြောပလောက်သော အနေအထားဖြစ်သဖြင့် ခိုအသား ဈေးနှုန်းမှာ ထိန်းသိမ်းစောင့်ရှောက်ရန် သို့မဟုတ် များများစားစားထုတ်လုပ်ရောင်းချရန် တွန်းအားပေးသည့်အနေအထားအထိ

တက်မလာခဲ့ပေ။ ခိုမျိုးတုန်းသွားခြင်းကြောင့် အသားရှားပါးမှု ပြဿနာလည်း မဖြစ်ပေါ်ခဲ့ပေ။ ထို့ကြောင့် ယင်းခိုများ လုံး၀ မျိုးတုန်းပျောက်ကွယ်သွားခြင်း ဖြစ်သည်။ ဂေလင်းများကိုလည်း ဆီအတွက်မဟုတ်ဘဲ အသားအတွက်သက်သက်သာ အကြီးအကျယ် ဖမ်းဆီးခဲ့ပါက ၎င်းတို့သည်လည်း ပျောက်ကွယ်သွားခဲ့ပေလိမ့်မည်။ သို့သော် ဂေလင်းဆီက မီးထွန်းရန်အတွက်သာ ဈေးကွက်တွင်ရေပန်းစားခဲ့သဖြင့် ၎င်း၏ ဈေးနှုန်းများ အဆမတန် ထိုးတက်သွားသည့်အခါ အစားထိုးဆီကိုရှာဖွေတွေ့ရှိခဲ့ပြီးနောက် ဂေလင်းဆီဂယ်လိုအားနှင့် ဈေးနှုန်းလည်းကျဆင်းခဲ့ရပြီး ဂေလင်းများကိုလည်း မပျောက်ကွယ်အောင် ထိန်းသိမ်းထားနိုင်ခဲ့သည်။

5. Clair Wilcox, *Competition and Monopoly in American Industry.* Monograph no. 21, Temporary National Economic Committee,Investigation of Concentration of Economic Power, 76th Cong.3d sess. (Washington, D.C.: U.S. Government Printing Office, 1940).

6. Adam Smith, *An Inquiry into the Nature and Causes of the Wealth of Nations,* 18.

7. M. Mark Crain and Thomas D. Hopkins, The Impact of Regulatory Costs on Small Firms (report for the U.S. Small Business Administration, U,S. Department of Commerce), p.61. Downloaded August 6, 2004, at http://www.sba.gov/advo/research/rs207tot. pdf.

8. For evidence on this point, see Edward Bierhanzl and James Gwartney, "Regulation, Unions, and Labor Markets," *Regulation* (Summer 1998): 4053.

9. Henry George, *Protection or Free Trade* (New York: Robert Schalkenbach Foundation, 1980), 47.

10. Many of the "job savers" act as if foreigners are willing to supply us with goods without ever using their acquired dollars to purchase things from us. But this is not the case. If foreigners were willing to sell things to us for dollars and never use the dollars to buy products from us, it would be as though we could write checks for anything we wanted without anyone ever cashing them. Wouldn't that be great? In fact, however, people do cash our checks when we buy things from them. They don't actually want our checks; they want the things that money from our checking accounts can buy. Similarly, people in other countries who export products to us don't want our money; they want what the money can buy. Otherwise, we could just print the dollars we send them to get their goods as cheaply as possible, without fear of inflation, because the dollars would not come back to buy things in our market. But most of the dollars do come back in the form of foreign purchases of goods made by American workers. Thus, our purchases from foreigners-our imports-generate the demand for our exports.

11. When the exchange rate is determined by market forces, equilibrium in this market will bring the purchases of goods, services, and assets (including both real and financial assets such as bonds) from foreigners into balance with the sale of these items to foreigners. During the last couple of decades, United States imports of goods and services have persistently exceeded exports. With market-determined exchange rates, such trade deficits will be largely offset by an inflow of capital of similar magnitude. The capital inflow will result in lower interest rates, more investment, and additional employment. Thus, even in this case, there is no reason to anticipate that there will be a negative impact on employment. The U.S. experience illustrates this point. Even though trade deficits were present throughout most of the 1980-2003 period, employment in the United States expanded by about 35 millions.

12. ကုန်ကျမှုလျှော့ချရန် ပြည်ပများတွင် လုပ်ငန်းများ လုပ်ဆောင်စေခြင်းဖြင့် ”ပြင်ပတွင် ခွဲဝေလုပ်ကိုင်ခြင်း (outsourcing)” အတွက်လည်း ထိုနည်းတူပင်။ လုပ်ငန်းတစ်ခုကို ပြည်ပတွင် ကုန်ကျမှုပိုမိုသက်သာစွာဖြင့် ကိုင်တွယ်လုပ်ဆောင်နိုင်လျှင် ထိုသို့လုပ်ဆောင်ခြင်းက ပြည်တွင်းအရင်းအမြစ်များ လျှော့ချနိုင်ပြီး ယင်းအရင်း အမြစ်များကို ထုတ်လုပ်မှုပိုမိုမြင့်မားစေမည့် လုပ်ငန်းဆောင်တာများတွင် အသုံးချနိုင်သည်။ ရလဒ်အနေဖြင့် အထွက်တိုးလာပြီး ဂင်ငွေအဆင့်အတန်း ပိုမိုမြင့်မားလာလိမ့်မည်ဖြစ်သည်။

13. For additional details, see James Gwartney and Robert Lawson, *Economic Freedom of the World: 2004 Report* (Vancouver: Fraser Institute, 2004) and the Web site www.freetheworld.com.

14. Countries with lower initial income levels should grow more rapidly than those with higher incomes (keeping other factors constant). After all, the low-income countries are in a position to adopt technologies and business practices that have proven successful in the higher-income countries. The freer economies have higher initial income levels, a fact that makes their more rapid growth all the more impressive. It should be noted, however, that the world's fastest growth rates have been registered by low-income countries after they achieved relatively good economic freedom ratings (for example, EFW ratings of 6.0 or better during 1980-2000). Thus, low-income countries can achieve highly impressive rates of economic growth when they adopt institutions and policies that are consistent with economic freedom.

အပိုင်း ၃။ စီးပွားရေးတိုးတက်မှုနှင့် အစိုးရ၏ အခန်းကဏ္ဍ

1. Thomas Jefferson, First Inaugural Address, March 4,1801.

2. Abraham Lincoln, fragment on government from *The Collected Works of Abraham Lincoln* ed. Roy P.Basler, vol. 2 (Rutgers UniversityPress, 1953),220.

3. The principle that productive projects generate the potential for political unanimity was initially articulated by Swedish economist Knut Wicksell in 1896. See Wicksell, "A New Principle of Just Taxation," in James Gwartney and Richard Wagner eds., *Public Choice and Constitutional Economics* (Greenwich: JAI Press,1988). Nobel laureate James Buchanan has stated that Wicksell'swork provided him with the insights that led to his major role inthe development of modern public choice theory.

4. More than half of U.S. families now retain tax-preparation firms like H&R Block and Jackson Hewitt to help file the required forms and comply with the complex rules. Businesses spend roughly $5 billion each year in tax-consulting fees to the Big 5 accounting firms, to say nothing of the fees paid to other accounting, law, and consulting firms. For additional details, see Office of Management and Budget, *Information Collection Budget of the UnitedStates Government*, fiscal year 1999. Also see Tax Foundation *Special Brief* by Arthur Hall, March 1996.

5. M. Mark Crain and Thomas D. Hopkins, "The Impact of Regulatory Costs on Small Firms (report for the U.S. Small Business Administration, U.S. Department of Commerce), p.24. Downloaded August 6, 2004, at http://www.sba.gov/advo/research/rs 2 0 7 tot.pdf.

6. Quotation is from The Wall Street Journal, December 16, 1983.

7. For additional details on the sugar program, see Aaron Lukas, "A Sticky State of Affairs: Sugar and the U.S.-Australia Free-Trade Agreement" (Washington, D.C.: Cato Institute, 2004). In recent years candy manufacturers and other major users of sugar have been moving to Canada, Mexico, and other countries where sugar can be purchased at the world market price. Illustrating our earlier discussion of trade, the import restrictions that "saved" jobs in the sugar-growing industry caused job losses in other industries, particularly those that use sugar intensely. It will be interesting to see if the increasing visibility of the job losses among candy manufacturers will weaken the political clout of the sugar growers.

8. Interestingly, politicians will be in a position to extract more political contributions from well organized interest groups when legislation that threatens their interests is

likely to pass. Interest group members will tend to give more political support and campaign contributions in an effort (often succesful) to block or derail the harmful legislation. For example, when the Clinton administration was pushing for widespread controls over medical care in 1993, contributions to Congress by the medical industry increased 27 to 30 percent above their levels in the previous nonelection year. See Fred S. McChesney, *Money jor Nothing: Politicians, Rent Extractionand Political Distortion* (Cambridge, Mass.: Harvard University Press, 1997), 56-57.

9. James Buchanan, *The Dificit and American Democracy* (Memphis: P. K. Steidman Foundation, 1984).

10. E.C. Pasour Jr., long-time professor of economics at North Carolina State University, has pointed out to the authors that the federal "dinner check" analogy can be carried one step further. Suppose the check is to be divided evenly among the large group, but the ordering will be done by committee, so there will be separate committees for drinks, appetizers, entrees, salads, and desserts. Since each person can serve on the committees of his (or her) choice, lushes will end up on the drinks committee, vegetarians on the salad committee, sweet tooths on the dessert committee, and so on. This arrangement further exacerbates the tendency toward overordering and overspending. The arrangement just described closely resembles the committee structure of the U.S. Congress.

11. ၁၉၄၇ နှင့် ၁၉၉၀ ခုနှစ်အကြားတွင် အခွန်ဘဏ္ဍာ တစ်ဒေါ်လာဝင်တိုင်း အသုံးစရိတ် ၁.၅၉ ဒေါ်လာ သုံးစွဲမှု တိုးမြှင့်လာကြောင်း ကွန်ဂရက်လွှတ်တော် ပူးတွဲစီးပွားရေးကော်မတီ (the Joint Committee of Congress) အတွက် ပြုစုသည့် ၁၉၉၁ ခုနှစ် လေ့လာချက်တစ်ခုက တွေ့ရှိရသည်။ ထို့ကြောင့် ထပ်တိုးဝင်ငွေသည် အသုံးစရိတ် ပိုမိုကြီးထွားမှုကို ဖြစ်စေသည်။

12. James R. Schlesinger, "Systems Analysis and the Political Process," *Journal of Law & Economics* (October 1968): 281.

13. See James Gwartney and Richard Stroup, "Transfers, Equality, and the Limits of Public Policy," *Cata Journal* (Spring/Summer 1986), for a detailed analysis of this issue.

14. James Gwartney and Richard Stroup, ibid.

15. Adam Smith, *The Theory of Moral Sentiments* (1759; New York: A. M. Kelley, 1966).

16. For additional details on this topic, see James Gwartney, Richard Stroup, Russell Sobel, and David McPherson, *Economics: Privateand Public Choice.* 10th edition (Cincinnati: Thompson Learning/ Southwestern Press, 2002), especially Special Topic 8, "The Economics of Health Care."

17. Walter Lippmann, *The Good Society* (New York: Grosset & Dunlap, 1956), 38.
18. Points (b) and (c) are borrowed from Milton and Rose Friedman, *Free to Choose* (New York: Harcourt Brace Jovanovich, 1980). See particularly chapter 10.
19. လိုင်စင်နှင့် အသိအမှတ်ပြုလက်မှတ်များကို ခွဲခြားသိမြင်ရန် အရေးကြီးပါသည်။ လိုင်စင်ရှိရမည့်လိုအပ်ချက်များမှာ ပြည်နယ်တစ်ခု၏ ခွင့်ပြုချက်မရှိဘဲ အလုပ်ကိုင်တစ်ခု သို့မဟုတ် သက်မွေးဝမ်းကျောင်းပညာတစ်ခုကို မလုပ်နိုင်အောင် တားမြစ်ထားသည်။ ယင်းလိုအပ်ချက်တို့မှာ ကုန်သွယ်ရေးအပေါ် ကန့်သတ်ခြင်းပင် ဖြစ်သည်။ နှိုင်းယှဉ်ခြင်းအားဖြင့် အသိအမှတ်ပြုလက်မှတ်ဆိုသည်မှာ စားသုံးသူများအား သတင်းအချက်အလက်များ (ဥပမာ စမ်းသပ်စစ်ဆေးမှုများ အောင်မြင်ကြောင်း သို့မဟုတ် ပညာအရည်အချင်း ပြည့်စုံကြောင်း) ပေးရန် လိုအပ်ချက်တစ်ရပ်သာ ဖြစ်သည်။ အသိအမှတ်ပြုလက်မှတ်များသည် သတင်းအချက်အလက် ပံ့ပိုးရန် သက်သက်သာ လိုအပ်ပါက အသိအမှတ်ပြုလက်မှတ်ရှိခြင်းကို ယခုပြင်ဆင်ချက်တွင် မရုပ်သိမ်းရန် မလိုအပ်ပေ။

## အပိုင်း ၄။ ကိုယ်ပိုင်ငွေကြေးအား လက်တွေ့ကျကျ စီမံခန့်ခွဲခြင်း သော့ချက် ၁၂ ချက်

I. Thomas Stanley and William D. Danko point out in their best seller, The *Millionaire Next Door* (Atlanta: Longstreet Press, 1996), that the most common characteristic of millionaires is that they have lived beneath their means for a long time. Over half of them never received any inheritance and fewer than 20 percent received 10 percent or more of their wealth from inheritance (p.16).
2. Some may need creative methods of controlling impulse purchases with a credit card. If this is the case, economist and financial adviser William C. Wood suggests that you freeze your credit card inside a block of ice in your refrigerator. By the time the ice thaws, your impulse to buy may have cooled. For an excellent book on personal finance written from a Christian perspective, see William C. Wood, *Getting; a Grip on Your Money* (Downers Grove, IL: Inter-Varsity Press, 2002).
3. Prof. William C. Wood calls such items "SIT expenditures."Wood indicates that "SIT stands for two things: (1) sit down when you get an unexpected bill, and (2) surprises, insurance and taxes."
4. Our calculations assume that your investments yield a return of 7 percent every year. Obviously this is unlikely to happen. Even though you can expect an average annual return of approximately 7 percent, this return will vary from year to year. This can

make a difference in how much you accumulate at retirement, but the difference is likely to be small.

5. A 7 percent real return may not sound like much compared to what some stocks, such as Dell and Microsoft, have yielded. But a 7 percent compounded rate of return means that the value of your savings will double every ten years. In contrast, it will take thirty-five years to double your money at a 2 percent interest rate, the approximate after-tax return earned historically by savings accounts and money market mutual funds. (Note: you can approximate the number of years it will take to double your funds at alternative interest rates by simply dividing the yield into seventy. This is sometimes referred to as the Rule of 70.)

6. See Liqun Liu, Andrew J. Rettenmaier, and Zijun Wang, "Social Security and Market Risk," National Center for Policy Analysis Working Paper, no. 244, July 2001.

7. Over the thirty-plus years from January 1971 through October 2001, the average return from equity mutual funds was 10.72 percent per year. Over the same period, the Wilshire 5000 (which now includes over six thousand stocks), earned an average annual return of 12.09 percent, and the S&P 500 earned an average annual return of 12.36 percent. Furthermore, these averages do not include the fees and commissions that often run as high as 2 percent of the total investment in managed funds but which are commonly less than 0.25 percent of the total investment in indexed funds. Once these differences in expenses are considered, the difference in expected returns from investing in an indexed mutual fund and an actively managed mutual fund favors indexed mutual funds by an even larger margin. See Jeremy
J. Siegal, *Stocks for the Long Run,* 3rd edition (New York: McGraw Hill, 2002), 342-43. Also see Jonathan Clements, "The Truth Investors Don't Want to Hear on Indexed Funds and Market
Soothsayers," *Wall Street Journal,* May 12, 1998, C1.

8. This example comes from pages 13-14 of Burton G. Malkiel, *A Random Walk Down Wall Street* (New York, W.W.Norton & Company,1999).

9. For these and other examples see Malkiel, 1999, p.183. For additional evidence that a mutual fund yielding a high rate of return during one period cannot be counted on to continue to do so in the future, sec Mark M. Carhart, "On Persistence in Mutual Fund Performance," *The Journal of Finance* 52, no.1 (March 1997): 57-82.

10. See Burton G. Malkiel, *A Random Walk Down Wall Street: The Time-Tested Strategy for Successful Investing* (New York: W.W.Norton & Company, 2003),189-190.
11. Even those investing in index funds should obtain some advice from experts. There are tax and legal considerations such as taking advantage of tax-deferred possibilities, establishing wills and trusts, making wise insurance choices, etc., which do require input from specialists.
12. James K. Glassman, in "Eyes on the Prizes," *January 7, 2003, Tech Central Station,* at
http://www.techcentralstation.com/1051/techwrapper.jsp?PID=I051_250&CID=1051_010713D usesthis example and deals with strategies for each of these savingsgoals in more detail.

## အနက်ဖွင့်ဆိုချက်များ

Average tax rate - ပျမ်းမျှအခွန်နှုန်း - တစ်စုံတစ်ဦး၏ ဝင်ငွေမှ အခွန်ပေးဆောင်ရသည့် ရာခိုင်နှုန်း
Balance budget - မျှခြေရသုံးမှန်းခြေ - အခွန်အခများနှင့် အခြားသော ရပေါက်ရလမ်းများမှရရှိသော အစိုးရ၏ လက်ရှိဝင်ငွေသည် အစိုးရ၏ လက်ရှိအသုံးစရိတ်များနှင့် မျှခြေရှိသည့် ဘဏ္ဍာရေးအခြေအနေ
Budget deficit - ဘတ်ဂျက်လိုငွေပြမှု - ကာလအပိုင်းအခြားတစ်ခုအတွင်း၊ ပုံမှန်အားဖြင့် နှစ်တစ်နှစ်အတွင်း၌ အစိုးရ၏ စုစုပေါင်း အသုံးစရိတ်သည် အစိုးရ၏ စုစုပေါင်း ဝင်ငွေထက် ကျော်လွန်သည့် ငွေကြေးပမာဏ

Budget surplus - ဘတ်ဂျက်ပိုငွေပြမှု - ကာလတစ်ခုအတွင်း၊ ပုံမှန်အားဖြင့် နှစ်တစ်နှစ်အတွင်း၌ အစိုးရ၏ စုစုပေါင်း ဝင်ငွေသည် အစိုးရ၏ စုစုပေါင်း အသုံးစရိတ်ထက်ကျော်လွန်သည့် ငွေကြေးပမာဏ

Capital flight - ငွေရင်း ရွှေ့ပြောင်းသွားခြင်း -အစိုးရမူဝါဒများအပေါ် အယုံအကြည် မရှိတော့သည့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများက နိုင်ငံတစ်ခုတွင် လည်ပတ်နေသော စတော့များ၊ ငွေချေးသက်သေခံစာချုပ်များနှင့် အခြားပိုင်ဆိုင်မှုများကို ရောင်းချ၍ ယင်းမှရရှိသည့် ငွေများကို နိုင်ငံပြင်ပသို့ ထုတ်ယူရွှေ့ပြောင်းမှု

Capital formation - ငွေရင်းဖြစ်ပေါ်မှု - အနာဂတ်ကုန်ထုတ်စွမ်းအားကို မြှင့်တင်ပေးနိုင်မည့် အဆောက်အဦများ တည်ဆောက်ခြင်း၊ စက်ယန္တရားများ၊ ပစ္စည်းကိရိယာများနှင့် အခြားသော လုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်ခြင်း။ အနာဂတ်တွင် လုပ်သားများ၏ ကုန်ထုတ်လုပ်မှုစွမ်းရည် မြင့်မားလာစေရန်အတွက် လုပ်သားများ၏ အသိပညာနှင့် ကျွမ်းကျင်မှုများအား ပြုစုပျိုးထောင်ပေးခြင်းတို့လည်း ပါဝင်သည်။

Capital inflow - ပြည်တွင်းသို့ ငွေကြေးစီးဝင်မှု - နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများက ပြည်တွင်း စတော့များ၊ ငွေချေးသက်သေခံစာချုပ်များနှင့် အခြားသော အခြေပစ္စည်းများအား ဝယ်ယူမှုကြောင့် စီးဝင်လာသော ငွေကြေး

Capital market - အရင်း/ငွေကြေးဈေးကွက် - စတော့နှင့် ငွေချေးစာချုပ်များကဲ့သို့ ရင်းနှီးမြှုပ်နှံမှုများ ရောင်းဝယ်မှုပြုသည့် ဈေးကွက်နေရာများစွာကို ကိုယ်စားပြုပြောဆိုသည့်ယေဘုယျ ဝေါဟာရ

Capital outflow - ပြင်ပသို့ ငွေကြေးစီးထွက်မှု - ပြည်တွင်းရင်းနှီးမြှုပ်နှံသူများက နိုင်ငံခြား စတော့များ၊ ငွေချေးစာချုပ်များနှင့် အခြားသော ခြေပစ္စည်းများအား ဝယ်ယူခြင်းကြောင့် စီးထွက်သွားသော ငွေကြေး

Competition - ယှဉ်ပြိုင်မှု - ထုတ်လုပ်သူများနှင့် သွင်းကုန်ဖြန့်ဖြူးရောင်းချသူများ စသည့် အုပ်စုများအကြား စဉ်ဆက်မပြတ် ယှဉ်ပြိုင်ကြသည့် ဖြစ်စဉ်။ ယင်းအုပ်စု အသီးသီးတို့သည် အရည်အသွေး၊ ဈေးနှုန်းနှင့် ထုတ်လုပ်မှုအချက်အလက်များကို ထည့်သွင်းစဉ်းစားပြီးနောက် ဝယ်ယူသုံးစွဲမည့်သူများအား ပို၍ပို၍ကောင်းမွန်သော တန်ဖိုး၊ အသုံးဝင်မှုများ ပေးနိုင်ရန် ကြိုးပမ်းကြသည်။ ယှဉ်ပြိုင်မှုဆိုရာတွင် ဈေးကွက်အတွင်းသို့ ဝင်ရောက်နိုင်ခွင့် ရှိခြင်းပင်ဖြစ်သည်။ ကုန်ပစ္စည်းဖြန့်ဖြူးပေးသွင်းလိုသူများအနေဖြင့် ဈေးကွက်သို့ ဝင်ရောက်ရန်အတွက် အစိုးရမှ ခွင့်ပြုချက်များ တောင်းခံနေစရာ မလိုအပ်ခြင်းပင် ဖြစ်သည်။

Compound interest - အတိုးပေါ်ဆင့်တွက်သော အတိုး / တိုးရင်းပေါင်းအတိုး - ယခင်အတိုးပေါ်သို့ ထပ်မံပေးသည့် အတိုး (ချေးငွေများအပေါ် ပြန်ရငွေ)။ ထို့ကြောင့် အတိုးသည် မူလငွေရင်းတွင်သာ မက အစောပိုင်းကာလများမှ ရရှိခဲ့သော အတိုးများပေါ် အတိုးပေးသည့် ဆင့်ပွားအတိုးပေးခြင်း ဖြစ်သည်။

Complements - တွဲဖက်ကုန်စည်များ - အခြားကုန်စည်တစ်ခု၏ တန်ဖိုးကို မြှင့်တင်ပေးခြင်းကြောင့် တွဲဖက် အသုံးပြုနိုင်သည့် ကုန်စည်များ။ ကုန်စည်တစ်ခု ဈေးနှုန်းတက်ခြင်းကြောင့်

အခြားကုန်စည်တစ်ခုအတွက်ပါ ဝယ်လိုအား ကျဆင်းစေပြီး အလားတူ ယင်းကုန်စည်ဈေးနှုန်းကျဆင်းခြင်းကြောင့် အခြားကုန်စည်အတွက် ဝယ်လိုအားမြင့်တက်စေမည် ဖြစ်သည်။ (ဥပမာ သကြားနှင့် ကော်ဖီတို့သည် တွဲဖက်ကုန်စည်များ ဖြစ်ကြသကဲ့သို့ ရှူးဖိနပ်နှင့် ခြေအိတ်၊ အမြန်အစားအစာနှင့် အစာအိမ်နှင့် ရင်ပူသက်ကယ်ဆေး)

Consumer price index (CPI) - စားသုံးသူဈေးနှုန်းအညွှန်း (CPI) - ဈေးနှုန်းများ၏ ယေဘုယျ အတက်အကျ ရည်ညွှန်းချက်။ အစိုးရထုတ်ပြန်သည့် အဆိုပါ ရည်ညွှန်းချက်သည် ကာလတစ်ခုအတွင်း သာမာန်စားသုံးသူတစ်ဦးက ဝယ်ယူသည့် စားသုံးကုန်ပစ္စည်း ဝယ်ယူစရိတ်ကို အစောပိုင်းကာလတစ်ခုအတွင်း စားသုံးကုန်ပစ္စည်း ဝယ်ယူစရိတ်နှင့် နှိုင်းယှဉ်ခြင်း ဖြစ်သည်။

Currency board - ငွေကြေးအမှုဆောင်အဖွဲ့ - (၁) အများက ကျယ်ပြန့်စွာ လက်ခံသည့် ငွေကြေးနှင့် (ဥပမာ အမေရိကန် ဒေါ်လာနှင့် ချိတ်ဆက်ထားသည့်) နှိုင်းရသတ်မှတ် တန်ဖိုးရှိသည့် ငွေကြေးထုတ်ပြန်သည့် (၂) သတ်မှတ် နှုန်းအတိုင်း ထုတ်ပေးသည့် ငွေကြေးအဖြစ် ဆက်လက်လက်ခံရန် ကတိပြုသည့် (၃) ထုတ်ပေးပြီး ငွေကြေးအားလုံးကို ၁၀၀ % ကျားကန်ပေးပြီး အများကကျယ်ပြန့်စွာ လက်ခံပြီး ငွေကြေးအရ ဖွင့်ဆိုသည့် ငွေချေးစာချုပ်များနှင့် အခြားငွေဖြစ်လွယ်သည့် ပိုင်ဆိုင်မှုများကို ထိန်းသိမ်းသည့် အစိုးရအဖွဲ့အစည်းတစ်ခု။

Diversification - ဖြန့်ကြက်ရင်းနှီးမြှုပ်နှံခြင်း - ရင်းနှီးမြှုပ်နှံမှုများနှင့်အတူ ရှိတတ်သည့် စွန့်စားမှုလျှော့နည်းစေရန် မတူညီသည့် လုပ်ငန်းများ၊ စက်မှုလုပ်ငန်းများနှင့် စတော့၊ ငွေချေးစာချုပ်ကဲ့သို့ အရာများ၊ အိမ်ခြံမြေ စသည်တို့တွင် ရင်းနှီးမြှုပ်နှံသည့် မဟာဗျူဟာ။

Division of labour - လုပ်ငန်းခွဲဝေခြင်း - ကုန်စည်တစ်မျိုး ထုတ်လုပ်ရာတွင် ကျွမ်းကျင်မှု မတူကွဲပြားသည့် လုပ်သားတစ်ဦးစီက စွမ်းဆောင်သည့် အသီးသီးသော လုပ်ငန်းများအဖြစ် အလုပ်တာဝန်ခွဲဝေခြင်း နည်းစနစ်တစ်ခု။

Economic institution - စီးပွားရေးအဖွဲ့အစည်း/ အင်စတီကျူးရှင်းများ - စီးပွားရေး လုပ်ငန်း မည်သို့လုပ်ဆောင်ရမည်ဟု လမ်းညွှန်ပေးသည့် တရားဥပဒေ၊ ငွေကြေး၊ ရောင်းရေးဝယ်တာနှင့် စည်းမျဉ်းများ၊ ဥပဒေများနှင့် ဓလေ့ထုံးစံများ။

Economies of scale - အမြောက်အများ ထုတ်လုပ်ခြင်း - အရေအတွက် အကြီးစား ထုတ်လုပ်ရန် အကြီးစားစက်ရုံများကို အသုံးပြုသည့်အခါ ပေါ်ပေါက်သည့် လုပ်ငန်း၏ တစ်ခုချင်း ကုန်ကျမှုများ လျှော့ချမှုများ။

Economizing behavior - စရိတ်ကျဉ်းတွက်ခြေကိုက်လုပ်နည်း - ဖြစ်နိုင်သမျှ စရိတ်နည်းနည်းဖြင့် ထူးခြားသည့်အကျိုးခံစားခွင့်ရရှိရေး ရွေးခြယ်မှု။ စရိတ်ကျဉ်းတွက်ခြေကိုက်လုပ်နည်း၏ အကျိုးသက်ရောက်မှုက ထုတ်လုပ်စရိတ်ချင်းတူလျှင် တစ်ဦးချင်းတို့က အကျိုးအမြတ်အများဆုံးပေးသည့် စနစ်ကိုသာ ရွေးခြယ်တတ်သည်။

Equities - အစုရှယ်ယာပိုင်ဆိုင်မှု - ကုမ္ပဏီတစ်ခုရှိ စတော့ရှယ်ယာများ။ ယင်းရှယ်ယာများသည် ကုမ္ပဏီအား စုပေါင်းအမည်ပေါက်ပိုင်ဆိုင်မှုကို ကိုယ်စားပြုသည်။

Equity mutual fund - အစုစပ်ယာများကို ဖြန့်ကျက်ရင်းနှီးမြှုပ်နှံပေးသည့် အဖွဲ့အစည်း - ရင်းနှီးမြှုပ်နှံသူများ၏ ငွေကြေးများ အစုစပ်ပါဝင်ပြီး ယင်းအစုတို့ကို စတော့များ ဝယ်ယူရာတွင် အသုံးချသည့် ကော်ပိုရေးရှင်းတစ်ခု။ အကျိုးတူငွေကြေး အဖွဲ့များသည် အသေးစားရင်းနှီးမြှုပ်နှံသူများအတွက်ပင် မတူသည့်စတော့များ ဖြန့်ကြက် ပိုင်ဆိုင်ရန် ဖြစ်နိုင်စေသည်။

Entrepreneur - စွန့်ဦးတီထွင်သူ - အမှန်ဖြစ်ထွန်းမည့် အမြတ်များ မျှော်လင့်ပြီး ဆန်းသစ်သည့် ချဉ်းကပ်နည်းများ၊ ထုတ်ကုန်များ အစမ်းလုပ်ကိုင်ခြင်း၊ စီမံကိန်းများ လုပ်ကိုင်ခြင်းဖြင့် စွန့်စားမှုစတင်သည့် အကျိုးအမြတ်ရှာဖွေရန် ဆုံးဖြတ်ချက်ချသူ။ အောင်မြင်သည့် စွန့်ဦး တီထွင်သူတစ်ဦး၏ လုပ်ရပ်များသည် အရင်းအမြစ်များ၏ တန်ဖိုးကို တိုးတက်စေသည်။

Exchange rate - ငွေလဲလှယ်နှုန်း - နိုင်ငံခြားငွေကြေး တစ်ယူနစ်အတွက် ပြည်တွင်းပေါက်ဈေး။ ဥပမာ အင်္ဂလိပ်ငွေ တစ်ပေါင် ဝယ်ယူရန် အမေရိကန် ၁.၅၀ ဒေါ်လာကျသင့်လျှင် ဒေါ်လာ-ပေါင် ငွေလဲနှုန်းသည် ၁.၅၀ ဖြစ်သည်။

Exports - ပို့ကုန် - ပြည်တွင်းတွင် ထုတ်သော်လည်း နိုင်ငံခြားဝယ်ယူသူများထံ ရောင်းချသည့် ကုန်စည်များနှင့် ဝန်ဆောင်မှုများ။

Foreign exchange market - နိုင်ငံခြားငွေလဲဈေးကွက် - နိုင်ငံမျိုးစုံမှ ငွေကြေးများကို ရောင်းဝယ်နိုင်သည့် ဈေးကွက် နေရာ။

Gross domestic product (GDP) - စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှု (GDP) - ကာလတစ်ခုအတွင်း နိုင်ငံ တစ်ခုတွင် ထုတ်လုပ်သည့် ကုန်စည်များနှင့် ဝန်ဆောင်မှုအားလုံးတို့၏ နောက်ဆုံးအသုံးချ/သုံးစွဲချိန် (လက်ငင်း အသုံးချချိန်မဟုတ်) တွင် ပေါက်သော ဈေးကွက်တန်ဖိုး။

Incentives - မက်လုံး/ ဆွဲဆောင်မှုများ - လုပ်ဆောင်ချက်များမှ မျှော်မှန်းသည့် အကျိုးကျေးဇူး။ ယင်းတို့သည် (အကျိုးဖြစ်ထွန်းလျှင်) အပြုသဘောဆောင်နိုင်သကဲ့သို့ (လုပ်ဆောင်ချက်ကြောင့် ပြစ်ဒဏ်ဖြစ်စေလျှင်) အပျက်သဘောဆောင်သည်။

Incentive structure - မက်လုံးတည်ဆောက်ထားမှု ပုံစံ - လုပ်ဆောင်ချက်တစ်ခုကို အားပေးရာတွင် ကမ်းလှမ်းသည့် အကျိုးခံစားခွင့်အမျိုးအစားများနှင့် မတူပြောင်းလဲသည့် လုပ်ဆောင်ချက်တစ်ရပ်ကို ရှုတ်ချရာတွင် အသုံးပြုသည့် ဒဏ်ပေးစနစ်အမျိုးအစားများ။

Import quota - သွင်းကုန်အရေအတွက် ကန့်သတ်ချက် - ကာလတစ်ခုအတွင်း နိုင်ငံတစ်ခုအတွင်းသို့ တင်သွင်းမည့် ကုန်စည်တစ်ခု၏ အများဆုံးတင်သွင်းခွင့် အရေအတွက် သို့မဟုတ် တန်ဖိုးကို သီးခြား ကန့်သတ်မှု။

Imports - သွင်းကုန် - နိုင်ငံခြားသားများက ထုတ်လုပ်ပြီး ပြည်တွင်းဝယ်ယူသူများက ဝယ်သည့် ကုန်စည်နှင့် ဝန်ဆောင်မှုများ။

Income transfer - ဝင်ငွေလွှဲပြောင်းခြင်း - ငွေလက်ခံသူများက ပေးသည့် ဝန်ဆောင်မှုများနှင့် မသက်ဆိုင်ဘဲ အစိုးရက တစ်ဦးချင်းနှင့် လုပ်ငန်းများထံ ပေးသည့် ပေးချေမှုများ။ လူပုဂ္ဂိုလ်အချို့အပေါ် အခွန်အခကောက်ပြီး အခြားပုဂ္ဂိုလ်များအား လွှဲပြောင်းပေးခြင်း ဖြစ်သည်။

Indexed equity funds - ရည်ညွှန်းအစုစပ်ငွေကြေးအဖွဲ့များ - (S&P 500 ကဲ့သို့သော) ညွှန်းကိန်းရှိသည့် ငွေကြေးသက်သေခံလက်မှတ်များ အစုစုကို ကိုင်ဆောင်ခြင်း။ ယင်း၏ တန်ဖိုးသည် ချိတ်ဆက်ထားသော ညွှန်းကိန်းအတိုင်း တသားတည်း အတက်အကျ ဖြစ်ပါသည်။

Inflation - ငွေကြေးဖောင်းပွမှု - ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ အထွေထွေဈေးနှုန်း ဆက်တိုက်တက်ခြင်း။ ငွေကြေးဖောင်းပွမှုဖြစ်စဉ်တွင် တစ်ဒေါ်လာကဲ့သို့ ငွေကြေးတစ်ယူနစ်၏ ဝယ်နိုင်စွမ်း ကျဆင်းသွားသည်။

Investment - ရင်းနှီးမြှုပ်နှံမှု - လူသားအရင်းအမြစ်နှင့် အခြားသော အရင်းအမြစ်အပါအဝင် အရင်း အရင်းအမြစ်များ ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း သို့မဟုတ် ဖော်ဆောင်ခြင်း။ ရင်နှီးမြှုပ်နှံခြင်းကြောင့် ငွေပင်ငွေရင်း ရရှိနိုင်မှု ဖြစ်ပေါ်စေပါသည်။

Investment goods - ရင်းနှီးမြှုပ်နှံမှုကုန်စည်များ - အနာဂတ်စီးပွားရေး အကျိုးအမြတ်များ ထွက်ပေါ်လာစေရန် ရည်ရွယ်ချက်ဖြင့် ဝယ်ယူသည့် သို့မဟုတ် တည်ဆောက်သည့် ကုန်စည်များနှင့်/ သို့မဟုတ် အခြေခံပံ့ပိုးမှုများ။ ဥပမာအနေဖြင့် ငှားရမ်းသည့်အိမ်များ၊ စက်ရုံများ၊ သင်္ဘောများ သို့မဟုတ် လမ်းများဖြစ်သည်။

"junk" bonds - အန္တရာယ်ရှိ ငွေချေးစာချုပ်များ - များသောအားဖြင့် ကောင်းစွာ တည်ထောင်လည်ပတ်နေခြင်း မရှိသည့် လုပ်ငန်းများက ထုတ်ဝေပြီး စွန့်စားမှုမြင့်မားသလောက် အတိုးနှုန်းများများ ကမ်းလှမ်းသည့် စွန့်စားမှုမြင့်မားသည့် ငွေချေးစာချုပ်များ။

Invisible hand principle. မမြင်ရသည့်လက် နိယာမ - လူတစ်ဦးချင်းတို့က သူတို့ကိုယ်ပိုင် အကျိုးစီးပွားများ ဆောင်ရွက်ခြင်းနေစဉ်တွင် လူ့အဖွဲ့အစည်း တစ်ရပ်လုံး၏ အကျိုးစီးပွားကိုပါ ဆောင်ကြဉ်းပေးစေသည့် ဈေးကွက်ပေါက်ဈေးများ၏ လမ်းညွှန်ပေးနိုင်မှု။

Law of comparative advantage - နှိုင်းယှဉ်အားသာချက် နိယာမ - တစ်ဦးချင်းများ၊ လုပ်ငန်းများ၊ ဒေသများ သို့မဟုတ် နိုင်ငံများအနေဖြင့် ထုတ်လုပ်မှုအား မည်သို့ များများထုတ်လုပ်နိုင်ကြောင်း၊ ကုန်သွယ်မှုမှ အပြန်အလှန် အကျိုးကျေးဇူးများ မည်သို့ ရရှိနိုင်ကြောင်း သိရှိစေသည့် နိယာမ။ ဤနိယာမအရ တစ်ဦးချင်တို့သည် သက်သာစွာ (တစ်ခုရရန်အတွက် အခြားတစ်ခုအား စွန့်လွှတ်ရမှု နည်းနည်းဖြင့်) ထုတ်လုပ်နိုင်သည့် ကုန်စည်များတွင် အထူးပြုလုပ်ဆောင်ကြပြီး ယင်းကုန်စည်တို့ကို လက်လွှတ်လိုက်ရသည့် တန်ဖိုးများမည့် အခြားကုန်စည်များနှင့် ဖလှယ်ကြသည်။

Liquid asset - ငွေဖြစ်လွယ်သည့် ပိုင်ဆိုင်မှု - တန်ဖိုးလျှော့နည်းဆုံးရှုံးမှုမရှိဘဲ ဝယ်နိုင်စွမ်းအားအဖြစ်သို့ လွယ်ကူလျင်မြန်စွာ ပြောင်းလဲနိုင်သည့် ပိုင်ဆိုင်မှုတစ်ခု။

Loan able funds market - ချေးငွေရနိုင်သည့် ငွေကြေးဈေးကွက် - စီးပွားရေးလုပ်ငန်းများ၊ အိမ်ထောင်စုများ၏ ငွေချေးယူမှု၊ ချေးငှားပေးမှု ဆုံးဖြတ်ချက်များကို ပူးပေါင်းညှိနှိုင်းပေးသည့် ကျယ်ပြန့်သော ဈေးကွက်ကို ဖော်ပြရန် သုံးသည့် ယေဘုယျဝေါဟာရ။ ကူးသန်းရောင်းဝယ်ရေးဘဏ်များ၊ ငွေစုဆောင်းမှုနှင့် ချေးငွေအသင်းများ၊ စတော့နှင့်ငွေချေးစာချုပ်ဈေးကွက်များ၊ အာမခံကုမ္ပဏီများသည် ဤဈေးကွက်အတွင်း အရေးပါသည့် ငွေကြေးအဖွဲ့အစည်းများ ဖြစ်သည်။

Loss - ဆုံးရှုံးမှု - ရောင်းရငွေသည် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုတစ်ခု ထုတ်လုပ်ပံ့ပိုးသည့် ကုန်ကျမှုကို မကာမိလျှင် ယင်းမကာမိသည့် ပမာဏ။ ဆုံးရှုံးမှုများသည် အရင်းအမြစ်များ အသုံးပြုကာ ထုတ်လုပ်နိုင်သည့် တန်ဖိုးထက် လျှော့နည်းထုတ်လုပ်မိသူများအပေါ် ချမှတ်သည့် ပြစ်ဒဏ်တစ်ခု ဖြစ်သည်။

Marginal - ထပ်ဆောင်းပမာဏ - လတ်တလောအခြေအနေတွင် ပြောင်းလဲမှုတစ်ခု၏ အကျိုးသက်ရောက်မှုများ ဖော်ပြရာတွင် အသုံးပြုသည့် ဝေါဟာရတစ်ခု။ ဥပမာ ထပ်ဆောင်း/ထပ်တိုးကုန်ကျမှုသည် ထုတ်လုပ်သူ၏ လက်ရှိအခြေခံအဆောက်အဦးနှင့် ထုတ်လုပ်မှုနှုန်းအရ ထုတ်ကုန်တစ်မျိုးအတွက် ထပ်ဆောင်းအရေအတွက်တစ်ခု (နောက်ထပ်တစ်ခု) ထုတ်လုပ်ရာတွင် ထပ်ဆောင်းကုန်ကျမှုဖြစ်သည်။

Marginal benefit - ထပ်တိုးအကျိုးကျေးဇူး - ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုတစ်ခု၏ နောက်ထပ်အရေအတွက်တစ်ခု စားသုံးခြင်းကဲ့သို့ လုပ်ရပ်တစ်ခုမှ လာသည့် စုစုပေါင်းတန်ဖိုး သို့မဟုတ် အကျိုးကျေးဇူး ပြောင်းလဲမှု။ ယင်းက လုပ်ဆောင်ချက်အပေါ် သုံးသပ်သည့် တစ်ဦးချင်းက ယင်းအတွက် ငွေပေးချေရန် ဆန္ဒရှိမည့် အမြင့်ဆုံးပမာဏကို ထင်ဟပ်သည်။

Marginal cost - ထပ်ဆောင်းကုန်ကျမှု - ထုတ်လုပ်မှုတွင် ထပ်ဆောင်းအရေအတွက်တစ်ခု ထုတ်လုပ်မှုကဲ့သို့ လုပ်ဆောင်ချက်တစ်ခုမှ ဖြစ်ပေါ်သည့် စုစုပေါင်းကုန်ကျမှု အပြောင်းအလဲ။

Marginal tax rate - ထပ်တိုးအခွန်နှုန်း - အခွန်ပေးဆောင်ထိုက်မည့် ထပ်တိုးဝင်ငွေ ဒေါ်လာအပေါ် ကောက်ခံသည့် အခွန်ရာခိုင်နှုန်း။ ကိုယ်ရေးကိုယ်တာဆုံးဖြတ်ချက် ချမှတ်ရာတွင် သက်ဆိုင်သည့် ထပ်တိုးအခွန်နှုန်းဖြစ်သည်။

Market - ဈေးကွက် - ရောင်းလိုအားနှင့် ဝယ်လိုအားတို့ ဖြစ်စေသည့် ရောင်းသူ၊ ဝယ်သူများ၏ ကုန်သွယ်ရေးစီစဉ်မှုများ ပါဝင်သည့် သဘောတရား။

Market forces - ဈေးကွက်အားများ - ဈေးကွက်ဈေးနှုန်းများ၊ ရောင်းသူ၊ ဝယ်သူများကို ဆုံးဖြတ်ချက်များ ညှိနှိုင်းရန် လှုံ့ဆော်သည့် အရှုံး၊ အမြတ်များမှ တဆင့် ဆက်သွယ်သည့် သတင်းအချက်အလက်များ၊ မက်လုံးများ။

Monetary policy - ငွေကြေးမူဝါဒ - အစိုးရက အမျိုးသားငွေကြေးပံ့ပိုးမှု၊ အချို့ကိစ္စရပ်များတွင် ငွေကြေးအခြေအနေကို ရည်ရွယ်ချက်ရှိရှိ ထိန်းချုပ်ခြင်း။ ယင်းမူဝါဒသည် ဈေးကွက်ဖလှယ်ခြင်းအတွက် ပတ်ဝန်းကျင်တစ်ခု တည်ထောင်ပေးသည်။

Money - ငွေကြေး - ဝယ်သူ၊ ရောင်းသူများက အများဆုံးအသုံးပြုသည့် ကုန်ပစ္စည်းများ ဖလှယ်ရေး ကြားခံဖြစ်သည့် ပေးချေရေးဆိုင်ရာ ပစ္စည်း။

Money interest rate - ငွေကြေးအတိုးနှုန်း - ငွေကြေးယူနစ်များဖြင့် တိုင်းတာပြီး နှုန်းထားနည်း အတိုးနှုန်းဟု မကြာခဏခေါ်ဆိုသည့် အတိုးနှုန်း။ ငွေကြေး ဖောင်းပွမှုကာလအတွင်း ငွေချေးငှားရာတွင် ပကတိကုန်ကျမှုကို ဖောင်းပွစေသည်။

Money supply - ငွေကြေးထုတ်လုပ်မှု - ငွေကြေးထုတ်လုပ်မှု၊ ဘဏ်စာရင်းငွေကြေးများ၊ နိုင်ငံတစ်ခုတွင် ခရီးသွား ငွေလက်မှတ်များ ထုတ်ဝေမှု။ ယင်းအရာများသည် ဝယ်ယူမှုများအတွက် ပေးချေရန်နည်းလမ်းများ အဖြစ် အသုံးပြုသောကြောင့် ငွေကြေးများအဖြစ် သတ်မှတ်နိုင်သည်။

National debt - အမျိုးသားကြွေးမြီ - အတိုးနှုန်းပေးသော ငွေချေးစာချုပ်များပုံစံဖြင့်ရှိသည့် အစိုးရတစ်ရပ်၏ ကြွေးမြီပမာဏ။ ရသုံးမှန်းငွေလျာထားချက် ပိုငွေနှင့် လိုငွေများ၏ စုပေါင်းသက်ရောက်မှုကို ထင်ဟပ်သည်။

National income - အမျိုးသားဝင်ငွေ (ဝါ) နိုင်ငံအဆင့်ဝင်ငွေ - ကာလတစ်ခုအတွင်း နိုင်ငံတစ်ခု၏ နိုင်ငံသားများက ရှာဖွေသည့် စုစုပေါင်းဝင်ငွေ။

Nominal return - အမည်ခံအကျိုးအမြတ် - အခြေပစ္စည်းတစ်ခုအတွက် ပြန်ရသည့် ငွေကြေးအကျိုးအမြတ်။ အမှန်ပြန်ရငွေနှင့် မတူသည်က အထွေထွေ ဈေးနှုန်းတက်ခြင်း (ငွေကြေးဖောင်းပွမှု) ခြင်း မကာမိပေ။

Occupational licensing - လုပ်ငန်းလိုင်စင်ယူရခြင်း - စီးပွားရေးလုပ်ငန်း၊ ဝန်ဆောင်မှုတစ်ခုလုပ်ကိုင်ရန် သို့မဟုတ် အလုပ်အကိုင် တစ်ခုခုတွင် လုပ်ကိုင်ရန် အစိုးရထံမှ ခွင့်ပြုချက်ရယူရန် လိုအပ်ချက်။

Open markets - ပွင့်လင်းဈေးကွက်များ - ထုတ်လုပ်ပံ့ပိုးသူများက အစိုးရအာဏာပိုင်များထံမှ ခွင့်ပြုချက်ရယူရန် မလိုအပ်ဘဲ ဝင်ရောက်နိုင်သည့် ဈေးကွက်များ

Opportunity cost - တစ်ခုအတွက် အခြားတစ်ခု လက်လွှတ်လိုက်ရခြင်း - တစ်ခုခုကို ရွေးခြယ်လိုက်သည့်အတွက် စွန့်လွှတ်လိုက်ရသည့် အခြားသော တန်ဖိုးအရှိဆုံးသော ကုန်စည် သို့မဟုတ် ရွေးချယ်ဆောင်ရွက်မှု။

Present value - လက်ရှိတန်ဖိုး - အနာဂတ်တွင် ရရှိမည့် ဝင်ငွေများထဲမှ အတိုးနှုန်းကို နှုတ်ယူပြီးနောက် အနာဂတ်ဝင်ငွေအစုစု၏ လက်ရှိတန်ဖိုး။ (ဥပမာ ယနေ့ ငွေ ၁၀၀ သည် နောက်နှစ် ငွေ ၁၀၀ ထက် ပိုတန်ဖိုးရှိသည်။ အကြောင်းမှာ ယင်း ၁၀၀ အား ဘဏ်တွင် အပ်နှံထားလျှင် အတိုးရ၍ နောက်နှစ်တွင် ၁၀၀ မက တော့ပေ။)

Personal income - ကိုယ်ရေးကိုယ်တာဝင်ငွေ - ပြည်တွင်းအိမ်ထောင်စုများ၊ ကော်ပိုရိတ်မဟုတ်သည့် လုပ်ငန်းများက ရရှိသည့် စုစုပေါင်းဝင်ငွေ။

Pork-barrel legislation - နိုင်ငံရေးထောက်ခံမှုရရန် ကြိုးပမ်းသည့် ဥပဒေပြဌာန်းချက် - ဆိုင်ရာအရပ်ဒေသများ အကျိုးရှိစေသော်လည်း အများအပြားတို့မှာ အခွန်ထမ်းသူတို့က ပေးချေရသည့် အစိုးရကုန်ကျသည့် စီမံကိန်းများ။ ပုံမှန်အားဖြင့် စီမံကိန်းများတွင် အကျိုးထက်ပိုသည့် ကုန်ကျမှုများ ပါဝင်သည်။ အကျိုးခံစားရသည့် စီရင်စုတစ်ခုအတွင်း နေထိုင်သူများကမူ ကုန်ကျမှုများစွာကို သူတို့က ပေးဆောင်ရသည်မဟုတ်သောကြောင့် သူတို့က အဆိုပါ စီမံကိန်းများကို လိုချင်ကြသည်။

Portfolio - ရင်းနှီးမြှုပ်နှံမှု အစုရှယ်ယာ အစုစု - တစ်ဦးချင်း သို့မဟုတ် ငွေကြေးအဖွဲ့အစည်းတို့က ပိုင်သည့် ပစ္စည်းနှင့် ငွေကြေးပိုင်ဆိုင်မှုများ ကိုင်ဆောင်ခြင်း။

Price ceiling - အမြင့်ဆုံးသတ်မှတ်နိုင်သည့် စျေးနှုန်း - ရောင်းသူများက ကုန်စည်တစ်ခု သို့မဟုတ် အရင်းအမြစ်အတွက် ကုန်ကျနိုင်သည့် အစိုးရသတ်မှတ်ပြီး အမြင့်ဆုံးစျေးနှုန်း

Price controls - စျေးနှုန်းထိန်းချုပ်မှုများ - အစိုးရက တင်သွင်းသည့် စျေးနှုန်းများ။ ယင်းစျေးနှုန်းများသည် စျေးကွက်များက သတ်မှတ်မည့် စျေးနှုန်းများထက် လျော့နိုင် သို့မဟုတ် များနိုင်သည်။

Price floor - ကြမ်းခင်းစျေး - ကုန်စည်တစ်ခု သို့မဟုတ် အရင်းအမြစ်တစ်ခုအတွက် ဝယ်သူများက ပေးရမည့် အစိုးရက သတ်မှတ်ပေးထားသော အနိမ့်ဆုံးစျေးနှုန်း။

Private investment - ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု - တာရှည်ခံပိုင်ဆိုင်မှုများအပြင် ကာလတစ်ခုအတွင်း စတော့ကုန်စည်များ (ကုန်စည်ရင်းနှီးမြှုပ်နှံမှု) အပေါ် (နှုန်းသေရင်းနှီးမြှုပ်နှံမှု) ပုဂ္ဂလိကကဏ္ဍသုံးစွဲမှုများ စီးဆင်းမှု။ ယင်းသုံးစွဲမှုများက အနာဂတ်တွင် စားသုံးသူ အကျိုးခံစားခွင့်များကို ကျွန်တော်တို့က ပိုမိုပေးစွမ်းစေနိုင်မည်ဖြစ်သည်။

Private property rights - ပုဂ္ဂလိကပိုင်ဆိုင်မှုအခွင့်အရေး - ပိုင်ရှင် တစ်ဦး သို့မဟုတ် ပိုင်ရှင်အဖွဲ့တစ်ခုက သီးခြားကိုင်ဆောင်ထားပြီး ပိုင်ရှင်၏ ဆုံးဖြတ်ချက်အရ အခြားသူများထံ လွှဲပြောင်းနိုင်သည့် ပိုင်ဆိုင်မှုအခွင့်အရေးများ။

Productive resources - ကုန်ထုတ်နိုင်စွမ်းရှိသည့် အရင်းအမြစ်များ - ကုန်စည်များ၊ ဝန်ဆောင်မှုများ ထုတ်လုပ်ရာတွင် အသုံးပြုနိုင်သည့် အခြေခံ ကိရိယာ၊ အဆောက်အဦများ၊ လုပ်အား၊ မြေနှင့် ဓာတ်သတ္တုများကဲ့သို့ အရင်းအမြစ်များ။

Productivity - ကုန်ထုတ်စွမ်းအား - ကာလတစ်ခုအတွင်း လုပ်တစ်ဦး၏ ပျမ်းမျှ ထုတ်လုပ်မှုဖြစ်ပြီး များသောအားဖြင့် တစ်နာရီအလုပ်လုပ်ချိန်ဖြင့် တိုင်းတာသည့် ပျမ်းမျှထုတ်လုပ်အား။

Profit - အမြတ် - ထုတ်လုပ်စရိတ်ထက် ပိုလျှံသည့် ဝင်ငွေများ။ ကုန်ကျမှုတွင် လုပ်ငန်းက ပိုင်ဆိုင်သည့် ထုတ်လုပ်မှုများအပါအဝင် ထုတ်လုပ်မှု လုပ်ငန်းစဉ်တွင် ပါဝင်သည့် အရင်းအမြစ် အားလုံး၏ အခွင့်အလမ်း ကုန်ကျမှုပါဝင်သည်။ ထုတ်လုပ်သည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု တန်ဖိုးသည် ယင်း ထုတ်လုပ်မှုအတွက် လိုအပ်သည့် အရင်းအမြစ်များ ကုန်ကျမှုထက် ကြီးမားသည့်အခါမှသာ အမြတ် ဖြစ်ပေါ်သည်။

Public choice analysis - ပြည်သူ့ရေးရာရွေးခြယ်မှု အကဲဖြတ်ဆန်းစစ်ချက် - အစိုးရများကဲ့သို့ စုပေါင်းစနစ်ရှိသည့် အဖွဲ့အစည်းများ၏ ပေါ်ပေါက်ပုံနှင့် လုပ်ငန်းလုပ်ဆောင်ပုံကို သက်ရောက်သည့် ဆုံးဖြတ်ချက်ချမှတ်မှု လေ့လာခြင်း။ ယေဘုယျအားဖြင့် ဘောဂဗေဒ အခြေခံမှုများနှင့် သင်ကြားလေ့လာနည်းတို့သည် နိုင်ငံရေးသိပ္ပံအကြောင်းအရာများတွင် အသုံးချနိုင်သည်။

Quota - အရေအတွက်ကန့်သတ်ချက် - တင်သွင်းနိုင်သည့် ကုန်စည်တစ်ခု၏ အရေအတွက်အပေါ် ကန့်သတ်ချက်တစ်ခု။

Random walk theory - ဖြစ်ချင်သလို ဖြစ်မည်ဟု ယူဆသည့် သီအိုရီ - လတ်တလော စတော့စျေးနှုန်းများက အနာဂတ်ကာလအတွက် ရရှိထားသော သတင်းအချက် အလက်များအားလုံးကို ထင်ဟပ်နေပြီး ဖြစ်သည်ဆိုသည့် သီအိုရီ။ ထို့ကြောင့်

အနာဂတ်စတော့ဈေးနှုန်းများ ပြောင်းရွှေ့မှုကို ကြိုတင်ခန့်မှန်းမရသည့်နည်းဖြင့် ဈေးနှုန်းများ ပြောင်းလဲမှုဖြစ်ပေါ်စေမည့် မထင်မှတ်ဘဲ ရုတ်တရက်ဖြစ်ပေါ်မှုများက ဆုံးဖြတ်ပါလိမ့်မည်။

Rational ignorance effect - ယုတ္တိကျကျ လျစ်လျူရှုမှု ရလာဒ် - လူတို့က သူတို့၏ တစ်ဦးချင်းမဲများအား အဆုံးအဖြတ်မပေးနိုင်သည့် မဲပြားများဟု ထင်မှတ်သည့်အတွက် မဲပေးသူများ၏ အသိအမြင်ကင်းမဲ့မှု၊ ရိုးအမှု။ ထို့ကြောင့် သူတို့သည် မဲပေးရာတွင် အသိရှိရှိဖြင့် ဆုံးဖြတ်မဲပေးနိုင်ရန်အတွလက် လိုအပ်သည့် သတင်းအချက်အလက်များ သိရှိအောင် ကြိုးပမ်းရန် မက်လုံးအနည်းငယ်ရှိသည်။

Real interest rate - ပကတိအတိုးနှုန်း - ငွေကြေး ဖောင်းပွမှုကို ထည့်သွင်းတွက်ချက်ပြီး အတိုးနှုန်း။ ချေးငှားသူအတွက် ကုန်စည်နှင့်ဝန်ဆောင်မှုများ ပကတိ ကုန်ကျမှုကို ညွှန်ပြသည်။

Recession - စီးပွားရေး အကြပ်အတည်း - အမှန်/ပကတိ အကြမ်းဖျင်း ပြည်တွင်းထုတ်လုပ်မှု (real GDP) ကျဆင်းခြင်းနှင့် အလုပ်လက်မဲ့နှုန်းမြင့်တက်ခြင်းဖြင့် သတ်မှတ်သည့် စီးပွားရေး လုပ်ဆောင်ချက် ကျဆင်းခြင်း။ လက်တွေ့စည်းမျဉ်းတစ်ခုအရ ဘောဂဗေဒပညာရှင်များက အကြပ်အတည်းကို ပကတိ GDP ကျဆင်းသည့် အကျိုးဆက်နှစ်ခုအဖြစ် သတ်မှတ်ဖွင့်ဆိုသည်။

Rent seeking - မူဂါဒ အမြတ်ထုတ်ခြင်း - ပုဂ္ဂိုလ်တစ်ဦးချင်းအလိုက်၊ အကျိုးတူအုပ်စုများအလိုက် ပြည်သူ့ရေးရာမူဂါဒအား ၎င်းတို့အတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဝင်ငွေပိုမိုရရှိစေမည့်၊ အကျိုးရှိစေမည့် ပြည်သူ့ရေးရာ မူဂါဒဖြစ်လာအောင် ပုံဖော်သည့်၊ ပြန်လည်ပြင်ဆင်သည့် လှုပ်ရှားမှုများ။

Resource - အရင်းအမြစ် - စီးပွားဖြစ်ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် အသုံးပြုသည့် သွင်းအားစုတစ်ခု။ မြေ၊ လုပ်အား၊ ကျွမ်းကျင်မှုများ၊ သဘာဝအရင်းအမြစ်များနှင့် ငွေပင်ငွေရင်းများမှာ ဥပမာများ ဖြစ်ကြသည်။ လူ့သမိုင်းမှာမိမိတို့လိုလားသော အရာဝတ္ထု၊ ပစ္စည်းများရရှိရန်အတွက် အကန့်အသတ်သာရရှိနိုင်သော သဘာဝအရင်းအမြစ်များထံမှ ပြောင်းလဲထုတ်လုပ်ယူရသည့် ရုန်းကန်လှုပ်ရှားမှုပင် ဖြစ်သည်။

Rule of law - တရားဥပဒေစိုးမိုးရေး - လူပုဂ္ဂိုလ်အသီးသီးသည် တစ်မျိုးတည်းသော ဥပဒေများအောက်တွင် လိုက်နာနေထိုင်ရမည်ဆိုသည့် နားလည်သဘောပေါက်မှု။ ဥပဒေတစ်မျိုးတည်းရှိမှသာ ကိုယ်တိုင်မလိုက်နာနိုင်သည့် ဥပဒေများအား ပြဋ္ဌာန်းခြင်းကို တားဆီးပေးသည်။

Saving - စုဆောင်းခြင်း - စားသုံးမှုတွင် မသုံးစွဲသည့် အခွန်ထမ်းဆောင်ပြီး ဝင်ငွေ၏ တစိတ်တပိုင်းငွေ။

Scarcity - ရှားပါးပြတ်လပ်မှု - သဘာဝက ပေးနိုင်သည်ထက် လူတို့က ကုန်စည်တစ်မျိုး သို့မဟုတ် အရင်းအမြစ်တစ်မျိုးအား ပိုမိုရလိုသည့် အခြေအနေ။ မိမိတို့ တန်ဖိုးထားသည့် အရာအားလုံးနီးပါးမှာ ရှားပါးပါသည်။

Secondary effects - ဆင့်ပွားသက်ရောက်မှုများ - လက်ငင်းအားဖြင့် အကျိုးသက်ရောက်မှုကို သိရှိဖော်ထုတ်နိုင်စွမ်းမရှိပဲ အကျိုးသက်ရောက်ချိန်တန်မှ သိရှိခံစားရသည့် စီးပွားရေးအပြောင်းအလဲတစ်ခု၏ အကျိုးဆက်များ။

Shortsightedness effect - အဝေးမှုန်ခြင်းကြောင့် ဖြစ်ပေါ်လာသော အကျိုးရလာဒ် - ပြည်သူ့ပိုင်ကဏ္ဍသည် ၁) တွက်ချက်ရန် ခက်ခဲသည့် အနာဂတ် ကုန်ကျမှုများကို ဘေးချိတ်၍ လက်ငင်းအကျိုးကျေးဇူးများကို အသားပေး ပြောဆိုသောကြောင့် ၂) လက်ရှိကုန်ကျမှုများကိုသာ တွင်တွင်ပြောပြီး မမြင်သာသည့် အနာဂတ် အကျိုးကျေးဇူးများကို လျစ်လျူရှုသောကြောင့် အရင်းအမြစ်များကို လွဲမှားစွာ အသုံးချခြင်း။

Special interest issue - အထူးအကျိုးစီးပွားပြဿနာ - တစ်ဦးချင်းကုန်ကျမှု အနည်းငယ်စီကို မဲပေးသူများစွာထံ ကျသင့်စေသည့်အခါ တစ်ဦးချင်းအကျိုးအမြတ် များပြားစွာသည် အကျိုးတူစုစည်းထားသည့် လူနည်းစုထံ ရောက်ရှိစေသည့် ကိစ္စတစ်ခု။

Standard and poor's (S&P) 500 - စတော့ဈေးကွက် တစ်ခုလုံးကို စုပေါင်းကိုယ်စားပြုသည်ဟု မှတ်ယူပြီး ရွေးခြယ်ထားသည့် စတော့ရှယ်ယာ ၅၀၀ အစု။ အမေရိကန်စတော့တန်ဖိုး၏ ၇၀% ကျော်သည် S&P ၅၀၀ တွင် ပါဝင်သည်။

Substitutes - အစားထိုးပစ္စည်းများ - အသုံးပြုမှုပုံစံတူသည့် ကုန်ပစ္စည်းများ။ ကုန်ပစ္စည်းတစ်ခု ဈေးတက်လာသည့်အခါ အခြားကုန်ပစ္စည်းတစ်ခု၏ ဝယ်လိုအားတက်ပြီး၊ ကုန်ပစ္စည်းတစ်ခု ဈေးကျသည့်အခါ အခြားကုန်ပစ္စည်းတစ်ခု၏ ဝယ်လိုအားကျလာသည်။ (ဥပမာ ဟမ်ဘာဂါနှင့် တာကို၊ ထောပတ်နှင့် မက်ဂရင်း၊ ချက်ပလက်ကားနှင့် ဖို့ဒ်ကား)

Surplus - ထုတ်လုပ်မှုပိုလျှံခြင်း - လက်ရှိပေါက်ဈေးအရ ကုန်ပစ္စည်းတစ်မျိုးအား ကုန်ထုတ်လုပ်သူများက ရောင်းရန်ကမ်းလှမ်းသည့် အရေအတွက်၊ ပမာဏသည် ဝယ်သူများက ဝယ်ယူမည့် အရေအတွက်၊ ပမာဏထက် များပြားနေသည့် အခြေအနေ။ ဈေးနှုန်းကျလာလျှင် ပိုလျှံနေသည့် ကုန်ပစ္စည်း မရှိတော့ပေ။

Tariffs - သွင်းကုန်ခွန်များ - နိုင်ငံတစ်ခုအတွင်း တင်သွင်းသည့် ကုန်စည်များအပေါ် စည်းကြပ်သည့် အခွန်တစ်ရပ်။

TIPS (Treasury Inflation-Protected Security) - ငွေကြေးဖောင်းပွမှုကို ကာမိစေသော အမေရိကန် ဘဏ္ဍာရေးဌာန၏ ချေးငွေစာချုပ်များ - အဆိုပါ ငွေကြေးသက်သေခံစာချုပ်များသည် ငွေကြေးဖောင်းပွမှုကို လိုက်၍ အရင်းနှင့် အတိုးကူပွန်များကို ပြောင်းလဲသတ်မှတ်ပေးသဖြင့် အမှန်အကျိုးအမြတ်ကို ထိခိုက်စရာမရှိတော့ပေ။ TIPS များကို အမေရိကန်ပြည်ထောင်စုတွင် ၁၉၉၇ ခုနှစ်မှ စတင်ထုတ်ဝေခဲ့သည်။

Trade deficit - ကုန်သွယ်ရေးလိုငွေ - နိုင်ငံတစ်ခု၏ သွင်းကုန်တန်ဖိုးက ပို့ကုန်တန်ဖိုးထက် ပိုများသည့် ရရှိလာသည့်အနှုတ်တန်ဖိုး ကွာဟချက်။

Trade surplus - ကုန်သွယ်ရေးပိုငွေ - နိုင်ငံတစ်ခု၏ပို့ကုန်တန်ဖိုးက သွင်းကုန်တန်ဖိုးထက် ပိုများသည့်အခါ ရရှိလာသည့် အပေါင်းတန်ဖိုး ကွာဟချက်။

Transaction cost - ရောင်းဝယ်မှုကုန်ကျစရိတ် - ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများ ရှာဖွေခြင်း၊ညှိနှိုင်းဆောင်ရွက်ခြင်း၊ ရောင်းဝယ်ခြင်းပြုလုပ်ရန်အတွက် စိုက်ထုတ်ရသည့် အချိန်၊ ကြိုးပမ်းမှုနှင့် အခြားသော အရင်းအမြစ်များ ကုန်ကျမှုများ။

Venture capitalist - ငွေရင်းစိုက်ထုသူ - အလားအလာကောင်းသော စီးပွားရေးစိတ်ကူးများရှိသော စွန့်ဦးတီထွင်သူများအား ချေးငွေများ စိုက်ထုတ်ပေးသည့်အလုပ်အား အထူးပြုလုပ်ကိုင်သည့် ငွေကြေးရင်းနှီးမြှုပ်နှံသူ။ ယင်းစိတ်ကူးတို့သည် အလျင်အမြန် စီးပွားဖြင်နိုင်သည့် အလားအလာရှိသော်လည်းဆုံးရှုံးနိုင်သည့် အန္တရာယ် အလွန်မြင့်မားနေသည့်အတွက် ပုဂ္ဂလိကစီးပွားရေးဘဏ်များမှ ချေးငွေမထုတ်ပေးပေ။

## ဖတ်ရှုသင့်သည့် စာအုပ်များ စာရင်း

de Soto, Hernando. *The Mystery of Capital.* New York: Basic Books, 2000.

Friedman, Milton, and Rose Friedman. *Free to Choose.* New York: Harcourt Brace Jovanovich, 1980.

Gwartney, James D., Richard L. Stroup, Russell S. Sobel, and David A. MacPherson. *Economics: Private and Public Choice,* 10th edition. Cincinnati: Thompson Learning/South-Westem Publishing, 2002,

Gwartney, James D., and Robert Lawson. *Economic Freedom of the World, 2002 Annual Report.* Vancouver: Fraser Institute, 2002.

Hazlitt, Henry. *Economics in One Lesson.* New Rochelle, New York: Arlington House, 1979.

Lee, Dwight R., and Richard B. McKenzie. *Getting Rich in America.* New York: Harper Business, 1999.

Malkiel, Burton. *A Random Walk Down Wall Street.* New York: W.W. Norton & Company, 2003.

McKenzie, Richard B, and Dwight Lee. *Managing Through Incentives.* NewYork: Oxford University Press, 1998.

North, Douglass C. *Institutions, Institutional Change, and Economic Performance.* Cambridge: Cambridge University Press, 1990.

Rosenberg, Nathan, and L. E. Birdzcll. *How the West Grew Rich.* NewYork: Basic Books, 1986.

Sowell, Thomas. *Basic Economics.* New York: Basic Books, 2000.

Stroup, Richard L. *Eco-nomics: What Everyone Should Know About Economics and the Environment.* Washington: Cato Institute,2003.

## About the Authors

James D. Gwartney holds the Gus A. Stavros Eminent Scholar Chair at Florida State University, where he directs the Stavros Center for the Advancement of Free Enterprise and Economic Education. He served as chief economist of the Joint Economic Committee of the U.S. Congress during 1999-2000. He is coauthor of *Economics: Private and PublicChoice* (Thompson/South-Westem Publishing). This text, now in its $10^{th}$ edition, has been used by more than one million students during the last two decades. He is the coauthor of *Economic Freedom of the World,* an annual report on the institutions and policies of more than 120 countries that is published by a worldwide network of institutes. His publications have appeared in both professional journals and popular media such as the *Wall Street Journal and the New York Times.* His Ph.D. in economics is from the University of Washington. A member of the Mont Pelerin Society, Gwartney was invited by Russia's Putin administration in March 2000 to make

presentations and have discussions with leading Russian economists about the future of the Russian economy. In 2004 he received the Adam Smith Award of the Association of Private Enterprise Education (APEE).

Richard L. Stroup is a professor of economics at Montana State University and a senior fellow at the Property and Environment Research Center (PERC) in Bozeman, Montana. His Ph.D. is from the University of Washington. From 1982 to 1984 he served as director of the Office of Policy Analysis at the U.S. Department of the Interior. Most recently Stroup has published and spoken on Superfund, the Endangered Species Act, land use regulation, archaeology, and about needed environment policy improvements. He publishes in professional journals and popular media outlets, and his work helped to develop the approach known as free market environmentalism. He is coauthor of a leading economics principles text, *Economics: Private and Public Choice,* now in its tenth edition. His most recent book is *Eco-nomics: What Everyone Should Know About Economic,and the Environment* (Washington: Cato Institute, 2003). He continues to research alternative institutional arrangements for dealing with endangered species, regulatory takings, hazardous waste, and other environmental risks.

Dwight R. Lee received his Ph.D. from the University of California, San Diego, in 1972. Since that time he has had full-time tenured faculty appointments at the University of Colorado, Virginia Tech, George Mason University, and the University of Georgia, where he has been the Ramsey Professor of Private Enterprise and Economics since 1985. Lee's research has covered a variety of areas, including the economics of the environment and natural resources; the economics of political decision making; public finance, law, and economics; and labor economics. He has published over 120 articles in academic journals, over 100 articles and commentaries in magazines and newspapers, and has coauthored eight books and served as the contributing editor of two more. He has lectured at universities and conferences, throughout the United States as well as in Europe, South America, Asia, and Africa. He was president of the Association of Private Enterprise Education (APEE) for 1994-95 and president of the Southern Economic Association for 1997-98.

#